# သတ္တမတန်းမြန်မာစာ

## ဆရာလမ်းညွှန်အမှာစာ

ဤအမှာစာတွင် ဆရာလမ်းညွှန်စာအုပ်မိတ်ဆက် (Introduction)၊ သင်ခန်းစာအစီအစဉ် များ (Lesson Plans) နှင့် ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက် (Glossary of Words)ဟူ၍ အဓိက အပိုင်း ၃ ပိုင်း ပါရှိသည်။

**၁။ ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်**

ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်တွင် ဆရာများသိရှိထားသင့်သော အောက်ပါအကြောင်းအရာ များ ပါဝင်သည်။

(က) ကျောင်းသားဗဟိုပြုသင်ကြားနည်းပညာကိုခြုံငုံတင်ပြခြင်း

(ခ) ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ

(ဂ) ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း (Bloom's Taxonomy)

(ဃ) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင် မေးမြန်းနိုင်သောမေးခွန်းများ

(င) ၂၁ ရာစု ကျွမ်းကျင်မှုများ (21st Century Skills) နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု များ (Soft Skills)

(စ) စာသင်ခန်းအဆင့်စစ်ဆေးအကဲဖြတ်ခြင်းကို ခြုံငုံတင်ပြခြင်း

(ဆ) အလယ်တန်းနှင့် အထက်တန်းအဆင့်စာသင်ခန်းများအတွင်း လူမှုရေးရှုထောင့်များကို ခြုံငုံတင်ပြခြင်း

(ဇ) သင်ရိုးမာတိကာ (Syllabus) နှင့် စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (Year Plan)

**(က) ကျောင်းသားဗဟိုပြုသင်ကြားနည်းပညာကိုခြုံငုံတင်ပြခြင်း** – ကျောင်းသားဗဟိုပြုသင်ကြား သည့် အလယ်တန်းနှင့်အထက်တန်းအဆင့် စာသင်ခန်းများတွင် အောက်ဖော်ပြပါ အဓိက အချက်များကို လေ့လာတွေ့ရှိနိုင်ပါသည်။

❖ သင်ခန်းစာများသည် စိတ်ဝင်စားဖွယ်ကောင်းပြီး ကျောင်းသားများ၏ လက်တွေ့ဘဝနှင့် ဆီလျော်၍ အဓိပ္ပာယ်ရှိသည်။

❖ ကျောင်းသားများသည် တက်ကြွစွာသင်ယူကြပြီး အတန်းဖော်များနှင့် ပူးပေါင်းဆောင်ရွက် ကြသည်။

❖ ဆရာများသည် ကျောင်းသားများအတွက် လက်တွေ့ဘဝတွင် တွေ့ကြုံရမည့် အခက်အခဲ ပြဿနာများကို ဖြေရှင်းရသည့်အခြေအနေများနှင့် စိန်ခေါ်မှုများဖန်တီးပေးသည်။

❖ ကျောင်းသားများသည် ပြဿနာဖြေရှင်းခြင်း (problem solving) နှင့် အဆင့်မြင့် ဆန်းစစ်တွေးခေါ်ခြင်း (higher level critical thinking) ဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာသည်။

❖ ဆရာက ကျောင်းသားများအား ရှင်းပြသည်၊ မေးခွန်းများမေးသည်၊ နားထောင်သည်။ ကျောင်းသားများက ဆွေးနွေးကြသည်၊ မေးခွန်းများမေးကြသည်၊ နားထောင်ကြသည်။

(ခ) **ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ** – ထိရောက်သော သင်ကြားသင်ယူမှုတွင် ဆရာနှင့် ကျောင်းသားများအတူတကွ အောက်ပါတို့ကို ဆောင်ရွက်ကြသည်။

❖ ကျောင်းသားများအတွက် ဆရာက သင်ယူမှုကို ရှင်းလင်းအောင်ဆောင်ရွက်ပေးသည်။ ⇨ သင်ခန်းစာအကြောင်းအရာနှင့် အသိပညာ

❖ ဆရာနှင့် ကျောင်းသားများသည် သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းမျိုးစုံ အသုံးပြုကြသည်။ ⇨ သင်ကြားနည်းပညာ

❖ ပုံမှန်အားဖြင့် ဆရာနှင့် ကျောင်းသားများသည် တိကျရှင်းလင်းသော အကြံပြုချက် (feedback) များကို အပြန်အလှန်ပေးကြသည်။ ⇨ စစ်ဆေးအကဲဖြတ်ခြင်း

**သင်ယူမှုရလဒ်များ (Learning Outcomes)** – သင်ယူမှုအချိန်ကာလတစ်ခုအဆုံး၌ ကျောင်းသားများအား မည်သည့် အသိပညာ၊ ကျွမ်းကျင်မှု၊ စိတ်နေသဘောထား၊ တန်ဖိုးထားမှုများကိုသိရှိသွားစေရန်၊ နားလည်သွားစေရန်၊ ပြုလုပ်နိုင်စေရန် မျှော်မှန်းထားသည်ကို ရှင်းလင်းစွာအဓိပ္ပာယ်ဖွင့်ဆိုထားသော ဖော်ပြချက်များပါရှိသည် (သင်ခန်းစာအစီအစဉ်များ (Lesson plans) ကိုကြည့်ပါ)။

(ဂ) **ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း (Bloom's Taxonomy)**- အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားများတွင် အဆင့်မြင့်စဉ်းစားတွေးခေါ်မှုစွမ်းရည်များ (higher order thinking skills) ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်ခန်းစာအစီအစဉ်များ (lesson plans) နှင့် သင်ယူမှုလုပ်ငန်းများ (activities) တွင် ဘလွန်းမ်၏ သင်ယူမှုအဆင့်များ ထည့်သွင်းထားသည်။ သင်ခန်းစာအစီအစဉ်များတွင် ယင်းအဆင့်များကိုဖော်ပြသည့် အဓိကစကားလုံးများ (မှတ်မိသည်၊ နားလည်သည်၊ အသုံးချသည်၊ စိစစ်ပိုင်းခြားသည်၊ အကဲဖြတ်သည်၊ တီထွင်ဖန်တီးသည် အစရှိသည်) ကို ရှာဖွေကြည့်ပါ။

DBE BOX




**ဘလွန်းမ်၏ သင်ယူမှုအဆင့်များပြပုံ**

(ဃ) **သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင်မေးမြန်းနိုင်သောမေးခွန်းများ–** ဆရာသည်သင်ခန်းစာ၏ အစ၊ အလယ်၊ အဆုံး အဆင့်များတွင် အောက်ဖော်ပြပါမေးခွန်းများကို မေးမြန်းဆန်းစစ်သင့်ပါသည်။

<u>**သင်ခန်းစာအစတွင်**</u> –

- ❖ ယခုသင်မည့် သင်ခန်းစာပြီးဆုံးသွားလျှင် ကျောင်းသားများသည် မည်သည့်ကျွမ်းကျင်မှုများနှင့် အသိပညာများကို သင်ယူရရှိသွားမည်နည်း။
- ❖ စီစဉ်ထားသော သင်ယူမှုလုပ်ငန်းများကို လုပ်ဆောင်ရန် ကျောင်းသားများကို မည်သို့စုစည်းမည်နည်း။
- ❖ ဆရာသည် မည်သည့်သတင်းအချက်အလက်များ လိုအပ်သနည်း။ ကျောင်းသားများသည် မည်သည့် သတင်းအချက်အလက်များ လိုအပ်သနည်း။
- ❖ ဆရာသည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများ လိုအပ်သနည်း။ ကျောင်းသားများသည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများလိုအပ်သနည်း။
- ❖ သင်ထောက်ကူပစ္စည်းများကို မည်သို့ ရရှိစုစည်းပြီး အသုံးပြုမည်နည်း။
- ❖ မည်သည့် ရလဒ်ရလိမ့်မည်ဟု သင်ထင်သနည်း။

<u>သင်ခန်းစာအလယ်တွင်–</u>

❖ သင်ခန်းစာ/သင်ယူမှုလုပ်ငန်းသည် မျှော်မှန်းထားသကဲ့သို့ဖြစ်နေမှု ရှိ၊ မရှိ

❖ ကျောင်းသားများက သင်ခန်းစာကို နားလည်စေရေးအတွက် အထောက်အကူပြုနိုင်ရန် ဆရာအနေဖြင့် လိုအပ်သော အခြားသတင်းအချက်အလက်များ ရှိ၊ မရှိ

<u>သင်ခန်းစာအဆုံးတွင်–</u>

❖ မျှော်မှန်းထားသည့်အတိုင်း ဆရာ၏ သင်ကြားမှုလုပ်ငန်း ပြီးမြောက်ခဲ့ခြင်း ရှိ၊ မရှိ

❖ သင်ခန်းစာသည် ကျောင်းသားများကို စဉ်းစားတွေးခေါ်စေသည့် အခြားမေးခွန်းများ ထွက်ပေါ်စေခဲ့ခြင်း ရှိ၊ မရှိ

❖ အခြားသင်နည်းတစ်မျိုးနှင့် ဆောင်ရွက်ခဲ့သင့်ခြင်း ရှိ၊ မရှိ

❖ ဆရာ သို့မဟုတ် ကျောင်းသားများသည် ဤသင်ခန်းစာမှ မည်သည်တို့ကို သင်ယူ နိုင်ခဲ့ကြသနည်း။

❖ ဆရာ၏သင်ကြားမှုသည် ကျောင်းသားတစ်ဦးချင်းစီ၏ သင်ခန်းစာပါသဘောတရားများ နားလည်မှုကို စစ်ဆေးရန် အထောက်အကူဖြစ်ခဲ့ခြင်း ရှိ၊ မရှိ

❖ ဤသင်ခန်းစာကိုလည်းကောင်း၊ နောင်သင်ကြားမည့် သင်ခန်းစာကိုလည်းကောင်း ပိုမိုကောင်းမွန်စေရန် မည်သည်တို့ကို ထည့်သွင်းသင်ကြားရန် လိုအပ်မည်နည်း။

(င) **၂၁ရာစုကျွမ်းကျင်မှုများ (21st Century Skills)နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)-** လူငယ်များသည် ရှုပ်ထွေးသောကမ္ဘာလောကကြီးတွင် လျှောက်လှမ်းရမည့်ဘဝခရီးနှင့် အလုပ်ခွင်အတွက် ၂၁ ရာစု ကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ လိုအပ်ပါသည်။ C -၅ လုံး (5 C's) သို့မဟုတ် သင်ယူမှုအတွက် အရေးကြီးသော ကျွမ်းကျင်မှုများမှာ-

❖ **ပူးပေါင်းဆောင်ရွက်ခြင်း (<u>C</u>ollaboration)-** အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်ခြင်း (Group Work)- ကျောင်းသားများအား အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်တတ်ရန်၊ အတွေးအခေါ်များမျှဝေခြင်းနှင့် အဖြေများ အတူရှာဖွေတတ်ရန်အားပေးသည်။

❖ **ဆက်သွယ်ပြောဆိုခြင်း (<u>C</u>ommunication)-** နှုတ်အားဖြင့်၊ ကိုယ်ဟန်အမူအရာအားဖြင့် ဆက်သွယ်ခြင်း- စာဖတ်ခြင်း၊ စာရေးခြင်း၊ စကားပြောခြင်း၊ နားထောင်ခြင်းတို့ဖြစ်သည်။



DEEBOX

❖ **လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း (Critical Thinking and Problem Solving)-** ကျောင်းသားများအား ပြဿနာများ၏အဖြေများကို ရှာဖွေခြင်းနှင့် အမှားပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခွင့်ပေးသည်။

❖ **တီထွင်ဖန်တီးခြင်း (Creativity and Innovation)-** အတွေးအခေါ် အယူအဆသစ်များ ရှာဖွေခြင်းနှင့် ပြဿနာများကိုဖြေရှင်းခြင်းတို့ပြုလုပ်ရန် ဘောင်ခတ်ထားသည့် အခြေအနေမှ ပြင်ပသို့ ထွက်၍ တွေးခေါ်စေခြင်းဖြစ်သည်။

❖ **နိုင်ငံသားကောင်းဖြစ်ခြင်း (Citizenship) -** ကျောင်းလူမှုအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ခြင်း၊ တရားမျှတခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်းစိတ်ဓာတ် ရှိခြင်းတို့ဖြစ်သည်။

(စ) **စာသင်ခန်းအဆင့်တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းကို မြှင့်တင်ပြခြင်း–** သင်ယူမှုအတွက် စစ်ဆေးအကဲဖြတ်မှုအားလုံး၏ ၉၀%ကို သင်ကြားနေစဉ်အတွင်း ဆောင်ရွက်ခြင်းဖြစ်သည်။ ကျောင်းသားနှင့် ဆရာတို့အား အကြံပြုချက်များ (Feedback) ချက်ချင်းပေးရန်အတွက် စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းကို အသုံးပြုသည်။ ဤစစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား ရှေ့ဆက် အောင်မြင်စွာ သင်ယူလိုပါက နောင်တွင် မည်သို့ သင်ယူရန် လိုအပ်သည်ကိုခွဲခြားသိရှိနိုင်စေရန် ကူညီပေးသည်။ ဆရာများသည် ထိရောက်သောသင်ကြားရေးနည်းဗျူဟာများနှင့် ထိရောက်မှုနည်းသော သင်ကြားရေးနည်းဗျူဟာများကို ခွဲခြားသတ်မှတ်ရန် သင်ကြားနေစဉ်အတွင်း လေ့လာကြည့်ရှုခြင်းများ ပြုလုပ်နိုင်သည်။

(၁) **စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းတွင် အောက်ပါနည်းလမ်းများပါဝင်သည်–**

❖ **ကျောင်းသားဗဟိုပြုမှု–** ဆရာနှင့်ကျောင်းသားများသည် သင်ကြားရေးထက် သင်ယူမှုကို လေ့လာကြည့်ရှုရေးနှင့် သင်ယူမှုပိုမိုကောင်းမွန်ရေးကို ပိုမိုအလေးထားကြသည်။ ကျောင်းသားများသည် (ဆရာက မည်သည်ကို လုပ်ဆောင်ရန်ပြော၍ မဟုတ်ဘဲ) မည်သည်ကိုသင်ယူရန် နားလည်ကြသည်။

❖ **ဆရာ၏ဆုံးဖြတ်စီစဉ်မှု–** ဆရာအသီးသီးသည် မည်သည်ကို၊ မည်သို့စစ်ဆေး အကဲဖြတ်ရမည်နှင့် စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသည့်အချက်အလက်များကို မည်သို့အသုံးပြုဆောင်ရွက်မည်ဆိုသည်ကို ဆုံးဖြတ်သည်။

- **ကျောင်းသားများ၏ တက်ကြွသောပါဝင်ဆောင်ရွက်မှု** – ကျောင်းသားများသည် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ်ပါဝင်သောကြောင့် မိမိတို့ မည်သည့်အရာကို သင်ယူသင့်သည်ကို ပိုမိုနားလည်ကြသည်။ ထို့ပြင် မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း (Self-Assessment) တွင်လည်း ပိုမိုကျွမ်းကျင်လာသည်။ ကျောင်းသားများသည် ဆရာက ၎င်းတို့ကို သင်ယူသူအဖြစ် စိတ်ဝင်စားမှုရှိကြောင်း သတိပြုမိသောအခါ သင်ယူလိုစိတ် မြင့်မားလာသည်။

- **သင်ကြားသင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း(Formative Assessment)** – သင်ကြား သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသား၏သင်ယူမှုတိုးတက်မှု အခြေအနေအကြောင်းကို ဆရာ သိရှိစေရန်အထောက်အထားပေးသည်။ သင်ကြားသင်ယူစဉ် စစ်ဆေးအကဲဖြတ်မှုသာ ဆရာက ကျောင်းသားများ၏ သင်ယူမှုတိုးတက်စေရန် ကူညီပေးနိုင်မည်ဖြစ်သည်။ ဆရာက ကျောင်းသားများ သင်ယူမှုဆိုင်ရာ အထောက်အထားကို အကောင်းဆုံး မည်သို့မှတ်သားမည်ကို ဆုံးဖြတ်ရန်လိုအပ်သည်။ ရရှိသည့်အထောက်အထားအပေါ် မူတည်၍ ဆရာသည် ကျောင်းသား၏ သင်ယူမှုတိုးတက်စေရန် မိမိ၏သင်ကြားမှုကို ကိုက်ညှိနိုင်သည်။ ဆရာများ၏ သင်ကြားသင်ယူစဉ် စစ်ဆေးအကဲဖြတ်မှုစွမ်းရည်နှင့် နည်းလမ်းများ ပိုမိုကောင်းမွန်စေရေးအတွက် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills: C-၅လုံး) ဖွံ့ဖြိုးရေးကို စတင်ဆောင်ရွက်ရန်အရေးကြီးသည်။ ဆရာတိုင်းတွင် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများရှိလျှင် သင်ခန်းစာတိုင်းတွင် ကျောင်းသားများ၏သင်ယူမှုကို မြှင့်တင်အားပေးနိုင်မည် ဖြစ်သည်။

## (၂) စာသင်ခန်းအဆင့်သင်ကြားစဉ်စစ်ဆေးအကဲဖြတ်ခြင်းအတွက်နည်းဗျူဟာများ

- **လေ့လာကြည့်ရှုခြင်း(Observation)** – လက်တွေ့လုပ်ငန်းများ၊ တွေ့ရှိချက်များ တင်ပြခြင်းများအတွက် အုပ်စုလိုက်ပြင်ဆင်ဆောင်ရွက်နေကြစဉ် ၎င်းတို့၏အပြုအမူများအပါအဝင် ကျောင်းသားများအား တိုက်ရိုက်လေ့လာကြည့်ရှုခြင်းနှင့် တွေ့ရှိချက်များကို မှတ်တမ်းထားခြင်းဖြစ်သည်။ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills: C-၅လုံး)ကိုလည်း လေ့လာကြည့်ရှုပါ။

- **မေးခွန်းများမေးခြင်း(Questioning)** – ဆရာသည် ကျောင်းသားများ၏ သိနားလည်မှု (ဘလွန်းမ်၏ သင်ယူမှုအဆင့်ခွဲခြင်း)ကို ဆုံးဖြတ်ရန် မေးခွန်းများမေး၍ ရရှိသောရလဒ်အရ ၎င်း၏သင်ကြားမှုကို ချိန်ဆသည်။ ဤသို့ဆောင်ရွက်ခြင်းသည် သင်ခန်းစာများ သို့မဟုတ်

DRAFT

သင်ခန်းစာတစ်ခု၏ နောက်ဆုံးအဆင့်ဖြစ်သော ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း တွင်သာမက စာသင်ကြားစဉ် အချိန်မရွေးဖြစ်ပေါ်နိုင်သည်။

❖ **ကျောင်းသားများ၏ သင်ယူမှုဂျာနယ်(Student Learning Journal)–** ဆရာသည် စဉ်းစား ဖြေဆိုရသည့် မေးခွန်းများ (Open-ended Questions) (ဥပမာ- မည်သည်ကို သင်ယူခဲ့ပြီးဖြစ် သည်၊ မည်သည်ကို သင်ယူရန်လိုအပ်နေသေးသည်)ကိုပေး၍ ကျောင်းသားများအား လေ့ကျင့်ခန်း စာအုပ်တွင် အဖြေများရေးသားစေခြင်းဖြစ်သည်။ ဤကဲ့သို့ သင်ယူမှုဂျာနယ်ရေးခြင်းကို သင်ခန်း စာပြီးဆုံးသောအခါ ပြန်လည်သုံးသပ်ခြင်းအဖြစ် သုံးနိုင်သည်။ ထို့ပြင် နောက်သင်ကြားမည့် သင်ခန်းစာ ရည်ရွယ်ချက်နှင့်ပတ်သက်ပြီး ကျောင်းသားများအား ၎င်းတို့သိရှိပြီးသောအကြောင်း အရာများကိုရေးသားစေပြီး သင်ခန်းစာ၏အစတွင် ကျောင်းသားများ၏ ယခင်ရှိပြီးသား ဗဟုသုတကိုဆုံးဖြတ်ရန် အသုံးပြုနိုင်သည်။ ဆရာသည် ကျောင်းသားများ၏ သင်ယူမှုဂျာနယ် များကို နမူနာ (ဥပမာ- ၁၀အုပ်) ကောက်ယူကြည့်၍ တစ်တန်းလုံး၏ တတ်မြောက်မှု အခြေအနေ သို့မဟုတ် ယခင်ရှိပြီးသားဗဟုသုတကို ခြုံငုံအကဲဖြတ်ခြင်းနှင့် တွေ့ရှိချက် အပေါ်မူတည်၍ သင်ကြားမှုထိန်းညှိခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

**(ဆ) အလယ်တန်းနှင့်အထက်တန်းအဆင့် စာသင်ခန်းများအတွင်း လူမှုရေးရှုထောင့်များကို ခြုံငုံတင်ပြခြင်း (ကျား–မ၊ လူမျိုးစု၊ လူမှုရေးအဆင့်အတန်းနှင့် မသန်စွမ်းမှု)–** အမျိုးသား ပညာရေးဥပဒေ (၂၀၁၄) ၌ သင်ရိုးညွှန်းတမ်းသည် မတူကွဲပြား ခြားနားခြင်း (diversity)ကို နားလည်လက်ခံသော၊ တန်းတူညီမျှမှု (equality)ကို အလေးထားသော၊ ဒီမိုကရေစီ အလေ့ အကျင့်နှင့် လူ့အခွင့်အရေး (human rights) ဆိုင်ရာစံနှုန်းများကို တန်ဖိုးထားသော နိုင်ငံသား ကောင်းများ မွေးထုတ်ပေးနိုင်ပြီး တိုင်းရင်းသားမျိုးနွယ်စုအသီးသီး၏ ကြွယ်ဝသောစာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနှင့် သမိုင်းအမွေအနှစ်တို့ကို မြှင့်တင်နိုင်စွမ်းရှိသည့်အပြင် နိုင်ငံတကာ ပညာရေးသင်ရိုးညွှန်းတမ်းများနှင့် လိုက်လျောညီထွေရှိရမည်ဟု ဖော်ပြထားသည်။

❖ အခြေခံစည်းမျဉ်းအနေဖြင့် စာသင်ခန်းများသည် ကျား-မ၊ လူမျိုးစု၊ လူမှုရေး အဆင့်အတန်း နှင့် မသန်စွမ်းမှုတို့ကို မခွဲခြားဘဲ ကျောင်းသားအားလုံး အကျုံးဝင် (inclusive) စေရန် ဖြစ် သည်။ အားလုံးအကျုံးဝင်ပြီး သာတူညီမျှမှု (equity) ရှိသော ကျောင်းပတ်ဝန်းကျင်သည် ကျောင်းသားတစ်ဦးစီ၏ ကိုယ်ပိုင်လက္ခဏာနှင့် တန်ဖိုးထားမှုကိုထိန်းသိမ်းပြီး အခြားသူ များနှင့် မတူကွဲပြားခြားနားမှုကို နားလည်အသိအမှတ်ပြုကာ ကျောင်းသားအားလုံး ပညာ သင်ကြားခွင့်ရစေမည်ဖြစ်သည်။



DRAFT

- ❖ နိုင်ငံသားကောင်းဖြစ်စေရန် စေ့ဆော်ပေးသည့် လိုလားဖွယ်ရာအပြုသဘောဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှုများပါသည့် မိမိ၏လုပ်ရှား ဆောင်ရွက်မှုများကို နမူနာကောင်းများအဖြစ် ဆရာသည်ကျောင်းသားများအား ပြသရန်လိုအပ်ပါသည်။ ယင်းအပြုသဘောဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှုများသည် ကျောင်းသားများတွင်နိုင်ငံသားကောင်းစိတ်ဓာတ်များ ပေါက်ဖွားလာစေမည်ဖြစ်သည်။

- ❖ ထို့ပြင် ဆရာသည် မိမိ၏စာသင်ခန်းအတွင်း လူမှုရေးဘက်လိုက်မှုများကို သတိပြုရှောင်ကြဉ်ရမည်။ ယင်းတို့မှာ တရားသေစွဲမှတ်ထားသောအခန်းကဏ္ဍများ (stereotyped roles)၊ မတူညီသော ယဉ်ကျေးမှုနှင့် မတူညီသောလူမျိုးစု နိုင်ငံသားများအကြား ခွဲခြားဆက်ဆံမှုများ၊ လူမှုရေးအဆင့်အတန်းအရ ဘက်လိုက်မှုများ၊ ရိုးရာဓလေ့ထုံးစံများနှင့် တန်ဖိုးထားမှုများကို လျစ်လျူရှုခြင်းတို့ဖြစ်သည်။ ဆရာသည်မိမိ၏ စာသင်ခန်း၊ သင်ခန်းစာများ၊ ကျောင်းပတ်ဝန်းကျင်တို့တွင် သာတူညီမျှမှုနှင့် အားလုံးအကျုံးဝင်မှုကိုအားကောင်းစေသည့် အခြားဥပမာများ၊ အခွင့်အလမ်းများကိုရှာဖွေပါ။ ကျောင်းသားအားလုံးကိုတန်ဖိုးထား လေးစားရေးအတွက် ကျောင်းရှိအခြားဆရာများနှင့်လည်း မိမိ၏စိတ်ကူးများကို မျှဝေဆွေးနွေးနိုင်သည်။

  (မှတ်ချက်။ ။ အချို့သောစကားပြေ၊ ကဗျာများသင်ကြားရာတွင် တိုင်းရင်းသားဒေသများဖြစ်ပါက ဆရာများအနေဖြင့် ဒေသ၏ယဉ်ကျေးမှုထုံးတမ်းစဉ်လာများနှင့် လိုက်လျောညီထွေဖြစ်အောင် စီစဉ်သင်ကြားရန်ဖြစ်ပါသည်။)

(ဓ) **သင်ရိုးမာတိကာ (Syllabus) နှင့်စာသင်နှစ်တစ်နှစ်စာသင်ခန်းစာအစီအစဉ်(Year Plan) –** သတ္တမတန်း၊ မြန်မာစာဘာသာရပ် သင်ရိုးမာတိကာ၊ စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (Year Plan) နှင့် သင်ခန်းစာခေါင်းစဉ်အလိုက် အချိန်ခွဲဝေမှုတို့ကို ဇယားများဖြင့် ဖော်ပြထားသည်။

DBE BOX

## (က) သတ္တမတန်း (Grade 7) မြန်မာစာဘာသာရပ် သင်ရိုးမာတိကာ (Syllabus)

| နယ်ပယ် | သင်ယူမှု ရည်ရွယ်ချက်များ | သင်ယူမှုရလဒ်များ | တတ်မြောက်မှု အညွှန်းကိန်းများ |
|---|---|---|---|
| (Strand) | (Learning Objectives) | (Learning Outcomes) | (Achievement Indicators) |
| အသုံးချ ဘာသာစကား (အထူးပြုအစု) | ❖ အထူးပြုအစုကိုသိရှိရန်<br>၁။ နာမ်အထူးပြု<br>၂။ ကြိယာအထူးပြု | ❖ နာမ်အထူးပြုများကို ခွဲခြားဖော်ပြတတ်လာမည်။<br>❖ နာမ်အထူးပြုများကို မှန်မှန်ကန်ကန် သုံးနှုန်းတတ်လာမည်။<br>❖ နာမ်အထူးပြုများဖြင့် ဝါကျများ ရေးတတ်လာမည်။<br>❖ ကြိယာအထူးပြုစကားစုများကို ခွဲခြားဖော်ပြတတ်လာမည်။<br>❖ ကြိယာအထူးပြုစကားစုများကို မှန်မှန်ကန်ကန် သုံးနှုန်းတတ်လာမည်။<br>❖ ကြိယာအထူးပြုစကားစုများဖြင့် ဝါကျများရေးတတ်လာမည်။ | ❖ နာမ်အထူးပြုစကားစုများကို ခွဲခြားဖော်ပြတတ်လာခြင်း<br>❖ နာမ်အထူးပြုစကားစုများကို မှန်မှန်ကန်ကန် သုံးနှုန်းတတ်လာခြင်း<br>❖ နာမ်အထူးပြုစကားစုများဖြင့် ဝါကျများ ရေးတတ်လာခြင်း<br>❖ ကြိယာအထူးပြုစကားစုများကို ခွဲခြားဖော်ပြတတ်လာခြင်း<br>❖ ကြိယာအထူးပြုစကားစုများကို မှန်မှန်ကန်ကန် သုံးနှုန်းတတ်လာခြင်း<br>❖ ကြိယာအထူးပြုစကားစုများဖြင့် ဝါကျများ ရေးတတ်လာခြင်း |

DBEBOX

| နယ်ပယ် | သင်ယူမှု ရည်ရွယ်ချက်များ | သင်ယူမှုရလဒ်များ | တတ်မြောက်မှု အညွှန်းကိန်းများ |
|---|---|---|---|
| (Strand) | (Learning Objectives) | (Learning Outcomes) | (Achievement Indicators) |
| အသုံးချ ဘာသာစကား<br>(ဝါကျရိုး) | ❖ အခြေခံဝါကျရိုးများ တည်ဆောက်ခြင်းကို သိရှိရန်<br>၁။ ကတ္တားပုဒ်+အဖြည့်ကတ္တား + ကြိယာပုဒ်<br>၂။ ကတ္တားပုဒ် + ကံပုဒ် + ကြိယာပုဒ်<br>၃။ ကတ္တားပုဒ် + ကံပုဒ် + အဖြည့်ကံ + ကြိယာပုဒ် | ❖ ဝါကျရိုးတစ်ခုတွင် ပါဝင်သော ကတ္တားပုဒ်၊ အဖြည့်ကတ္တားနှင့် ကြိယာပုဒ်များကို ဖော်ပြတတ်လာမည်။<br>❖ ကတ္တားပုဒ်၊ အဖြည့်ကတ္တားနှင့် ကြိယာပုဒ်ပါဝင်သော ဝါကျရိုးများရေးတတ်လာမည်။<br>❖ ဝါကျရိုးတစ်ခုတွင်ပါဝင်သော ကတ္တားပုဒ်၊ ကံပုဒ်နှင့် ကြိယာပုဒ်များကို ဖော်ပြတတ်လာမည်။<br>❖ ကတ္တားပုဒ်၊ ကံပုဒ်နှင့် ကြိယာပုဒ်များပါဝင်သော ဝါကျရိုးများရေးတတ်လာမည်။<br>❖ ဝါကျရိုးတစ်ခုတွင်ပါဝင်သော ကတ္တားပုဒ်၊ ကံပုဒ်၊ အဖြည့်ကံနှင့် ကြိယာပုဒ်များကို ဖော်ပြတတ်လာမည်။<br>❖ ကတ္တားပုဒ်၊ ကံပုဒ်၊ အဖြည့်ကံနှင့် ကြိယာပုဒ်များပါဝင်သော ဝါကျရိုးများရေးတတ်လာမည်။ | ❖ ဝါကျရိုး တစ်ခုတွင် ပါဝင်သောကတ္တားပုဒ်၊ ကံပုဒ်နှင့် ကြိယာပုဒ်များကို ဖော်ပြတတ်ခြင်း<br>❖ ကတ္တားပုဒ်၊ ကံပုဒ်နှင့် ကြိယာပုဒ်တို့ ပါဝင်သော ဝါကျရိုးများရေးသားတတ်ခြင်း<br>❖ ဝါကျရိုးတစ်ခုတွင် ပါဝင်သောကတ္တားပုဒ်၊ အဖြည့်ကတ္တားနှင့် ကြိယာပုဒ်တို့ကို ဖော်ပြတတ်ခြင်း<br>❖ ကတ္တားပုဒ်၊အဖြည့်ကတ္တားနှင့် ကြိယာပုဒ်တို့ ပါဝင်သောဝါကျရိုးများ ရေးသားတတ်ခြင်း<br>❖ ဝါကျရိုးတစ်ခုတွင် ပါဝင်သောကတ္တားပုဒ်၊ ကံပုဒ်၊ အဖြည့်ကံနှင့် ကြိယာပုဒ်တို့ကို ဖော်ပြတတ်ခြင်း<br>❖ ကတ္တားပုဒ်၊ ကံပုဒ်၊ အဖြည့်ကံနှင့် ကြိယာပုဒ် တို့ ပါဝင်သော ဝါကျရိုးများ ရေးသားတတ်ခြင်း |

DBE BOX

| နယ်ပယ် (Strand) | သင်ယူမှု ရည်ရွယ်ချက်များ (Learning Objectives) | သင်ယူမှုရလဒ်များ (Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ (Achievement Indicators) |
|---|---|---|---|
| ဖတ်ရွတ်မှုနှင့် စဉ်းစား နားထောင်နိုင်မှု စွမ်းရည် (စကားပြေ) | ❖ သုတစကားပြေများမှ အသိသစ်များ ရရှိရန်<br>❖ ရသစကားပြေများမှ ရသကိုခံစားပြီး သဘာဝ ကျ၊ မကျ စဉ်းစားတတ်ရန်<br>❖ စာဖတ်သော အသံနေ အသံထားကို ပြင်ဆင် တတ်ရန် | ❖ သုတစကားပြေများမှ အသိသစ်များကို ထုတ်နုတ် တင်ပြတတ်လာမည်။<br>❖ ရသစကားပြေများကို ဖတ် ၍ ခံစားရသောရသကို သဘာဝ ကျ၊ မကျ ဆွေးနွေးတတ်လာမည်။<br>❖ စကားပြေများကို နားထောင်သူ ပရိသတ် နှစ်သက်လာအောင် ဖတ်တတ်လာမည်။ | ❖ သုတစကားပြေများကို ဖတ်၍ ဗဟုသုတများကို ထုတ်နုတ်တတ်ခြင်း<br>❖ ရသစကားပြေများကို ဖတ်၍ ခံစားရသော ရသနှင့်အသိအမြင်များကို အချင်းချင်း ဆွေးနွေး တတ်ခြင်း<br>❖ စကားပြေများကို နားထောင်သူပရိသတ် နှစ်သက်လာအောင် ဖတ်တတ်ခြင်း |
| ဖတ်ရွတ်မှုနှင့် စဉ်းစား နားထောင်နိုင်မှု စွမ်းရည် (ကဗျာ) | ❖ ကဗျာ၏ အသံနှင့် ကာရန်ကို သိ၍ ကာရန်အသံကို ပေါ်လွင်အောင် ရွတ်ဆိုတတ်ရန် | ❖ ကဗျာ၏ အသံနှင့် ကာရန်ကိုသိ၍ ကာရန်အသံကို ပေါ်လွင်အောင် ရွတ်ဆို တတ်လာမည်။ | ❖ ကဗျာ၏အသံနှင့် ကာရန်ကိုသိ၍ ကာရန် အသံ ပေါ်လွင်အောင် ရွတ်ဆိုတတ်ခြင်း |
| နားထောင်နိုင်မှု စွမ်းရည် (စကားပြေ) | ❖ သုတ၊ ရသစကားပြေ တို့၏ အသံနေ အသံထားကို ခွဲခြား နားထောင်တတ်ရန်<br>❖ နားထောင်ရင်း ခံစား တတ်ရန်<br>❖ နားထောင်ရင်း မှတ်သားတတ်ရန် | ❖ စာ၏အဓိပ္ပာယ်ကို ဆက်စပ် နားထောင်တတ်လာမည်။<br>❖ နားထောင်ရင်း ခံစားတတ် လာမည်။<br>❖ နားထောင်ရင်းမှတ်သား တတ်လာမည်။ | ❖ စာ၏အဓိပ္ပာယ်ကို ဆက်စပ် နားထောင် တတ်လာခြင်း<br>❖ နားထောင်ရင်း ခံစား တတ်လာခြင်း<br>❖ နားထောင်ရင်း မှတ်သား တတ်လာခြင်း |

DBE BOX

| နယ်ပယ် (Strand) | သင်ယူမှု ရည်ရွယ်ချက်များ (Learning Objectives) | သင်ယူမှုရလဒ်များ (Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ (Achievement Indicators) |
|---|---|---|---|
| နားထောင်နိုင်မှု စွမ်းရည် (ကဗျာ) | ❖ ကဗျာကို အသံထွက် ရွတ်ဆိုမှု ကဗျာ အရသာ ပေါ်လွင်ကြောင်း၊ ဆိုလိုရင်းကို ပြည့်စုံစွာ မြင်ရကြောင်း သိရှိရန် | ❖ ကဗျာကို အသံထွက် ရွတ်ဆိုမှု ကဗျာအရသာ ပေါ်လွင်ကြောင်း၊ ဆိုလိုရင်းကို ပြည့်စုံစွာ မြင်ရကြောင်း သိရှိမည်။ | ❖ ကဗျာရွတ်ဆိုမှုကို နားထောင်၍ ခံစားရသော အရသာကို ဖော်ပြတတ်ခြင်း<br>❖ ကဗျာရွတ်ဆိုမှုကို နားထောင်၍ ဆိုလိုရင်းကို ဖော်ပြတတ်ခြင်း |
| မှန်ကန် ထိရောက်သော ပြောဆိုမှုနှင့် ရေးသားနိုင်မှု စွမ်းရည် (စကားပြေ) | ❖ မိမိပြောလိုသော စကားသံကို ထိန်းညှိတတ်ရန်<br>❖ ပြောရင်းမမေ့အောင် လေ့ကျင့်တတ်ရန်<br>❖ ပြောရင်းစဉ်းစား၊ စဉ်းစားရင်း ပြောသော အလေ့အကျင့် ရရှိရန်<br>❖ သင်ခန်းစာမှ အကြောင်းအရာများကို အတုယူ၍ ကိုယ်ပိုင် ဖန်တီး ပြောဆိုနိုင်ရန် | ❖ မိမိပြောသော စကားသံကို ထိန်းညှိတတ်လာမည်။<br>❖ အသံထွက် မှန်ကန် ပီသအောင် ပြောတတ်လာမည်။<br>❖ အများရှေ့တွင်မိမိပြောလိုသော အကြောင်းအရာကို အဆက်အစပ်မပြတ်အောင် ပြောတတ်လာမည်။<br>❖ မိမိပြောမည့်ခေါင်းစဉ်၏ ရည်ရွယ်ချက်မပျောက်အောင် စဉ်းစားရင်း ပြောတတ်လာမည်။<br>❖ သင်ခန်းစာမှ အကြောင်းအရာများကို အတုယူ၍ ကိုယ်ပိုင် ဖန်တီးပြောဆိုနိုင်လာမည်။ | ❖ အများရှေ့တွင်ပြောဆိုရာ၌ မိမိစကားသံကိုထိန်းညှိတတ်ခြင်း<br>❖ အသံထွက်မှန်ကန်ပီသအောင်ပြောတတ်ခြင်း<br>❖ မိမိပြောလိုသော အကြောင်းအရာ အဆက်အစပ် မပြတ်အောင်ပြောတတ်ခြင်း<br>❖ မိမိပြောမည့်ရည်ရွယ်ချက် မပျောက်အောင်စဉ်းစားရင်း ပြောတတ်ခြင်း<br>❖ အကြောင်းအရာတစ်ခုကို ကိုယ်ပိုင်ဖန်တီးပြောဆိုနိုင်ခြင်း |

DBE BOX

| နယ်ပယ်<br>(Strand) | သင်ယူမှု ရည်ရွယ်ချက်များ<br>(Learning Objectives) | သင်ယူမှုရလဒ်များ<br>(Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ<br>(Achievement Indicators) |
|---|---|---|---|
| မှန်ကန် ထိရောက်သော ပြောဆိုမှုနှင့် ရေးသားနိုင်မှု စွမ်းရည်<br>(ကဗျာ) | ❖ ဟောပြောပွဲ၊ ဆွေးနွေးပွဲ ပုံစံများတွင် ကဗျာရွတ်ဆို၍ ပြောဆိုခြင်းကို နားထောင်သူများက သဘောကျကြောင်း သိရှိရန်<br>❖ ကိုယ်တိုင်စမ်းသပ် အသုံးပြုတတ်ရန် | ❖ ဟောပြောပွဲ၊ ဆွေးနွေးပွဲပုံစံများတွင် မိမိပြောသည့် အကြောင်းအရာနှင့် လိုက်ဖက်သော ကဗျာကို ရွတ်ဆို ပြောတတ်လာမည်။<br>❖ ကဗျာပုဒ်ရင်းများထဲမှ မိမိကြိုက်နှစ်သက်သော အရေးအဖွဲ့များကိုမှတ်သား တတ်လာမည်။ | ❖ ဟောပြောပွဲ၊ ဆွေးနွေးပွဲ ပုံစံများတွင် မိမိပြော သည့် အကြောင်းအရာနှင့် လိုက်ဖက်သော ကဗျာကို ရွတ်ဆိုပြောတတ်ခြင်း<br>❖ ကဗျာပုဒ်ရင်းများထဲမှ မိမိကြိုက်နှစ်သက်သော အရေးအဖွဲ့များကို မှတ်သားတတ်ခြင်း |
| မှန်ကန် ထိရောက်သော ပြောဆိုမှုနှင့် ရေးသားနိုင်မှု စွမ်းရည်<br>(စကားပြေ) | ❖ သင်ခန်းစာများမှ အချက်အလက်များကို ထုတ်၍ စာတစ်ပိုဒ် သို့မဟုတ် စာတစ်ပုဒ် ရေးတတ်ရန်<br>❖ ပေးစာ၏သဘောကို သိရှိရန်<br>❖ ကိုယ်ပိုင်အကြောင်း အရာတစ်ခုကို ရေးနည်း တစ်မျိုးမျိုး နှင့် စမ်းသပ်ရေးတတ် ရန် | ❖ သင်ခန်းစာများမှ အချက် အလက်များကို ထုတ်၍ စာတစ်ပိုဒ် သို့မဟုတ် စာတစ်ပုဒ် ရေးတတ် လာမည်။<br>❖ ပေးစာ၏သဘောကို ရှင်းပြတတ်မည်။<br>❖ ကိုယ်ပိုင်အကြောင်းအရာ တစ်ခုကို ရေးနည်း တစ်မျိုးမျိုးနှင့် စမ်းသပ် ရေးတတ်လာမည်။ | ❖ သင်ခန်းစာများမှ အချက်အလက်များကို ထုတ်၍ မိမိကိုယ်ပိုင် စာပိုဒ်သစ်တစ်ပိုဒ် သို့မဟုတ် စာတစ်ပုဒ် ရေးတတ်ခြင်း<br>❖ ပေးစာများကို စမ်းသပ် ရေးတတ်ခြင်း<br>❖ ကိုယ်ပိုင်အကြောင်းအရာ တစ်ခုကို ရေးနည်း တစ်မျိုးမျိုးနှင့် ရေးတတ် ခြင်း |

| နယ်ပယ် | သင်ယူမှု ရည်ရွယ်ချက်များ | သင်ယူမှုရလဒ်များ | တတ်မြောက်မှု အညွှန်းကိန်းများ |
|---|---|---|---|
| (Strand) | (Learning Objectives) | (Learning Outcomes) | (Achievement Indicators) |
| မှန်ကန်ထိရောက်သော ပြောဆိုမှုနှင့် ရေးသားနိုင်မှု စွမ်းရည် (ကဗျာ) | ❖ ကဗျာအကြောင်းအရာကို စကားပြေဖြင့် ပြန်ရေးနိုင်ရန်<br>❖ ကဗျာ၏ရည်ရွယ်ချက်နှင့် ရရှိသော သုတကို ဆက်စပ်၍ ရေးပြနိုင်ရန် | ❖ ကဗျာအကြောင်းအရာကို စကားပြေဖြင့် ပြန်ရေးနိုင်လာမည်။<br>❖ ကဗျာ၏ရည်ရွယ်ချက်နှင့် ရရှိသောသုတကို ဆက်စပ်ရေးပြတတ်လာမည်။ | ❖ ကဗျာအကြောင်းအရာကို စကားပြေဖြင့်ပြန်ရေးနိုင်ခြင်း<br>❖ ကဗျာ၏ရည်ရွယ်ချက်နှင့် ရရှိသော သုတကို ဆက်စပ် ရေးပြနိုင်ခြင်း |

## (ခ) စာသင်နှစ် တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (Year Plan) နှင့် သင်ခန်းစာအလိုက်အချိန်ခွဲဝေမှု

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁ | ၅ | ❖ ဗောဓိရွှေကျောင်း (ပြောသံကဗျာ) | ❖ ရွတ်ဆိုခြင်းနှင့်ဆိုလိုရင်းကို ဆွေးနွေးခြင်း<br>❖ ကဗျာ၏ခံစားမှုရသကိုရှင်းပြပြီး သုတကိုဖော်ထုတ်ခြင်း<br>❖ သုတရသကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း<br>❖ ကဗျာ့သဘောနှင့် ကာရန်သဘောကိုရှင်းပြခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၂ | ၅ | ❖ နောင်အင်းလေးကိုလာဖို့ ဖိတ်ခေါ်တယ် (ခရီးသွားဆောင်းပါး၊ သုတရသစကားပြေ) | ❖ ဆောင်းပါးဖတ်၍ ဆွေးနွေးခြင်း<br>❖ စကားပြေပါ အချက်အလက်များကို ရှင်းပြခြင်း<br>❖ ဗဟုသုတကို ဖော်ထုတ်ခြင်း<br>❖ ခရီးသွားဆောင်းပါးတစ်ပုဒ်ကို ဖန်တီးရေးသားခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |



DBE BOX

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၃ | ၅ | ❖ သဒ္ဒါပြန်လှန်လေ့ကျင့်ခန်း | ❖ နာမ်အစုဆိုင်ရာ ပြန်လှန်လေ့ကျင့်ခန်း<br>❖ ကြိယာအစုဆိုင်ရာ ပြန်လှန်လေ့ကျင့်ခန်း<br>❖ ဝါကျရိုးဆိုင်ရာ ပြန်လှန်လေ့ကျင့်ခန်း<br>❖ အရန်စာသင်ချိန်များ |
| ၄ | ၅ | ❖ နာမ်အထူးပြု<br>သော၊ သည့်၊ မည့်၊ တဲ့၊ မဲ့ ဟူသော နောက်ဆက်များ ပါသော နာမ်အထူးပြု<br>❖ စာစီစာကုံး | ❖ နာမ်အထူးပြုအကြောင်းမိတ်ဆက်သင်ကြားခြင်း<br>❖ နာမ်အထူးပြုများကိုလက်တွေ့အသုံးပြုခြင်း<br>❖ စာစီစာကုံးမိတ်ဆက်သင်ကြားခြင်း<br>❖ စာစီစာကုံးသင်ကြားခြင်း<br>❖ အရန်စာသင်ချိန် |
| ၅ | ၅ | ❖ ပန်းချီဦးဘညာဏ်<br>(အတ္ထုပ္ပတ္တိ၊ သုတရသ စကားပြေ) | ❖ အတ္ထုပ္ပတ္တိကိုဖတ်ခြင်း<br>❖ ရသခံစားမှုကို ဖော်ပြ၍ သုတကို ရှာဖွေခြင်း<br>❖ အတ္ထုပ္ပတ္တိသဘောဆွေးနွေးခြင်းနှင့် သုတကို သုံးသပ်ခြင်း<br>❖ အတ္ထုပ္ပတ္တိတစ်ပုဒ်ရေးသားခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၆ | ၅ | ❖ ကျွဲသားနှစ်ကောင်<br>(ထားဝယ်တေးကဗျာ) | ❖ ကဗျာရွတ်ဆိုပြီး ဆိုလိုရင်းကိုရှင်းပြခြင်း<br>❖ ကဗျာ၏ခံစားမှုအရသာကို ရှင်းပြပြီး သုတကို ဖော်ထုတ်ခြင်း<br>❖ သုတကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း<br>❖ ကဗျာသဘောနှင့် ကာရန်သဘောကိုရှင်းပြခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၇ | ၅ | ❖ နာမ်အထူးပြု<br>က၊ ၏၊ ရဲ့၊ နှင့်၊ နဲ့ စသည့် နောက်ဆက်စကားလုံး များပါသည့် နာမ်အထူးပြု | ❖ နာမ်အထူးပြုအကြောင်းမိတ်ဆက်သင်ကြားခြင်း<br>❖ နာမ်အထူးပြုများကိုလက်တွေ့အသုံးပြုခြင်း<br>❖ အရန်စာသင်ချိန်များ |

DBE BOX

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၈ | ပထမနှစ်ဝက်စာမေးပွဲ | | |
| ၉ | ၅ | ❖ သမိုင်းဝင်ယဉ်ကျေးမှု အမွေအနှစ်များ (ဆောင်းပါး၊ သုတစကားပြေ) | ❖ စကားပြေဖတ်ခြင်းနှင့်နားထောင်ခြင်း<br>❖ ဆောင်းပါးအချက်အလက်များကို ရှင်းပြခြင်း<br>❖ ဗဟုသုတများကို ဖော်ထုတ်ခြင်း<br>❖ သုတများကိုသုံးသပ်ခြင်းနှင့်မှတ်သားခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၁၀ | ၅ | ❖ ပြည်ထောင်စုရတနာများ (အချိုးတွဲကဗျာ) | ❖ ကဗျာရွတ်ဆိုပြီး ဆိုလိုရင်းကိုရှင်းပြခြင်း<br>❖ ကဗျာ၏ခံစားမှုအရသာကို ရှင်းပြပြီး သုတကို ဖော်ထုတ်ခြင်း<br>❖ သုတကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း<br>❖ ကဗျာ့သဘောနှင့် ကာရန်သဘောကိုရှင်းပြခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၁၁ | ၅ | ❖ နာမ်အထူးပြု သော၊ သည့်၊ မည့်၊ တဲ့၊ မဲ့ ဟူသော နောက်ဆက် စကားလုံးများ မပါသော နာမ်အထူးပြု<br>❖ စာစီစာကုံး | ❖ နာမ်အထူးပြုအကြောင်းမိတ်ဆက်သင်ကြားခြင်း<br>❖ နာမ်အထူးပြုများကို လက်တွေ့အသုံးပြုခြင်း<br>❖ စာစီစာကုံးသင်ကြားခြင်း<br>❖ စာစီစာကုံးသင်ကြားခြင်း<br>❖ အရန်စာသင်ချိန် |
| ၁၂ | ၅ | ❖ ချစ်သမီးလေးမမိုးအေးသို့ (ပေးစာ၊ သုတရသ စကားပြေ) | ❖ စကားပြေကိုဖတ်၍ ခံစားမှုများကို ဆွေးနွေးခြင်း<br>❖ အသုံးအနှုန်းကောင်းများထုတ်နုတ်ခြင်း<br>❖ ပေးစာ၏သဘောသဘာဝကိုရှင်းပြခြင်း<br>❖ ပေးစာတစ်စောင်ရေးသားခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁၃ | ၅ | ❖ တို့တောရွာ (လွမ်းချင်းကဗျာ) | ❖ ကဗျာရွတ်ဆိုပြီး ဆိုလိုရင်းကိုရှင်းပြခြင်း<br>❖ ကဗျာ၏ခံစားမှုအရသာကို ရှင်းပြပြီး သုတကို ဖော်ထုတ်ခြင်း<br>❖ သုတကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း<br>❖ ကဗျာ့သဘောနှင့် ကာရန်သဘောကိုရှင်းပြခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၁၄ | ၅ | စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့်ပြန်လှန်လေ့ကျင့်ခြင်း | |
| ၁၅ | | ပထမနှစ်ဝက်အခန်းဆုံးစစ်ဆေးခြင်း | |
| ၁၆ | ၅ | ❖ ကျိုက်ထီးရိုး (ခရီးသွားဆောင်းပါး၊ သုတရသစကားပြေ) | ❖ စကားပြေဖတ်ခြင်းနှင့်နားထောင်ခြင်း<br>❖ ခရီးသွားဆောင်းပါး၏ သဘောသဘာဝနှင့် ဆောင်းပါးပါအချက်အလက်များကိုရှင်းပြခြင်း<br>❖ ဗဟုသုတများကို ဖော်ထုတ်ခြင်း<br>❖ သုတများကိုသုံးသပ်ခြင်းနှင့်မှတ်သားခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၁၇ | ၅ | ❖ သုတရတနာဆုံးမစာ (သံပေါက်ကဗျာ) | ❖ ကဗျာကိုရွတ်ဆိုပြီး ဆိုလိုရင်းကိုရှင်းပြခြင်း<br>❖ ကဗျာ၏ခံစားမှုအရသာကို ရှင်းပြပြီး သုတကို ဖော်ထုတ်ခြင်း<br>❖ သုတရသကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း<br>❖ ကဗျာ့သဘောနှင့် ကာရန်သဘောကိုရှင်းပြခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၁၈ | ၅ | ❖ ဤ၊ သည်၊ ထို၊ ယင်း၊ ၎င်း၊ ဟို၊ ဒီ ဟူသော အညွှန်းနာမ်အထူးပြု<br>❖ မည်သည့်၊ မည်မျှ၊ မည်သို့သော၊ ဘာ၊ ဘယ်၊ ဘယ်လို၊ ဘယ်လောက်ဟူသော အမေးနာမ်အထူးပြု | ❖ အညွှန်းနာမ်အထူးပြုအကြောင်း မိတ်ဆက်သင်ကြားခြင်း<br>❖ နာမ်အထူးပြုများကိုလက်တွေ့အသုံးပြုခြင်း<br>❖ အမေးနာမ်အထူးပြုအကြောင်း မိတ်ဆက်သင်ကြားခြင်း<br>❖ နာမ်အထူးပြုများကို လက်တွေ့အသုံးပြုခြင်း<br>❖ အရန်စာသင်ချိန် |

DBE BOX

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁၉ | ၅ | ❖ သင်္ချာနာမ်အထူးပြု<br>❖ စာစီစာကုံး | ❖ သင်္ချာနာမ်အထူးပြုအကြောင်း မိတ်ဆက် သင်ကြားခြင်း<br>❖ သင်္ချာနာမ်အထူးပြုများကို လက်တွေ့အသုံးပြုခြင်း<br>❖ စာစီစာကုံးသင်ကြားခြင်း<br>❖ စာစီစာကုံးသင်ကြားခြင်း<br>❖ အရန်စာသင်ချိန် |
| ၂၀ | ၅ | ❖ သတင်းကြီးသည့် မင်းသမီးမထွေးလေး (အတ္ထုပ္ပတ္တိ၊ သုတရသ စကားပြေ) | ❖ အတ္ထုပ္ပတ္တိကိုဖတ်ခြင်း<br>❖ ရသခံစားမှုကိုဖော်ပြ၍ သုတကိုရှာဖွေခြင်း<br>❖ ဇာတ်သဘင်အသုံးအနှုန်းများကို ထုတ်နုတ်ခြင်း<br>❖ အတ္ထုပ္ပတ္တိတစ်ပုဒ်ရေးသားခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၂၁ | ၅ | ❖ လူကောင်းလူမွန် (လင်္ကာကဗျာ) | ❖ ကဗျာကိုရွတ်ဆိုခြင်းနှင့် ဆိုလိုရင်းကိုရှင်းပြခြင်း<br>❖ ကဗျာ၏ခံစားမှုအရသာကို ရှင်းပြပြီး သုတကို ဖော်ထုတ်ခြင်း<br>❖ သုတ၊ ရသကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း<br>❖ ကဗျာသဘောနှင့် ကာရန်သဘောကိုရှင်းပြခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၂၂ | ၅ | ❖ ကြိယာအထူးပြု<br>❖ အချိန်ပြကြိယာအထူးပြု<br>❖ အမူအရာပြကြိယာအထူးပြု | ❖ ကြိယာအထူးပြုအကြောင်းမိတ်ဆက်သင်ကြားခြင်း<br>❖ ကြိယာအထူးပြုပုံစံများကို လေ့လာခြင်း<br>❖ ကြိယာအထူးပြုများကို လက်တွေ့အသုံးပြုခြင်း<br>❖ အမူအရာပြကြိယာအထူးပြုအကြောင်း မိတ်ဆက် သင်ကြားခြင်း<br>❖ ကြိယာအထူးပြုပုံစံများကို လေ့လာခြင်း |

DBEBOX

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၂၃ | ၅ | ❖ အမူအရာပြကြိယာအထူးပြု<br>❖ စာစီစာကုံး | ❖ ကြိယာအထူးပြုများကို လက်တွေ့အသုံးပြုခြင်း<br>❖ စာစီစာကုံးသင်ကြားခြင်း<br>❖ စာစီစာကုံးသင်ကြားခြင်း<br>❖ အရန်စာသင်ချိန်များ |
| ၂၄ | ၅ | ❖ တိုင်းရင်းသားစကားပုံများ (စကားပုံ၊ အသုံးချ ဘာသာစကား) | ❖ စကားပုံဆောင်းပါးဖတ်ခြင်း<br>❖ စကားပုံများ၏ အဓိပ္ပာယ်ကိုရှင်းပြခြင်း<br>❖ စကားပုံအမျိုးအစားကိုရှင်းပြခြင်း<br>❖ တိုင်းရင်းသားတို့၏ခံစားမှုအတွေ့အကြုံများနှင့် စကားပုံများဆက်နွယ်နေပုံ<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၂၅ | ၅ | ❖ ခြင်းပွဲ (လင်္ကာကဗျာ) | ❖ ကဗျာကိုရွတ်ဆိုပြီး ဆိုလိုရင်းကိုရှင်းပြခြင်း<br>❖ ကဗျာ၏ခံစားမှုအရသာကို ရှင်းပြပြီး သုတကို ဖော်ထုတ်ခြင်း<br>❖ သုတကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း<br>❖ ကဗျာ့သဘောနှင့် ကာရန်သဘောကိုရှင်းပြခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၂၆ | ၅ | စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့်ပြန်လှန်လေ့ကျင့်ခြင်း | |
| ၂၇ | ဒုတိယနှစ်ဝက်စာမေးပွဲ | | |
| ၂၈ | ၅ | ❖ လွယ်အိတ်စာကြည့်တိုက် (ဝတ္ထုတို) | ❖ ဝတ္ထုကို နားထောင်ခြင်းနှင့်ဖတ်ခြင်း<br>❖ ဝတ္ထုတိုကို ခံစားသုံးသပ်ခြင်း<br>❖ ဇာတ်လမ်းဇာတ်ဆောင်တို့ကို လေ့လာခြင်း<br>❖ ဝတ္ထုတို၏ အဓိကအင်္ဂါရပ်များနှင့် မိတ်ဆက်ပေးခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |

DBEBOX

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၂၉ | ၅ | ❖ အခြေအနေပြ ကြိယာအထူးပြု<br>❖ ပမာဏပြကြိယာအထူးပြု | ❖ အခြေအနေပြကြိယာအထူးပြုအကြောင်း မိတ်ဆက်သင်ကြားခြင်း<br>❖ ကြိယာအထူးပြုပုံစံများကိုလေ့လာခြင်း<br>❖ ကြိယာအထူးပြုများကို လက်တွေ့အသုံးပြုခြင်း<br>❖ ပမာဏပြကြိယာအထူးပြုအကြောင်း မိတ်ဆက်သင်ကြားခြင်း<br>❖ ကြိယာအထူးပြုများကို လက်တွေ့အသုံးပြုခြင်း |
| ၃၀ | ၅ | ❖ အမေးကြိယာအထူးပြု<br>❖ ဝါကျရိုး ကတ္တားပုဒ် + အဖြည့်ကတ္တား + ကြိယာပုဒ် | ❖ အမေးကြိယာအထူးပြုအကြောင်း မိတ်ဆက်သင်ကြားခြင်း<br>❖ ကြိယာအထူးပြုများကို လက်တွေ့အသုံးပြုခြင်း<br>❖ မိတ်ဆက်သင်ကြားခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း<br>❖ အရန်စာသင်ချိန် |
| ၃၁ | ၅ | ❖ ထိပ်ဆုံးသို့ (လေးချိုးကဗျာ) | ❖ ကဗျာကိုရွတ်ဆိုခြင်းနှင့် ဆိုလိုရင်းကိုရှင်းပြခြင်း<br>❖ ကဗျာ၏အရသာကို ခံစားပြီး သုတကိုဖော်ထုတ်ခြင်း<br>❖ သုတကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း<br>❖ ကဗျာ့သဘောနှင့် ကာရန်သဘောကိုရှင်းပြခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၃၂ | ၅ | ❖ ကတ္တားပုဒ် + ကံပုဒ် + ကြိယာပုဒ်<br>❖ ကတ္တားပုဒ် + ကံပုဒ် + အဖြည့်ကံ + ကြိယာပုဒ် | ❖ မိတ်ဆက်သင်ကြားခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း<br>❖ မိတ်ဆက်သင်ကြားခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း<br>❖ အရန်စာသင်ချိန် |

DBE BOX

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၃၃ | ၅ | လူရိုးငဖြူ<br>(တစ်ခန်းရပ်ပြဇာတ်၊ ပြဇာတ်) | ❖ ပြဇာတ်ကိုဖတ်ခြင်း<br>❖ ပြဇာတ်အကြောင်းကို ရှင်းပြခြင်း<br>❖ ပြဇာတ်၏သဘောသဘာဝကို ရှင်းပြခြင်း<br>❖ ပြဇာတ်ကို ကပြခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၃၄ | ၅ | မိဖြူ<br>(ရသစာတမ်း၊ ရသစကားပြေ) | ❖ ရသစာတမ်းကို ဖတ်ခြင်းနှင့် နားထောင်ခြင်း<br>❖ ရသစာတမ်းကို ခံစားသုံးသပ်ခြင်း<br>❖ ရသစာတမ်း၏အကြောင်းအရာစီစဉ်ရေးသားပုံကို ရှင်းပြခြင်း<br>❖ ရသစာတမ်း၏သဘောကို ဆွေးနွေးခြင်းနှင့် သုံးသပ်ခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၃၅ | စာမေးပွဲအတွက်ကြိုတင်ပြင်ဆင်ခြင်းနှင့်ပြန်လှန်လေ့ကျင့်ခြင်း | | |
| ၃၆ | ဒုတိယနှစ်ဝက်အခန်းဆုံးစစ်ဆေးခြင်း | | |

စုစုပေါင်းစာသင်ချိန် ၁၈၀ တွင် သင်ကြားချိန်ပေါင်း ၁၄၇ ချိန်၊ အရန်စာသင်ချိန် ၁၃ ချိန်နှင့် စာမေးပွဲဖြေဆိုရန် အချိန် ၂၀ ဟု လျာထားပါသည်။

**သင်ခန်းစာအစီအစဉ်များ (Lesson Plans)**

သင်ခန်းစာအစီအစဉ်များတွင် သင်ယူမှုရလဒ်၊ သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ဖွံ့ဖြိုးစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ၊ သင်ကြားသင်ယူမှုဖြစ်စဉ် (သင်ခန်းစာမိတ်ဆက်ခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း- **I-T-P-R**)၊ သင်ယူမှုနှင့် စဉ်းစားတွေးခေါ်ခြင်းကို အားဖြည့်ရန် နောက်ဆက်တွဲလုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများ၊ အဓိကအချက်များနှင့် ဆရာအတွက်မှတ်စု ပါဝင်သည်။

သင်ခန်းစာခေါင်းစဉ်တိုင်းတွင် သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဟူသော အဆင့် ၄ ဆင့် ပါရှိမည်။ (သင်ခန်းစာကို လိုက်၍ အနည်းငယ် ကွဲပြားနိုင်သည်။)

DBE BOX

# သတ္တမတန်းမြန်မာစာ

## ဆရာလမ်းညွှန်အမှာစာ

ဤအမှာစာတွင် ဆရာလမ်းညွှန်စာအုပ်မိတ်ဆက် (Introduction)၊ သင်ခန်းစာအစီအစဉ်များ (Lesson Plans) နှင့် ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက် (Glossary of Words) ဟူ၍ အဓိက အပိုင်း ၃ ပိုင်း ပါရှိသည်။

### ၁။ ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်

ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်တွင် ဆရာများသိရှိထားသင့်သော အောက်ပါအကြောင်းအရာများ ပါဝင်သည်။

(က) ကျောင်းသားဗဟိုပြုသင်ကြားနည်းပညာကိုခြုံငုံတင်ပြခြင်း

(ခ) ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ

(ဂ) ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း (Bloom's Taxonomy)

(ဃ) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင် မေးမြန်းနိုင်သောမေးခွန်းများ

(င) ၂၁ ရာစု ကျွမ်းကျင်မှုများ (21st Century Skills) နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)

(စ) စာသင်ခန်းအဆင့်စစ်ဆေးအကဲဖြတ်ခြင်းကို ခြုံငုံတင်ပြခြင်း

(ဆ) အလယ်တန်းနှင့် အထက်တန်းအဆင့်စာသင်ခန်းများအတွင်း လူမှုရေးရှုထောင့်များကို ခြုံငုံတင်ပြခြင်း

(ဇ) သင်ရိုးမာတိကာ (Syllabus) နှင့် စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (Year Plan)

**(က) ကျောင်းသားဗဟိုပြုသင်ကြားနည်းပညာကိုခြုံငုံတင်ပြခြင်း** – ကျောင်းသားဗဟိုပြုသင်ကြားသည့် အလယ်တန်းနှင့်အထက်တန်းအဆင့် စာသင်ခန်းများတွင် အောက်ဖော်ပြပါ အဓိကအချက်များကို လေ့လာတွေ့ရှိနိုင်ပါသည်။

- ❖ သင်ခန်းစာများသည် စိတ်ဝင်စားဖွယ်ကောင်းပြီး ကျောင်းသားများ၏ လက်တွေ့ဘဝနှင့် ဆီလျော်၍ အဓိပ္ပာယ်ရှိသည်။
- ❖ ကျောင်းသားများသည် တက်ကြွစွာသင်ယူကြပြီး အတန်းဖော်များနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။



DBE BOX

- ဆရာများသည် ကျောင်းသားများအတွက် လက်တွေ့ဘဝတွင် တွေ့ကြုံရမည့် အခက်အခဲ ပြဿနာများကို ဖြေရှင်းရသည့်အခြေအနေများနှင့် စိန်ခေါ်မှုများဖန်တီးပေးသည်။
- ကျောင်းသားများသည် ပြဿနာဖြေရှင်းခြင်း (problem solving) နှင့် အဆင့်မြင့် ဆန်းစစ်တွေးခေါ်ခြင်း (higher level critical thinking) ဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာသည်။
- ဆရာက ကျောင်းသားများအား ရှင်းပြသည်၊ မေးခွန်းများမေးသည်၊ နားထောင်သည်။ ကျောင်းသားများက ဆွေးနွေးကြသည်၊ မေးခွန်းများမေးကြသည်၊ နားထောင်ကြသည်။

(ခ) **ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ** – ထိရောက်သော သင်ကြားသင်ယူမှုတွင် ဆရာနှင့် ကျောင်းသားများအတူတကွ အောက်ပါတို့ကို ဆောင်ရွက်ကြသည်။

- ကျောင်းသားများအတွက် ဆရာက သင်ယူမှုကို ရှင်းလင်းအောင်ဆောင်ရွက်ပေးသည်။ ⇨ သင်ခန်းစာအကြောင်းအရာနှင့် အသိပညာ
- ဆရာနှင့် ကျောင်းသားများသည် သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းမျိုးစုံ အသုံးပြုကြသည်။ ⇨ သင်ကြားနည်းပညာ
- ပုံမှန်အားဖြင့် ဆရာနှင့် ကျောင်းသားများသည် တိကျရှင်းလင်းသော အကြံပြုချက် (feedback) များကို အပြန်အလှန်ပေးကြသည်။ ⇨ စစ်ဆေးအကဲဖြတ်ခြင်း

**သင်ယူမှုရလဒ်များ (Learning Outcomes)** – သင်ယူမှုအချိန်ကာလတစ်ခုအဆုံး၌ ကျောင်းသားများအား မည်သည့် အသိပညာ၊ ကျွမ်းကျင်မှု၊ စိတ်နေသဘောထား၊ တန်ဖိုးထားမှုများကိုသိရှိသွားစေရန်၊ နားလည်သွားစေရန်၊ ပြုလုပ်နိုင်စေရန် မျှော်မှန်းထားသည်ကို ရှင်းလင်းစွာအဓိပ္ပာယ်ဖွင့်ဆိုထားသော ဖော်ပြချက်များပါရှိသည် (သင်ခန်းစာအစီအစဉ်များ (Lesson plans) ကိုကြည့်ပါ)။

(ဂ) **ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း (Bloom's Taxonomy)**- အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားများတွင် အဆင့်မြင့်စဉ်းစားတွေးခေါ်မှုစွမ်းရည်များ (higher order thinking skills) ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်ခန်းစာအစီအစဉ်များ (lesson plans) နှင့် သင်ယူမှုလုပ်ငန်းများ (activities) တွင် ဘလွန်းမ်၏ သင်ယူမှုအဆင့်များ ထည့်သွင်းထားသည်။ သင်ခန်းစာအစီအစဉ်များတွင် ယင်းအဆင့်များကိုဖော်ပြသည့် အဓိကစကားလုံးများ (မှတ်မိသည်၊ နားလည်သည်၊ အသုံးချသည်၊ စိစစ်ပိုင်းခြားသည်၊ အကဲဖြတ်သည်၊ တီထွင်ဖန်တီးသည် အစရှိသည်) ကို ရှာဖွေကြည့်ပါ။

DBE BOX




ဘလွန်းမ်၏ သင်ယူမှုအဆင့်များပြပုံ

(ဃ) **သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင်မေးမြန်းနိုင်သောမေးခွန်းများ–** ဆရာသည်သင်ခန်းစာ၏ အစ၊ အလယ်၊ အဆုံး အဆင့်များတွင် အောက်ဖော်ပြပါမေးခွန်းများကို မေးမြန်းဆန်းစစ်သင့်ပါသည်။

<u>**သင်ခန်းစာအစတွင်**</u> –

- ❖ ယခုသင်မည့် သင်ခန်းစာပြီးဆုံးသွားလျှင် ကျောင်းသားများသည် မည်သည့်ကျွမ်းကျင်မှုများနှင့် အသိပညာများကို သင်ယူရရှိသွားမည်နည်း။
- ❖ စီစဉ်ထားသော သင်ယူမှုလုပ်ငန်းများကို လုပ်ဆောင်ရန် ကျောင်းသားများကို မည်သို့စုစည်းမည်နည်း။
- ❖ ဆရာသည် မည်သည့်သတင်းအချက်အလက်များ လိုအပ်သနည်း။ ကျောင်းသားများသည် မည်သည့် သတင်းအချက်အလက်များ လိုအပ်သနည်း။
- ❖ ဆရာသည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများ လိုအပ်သနည်း။ ကျောင်းသားများသည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများလိုအပ်သနည်း။
- ❖ သင်ထောက်ကူပစ္စည်းများကို မည်သို့ ရရှိစုစည်းပြီး အသုံးပြုမည်နည်း။
- ❖ မည်သည့် ရလဒ်ရလိမ့်မည်ဟု သင်ထင်သနည်း။

**သင်ခန်းစာအလယ်တွင်–**

❖ သင်ခန်းစာ/သင်ယူမှုလုပ်ငန်းသည် မျှော်မှန်းထားသကဲ့သို့ဖြစ်နေမှု ရှိ၊ မရှိ

❖ ကျောင်းသားများက သင်ခန်းစာကို နားလည်စေရေးအတွက် အထောက်အကူပြုနိုင်ရန် ဆရာအနေဖြင့် လိုအပ်သော အခြားသတင်းအချက်အလက်များ ရှိ၊ မရှိ

**သင်ခန်းစာအဆုံးတွင်–**

❖ မျှော်မှန်းထားသည့်အတိုင်း ဆရာ၏ သင်ကြားမှုလုပ်ငန်း ပြီးမြောက်ခဲ့ခြင်း ရှိ၊ မရှိ

❖ သင်ခန်းစာသည် ကျောင်းသားများကို စဉ်းစားတွေးခေါ်စေသည့် အခြားမေးခွန်းများ ထွက်ပေါ်စေခဲ့ခြင်း ရှိ၊ မရှိ

❖ အခြားသင်နည်းတစ်မျိုးနှင့် ဆောင်ရွက်ခဲ့သင့်ခြင်း ရှိ၊ မရှိ

❖ ဆရာ သို့မဟုတ် ကျောင်းသားများသည် ဤသင်ခန်းစာမှ မည်သည်တို့ကို သင်ယူ နိုင်ခဲ့ကြသနည်း။

❖ ဆရာ၏သင်ကြားမှုသည် ကျောင်းသားတစ်ဦးချင်းစီ၏ သင်ခန်းစာပါသဘောတရားများ နားလည်မှုကို စစ်ဆေးရန် အထောက်အကူဖြစ်ခဲ့ခြင်း ရှိ၊ မရှိ

❖ ဤသင်ခန်းစာကိုလည်းကောင်း၊ နောင်သင်ကြားမည့် သင်ခန်းစာကိုလည်းကောင်း ပိုမိုကောင်းမွန်စေရန် မည်သည်တို့ကို ထည့်သွင်းသင်ကြားရန် လိုအပ်မည်နည်း။

(င) **၂၁ရာစုကျွမ်းကျင်မှုများ (21st Century Skills)နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)-** လူငယ်များသည် ရှုပ်ထွေးသောကမ္ဘာလောကကြီးတွင် လျှောက်လှမ်းရမည့်ဘဝခရီးနှင့် အလုပ်ခွင်အတွက် ၂၁ ရာစု ကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ လိုအပ်ပါသည်။ C -၅ လုံး (5 C's) သို့မဟုတ် သင်ယူမှုအတွက် အရေးကြီးသော ကျွမ်းကျင်မှုများမှာ-

❖ **ပူးပေါင်းဆောင်ရွက်ခြင်း (Collaboration)-** အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်ခြင်း **(Group Work)-** ကျောင်းသားများအား အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်တတ်ရန်၊ အတွေးအခေါ်များ မျှဝေခြင်းနှင့် အဖြေများ အတူရှာဖွေတတ်ရန်အားပေးသည်။

❖ **ဆက်သွယ်ပြောဆိုခြင်း (Communication)-** နှုတ်အားဖြင့်၊ ကိုယ်ဟန်အမူအရာအားဖြင့် ဆက်သွယ်ခြင်း- စာဖတ်ခြင်း၊ စာရေးခြင်း၊ စကားပြောခြင်း၊ နားထောင်ခြင်းတို့ဖြစ်သည်။



DEEBOX

❖ **လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း (Critical Thinking and Problem Solving)**- ကျောင်းသားများအား ပြဿနာများ၏အဖြေများကို ရှာဖွေခြင်းနှင့် အမှားပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခွင့်ပေးသည်။

❖ **တီထွင်ဖန်တီးခြင်း (Creativity and Innovation)**- အတွေးအခေါ် အယူအဆသစ်များ ရှာဖွေခြင်းနှင့် ပြဿနာများကိုဖြေရှင်းခြင်းတို့ပြုလုပ်ရန် ဘောင်ခတ်ထားသည့် အခြေအနေမှ ပြင်ပသို့ ထွက်၍ တွေးခေါ်စေခြင်းဖြစ်သည်။

❖ **နိုင်ငံသားကောင်းဖြစ်ခြင်း (Citizenship)** - ကျောင်းလူမှုအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ခြင်း၊ တရားမျှတခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်းစိတ်ဓာတ် ရှိခြင်းတို့ဖြစ်သည်။

**(စ) စာသင်ခန်းအဆင့်တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းကို မြှင့်တင်ပြခြင်း**- သင်ယူမှုအတွက် စစ်ဆေးအကဲဖြတ်မှုအားလုံး၏ ၉၀%ကို သင်ကြားနေစဉ်အတွင်း ဆောင်ရွက်ခြင်းဖြစ်သည်။ ကျောင်းသားနှင့် ဆရာတို့အား အကြံပြုချက်များ (Feedback) ချက်ချင်းပေးရန်အတွက် စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းကို အသုံးပြုသည်။ ဤစစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား ရှေ့ဆက် အောင်မြင်စွာ သင်ယူလိုပါက နောင်တွင် မည်သို့သင်ယူရန် လိုအပ်သည်ကိုခွဲခြားသိရှိနိုင်စေရန် ကူညီပေးသည်။ ဆရာများသည် ထိရောက်သောသင်ကြားရေးနည်းဗျူဟာများနှင့် ထိရောက်မှုနည်းသော သင်ကြားရေးနည်းဗျူဟာများကို ခွဲခြားသတ်မှတ်ရန် သင်ကြားနေစဉ်အတွင်း လေ့လာကြည့်ရှုခြင်းများ ပြုလုပ်နိုင်သည်။

(၁) **စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းတွင် အောက်ပါနည်းလမ်းများပါဝင်သည်**-

❖ **ကျောင်းသားဗဟိုပြုမှု**- ဆရာနှင့်ကျောင်းသားများသည် သင်ကြားရေးထက် သင်ယူမှုကို လေ့လာကြည့်ရှုရေးနှင့် သင်ယူမှုပိုမိုကောင်းမွန်ရေးကို ပိုမိုအလေးထားကြသည်။ ကျောင်းသားများသည် (ဆရာက မည်သည်ကို လုပ်ဆောင်ရန်ပြော၍ မဟုတ်ဘဲ) မည်သည်ကိုသင်ယူရန် နားလည်ကြသည်။

❖ **ဆရာ၏ဆုံးဖြတ်စီစဉ်မှု**- ဆရာအသီးသီးသည် မည်သည်ကို၊ မည်သို့စစ်ဆေး အကဲဖြတ်ရမည်နှင့် စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသည့်အချက်အလက်များကို မည်သို့အသုံးပြုဆောင်ရွက်မည်ဆိုသည်ကို ဆုံးဖြတ်သည်။

DBE BOX

- ❖ **ကျောင်းသားများ၏ တက်ကြွသောပါဝင်ဆောင်ရွက်မှု** – ကျောင်းသားများသည် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ်ပါဝင်သောကြောင့် မိမိတို့ မည်သည့်အရာကို သင်ယူသင့်သည်ကို ပိုမိုနားလည်ကြသည်။ ထို့ပြင် မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း (Self-Assessment) တွင်လည်း ပိုမိုကျွမ်းကျင်လာသည်။ ကျောင်းသားများသည် ဆရာက ၎င်းတို့ကို သင်ယူသူအဖြစ် စိတ်ဝင်စားမှုရှိကြောင်း သတိပြုမိသောအခါ သင်ယူလိုစိတ် မြင့်မားလာသည်။

- ❖ **သင်ကြားသင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း(Formative Assessment)** – သင်ကြား သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသား၏သင်ယူမှုတိုးတက်မှု အခြေအနေအကြောင်းကို ဆရာ သိရှိစေရန်အထောက်အထားပေးသည်။ သင်ကြားသင်ယူစဉ် စစ်ဆေးအကဲဖြတ်မှုသာ ဆရာက ကျောင်းသားများ၏ သင်ယူမှုတိုးတက်စေရန် ကူညီပေးနိုင်မည်ဖြစ်သည်။ ဆရာက ကျောင်းသားများ သင်ယူမှုဆိုင်ရာ အထောက်အထားကို အကောင်းဆုံး မည်သို့မှတ်သားမည်ကို ဆုံးဖြတ်ရန်လိုအပ်သည်။ ရရှိသည့်အထောက်အထားအပေါ် မူတည်၍ ဆရာသည် ကျောင်းသား၏ သင်ယူမှုတိုးတက်စေရန် မိမိ၏သင်ကြားမှုကို ကိုက်ညှိနိုင်သည်။ ဆရာများ၏ သင်ကြားသင်ယူစဉ် စစ်ဆေးအကဲဖြတ်မှုစွမ်းရည်နှင့် နည်းလမ်းများ ပိုမိုကောင်းမွန်စေရေးအတွက် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills: C-၅လုံး) ဖွံ့ဖြိုးရေးကို စတင်ဆောင်ရွက်ရန်အရေးကြီးသည်။ ဆရာတိုင်းတွင် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများရှိလျှင် သင်ခန်းစာတိုင်းတွင် ကျောင်းသားများ၏သင်ယူမှုကို မြှင့်တင်အားပေးနိုင်မည် ဖြစ်သည်။

**(၂) စာသင်ခန်းအဆင့်သင်ကြားစဉ်စစ်ဆေးအကဲဖြတ်ခြင်းအတွက်နည်းဗျူဟာများ**

- ❖ **လေ့လာကြည့်ရှုခြင်း(Observation)** – လက်တွေ့လုပ်ငန်းများ၊ တွေ့ရှိချက်များ တင်ပြခြင်းများအတွက် အုပ်စုလိုက်ပြင်ဆင်ဆောင်ရွက်နေကြစဉ် ၎င်းတို့၏အပြုအမူများအပါအဝင် ကျောင်းသားများအား တိုက်ရိုက်လေ့လာကြည့်ရှုခြင်းနှင့် တွေ့ရှိချက်များကို မှတ်တမ်းထားခြင်းဖြစ်သည်။ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills: C-၅လုံး)ကိုလည်း လေ့လာကြည့်ရှုပါ။

- ❖ **မေးခွန်းများမေးခြင်း(Questioning)** – ဆရာသည် ကျောင်းသားများ၏ သိနားလည်မှု (ဘာလွှန်းမ်၏ သင်ယူမှုအဆင့်ခွဲခြင်း)ကို ဆုံးဖြတ်ရန် မေးခွန်းများမေး၍ ရရှိသောရလဒ်အရ ၎င်း၏သင်ကြားမှုကို ချိန်ဆသည်။ ဤသို့ဆောင်ရွက်ခြင်းသည် သင်ခန်းစာများ သို့မဟုတ်

သင်ခန်းစာတစ်ခု၏ နောက်ဆုံးအဆင့်ဖြစ်သော ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း တွင်သာမက စာသင်ကြားစဉ် အချိန်မရွေးဖြစ်ပေါ်နိုင်သည်။

❖ **ကျောင်းသားများ၏ သင်ယူမှုဂျာနယ်(Student Learning Journal)**– ဆရာသည် စဉ်းစား ဖြေဆိုရသည့် မေးခွန်းများ (Open-ended Questions) (ဥပမာ- မည်သည်ကို သင်ယူခဲ့ပြီးဖြစ် သည်၊ မည်သည်ကို သင်ယူရန်လိုအပ်နေသေးသည်)ကိုပေး၍ ကျောင်းသားများအား လေ့ကျင့်ခန်း စာအုပ်တွင် အဖြေများရေးသားစေခြင်းဖြစ်သည်။ ဤကဲ့သို့ သင်ယူမှုဂျာနယ်ရေးခြင်းကို သင်ခန်း စာပြီးဆုံးသောအခါ ပြန်လည်သုံးသပ်ခြင်းအဖြစ် သုံးနိုင်သည်။ ထို့ပြင် နောက်သင်ကြားမည့် သင်ခန်းစာ ရည်ရွယ်ချက်နှင့်ပတ်သက်ပြီး ကျောင်းသားများအား ၎င်းတို့သိရှိပြီးသောအကြောင်း အရာများကိုရေးသားစေပြီး သင်ခန်းစာ၏အစတွင် ကျောင်းသားများ၏ ယခင်ရှိပြီးသား ဗဟုသုတကိုဆုံးဖြတ်ရန် အသုံးပြုနိုင်သည်။ ဆရာသည် ကျောင်းသားများ၏ သင်ယူမှုဂျာနယ် များကို နမူနာ (ဥပမာ- ၁၀အုပ်) ကောက်ယူကြည့်၍ တစ်တန်းလုံး၏ တတ်မြောက်မှု အခြေအနေ သို့မဟုတ် ယခင်ရှိပြီးသားဗဟုသုတကို ခြုံငုံအကဲဖြတ်ခြင်းနှင့် တွေ့ရှိချက် အပေါ်မူတည်၍ သင်ကြားမှုထိန်းညှိခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

**(ဆ) အလယ်တန်းနှင့်အထက်တန်းအဆင့် စာသင်ခန်းများအတွင်း လူမှုရေးရှုထောင့်များကို ခြုံငုံတင်ပြခြင်း (ကျား–မ၊ လူမျိုးစု၊ လူမှုရေးအဆင့်အတန်းနှင့် မသန်စွမ်းမှု)**– အမျိုးသား ပညာရေးဥပဒေ (၂၀၁၄) ၌ သင်ရိုးညွှန်းတမ်းသည် မတူကွဲပြား ခြားနားခြင်း (diversity)ကို နားလည်လက်ခံသော၊ တန်းတူညီမျှမှု (equality)ကို အလေးထားသော၊ ဒီမိုကရေစီ အလေ့ အကျင့်နှင့် လူ့အခွင့်အရေး (human rights) ဆိုင်ရာစံနှုန်းများကို တန်ဖိုးထားသော နိုင်ငံသား ကောင်းများ မွေးထုတ်ပေးနိုင်ပြီး တိုင်းရင်းသားမျိုးနွယ်စုအသီးသီး၏ ကြွယ်ဝသောစာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနှင့် သမိုင်းအမွေအနှစ်တို့ကို မြှင့်တင်နိုင်စွမ်းရှိသည့်အပြင် နိုင်ငံတကာ ပညာရေးသင်ရိုးညွှန်းတမ်းများနှင့် လိုက်လျောညီထွေရှိရမည်ဟု ဖော်ပြထားသည်။

❖ အခြေခံစည်းမျဉ်းအနေဖြင့် စာသင်ခန်းများသည် ကျား-မ၊ လူမျိုးစု၊ လူမှုရေး အဆင့်အတန်း နှင့် မသန်စွမ်းမှုတို့ကို မခွဲခြားဘဲ ကျောင်းသားအားလုံး အကျုံးဝင် (inclusive) စေရန် ဖြစ် သည်။ အားလုံးအကျုံးဝင်ပြီး သာတူညီမျှမှု (equity) ရှိသော ကျောင်းပတ်ဝန်းကျင်သည် ကျောင်းသားတစ်ဦးစီ၏ ကိုယ်ပိုင်လက္ခဏာနှင့် တန်ဖိုးထားမှုကိုထိန်းသိမ်းပြီး အခြားသူ များနှင့် မတူကွဲပြားခြားနားမှုကို နားလည်အသိအမှတ်ပြုကာ ကျောင်းသားအားလုံး ပညာ သင်ကြားခွင့်ရစေမည်ဖြစ်သည်။



DRAFT

❖ နိုင်ငံသားကောင်းဖြစ်စေရန် စေ့ဆော်ပေးသည့် လိုလားဖွယ်ရာအပြုသဘောဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှုများပါသည့် မိမိ၏လှုပ်ရှား ဆောင်ရွက်မှုများကို နမူနာကောင်းများအဖြစ် ဆရာသည်ကျောင်းသားများအား ပြသရန်လိုအပ်ပါသည်။ ယင်းအပြုသဘောဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှုများသည် ကျောင်းသားများတွင်နိုင်ငံသားကောင်းစိတ်ဓာတ်များ ပေါက်ဖွားလာစေမည်ဖြစ်သည်။

❖ ထို့ပြင် ဆရာသည် မိမိ၏စာသင်ခန်းအတွင်း လူမှုရေးဘက်လိုက်မှုများကို သတိပြုရှောင်ကြဉ်ရမည်။ ယင်းတို့မှာ တရားသေစွဲမှတ်ထားသောအခန်းကဏ္ဍများ (stereotyped roles)၊ မတူညီသော ယဉ်ကျေးမှုနှင့် မတူညီသောလူမျိုးစု နိုင်ငံသားများအကြား ခွဲခြားဆက်ဆံမှုများ၊ လူမှုရေးအဆင့်အတန်းအရ ဘက်လိုက်မှုများ၊ ရိုးရာဓလေ့ထုံးစံများနှင့် တန်ဖိုးထားမှုများကို လျစ်လျူရှုခြင်းတို့ဖြစ်သည်။ ဆရာသည်မိမိ၏ စာသင်ခန်း၊ သင်ခန်းစာများ၊ ကျောင်းပတ်ဝန်းကျင်တို့တွင် သာတူညီမျှမှုနှင့် အားလုံးအကျုံးဝင်မှုကိုအားကောင်းစေသည့် အခြားဥပမာများ၊ အခွင့်အလမ်းများကိုရှာဖွေပါ။ ကျောင်းသားအားလုံးကိုတန်ဖိုးထား လေးစားရေးအတွက် ကျောင်းရှိအခြားဆရာများနှင့်လည်း မိမိ၏စိတ်ကူးများကို မျှဝေဆွေးနွေးနိုင်သည်။

(မှတ်ချက်။ ။ အချို့သောစကားပြေ၊ ကဗျာများသင်ကြားရာတွင် တိုင်းရင်းသားဒေသများဖြစ်ပါက ဆရာများအနေဖြင့် ဒေသ၏ယဉ်ကျေးမှုထုံးတမ်းစဉ်လာများနှင့် လိုက်လျောညီထွေဖြစ်အောင် စီစဉ်သင်ကြားရန်ဖြစ်ပါသည်။)

**(၈) သင်ရိုးမာတိကာ (Syllabus) နှင့်စာသင်နှစ်တစ်နှစ်စာသင်ခန်းစာအစီအစဉ်(Year Plan) –** သတ္တမတန်း၊ မြန်မာစာဘာသာရပ် သင်ရိုးမာတိကာ၊ စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (Year Plan) နှင့် သင်ခန်းစာခေါင်းစဉ်အလိုက် အချိန်ခွဲဝေမှုတို့ကို ဇယားများဖြင့် ဖော်ပြထားသည်။



DBEBOX

## (က) သတ္တမတန်း (Grade 7) မြန်မာစာဘာသာရပ် သင်ရိုးမာတိကာ (Syllabus)

| နယ်ပယ် | သင်ယူမှု ရည်ရွယ်ချက်များ | သင်ယူမှုရလဒ်များ | တတ်မြောက်မှု အညွှန်းကိန်းများ |
|---|---|---|---|
| (Strand) | (Learning Objectives) | (Learning Outcomes) | (Achievement Indicators) |
| အသုံးချ ဘာသာစကား (အထူးပြုအစု) | ❖ အထူးပြုအစုကိုသိရှိရန်<br>၁။ နာမ်အထူးပြု<br>၂။ ကြိယာအထူးပြု | ❖ နာမ်အထူးပြုများကို ခွဲခြားဖော်ပြတတ်လာမည်။<br>❖ နာမ်အထူးပြုများကို မှန်မှန်ကန်ကန် သုံးနှုန်းတတ်လာမည်။<br>❖ နာမ်အထူးပြုများဖြင့် ဝါကျများ ရေးတတ်လာမည်။<br>❖ ကြိယာအထူးပြုစကားစုများကို ခွဲခြားဖော်ပြတတ်လာမည်။<br>❖ ကြိယာအထူးပြုစကားစုများကို မှန်မှန်ကန်ကန် သုံးနှုန်းတတ်လာမည်။<br>❖ ကြိယာအထူးပြုစကားစုများဖြင့် ဝါကျများရေးတတ်လာမည်။ | ❖ နာမ်အထူးပြုစကားစုများကို ခွဲခြားဖော်ပြတတ်လာခြင်း<br>❖ နာမ်အထူးပြုစကားစုများကို မှန်မှန်ကန်ကန် သုံးနှုန်းတတ်လာခြင်း<br>❖ နာမ်အထူးပြုစကားစုများဖြင့် ဝါကျများ ရေးတတ်လာခြင်း<br>❖ ကြိယာအထူးပြုစကားစုများကို ခွဲခြားဖော်ပြတတ်လာခြင်း<br>❖ ကြိယာအထူးပြုစကားစုများကို မှန်မှန်ကန်ကန် သုံးနှုန်းတတ်လာခြင်း<br>❖ ကြိယာအထူးပြုစကားစုများဖြင့် ဝါကျများ ရေးတတ်လာခြင်း |

DBEBOX

| နယ်ပယ် | သင်ယူမှု ရည်ရွယ်ချက်များ | သင်ယူမှုရလဒ်များ | တတ်မြောက်မှု အညွှန်းကိန်းများ |
|---|---|---|---|
| (Strand) | (Learning Objectives) | (Learning Outcomes) | (Achievement Indicators) |
| အသုံးချ ဘာသာစကား (ဝါကျရိုး) | ❖ အခြေခံဝါကျရိုးများ တည်ဆောက်ခြင်းကို သိရှိရန်<br>၁။ ကတ္တားပုဒ်+အဖြည့်ကတ္တား + ကြိယာပုဒ်<br>၂။ ကတ္တားပုဒ် + ကံပုဒ် + ကြိယာပုဒ်<br>၃။ ကတ္တားပုဒ် + ကံပုဒ် + အဖြည့်ကံ + ကြိယာပုဒ် | ❖ ဝါကျရိုးတစ်ခုတွင် ပါဝင်သော ကတ္တားပုဒ်၊ အဖြည့်ကတ္တားနှင့် ကြိယာပုဒ်များကို ဖော်ပြတတ်လာမည်။<br>❖ ကတ္တားပုဒ်၊ အဖြည့်ကတ္တားနှင့် ကြိယာပုဒ်ပါဝင်သော ဝါကျရိုးများရေးတတ်လာမည်။<br>❖ ဝါကျရိုးတစ်ခုတွင်ပါဝင်သော ကတ္တားပုဒ်၊ ကံပုဒ်နှင့် ကြိယာပုဒ်များကို ဖော်ပြတတ်လာမည်။<br>❖ ကတ္တားပုဒ်၊ ကံပုဒ်နှင့် ကြိယာပုဒ်များပါဝင်သော ဝါကျရိုးများရေးတတ်လာမည်။<br>❖ ဝါကျရိုးတစ်ခုတွင်ပါဝင်သော ကတ္တားပုဒ်၊ ကံပုဒ်၊ အဖြည့်ကံနှင့် ကြိယာပုဒ်များကို ဖော်ပြတတ်လာမည်။<br>❖ ကတ္တားပုဒ်၊ ကံပုဒ်၊ အဖြည့်ကံနှင့် ကြိယာပုဒ်များပါဝင်သော ဝါကျရိုးများရေးတတ်လာမည်။ | ❖ ဝါကျရိုး တစ်ခုတွင် ပါဝင်သောကတ္တားပုဒ်၊ ကံပုဒ်နှင့် ကြိယာပုဒ်များကို ဖော်ပြတတ်ခြင်း<br>❖ ကတ္တားပုဒ်၊ ကံပုဒ်နှင့် ကြိယာပုဒ်တို့ ပါဝင်သော ဝါကျရိုးများရေးသားတတ်ခြင်း<br>❖ ဝါကျရိုးတစ်ခုတွင် ပါဝင်သောကတ္တားပုဒ်၊ အဖြည့်ကတ္တားနှင့် ကြိယာပုဒ်တို့ကို ဖော်ပြတတ်ခြင်း<br>❖ ကတ္တားပုဒ်၊အဖြည့်ကတ္တားနှင့် ကြိယာပုဒ်တို့ ပါဝင်သောဝါကျရိုးများ ရေးသားတတ်ခြင်း<br>❖ ဝါကျရိုးတစ်ခုတွင် ပါဝင်သောကတ္တားပုဒ်၊ ကံပုဒ်၊ အဖြည့်ကံနှင့် ကြိယာပုဒ်တို့ကို ဖော်ပြတတ်ခြင်း<br>❖ ကတ္တားပုဒ်၊ ကံပုဒ်၊ အဖြည့်ကံနှင့် ကြိယာပုဒ်တို့ ပါဝင်သော ဝါကျရိုးများ ရေးသားတတ်ခြင်း |

DBE BOX

| နယ်ပယ် | သင်ယူမှု ရည်ရွယ်ချက်များ | သင်ယူမှုရလဒ်များ | တတ်မြောက်မှု အညွှန်းကိန်းများ |
|---|---|---|---|
| (Strand) | (Learning Objectives) | (Learning Outcomes) | (Achievement Indicators) |
| ဖတ်ရွတ်မှုနှင့် စဉ်းစား နားထောင်နိုင်မှု စွမ်းရည် (စကားပြေ) | ❖ သုတစကားပြေများမှ အသိသစ်များ ရရှိရန်<br>❖ ရသစကားပြေများမှ ရသကိုခံစားပြီး သဘာဝ ကျ၊ မကျ စဉ်းစားတတ်ရန်<br>❖ စာဖတ်သော အသံနေ အသံထားကို ပြင်ဆင် တတ်ရန် | ❖ သုတစကားပြေများမှ အသိသစ်များကို ထုတ်နုတ် တင်ပြတတ်လာမည်။<br>❖ ရသစကားပြေများကို ဖတ် ၍ ခံစားရသောရသကို သဘာဝ ကျ၊ မကျ ဆွေးနွေးတတ်လာမည်။<br>❖ စကားပြေများကို နားထောင်သူ ပရိသတ် နှစ်သက်လာအောင် ဖတ်တတ်လာမည်။ | ❖ သုတစကားပြေများကို ဖတ်၍ ဗဟုသုတများကို ထုတ်နုတ်တတ်ခြင်း<br>❖ ရသစကားပြေများကို ဖတ်၍ ခံစားရသော ရသနှင့်အသိအမြင်များကို အချင်းချင်း ဆွေးနွေး တတ်ခြင်း<br>❖ စကားပြေများကို နားထောင်သူပရိသတ် နှစ်သက်လာအောင် ဖတ်တတ်ခြင်း |
| ဖတ်ရွတ်မှုနှင့် စဉ်းစား နားထောင်နိုင်မှု စွမ်းရည် (ကဗျာ) | ❖ ကဗျာ၏ အသံနှင့် ကာရန်ကို သိ၍ ကာရန်အသံကို ပေါ်လွင်အောင် ရွတ်ဆိုတတ်ရန် | ❖ ကဗျာ၏ အသံနှင့် ကာရန်ကိုသိ၍ ကာရန်အသံကို ပေါ်လွင်အောင် ရွတ်ဆို တတ်လာမည်။ | ❖ ကဗျာ၏အသံနှင့် ကာရန်ကိုသိ၍ ကာရန် အသံ ပေါ်လွင်အောင် ရွတ်ဆိုတတ်ခြင်း |
| နားထောင်နိုင်မှု စွမ်းရည် (စကားပြေ) | ❖ သုတ၊ ရသစကားပြေ တို့၏ အသံနေ အသံထားကို ခွဲခြား နားထောင်တတ်ရန်<br>❖ နားထောင်ရင်း ခံစား တတ်ရန်<br>❖ နားထောင်ရင်း မှတ်သားတတ်ရန် | ❖ စာ၏အဓိပ္ပာယ်ကို ဆက်စပ် နားထောင်တတ်လာမည်။<br>❖ နားထောင်ရင်း ခံစားတတ် လာမည်။<br>❖ နားထောင်ရင်းမှတ်သား တတ်လာမည်။ | ❖ စာ၏အဓိပ္ပာယ်ကို ဆက်စပ် နားထောင် တတ်လာခြင်း<br>❖ နားထောင်ရင်း ခံစား တတ်လာခြင်း<br>❖ နားထောင်ရင်း မှတ်သား တတ်လာခြင်း |

DBE BOX

| နယ်ပယ် | သင်ယူမှု ရည်ရွယ်ချက်များ | သင်ယူမှုရလဒ်များ | တတ်မြောက်မှု အညွှန်းကိန်းများ |
|---|---|---|---|
| (Strand) | (Learning Objectives) | (Learning Outcomes) | (Achievement Indicators) |
| နားထောင်နိုင်မှု စွမ်းရည် (ကဗျာ) | ❖ ကဗျာကို အသံထွက် ရွတ်ဆိုမှု ကဗျာ အရသာ ပေါ်လွင်ကြောင်း၊ ဆိုလိုရင်းကို ပြည့်စုံစွာ မြင်ရကြောင်း သိရှိရန် | ❖ ကဗျာကို အသံထွက် ရွတ်ဆိုမှု ကဗျာအရသာ ပေါ်လွင်ကြောင်း၊ ဆိုလိုရင်းကို ပြည့်စုံစွာ မြင်ရကြောင်း သိရှိမည်။ | ❖ ကဗျာရွတ်ဆိုမှုကို နားထောင်၍ ခံစားရသော အရသာကို ဖော်ပြတတ်ခြင်း<br>❖ ကဗျာရွတ်ဆိုမှုကို နားထောင်၍ ဆိုလိုရင်းကို ဖော်ပြတတ်ခြင်း |
| မှန်ကန်ထိရောက်သော ပြောဆိုမှုနှင့် ရေးသားနိုင်မှု စွမ်းရည် (စကားပြေ) | ❖ မိမိပြောလိုသော စကားသံကို ထိန်းညှိတတ်ရန်<br>❖ ပြောရင်းမမေ့အောင် လေ့ကျင့်တတ်ရန်<br>❖ ပြောရင်းစဉ်းစား၊ စဉ်းစားရင်း ပြောသော အလေ့အကျင့် ရရှိရန်<br>❖ သင်ခန်းစာမှ အကြောင်းအရာများကို အတုယူ၍ ကိုယ်ပိုင် ဖန်တီး ပြောဆိုနိုင်ရန် | ❖ မိမိပြောသော စကားသံကို ထိန်းညှိတတ်လာမည်။<br>❖ အသံထွက် မှန်ကန်ပီသအောင် ပြောတတ်လာမည်။<br>❖ အများရှေ့တွင်မိမိပြောလိုသော အကြောင်းအရာကို အဆက်အစပ်မပြတ်အောင် ပြောတတ်လာမည်။<br>❖ မိမိပြောမည့်ခေါင်းစဉ်၏ ရည်ရွယ်ချက်မပျောက်အောင် စဉ်းစားရင်း ပြောတတ်လာမည်။<br>❖ သင်ခန်းစာမှ အကြောင်းအရာများကို အတုယူ၍ ကိုယ်ပိုင် ဖန်တီးပြောဆိုနိုင်လာမည်။ | ❖ အများရှေ့တွင်ပြောဆိုရာ၌ မိမိစကားသံကိုထိန်းညှိတတ်ခြင်း<br>❖ အသံထွက်မှန်ကန်ပီသအောင်ပြောတတ်ခြင်း<br>❖ မိမိပြောလိုသော အကြောင်းအရာ အဆက်အစပ် မပြတ်အောင်ပြောတတ်ခြင်း<br>❖ မိမိပြောမည့်ရည်ရွယ်ချက် မပျောက်အောင်စဉ်းစားရင်း ပြောတတ်ခြင်း<br>❖ အကြောင်းအရာတစ်ခုကို ကိုယ်ပိုင်ဖန်တီးပြောဆိုနိုင်ခြင်း |

DBE BOX

| နယ်ပယ် | သင်ယူမှု ရည်ရွယ်ချက်များ | သင်ယူမှုရလဒ်များ | တတ်မြောက်မှု အညွှန်းကိန်းများ |
|---|---|---|---|
| (Strand) | (Learning Objectives) | (Learning Outcomes) | (Achievement Indicators) |
| မှန်ကန်ထိရောက်သော ပြောဆိုမှုနှင့် ရေးသားနိုင်မှု စွမ်းရည် (ကဗျာ) | ❖ ဟောပြောပွဲ၊ ဆွေးနွေးပွဲ ပုံစံများတွင် ကဗျာရွတ်ဆို၍ ပြောဆိုခြင်းကို နားထောင်သူများက သဘောကျကြောင်း သိရှိရန်<br>❖ ကိုယ်တိုင်စမ်းသပ် အသုံးပြုတတ်ရန် | ❖ ဟောပြောပွဲ၊ ဆွေးနွေးပွဲပုံစံများတွင် မိမိပြောသည့် အကြောင်းအရာနှင့် လိုက်ဖက်သော ကဗျာကို ရွတ်ဆို ပြောတတ်လာမည်။<br>❖ ကဗျာပုဒ်ရင်းများထဲမှ မိမိကြိုက်နှစ်သက်သော အရေးအဖွဲ့များကိုမှတ်သား တတ်လာမည်။ | ❖ ဟောပြောပွဲ၊ ဆွေးနွေးပွဲ ပုံစံများတွင် မိမိပြော သည့် အကြောင်းအရာနှင့် လိုက်ဖက်သော ကဗျာကို ရွတ်ဆိုပြောတတ်ခြင်း<br>❖ ကဗျာပုဒ်ရင်းများထဲမှ မိမိကြိုက်နှစ်သက်သော အရေးအဖွဲ့များကို မှတ်သားတတ်ခြင်း |
| မှန်ကန်ထိရောက်သော ပြောဆိုမှုနှင့် ရေးသားနိုင်မှု စွမ်းရည် (စကားပြေ) | ❖ သင်ခန်းစာများမှ အချက်အလက်များကို ထုတ်၍ စာတစ်ပိုဒ် သို့မဟုတ် စာတစ်ပုဒ် ရေးတတ်ရန်<br>❖ ပေးစာ၏သဘောကို သိရှိရန်<br>❖ ကိုယ်ပိုင်အကြောင်း အရာတစ်ခုကို ရေးနည်း တစ်မျိုးမျိုး နှင့် စမ်းသပ်ရေးတတ် ရန် | ❖ သင်ခန်းစာများမှ အချက် အလက်များကို ထုတ်၍ စာတစ်ပိုဒ် သို့မဟုတ် စာတစ်ပုဒ် ရေးတတ် လာမည်။<br>❖ ပေးစာ၏သဘောကို ရှင်းပြတတ်မည်။<br>❖ ကိုယ်ပိုင်အကြောင်းအရာ တစ်ခုကို ရေးနည်း တစ်မျိုးမျိုးနှင့် စမ်းသပ် ရေးတတ်လာမည်။ | ❖ သင်ခန်းစာများမှ အချက်အလက်များကို ထုတ်၍ မိမိကိုယ်ပိုင် စာပိုဒ်သစ်တစ်ပိုဒ် သို့မဟုတ် စာတစ်ပုဒ် ရေးတတ်ခြင်း<br>❖ ပေးစာများကို စမ်းသပ် ရေးတတ်ခြင်း<br>❖ ကိုယ်ပိုင်အကြောင်းအရာ တစ်ခုကို ရေးနည်း တစ်မျိုးမျိုးနှင့် ရေးတတ် ခြင်း |

| နယ်ပယ် | သင်ယူမှု ရည်ရွယ်ချက်များ | သင်ယူမှုရလဒ်များ | တတ်မြောက်မှု အညွှန်းကိန်းများ |
|---|---|---|---|
| (Strand) | (Learning Objectives) | (Learning Outcomes) | (Achievement Indicators) |
| မှန်ကန် ထိရောက်သော ပြောဆိုမှုနှင့် ရေးသားနိုင်မှု စွမ်းရည် (ကဗျာ) | ❖ ကဗျာအကြောင်း အရာကို စကားပြေဖြင့် ပြန်ရေးနိုင်ရန်<br>❖ ကဗျာ၏ရည်ရွယ်ချက် နှင့် ရရှိသော သုတကို ဆက်စပ်၍ ရေးပြနိုင် ရန် | ❖ ကဗျာအကြောင်းအရာကို စကားပြေဖြင့် ပြန်ရေးနိုင် လာမည်။<br>❖ ကဗျာ၏ရည်ရွယ်ချက်နှင့် ရရှိသောသုတကို ဆက်စပ် ရေးပြတတ်လာမည်။ | ❖ ကဗျာအကြောင်းအရာကို စကားပြေဖြင့်ပြန်ရေး နိုင်ခြင်း<br>❖ ကဗျာ၏ရည်ရွယ်ချက် နှင့် ရရှိသော သုတကို ဆက်စပ် ရေးပြနိုင်ခြင်း |

## (ခ) စာသင်နှစ် တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (Year Plan) နှင့် သင်ခန်းစာအလိုက်အချိန်ခွဲဝေမှု

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁ | ၅ | ❖ ဗောဓိရွှေကျောင်း (ပြောသံကဗျာ) | ❖ ရွတ်ဆိုခြင်းနှင့်ဆိုလိုရင်းကို ဆွေးနွေးခြင်း<br>❖ ကဗျာ၏ခံစားမှုရသကိုရှင်းပြပြီး သုတကိုဖော်ထုတ်ခြင်း<br>❖ သုတရသကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း<br>❖ ကဗျာ့သဘောနှင့် ကာရန်သဘောကိုရှင်းပြခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၂ | ၅ | ❖ နောင်အင်းလေးကိုလာဖို့ ဖိတ်ခေါ်တယ် (ခရီးသွားဆောင်းပါး၊ သုတရသစကားပြေ) | ❖ ဆောင်းပါးဖတ်၍ ဆွေးနွေးခြင်း<br>❖ စကားပြေပါ အချက်အလက်များကို ရှင်းပြခြင်း<br>❖ ဗဟုသုတကို ဖော်ထုတ်ခြင်း<br>❖ ခရီးသွားဆောင်းပါးတစ်ပုဒ်ကို ဖန်တီးရေးသားခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |



DBE BOX

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၃ | ၅ | ❖ သဒ္ဒါပြန်လှန်လေ့ကျင့်ခန်း | ❖ နာမ်အစုဆိုင်ရာ ပြန်လှန်လေ့ကျင့်ခန်း<br>❖ ကြိယာအစုဆိုင်ရာ ပြန်လှန်လေ့ကျင့်ခန်း<br>❖ ဝါကျရိုးဆိုင်ရာ ပြန်လှန်လေ့ကျင့်ခန်း<br>❖ အရန်စာသင်ချိန်များ |
| ၄ | ၅ | ❖ နာမ်အထူးပြု<br>သော၊ သည့်၊ မည့်၊ တဲ့၊ မဲ့ ဟူသော နောက်ဆက်များ ပါသော နာမ်အထူးပြု<br>❖ စာစီစာကုံး | ❖ နာမ်အထူးပြုအကြောင်းမိတ်ဆက်သင်ကြားခြင်း<br>❖ နာမ်အထူးပြုများကိုလက်တွေ့အသုံးပြုခြင်း<br>❖ စာစီစာကုံးမိတ်ဆက်သင်ကြားခြင်း<br>❖ စာစီစာကုံးသင်ကြားခြင်း<br>❖ အရန်စာသင်ချိန် |
| ၅ | ၅ | ❖ ပန်းချီဦးဘညာဏ်<br>(အတ္ထုပ္ပတ္တိ၊ သုတရသ စကားပြေ) | ❖ အတ္ထုပ္ပတ္တိကိုဖတ်ခြင်း<br>❖ ရသခံစားမှုကို ဖော်ပြ၍ သုတကို ရှာဖွေခြင်း<br>❖ အတ္ထုပ္ပတ္တိသဘောဆွေးနွေးခြင်းနှင့် သုတကို သုံးသပ်ခြင်း<br>❖ အတ္ထုပ္ပတ္တိတစ်ပုဒ်ရေးသားခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၆ | ၅ | ❖ ကျွဲသားနှစ်ကောင်<br>(ထားဝယ်တေးကဗျာ) | ❖ ကဗျာရွတ်ဆိုပြီး ဆိုလိုရင်းကိုရှင်းပြခြင်း<br>❖ ကဗျာ၏ခံစားမှုအရသာကို ရှင်းပြပြီး သုတကို ဖော်ထုတ်ခြင်း<br>❖ သုတကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း<br>❖ ကဗျာ့သဘောနှင့် ကာရန်သဘောကိုရှင်းပြခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၇ | ၅ | ❖ နာမ်အထူးပြု<br>က၊ ၏၊ ရဲ့၊ နှင့်၊ နဲ့ စသည့် နောက်ဆက်စကားလုံးများပါသည့် နာမ်အထူးပြု | ❖ နာမ်အထူးပြုအကြောင်းမိတ်ဆက်သင်ကြားခြင်း<br>❖ နာမ်အထူးပြုများကိုလက်တွေ့အသုံးပြုခြင်း<br>❖ အရန်စာသင်ချိန်များ |



DBE BOX

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၈ | | | ပထမနှစ်ဝက်စာမေးပွဲ |
| ၉ | ၅ | ❖ သမိုင်းဝင်ယဉ်ကျေးမှု အမွေအနှစ်များ (ဆောင်းပါး၊ သုတစကားပြေ) | ❖ စကားပြေဖတ်ခြင်းနှင့်နားထောင်ခြင်း<br>❖ ဆောင်းပါးအချက်အလက်များကို ရှင်းပြခြင်း<br>❖ ဗဟုသုတများကို ဖော်ထုတ်ခြင်း<br>❖ သုတများကိုသုံးသပ်ခြင်းနှင့်မှတ်သားခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၁၀ | ၅ | ❖ ပြည်ထောင်စုရတနာများ (အချိုးတွဲကဗျာ) | ❖ ကဗျာရွတ်ဆိုပြီး ဆိုလိုရင်းကိုရှင်းပြခြင်း<br>❖ ကဗျာ၏ခံစားမှုအရသာကို ရှင်းပြပြီး သုတကို ဖော်ထုတ်ခြင်း<br>❖ သုတကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း<br>❖ ကဗျာသဘောနှင့် ကာရန်သဘောကိုရှင်းပြခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၁၁ | ၅ | ❖ နာမ်အထူးပြု<br>သော၊ သည့်၊ မည့်၊ တဲ့၊ မဲ့ ဟူသော နောက်ဆက် စကားလုံးများ မပါသော နာမ်အထူးပြု<br>❖ စာစီစာကုံး | ❖ နာမ်အထူးပြုအကြောင်းမိတ်ဆက်သင်ကြားခြင်း<br>❖ နာမ်အထူးပြုများကို လက်တွေ့အသုံးပြုခြင်း<br>❖ စာစီစာကုံးသင်ကြားခြင်း<br>❖ စာစီစာကုံးသင်ကြားခြင်း<br>❖ အရန်စာသင်ချိန် |
| ၁၂ | ၅ | ❖ ချစ်သမီးလေးမမိုးအေးသို့ (ပေးစာ၊ သုတရသ စကားပြေ) | ❖ စကားပြေကိုဖတ်၍ ခံစားမှုများကို ဆွေးနွေးခြင်း<br>❖ အသုံးအနှုန်းကောင်းများထုတ်နုတ်ခြင်း<br>❖ ပေးစာ၏သဘောသဘာဝကိုရှင်းပြခြင်း<br>❖ ပေးစာတစ်စောင်ရေးသားခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |

DBEBOX

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁၃ | ၅ | ❖ တို့တောရွာ<br>(လွမ်းချင်းကဗျာ) | ❖ ကဗျာရွတ်ဆိုပြီး ဆိုလိုရင်းကိုရှင်းပြခြင်း<br>❖ ကဗျာ၏ခံစားမှုအရသာကို ရှင်းပြပြီး သုတကို ဖော်ထုတ်ခြင်း<br>❖ သုတကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း<br>❖ ကဗျာ့သဘောနှင့် ကာရန်သဘောကိုရှင်းပြခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၁၄ | ၅ | စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့်ပြန်လှန်လေ့ကျင့်ခြင်း | |
| ၁၅ | | ပထမနှစ်ဝက်အခန်းဆုံးစစ်ဆေးခြင်း | |
| ၁၆ | ၅ | ❖ ကျိုက်ထီးရိုး<br>(ခရီးသွားဆောင်းပါး၊ သုတရသစကားပြေ) | ❖ စကားပြေဖတ်ခြင်းနှင့်နားထောင်ခြင်း<br>❖ ခရီးသွားဆောင်းပါး၏ သဘောသဘာဝနှင့် ဆောင်းပါးပါအချက်အလက်များကိုရှင်းပြခြင်း<br>❖ ဗဟုသုတများကို ဖော်ထုတ်ခြင်း<br>❖ သုတများကိုသုံးသပ်ခြင်းနှင့်မှတ်သားခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၁၇ | ၅ | ❖ သုတရတနာဆုံးမစာ<br>(သံပေါက်ကဗျာ) | ❖ ကဗျာကိုရွတ်ဆိုပြီး ဆိုလိုရင်းကိုရှင်းပြခြင်း<br>❖ ကဗျာ၏ခံစားမှုအရသာကို ရှင်းပြပြီး သုတကို ဖော်ထုတ်ခြင်း<br>❖ သုတရသကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း<br>❖ ကဗျာ့သဘောနှင့် ကာရန်သဘောကိုရှင်းပြခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၁၈ | ၅ | ❖ ဤ၊ သည်၊ ထို၊ ယင်း၊ ၎င်း၊ ဟို၊ ဒီ ဟူသော အညွှန်းနာမ်အထူးပြု<br>❖ မည်သည့်၊ မည်မျှ၊ မည်သို့သော၊ ဘာ၊ ဘယ်၊ ဘယ်လို၊ ဘယ်လောက်ဟူသော အမေးနာမ်အထူးပြု | ❖ အညွှန်းနာမ်အထူးပြုအကြောင်း မိတ်ဆက်သင်ကြားခြင်း<br>❖ နာမ်အထူးပြုများကိုလက်တွေ့အသုံးပြုခြင်း<br>❖ အမေးနာမ်အထူးပြုအကြောင်း မိတ်ဆက်သင်ကြားခြင်း<br>❖ နာမ်အထူးပြုများကို လက်တွေ့အသုံးပြုခြင်း<br>❖ အရန်စာသင်ချိန် |

DBEBOX

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁၉ | ၅ | ❖ သချ်ာနာမ်အထူးပြု<br>❖ စာစီစာကုံး | ❖ သချ်ာနာမ်အထူးပြုအကြောင်း မိတ်ဆက်သင်ကြားခြင်း<br>❖ သချ်ာနာမ်အထူးပြုများကို လက်တွေ့အသုံးပြုခြင်း<br>❖ စာစီစာကုံးသင်ကြားခြင်း<br>❖ စာစီစာကုံးသင်ကြားခြင်း<br>❖ အရန်စာသင်ချိန် |
| ၂၀ | ၅ | ❖ သတင်းကြီးသည့် မင်းသမီးမထွေးလေး (အတ္ထုပ္ပတ္တိ၊ သုတရသ စကားပြေ) | ❖ အတ္ထုပ္ပတ္တိကိုဖတ်ခြင်း<br>❖ ရသခံစားမှုကိုဖော်ပြ၍ သုတကိုရှာဖွေခြင်း<br>❖ ဇာတ်သဘင်အသုံးအနှုန်းများကို ထုတ်နုတ်ခြင်း<br>❖ အတ္ထုပ္ပတ္တိတစ်ပုဒ်ရေးသားခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၂၁ | ၅ | ❖ လူကောင်းလူမွန် (လင်္ကာကဗျာ) | ❖ ကဗျာကိုရွတ်ဆိုခြင်းနှင့် ဆိုလိုရင်းကိုရှင်းပြခြင်း<br>❖ ကဗျာ၏ခံစားမှုအရသာကို ရှင်းပြပြီး သုတကို ဖော်ထုတ်ခြင်း<br>❖ သုတ၊ ရသကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း<br>❖ ကဗျာ့သဘောနှင့် ကာရန်သဘောကိုရှင်းပြခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၂၂ | ၅ | ❖ ကြိယာအထူးပြု<br>❖ အချိန်ပြကြိယာအထူးပြု<br>❖ အမူအရာပြကြိယာအထူးပြု | ❖ ကြိယာအထူးပြုအကြောင်းမိတ်ဆက်သင်ကြားခြင်း<br>❖ ကြိယာအထူးပြုပုံစံများကို လေ့လာခြင်း<br>❖ ကြိယာအထူးပြုများကို လက်တွေ့အသုံးပြုခြင်း<br>❖ အမူအရာပြကြိယာအထူးပြုအကြောင်း မိတ်ဆက်သင်ကြားခြင်း<br>❖ ကြိယာအထူးပြုပုံစံများကို လေ့လာခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၂၃ | ၅ | ❖ အမူအရာပြကြိယာအထူးပြု<br>❖ စာစီစာကုံး | ❖ ကြိယာအထူးပြုများကို လက်တွေ့အသုံးပြုခြင်း<br>❖ စာစီစာကုံးသင်ကြားခြင်း<br>❖ စာစီစာကုံးသင်ကြားခြင်း<br>❖ အရန်စာသင်ချိန်များ |
| ၂၄ | ၅ | ❖ တိုင်းရင်းသားစကားပုံများ (စကားပုံ၊ အသုံးချ ဘာသာစကား) | ❖ စကားပုံဆောင်းပါးဖတ်ခြင်း<br>❖ စကားပုံများ၏ အဓိပ္ပာယ်ကိုရှင်းပြခြင်း<br>❖ စကားပုံအမျိုးအစားကိုရှင်းပြခြင်း<br>❖ တိုင်းရင်းသားတို့၏ခံစားမှုအတွေ့အကြုံများနှင့် စကားပုံများဆက်နွှယ်နေပုံ<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၂၅ | ၅ | ❖ ခြင်းပွဲ (လင်္ကာကဗျာ) | ❖ ကဗျာကိုရွတ်ဆိုပြီး ဆိုလိုရင်းကိုရှင်းပြခြင်း<br>❖ ကဗျာ၏ခံစားမှုအရသာကို ရှင်းပြပြီး သုတကို ဖော်ထုတ်ခြင်း<br>❖ သုတကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း<br>❖ ကဗျာ့သဘောနှင့် ကာရန်သဘောကိုရှင်းပြခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၂၆ | ၅ | စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့်ပြန်လှန်လေ့ကျင့်ခြင်း | |
| ၂၇ | ဒုတိယနှစ်ဝက်စာမေးပွဲ | | |
| ၂၈ | ၅ | ❖ လွယ်အိတ်စာကြည့်တိုက် (ဝတ္ထုတို) | ❖ ဝတ္ထုကို နားထောင်ခြင်းနှင့်ဖတ်ခြင်း<br>❖ ဝတ္ထုတိုကို ခံစားသုံးသပ်ခြင်း<br>❖ ဇာတ်လမ်းဇာတ်ဆောင်တို့ကို လေ့လာခြင်း<br>❖ ဝတ္ထုတို၏ အဓိကအင်္ဂါရပ်များနှင့် မိတ်ဆက်ပေးခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |



DREBOX

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၂၉ | ၅ | ❖ အခြေအနေပြ ကြိယာအထူးပြု<br>❖ ပမာဏပြကြိယာအထူးပြု | ❖ အခြေအနေပြကြိယာအထူးပြုအကြောင်း မိတ်ဆက်သင်ကြားခြင်း<br>❖ ကြိယာအထူးပြုပုံစံများကိုလေ့လာခြင်း<br>❖ ကြိယာအထူးပြုများကို လက်တွေ့အသုံးပြုခြင်း<br>❖ ပမာဏပြကြိယာအထူးပြုအကြောင်း မိတ်ဆက်သင်ကြားခြင်း<br>❖ ကြိယာအထူးပြုများကို လက်တွေ့အသုံးပြုခြင်း |
| ၃၀ | ၅ | ❖ အမေးကြိယာအထူးပြု<br>❖ ဝါကျရိုး ကတ္တားပုဒ် + အဖြည့်ကတ္တား + ကြိယာပုဒ် | ❖ အမေးကြိယာအထူးပြုအကြောင်း မိတ်ဆက်သင်ကြားခြင်း<br>❖ ကြိယာအထူးပြုများကို လက်တွေ့အသုံးပြုခြင်း<br>❖ မိတ်ဆက်သင်ကြားခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း<br>❖ အရန်စာသင်ချိန် |
| ၃၁ | ၅ | ❖ ထိပ်ဆုံးသို့ (လေးချိုးကဗျာ) | ❖ ကဗျာကိုရွတ်ဆိုခြင်းနှင့် ဆိုလိုရင်းကိုရှင်းပြခြင်း<br>❖ ကဗျာ၏အရသာကို ခံစားပြီး သုတကိုဖော်ထုတ်ခြင်း<br>❖ သုတကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း<br>❖ ကဗျာ့သဘောနှင့် ကာရန်သဘောကိုရှင်းပြခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၃၂ | ၅ | ❖ ကတ္တားပုဒ် + ကံပုဒ် + ကြိယာပုဒ်<br>❖ ကတ္တားပုဒ် + ကံပုဒ် + အဖြည့်ကံ + ကြိယာပုဒ် | ❖ မိတ်ဆက်သင်ကြားခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း<br>❖ မိတ်ဆက်သင်ကြားခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း<br>❖ အရန်စာသင်ချိန် |

DBE BOX

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၃၃ | ၅ | လူရိုးငဖြူ<br>(တစ်ခန်းရပ်ပြဇာတ်၊ ပြဇာတ်) | ❖ ပြဇာတ်ကိုဖတ်ခြင်း<br>❖ ပြဇာတ်အကြောင်းကို ရှင်းပြခြင်း<br>❖ ပြဇာတ်၏သဘောသဘာဝကို ရှင်းပြခြင်း<br>❖ ပြဇာတ်ကို ကပြခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၃၄ | ၅ | မိဖြူ<br>(ရသစာတမ်း၊ ရသစကားပြေ) | ❖ ရသစာတမ်းကို ဖတ်ခြင်းနှင့် နားထောင်ခြင်း<br>❖ ရသစာတမ်းကို ခံစားသုံးသပ်ခြင်း<br>❖ ရသစာတမ်း၏အကြောင်းအရာစီစဉ်ရေးသားပုံကို ရှင်းပြခြင်း<br>❖ ရသစာတမ်း၏သဘောကို ဆွေးနွေးခြင်းနှင့် သုံးသပ်ခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၃၅ | စာမေးပွဲအတွက်ကြိုတင်ပြင်ဆင်ခြင်းနှင့်ပြန်လှန်လေ့ကျင့်ခြင်း | | |
| ၃၆ | ဒုတိယနှစ်ဝက်အခန်းဆုံးစစ်ဆေးခြင်း | | |

စုစုပေါင်းစာသင်ချိန် ၁၈၀ တွင် သင်ကြားချိန်ပေါင်း ၁၄၇ ချိန်၊ အရန်စာသင်ချိန် ၁၃ ချိန်နှင့် စာမေးပွဲဖြေဆိုရန် အချိန် ၂၀ ဟု လျာထားပါသည်။

**သင်ခန်းစာအစီအစဉ်များ (Lesson Plans)**

သင်ခန်းစာအစီအစဉ်များတွင် သင်ယူမှုရလဒ်၊ သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ဖွံ့ဖြိုးစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ၊ သင်ကြားသင်ယူမှုဖြစ်စဉ် (သင်ခန်းစာမိတ်ဆက်ခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း- **I-T-P-R**)၊ သင်ယူမှုနှင့် စဉ်းစားတွေးခေါ်ခြင်းကို အားဖြည့်ရန် နောက်ဆက်တွဲလုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများ၊ အဓိကအချက်များနှင့် ဆရာအတွက်မှတ်စု ပါဝင်သည်။

သင်ခန်းစာခေါင်းစဉ်တိုင်းတွင် သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဟူသော အဆင့် ၄ ဆင့် ပါရှိမည်။ (သင်ခန်းစာကို လိုက်၍ အနည်းငယ် ကွဲပြားနိုင်သည်။)



DBE BOX

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၃၃ | ၅ | လူရိုးငဖြူ<br>(တစ်ခန်းရပ်ပြဇာတ်၊ ပြဇာတ်) | ❖ ပြဇာတ်ကိုဖတ်ခြင်း<br>❖ ပြဇာတ်အကြောင်းကို ရှင်းပြခြင်း<br>❖ ပြဇာတ်၏သဘောသဘာဝကို ရှင်းပြခြင်း<br>❖ ပြဇာတ်ကို ကပြခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၃၄ | ၅ | မိဖြူ<br>(ရသစာတမ်း၊ ရသစကားပြေ) | ❖ ရသစာတမ်းကို ဖတ်ခြင်းနှင့် နားထောင်ခြင်း<br>❖ ရသစာတမ်းကို ခံစားသုံးသပ်ခြင်း<br>❖ ရသစာတမ်း၏အကြောင်းအရာစီစဉ်ရေးသားပုံကို ရှင်းပြခြင်း<br>❖ ရသစာတမ်း၏သဘောကို ဆွေးနွေးခြင်းနှင့် သုံးသပ်ခြင်း<br>❖ လေ့ကျင့်ခန်းများဖြေဆိုခြင်း |
| ၃၅ | စာမေးပွဲအတွက်ကြိုတင်ပြင်ဆင်ခြင်းနှင့်ပြန်လှန်လေ့ကျင့်ခြင်း | | |
| ၃၆ | ဒုတိယနှစ်ဝက်အခန်းဆုံးစစ်ဆေးခြင်း | | |

စုစုပေါင်းစာသင်ချိန် ၁၈၀ တွင် သင်ကြားချိန်ပေါင်း ၁၄၇ ချိန်၊ အရန်စာသင်ချိန် ၁၃ ချိန်နှင့် စာမေးပွဲဖြေဆိုရန် အချိန် ၂၀ ဟု လျာထားပါသည်။

**သင်ခန်းစာအစီအစဉ်များ (Lesson Plans)**

သင်ခန်းစာအစီအစဉ်များတွင် သင်ယူမှုရလဒ်၊ သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ဖွံ့ဖြိုးစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ၊ သင်ကြားသင်ယူမှုဖြစ်စဉ် (သင်ခန်းစာမိတ်ဆက်ခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း- **I-T-P-R**)၊ သင်ယူမှုနှင့် စဉ်းစားတွေးခေါ်ခြင်းကို အားဖြည့်ရန် နောက်ဆက်တွဲလုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများ၊ အဓိကအချက်များနှင့် ဆရာအတွက်မှတ်စု ပါဝင်သည်။

သင်ခန်းစာခေါင်းစဉ်တိုင်းတွင် သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဟူသော အဆင့် ၄ ဆင့် ပါရှိမည်။ (သင်ခန်းစာကို လိုက်၍ အနည်းငယ် ကွဲပြားနိုင်သည်။)



DBE BOX

- **I** သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း (Introduction)
- **T** သင်ကြားခြင်း (Teach)/သင်ကြားမှုလုပ်ငန်း/နမူနာပြခြင်းတို့နှင့်ဆက်စပ်သည့် စကားလုံး
- **P** လေ့ကျင့်ခြင်း (Practice)
- **R** ပြန်လည်သုံးသပ်ခြင်း (Review) (နောက်ဆက်တွဲလုပ်ငန်းများပါဝင်နိုင်သည်။)

| | | |
|---|---|---|
| **I** | သင်ခန်းစာမိတ်ဆက်ခြင်း/ နိဒါန်းပျိုးခြင်း (Introduction) | ယခင်သင်ယူပြီး အသိပညာကို စစ်ဆေးခြင်း၊ ဥပမာ- အဝင်-အထွက် (ENTRY - EXIT)နည်းလမ်းကို သုံးခြင်း။<br>**အဝင်(မသင်ကြားမီ)**– ယခင်က သင်ယူခဲ့သော ကဗျာအကြောင်းနှင့်ပတ်သက်၍ မည်သည့် အကြောင်းအရာ ၃ ခုကို သင် ပြန်လည်မှတ်မိသနည်း။<br>**အထွက်(သင်ကြားပြီး)**– သင်သည် ကဗျာနှင့် ပတ်သက်၍ မည်သည့်အကြောင်းအရာ အသစ် ၃ ခုကို သင်ယူခဲ့သနည်း။ |
| **T** | သင်ကြားခြင်း (Teach) | ဤအပိုင်းတွင် အများစုသည် ဆရာဗဟိုပြုဖြစ်မည်။ |
| **P** | လေ့ကျင့်ခြင်း (Practice) | ဤအပိုင်းတွင် အများစုသည် ကျောင်းသားဗဟိုပြုဖြစ်မည်။ |
| **R** | ပြန်လည်သုံးသပ်ခြင်း (Review) | ဤအပိုင်းတွင် သင်ခန်းစာအကျဉ်းချုပ်နှင့် ပြန်လည်သုံးသပ်သည့် မေးခွန်းများပါဝင်မည်။ |

သင်ကြားခြင်း-လေ့ကျင့်ခြင်း (T-P) အဆင့်များသည် သင်ခန်းစာတစ်ခုတွင် ထပ်ကာထပ်ကာဖြစ်နိုင်သည်။ ဥပမာ-




DBE BOX

အပိုင်း–၁

ကဗျာ၊ စကားပြေ၊ အသုံးချဘာသာစကား

## ၁။ ဗောဓိရွှေကျောင်း (ပြောသံကဗျာ)

**စုစုပေါင်းစာသင်ချိန် ၅ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

### သင်ယူမှုရလဒ်များ

❖ အလှူပွဲများတွင် ပြောတီးခြင်း၊ ပြောသံနှင့်အတူ အလှူပွဲကိုရည်ညွှန်းသော သီချင်းကဗျာများ ရွတ်ဆိုခြင်းစသည့်အလေ့ရှိကြောင်း သိရှိလာမည်။

❖ မိမိတို့ဒေသများတွင်လည်း ရိုးရာဓလေ့အရ တူရိယာတီးမှုတ်ပြီး ရွတ်ဆိုနိုင်မည်။

❖ ကဗျာပါ ကာရန်အချိတ်အဆက်ကို သိရှိနားလည်ပြီး ရွတ်ဆိုတတ်မည်။

❖ ကဗျာ၏ အဓိပ္ပာယ်ကိုသိရှိပြီး စကားပြေဖြင့် ပြန်ရေးတတ်မည်။

### သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း

❖ မြန်မာတို့၏ ရှင်ပြုအလှူပွဲများကို ဖော်ကျူးထားသည့် ကဗျာများ

❖ (အလွယ်တကူရနိုင်ပါက) ဗောဓိရွှေကျောင်းကဗျာကို ရွတ်ဆိုထားသော အသံဖိုင် သို့မဟုတ် စီဒီချပ်

❖ ဆရာကိုယ်တိုင် အသံနေအသံထား မှန်ကန်စွာရွတ်ဆိုပြနိုင်အောင် လေ့ကျင့်ထားပါ။

### ရရှိစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု

❖ ကဗျာကို အုပ်စုဖွဲ့ရွတ်ဆိုစေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှုစွမ်းရည်

❖ ကဗျာကိုအုပ်စုဖွဲ့ စကားပြေပြန်ဆိုခြင်း၊ ကဗျာပါအလှူပွဲအလေ့အထများကို ဆွေးနွေးတင်ပြစေခြင်းဖြင့် ပြောဆိုဆက်သွယ်မှု စွမ်းရည်

❖ အခြားအုပ်စုများ၏ ပြောဆိုချက်များကို အကဲဖြတ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်

❖ ကာရန်တူစကားလုံးသစ်များကို ရေးသားခြင်းဖြင့် ဖန်တီးမှုစွမ်းရည်တို့ကို ရရှိလာမည်။



DBEBOX

## စာသင်ချိန် ၁

### ၁၊ ၁။ ကဗျာရွတ်ဆိုပြီး ဆိုလိုရင်းကိုရှင်းပြခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ကဗျာကိုအသံနေအသံထား၊ အဖြတ်အရပ်မှန်ကန်စွာရွတ်ဆိုတတ်ရန်

❖ ကဗျာကပေးသော ခံစားမှုအရသာကို ပြောပြတတ်ရန်

❖ ကဗျာကိုအသံထွက်ရွတ်ဆိုမှ ကဗျာအရသာဆိုလိုရင်းကို ပြည့်စုံစွာသိမြင်ရကြောင်း ဆွေးနွေးတင်ပြတတ်ရန်

❖ ကဗျာကိုစကားပြေဖြင့် ပြန်ဆိုရေးသားတတ်ရန်

❖ ကဗျာ၏ဆိုလိုရင်းကို ရှင်းပြတတ်ရန်

❖ ဟောပြောပွဲ၊ ဆွေးနွေးပွဲများတွင် ကဗျာရွတ်၍ပြောတတ်ရန်
(ပြောသံနှင့် တွဲဖက်ရွတ်ဆိုရသည့် ကဗျာကိုရွတ်တတ်ရန်)

**သင်ခန်းစာမိတ်ဆက်** ၁၀ မိနစ်

❖ ကဗျာသည် စကားပြေကဲ့သို့ မဟုတ်၊ ကာရန်စကားလုံးများ၊ အသံများနှင့် နားထောင်ကောင်းအောင် ရွတ်ဆိုကောင်းအောင် ဖွဲ့နွဲ့ထားသည့် စာပေပုံသဏ္ဌာန်တစ်မျိုးဖြစ်သဖြင့် ကဗျာကို အသံနေအသံထား မှန်မှန်ရွတ်ဆိုလျှင် နှစ်သက်ဖွယ်ကောင်းကြောင်း ပြောပြမိတ်ဆက်ပါ။

❖ ဆဋ္ဌမတန်းတွင်သင်ကြားခဲ့ဖူးသော ပိတောက်မယ်ကဗျာ သို့မဟုတ် ကဗျာတစ်ပုဒ်ကိုရွတ်ဆိုပြပြီး ခံစားချက်ကို ထုတ်နုတ်ပြပါ။

❖ ရွတ်ဆိုမှုမှ သိရှိနားလည်သမျှကိုပြောပြရန်နှင့် ဆိုလိုရင်းကိုနားလည်ပြီး စကားပြေပုံစံဖြင့်လည်း ရေးရမည်ဖြစ်ကြောင်းပြောပြပါ။

**သင်ကြားခြင်း** ၁၀ မိနစ်

❖ ဆရာက ဗောဓိရွှေကျောင်းကဗျာကို ကျောင်းသားများအား ရွတ်ဆိုခိုင်းပါ။ ပြီးလျှင် ဆရာက မည်သည့်နေရာတွင် မည်သို့ရွတ်ဆိုရကြောင်း၊ အဖြတ်အရပ်၊ အသံနေအသံထားမှန်မှန်ဖြင့် ရွတ်ဆိုပြပါ။ လိုအပ်ချက်များကို ထပ်မံပြင်ဆင်ပေးပါ။

❖ ထိုသို့ရွတ်ဆိုပြစဉ် ဂရုတစိုက်နားထောင်ရန် ညွှန်ကြားပေးပါ။ အတန်းသားအားလုံးကို ထပ်မံရွတ်ဆိုခိုင်းပါ။ ထို့နောက် အားနည်းချက်ရှိသော ကျောင်းသားများအား ရွတ်ဆိုခိုင်းပြီး လိုအပ်ပါက ကူညီလမ်းညွှန်ပါ။



DBE BOX

- ❖ ကဗျာ၏ဆိုလိုရင်းကို နားလည်သမျှစဉ်းစား၍ ပြောပါစေ။ ကျောင်းသားများ၏အဖြေကို သင်ပုန်းပေါ်တွင်ချရေးပါ။
- ❖ ဆရာက ကဗျာကို ဌာန်ကရိုဏ်းကျစွာ ထပ်မံရွတ်ဆိုပြပါ။ (ရွတ်ဆိုမှုကို နားထောင်ရင်း ကလေးများအာရုံတွင် မြင်ကွင်းများကို ပုံဖော်မြင်ယောင်နိုင်ရန် ဖြစ်ပါသည်။)
- ❖ ထို့နောက် ကဗျာတစ်ပုဒ်လုံး၏ဆိုလိုရင်းကို နားလည်ပြီး စကားပြေပြန်ဆိုမှုကိုလွယ်ကူစေရန် ခက်ဆစ်စကားလုံးများကိုလေ့လာခြင်း၊ သင်ထောက်ကူရုပ်ပုံကားချပ်များကိုလေ့လာခြင်းတို့ဖြင့် ရှင်းပြပါ။
- ❖ ကဗျာ၏ဆိုလိုရင်းကို ကျောင်းသားများအားမေးမြန်း၍ ဆရာက ကူညီလမ်းညွှန်ပါ။

**ကဗျာ၏ဆိုလိုရင်းမှာ–**

- ❖ ရပ်ရွာ၏ ကုသိုလ်ပြုမည့် ခမ်းနားသည့်မဏ္ဍပ်ကြီးသည် မြို့လယ်တွင်ရှိပုံ၊ ကိုလူပျိုရှင်သာမဏေနေမည့်ကျောင်းကြီးသည် ရှေးဟောင်းကျောင်းအိုကြီးဖြစ်ပုံ
- ❖ ကျောင်းဝင်းအတွင်း၌ ဘုရားကိုပူဇော်သည့် တံခွန်တစ်မျိုးဖြစ်သည့် ရွှေကုက္ကားကို ချိတ်ဆွဲထားသည့် တံခွန်တိုင်ရှိသော ဘုရားစေတီရှိပုံ
- ❖ ရှင်သာမဏေဝတ်မည့် (ကိုရင်)တည်းမည့်ကျောင်း၏ အဝင်လမ်းသည် အထူးသာယာလှပပုံ
- ❖ ရှင်လောင်းအဆင်အယင်ဝတ်ဆင်ထားသည့် ရှင်သာမဏေလောင်းသည် ညနေတွင် ရှင်သာမဏေအဖြစ်ခံယူသဖြင့် မိခင်ဖြစ်သူလွမ်းကျန်ရစ်ပုံ
- ❖ ရှင်သာမဏေဝတ်စဉ် သင်ယူရမည့် ရွှေပေစာထုပ်ကိုပိုက်၍ မိခင်ကလိုက်ပါရစေဟု ပြောပုံ
- ❖ ရှင်သာမဏေတည်းမည့်ကျောင်းတော်ကို လမ်းပြခိုင်းပုံ
- ❖ မည်သည့်စာကိုသင်မလဲဟု သံချိုနှော၍ ပြောခိုင်းပုံ
- ❖ မြန်မာတို့၏ ယဉ်ကျေးမှုဓလေ့ အလှူပြုပွဲ (ရှင်ပြုပွဲ) အကြောင်း၊ ပြောနှင့်ပြောသံရွတ်ဆိုမှုအကြောင်း ဆရာက ထပ်မံရှင်းပြရန် ( မိမိတို့ဒေသအလှူပွဲ ပျော်ပွဲများတွင် အသုံးပြုသည့် တူရိယာနှင့် ရွတ်ဆိုမှုရှိပါကပြောပြရန်)
- ❖ ကြည်နူးစရာ၊ ပျော်ရွှင်စရာ၊ သဒ္ဓါတရားထက်သန်လာစရာများနှင့် ယဉ်ကျေးမှု၊ ဂုဏ်ယူတန်ဖိုးထားမှုများကို ခံစားတတ်အောင်ရှင်းပြပါ။



DBE BOX

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

- စာသင်ခန်းအနေအထား၊ ကျောင်းသားဦးရေအနေအထားအရ ကျား၊ မ မျှတမှုရှိသော အုပ်စု ၄ စု ဖွဲ့ပါ။
- ကဗျာကို အသံနေအသံထား၊ အဖြတ်အရပ်မှန်ကန်စွာ ရွတ်ဆိုတတ်ရန် လေ့ကျင့်ပေးပါ။
- ဖွဲ့ထားသည့်အုပ်စုလိုက် တစ်ဖွဲ့ချင်း ကဗျာကိုရွတ်ဆိုခိုင်းပါ။ အုပ်စုတစ်စုရွတ်ဆိုနေချိန်တွင် အခြားအုပ်စုများကို အာရုံစိုက်နားထောင်ပါစေ။
- ကျောင်းသားများရွတ်ဆိုနေစဉ် ဆရာကအကဲဖြတ်ပေးပါ။ ကာရန်အချိတ်အဆက်မိမိ၊ အဖြတ်အရပ် မှန်မှန်မရွတ်ဆိုနိုင်သေးသည့် ကျောင်းသားများကို အဓိကထားပြီး ပြန်လည်လေ့ကျင့်ပေးပါ။
- ကျောင်းသားများကို ကဗျာရွတ်ဆိုရသဖြင့် မည်သို့ခံစားရကြောင်း မေးမြန်းကြည့်၍ ပြောပြခိုင်းပါ။ အုပ်စုလိုက်ဆွေးနွေးပြီး တစ်ဦးကတင်ပြပါစေ။

  (ကျောင်းသားများ၏ ခံစားမှုပေါ်လွင်အောင်ပြောပြတတ်ရန် လမ်းခင်းပေးပါ။)
- ကဗျာစာသားများကို အမှတ်စဉ်တပ်ပြီး မဲလိပ်လုပ်ပါ။ အဖွဲ့များကို မဲနှိုက်ခိုင်းပြီး တာဝန်ကျရာ ကဗျာစာသား၏ ဆိုလိုရင်းကိုပြန်ရေးခိုင်းပါ။ ခက်ဆစ်စကားလုံးများကြည့်နိုင်ကြောင်းညွှန်ကြားပါ။
- မိမိတို့ပြန်ရေးထားသည်ကို ကိုယ်စားလှယ်တစ်ဦးက အတန်းသို့တင်ပြပါ။ ကျန်အုပ်စုများက အကဲဖြတ်ပါစေ။
- ကျောင်းသားများ၏ ရေးသားချက်များကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ထားပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

- ကဗျာစာပိုဒ်များ အလဲအလှယ်ပြု၍ ဆိုလိုရင်းနှင့်စကားပြေကို အုပ်စုလိုက်ဆွေးနွေးပြီး အတန်းသို့ တင်ပြပါစေ။
- ကျောင်းသားများကို ကဗျာရွတ်ဆိုခိုင်းပါ။ ခက်ဆစ်များကျက်ခဲ့ရန်မှာကြားပါ။

**အဓိကအချက်များ**

- ကဗျာရွတ်ဆိုလျှင် အသံနေအသံထား၊ အဖြတ်အရပ်မှန်ကန်စေရန်နှင့် ကဗျာအရသာ ပေါ်လွင်စေရန် ရွတ်ဆိုရမည်။
- ကဗျာ၏ဆိုလိုရင်းကို ကိုယ်တိုင်အားထုတ်ရေးနိုင်ရမည်။ စကားပြေပြန်ဆိုရန်အတွက် ခက်ဆစ်စကားလုံးများကို ဂရုတစိုက်လေ့လာမှတ်သားရမည်။
- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃) မှ အဓိကအချက်များကို သိရှိရမည်။

## စာသင်ချိန် ၂

### ၁၊ ၂။ ကဗျာ၏ခံစားမှုအရသာကိုရှင်းပြပြီး သုတဖော်ထုတ်ခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ကဗျာ၏အဓိပ္ပာယ်ကိုနားလည်၍ ခံစားမှုကိုပြောပြတတ်ရန်

❖ ကဗျာကရရှိသော သုတကိုဖော်ထုတ်တတ်ရန်

❖ ကဗျာ၏အရသာကိုခံစားတတ်ပြီး ဆိုလိုရင်းနှင့်အသိအမြင်များကို ဆွေးနွေးတင်ပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

❖ ကဗျာကို တစ်တန်းလုံး ညီညာစွာပြန်ဖတ်ပါစေ။ ထို့နောက် ကျောင်းသားအားလုံးကို အသံတိတ်ဖတ်ပါစေ။

❖ ကျောင်းသားတစ်ဦးချင်းစီကို အသံကျယ်ကျယ်ရွတ်ဆိုပါစေ။ အသံကျယ်ကျယ်ဖတ်ခြင်းနှင့် အသံတိတ်ဖတ်ခြင်းသည် မည်သည့်ကွာခြားမှု တွေ့ရသနည်းဟုမေးပါ။ (ခံစားမှုပေါ်လွင်ခြင်း မတူညီသည်ကို သတိပြုဆင်ခြင်မိရန်)

❖ ကျောင်းသားများဖြေဆိုနိုင်အောင် ကူညီလမ်းညွှန်ပေးပြီး ဆရာက လိုအပ်သည်ကို ထပ်မံဖြည့်စွက်ပါ။

**သင်ကြားခြင်း** ၁၅ မိနစ်

❖ ကျောင်းသားများအား ကဗျာတစ်ပိုဒ်ချင်းစီက မြင်ကွင်းများကို အချင်းချင်းဆွေးနွေးပြီး သရုပ်ဖော်သည့်ပုံစံဖြင့် ပြောပါစေ။

❖ ကဗျာတစ်ပိုဒ်ချင်းစီတွင် တွေ့မြင်ရသောမြင်ကွင်းများအရ မိမိစိတ်တွင် မည်သည့်ခံစားမှုဖြစ်ပေါ်ကြောင်းပြောပါစေ။

❖ ခံစားမှုမှတစ်ဆင့် သုတများနှင့်အသိအမြင်များလည်း ပါဝင်နေသည်ကို စဉ်းစား၍ပြောပြပြီး ကျောင်းသားများအား ကျပန်းဖြေဆိုခိုင်းမည်။ လိုအပ်သည်များကို ဆရာက ကူညီလမ်းညွှန်ပါ။

**လေ့ကျင့်ခြင်း** ၁၅ မိနစ်

❖ ကျောင်းသားများကို ကျား၊ မ မျှတမှုရှိသော အုပ်စု ၄ စု ဖွဲ့ပါ။

❖ ကဗျာစာပိုဒ်များကို အမှတ်စဉ်တပ်ပြီး မဲလိပ်လုပ်၍ မဲနှိုက်ပါစေ။ ရရှိထားသော ကဗျာစာပိုဒ်မှ မြင်ကွင်းသရုပ်နှင့် ခံစားမှုအရ ရရှိသောသုတများကို အဖွဲ့များအားစာရွက်ဖြင့်ချရေးစေပြီး တင်ပြခိုင်းပါ။ ဖြေဆိုချက်များကို သင်ပုန်းတွင်ချရေးပါ။ သင်ပုန်းတွင် မှတ်တမ်းတင်ပါ။



DBE BOX

❖ ခံစားမှုနှင့်သုတရရှိစေရန် စာဆိုက မည်သည့်ရည်ရွယ်ချက်၊ ဦးတည်ချက်များဖြင့် ရေးဖွဲ့ထားသည်ကို နားလည်သမျှ ဆွေးနွေးဖြေဆိုခိုင်းပါ။ (မြန်မာ့ရိုးရာအလှူပွဲ၊ မိမိတို့ဒေသဓလေ့အလှူပွဲ၊ ပျော်ပွဲမြင်ကွင်းများကိုသိရန်၊ ချစ်မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းတတ်စေရန်၊ ပြော၊ ပြောသံတို့ကို သိရှိစေရန်၊ သဘာဝပတ်ဝန်းကျင်ကို သတိပြုတတ်ရန်)

❖ စာဆို၏ဦးတည်ချက်များကို ဖော်ထုတ်ပြီး ထိုဦးတည်ချက်များပေါက်မြောက်ရန် မည်သည့်အချက်များက ပေါ်လွင်နေကြောင်း မေးမြန်းပါ။

❖ ကဗျာနှင့်ဆက်စပ်သော ဗဟုသုတများနှင့် အသိအမြင်များကို ကျောင်းသားများဖော်ထုတ်တတ်ရန် ဆရာက လမ်းညွှန်ပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

❖ ဆရာက ကဗျာစာပိုဒ်အချို့ကို ကျောင်းသားတစ်ဦးချင်းစီအား ကျပန်းရွေးချယ်ပြီး ရသ၊ သုတများ ဖော်ထုတ်ခိုင်းပါ။

❖ တစ်ဦးချင်းစီ၏ပြောဆိုမှုကို အခြားကျောင်းသားများက မှတ်ချက်ပေးပါစေ။

❖ ထို့နောက် ကဗျာတစ်ပုဒ်လုံးကို ခြုံငုံ၍ ရည်ရွယ်ချက်နှင့် ရေးဖွဲ့ထားပုံကို ဆရာကထပ်မံရှင်းပြပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄) ရှိ မေးခွန်း နံပါတ် (၅) ကို ဖြေဆိုပါစေ။

**အဓိကအချက်များ**

❖ ကဗျာ၏အရသာကို ခံစားနားလည်ပြီး ဆိုလိုရင်းကို ရှင်းပြရမည်။

❖ ခံစားမှုရသမှတစ်ဆင့် မိမိ၏ခံစားချက်နှင့် အသိအမြင်၊ သုတတို့ကို သတိပြုမိစေပြီး ဆွေးနွေးဖော်ထုတ်ရမည်။

❖ ရှင်လောင်းလှည့်ပွဲ အတွေ့အကြုံနှင့် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံတို့ကို သိမြင်လာမည်။

## စာသင်ချိန် ၃

### ၁၊ ၃။ သုတရသကို သုံးသပ်ခြင်းနှင့် မှတ်သားခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ကဗျာကရရှိသော ဦးတည်ချက်၊ ရည်ရွယ်ချက်များကို ပြောပြတတ်ရန်

❖ သုတများကိုဖော်ထုတ်တတ်ပြီး သုံးသပ်တတ်ရန်

❖ ကဗျာကရရှိသော အလှူပွဲအတွေ့အကြုံနှင့်မိမိပတ်ဝန်းကျင်အတွေ့အကြုံများကို နှိုင်းယှဉ်ဝေဖန်တတ်ရန်

❖ ကဗျာ၏ဦးတည်ချက်ကို ဆွေးနွေးသုံးသပ်ပြီး အကဲဖြတ်မှတ်သားတတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

❖ စာသင်ချိန် (၂) တွင် ကဗျာ၏ခံစားမှုအရသာကို ဆွေးနွေးရှင်းလင်းကာ သုတများဖော်ထုတ်ခဲ့ပြီး ဖြစ်သည်။ ယခုစာသင်ချိန်တွင် ကဗျာ၏ဦးတည်ချက်၊ စာဆို၏စေတနာ ရည်ရွယ်ချက်၊ မိမိ၏ အတွေ့အကြုံတို့နှင့်ပတ်သက်ပြီး နှိုင်းယှဉ်ဝေဖန် အကဲဖြတ်ကြရမည်ဟု ရှင်းပြပါ။

❖ ကဗျာကရရှိသော သုတရသကို ကျောင်းသားများအား သိသမျှပြန်ပြောပြပါစေ။

**သင်ကြားခြင်း** ၁၅ မိနစ်

❖ ကဗျာတွင်ပါဝင်သော မောင်ရင်လောင်း၊ အလှူပွဲ၏ပတ်ဝန်းကျင်အခြေအနေကို မိမိတို့သည်လည်း ကြုံတွေ့ဖူးပါသလားဟုမေးပြီး ဖြည့်စွက်ရှင်းပြပါ။

❖ ကိုယ်တိုင်တွေ့ကြုံရသော အတွေ့အကြုံနှင့် ကဗျာ၏သရုပ်ကို နှိုင်းယှဉ်ဝေဖန်ခိုင်းပြီး ဖြည့်စွက် ရှင်းပြပါ။

❖ မိမိတို့မြို့ရွာဒေသ ပတ်ဝန်းကျင်တွင် ရှင်ပြုပွဲ၊ ရိုးရာဓလေ့ပွဲ၊ အလှူပွဲများ မည်ကဲ့သို့ကျင်းပ သနည်းဟုမေးပြီး ဖြည့်စွက်ရှင်းပြပါ။

❖ ရှင်ပြုပွဲနှင့်ဆိုင်သော သီချင်းသီဆိုမှုများကို ကြားဖူးပါသလားဟုမေးပြီး ဖြည့်စွက်ရှင်းပြပါမည်။

**လေ့ကျင့်ခြင်း** မိနစ် ၂၀

❖ အဆိုပါမေးခွန်းများကို အတန်းသားဦးရေအရ အုပ်စုလိုက် သို့မဟုတ် တစ်ဦးချင်းစီအလိုက် သင့်လျော်သလိုမေးပြီး စာရွက်ပေါ်တွင် ရေးပြပါစေ။

❖ အုပ်စုလိုက်ဖြေဆိုထားသော စာရွက်များကို နံရံတွင်ကပ်ပါစေ။

❖ ဖြေဆိုထားသော အဖြေစာရွက်များကို အတန်းသားများအား လှည့်လည်ကြည့်ရှုစေပြီး တစ်ဖွဲ့၏ တင်ပြချက်များကို ကျန်အဖွဲ့များက အကဲဖြတ်ပါ။ လိုအပ်ချက်များကို ထပ်မံဖြည့်စွက်ပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ရှေ့တွင်ဖြေဆိုခဲ့သောမေးခွန်းများအရ ကဗျာစာဆို၏ပြောသံရည်ရွယ်ချက်နှင့် စေတနာကိုမည်သို့ ထင်မြင်မိသနည်း။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄) ရှိ မေးခွန်းနံပါတ် (၆) ကို မိမိတို့၏ကိုယ်ပိုင်စိတ်ကူးဖြင့် တင်ပြပါ။

(အတန်းအတွင်းတွင် စာရွက်ဖြင့်ရေးပြီး ဆရာက အကဲဖြတ်ခြင်း သို့မဟုတ် သင့်လျော်သလို ဆောင်ရွက်ခြင်း)

**အဓိကအချက်များ**

❖ ကဗျာ၏အဓိကအချက်ကို ဖော်ထုတ်ရမည်။ စာဆို၏စေတနာရည်ရွယ်ချက်ကို လေးစား အတုယူရမည်။

❖ စာပေသုတနှင့် ယဉ်ကျေးမှုဓလေ့တို့၏ တန်ဖိုးကို နားလည်မှတ်သားရမည်။

❖ အလှူပွဲများတွင် ပြောတီးသည့် မြန်မာ့ယဉ်ကျေးမှုဓလေ့တို့ကိုသိရှိမည်။

## စာသင်ချိန် ၄

### ၁၊ ၄။ ကဗျာ့သဘောနှင့် ကာရန်သဘောကိုရှင်းပြခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ကဗျာအမျိုးအစားကိုသိရှိပြီး သဘောသဘာဝကိုနားလည်မှတ်သားရှင်းပြတတ်ရန်

❖ ကဗျာတွင်အသုံးပြုထားသည့်ကာရန်များကို ရှာဖွေတတ်ရန်

❖ အသံတူကာရန်များ၏ ကာရန်ယူပုံကို လေ့လာမှတ်သားပြီး ရှင်းပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၁၅ မိနစ်**

❖ ပြောသံကဗျာသည် အချိုးကဗျာတိုလေးများကို တွဲဖက်ထားသည့် အချိုးတွဲကဗျာဖြစ်သည်။

❖ ကဗျာတွင်ကာရန်ဖွဲ့သည့်ပုံစံမှာ-

၄-၃-၂၊ ၄-၃-၁၊ ၄-၂၊ ၄-၁၊ ၃-၂ ကာရန်စနစ်များကို အသုံးပြု၍ရေးဖွဲ့လေ့ရှိကြောင်း၊ ဆဋ္ဌမတန်း တွင်လည်း ရှင်းပြပြီးဖြစ်ကြောင်း၊ ကာရန်များချိတ်ဆက်၍ ကဗျာတစ်ပုဒ်ဖြစ်အောင် ရေးဖွဲ့ ရကြောင်း၊ ကဗျာပြန်ရွတ်၍ အချိုးများကိုထောက်ပြပါ။

- ❖ ဗျည်းများ၏အဆုံးသတ်သရသံကို ကာရန်ဟုခေါ်ကြောင်း ထပ်မံရှင်းပြပါ။ အသံတူသည့် စကားလုံးများသည် ကာရန်ဖြစ်သောကြောင့် အသံတူစကားလုံးများကို ရှာဖွေပါစေ။
- ❖ သရသံတူရာစကားလုံးများ ရွေးချယ်ခိုင်းပါ။ ကဗျာဒုတိယပိုဒ်တွင်းရှိ အသံတူကာရန်များသည် မည်သည့်သရသံဖြစ်ကြောင်း မေးမြန်း၍ရှင်းပြပါ။
- ❖ ပြို၊ ပျို၊ ခို တို့သည် အို ကာရန်များဖြစ်ပြီး ၄-၃-၂ အချိုးကဗျာ၏ ပိုဒ်ဆုံးကာရန်များအဖြစ် ရင်၊ မြင်၊ ထောင်း၊ ကျောင်း တို့ကို ကာရန်တူရေးဖွဲ့ထားကြောင်း ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

- ❖ ကျောင်းသားဦးရေအနေအထားအရ ကျား၊ မ မျှတမှုရှိပြီး သင့်လျော်သည့်အုပ်စုဖွဲ့ပါ။
- ❖ ဆရာက ကဗျာပိုဒ်ရေကိုခွဲပေးပြီး ကာရန်ယူပုံများကို ရှာခိုင်းပါ။ တစ်ဖွဲ့ချင်းစီ၏အဖြေကို ဆရာ့ထံ ပေးပို့ပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

- ❖ ကျောင်းသားများ၏အဖြေတွင် လိုအပ်သည်ကို ဆရာကရှင်းပြပါ။
- ❖ ကဗျာတစ်ပိုဒ်ချင်းစီတွင် ပါဝင်သောကာရန်ယူပုံများ မတူညီပုံ၊ တစ်ပိုဒ်ချင်းစီတွင် မတူညီသည့် ကာရန်များ မည်မျှပါကြောင်း ရှင်းပြပါ။
- ❖ ကျောင်းသုံးစာအုပ်ပါ မေးခွန်းနံပါတ် (၁) နှင့် မေးခွန်းနံပါတ် (၄) ကိုဖြေဆိုပါစေ။

**အဓိကအချက်များ**

- ❖ ကဗျာကိုသင်ယူရာတွင် ကဗျာအမျိုးအစားနှင့် ကဗျာသဘောကိုသိရမည်။
- ❖ ကဗျာကို ကာရန်ချိတ်ဆက် ဖွဲ့ဆိုရသဖြင့် ကဗျာကို လေ့လာလျှင် ကာရန်များကို ဂရုပြုရမည်။
- ❖ ပြောသံကဗျာသည် အချိုးကဗျာတိုလေးများကို တွဲဖက်ထားသည့် အချိုးတွဲ ကဗျာဖြစ်သည်။
- ❖ ကဗျာတစ်ပုဒ်၏ ကာရန်ယူပုံစနစ်ကို သိရှိမည်။

DBE BOX

## စာသင်ချိန် ၅

### ၁၊ ၅။ လေ့ကျင့်ခန်းများဖြေဆိုခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

- အဘိဓာန်ကြည့်တတ်စေရန်၊ အဘိဓာန်နှင့် ရင်းနှီးကျွမ်းဝင်စေရန်
- အဘိဓာန်ကိုအသုံးပြု၍ ဝေါဟာရကြွယ်ဝပြီး စကားလုံးများ၏အနက်နှင့် ဆိုလိုရင်းကိုရှင်းပြတတ်ရန်
- စကားလုံးများ၏အဓိပ္ပာယ်ပေါ်လွင်စေသည့် ဝါကျတစ်ကြောင်း ဖန်တီးရေးသားတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

- ယခုစာသင်ချိန်တွင် ကျောင်းသုံးစာအုပ်ပါလေ့ကျင့်ခန်းများကို ဖြေဆိုကြရမည်ဖြစ်ကြောင်း၊ လေ့ကျင့်ဖြေဆိုပုံကိုသင်ကြားပေးမည်ဖြစ်ကြောင်းရှင်းပြပါ။
- လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၂) အတွက်ပေးထားသော စကားလုံးများ၏အနက်အဓိပ္ပာယ်ကို အဘိဓာန်စာအုပ်အသုံးပြု၍ အဖွဲ့လိုက်ပူးပေါင်းရှာဖွေကြရန်ပြောပြပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

- စကားလုံးတစ်လုံး၏ အနက်အဓိပ္ပာယ်အား အဘိဓာန်တွင် မည်သို့ကြည့်ရမည်ကို ဆရာက လက်တွေ့ရှင်းပြသင်ကြားပါ။
- က ဗျည်းနှင့် စရေးထားသည့်စကားလုံးဆိုလျှင် က အက္ခရာများကိုအနက်ဖွင့်ထားသည့် စာမျက်နှာများတွင် ရှာရမည်၊ ခ ဗျည်းနှင့် စရေးထားသည့်စကားလုံးဆိုလျှင် ခ အက္ခရာများကို အနက်ဖွင့်ထားသည့်စာမျက်နှာများတွင် ရှာရမည်ဖြစ်ကြောင်းရှင်းပြပါ။
- ထိုသို့ရှာရာတွင် ဘယ်ဘက်အခြမ်း၌ မိမိရှာလိုသောစကားလုံးကို ကြည့်ရမည်ဖြစ်၍ ညာဘက် အခြမ်းမှာ ထိုစကားလုံး၏ အနက်အဓိပ္ပာယ်ကို ကြည့်ရမည့်အခြမ်းဖြစ်ကြောင်း ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄) ရှိ မေးခွန်းနံပါတ် (၂) ကို လက်တွေ့လေ့ကျင့်ရန်အတွက် အုပ်စု ၂ စုဖွဲ့ပါ။
- ပထမအုပ်စုအား အရှေ့၊ အနောက်၊ အရပ်ဟူသည့် စကားလုံး ၃ လုံး၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာပါစေ။



DBE BOX

❖ ဒုတိယအုပ်စုအား စာ၊ မျှော်၊ ထမ်း ဟူသည့် စကားလုံး ၃ လုံး၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင် ရှာပါစေ။

❖ ရရှိလာသည့်အဖြေများ မှန်၊ မမှန် အုပ်စုချင်းဖလှယ်၍ စစ်ဆေးပါစေ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄) ရှိ မေးခွန်းနံပါတ် (၃) ကို ဖြေဆိုရာတွင် ပေးထားသည့် စကားလုံးများမှာ ကဗျာတွင်ပါသည့်စကားလုံးများ ဖြစ်ကြောင်း၊ ကဗျာ၌မည်သို့သုံးစွဲထားသည်ကို ခက်ဆစ်များနှင့် ဆက်စပ်စဉ်းစားပြီး ဝါကျတစ်ကြောင်း ဖန်တီးနိုင်ကြောင်းပြောပြပါ။

**လေ့ကျင့်ခြင်း**

❖ ဆရာကနမူနာပြခဲ့သည့်အတိုင်း ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄) ရှိ မေးခွန်းနံပါတ် (၂)၊ (၃) တို့ကို အဖွဲ့တိုင်းရှိ ကျောင်းသားတစ်ဦးချင်းကို ဖြေဆိုပါစေ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄) ရှိ မေးခွန်းနံပါတ် (၂) အတွက် အဘိဓာန်စာအုပ်ကို အသုံးပြု၍ အုပ်စုလိုက်ဆီလျော်သည့်အဖြေကိုရှာဖွေပြီး အုပ်စုတိုင်းရှိကိုယ်စားလှယ် တစ်ဦးချင်းစီက အတန်းသို့ တင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄) ရှိ မေးခွန်းနံပါတ် (၂) အတွက် အဘိဓာန်စာအုပ်မှ အဖြေများကို ကျောင်းသားတစ်ဦးချင်းစီအား မေးမြန်းပါ။ ကဗျာနှင့်ဆီလျော်သည့်အဖြေကို စဉ်းစားဖြေဆိုရာတွင် အဘယ်ကြောင့် ထိုအဖြေကိုရကြောင်းမေးပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄) ရှိ မေးခွန်းနံပါတ် (၃) နှင့်ဆက်စပ်၍ အခြားစကားလုံးများနှင့်လည်း ဝါကျဖန်တီးပါစေ။

**အဓိကအချက်များ**

❖ အဘိဓာန်ကိုအသုံးပြုတတ်လာပြီး ဝေါဟာရကြွယ်ဝလာမည်။ အနက်အဓိပ္ပာယ်များကို သိလာမည်။

❖ စကားလုံးတို့၏ အဓိပ္ပာယ်ပေါ်လွင်အောင် ဝါကျများရေးဖွဲ့တတ်မည်။

❖ က ဗျည်းနှင့် စရေးထားသည့်စကားလုံးဆိုလျှင် က အက္ခရာများကိုအနက်ဖွင့်ထားသည့် စာမျက်နှာများတွင် ရှာဖွေရမည်။

❖ ခ ဗျည်းနှင့် စရေးထားသည့်စကားလုံးဆိုလျှင် ခ အက္ခရာများကိုအနက်ဖွင့်ထားသည့် စာမျက်နှာများတွင် ရှာရမည်။



DBE BOX

## ဖောခိရွှေကျောင်း (ပြောသံကဗျာ) ကို ပြန်လည်သုံးသပ်ခြင်း

**ဖောခိရွှေကျောင်း**

### ကဗျာကိုရွတ်ဆိုပြီး ဆိုလိုရင်းကို ရှင်းပြခြင်း

- ❖ ကဗျာရွတ်ဆိုလျှင် အသံနေအသံထား၊ အဖြတ်အရပ်မှန်ကန်စေရန်နှင့် ကဗျာအရသာ ပေါ်လွင်စေရန် ရွတ်ဆိုရမည်။
- ❖ ကဗျာ၏ဆိုလိုရင်းကို ကိုယ်တိုင်အားထုတ်ရေးနိုင်ရမည်။ စကားပြေပြန်ဆိုရန်အတွက် ခက်ဆစ်စကားလုံးများကို ဂရုတစိုက် လေ့လာမှတ်သားရမည်။
- ❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃) မှ အဓိကအချက်များကို သိရှိရမည်။

### ကဗျာ၏ခံစားမှုအရသာကို ရှင်းပြပြီး သုတကိုဖော်ထုတ်ခြင်း

- ❖ ကဗျာ၏အရသာကို ခံစားနားလည်ပြီး ဆိုလိုရင်းကို ရှင်းပြရမည်။
- ❖ ခံစားမှုရသမှတစ်ဆင့် မိမိ၏ခံစားချက်နှင့် အသိအမြင်၊ သုတတို့ကို သတိပြုမိစေပြီး ဆွေးနွေး ဖော်ထုတ်ရမည်။
- ❖ ရှင်လောင်းလှည့်ပွဲ အတွေ့အကြုံနှင့် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို သိမြင်လာမည်။

### သုတရသကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း

- ❖ ကဗျာ၏အဓိကအချက်ကို ဖော်ထုတ်ရမည်။ စာဆို၏ စေတနာရည်ရွယ်ချက်ကို လေးစား အတုယူရမည်။
- ❖ စာပေသုတနှင့် ယဉ်ကျေးမှု ဓလေ့တို့၏ တန်ဖိုးကို နားလည် မှတ်သားရမည်။
- ❖ အလှူပွဲများတွင် ပြောတီးခြင်း မြန်မာ့ယဉ်ကျေးမှုဓလေ့တို့ကို သိရှိမည်။

### လေ့ကျင့်ခန်းများဖြေဆိုခြင်း

- ❖ အဘိဓာန်ကိုအသုံးပြုတတ်လာပြီး ဝေါဟာရကြွယ်ဝလာမည်။ အနက်အဓိပ္ပာယ်များကို သိလာမည်။
- ❖ စကားလုံးတို့၏အဓိပ္ပာယ် ပေါ်လွင်အောင် ဝါကျများ ရေးဖွဲ့တတ်မည်။
- ❖ က ဗျည်းနှင့် စရေးထားသည့် စကားလုံးဆိုလျှင် က အက္ခရာများကို အနက်ဖွင့်ထားသည့် စာမျက်နှာများတွင် ရှာဖွေရမည်။
- ❖ ခ ဗျည်းနှင့် စရေးထားသည့် စကားလုံးဆိုလျှင် ခ အက္ခရာများကိုအနက်ဖွင့်ထားသည့် စာမျက်နှာများတွင် ရှာရမည်။

### ကဗျာ့သဘောနှင့် ကာရန်သဘောကို ရှင်းပြခြင်း

- ❖ ကဗျာကိုသင်ယူရာတွင် ကဗျာအမျိုးအစားနှင့် ကဗျာသဘောကိုသိရမည်။
- ❖ ကဗျာကို ကာရန်ချိတ်ဆက်ဖွဲ့ဆိုရသဖြင့် ကဗျာကို လေ့လာလျှင် ကာရန်များကို ဂရုပြုရမည်။
- ❖ ပြောသံကဗျာသည် အချိုးကဗျာတိုလေးများကို တွဲဖက်ထားသည့် အချိုးတွဲကဗျာဖြစ်သည်။
- ❖ ကဗျာတစ်ပုဒ်တွင် ကာရန်ယူပုံစနစ်ကို သိရှိမည်။

## ရည်ညွှန်းစာအုပ်များ

- သတ္တမတန်းကျောင်းသားများနှင့်ကိုက်ညီသော ရှင်ပြုပွဲအကြောင်းစပ်ဆိုထားသည့် ကဗျာများကို အသုံးပြုပြီး ကာရန်၊ အဓိပ္ပာယ် စသည်တို့ကိုဖော်ထုတ်သည့် လေ့ကျင့်ခန်းများ ပေးနိုင်ပါသည်။ အောက်ပါရည်ညွှန်းစာအုပ်စာတမ်းများကို ဖတ်ရှုနိုင်ပါက မိမိတွင်ဗဟုသုတတိုးပွားပြီး သင်ကြားမှုကို ပိုမိုထိရောက်စေနိုင်ပါသည်။
- ကဗျာဖွဲ့နည်းစာအုပ်များ

၁။ မင်းသုဝဏ်။ (၂၀၁၇)။ ကဗျာရေးချင်စာစပ်သင်။ စာကြည့်တိုက်စာစဉ် ၈၈၊ the key collection press.

၂။ တင်မိုး။ (၁၉၈၃)။ မြန်မာကဗျာစာတမ်းများ။ ဒုတိယတွဲ၊ စာပေဗိမာန်။

DBE BOX

## ၂။ နောင်အင်းလေးကိုလာဖို့ဖိတ်ခေါ်တယ်

## (ခရီးသွားဆောင်းပါး၊ သုတရသစကားပြေ)

**စုစုပေါင်းစာသင်ချိန် ၅ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

**သင်ယူမှုရလဒ်များ**

- ❖ အင်းလေးကန်သည်မြန်မာနိုင်ငံအတွင်း လူသိများသောကန်ဖြစ်ကြောင်းသိရှိလာမည်။
- ❖ အင်းလေးကန်၏ သဘာဝပတ်ဝန်းကျင်ကို သိရှိလာမည်။
- ❖ အင်းလေးကန်အကြောင်းကိုသင်ကြားရခြင်းကြောင့်အကြားအမြင်ဗဟုသုတတိုးပွားလာပြီး မြန်မာပြည်တွင်းရှိ အခြားအထင်ကရနေရာများကိုလည်း စူးစမ်းလေ့လာလိုစိတ်များဖြစ်ပေါ်လာမည်။
- ❖ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များ ဖြစ်ပေါ်လာမည်။

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

- ❖ မြန်မာနိုင်ငံမြေပုံ
- ❖ အင်းလေးကန်ရုပ်ပုံကားချပ် (ကျောင်းသုံးစာအုပ်ပါပုံ သို့မဟုတ် ပြင်ပရုပ်ပုံကားချပ်)

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- ❖ ဆောင်းပါးကိုဖတ်ပြီး အင်းလေးကန်၏ထူးခြားမှုများကို အုပ်စုဖွဲ့ဆွေးနွေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှုစွမ်းရည်
- ❖ ဆောင်းပါးကိုဖတ်ပြီး မိမိတို့သိရှိထားသည့်အင်းလေးကန်၏ သဘာဝပတ်ဝန်းကျင်အကြောင်းကို အချင်းချင်းအပြန်အလှန် ဆွေးနွေးစေခြင်းဖြင့် ဆက်သွယ်ပြောဆိုမှုစွမ်းရည်
- ❖ အုပ်စုအချင်းချင်းတင်ပြဆွေးနွေးချက်များကို အကဲဖြတ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်
- ❖ အခြားခရီးသွားစာတစ်ပုဒ် ရေးသားခြင်းဖြင့်ဖန်တီးမှုစွမ်းရည်တို့ကိုရရှိလာမည်။

### စာသင်ချိန် ၁

### ၁၊ ၁။ ဆောင်းပါးဖတ်၍ဆွေးနွေးခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

- ❖ စကားပြေတစ်ပုဒ်ကိုဖတ်၍ဆွေးနွေးတင်ပြတတ်စေရန်

**သင်ခန်းစာမိတ်ဆက်** **၁၀ မိနစ်**

- ❖ ဆရာက ကျောင်းသားများကို အောက်ပါမေးခွန်းများမေးပြီး သင်ခန်းစာမိတ်ဆက်ပါ။
  - ◆ မြန်မာနိုင်ငံအတွင်းရှိ ကြားဖူးသော အင်းများ၊ ကန်များကိုဖော်ပြပါ။

◆ ထိုအင်းများ၊ ကန်များတည်ရှိသောနေရာဒေသကိုဖော်ပြပါ။

❖ ကျောင်းသားများ၏ဖြေဆိုချက်များကို သင်ပုန်းမှတ်တမ်းထားပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ ဆရာက ခရီးသွားဆောင်းပါး ပထမစာပိုဒ်ကိုဖတ်ပြပြီး အင်းလေးကန်၏သမိုင်းနှင့် သဘာဝ ပတ်ဝန်းကျင် တည်နေပုံကို ရေးသားထားခြင်းဖြစ်ကြောင်းရှင်းပြပါ။

**လေ့ကျင့်ခြင်း** **၁၅ မိနစ်**

❖ ကျောင်းသားများကို ကျား၊ မ မျှတစွာပါဝင်သော အုပ်စု ၅ စုဖွဲ့ပါ။ စာပိုဒ်များကို ခွဲဝေပေးပြီး ဖတ်ပါစေ။

❖ ဖတ်ပြီးသောစာပိုဒ်မှ အကြောင်းအရာအကျဉ်းချုပ်ကို ကိုယ်စားလှယ်တစ်ဦးက အတန်းသို့ တင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅မိနစ်**

❖ အင်းလေးကန်နှင့်ပတ်သက်၍ ကျောင်းသားများ၏ဆွေးနွေးချက်များကို ဆရာကသုံးသပ်ပါ။

**အဓိကအချက်**

❖ စကားပြေကိုဖတ်လျှင် အကြောင်းအရာအကျဉ်းချုပ်ကို မှတ်မိအောင်ဖတ်ရသည်။

## စာသင်ချိန် ၂

### ၁၊ ၂။ စကားပြေပါအချက်အလက်များကိုရှင်းပြခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

❖ အင်းလေးဒေသရှိ သဘာဝတောတောင်ရှုခင်းများနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို မြန်မာနိုင်ငံ တွင်သာမက ကမ္ဘာကပါ သိရှိကြောင်း ကျောင်းသားများနားလည်၍ ရှင်းပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅မိနစ်**

❖ မြန်မာနိုင်ငံ၏ ရှမ်းပြည်နယ်တောင်ပိုင်းတွင်ရှိသော အင်းလေးကန်သည် နိုင်ငံတကာခရီးသွားများ စိတ်ဝင်တစားလေ့လာဖွယ်ကောင်းသော နေရာတစ်ခုဖြစ်ကြောင်း အသေးစိတ်လေ့လာကြရမည်ဟု မိတ်ဆက်ပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ အင်းလေးကန်ရှိအိမ်များကို ရေပေါ်တွင် တည်ဆောက်ထားပုံ၊ အင်းလေးဖောင်တော်ဦးဘုရား၏ အံ့ဩဖွယ်ကောင်းပုံ၊ သာယာသောတောတောင်ရှုခင်းများရှိပုံ၊ ဒေသထွက် အစားအသောက်များ ကောင်းမွန်ပုံ၊ ကျွန်းမျောပေါ်တွင် စိုက်ခင်းများစိုက်ပျိုးထားရှိပုံနှင့် စိတ်အပန်းဖြေရုံသာမက၊ ဗဟုသုတအတွေ့အကြုံများလည်းရနိုင်ကြောင်း စိတ်ဝင်စားဖွယ်ဖြစ်အောင်ရှင်းပါ။

**လေ့ကျင့်ခြင်း** **၁၅ မိနစ်**

❖ ကျောင်းသားများကို ကျား၊ မ သင့်လျော်သလိုအုပ်စု ၅ စုဖွဲ့ပါ။

❖ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၈) မှ မေးခွန်းနံပါတ် (၄) ကိုဖြေဆိုခိုင်းပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

❖ ကျောင်းသားများဖြေဆိုနေချိန်တွင်ဆရာက လှည့်လည်ကြည့်ရှုပါ။

❖ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၇) မှ အဓိကအချက်များကို အခြေခံ၍သုံးသပ်ရှင်းပြပါ။

**အဓိကအချက်များ**

❖ အင်းလေးကန်သည် ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ်တွင်တည်ရှိသည်။ တောင်နှင့် မြောက်တန်းနေသော ရှမ်းတောင်တန်းနှစ်ခုကြားတွင် တည်ရှိသည်။

❖ အင်းသားတို့၏ ခြေဖြင့်လှော်သော ထူးခြားသည့်လှေလှော်စွမ်းရည်ကိုလည်းတွေ့နိုင်သည်။

❖ ဖောင်တော်ဦးဘုရား၊ ရွာမရေပေါ်ဈေး၊ ငါးဖယ်ချောင်ကျောင်းတိုက်၊ ရွှေအင်းတိန်ဘုရား စသည့် ထင်ရှားသောနေရာများစွာရှိသည်။

❖ ကျွန်းမျောစိုက်ခင်းများမှထွက်သော လတ်ဆတ်သည့်သဘာဝသီးနှံများမှာ ကျော်ကြားသည်။

❖ ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်တစားလာရောက်လည်ပတ်ကြသောနေရာဖြစ်သည်။

## စာသင်ချိန် ၃

### ၁၊ ၃။ ဗဟုသုတကိုဖော်ထုတ်ခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ အင်းလေးကန်၏ ထူးခြားချက်များကို ဆွေးနွေးတတ်ရန်

❖ အင်းလေးကန်ရေရှည်တည်တံ့စေရန်လုပ်ဆောင်နိုင်မည့်နည်းလမ်းများကို ဖော်ပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၁၀ မိနစ်**

❖ ဆရာကစာသင်ချိန် (၂) တွင် ရှင်းပြထားသည်ကို ကျောင်းသားများမည်မျှမှတ်မိကြောင်း ပြန်မေးပါ။ မည်သည့်အကြောင်းအရာများသည် မိမိတို့အတွက် ဗဟုသုတရကြောင်း ဆွေးနွေးပါစေ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ အင်းလေးကန်ခရီးသွားဆောင်းပါးတွင် အင်းလေးကန်ဖြစ်ပေါ်လာပုံနှင့် သဘာဝပတ်ဝန်းကျင်တည်နေရာ၊ အင်းရေပြင်အလှနှင့် အင်းသားတို့၏ လူနေမှုဘဝ၊ အင်းသားတို့၏ ယဉ်ကျေးမှုသင်္ကေတများနှင့် ရိုးရာပွဲတော်၊ အင်းသားတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ အင်းလေး

ဒေသ၏ အမှတ်တရများ၊ အင်းလေး ဒေသ၏ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်အကြောင်းများကို ပြောဟန်ဖြင့် စီကုံးရေးဖွဲ့ထားကြောင်းရှင်းပြပါ။

**လေ့ကျင့်ခြင်း** **၁၅ မိနစ်**

- ကျောင်းသားများကို ကျား၊ မ ညီမျှစွာ အုပ်စု ၆ စုဖွဲ့ပါ။ တစ်ဖွဲ့လျှင် စာရွက်လွတ်တစ်ရွက်ပေးပါ။
- ဆရာရှင်းပြခဲ့သော ခေါင်းစဉ် ၆ ခုကို အုပ်စုများအား မဲနှိုက်ရွေးချယ်ပါစေ။
- မိမိတို့ရရှိသောခေါင်းစဉ်၏ အသေးစိတ်အချက်အလက်များကို အုပ်စုတွင်းဆွေးနွေးပြီး စာရွက်တွင် ရေး၍ အတန်းသို့တင်ပြပါစေ။
- အုပ်စုတစ်စုစီ၏ ဆွေးနွေးချက်များကို လိုအပ်လျှင်ဆရာကဖြည့်စွက်ပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

- ဆရာကအောက်ပါမေးခွန်းမေး၍ တတ်မြောက်မှုစစ်ဆေးပါ။
  - အင်းလေးဒေသ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့အောင် သင်မည်သို့အကြံပြုလိုသနည်း။
- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၈) မှ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၆) ကို အိမ်စာပေးပါ။

**အဓိကအချက်များ**

- အင်းလေးဒေသရှိ တိုင်းရင်းသားတို့၏ ရိုးရာဓလေ့များကိုသိရှိလာမည်။
- အင်းလေးဒေသအကြောင်းအရာများမှတစ်ဆင့် ဆက်နွှယ်နေသောဗဟုသုတများကိုလည်း ရရှိလာမည်။

## စာသင်ချိန် ၄

### ၁၊ ၄။ ခရီးသွားဆောင်းပါးတစ်ပုဒ်ကိုဖန်တီးရေးသားခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

- မိမိတို့ခရီးသွားခြင်းမှရရှိသော စိတ်ဝင်စားဖွယ်မြင်ကွင်းများနှင့် အသိပညာဗဟုသုတများကို ပြောတတ်ရေးတတ်စေရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

- နောင်အင်းလေးကိုလာဖို့ဖိတ်ခေါ်တယ် ဆောင်းပါးသည် ခရီးသွားအတွေ့အကြုံတစ်ခုကို ရေးသားထားခြင်းဖြစ်ကြောင်း၊ ဗဟုသုတများပါဝင်ပြီး ဖတ်ရှုရသည်မှာ နှစ်သက်ဖွယ်ဖြစ်ကြောင်းပြောပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ ယခုစာသင်ချိန်တွင် မိမိတို့သွားဖူးသော ခရီးအတွေ့အကြုံတစ်ခုကို ဆောင်းပါးတစ်ပုဒ် ဖန်တီးရေးသားကြမည်ဖြစ်ကြောင်းပြောပါ။ ထိုဆောင်းပါးတွင် သွားသည့်နေရာအမည်၊ တည်နေရာ၊ ထိုဒေသ၏ သဘာဝပတ်ဝန်းကျင်၊ လူမှုဘဝ၊ ထိုဒေသ၏ထူးခြားမှုများနှင့် ထိုခရီးအပေါ်မိမိ၏ သုံးသပ်ချက်ပါဝင်ရမည်ဖြစ်ကြောင်းရှင်းပြပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ကျောင်းသားများကို ကျား၊ မ မျှတစွာပါဝင်အောင်အုပ်စု ၅ စုဖွဲ့ပါ။

❖ မိမိတို့သွားဖူးသော ခရီးအတွေ့အကြုံကိုဆွေးနွေးပါစေ။ ဖော်ပြပါအချက်များနှင့်အညီ ခရီးသွားဆောင်းပါးတစ်ပုဒ်ကို ပြောဟန်ဖြင့် စာ ၂ မျက်နှာခန့်ရေးသားပါစေ။

❖ အုပ်စုအချင်းချင်းလဲလှယ်စစ်ဆေးပြီး ခရီးသွားဆောင်းပါးအချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ ဆန်းစစ်ပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ တစ်ဖွဲ့ချင်း၏အချက်အလက်များကို ပြောပြ၍လည်းကောင်း၊ ရေးပြ၍လည်းကောင်း၊ စာရွက်များကို သင်ပုန်းပေါ်တွင် ကပ်ပြ၍လည်းကောင်း ကျောင်းသားများကို စစ်ဆေးအကဲဖြတ်ပါ။

❖ လိုအပ်ချက်ရှိလျှင် ဆရာက ဖြည့်စွက်လမ်းညွှန်ပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၈) ရှိ မေးခွန်းနံပါတ် (၅) ကို အိမ်စာပေးပါ။

**အဓိကအချက်**

❖ ခရီးသွားဆောင်းပါးတစ်ပုဒ်ရေးရာတွင် အခြေခံအားဖြင့် သွားသည့်နေရာအမည်၊ တည်နေရာ၊ ထိုဒေသ၏ သဘာဝပတ်ဝန်းကျင်၊ လူမှုဘဝ၊ ထိုဒေသ၏ထူးခြားမှုများနှင့် ထိုခရီးအပေါ် မိမိ၏သုံးသပ်ချက်ပါဝင်ရသည်။

## စာသင်ချိန် ၅

### ၁၊ ၅။ လေ့ကျင့်ခန်းဖြေဆိုခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

❖ စာလုံးပေါင်းသတ်ပုံကို မှန်မှန်သုံးတတ်ရန်

❖ စကားလုံးများ၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်သုံး၍ ရှာဖွေတတ်ရန်

❖ မိမိဆိုလိုသည့်အနက်အဓိပ္ပာယ်သို့ရောက်အောင် ဝါကျရေးသားတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ယခုစာသင်ချိန်တွင် ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၈) ရှိ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၁)၊ (၂) နှင့် (၃) အတွက် ဖြေဆိုပုံကို သင်ကြားပေးမည်ဖြစ်ကြောင်းပြောပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၁) တွင်ပါသည့် အသံထွက်တူပြီး စာလုံးပေါင်းသတ်ပုံနှင့် အနက်အဓိပ္ပာယ်ကွဲသည့်စကားလုံးများကို အောက်ပါအတိုင်းရှင်းပါ။

- ◆ **စီး** သည် ယာဉ်ပေါ်တက်ရာတွင် သုံးသောစကားလုံး။ မြင့်ရာမှ နိမ့်ရာသို့ လျှောဆင်းသည်။
- ◆ **စည်း** သည် ပိုင်းခြားသတ်မှတ်သည်၊ ချည်နှောင်သည် ဟူသည့် နေရာတွင် အသုံးပြုရသည့် စကားလုံးများဖြစ်ကြောင်း ရှင်းပြပေးပါ။ ကွက်လပ်ဖြည့်ရာတွင် ထိုအနက် အဓိပ္ပာယ်များနှင့် အံဝင်ခွင်ကျဖြစ်ရမည်ဖြစ်ကြောင်းရှင်းပါ။

❖ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၂) အတွက် မိမိသိလိုသည့် စကားလုံးတို့၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်စာအုပ်တွင် ရှာဖွေရကြောင်းရှင်းပါ။

❖ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၃) ကို ရှေ့သင်ခန်းစာများအတိုင်းသင်ကြားပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၈) ရှိလေ့ကျင့်ခန်းမေးခွန်းနံပါတ် (၁) ကိုဖြေဆိုပါစေ။

(**အဖြေ**– လည်၊ ရိပ်၊ စီး၊ ရိတ်၊ လယ်၊ တန်း၊ စည်း၊ တမ်း)

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၈) ရှိ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၂) ကို အဓိပ္ပာယ်အမှန်ရအောင် ရှာပါစေ။

❖ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၈) ရှိလေ့ကျင့်ခန်းမေးခွန်းနံပါတ် (၃) ကိုဖြေဆိုပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ကျောင်းသားများဖြေဆိုနေစဉ်ဆရာက လိုက်လံကြည့်ရှုပါ။

❖ လိုအပ်ချက်ရှိသည့် ကျောင်းသားများကိုထပ်မံသင်ကြားပါ။

**အဓိကအချက်များ**

❖ သံတူကြောင်းကွဲစကားလုံးများကို အရေးမှန်အောင် ရွေးချယ်သုံးရသည်။

❖ စကားလုံးများ၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာဖွေရသည်။

❖ စကားလုံး၏အဓိပ္ပာယ် ပေါ်လွင်စေသည့် ဝါကျတစ်ကြောင်းကို ဖန်တီးရေးသားရသည်။



DBE BOX

## နောင်အင်းလေးကိုလာဖို့ဖိတ်ခေါ်တယ် (ခရီးသွားဆောင်းပါး၊ သုတရသစကားပြေ)ကို ပြန်လည်သုံးသပ်ခြင်း

### နောင်အင်းလေးကိုလာဖို့ဖိတ်ခေါ်တယ်

**ဆောင်းပါးဖတ်ခြင်း**

- ❖ စကားပြေကိုဖတ်၍ ကျောင်းသားများ ကိုယ်တိုင် ရည်ညွှန်းချက်နှင့် ပါဝင်သော အကြောင်းအရာများကို ဆွေးနွေး တင်ပြနိုင်မည်။

**စကားပြေပါ အချက်အလက်များကို ရှင်းပြခြင်း**

- ❖ အင်းလေးကန်သည် ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ်တွင်တည် ရှိသည်။ တောင်နှင့် မြောက်တန်းနေသော ရှမ်းတောင်တန်းနှစ်ခုကြား တွင် တည်ရှိသည်။
- ❖ အင်းသားတို့၏ ခြေဖြင့်လှော်သော ထူးခြားသည့် လှေလှော်စွမ်းရည် ကိုလည်းတွေ့နိုင်သည်။
- ❖ ဖောင်တော်ဦးဘုရား၊ ရွာမရေပေါ်ဈေး၊ ငါးဖယ်ချောင် ကျောင်းတိုက်၊ ရွှေအင်းတိန်ဘုရားစသည့် ထင်ရှားသည့်နေရာများစွာရှိသည်။
- ❖ ကျွန်းမျောစိုက်ခင်းများမှထွက်သော လတ်ဆတ် သည့်သဘာဝသီးနှံများမှာ ကျော်ကြားသည်။
- ❖ ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်တစားလာ ရောက် လည်ပတ်ကြသောနေရာဖြစ်သည်။

**ဇာတ်လမ်းအကျဉ်း** 

**ဗဟုသုတကို ဖော်ထုတ်ခြင်း**

- ❖ အင်းလေးဒေသရှိ တိုင်းရင်းသား တို့၏ ရိုးရာဓလေ့များကိုသိရှိ လာမည်။
- ❖ အင်းလေးဒေသ အကြောင်းအရာများမှတစ်ဆင့် ဆက်နွှယ်နေသောဗဟုသုတများ ကိုလည်း ရရှိလာမည်။

**လေ့ကျင့်ခန်းများဖြေဆိုခြင်း**

- ❖ သံတူကြောင်းကွဲ စကားလုံးများကို ရွေးချယ် သုံးတတ်မည်။
- ❖ စကားလုံးများ၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင် ရှာဖွေရမည်။
- ❖ စကားလုံး၏အဓိပ္ပာယ် ပေါ်လွင်စေသည့် ဝါကျတစ်ကြောင်းကို ဖန်တီးရေးသားတတ်မည်။

**ခရီးသွားဆောင်းပါးတစ်ပုဒ်ကို ဖန်တီးရေးသားခြင်း**

- ❖ ခရီးသွားဆောင်းပါးတစ်ပုဒ် ရေးရာတွင် အခြေခံအားဖြင့် သွားသည့်နေရာအမည်၊ တည်နေရာ၊ ထိုဒေသ၏ သဘာဝပတ်ဝန်းကျင်၊ လူမှုဘဝ၊ ထိုဒေသ၏ ထူးခြားမှုများနှင့် ထိုခရီး အပေါ် မိမိ၏သုံးသပ်ချက် ပါဝင်ရသည်။

## ၃။ ပန်းချီဦးဘညာဏ် (အတ္ထုပ္ပတ္တိ၊ သုတရသစကားပြေ)

**စုစုပေါင်းစာသင်ချိန် ၅ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

### သင်ယူမှုရလဒ်များ

- ❖ စကားပြေကို အဖြတ်အရပ်မှန်မှန် ဖတ်တတ်မည်။
- ❖ ဖတ်ကြားခြင်း၊ နားထောင်ခြင်းမှ ခံစားတတ်လာပြီး သုတကိုဖော်ထုတ်တတ်လာမည်။
- ❖ အတ္ထုပ္ပတ္တိစာပေကိုသင်ကြားခြင်းမှ ရရှိသောသုတများကို သုံးသပ်တတ်လာမည်။
- ❖ မိမိလေးစားသူတစ်ဦးအကြောင်း အတ္ထုပ္ပတ္တိတစ်ပုဒ်ရေးသားတတ်လာမည်။

### သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

- ❖ ဦးဘညာဏ်ပန်းချီဆွဲနေသော သရုပ်ဖော်ပုံကားချပ်
- ❖ အတ္ထုပ္ပတ္တိတစ်ပုဒ်ရေးသားရန် မိမိတို့ဒေသရှိ ထင်ရှားသောပုဂ္ဂိုလ်တို့၏ ကိုယ်ရေးအချက်အလက်များကို စုစည်းရှာဖွေထားပါ။

### ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ

- ❖ ဦးဘညာဏ်အကြောင်းကို အုပ်စုဖွဲ့ဆွေးနွေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှုစွမ်းရည်
- ❖ အချင်းချင်း အပြန်အလှန်ဆွေးနွေးစေခြင်း၊ နားထောင်ခြင်းဖြင့် ဆက်သွယ်မှုစွမ်းရည်
- ❖ အခြားအုပ်စုများ၏ ပြောဆိုချက်များကို အကဲဖြတ်ခြင်း၊ ခံစားမှုမှတစ်ဆင့် သုတကိုသုံးသပ်ခြင်းတို့ဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်
- ❖ မိမိတို့လေးစားသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အကြောင်းကို အတ္ထုပ္ပတ္တိတစ်ပုဒ်အဖြစ် ရေးသားခြင်းဖြင့် ဖန်တီးမှုစွမ်းရည်တို့ကို ရရှိလာပါမည်။

**စာသင်ချိန် ၁**

### ၁၊ ၁။ အတ္ထုပ္ပတ္တိကိုဖတ်ခြင်း

### သင်ခန်းစာရည်ရွယ်ချက်

- ❖ စကားပြေကို အသံနေအသံထား အဖြတ်အရပ်မှန်မှန်ဖတ်တတ်ရန်

### သင်ခန်းစာမိတ်ဆက် **၅ မိနစ်**

- ❖ ဆရာကကျောင်းသားများကို ဘာဝါသနာပါသလဲ၊ ပန်းချီဝါသနာပါသလား၊ ပန်းချီဆွဲတတ်သလား စသည့် မေးခွန်းများကိုမေးပါ။ ပန်းချီပညာနှင့်ပတ်သက်၍ကျော်ကြားခဲ့သော ဦးဘညာဏ်အကြောင်း သင်ကြားကြရမည်ဟု မိတ်ဆက်ပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ ဆရာက စကားပြေကို စိတ်ဝင်စားဖွယ်၊ နားထောင်ချင်စဖွယ်ဖြစ်အောင် အသံနေအသံထား၊ ပုဒ်ဖြတ်ပုဒ်ရပ်မှန်ကန်စွာ တစ်ပိုဒ်ချင်းဖတ်ပြပါ။ ကျောင်းသားများအား ဂရုတစိုက်နားထောင်မှတ်သားပါစေ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ကျား၊ မ ညီမျှစွာပါဝင်အောင် အုပ်စု ၅ စု ဖွဲ့ပါ။

❖ အုပ်စုအရေအတွက်ပေါ် မူတည်ပြီး စာပိုဒ်များကို ခွဲခြားသတ်မှတ်ပေးပါ။

❖ အုပ်စုအလိုက်အလှည့်ကျဖတ်ပြီး ကျန်သူများက အာရုံစိုက်နားထောင်ပါစေ။

❖ အားလုံးနားထောင်ခြင်း ရှိ၊ မရှိ ဆရာက လိုက်လံကြည့်ရှုပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ လေ့ကျင့်စဉ်က မဖတ်ရသေးသောကျောင်းသားများကို ကျပန်းကောက်၍ ဖတ်ပါစေ။ လိုအပ်လျှင် ဆရာကလမ်းညွှန်ပေးပါ။

**အဓိကအချက်များ**

❖ စကားပြေကို အသံထွက်ဖတ်လျှင် အသံကြည်လင်ပြတ်သား၍ ပုဒ်ဖြတ်၊ ပုဒ်ရပ် မှန်ကန်စွာ ဖတ်ရမည်။

❖ အခြားသူများ စာဖတ်နေစဉ် ဂရုတစိုက်နားထောင်မှတ်သားရမည်။

## စာသင်ချိန် ၂

### ၁၊ ၂။ ရသခံစားမှုကိုဖော်ပြ၍ သုတကိုရှာဖွေခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

❖ စကားပြေကို ဖတ်ရှုနားထောင်ပြီး ခံစားမှုကိုဖော်ပြ၍ ဗဟုသုတများကို ရှာဖွေဖော်ထုတ်တတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ပထမစာသင်ချိန်တွင် ကျောင်းသားများဖတ်ထားသော ဦးဘညာဏ်အကြောင်းမှ ထူးခြားချက်များကို မှတ်မိသလောက်မေးပါ။

**သင်ကြားခြင်း** **၁၀ မိနစ်**

❖ ဆရာက သင်ခန်းစာအစမှ အဆုံးအထိဖတ်ပြပါ။ ထို့နောက် မှတ်သားဖွယ်ရာများနှင့် ခံစားမှုတို့ကို ထုတ်နုတ်ပြပါ။

❖ ပန်းချီဦးဘဉာဏ်၏ ငယ်စဉ်ဘဝ၊ မူလတန်းကျောင်းသားဘဝနှင့် ပန်းချီပညာသင်ယူသော ဘဝများကို ဖတ်ရှုရသည့်အခါ ပန်းချီပညာရပ်အပေါ် ဦးဘဉာဏ်မည်မျှ ဝါသနာဇွဲကြီးကြောင်း သိရှိရပြီး လေးစားစိတ်များဖြစ်ပေါ်လာပုံကိုရှင်းပြပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ကျောင်းသားများကို အုပ်စုဖွဲ့၍ စာပိုဒ်များကို ပိုင်းဖြတ်ပြီး မိမိတို့ကျရာစာပိုဒ်များကို ဖတ်ပါစေ။ မည်သည့်ဗဟုသုတများရရှိကြောင်း၊ မည်သို့ခံစားရကြောင်းနှင့် အဘယ်ကြောင့်ထိုသို့ ခံစားရကြောင်းကို အုပ်စုလိုက်ဆွေးနွေးစေပြီး တစ်ဦးစီအတန်းသို့တင်ပြပါစေ။ တစ်တန်းလုံးက နားထောင်မှတ်သားပြီး လိုအပ်ချက်များကိုပြန်လည်ဆွေးနွေးပါစေ။

❖ အုပ်စုများအား စာပိုဒ်များကို လဲလှယ်ဖတ်စေ၍ ဗဟုသုတများကို ထုတ်နုတ်ဆွေးနွေးပါစေ၊ မိမိတို့ရရှိသောဗဟုသုတနှင့် ခံစားမှုများကို စာရွက်ပိုင်းများဖြင့်ရေး၍ အတန်းနံရံတွင် ကပ်ပါစေ။ အုပ်စုအချင်းချင်း လှည့်လည်ကြည့်ရှုပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

❖ အုပ်စုတိုင်းကို စာပိုဒ်များဖတ်စေပြီး မည်သည့်သုတရရှိကြောင်းနှင့် မည်သို့ခံစားရကြောင်းမေးပါ။

❖ ကောင်းစွာမဖြေနိုင်သည့်ကျောင်းသားများရှိလျှင် ဆရာကလမ်းညွှန်သင်ကြားပါ။

❖ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၁၁) ရှိ အဓိကအချက်များကိုအခြေခံ၍ သုံးသပ်ဆွေးနွေးတင်ပြပါ။

**အဓိကအချက်များ**

❖ အတ္ထုပ္ပတ္တိကောင်းတစ်ပုဒ်ဖတ်၍ ခံစားမိပုံကိုရှင်းပြနိုင်ရမည်။

❖ သုတကိုဖော်ထုတ်မှတ်သားနိုင်ရမည်။

## စာသင်ချိန် ၃

### ၁၊ ၃။ အတ္ထုပ္ပတ္တိသဘောဆွေးနွေးခြင်းနှင့်သုတကို သုံးသပ်ခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

❖ အတ္ထုပ္ပတ္တိသဘောကိုသိရှိပြီး ရရှိသောသုတကို သုံးသပ်တင်ပြတတ်ရန်



DBE BOX

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ အတ္ထုပ္ပတ္တိစာပေဟူသည်မှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဘဝဖြစ်ရပ်ကို ရေးသားတင်ပြသော စာပေအမျိုးအစားဖြစ်ကြောင်း၊ ထိုပုဂ္ဂိုလ်၏ ဘဝနှင့်စရိုက်ကိုဖော်ပြနေသည့် စာဖြစ်ကြောင်း၊ ၎င်းတို့ကို ဖတ်ရှုခြင်းဖြင့်မိမိအတွက်အကျိုးဖြစ်စေနိုင်သော ဗဟုသုတများကိုရနိုင်ကြောင်း မိတ်ဆက်ပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ ကျောင်းသားများကို အတ္ထုပ္ပတ္တိတစ်ပုဒ်၏ အခြေခံအင်္ဂါရပ်များမှာ အဘယ်နည်းဟု မေးပါ။

(ဆရာကဆဋ္ဌမတန်း ဆရာလမ်းညွှန် စာမျက်နှာ (၂၈) ကို ပြန်လည်အသုံးပြုပါ။)

❖ အချက်အချို့ကို ဆရာကရှင်းပါ။

(၁) မွေးဖွားရာဇာတိ (၂) မွေးဖွားသည့်ခုနှစ်သက္ကရာဇ် (၃) ငယ်စဉ်ဘဝ (၄) ပညာသင်ယူခဲ့သည့်ကျောင်းများ (၅) ပညာဆည်းပူးခဲ့သည့်ဆရာများ (၆) ကြိုးပမ်းသင်ယူမှု (၇) ထူးခြားသည့် အဖြစ်အပျက်၊ စိတ်ဝင်စားဖွယ်များစသည့် အတ္ထုပ္ပတ္တိအင်္ဂါရပ်များပါဝင်ကြောင်းရှင်းပါ။

**လေ့ကျင့်ခြင်း** **၁၅ မိနစ်**

❖ ကျောင်းသားများကို ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စု ၅ စု ဖွဲ့ပါ။

❖ အုပ်စုတိုင်းကို အတ္ထုပ္ပတ္တိအင်္ဂါရပ်အချက် ၇ ချက်နှင့် ဦးဘညာဏ်အတ္ထုပ္ပတ္တိအား ဆန်းစစ်ပါစေ။

❖ ရရှိသော ဗဟုသုတများကို ထုတ်နုတ်ပြီး မိမိတို့ဘဝအတွက် အတုယူဖွယ်ရာအချက်များကို သုံးသပ်တင်ပြပါစေ။

❖ ကျန်အုပ်စုများက နားထောင်မှတ်သားပြီး လိုအပ်လျှင် ထပ်မံဖြည့်စွက်နိုင်ကြောင်း ဆရာက လမ်းညွှန်ပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၁၂) ရှိ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၅) ကို အိမ်စာပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

❖ ကျောင်းသားများ အတ္ထုပ္ပတ္တိအင်္ဂါရပ်အချက် ၇ ချက်နှင့် ဆန်းစစ်ဆွေးနွေးနိုင်မှု၊ ဗဟုသုတများကို ထုတ်နုတ်နိုင်မှု ရှိ၊ မရှိကို ဆရာက အကဲဖြတ်ပါ။

❖ ကျောင်းသားများလေ့ကျင့်နေချိန်အတွင်း လိုအပ်လျှင် ဆရာကလမ်းညွှန်ပေးပါ။



DBE-BOX

**အဓိကအချက်များ**

❖ ပညာရပ်တစ်ခုကို စဉ်ဆက်မပြတ်သင်ယူလေ့လာသူများသည် ထိုပညာဖြင့်အောင်မြင်မှုရရှိသည်။

❖ အတ္ထုပ္ပတ္တိစာပေကို ဖတ်ရှုလေ့လာခြင်းဖြင့် မိမိတို့ဘဝအတွက် အကျိုးရှိသည့် ဗဟုသုတများ ရရှိသည်။

**စာသင်ချိန် ၄**

## ၁၊ ၄။ အတ္ထုပ္ပတ္တိတစ်ပုဒ်ရေးသားခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

❖ ကျောင်းသားကိုယ်တိုင် အတ္ထုပ္ပတ္တိတစ်ပုဒ်ရေးသားနိုင်ရန်

**သင်ခန်းစာမိတ်ဆက်** **၁၀ မိနစ်**

❖ ယခုစာသင်ချိန်တွင် အတ္ထုပ္ပတ္တိတစ်ပုဒ် ကိုယ်တိုင်ရေးသားရမည်ဖြစ်ကြောင်း၊ ထိုသို့ရေးသားရာတွင် မိမိရေးသားမည့်လူနှင့်သက်ဆိုင်သည့်အချက်အလက်များသည် မှန်ကန်ဖို့လိုကြောင်း၊ မိမိစိတ်ကူးနှင့် ကြံဆရေးသားထားချက်များ မဖြစ်ရကြောင်း နားလည်သဘောပေါက်အောင်ရှင်းပါ။

❖ မင်းတို့ ဆဋ္ဌမတန်းမှာ ဘယ်သူ့အကြောင်းတွေကို ရေးသားခဲ့သလဲ။

❖ မင်းတို့ရေးတဲ့လူတစ်ယောက်အကြောင်းကို ဘယ်လိုလေ့လာစုစည်းခဲ့သလဲ။

❖ မင်းတို့ကော ဘယ်လိုအကြောင်းကို ဦးစားပေးလေ့လာခဲ့သလဲ။

❖ အထက်ပါမေးခွန်းများကိုမေး၍ မိတ်ဆက်ပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ ဆရာကပန်းချီဦးဘညာဏ်အတ္ထုပ္ပတ္တိ သုတစကားပြေ၏ သဘောသဘာဝများကို အောက်ပါအတိုင်း ဖော်ထုတ်ပြပါ။

ယခင်အတ္ထုပ္ပတ္တိများတွင် မိဘအမည်၊ မွေးဖွားရာဇာတိ၊ မွေးဖွားသည့်ခုနှစ်၊ ငယ်စဉ်ဘဝ၊ ပညာသင်ယူပုံ၊ ဝါသနာ၊ မိမိဝါသနာအတွက်ကြိုးပမ်းအားထုတ်မှုများ၊ ကြုံတွေ့ရသော အခက်အခဲများနှင့် အောင်မြင်မှုများစသည်တို့ပါဝင်သည်။

❖ ပန်းချီဦးဘညာဏ်သည် ယခင်သင်ယူခဲ့ရသော အတ္ထုပ္ပတ္တိများနှင့်မတူကြောင်း၊ ဦးဘညာဏ် ငယ်စဉ်ဘဝနှင့် စတင်မိတ်ဆက်ထားကြောင်း၊ သူကျင်လည်ခဲ့သောဝန်းကျင်မှ လူပုဂ္ဂိုလ်များ အမည်ကိုလည်း ထည့်သွင်းထားကြောင်းထုတ်နုတ်ရှင်းပြပါ။ ဆရာက ထိုအချက်များကို သင်ပုန်းပေါ်တွင်ရေးပါ။

**လေ့ကျင့်ခြင်း** ၁၅ မိနစ်

❖ မိမိရေးမည့် ပုဂ္ဂိုလ်တစ်ဦးကိုရွေးချယ်ပါစေ။

❖ မိမိဦးစားပေးရေးသားလိုသည့် အချက်ကိုပေါ်လွင်အောင်မည်သို့အစီအစဉ်ကျကျရေးမည်ကို စဉ်းစားပြီးလျှင် စာတစ်မျက်နှာခန့် အကြမ်းရေးသားပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

❖ ရေးသားပြီးသောကျောင်းသားများ၏ အကြမ်းရေးသားမှုကို အတန်းသို့တင်ပြပါစေ။

❖ မည်သူ့အကြောင်းကိုရေးထားကြောင်း၊ မည်သည့်အကြောင်းအရာကိုဦးစားပေးဖော်ပြထားကြောင်း နှင့် အဘယ်ကြောင့် ထိုအချက်များကို အလေးပေးဖော်ပြရကြောင်းရှင်းပြပါစေ။

❖ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၁၂) ရှိ မေးခွန်းနံပါတ် (၆) ကို အိမ်စာပေးပါ။

**အဓိကအချက်**

❖ အတ္ထုပ္ပတ္တိတစ်ခုရေးသားရာတွင် မိမိအလေးပေးဖော်ပြလိုသည့် အချက်များကို စုစည်း ရှာဖွေကာ ထိုအချက်များပေါ်လွင်အောင်ရေးရသည်။

## စာသင်ချိန် ၅

### ၁၊ ၅။ လေ့ကျင့်ခန်းများဖြေဆိုခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ စကားလုံးများကို ပွားပြီးရေးတတ်ရန်

❖ စာလုံးပေါင်းသတ်ပုံအမှန်ကို ရွေးချယ်သုံးနှုန်းတတ်ရန်

❖ စကားလုံး၏ အဓိပ္ပာယ်ကိုပေါ်လွင်စေသည့် ဝါကျတစ်ကြောင်းကို ဖန်တီးရေးသားတတ်ရန်

❖ စကားလုံးများ၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာဖွေပြီး သိရှိစေရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

❖ ယခုစာသင်ချိန်တွင် ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၁၂) မှ လေ့ကျင့်ခန်းမေးခွန်းနံပါတ်(၁)၊ (၂)၊ (၃)၊ (၄) တို့အား မည်သို့ဖြေဆိုရမည်ကို လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်းပြောပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၁၂) မှ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၁) အတွက်သင်ကြားရာတွင် ပေးထားသည့်စကားလုံး တစ်လုံးကိုမူတည်၍ မိမိတို့သိရှိသော စကားလုံးများရအောင် ပေါင်းစပ် ကြည့်ရန်ပြောပါ။ ထိုသို့ပေါင်းစပ်ရာတွင် ပေါင်းစပ်မည့်စကားလုံးမှာ စာလုံးအရေအတွက် ကန့်သတ်မထားသဖြင့် မိမိစိတ်တိုင်းကျ ပေါင်းစပ်နိုင်ကြောင်းရှင်းပြပါ။

**သာဓက–**

ကျောင်းသား = ကျောင်းသားကြီး၊ ဆေးကျောင်းသား၊ မူလတန်းကျောင်းသား

❖ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၂) အတွက် သင်ကြားရာတွင် မြန်မာစကား၌ အသံတူသော်လည်း စာလုံးပေါင်းမတူသော စကားလုံးများရှိကြောင်း၊ အရေးမှန်အောင်သုံးရကြောင်း၊ အရေးမှန်မှ အဓိပ္ပာယ်မှန်မည်ဖြစ်ကြောင်းရှင်းပြပါ။

❖ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၃) အတွက် သင်ကြားရာတွင် စကားလုံးတို့၏ အနက်အဓိပ္ပာယ် ရှာဖွေခြင်းကို မြန်မာအဘိဓာန်အသုံးပြု၍ ရှာရကြောင်းရှင်းပြပါ။

❖ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၄) အတွက် သင်ကြားရာတွင် ဝါကျဖွဲ့စကားလုံးတို့၏ အဓိပ္ပာယ် ပေါ်လွင်အောင် ဝါကျများတည်ဆောက်ရကြောင်း သာဓကဝါကျများဖြင့်ရှင်းပါ။

**လေ့ကျင့်ခြင်း** **၁၅ မိနစ်**

❖ ကျောင်းသားများ လေ့ကျင့်ခန်းများဖြေဆိုစဉ် ဆရာက လိုက်လံကြည့်ရှုပါ။ လိုအပ်ချက်ရှိသော ကျောင်းသားများကို ဆရာက လမ်းညွှန်ကူညီပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

❖ ဆရာက ကျောင်းသားများ၏ လေ့ကျင့်ခန်းစာအုပ်များကို ကျပန်းကောက်ယူ စစ်ဆေးပါ။ လိုအပ်လျှင် ထပ်မံသင်ကြားပါ။

**အဓိကအချက်များ**


❖ စကားလုံးတစ်ခုကိုမူတည်ပြီး စကားလုံးများကို ပွားယူနိုင်သည်။

❖ အသံတူသော်လည်း စာလုံးပေါင်းမတူသော စကားလုံးများကို အရေးမှန်အောင် ရေးရသည်။

❖ စကားလုံးများ၏ အနက်အဓိပ္ပာယ်ကို သိရှိရန် အဘိဓာန်အသုံးပြုရမည်။

❖ မိမိဆိုလိုချင်သည့်အဓိပ္ပာယ်ရောက်အောင် ဝါကျတည်ဆောက်တတ်ရမည်။

## ပန်းချီဦးဘညာဏ် (အတ္ထုပ္ပတ္တိ၊ သုတရသစကားပြေ)ကို ပြန်လည်သုံးသပ်ခြင်း



## ၄။ ကျွဲသားနှစ်ကောင် (ထားဝယ်တေးကဗျာ)

**စုစုပေါင်းစာသင်ချိန် ၅ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

**သင်ယူမှုရလဒ်များ**

- ကဗျာကို အဖြတ်အရပ်မှန်ကန်စွာ ရွတ်ဆိုတတ်မည်။
- ကဗျာ၏ ဆိုလိုရင်းကို သိရှိပြီး စကားပြေပြန်ဆိုတတ်မည်။
- ကဗျာ၏ အကြောင်းအရာနှင့် ကဗျာ့သဘောကိုသိရှိပြီး လက်တွေ့ဘဝတွင် ဆင်ခြင်သုံးသပ်တတ်မည်။
- ကာရန်သဘောကို သိရှိပြီး ကာရန်စကားလုံးများကို ရှာဖွေတတ်မည်။
- ကဗျာမှ ရရှိသော အသိအမြင်သုတ၊ ရသကို သုံးသပ်၍ရှင်းပြတတ်မည်။

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

- ထားဝယ်သားတို့၏ အခြားကဗျာများ
- ကဗျာအကြောင်းအရာနှင့်သက်ဆိုင်သော တိုင်းရင်းသားကဗျာများနှင့် အခြားကဗျာများမှ ရုပ်ပုံကားချပ်များ
- (အလွယ်တကူရနိုင်ပါက) ကဗျာကို ရွတ်ဆိုထားသော အသံဖိုင် သို့မဟုတ် စီဒီချပ်
- ဆရာကိုယ်တိုင် အသံနေအသံထား မှန်ကန်စွာ ရွတ်ဆိုပြနိုင်အောင် လေ့ကျင့်ထားပါ။

**ရရှိစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- ကဗျာကို အုပ်စုဖွဲ့ဖတ်ရှုစေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှုစွမ်းရည်
- ကဗျာကို အုပ်စုဖွဲ့ စကားပြေပြန်ဆိုခြင်း၊ ဆွေးနွေးတင်ပြခြင်းဖြင့် ပြောဆိုဆက်သွယ်မှု စွမ်းရည်
- အခြားအုပ်စုများ၏ ပြောဆိုချက်များကို အကဲဖြတ်ခြင်း၊ သုတ၊ ရသများကို လေ့လာသုံးသပ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်
- ကဗျာကိုဖတ်၍ ကိုယ်ပိုင်အတွေးအမြင်များ၊ ခံစားမှုများကို တင်ပြတတ်ခြင်းဖြင့် ဖန်တီးမှုစွမ်းရည်
- ကဗျာတွင်ပါဝင်သော ကျေးလက်သဘာဝ၊ လူ့သဘာဝများကို နှစ်သက်တန်ဖိုးထားတတ်ခြင်းဖြင့် ရသခံစားမှုစွမ်းရည်

## စာသင်ချိန် ၁

### ၁၊ ၁။ ကဗျာရွတ်ဆိုပြီး ဆိုလိုရင်းကိုရှင်းပြခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ကဗျာကို အဖြတ်အရပ် မှန်ကန်စွာရွတ်ဆိုတတ်ရန်

❖ ကဗျာကိုစကားပြေဖြင့် ရေးသားပြီး ဆိုလိုရင်းကို ရှင်းပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

❖ ကျောင်းသားများကို သိခဲ့ဖူးသော၊ သင်ခဲ့ရဖူးသော ဆဋ္ဌမတန်းမှ'ဆန်မောင်းနင်းရေ'ကဗျာ သို့မဟုတ် အခြားတိုင်းရင်းသားကဗျာတစ်ပုဒ်ကို ရွတ်ဆိုစေပြီး ပြန်လည်မေးမြန်းခြင်း၊ ဆရာက ရွတ်ဆိုပြခြင်းဖြင့် စတင်မိတ်ဆက်ပါ။

❖ တိုင်းရင်းသားလူမျိုးတိုင်းတွင် စာပေ၊ ဘာသာစကား၊ ရိုးရာဓလေ့များအပြင် ကဗျာများ၊ တေးသီချင်းများရှိပြီး ၎င်းတို့မှ စိတ်ဝင်စားဖွယ်၊ သိမှတ်ဖွယ်ရာများ ရနိုင်ကြောင်းပြောပါ။

❖ ဆရာက ကျောင်းသားများကို ယခုစာသင်ချိန်တွင် ထားဝယ်တေးကဗျာတစ်ပုဒ်ဖြစ်သော 'ကျွဲသားနှစ်ကောန်' ကဗျာကို သင်ကြားကြရမည်။ ထိုကဗျာမှ ကျွဲနှစ်ကောင်၏တိရစ္ဆာန် သဘာဝနှင့် လူ့သဘာဝကို နှိုင်းယှဉ်လေ့လာကြရမည်ဖြစ်ကြောင်းရှင်းပြပါ။

**သင်ကြားခြင်း** ၁၅ မိနစ်

❖ 'ကျွဲသားနှစ်ကောန်' ကဗျာကို ကျောင်းသားများအား ၁ ကြိမ်ရွတ်ဆိုပါစေ။

(သင်ထောက်ကူ အသံဖိုင်ရှိပါက ဖွင့်ပြပါ။)

❖ ဆရာက နမူနာရွတ်ဆိုပြနေစဉ် ကျောင်းသုံးစာအုပ်ပါကဗျာပုဒ်ရင်းကိုကြည့်၍ ဂရုတစိုက် နားထောင်ရန် ညွှန်ကြားပါ။

❖ ကျောင်းသုံးစာအုပ် သရုပ်ဖော်ပုံတွင်ပါဝင်သော အကြောင်းအရာများကို မေးမြန်းပါ။

❖ ခက်ဆစ်အဓိပ္ပာယ်များကို လေ့လာစေပြီး လိုအပ်လျှင် ဆရာက ထပ်မံရှင်းပြပါ။

❖ ကျောင်းသားများအား ကဗျာကိုနားလည်သမျှ စကားပြေပြန်ဆိုပါစေ။

❖ ဆရာက ကဗျာ၏ဆိုလိုရင်းကို ရှင်းပြပါ။ ကဗျာ၏ဆိုလိုရင်းမှာ-

'ကျွဲသားနှစ်ကောန်' ကဗျာသည် ထားဝယ်တေးကဗျာတစ်ပုဒ်ဖြစ်သည်။ ကျွဲကျောင်းသားသည် ကျွဲနှစ်ကောင် (ကျွဲပေါက်နှစ်ကောင်) ၏ ရန်စောင်တိုက်ခိုက်ပုံကို မြင်လိုသဖြင့် ညောင်ပင်

အောက်သို့ ခေါ်ဆောင်လာခဲ့ပါသည်။ ကျွဲနွားကောင်သည် ရန်စောင်တိုက်ခိုက်ခြင်းမရှိဘဲ အတူယှဉ်တွဲကာ မြေစာမြက်ကိုအေးဆေးစွာ စားနေကြပါသည်။ ထိုမြင်ကွင်းကို မြင်ရသော ကျွဲကျောင်းသားသည် မိခင် သို့မဟုတ် မိမိထက်အသက်ဂုဏ်ဝါ ကြီးမြတ်သူကို ခေါ်လေ့ရှိသော "ဟေး၊ မယ်ဝေ့ မယ်ဝေ့"ဟူသည့် စကားဖြင့် ဆိုမြည်တမ်းတမိပါသည်။ မိမိတို့ ရွာပတ်ဝန်းကျင်တွင်တွေ့ရသော မြင်ကွင်းလေးမှာ လွမ်းစရာ၊ ကြည်နူးစရာကောင်းလှကြောင်း ပြောဆိုနေခြင်းဖြစ်ပါသည်။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

- ❖ စာသင်ခန်းနှင့် ကျောင်းသားဦးရေ အနေအထားအရ ကျား၊ မ မျှတမှုရှိသော အုပ်စုကို သင့်လျော်သလို ဖွဲ့ပါ။
- ❖ ကဗျာဖတ်ရှုမှုကို အုပ်စုလိုက် တစ်ဖွဲ့ချင်းစီ လေ့ကျင့်ပါစေ။ အားနည်းချက်ရှိသော ကျောင်းသားများကို ဆရာက ထပ်မံလေ့ကျင့်ပါစေ။
- ❖ ကဗျာတစ်ပုဒ်လုံးကို အဖွဲ့တိုင်းအား စကားပြေပြန်ဆိုစေခြင်း၊ ဆိုလိုရင်း ဆွေးနွေးစေခြင်းတို့ကို အုပ်စုလိုက် လုပ်ဆောင်ပါစေ။
- ❖ တစ်ဖွဲ့ချင်းစီမှ ကျောင်းသား ၂ ဦး၊ ၃ ဦး ခန့်က အတန်းသို့ တင်ပြပါစေ။
- ❖ လိုအပ်ချက်ရှိသော အဖွဲ့ကို ဆရာက ထပ်မံရှင်းပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

- ❖ အုပ်စုများမှ ကျောင်းသား ၂ ဦး၊ ၃ ဦးခန့်က ကဗျာကို မှန်ကန်စွာရွတ်ဆိုပါစေ။
- ❖ တစ်ဖွဲ့လျှင် ကျောင်းသားတစ်ဦးက ကဗျာတစ်ပုဒ်လုံးကို စကားပြေပြန်ဆိုပါစေ။
- ❖ ဆိုလိုရင်းနှင့် ခံစားမှုကိုမေးမြန်းပါ။ (ခံစားမှုကို လွတ်လပ်စွာပြောဆိုပါစေ။)
- ❖ ခက်ဆစ်အဓိပ္ပာယ်များကို ကျက်မှတ်ခဲ့ရန်မှာကြားပါ။
- ❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၁၅) ရှိ မေးခွန်းနံပါတ် (၃) ကိုဖြေဆိုပါစေ။

**အဓိကအချက်များ**

- ❖ ကဗျာရွတ်ဆိုလျှင် အသံနေအသံထား၊ အဖြတ်အရပ်မှန်ကန်ရမည်။
- ❖ ရေးထားသည့် ဒေသသုံးစာသားအတိုင်း ရွတ်ဆိုရမည်။
- ❖ ရွတ်ဆိုခြင်းနှင့် ဆိုလိုရင်းရှင်းပြရာတွင် လွယ်ကူစွာ ခံစားနားလည်နိုင်ရမည်။
- ❖ အကြောင်းအရာကို မြင်သာစေရမည်။



DREBOX

## စာသင်ချိန် ၂

### ၁၊ ၂။ ကဗျာ၏ခံစားမှုအရသာကို ရှင်းပြပြီး သုတကို ဖော်ထုတ်ခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

- ❖ ကဗျာ၏ဆိုလိုရင်းကို နားလည်၍ ခံစားမှုကိုပြောပြ၊ ရှင်းပြတတ်ရန်
- ❖ ကဗျာမှရရှိသော အသိအမြင်သုတကို ဖော်ထုတ်တတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

- ❖ ကဗျာရွတ်ဆို၍ ဆိုလိုရင်းကို နားလည်လာသည့်အခါ ရသနှစ်သက်ခြင်း သို့မဟုတ် ခံစားမှုတစ်ခုခု ရရှိနိုင်ပုံကို ပြောပြ၍ မိတ်ဆက်ပါ။
- ❖ ထားဝယ်တေး ကဗျာသင်ချိန်တွင် သတ္တမတန်း စာရိတ္တနှင့်ပြည်သူ့နီတိ အခန်း (၄) မှ 'ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်း' သင်ခန်းစာကို မှီငြမ်း၍ဆွေးနွေးမိတ်ဆက်ပါ။

**သင်ကြားခြင်း** ၁၅ မိနစ်

- ❖ ကျောင်းသားများအား ကဗျာတစ်ပိုဒ်ချင်းစီမှ မြင်ကွင်းများကို အချင်းချင်းဆွေးနွေးပါစေ။ မည်သို့ခံစားရကြောင်း ပြောပြပါစေ။ ဖြေဆိုချက်များကို သင်ပုန်းမှတ်ချက်ရေးပါ။
- ❖ ကဗျာမရွတ်မီ၊ ဆိုလိုရင်းမပြောမီ သရုပ်ဖော်ရေးဆွဲထားသော ကျွဲသားနှစ်ကောင်ရန်မစောင်ဘဲ မြက်စားနေသောပုံကိုလေ့လာ၍ မည်သည့်ခံစားမှုဖြစ်ပေါ်သနည်း။
- ❖ ရွတ်ဆိုနေစဉ်နှင့် ဆိုလိုရင်းကိုနားလည်ပြီးသောအခါ မည်သို့ခံစားမိသလဲ။ ခံစားမှုချင်း တူညီပါသလား။ ဘာကြောင့်လဲ ဟုမေးပါ။
- ❖ ဆိုလိုရင်းကိုနားလည်ပြီးဖြစ်သောခံစားမှုနှင့် ရွတ်ဆိုနေစဉ် ခံစားမှု မတူညီကြောင်းကို ဆရာက ဆွေးနွေးရှင်းပြပါ။
- ❖ ဆိုလိုရင်းနားလည်ပြီးဖြစ်သော ခံစားမှုသည် ပို၍သင့်လျော်ကြောင်း၊ မှန်မှန်ကန်ကန်နားလည်မှ မှန်မှန်ကန်ကန် ခံစားတတ်မည်ဖြစ်ကြောင်း၊ မည်သည့်ကိစ္စမဆို မှန်မှန်ကန်ကန်သိမှ ဆုံးဖြတ်နိုင်ကြောင်း ကဗျာအကြောင်းအရာနှင့် ဆက်စပ်ပြောပြပါ။
- ❖ ခံစားမှုနှင့်သုတရရှိရန် စာဆိုကမည်သည့်ရည်ရွယ်ချက်များဖြင့် ရေးဖွဲ့ထားသည်ကိုနားလည်သမျှ ဆွေးနွေးဖြေဆိုပါစေ။

(သဘာဝပတ်ဝန်းကျင်ကို သတိပြုတတ်ရန်၊ ကျေးလက်မြင်ကွင်းအလှကို ချစ်မြတ်နိုးတတ်ရန်၊ တစ်ဦးနှင့်တစ်ဦး စာနာနားလည်တတ်မှုကို တန်ဖိုးထားတတ်ရန် )

❖ ကဗျာနှင့်ဆက်စပ်သော ဗဟုသုတများနှင့်အတွေးအမြင်များကို ကျောင်းသားများဖော်ထုတ်ပြောဆိုတတ်ရန် ဆရာကလမ်းညွှန်ပါ။

❖ လိုအပ်ချက်များကို ဆရာက ထပ်မံဖြည့်စွက်ပေးပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ကျား၊ မ မျှတသော အုပ်စုဖွဲ့ပြီး ကဗျာ၏ဆိုလိုရင်းအရ ခံစားမှု၊ ရုပ်ပုံကြည့်၍ခံစားမှုများကို အဖွဲ့လိုက် ဆွေးနွေးပါစေ။

❖ ကဗျာမှ မှတ်သားစရာများ၊ အသိအမြင်များကိုလည်း ဆွေးနွေးအဖြေရှာ၍ အတန်းသို့ တင်ပြပါစေ။

❖ ကိုယ်စားလှယ်တစ်ဦးက တင်ပြပြီး ဆရာက အဘယ်ကြောင့် ထိုအဖြေမျိုးရကြောင်း မေးမြန်းပါ။ ကဗျာရွတ်ဆိုမှုနှင့် ဆိုလိုရင်းကိုနားလည်ခြင်းတွင် မည်သည်က ခံစားမှုရသဖြစ်ပေါ်စေသနည်း။ ရရှိသောခံစားမှုတို့ကို မေးမြန်းပါ။ မည်သည့် ဘဝအသိသင်ခန်းစာ ရရှိကြောင်းမေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ အုပ်စုတွင်းဆွေးနွေးချက်မှရရှိသော အသိပညာဗဟုသုတများသည် လက်တွေ့တွင်မည်သို့အသုံးဝင်သနည်း။

❖ ဤကဗျာကို မည်သည့်ရည်ရွယ်ချက်ဖြင့်ရေးဖွဲ့ထားသနည်း။

❖ စာသင်ချိန် (၃) အတွက် ဆွေးနွေးမှုလွယ်ကူစေရန် ကြိုတင်လေ့လာရမည့် မေးခွန်းများကိုမှာကြားပါ။

(အချင်းချင်းသင့်မြတ်ခြင်း၊ ညီညွတ်ခြင်း၊ စာနာနားလည်ခြင်း၊ ကိုယ်ချင်းစာတရားထားခြင်းတို့ကြောင့် အကျိုးဖြစ်ထွန်းစေသောပုံပြင်များနှင့် ရန်လိုခြင်း၊ မုန်းတီးခြင်းကြောင့် ဆိုးကျိုးဖြစ်စေသော ပုံပြင်များကို နှိုင်းယှဉ်လေ့လာရန် ဆရာကကြိုတင်ပြင်ဆင်ပါ။)

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၁၅) ရှိ မေးခွန်းနံပါတ် (၄) ကို ဖြေဆိုပါစေ။

❖ ဖြေဆိုချက်များကိုနားထောင်ပြီး ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၁၄) မှ အဓိကအချက်များကို ပြောပါ။

**အဓိကအချက်များ**

❖ ကဗျာ၏ဆိုလိုရင်းကို သေချာစွာနားလည်မှ မှန်ကန်စွာခံစားနိုင်မည်။

❖ ကဗျာပါ ခံစားမှုရသမှတစ်ဆင့် မိမိ၏အတွေးအမြင်၊ ရရှိသော သုတတို့ကို သတိပြုမိမှ ဆွေးနွေးဖော်ထုတ်နိုင်မည်။

## စာသင်ချိန် ၃

### ၁၊ ၃။ သုတကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ သုတများကို ဖော်ထုတ်ပြပြီး လက်တွေ့ဘဝနှင့် ဆက်စပ်သုံးသပ်တတ်ရန်

❖ ကဗျာမှရရှိသော အတွေ့အကြုံနှင့် မိမိပတ်ဝန်းကျင်၏အတွေ့အကြုံကို နှိုင်းယှဉ်ဝေဖန်အကဲဖြတ်တတ်ရန်

❖ ကဗျာ၏ ဦးတည်ချက်နှင့်တန်ဖိုးကို ဆွေးနွေးသုံးသပ်ပြီး အကဲဖြတ်မှတ်သားတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ စာသင်ချိန် (၂) တွင် ကဗျာ၏ ဗဟုသုတနှင့် ခံစားမှုတို့ကို ဖော်ထုတ်ဆွေးနွေးခဲ့ပြီးဖြစ်သည်။ ယခုစာသင်ချိန်တွင် ကဗျာ၏ဦးတည်ချက်၊ စာဆို၏ စေတနာရည်ရွယ်ချက်နှင့် မိမိတို့၏ လက်တွေ့ဘဝ အတွေ့အကြုံနှင့်ပတ်သက်ပြီး နှိုင်းယှဉ်ဝေဖန်အကဲဖြတ်ကြရမည်ဟုရှင်းပြပါ။

❖ ကဗျာမှရရှိသော ခံစားမှုနှင့် အတွေးအမြင်များကို ကျောင်းသားတစ်ဦးချင်းစီအား သိသမျှ ပြောပါစေ။

**သင်ကြားခြင်း** **၁၀ မိနစ်**

❖ ကဗျာတွင် ကျွဲနှစ်ကောင် ညောင်ပင်အောက်တွင် မြက်စားနေကြသော မြင်ကွင်းအရ စိတ်တွင် မည်သည်တို့ကို သတိပြုဆင်ခြင်မိသနည်း။

❖ အချင်းချင်းရန်မလိုခြင်းကြောင့် ရနိုင်သောအကျိုးရလဒ်သည် မည်သို့ဖြစ်နိုင်သနည်း။

❖ ရန်စောင်မုန်းတီးခြင်းကြောင့် ရနိုင်သောဆိုးကျိုးရလဒ်သည် မည်သို့ဖြစ်နိုင်သနည်း။

❖ ကဗျာပါ ကျွဲကျောင်းသားသည် မည်သည့်ရည်ရွယ်ချက်ဖြင့် ကျွဲသားနှစ်ကောင်ကို ခေါ်ဆောင်ခဲ့သနည်း။

❖ ကဗျာမှရရှိသောသုတများသည် လက်တွေ့ဘဝ၌ မည်သို့အသုံးချနိုင်မည်နည်း။ အဘယ်ကြောင့် မဖြစ်မနေလိုအပ်သည်ဟု ထင်သနည်း။

❖ မေးခွန်းများကို ကျောင်းသားအားလုံးဖြစ်စေ၊ အဖွဲ့လိုက်ခွဲဝေပေး၍ဖြစ်စေ သင့်လျော်သလို ဆောင်ရွက်ပါ။

❖ ဖြေဆိုချက်များကို စာရွက်များဖြင့်ရေးပြီး သင်ပုန်းတွင်ကပ်၍ တင်ပြပါစေ။ အခြားအဖွဲ့များက လှည့်လည်ကြည့်ရှုပြီး၊ ဖြည့်စွက်ခြင်း၊ ရှင်းပြခြင်း၊ ကိုယ်စားလှယ်က တာဝန်ယူဖြေကြားခြင်းကို ဆောင်ရွက်ပါစေ။

❖ ဖြေဆိုမှုများကို ခြုံငုံ၍ ဆရာက ပြန်လည်ရှင်းပါ။



DBE BOX

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ကျား၊ မ မျှတသော အုပ်စု ၂ စုဖွဲ့ပါ။

❖ အချင်းချင်းသင့်မြတ်ခြင်း၊ ညီညွတ်ခြင်း၊ စာနာနားလည်ခြင်း၊ ကိုယ်ချင်းစာတရားထားခြင်းတို့ကြောင့် အကျိုးဖြစ်ထွန်းစေသောပုံပြင်နှင့် မညီညွတ်ခြင်းကြောင့် ဆိုးကျိုးဖြစ်စေသောပုံပြင်ကို မိမိတို့သိသမျှ ဆွေးနွေးသုံးသပ်ကြရန်မှာကြားပါ။

❖ တစ်ဖွဲ့မှတင်ပြသော အကြောင်းအရာကို ကျန်အဖွဲ့များက မှတ်သားပြီး ပြန်လည်ဖြည့်စွက်ခြင်း၊ မေးမြန်းခြင်း၊ မှတ်ချက်ပေးခြင်းများ ပြုလုပ်နိုင်ရန် အချိန်ပေးပြီး ပြန်လည်ဆွေးနွေးပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

❖ အုပ်စု ၂ စုမှ ပြောပြသောအကြောင်းအရာနှင့် ပတ်သက်၍ ကျောင်းသားတစ်ဦးချင်းစီ၏ မှတ်မိနိုင်မှု၊ သုံးသပ်အကဲဖြတ်နိုင်မှုတို့ကို စစ်ဆေးပါ။

❖ ဆရာက လိုအပ်လျှင် ဖြည့်စွက်ကူညီပေးပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၁၅) ရှိ မေးခွန်းနံပါတ် (၅) ကိုဖြေဆိုပါစေ။

**အဓိကအချက်များ**

❖ ကဗျာ၏ရည်ရွယ်ချက်ကို နားလည်ပြီး စာဆို၏ စေတနာကို သုံးသပ်နိုင်ရမည်။

❖ ကဗျာမှရရှိသောအသိနှင့် လက်တွေ့ဘဝတို့ကို ဆက်စပ်၍သုံးသပ်မှတ်သားရမည်။

## စာသင်ချိန် ၄

### ၁၊ ၂။ ကဗျာ့သဘောနှင့် ကာရန်သဘောကို ရှင်းပြခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ကဗျာ့သဘောကို မှတ်သား၍ ရှင်းပြတတ်ရန်

❖ ကာရန်တူစကားလုံးများကို ရှာဖွေတတ်ပြီး ကာရန်ယူပုံကို ရှင်းပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ဆရာလမ်းညွှန်စာအုပ် ဆရာများအတွက်အမှာစာတွင်ပါဝင်သော ကဗျာ့သဘောကို ထပ်မံရှင်းပြပါ။

❖ ဆဋ္ဌမတန်းမှ ကဗျာသင်ခန်းစာအချို့နှင့် ကာရန်၏သဘောကို ပြန်လည်မေးမြန်း၍ သင်ခန်းစာကို မိတ်ဆက်ပါ။

❖ ဤကဗျာသည် ထားဝယ်တေးကဗျာပုံစံဖြစ်ကြောင်း ရှင်းပြပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ 'မယ်ဝေ့' ဟူသော စကား၏ အဓိပ္ပာယ်နှင့် အဘယ်ကြောင့် သုံးနှုန်းပြောဆိုကြောင်း ဆွေးနွေးပါစေ။

❖ ဒေသသုံးအသံဖြင့် ဖော်ပြသင်ကြားရခြင်း၏ ထင်မြင်ချက်ကို သုံးသပ်ပါစေ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ကျောင်းသားများကို ကျား၊ မ မျှတသောအုပ်စုဖွဲ့၍ ကာရန်စကားလုံးများကို ရှာဖွေပါစေ။

❖ ဆရာက ဦးဆောင်၍ ထားဝယ်သားတို့၏ အခြားသော ဒေသသုံးအသံကို အုပ်စုလိုက် ဆွေးနွေးပါစေ။

**သာဓက–** ကောန်းသား (ကျောင်းသား)၊ တောကြောန် (တောကြောင်)၊ သတန်း (သတင်း)

❖ ယခုစာသင်ချိန်တွင် ဖြေဆိုနိုင်ရန်ကျောင်းသားများကို ကဗျာမသင်မီက သက်ဆိုင်သည့် ထားဝယ်သား တို့၏ အကြောင်းနှင့်ပတ်သက်သော စာပေများကိုလေ့လာနိုင်ရန် ဆရာကကြိုတင်စုဆောင်းပြီး ကျောင်းသားများအားလေ့လာပါစေ။

❖ ဒေသသုံးအသံနှင့် ရေးထားသည့် စကားလုံးများနှင့် ကာရန်စကားလုံးများရှာဖွေပါစေ။

❖ ယခုစာသင်ချိန်တွင် လေ့လာသိရှိသော ဗဟုသုတအကြောင်းအရာကို မူတည်ပြီး သင့်လျော်သော လုပ်ငန်းပေး၍ အတန်းသို့ တင်ပြပါစေ။ ( စကားလုံးကတ်ပြားများယှဉ်တွဲခြင်း၊ ရုပ်ပုံနှင့်ယှဉ်တွဲခြင်း၊ ဒေသသုံးအသံနှင့် စာပေအသုံးယှဉ်တွဲခြင်း)

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ဆွေးနွေးချက်များအရ အတန်းသို့တင်ပြထားသည်များကို ဆရာက အကဲဖြတ်ပေးပါ။ ကူညီ လမ်းညွှန်ပေးပါ။

❖ ကျောင်းသားတစ်ဦးချင်းစီအား ဆွေးနွေးချက်များအပေါ် မူတည်ပြီး နားလည်မှု သုံးသပ်နိုင်မှုတို့ကို လေ့လာစစ်ဆေးပါ။

**အဓိကအချက်များ**

❖ ဒေသသုံးအသံနှင့် ကာရန်ချိတ်ဆက်မှုကိုနားလည်မှ အခြားသော ကဗျာအတွက် အထောက် အကူဖြစ်မည်။

❖ ဒေသန္တရဗဟုသုတ ပြည့်စုံရန် အတန်းတွင်းစာကြည့်တိုက် ဖန်တီးပေးရမည်။



DBE BOX

## စာသင်ချိန် ၅

### ၁၊ ၅။ လေ့ကျင့်ခန်းများဖြေဆိုခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

- ❖ ထားဝယ်တေးကဗျာမှတစ်ဆင့် ဒေသသုံးအသံများကိုလေ့လာပြီး စကားလုံးများ၏ ဆိုလိုရင်းကို ရှင်းပြတတ်ရန်
- ❖ အဓိပ္ပာယ်ပေါ်လွင်သည့် အသုံးအနှုန်းဖြင့် ဖန်တီးရေးသားတတ်ရန်
- ❖ မေးခွန်းနှင့် ဆက်စပ်ပြီး လက်တွေ့ဘဝတွင် အသုံးချရေးသားတတ်ရန်
- ❖ မိမိ၏ခံစားချက်များကို စာဖတ်သူစိတ်ဝင်စားအောင် ရေးသားတင်ပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၃ မိနစ်

- ❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းများကို ဖြေဆိုကြရာတွင် မိမိအရည်အချင်းဖြင့် တစ်ဦးချင်း ဖြေဆိုရမည့် မေးခွန်းနှင့် အုပ်စုလိုက်ဖြေဆိုရမည့် မေးခွန်းများလည်း ပါဝင်နေသည်ကိုပြောပြပါ။
- ❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၁၅) ရှိ မေးခွန်းနံပါတ် (၃)၊ (၄)၊ (၅)တို့ကို ယခင် စာသင်ချိန်တွင် ဖြေဆိုခဲ့ကြပြီးဖြစ်သည်။

**သင်ကြားခြင်း** ၁၅ မိနစ်

- ❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၁၅) ရှိ မေးခွန်းနံပါတ် (၁) ကိုဖြေဆိုနိုင်ရန်နှင့် ထိုမေးခွန်းနှင့် ဆက်စပ်၍ ထားဝယ်တေးကဗျာနှင့် အခြားတိုင်းရင်းသားကဗျာစာပေများမှ ပုံစံတူမေးခွန်းများ ဖန်တီးပေးပါ။
- ❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၁၅) ရှိ မေးခွန်းနံပါတ် (၂) ကို တစ်ဦးချင်းစီ ဖြေဆိုပါစေ။

**လေ့ကျင့်ခြင်း** မိနစ် ၂၀

- ❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၁၅) ရှိ မေးခွန်းနံပါတ် (၆) ကိုတစ်ဦးချင်းဖြေဆိုနိုင်ရန် အုပ်စုဖွဲ့ ဆွေးနွေးစေပြီး တစ်ဦးနှင့်တစ်ဦး အကြောင်းအရာ ကွဲပြားခြားနားမှုရှိပါစေ။
- ❖ အားနည်းချက်ရှိသော ကျောင်းသားများအတွက် ယခုစာသင်ချိန်တွင် ရေးသားနိုင်ရန် ဆရာက ပြောပြခြင်း၊ လမ်းညွှန်ပေးခြင်း၊ ဖတ်မှတ်စေခြင်းများ ပြုလုပ်ပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** ၇ မိနစ်

- ❖ တစ်ဦးချင်းစီ၏ ဖြေဆိုချက်များကို အတန်းသို့ ဆရာက အကဲဖြတ်သုံးသပ်ပေးပါ။
- ❖ တစ်ဦးချင်းစီ ဖြေဆိုမှုများကို အခြားသူများက ထင်မြင်ချက်များ၊ သုံးသပ်ချက်များ ဆွေးနွေးပါစေ။

## အဓိကအချက်များ

- ❖ လေ့ကျင့်ခန်းဖြေဆိုရာတွင် စကားလုံးတို့၏အဓိပ္ပာယ်ပေါ်လွင်သော အရေးအသားဖြစ်ရမည်။
- ❖ ချဲ့ထွင်မေးခွန်းများအရ အသုံးအနှုန်းကို စဉ်းစားသုံးသပ်ပြီး အတွေးအမြင်မှန်ကန်ရမည်။
- ❖ ပြေပြစ်သော စာဟန်ဖြင့် ရေးသားရမည်။

## ကျွဲသားနှစ်ကောင် (ထားဝယ်တေးကဗျာ) ကိုပြန်လည်သုံးသပ်ခြင်း

**ကျွဲသားနှစ်ကောင်**

**ကဗျာကိုရွတ်ဆိုပြီး ဆိုလိုရင်းကို ရှင်းပြခြင်း**

- ❖ ကဗျာရွတ်ဆိုလျှင် အသံနေအသံထား၊ အဖြတ်အရပ်မှန်ကန်ရမည်။
- ❖ ရေးထားသည့် ဒေသသုံးစာသားအတိုင်း ရွတ်ဆိုရမည်။
- ❖ ရွတ်ဆိုခြင်းနှင့် ဆိုလိုရင်းရှင်းပြရာတွင် လွယ်ကူစွာ ခံစားနားလည်နိုင်ရမည်။
- ❖ အကြောင်းအရာကို မြင်သာစေရမည်။

**ကဗျာ၏ခံစားမှုအရသာကို ရှင်းပြပြီး သုတကိုဖော်ထုတ်ခြင်း**

- ❖ ကဗျာ၏ဆိုလိုရင်းကို သေချာစွာ နားလည်မှ မှန်ကန်စွာခံစားနိုင်မည်။
- ❖ ကဗျာပါ ခံစားမှုရသမှတစ်ဆင့် မိမိ၏ အတွေးအမြင်၊ ရရှိသော သုတတို့ကို သတိပြုမိမှ ဆွေးနွေးဖော်ထုတ်နိုင်မည်။

**သုတရသကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း**

- ❖ ကဗျာ၏ရည်ရွယ်ချက်ကို နားလည်ပြီး စာဆို၏ စေတနာကို သုံးသပ်နိုင်ရမည်။
- ❖ ကဗျာမှရရှိသောအသိနှင့် လက်တွေ့ဘဝတို့ကို ဆက်စပ်၍သုံးသပ်မှတ်သားရမည်။

**လေ့ကျင့်ခန်းများဖြေဆိုခြင်း**

- ❖ လေ့ကျင့်ခန်းဖြေဆိုရာတွင် စကားလုံးတို့၏အဓိပ္ပာယ် ပေါ်လွင်သော အရေးအသား ဖြစ်ရမည်။
- ❖ ချဲ့ထွင်မေးခွန်းများအရ အသုံးအနှုန်းကို စဉ်းစား သုံးသပ်ပြီး အတွေးအမြင် မှန်ကန်ရမည်။
- ❖ ပြေပြစ်သော စာဟန်ဖြင့် ရေးသားရမည်။

**ကဗျာ့သဘောနှင့် ကာရန်သဘောကို ရှင်းပြခြင်း**

- ❖ ဒေသသုံးအသံနှင့် ကာရန်ချိတ်ဆက်မှုကို နားလည်မှ အခြားသော ကဗျာအတွက် အထောက်အကူဖြစ်မည်။
- ❖ ဒေသန္တရဗဟုသုတ ပြည့်စုံရန် အတန်းတွင်း စာကြည့်တိုက် ဖန်တီးပေးရမည်။

## ရည်ညွှန်းစာအုပ်များ

- ❖ အောက်ပါရည်ညွှန်းစာအုပ်စာတမ်းများကို ဖတ်ရှုနိုင်ပါက မိမိတွင်ဗဟုသုတတိုးပွားပြီး သင်ကြားမှုကို ပိုမိုထိရောက်စေနိုင်ပါသည်။
- ❖ ကဗျာဖွဲ့နည်းစာအုပ်များ


၁။ မင်းသုဝဏ်။ (၂၀၁၇)။ ကဗျာရေးချင်စာစပ်သင်။ စာကြည့်တိုက်စာစဉ် ၈၈၊ the key collection press.

၂။ တင်မိုး။ (၁၉၈၃)။ မြန်မာကဗျာစာတမ်းများ။ ဒုတိယတွဲ၊ စာပေဗိမာန်။

၃။ ကိုဇော်(ရန်ကုန်တက္ကသိုလ်)။ (၂၀၁၁)။ ထားဝယ်ရိုးရာတေး။ ရွှေကုံကော်စာပေ။


DBE BOX

## ၅။ သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များ (ဆောင်းပါး၊ သုတစကားပြေ)

စုစုပေါင်းစာသင်ချိန် ၅ ချိန်၊ တစ်ချိန် ၄၅ မိနစ်

### သင်ယူမှုရလဒ်များ

- ❖ မိမိနိုင်ငံ၏ သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းတတ်လာမည်။
- ❖ သုတဆောင်းပါးတို့၏ သဘောသဘာဝကိုသိရှိလာမည်။
- ❖ ဆောင်းပါးကပေးသော အသိသညာများကိုသိရှိလာမည်။

### သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

- ❖ ဆောင်းပါးနှင့်ပတ်သက်သည့် သဘောတရားကို ကြိုတင်ဖတ်ထားခြင်း။
- ❖ ယခုစာသင်ချိန်သင်ကြားမည့်သုတဆောင်းပါး၏ သဘောလက္ခဏာများကို မှတ်စုထုတ်ထားခြင်း။
- ❖ ဗဟုသုတပေးသည့် စာပိုဒ်အချို့ကို ထုတ်နုတ်၍ ကတ်ပြား၌ရေးမှတ်ထားခြင်း။

### ရရှိစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ

- ❖ သုတစကားပြေကို အသံတိတ်ဖတ်၍ စာရေးသူ၏ ဗဟုသုတအချက်များကို အုပ်စုလိုက်ရှာဖွေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှုစွမ်းရည်
- ❖ ပတ်ဝန်းကျင်၌ တွေ့မြင်၊ ကြားသိခဲ့ရသည့် ရှေးဟောင်းအမွေအနှစ်အချို့ကို ပြန်စဉ်းစား၍ အချင်းချင်း အပြန်အလှန်ပြောခြင်းဖြင့် ဆက်သွယ်မှုစွမ်းရည်
- ❖ အခြားအုပ်စုများ၏ ပြောဆိုချက်များကို နားထောင်အကဲဖြတ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်
- ❖ ရှေးဟောင်းအမွေအနှစ် ရုပ်ပုံကားချပ်များကို ကိုယ်တိုင်စုဆောင်း၍ ရုပ်ပုံကားချပ်ပြုလုပ်ခြင်းဖြင့် ဖန်တီးမှုစွမ်းရည်တို့ကိုရရှိလာမည်။

## စာသင်ချိန် ၁

### ၁၊ ၁။ စကားပြေဖတ်ခြင်းနှင့် နားထောင်ခြင်း

### သင်ခန်းစာရည်ရွယ်ချက်များ

- ❖ စကားပြေတစ်ပုဒ်ကို အဖြတ်အရပ်မှန်မှန် ဖတ်တတ်စေရန်
- ❖ စကားပြေဖတ်သောအသံနှင့် အကြောင်းအရာကို သဘောပေါက်အောင်နားထောင်တတ်ရန်



DBE BOX

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

- ❖ ဆရာက ကျောင်းသားများကို ယခုစာသင်ချိန်တွင် သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များအကြောင်း ရေးထားသည့် ဆောင်းပါးကိုသင်ယူကြရမည်ဖြစ်ကြောင်း၊ သုတစကားပြေကို ဗဟုသုတ အသိပညာ တိုးပွားအောင် သင်ကြားခြင်းဖြစ်ကြောင်းနှင့် သုတစကားပြေ၏ စိတ်ဝင်စားဖွယ်ကောင်းပုံကို ဖတ်ကြည့်၊ နားထောင်ကြည့်ရမည်ဟု ပြောပြမိတ်ဆက်ပါ။

**သင်ကြားခြင်း** ၁၀ မိနစ်

- ❖ ဆရာက ဆောင်းပါး၊ သုတစကားပြေကို လေယူလေသိမ်းမှန်မှန်နှင့် ဖတ်ပြပါ။
- ❖ ကျောင်းသားများစိတ်ဝင်စားအောင်ဖတ်ပြပါ။
- ❖ ဆရာက တစ်ပိုဒ်ဖတ်ပြီးတိုင်း ကျောင်းသားများအား တစ်တန်းလုံးပြန်ဖတ်ပါစေ။

**လေ့ကျင့်ခြင်း** မိနစ် ၂၀

- ❖ ကျောင်းသားအားလုံးကို အသံနေအသံထား၊ အဖြတ်အတောက်မှန်မှန်ဖြင့် အစအဆုံးတစ်ခေါက် ဖတ်ပါစေ။
- ❖ ထိုသို့ဖတ်နေစဉ် ကျောင်းသားများ၏ ပါးစပ်အဖွင့်အပိတ်ကိုကြည့်၍ ပါဝင်ရွတ်ဆိုခြင်း ရှိ မရှိကို ဆရာက လေ့လာမှတ်သားပါ။
- ❖ ကျောင်းသားများကို အုပ်စု ၂ စုဖွဲ့ပါ။
- ❖ တစ်ဖွဲ့ကဖတ်၍ ကျန်တစ်ဖွဲ့ကနားထောင်ကာ လိုအပ်သည်များကို ဖြည့်စွက်ပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၁၀ မိနစ်

- ❖ ဆရာက အုပ်စုအသီးသီးမှ ကျောင်းသားတစ်ယောက်စီကို ရွေးထုတ်ပြီး တစ်လှည့်စီဖတ်ပါစေ။
- ❖ ကျောင်းသားများစာဖတ်နေစဉ် ကျန်အဖွဲ့က နားထောင်ပါစေ။
- ❖ ဆရာက အသံအနိမ့်အမြင့် အဖြတ်အတောက်ပီသစွာ ဖတ်နိုင်ခြင်း ရှိ၊ မရှိ စစ်ဆေးပါ။

**အဓိကအချက်များ**

- ❖ စကားပြေတစ်ပုဒ်ကို အဖြတ်အရပ်မှန်မှန်ဖြင့် နားထောင်သူ စိတ်ဝင်စားအောင်ဖတ်ရမည်။
- ❖ အာရုံစိုက်၍ သဘောပေါက်အောင် နားထောင်ရမည်။ ဖတ်ရမည်။



DBE BOX

## စာသင်ချိန် ၂

### ၁၊ ၂။ ဆောင်းပါးအချက်အလက်များကိုရှင်းပြခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

- ❖ စကားပြေကပေးသော အသိအမြင်များကို ဖော်ပြတတ်ရန်
- ❖ သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များမှာ တန်ဖိုးကြီးမား၍ ထိန်းသိမ်းစောင့်ရှောက်ကြရမည်ကို လိုက်နာကျင့်သုံးတတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

- ❖ ရှေးလူတို့၏ အသုံးအဆောင်ပစ္စည်းနှင့် ရှေးဟောင်းစာပေများကို စနစ်တကျစုဆောင်းထိန်းသိမ်းထားရှိသင့်ကြောင်း ပြောပြပါ။ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ဗဟုသုတအဖြစ် ရှာဖွေလေ့လာသင့်ကြောင်းပြောပြမည်။

**သင်ကြားခြင်း** ၁၅ မိနစ်

- ❖ ဆရာက ဆောင်းပါးတွင်ပါရှိသည့် ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် ရှေးမြို့တော်ဟောင်းကြီးများကို စိတ်ဝင်စားဖွယ်ဖြစ်အောင်ရှင်းပါ။
- ❖ ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှု

  ဒြပ်ရှိသည်ကိုင်တွယ်၍ရခြင်း၊ ဒြပ်မဲ့သည်ကိုင်တွယ်၍ မရခြင်းဖြစ်သည်။

**ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်**

ဥပမာ–

- ❖ ရှေးမြို့ရိုး၊ နန်းတော်၊ ကျုံး၊ မြောင်း၊ ခံတပ်၊ မျှော်စင်၊ သချိုင်းဂူ၊ ကျောက်စာ၊ နံရံဆေးရေးမင်စာ၊ ပုရပိုက်စာ – စသည်များ

**ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်**

ဥပမာ–

- ❖ အစဉ်အလာအားဖြင့် ထိန်းသိမ်းတည်ရှိလာသော ဓလေ့ထုံးတမ်းစဉ်လာများ၊ မြန်မာတို့၏ ပင်ကိုစိတ်ရင်းများ

**လေ့ကျင့်ခြင်း** မိနစ် ၂၀

- ❖ ကျား၊ မ မျှတမှုရှိသော အုပ်စု ၃ စု ဖွဲ့ပါ။
- ❖ အုပ်စု (၁) ကို စကားပြေပါ ရှေးမြို့တော်ဟောင်းကြီးများအကြောင်း
- ❖ အုပ်စု (၂) ကို စကားပြေပါ မြို့ရိုး၊ ကျုံး၊ မျှော်စင်အကြောင်း



DBE BOX

❖ အုပ်စု (၃) ကို စကားပြေပါ မျှော်စင်နှင့် ကျောင်းသားများ ယခုတွေ့ဖူးသည့် မျှော်စင်တို့၏ ကွာခြားချက်ကို အဖွဲ့လိုက်ဆွေးနွေးစေပြီး အတန်းသို့တင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ အုပ်စု (၁) ၏ ရှင်းလင်းချက်ကို အုပ်စု (၂) က (၃) ကို မေးပါ။ (အုပ်စုလိုက်လှည့်လည်မေးမြန်းပါ။)

❖ လိုအပ်သည်များရှိလျှင် ဆရာကဖြည့်စွက်ပါ။

**အဓိကအချက်များ**

❖ ရှေးမြို့တော်ဟောင်းကြီးများသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖြစ်သည်။

❖ မြို့ရိုး၊ ကျုံး၊ မြောင်း၊ မျှော်စင် စသည်တို့သည် ဒြပ်ရှိယဉ်ကျေးမှုများ ဖြစ်သည်။

❖ အစဉ်အလာယဉ်ကျေးမှုဓလေ့များနှင့် မြန်မာတို့၏စိတ်ရင်းများသည် ဒြပ်မဲ့ယဉ်ကျေးမှုများ ဖြစ်သည်။

## စာသင်ချိန် ၃

### ၁၊ ၃။ ဗဟုသုတများကိုဖော်ထုတ်ခြင်း

**သင်ခန်းစာမိတ်ဆက်** **၁၅ မိနစ်**

❖ ဆောင်းပါးတစ်ပုဒ်တွင် အကြောင်းအရာအချက်အလက်များကို ချိတ်ဆက်၍ စီစဉ်ရေးသားရကြောင်း၊ သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များဆောင်းပါးတွင် အချက်အလက်များကို စီစဉ်၍ အဓိကဖော်ပြလိုသည့် ရည်ရွယ်ချက်ပေါ်လွင်အောင် ရေးသားထားပုံကို ရှင်းပြမည်ဖြစ်ကြောင်းမိတ်ဆက်ပါ။

❖ အဓိကအချက်အချို့ကို ဆရာက သာဓကပြသည့်အနေဖြင့် သင်ပုန်းပေါ်တွင်ရေးပြပါ။

❖ သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များဆောင်းပါးမှ အဓိကအချက်အလက်အချို့

- ◆ သမိုင်းဝင်ပစ္စည်းများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရပုံ
- ◆ ဘိုးဘေးဘီဘင်အစဉ်အဆက်က ၎င်းတို့၏ ရေမြေ၊ ခေတ်စနစ်၊ ပတ်ဝန်းကျင်နှင့် ဆီလျော်စွာ ဖြည်းဖြည်းချင်းတည်ထောင်ဖန်တီးခဲ့ပုံ
- ◆ သမိုင်းဝင်ပစ္စည်းများတွင် ရှေးမြို့ရိုး၊ နန်းတော်၊ ကျုံးမြောင်း၊ ခံတပ်၊ မျှော်စင်၊ သင်္ချိုင်းဂူ အဆောက်အအုံများပါဝင်ပုံ
- ◆ ကျောက်စာ၊ နံရံဆေးရေးမင်စာ၊ ပုရပိုက်စာ၊ ပေစာ၊ စာခွေ၊ စာချွန်၊ စာချုပ်စာတမ်းတို့ စနစ်တကျ ထိန်းသိမ်းကြပုံ



DBE BOX

◆ ရှေးခေတ်မင်းနေပြည်တော်များရှိကြပုံ

◆ သဘာဝဘေးအန္တရာယ်ကို ကာကွယ်စောင့်ရှောက်ပုံ

◆ မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းရင်းသားပြည်သူအပေါင်းက လုပ်အားအလှူ ငွေကြေးအလှူများဖြင့် ရှေးဟောင်းစေတီပုထိုးများကို ရှေးမူမပျက်စုပေါင်းပြင်ဆင်ခဲ့ကြပုံ

◆ မိမိတို့၏ သမိုင်းအမွေအနှစ်နှင့် ယဉ်ကျေးမှုအမွေအနှစ်တို့ကို မိမိတို့ကိုယ်တိုင်ထိန်းသိမ်းကြပုံ (ကျန်အချက်အချို့အား ကျောင်းသားများကို ထုတ်ကြည့်ပါစေ။)

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ ထိုအချက်အလက်များကို အထောက်အထားဖြင့် စီစဉ်ရေးသားကြောင်း သမိုင်းဆိုင်ရာ ယဉ်ကျေးမှုဆိုင်ရာ အချက်အလက်များကို တွေ့ရကြောင်းရှင်းပြပါ။

**လေ့ကျင့်ခြင်း** **၁၀ မိနစ်**

❖ အထက်က အချက်များကို သင်ပုန်းပေါ်တွင် ရေးပြီး ကျား၊ မ မျှတစွာ အုပ်စုဖွဲ့၍ဆွေးနွေးပါ။

❖ အုပ်စုတစ်စုစီကို သမိုင်းဝင်ပစ္စည်းရုပ်ပုံကားချပ်ပါစာရွက်များအား နံရံတွင် ကပ်ထားနိုင်ပါသည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅မိနစ်**

❖ အုပ်စုတစ်စုက တစ်ဦးချင်းစီကိုမေးပါ။

❖ သမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်များအကြောင်းရှင်းပြပါစေ။

❖ လိုအပ်လျှင် ဆရာက သုံးသပ်ပြောပြပါ။

**အဓိကအချက်များ**

❖ ဆောင်းပါးသည် ဗဟုသုတရဖွယ်သိမှတ်ဖွယ်ရာများပါသော စာမျိုးဖြစ်သည်။

❖ သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များကို သိရှိစေခြင်းဖြစ်ပါသည်။

## စာသင်ချိန် ၄

### ၁၊ ၄။ သုတများကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

❖ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို တန်ဖိုးထား ကာကွယ်ထိန်းသိမ်းတတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

- ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များသည် ကျောင်းသားများအတွက် တန်ဖိုးရှိသော ဗဟုသုတများ ဖြစ်ကြောင်း၊ မည်သို့ထိန်းသိမ်းရမည်ကို စဉ်းစားသုံးသပ် အကဲဖြတ်တတ်ရန် ဖြစ်ကြောင်း ရှင်းပြပါ။

**သင်ကြားခြင်း** ၁၀ မိနစ်

- သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များ စကားပြေသည် သုတဆောင်းပါးဖြစ်ကြောင်း ရှင်းပြပါ။
- စာသင်ချိန် (၃) ၌သင်ကြားခဲ့သော အချက်အလက်များကိုပြော၍ အဘယ်ကြောင့် တန်ဖိုးထား ကာကွယ် ထိန်းသိမ်းသင့်ကြောင်းသုံးသပ်ပြပါ။

**လေ့ကျင့်ခြင်း** မိနစ် ၂၀

- ကျောင်းသားများကို အုပ်စု ၃ စုဖွဲ့ပါ။

 (၁) ရှေးဟောင်းမင်းနေပြည်တော်များ တည်ရှိသောနေရာများ

 (၂) ပျက်စီးစေသည့်အကြောင်းရင်းများ

 (၃) ကာကွယ်ထိန်းသိမ်းသင့်ပုံတို့ကို အဖွဲ့လိုက် သုံးသပ်တင်ပြခိုင်းပါ။ ကျန်အဖွဲ့များက အကဲဖြတ်ပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၁၀ မိနစ်

- ကျောင်းသားတင်ပြနေစဉ် ဆရာက လိုက်လံစစ်ဆေးအကဲဖြတ်ပါ။
- လိုအပ်ချက်ရှိပါက စာသင်ချိန် (၅) တွင် ထပ်မံရှင်းပြပါ။

**အဓိကအချက်များ**

- ရှေးဟောင်းယဉ်ကျေးမှုများရှိကြောင်းသိရှိလာမည်။
- သမိုင်းဝင် အဆောက်အအုံများသည် နေရာအနှံ့အပြားတွင်ရှိသည်။

## စာသင်ချိန် ၅

### ၁၊ ၅။ လေ့ကျင့်ခန်းများဖြေဆိုခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

- စကားလုံး၏ အဓိပ္ပာယ်ပေါ်လွင်စေသည့် ဝါကျတစ်ကြောင်းကို ဖန်တီးရေးသားတတ်ရန်
- စကားလုံးများ၏ တူညီမှု၊ ကွဲပြားမှုများကို နှိုင်းယှဉ်ကြည့်တတ်ရန်



DBE BOX

❖ မိမိပြောချင်သည့် အကြောင်းအရာတစ်ခုကို အစီအစဉ်တကျ တင်ပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ယခုစာသင်ချိန်တွင် သင်ခန်းစာပါ လေ့ကျင့်ခန်းများကို ဖြေဆိုရမည်ဖြစ်ကြောင်းနှင့် ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၀) ရှိ မေးခွန်းနံပါတ် (၁) အတွက် ဖြေဆိုပုံကို သင်ကြားပေးမည်ဖြစ်ကြောင်းရှင်းပြပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ မြန်မာဘာသာစကားတွင် အသံထွက်တူသော်လည်း စာလုံးပေါင်းသတ်ပုံနှင့် အနက်အဓိပ္ပာယ် မတူသော (သံတူကြောင်းကွဲ) စကားလုံးများရှိကြောင်း၊ ထိုစကားလုံးများကို သူ့နေရာနှင့်သူ မသုံးလျှင် စာလုံးပေါင်းသတ်ပုံနှင့် အဓိပ္ပာယ် မှားယွင်းတတ်ကြောင်းရှင်းပြပါ။

❖ တတ် – တတ်ကျွမ်း၊ တတ်စွမ်း၊ တတ်တိုင်း

တက် – တက္ကသိုလ်၊ တက်ခေတ်၊ တက်တက်စင်

တပ် – တပ်ငြိ ၊ တပ်ကြပ်၊ တပ်မှူး စသော စကားလုံးများဖြစ်ကြောင်းရှင်းပြပါ။

**လေ့ကျင့်ခြင်း** **၁၅ မိနစ်**

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၀) ရှိ မေးခွန်းနံပါတ် (၁) ကို လေ့ကျင့်ခန်းစာအုပ်တွင် ဖြေပါစေ။ လေ့ကျင့်ခန်း၌ပေးထားသည့် စကားလုံးများမှာ ကျောင်းသုံးစာအုပ်တွင်ပါသည့် စကားလုံးများဖြစ်ကြောင်း၊ ကျောင်းသုံးစာအုပ်၌ မည်သို့သုံးစွဲထားသည်ကို စဉ်းစားပြီး အုပ်စုလိုက်တွဲစပ် ကြည့်နိုင်ကြောင်းပြောပြပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

❖ ကျောင်းသားများဖြေဆိုနေစဉ် လိုက်လံကြည့်ရှု အကဲခတ်ပါ။ အားနည်းသည့် ကျောင်းသားကို တွဲစပ်နိုင်သည့်စကားလုံး၊ မတွဲစပ်နိုင်သည့်စကားလုံးအချို့ကိုပြောပြပြီး ထိုအထဲမှရွေး၍ တွဲစပ်ပါစေ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၀) ရှိ မေးခွန်းနံပါတ် (၂)၊ (၃) ကို ဖြေဆိုပါစေ။

**အဓိကအချက်များ**

❖ စာလုံးပေါင်းသတ်ပုံမှားလျှင် အဓိပ္ပာယ်မှားယွင်းသည်။

❖ စကားလုံးများ၏အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာဖွေရမည်။

❖ ဝါကျများကို ဆိုလိုသောအဓိပ္ပာယ်ရောက်အောင် ရေးနိုင်ရမည်။

## သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များ (ဆောင်းပါး၊ သုတစကားပြေ)ကို ပြန်လည်သုံးသပ်ခြင်း

**သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များ**

**စကားပြေဖတ်ခြင်းနှင့် နားထောင်ခြင်း**

- စကားပြေတစ်ပုဒ်ကို အသံနေအသံထား၊ အဖြတ်အရပ်မှန်မှန်ဖြင့် နားထောင်သူ စိတ်ဝင်စားအောင်ဖတ်ရမည်။
- အာရုံစိုက်၍ သဘောပေါက်အောင် နားထောင်ရမည်၊ ဖတ်ရမည်။

**ဆောင်းပါး အချက်လက်များကို ရှင်းပြခြင်း**

- ရှေးမြို့တော်ဟောင်းကြီးများသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖြစ်သည်။
- မြို့ရိုး၊ ကျုံး၊ မြောင်း၊ မျှော်စင် စသည်တို့သည် ဖြပ်ရှိ ယဉ်ကျေးမှုများ ဖြစ်သည်။
- အစဉ်အလာ ယဉ်ကျေးမှုဓလေ့များ နှင့် မြန်မာတို့၏စိတ်ရင်းများသည် ဖြပ်မဲ့ယဉ်ကျေးမှုများဖြစ်သည်။

**သုတများကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း**

- ဆောင်းပါးသည် ဗဟုသုတ ရဖွယ်သိမှတ်ဖွယ်ရာများပါသော စာမျိုးဖြစ်သည်။
- ယဉ်ကျေးမှုအမွေအနှစ်များကို သိရှိစေခြင်းဖြစ်ပါသည်။

**လေ့ကျင့်ခန်းများဖြေဆိုခြင်း**

- စာလုံးပေါင်းသတ်ပုံ များလျှင် အဓိပ္ပာယ်မှားယွင်း သည်။
- စကားလုံးများ၏အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာဖွေ ရမည်။
- ဝါကျများကို ဆိုလိုသော အဓိပ္ပာယ်ရောက်အောင် ရေးနိုင်ရမည်။

**ဗဟုသုတများကိုဖော်ထုတ်ခြင်း**

- ရှေးဟောင်းယဉ်ကျေးမှုများ ရှိကြောင်းသိရှိလာမည်။
- သမိုင်းဝင် အဆောက်အအုံ များသည် နေရာအနှံ့အပြား တွင်ရှိသည်။

DBEBOX

## ရည်ညွှန်းစာအုပ်များ

❖ အောက်ပါရည်ညွှန်းစာအုပ်စာတမ်းများကို ဖတ်ရှုနိုင်ပါက မိမိတွင်ဗဟုသုတတိုးပွားပြီး သင်ကြားမှုကို ပိုမိုထိရောက်စေနိုင်ပါသည်။

၁။ အောင်ကြိုင်၊ (မင်းဘူး)။ (၁၉၉၃)။ ပုဂံခေတ် ဗိသုကာလက်ရာများ။ စာပေဗိမာန်။

၂။ မင်းယုဝေနှင့် တိုက်စိုး။ (၁၉၉၉)။ ပုဂံ။ ရာပြည့်စာအုပ်တိုက်။

DBE BOX

## ၆။ ပြည်ထောင်စုရတနာများ (အချိုးတွဲကဗျာ)

**စုစုပေါင်းစာသင်ချိန် ၅ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

**သင်ယူမှုရလဒ်များ**

- ❖ ကဗျာကိုရွတ်ဆို၍ အဓိပ္ပာယ်ကို ပြောပြတတ်မည်။
- ❖ ကဗျာပါစကားလုံး၏ အနက်အဓိပ္ပာယ်ကိုသိရှိပြီး သုတကိုဖော်ထုတ်တတ်လာမည်။
- ❖ ကဗျာပါအကြောင်းအရာသာမက မိမိတို့တိုင်းရင်းသားအကြောင်းကို ပိုမိုပြောပြတတ်လာမည်။
- ❖ အခြားကာရန်တူစကားလုံးများကို ဖန်တီးရေးသားတတ်မည်။

**သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း**

- ❖ တိုင်းရင်းသားလူမျိုးများပုံပါဝင်သော မြန်မာနိုင်ငံမြေပုံ
- ❖ လူမှုကွန်ရက်မှ ရရှိနိုင်သော တိုင်းရင်းသားရုပ်ပုံများ

**ရရှိစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- ❖ ကဗျာကို အုပ်စုလိုက် ရွတ်ဖတ်ဆွေးနွေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှုစွမ်းရည်
- ❖ ကဗျာမှတွေ့ရသည့်အချက်အလက်များကို စဉ်းစား၍ အချင်းချင်းအပြန်အလှန်ဆွေးနွေးစေခြင်းဖြင့် ဆက်သွယ်မှုစွမ်းရည်
- ❖ အခြားအုပ်စုများ၏ ပြောဆိုချက်များကို အကဲဖြတ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်
- ❖ ကဗျာပါကာရန်တူစကားလုံးသစ်များကို ရေးသားခြင်းဖြင့် ဖန်တီးမှုစွမ်းရည်

တို့ကိုရရှိလာမည်။

**စာသင်ချိန် ၁**

### ၁၊ ၁။ ကဗျာရွတ်ဆိုပြီး ဆိုလိုရင်းကိုရှင်းပြခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

- ❖ ကဗျာကိုရွတ်၍ အဓိပ္ပာယ်ကိုရှင်းပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

- ❖ ဆရာကကျောင်းသားများကို တိုင်းရင်းသားတွေနဲ့ပတ်သက်တဲ့ ဘယ်လိုကဗျာမျိုးကိုသင်ကြားခဲ့ဖူးသလဲဟု မေးပါ။ (ကျောင်းသားများလွတ်လပ်စွာဖြေဆိုပါစေ။)



DBE BOX

❖ ကျောင်းသားများကို မိမိသိသောတိုင်းရင်းသားလူမျိုးများအကြောင်း သိသလောက်ပြောပြပါစေ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ ပြည်ထောင်စုရတနာများကဗျာကို ဆရာကဦးဆောင်ပြီး အသံနေအသံထားမှန်မှန်ရွတ်ဆိုပြပါ။ (၂ ကြိမ်ခန့်)

❖ ကျောင်းသားအားလုံးကိုပြန်လည်ရွတ်ဆိုပါစေ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ စာသင်ခန်းအနေအထား၊ ကျောင်းသားဦးရေ အနေအထားပေါ်မူတည်ပြီးအုပ်စု ၅ စုဖွဲ့ပါ။

❖ ဆရာက ကလေးများကိုသင့်လျော်သလိုစာပိုဒ်များခွဲပေးကာအုပ်စုလိုက် ရွတ်ဆိုပြီးအဓိပ္ပာယ်ကို အုပ်စုမှ တစ်ဦးကပြောပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ကျောင်းသားများကို အုပ်စုလိုက်ပြန်လည်ရွတ်ဆိုပါစေ။

❖ ကျောင်းသားများရွတ်ဆိုနေစဉ် ဆရာက အကဲဖြတ်ပါ။

**အဓိကအချက်**

❖ ကဗျာကို အဖြတ်အရပ်မှန်မှန်ရွတ်ဆိုပြီး ကဗျာအဓိပ္ပာယ်ထင်မြင်ချက်ကို ပြောရမည်။

## စာသင်ချိန် ၂

## ၁၊ ၂။ ကဗျာ၏ခံစားမှုအရသာကိုရှင်းပြပြီး သုတကိုဖော်ထုတ်ခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

❖ ကဗျာကပေးသောရသကိုခံစား၍ သုတကိုပြောပြတတ်ရန်

❖ ကဗျာကို စကားပြေပြန်ပြော၍ ရေးသားနိုင်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ပြည်ထောင်စုရတနာများဟူသည်မှာ မြန်မာနိုင်ငံတွင်နေထိုင်သော တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံတို့၏ အထိမ်းအမှတ် ရိုးရာဓလေ့အကများကို တင်စားခေါ်ဝေါ်ကြောင်းရှင်းပြပါ။

❖ တိုင်းရင်းသားများတွင် မိမိတို့ကိုးကွယ်ရာဘာသာ၊ ယဉ်ကျေးမှုရိုးရာအကများ ရှိကြောင်း မိတ်ဆက်ပါ။

**သင်ကြားခြင်း**　　**၁၅ မိနစ်**

❖ ဆရာက ကဗျာကိုအစအဆုံး တစ်ခေါက်ရွတ်ဆိုပြမည်။ ဆရာရွတ်ဆိုနေစဉ်အတွင်း အဓိပ္ပာယ်မသိသည့် စကားလုံးများကို ကျောင်းသုံးစာအုပ်၌လိုက်၍မှတ်သားထားရန် ညွှန်ကြားပါ။

❖ ကျောင်းသားများသိလိုသည့် စကားလုံး၏အဓိပ္ပာယ်ကို ခက်ဆစ်အကူအညီ၊ အဘိဓာန်စာအုပ်အကူအညီဖြင့်လည်းကောင်း၊ သင်ထောက်ကူရုပ်ပုံကားချပ်များ၏အကူအညီဖြင့်လည်းကောင်း ရှင်းပါ။

- ◆ မြန်မာနိုင်ငံတွင် ပြည်ထောင်စုဖွားတိုင်းရင်းသားများ နေရာအနှံ့အပြားတွင် နေထိုင်ကြသည်။
- ◆ မြန်မာပြည်မြောက်ပိုင်းသို့ ခရီးသွားလျှင် ကချင်လူမျိုးများနေထိုင်ကြသည်ကိုတွေ့ရပြီး ရိုးရာအကမှာ ထောင်ကာအက၊ မနောပွဲများကျင်းပကြသည်။
- ◆ အနောက်ဘက်တစ်ကြော တောင်တန်းညိုများတွင် ချင်းလူမျိုး၊ ရခိုင်လူမျိုးများနေထိုင်ကြပြီး ချင်းလူမျိုးတို့၏ ရိုးရာပွဲတော်မှာ ခွာဒိုပွဲတော်၊ ရခိုင်လူမျိုးတို့၏ ရိုးရာပွဲတော်မှာ အမျိုးသားများ သန်မာကြံ့ခိုင်မှုကိုအားပြိုင်သော ကျင်ကိုင်ပွဲများဖြစ်ကြသည်။
- ◆ မြူနှင်းတွေရစ်ဆိုင်းနေသော အရှေ့ဘက်ကုန်းမြင့်ဒေသ ရှမ်းရိုးမတွင် ရှမ်းလူမျိုးများနေထိုင်သည်။ ရှမ်းလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုအကမှာ ကိန္နရာအက၊ ရှမ်းဓားသိုင်းအကဖြစ်၍ ရှမ်းအိုးစည်ဖြင့်တီး၍ ကကြသည်။ မြန်မာပြည်တောင်ပိုင်းတွင်နေထိုင်သော ကရင်၊ မွန်၊ ကယား လူမျိုးများနေထိုင်ကြသည်။ ကရင်မှာ ဒုံးယိမ်းအက၊ ကယားမှာ ဖားစည်သံဖြင့် ဝါးညှပ်အက၊ မွန်လူမျိုးများမှာ မွန်ရိုးရာအကကို မိကျောင်း ပတ္တလားဖြင့်တီး၍ ကကြသည်။ မြန်မာပြည် မြေပြန့်ဒေသတွင် ဗမာလူမျိုးတို့သည် နှဲ၊ ဒိုးပတ်တို့ကိုတီးခတ်၍ ဟန်နှင့်ပန်နှင့် လှောင်ပြောင်ကခုန်သော ဦးရွှေရိုး၊ ဒေါ်မိုး၊ သူငယ်တော်အကတို့ ကပြကြသည်။ မြန်မာပြည်တွင်း နေထိုင်သော ပြည်ထောင်စုသားများ၏ ယဉ်ကျေးမှုအစုံနှင့် ရိုးရာဓလေ့ပွဲတော်များမှာ ကြည့်၍မဆုံး ခြိမ့်ခြိမ့်သဲ စည်ကားလှသော ပြည်ထောင်စုဖွား တိုင်းရင်းသားပွဲတော်များပင်ဖြစ်ပါသည်။

**မှတ်ချက်–** ကဗျာကိုရှင်းပြရာတွင် ကဗျာပါသရုပ်ဖော်ပုံတွင် ဖော်ပြထားသောတိုင်းရင်းသားတို့၏ နေထိုင်ရာဒေသ၊ ရိုးရာယဉ်ကျေးမှုပွဲတော်များကို စိတ်ထဲတွင်ပုံပေါ်လာအောင်၊ နှစ်သက်ဖွယ်ဖြစ်အောင်၊ ကြည်နူးမှုကိုခံစားမိလာအောင်၊ ဂုဏ်ယူတတ်လာအောင်၊ ပြည်ထောင်စုတိုင်းရင်းသားများကို ချစ်မြတ်နိုးစိတ်ဖြစ်ပေါ်လာအောင်၊ သရုပ်ဖော်ရှင်းပါ။

❖ ကဗျာအကြောင်းအရာအပြည့်အစုံကိုသိရသောအခါ သင်မည်သို့ခံစားရကြောင်းမေးပါ။

❖ ကဗျာမှ ဗဟုသုတများကို အတူတူဖော်ထုတ်ကြမည်ဟုပြောဆိုပြီး ဆရာကဦးဆောင်၍ ဖော်ထုတ်ပါ။

(ဗဟုသုတအချို့မှာ မြန်မာပြည်အရှေ့၊ အနောက်၊ တောင်၊ မြောက်နေရာအနှံ့တွင် တိုင်းရင်းသားပေါင်းစုံနေကြကြောင်း၊ တိုင်းရင်းသားတစ်မျိုးနှင့်တစ်မျိုး ရိုးရာယဉ်ကျေးမှုများမတူညီကြောင်း၊ တိုင်းနှင့်ပြည်နယ်ပြ မြန်မာပြည်မြေပုံကို သင်ထောက်ကူကားချပ်အဖြစ်သုံးနိုင်သည်။)

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ကဗျာကို စကားပြေဖြင့်ပြန်ရေးပါစေ။ ကျား၊ မ သင့်လျော်သလိုရော၍ အုပ်စု ၅ စုဖွဲ့ပါ။ စကားပြေ ရေးခိုင်းရန် အတွက် အုပ်စုတိုင်းကို ဆွေးနွေးခိုင်းပါ။ ဆွေးနွေးနေသည်ကို ဆရာက လှည့်လည် ကြည့်ရှု ကြီးကြပ်ပါ။ ထို့နောက် အုပ်စုအသီးသီးမှ ကိုယ်စားလှယ် တစ်ဦးက တင်ပြပါစေ။ အုပ်စုတစ်ခု၏ အဖြေပြည့်စုံမှု ရှိ၊ မရှိ အခြားအုပ်စုများက စဉ်းစားဆုံးဖြတ်ပါစေ။

❖ အဖြေပြည့်စုံမှု ရှိ၊ မရှိ ဆွေးနွေးအဖြေရှာပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ကျောင်းသားများ၏အဖြေပြည့်စုံမှု ရှိ၊ မရှိကို ဆရာက ပြန်လည်သုံးသပ်ပြပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၃) ရှိ မေးခွန်းနံပါတ် (၅) ကို အိမ်စာပေးပါ။

**အဓိကအချက်**

❖ မြန်မာနိုင်ငံတွင် ပြည်ထောင်စုဖွားတိုင်းရင်းသားများ နေရာအနှံ့အပြားတွင် နေထိုင်ကြပုံနှင့် ရိုးရာပွဲတော်များကျင်းပကြပုံကို သိရှိရမည်။

## စာသင်ချိန် ၃

## ၁၊ ၃။ သုတကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

❖ မိမိတို့၏ လူမျိုးယဉ်ကျေးမှုပွဲတော်များကို ပြန်လည်ပြောပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ စာသင်ချိန် ၂ တွင် ဆရာက ကဗျာပါအကြောင်းအရာကို ရှင်းပြပြီးဖြစ်သည်။ ကျောင်းသားများသည် တိုင်းရင်းသားလူမျိုးများအကြောင်းကို ပိုမိုပြောဆိုနိုင်မည်ဖြစ်သည်။



DREBOX

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ ဆရာက ကျောင်းသားများအား မိမိတို့၏ တိုင်းရင်းသားလူမျိုးများအကြောင်းကို ပြောပြပါစေ။ ကျောင်းသားများပြောပြရာတွင် အောက်ပါအချက်များကို ပါဝင်အောင် ထည့်သွင်းစဉ်းစားပြီး ပြောပါစေ။

◆ နေထိုင်ပုံ၊ ကိုးကွယ်ယုံကြည်မှု၊ ထင်ပေါ်ကျော်ကြားသောပွဲတော်၊ ပွဲတော်ချိန်စားသောက်ပုံ၊ ပွဲတော်ရာသီချိန်တွင်ထွက်ရှိသော သီးနှံ၊ ဝတ်စားဆင်ယင်ပုံတို့ပါဝင်အောင် ပြောပြပါစေ။

(ယခင်အခြေအနေနှင့် ယခုအခြေအနေကို နှိုင်းယှဉ်ပြီးပြောပါစေ။)

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ကျောင်းသားဦးရေပေါ်မူတည်၍ ကျား၊ မ သင့်လျော်သလိုရော၍ အုပ်စု ၅ စုဖွဲ့ပါ။ တစ်ဖွဲ့ပြောပြီးသော အကြောင်းအရာတူနေပါက မတူညီသောအချက်များကို စဉ်းစားပြီး ဆွေးနွေးပါစေ။

❖ အုပ်စုတိုင်း ပါဝင်ပြောဆိုနိုင်အောင် ဆရာက ကူညီပေးပါ။ တွန်းအားပေးပါ။

❖ အုပ်စုကိုယ်စားလှယ်ပြောသောအချက် လိုအပ်ပါက ထိုအုပ်စုမှမည်သူမဆို ဖြည့်စွက် ဆွေးနွေးခွင့်ပေးပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၃) ရှိ မေးခွန်းနံပါတ် (၆) ကို အိမ်စာပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ အုပ်စုတိုင်းပါဝင်ပြောဆိုမှု ရှိ၊ မရှိ။

❖ ပေးထားသောအချက်များပါဝင်မှု ရှိ၊ မရှိ။

❖ ယခင်အခြေအနေနှင့် ယခုအခြေအနေတို့ကို နှိုင်းယှဉ်ပြောဆိုနိုင်ခြင်း ရှိ၊ မရှိကို နားထောင်ကြည့်ရှုပြီးအကဲဖြတ်ပါ။

**အဓိကအချက်**

❖ တိုင်းရင်းသားတို့၏နေထိုင်ရာဒေသ၊ အထိမ်းအမှတ်၊ ရိုးရာဓလေ့အကနှင့် ရိုးရာပွဲတော်များသည် ပြည်ထောင်စုရတနာများပင်ဖြစ်သည်။

## စာသင်ချိန် ၄

### ၁၊ ၄။ ကဗျာ့သဘောနှင့် ကာရန်သဘောကိုရှင်းပြခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

- ❖ ကဗျာအမျိုးအစားကိုသိရှိရန်
- ❖ ကဗျာတွင်အသုံးပြုထားသော ကာရန်များကို ရှာဖွေဖော်ထုတ်တတ်ရန်
- ❖ ကာရန်တူစကားလုံးများကို ကိုယ်တိုင်ဖန်တီးရေးသားတတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

- ❖ ပြည်ထောင်စုရတနာကဗျာသည် အချိုးတွဲကဗျာဖြစ်ကြောင်း၊ အချိုးတွဲကဗျာ အကြောင်းကို ဆဋ္ဌမတန်းဆရာလမ်းညွှန် စာမျက်နှာ (၅) တွင် ပြန်လည်ဖတ်၍ ကျောင်းသားများအား ရှင်းပြပါ။

**သင်ကြားခြင်း** မိနစ် ၂၀

- ❖ ပြည်ထောင်စုရတနာများကဗျာကို ဆရာကအသံမှန်မှန်ဖြင့်ရွတ်ဆိုပြပါ။ ဆရာက ကဗျာ ရွတ်ဆိုနေစဉ် ကျောင်းသားများကို ကဗျာပါကာရန်များအား ဂရုစိုက်နားထောင်ရန်ညွှန်ကြားပါ။ အချိုးကာရန်များကို ကဗျာ၏ပဒအဆုံး စကားလုံးများအား ကာရန်ယူထားကြောင်းရှင်းပြပါ။

**ဥပမာ** – နှင်းမြူဝဲတဲ့ အရှေ့မှာ

ရှမ်းတောင်ရိုးမပါ။

ကိန္နရာ သဏ္ဌာန်လှ

နောင်ဗိန်နောင်နဲ့ က။

ဟူသည့်စာကြောင်းများတွင် အချိုးကာရန်မှာ **အာ** ကာရန်ဖြစ်သည့် **မှာ** ဖြစ်ကြောင်း၊ ဒုတိယစာကြောင်းတွင်ပါသည့် **ပါ** ဟူသည့်စကားလုံးမှာ **အာ** ကာရန်ကိုစာပိုဒ်၏ အဆုံးတွင် ပြန်ယူထားသည့် ပဒဆုံးကာရန်ပင်ဖြစ်ကြောင်း ရှင်းပြပါ။

**လေ့ကျင့်ခြင်း** ၁၅ မိနစ်

- ❖ ကျောင်းသားဦးရေအပေါ် မူတည်၍ ကျား၊ မ သင့်လျော်သလိုရောစွ၍အုပ်စု ၅ စုဖွဲ့ ပါ။ တစ်ဖွဲ့လျှင် ကဗျာစာပိုဒ် ၁ ပိုဒ်စီပေးပြီး ကာရန်များကိုရှာပါစေ။

  (အုပ်စုတိုင်းတွင် ကျောင်းသား၊ ကျောင်းသူ မျှတစွာ ပါဝင်ပါစေ)
- ❖ ပြီးလျှင် အုပ်စုကိုယ်စားလှယ်တစ်ဦးစီက သင်ပုန်းပေါ်တွင်မိမိတို့အုပ်စု ဆွေးနွေးတွေ့ရှိထား သည့် ကာရန်များကို ရေးပါစေ။



DBE BOX

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ အုပ်စုတစ်စုက ရှာဖွေထားသောကာရန်များကို ကျန်သောအုပ်စု (၄) စုအား စစ်ဆေးခိုင်းပါ။ မှားသည့်နေရာပြင်ခိုင်းပါ။ လိုအပ်လျှင် ဆရာကထပ်မံရှင်းပြပေးပါ။ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၃) ရှိ မေးခွန်းနံပါတ် (၄) ကိုအိမ်စာပေးပါ။

**အဓိကအချက်များ**

❖ ပြည်ထောင်စုရတနာများကဗျာသည် အချိုးတွဲ ကဗျာဖြစ်သည်။
❖ ကဗျာကို ကာရန်အချိတ်အဆက်နှင့် ဖွဲ့ဆိုရသဖြင့် ကဗျာကိုလေ့လာလျှင် ကာရန်များကို ဂရုပြုရမည်။

## စာသင်ချိန် ၅

### ၁၊ ၅။ လေ့ကျင့်ခန်းများဖြေဆိုခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ စာလုံးပေါင်းသတ်ပုံ မှန်ကန်စွာရွေးချယ်တတ်ရန်

❖ စကားလုံး၏ အဓိပ္ပာယ်ပေါ်လွင်စေသည့် ဝါကျတစ်ကြောင်းကို ဖန်တီးရေးသားတတ်ရန်

❖ စကားလုံး၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာဖွေပြီးသိရှိစေရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ယခုစာသင်ချိန်တွင် ကျောင်းသုံးစာအုပ်ပါ သင်ခန်းစာလေ့ကျင့်ခန်းများကို ဖြေဆိုရမည်ဖြစ်ကြောင်း၊ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၃) ရှိ လေ့ကျင့်ခန်းမေးခွန်း (၁)၊ (၂)၊ (၃) အတွက် ဖြေဆိုပုံကို ရှေ့သင်ခန်းစာ သို့မဟုတ် ပြီးခဲ့သောသင်ခန်းစာများတွင် သင်ကြားလေ့ကျင့်ဖူးပြီးဖြစ်ကြောင်း ရှင်းပြပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ မြန်မာစကားတွင်အသံတူသော်လည်း အနက်အဓိပ္ပာယ်မတူညီသော စကားလုံးများစွာရှိကြောင်း၊ အသံတူသော်လည်း အနက်အဓိပ္ပာယ်မတူအောင် သုံးရကြောင်းရှင်းပြပါ။

**လေ့ကျင့်ခန်း**

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၃) ရှိ မေးခွန်းနံပါတ် (၁) ကို ကွက်လပ်တွင် မှန်အောင်ဖြည့်ပါ။

**သင်ကြားခြင်း**

❖ မိမိသိလိုသည့်စကားလုံးတို့၏ အနက်အဓိပ္ပာယ်ကို မြန်မာအဘိဓာန်စာအုပ်တွင် ရှာဖွေရကြောင်း ရှင်းပြပါ။



DBE BOX

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၃) ရှိ မေးခွန်းနံပါတ် (၂) ကို အဓိပ္ပာယ်အမှန်ရအောင် ရှာပါစေ။


**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ကျောင်းသားများဖြေဆိုနေစဉ် ဆရာကလိုက်လံကြည့်ရှုပေးပါ။ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၃) ရှိ မေးခွန်းနံပါတ် (၃) ကို အိမ်စာပေးပါ။

**အဓိကအချက်များ**

❖ စကားလုံးတို့၏အဓိပ္ပာယ် ပေါ်လွင်အောင် ဝါကျများရေးဖွဲ့ရမည်။
❖ အဘိဓာန်ကိုအသုံးပြုပြီး ဝေါဟာရ ကြွယ်ဝရမည်။

## ပြည်ထောင်စုရတနာများ (အချိုးတွဲကဗျာ) ကို ပြန်လည်သုံးသပ်ခြင်း




DBE BOX

## ရည်ညွှန်းစာအုပ်များ

- သတ္တမတန်းကျောင်းသားများနှင့်ကိုက်ညီသော အခြားကဗျာများကို အသုံးပြုပြီး ကာရန်၊ အဓိပ္ပာယ် စသည်တို့ကို ဖော်ထုတ်သည့် လေ့ကျင့်ခန်းပေးနိုင်ပါသည်။
- တိုင်းရင်းသားကလေးများအတွက် အသံနေ အသံထားမှန်မှန်ဖြင့် ရွတ်ဆိုတတ်ရန်ကို အဓိက မထားဘဲ အဖြတ်အရပ်မှန်မှန် ရွတ်ဆိုတတ်ရန်ကို အလေးပေးသင်ကြားရန်ဖြစ်သည်။
- အောက်ပါရည်ညွှန်းစာအုပ်များကို ဖတ်ရှုနိုင်ပါက မိမိတွင် ဗဟုသုတပွားပြီး သင်ကြားမှုကိုပိုမို ထိရောက်စေနိုင်ပါသည်။
- ကဗျာဖွဲ့နည်းစာအုပ်များ

၁။ မင်းသုဝဏ်။ (၂၀၁၇)။ ကဗျာရေးချင်စာစပ်သင်။ စာကြည့်တိုက်စာစဉ် ၈၈။ the key collection press.

၂။ တင်မိုး။ (၁၉၈၃)။ မြန်မာကဗျာစာတမ်းများ။ ဒုတိယတွဲ၊ စာပေဗိမာန်။

## ၇။ ချစ်သမီးလေးမမိုးအေးသို့ (ပေးစာ၊ သုတရသစကားပြေ)

**စုစုပေါင်းစာသင်ချိန် ၅ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

### သင်ယူမှုရလဒ်များ

❖ စကားပြေကို အဓိပ္ပာယ်ပေါ်လွင်အောင်ဖတ်၍ ခံစားမှုများကို ဆွေးနွေးတတ်မည်။

❖ ပေးစာ၏သဘောသဘာဝကို ရှင်းပြတတ်ပြီး ရည်ရွယ်ချက်ကို ဖော်ထုတ်တတ်မည်။

❖ စကားပြေပါ အသုံးအနှုန်းကောင်းများကို ထုတ်နုတ်လေ့လာပြီး အတွေးအမြင်သစ်များ ဆွေးနွေးတင်ပြတတ်မည်။

❖ ပေးစာသဘောသဘာဝနှင့်အညီ ပေးစာတစ်စောင် ဖန်တီးရေးသားတတ်မည်။

❖ ထိန်းသိမ်းရမည့် ယဉ်ကျေးမှုအစဉ်အလာများကို တန်ဖိုးထားတတ်လာမည်။

### သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း

❖ မူလတန်းကသင်ယူခဲ့ရသည့် ပေးစာကို ကြိုတင်ရေးသားထားရန်

❖ အုပ်စုလုပ်ငန်းမှတ်တမ်းအတွက် စာရွက်ပိုင်းငယ်များပြင်ဆင်ထားရန်

❖ (ရရှိနိုင်ပါက) ပေးစာအမျိုးအစား ၂ မျိုး ၃ မျိုးခန့် စုဆောင်းထားရန်

❖ ပေးစာသင်ခန်းစာမှ အသုံးအနှုန်းကောင်းများ ကြိုတင်ထုတ်နုတ်ထားရန်

### ရရှိစေမည့် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှု

❖ စကားပြေကိုအသံထိတ်ဖတ်၍ မိမိတို့ခံစားမှုများနှင့်သုတများကို အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ ပေးစာ၏ သဘောသဘာဝနှင့်ရည်ရွယ်ချက်များကို အုပ်စုလိုက်ရှာဖွေခြင်း၊ အခြားအုပ်စုများ၏ ပြောဆိုတင်ပြချက်များကို နားထောင်သုံးသပ်ခြင်းဖြင့် ပြောဆိုဆက်သွယ်မှုစွမ်းရည်နှင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်

❖ စကားပြေတွင်ပါဝင်သော အသုံးအနှုန်းကောင်းများကို အုပ်စုဖွဲ့ရှာဖွေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှုစွမ်းရည်

❖ မိမိတို့ကိုယ်တိုင်ပေးစာတစ်စောင်ရေးသားခြင်းဖြင့် ဖန်တီးမှုစွမ်းရည်တို့ကို ရရှိလာမည်။

DBE BOX

## စာသင်ချိန် ၁

### ၁၊ ၁။ စကားပြေကိုဖတ်၍ ခံစားမှုများကိုဆွေးနွေးခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ စကားပြေကို အဓိပ္ပာယ်ပေါ်လွင်အောင် ဖတ်တတ်ရန်

❖ စကားပြေကိုအသံတိတ်ဖတ်၍ ခံစားမှုများကို ဆွေးနွေးတတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

❖ သကြံန် ဟူသော စကားလုံးကို သင်ပုန်းတွင်ရေးပါ။ ထိုစကားလုံးကို အသံထွက်ဖတ်စေပြီး စိတ်ထဲတွင် ဖြစ်ပေါ်လာသောခံစားမှုများနှင့် မြင်ယောင်လာသောမြင်ကွင်းများကို ကျောင်းသား ၅ ယောက်အားမေးပါ။ ဖြေဆိုချက်များကို သင်ပုန်းမှတ်တမ်းထားပါ။ ဆရာတင်မိုးအကြောင်းကို မိတ်ဆက်ပြောပြပါ။

**သင်ကြားခြင်း** ၁၀ မိနစ်

❖ ဆရာက ပေးစာသင်ခန်းစာကို အသံအဖြတ်အရပ်မှန်မှန်ဖြင့် ဦးစွာဖတ်ပြပါ။ ကျောင်းသားများအား သင်ခန်းစာကိုကြည့်၍ ဂရုတစိုက်နားထောင်ရန်ပြောပါ။ စာဖတ်ချိန်သည် ၅ မိနစ်ခန့် ကြာမြင့်ပါသည်။ နားထောင်နေစဉ် မိမိတို့စိတ်ထဲတွင် မည်သို့ခံစားရကြောင်း ကျောင်းသား ၃၊ ၄ ဦးခန့်အား မေးပါ။

**လေ့ကျင့်ခြင်း ၁** ၁၀ မိနစ်

❖ ကျောင်းသားများအား အုပ်စု ၅ စုဖွဲ့ပါ။ သင်ခန်းစာကို အဖွဲ့ ၅ ဖွဲ့အား တစ်ပိုဒ်စီ သတ်မှတ်ပေးပြီး ကိုယ်စားလှယ်တစ်ဦးစီကို ဖတ်စေပါမည်။ ကျန်အဖွဲ့များအား နားထောင်ရန်ပြောပါ။ နားထောင်နေစဉ် စာပိုဒ်၏အဓိပ္ပာယ်ကို မိမိတို့နားလည်သလို တစ်ဖွဲ့လျှင်တစ်ယောက်ပြောပါစေ။

**လေ့ကျင့်ခြင်း ၂** ၁၅ မိနစ်

❖ ကျောင်းသားများအား သင်ခန်းစာကို အသံတိတ်ဖတ်စေပြီး မိမိတို့၏ခံစားမှုများကို အုပ်စုတွင်း ဆွေးနွေးရန်ပြောပါ။ ဆွေးနွေးချက်များကို အုပ်စုမှတ်တမ်းထားပြီး အဘယ်ကြောင့် ထိုခံစားမှု ဖြစ်ပေါ်ကြောင်း အတန်းသို့တင်ပြရန်ပြောပါ။ အုပ်စုတစ်စုစီ၏တင်ပြချက်များကို အခြားအုပ်စုများက ဆန်းစစ်ပေးရန်ပြောပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

❖ ဆရာက တစ်ဖက်ပါအတိုင်း သုံးသပ်ရှင်းပြပါ။



DBE BOX

❖ ကဗျာတစ်ပုဒ်ကို ရွတ်ဆိုသည့်အခါတွင်ဖြစ်စေ၊ သီချင်းတစ်ပုဒ်နားထောင်ရသည့်အခါတွင်ဖြစ်စေ၊ ဇာတ်လမ်းတစ်ပုဒ် ကြည့်ရသည့်အခါတွင်ဖြစ်စေ မိမိတို့စိတ်တွင် နှစ်သက်ခြင်း၊ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း၊ လွမ်းဆွတ်ခြင်း၊ ကြောက်ရွံ့ခြင်းစသည့် ခံစားမှုများဖြစ်ပေါ်ကြောင်း၊ ထိုခံစားမှုများသည် အကြောင်းအရာနှင့် ကိုက်ညီမှုရှိရကြောင်းရှင်းပြပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၇) ရှိ မေးခွန်းနံပါတ် (၄) ကို အိမ်စာပေးပါ။

## အဓိကအချက်များ

❖ စာကိုဖတ်လျှင် ရရှိသည့်ခံစားမှုများကို ဆန်းစစ်တင်ပြရမည်။

❖ ခံစားမှုများသည် အကြောင်းအရာနှင့်ကိုက်ညီမှုရှိပြီး လိုက်လျောညီထွေဖြစ်ရမည်။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၇) မှ အဓိက အချက်များကို သိရှိရမည်။

## စာသင်ချိန် ၂

### ၁၊ ၂။ အသုံးအနှုန်းကောင်းများထုတ်နုတ်ခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ စာကိုအာရုံစိုက်၍ဖတ်ပြီး အသုံးအနှုန်းကောင်းများကိုထုတ်နုတ်တတ်ရန်

❖ မည်သည့်အကြောင်းအရာအတွက်သုံးနှုန်းထားကြောင်း ဖော်ပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၁၀ မိနစ်

❖ ဆရာကကြိုတင်ရေးသားထားသော သင်ခန်းစာပထမစာပိုဒ်ကို သင်ပုန်းတွင်ကပ်ထားပါ။ ကျောင်းသားများအားလုံးကို စိတ်ဖြင့်အသံတိတ်ဖတ်ရန်ပြောပါ။ မျဉ်းသားထားသောစကားလုံးများကို အဘယ်ကြောင့်မျဉ်းသားထားသနည်းဟုမေးပါ။ ကျောင်းသားများ၏ ထင်မြင်ချက်များကို သင်ပုန်းမှတ်တမ်းထားပါ။

**သင်ကြားခြင်း** ၁၀ မိနစ်

❖ ပေးစာသင်ခန်းစာမှ စာတစ်ပိုဒ်ကိုထုတ်နုတ်ပြီး အသုံးအနှုန်းကောင်းအချို့ကို ရွေးထုတ်ပြပါ။ မည်သည့် အကြောင်းအရာအတွက် ခိုင်းနှိုင်းရေးသားထားကြောင်း သာဓကဖြင့်ရှင်းပြပါ။

**လေ့ကျင့်ခြင်း** မိနစ် ၂၀

❖ ကျန်စာပိုဒ်များကို ကျောင်းသားများအား အုပ်စုလိုက်ခွဲပေးပါ။ မိမိတို့ရရှိသော စာပိုဒ်ထဲမှ အသုံးအနှုန်းကောင်းများကို ဆွေးနွေးရှာဖွေပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ အုပ်စုတစ်စုချင်းက ထုတ်နုတ်ထားသော စကားလုံးများကို ပြန်လည်ဆန်းစစ်ပြပါ။

❖ မည်သည့်အကြောင်းအရာအတွက် ခိုင်းနှိုင်းရေးသားထားကြောင်းမေးပါ။

**အဓိကအချက်များ**

❖ စာကိုဖတ်လျှင် အသုံးအနှုန်းကောင်းများကို သတိပြုဖတ်ရသည်။

❖ မည်သည့်အတွက် သုံးနှုန်းထားကြောင်း ဆန်းစစ်တတ်ရမည်။

## စာသင်ချိန် ၃

### ၁၊ ၃။ ပေးစာ၏သဘောသဘာဝကိုရှင်းပြခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ပေးစာ၏သဘောသဘာဝကို ဖော်ထုတ်တတ်ရန်

❖ ပေးစာ၏ရည်ရွယ်ချက်ကို ပြောပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ပေးစာကို မည်သည့်အတန်းတွင် သင်ခဲ့ရသနည်းဟုမေးပါ။ မှတ်မိသမျှပြောပါစေ။ ဖြေဆိုချက်များကို သင်ပုန်းမှတ်တမ်းထားပါ။

**သင်ကြားခြင်း** **၁၀ မိနစ်**

❖ မူလတန်းတွင်သင်ယူခဲ့ရသောပေးစာသည် သူငယ်ချင်း၏ရွာဘုရားပွဲသို့ သွားလိုသည့်သူက ရေးသောစာဖြစ်ကြောင်း၊ ရေးသူက သူငယ်ချင်းတစ်ဦးထံ တိုက်ရိုက်ရေးခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အခြားသူများနှင့် သက်ဆိုင်ခြင်းမရှိကြောင်းပြောပြပြီး ကျောင်းသုံးစာအုပ်ပါပေးစာကို ဖတ်စေပြီး အောက်ပါ မေးခွန်းများကိုမေးပါ။

❖ မည်သူက မည်သူ့ထံ ရေးသောစာဖြစ်သနည်း။ မည်သည့်အကြောင်း ပြောခြင်းဖြစ်သနည်း။ အဘယ်ကြောင့် ပြောခြင်းဖြစ်သနည်း။

❖ ဆရာက အနည်းငယ်ရှင်းပြပါ။

- ◆ အဖေက သမီးထံပေးသောစာဖြစ်ကြောင်း၊ သိမှတ်ဖွယ်ရာများ ပါဝင်ကြောင်း
- ◆ အဖေက သမီးအပေါ်ထားရှိသော မေတ္တာ၊ ကရုဏာ၊ စိုးရိမ်ကြောင့်ကြမှု၊ ခံစားမှုလေသံများ ပါဝင်နေကြောင်း

**လေ့ကျင့်ခြင်း** **၂၅ မိနစ်**

❖ စာသင်ခန်းအနေအထား၊ ကျောင်းသားအနေအထားအရ ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စု ၅ စု ဖွဲ့ပါ။ စာရွက်ပိုင်းများ ဝေပေးပါ။ အသံတိတ်စာဖတ်ရန် အချိန် ၁၀ မိနစ်ပေးပါ။ ယခင် သင်ယူခဲ့ဖူးသောပေးစာနှင့် တူညီချက်များ၊ ကွာခြားချက်များနှင့် စာရေးသူ၏ရည်ရွယ်ချက်များကို အဖွဲ့လိုက် ဆွေးနွေးမှတ်တမ်းတင်ရန်ပြောပါ။ အုပ်စုကိုယ်စားလှယ်တစ်ဦးက အတန်းသို့ တင်ပြပါစေ။ သေချာစွာနားထောင်ပြီး မိမိတို့နှင့်မတူညီသော အချက်များပါလျှင် မှတ်သားရန် ပြောပါ။ တစ်ဖွဲ့ချင်းစီ၏ တင်ပြချက် စာရွက်များကိုနံရံတွင်ကပ်ထားနိုင်ပါသည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ အုပ်စုတစ်စုမှ တစ်ဦးချင်းစီကို မေးပါ။

- ◆ ပေးစာ၏သဘောသဘာဝကို ရှင်းပြပါစေ။
- ◆ ပေးစာ၏ ရည်ရွယ်ချက်ကို ပြောပြပါစေ။
- ◆ လိုအပ်လျှင် ဆရာကအောက်ပါအတိုင်း သုံးသပ်ပြောပြပါစေ။

ပေးစာသည် သိမှတ်ဖွယ်ရာများပါသော စာတစ်မျိုးဖြစ်ကြောင်း၊ စာရေးသူ၏ ဘဝအတွေ့ အကြုံနှင့် လေ့လာဆည်းပူးထားသမျှအား စေတနာဖြင့် မျှဝေခြင်းဖြစ်ကြောင်း၊ လူတစ်ဦးထံ ရေးသားသည် ဆိုသည်ထက် ဖတ်ရှုသူတိုင်းကို ရည်ရွယ်ရေးသားခြင်းဖြစ်ကြောင်း၊ မြန်မာ့ ယဉ်ကျေးမှုသင်္ကြန်ပွဲတော်ကို ရိုးရာမပျက်ဆင်နွှဲစေလိုသောရည်ရွယ်ချက်နှင့် တန်ဖိုးထားထိန်းသိမ်း စေလိုသော စာရေးသူ၏ ရည်ရွယ်ချက်ကို တွေ့မြင်နိုင်ကြောင်းပြောပါ။

**အဓိကအချက်များ**

❖ ပေးစာသည်သိမှတ်ဖွယ်ရာများပါသော ရသစာပေတစ်မျိုးဖြစ်သည်။

❖ စာရေးသူ၏ဘဝအတွေ့အကြုံနှင့် လေ့လာဆည်းပူးထားသမျှအား စေတနာဖြင့်မျှဝေခြင်း ဖြစ်သည်။

❖ လူတစ်ဦးထံ ရေးသားသည်ဆိုသည်ထက် ဖတ်ရှုသူတိုင်းကို ရည်ရွယ်ရေးသားခြင်းဖြစ်သည်။

❖ စာရေးသူ၏ရည်ရွယ်ချက်ကို တွေ့မြင်နိုင်သည်။

## စာသင်ချိန် ၄

### ၁၊ ၄။ ပေးစာတစ်စောင်ရေးသားခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

- ❖ ပေးစာတစ်စောင်ရေးသားတတ်ရန်
- ❖ စာရေးသူ၏ တန်ဖိုးထားမှုများကို ဖော်ပြဆွေးနွေးတတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

- ❖ ရသစာပေတစ်မျိုးဖြစ်သော ပေးစာ၏ သဘောသဘာဝများကို ပြန်မေးပါ။ ဖြေဆိုချက်များကို သင်ပုန်းမှတ်တမ်းထားပါ။

**သင်ကြားခြင်း** ၁၅ မိနစ်

- ❖ ဆရာက ကြိုတင်ရေးသားထားသော ပေးစာတစ်စောင်ကို သင်ပုန်းတွင်ကပ်ထားပြီး ဖတ်ပြပါ။ မည်သူက မည်သူ့ထံရေးသည်၊ မည်သည့်အကြောင်းအရာကို ရေးသည်၊ မည်သည့်တန်ဖိုးထားမှုများကို ဝေမျှထားသည်၊ မည်သည့် အသုံးအနှုန်းများက အကြောင်းအရာကို ပေါ်လွင်စေသည် စသည်ဖြင့် ရှင်းပါ။

**လေ့ကျင့်ခြင်း** မိနစ် ၂၀

- ❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၇) ရှိ မေးခွန်းနံပါတ် (၅) ကို အုပ်စုလိုက်ဆွေးနွေးရေးသားပါစေ။ အသုံးပြုရမည့် စကားလုံးများကို ဝါကျများတွင် မည်သို့စီစဉ်ရေးသားမည်ကို ညှိနှိုင်းဆွေးနွေးပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

- ❖ တစ်ဖွဲ့စီကရေးသားထားသော ပေးစာကို တစ်ဖွဲ့နှင့်တစ်ဖွဲ့ လဲလှယ်ဖတ်ရှုပါစေ။
- ❖ ရေးသူနှင့်လက်ခံသူ၊ ရေးသားသည့်ရည်ရွယ်ချက်၊ တန်ဖိုးထားမှုများကို ဖော်ပြခြင်းရှိ မရှိ၊ အသုံးပြုရမည့် စကားလုံးများ ပြည့်စုံမှု ရှိ၊ မရှိကို ဆရာက ဆန်းစစ်ပေးပါ။ လိုအပ်ချက်များရှိပါက ဖြည့်စွက်လမ်းညွှန်ပါ။
- ❖ လိုအပ်ချက်များကို ပြန်လည်ဖြည့်စွက်ပြီး လေ့ကျင့်ခန်းစာအုပ်တွင်ရေးသားရန် အိမ်စာပေးပါ။

**အဓိကအချက်များ**

- ❖ ပေးစာတစ်စောင်ရေးသားလျှင် အခြေခံအချက်များပါဝင်ရသည်။
- ❖ ဖတ်ရှုသူတိုင်းကို ရည်ရွယ်ရေးသားရသည်။
- ❖ ပေးစာတစ်စောင်ကို လက်တွေ့ရေးသားတတ်မည်။



DBE BOX

## စာသင်ချိန် ၅

### ၁၊ ၅။ လေ့ကျင့်ခန်းများဖြေဆိုခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

- ❖ စကားလုံးများ၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင် ရှာဖွေတတ်ရန်
- ❖ စကားလုံးများဖြင့် ကိုယ်ပိုင်ဝါကျများ ရေးသားတတ်ရန်
- ❖ စကားလုံးပွားတတ်ရန်
- ❖ မိမိ၏ထင်မြင်ချက်များကို ရေးသားဖော်ပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

- ❖ ယခုစာသင်ချိန်တွင် ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၇) ရှိ မေးခွန်းနံပါတ် (၁)၊ (၂)၊ (၃)၊ (၆) တို့အား ဖြေဆိုပုံကို သင်ကြားပေးမည်ဖြစ်ကြောင်းမိတ်ဆက်ပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

- ❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၇) ရှိ မေးခွန်းနံပါတ် (၁) တွင် အဘိဓာန်စကားလုံးများ၏ အနက်အဓိပ္ပာယ်များ ရှာဖွေခြင်းကို အဘိဓာန်အသုံးပြု၍ သင်ကြားပါ။
- ❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၇) ရှိ မေးခွန်းနံပါတ် (၂) ၏ ဝါကျဖွဲ့မေးခွန်းတွင် ကျက်သရေ ဟူသော စကားလုံးကို အသုံးပြု၍မတူညီသောဝါကျ သုံးကြောင်းဖွဲ့ပြပါ။ ကျောင်းသားများကို နှစ်သက်ရာဝါကျတစ်ခုရွေးပါစေ။
- ❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၇) ရှိ မေးခွန်းနံပါတ် (၃) တွင် ---တတ်---တတ်ဖြင့် စကားလုံး ပွားယူခြင်းကို သာဓက စကားလုံးဖြင့် ရှင်းပြပါ။ အခြားစကားလုံးများဖြင့်လည်း သာဓကပြ သင်ကြားနိုင်ပါသည်။

  ကခုန်၊ တွေးခေါ်၊ ရေးသား စသည်ဖြင့်

- ❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၇) ရှိ မေးခွန်းနံပါတ် (၆) ၏ ပေးစာပါ ရေကစားပုံ မြင်ကွင်း များနှင့် ယနေ့ခေတ်ရေကစားပုံ မြင်ကွင်းများကို ဆရာက အနည်းငယ်ရှင်းပြပါ။ ထိုကွာခြားမှု အပေါ် ကျောင်းသားများ၏ထင်မြင်ချက်ကို မေးပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

- ❖ ကျောင်းသားများကို အတန်းလိုက်အုပ်စုဖွဲ့ပြီး အဘိဓာန်အသုံးပြု၍ အဖြေများရှာဖွေပါစေ။



DBE BOX

- ❖ ကျောင်းသားများကို အတန်းလိုက်အုပ်စုဖွဲ့ပြီး ကိုယ်ပိုင်ဝါကျများရေးသားပါစေ။
- ❖ ကျောင်းသားများအား ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၇) ရှိ မေးခွန်းနံပါတ် (၃) ကို ဖြေဆိုပါစေ။
- ❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၇) ရှိ မေးခွန်းနံပါတ် (၆) ကို အချင်းချင်း ဆွေးနွေးရေးသားပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

- ❖ လေ့ကျင့်ခန်းဖြေဆိုမှုများကို အုပ်စုတစ်စုနှင့်တစ်စု လဲလှယ်စစ်ဆေးပါစေ။
- ❖ လေ့ကျင့်ခန်းစာအုပ်များကို ဆရာကစစ်ဆေးပေးပြီး လိုအပ်ချက်များရှိပါက ပြန်လည်လေ့ကျင့်သင်ကြားပါ။

**အဓိကအချက်များ**

- ❖ စကားလုံးများ၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်အသုံးပြု၍ ရှာဖွေရသည်။
- ❖ ကိုယ်ပိုင်ဝါကျများကို အဓိပ္ပာယ်ရှိအောင် ရေးသားရသည်။
- ❖ စကားလုံးများကို ပွားယူခြင်းဖြင့်ဝေါဟာရကြွယ်ဝလာသည်။
- ❖ မိမိ၏ထင်မြင်ချက်များကို ဆွေးနွေးရေးသားရမည်။

DBEBOX

## ချစ်သမီးလေးမမိုးအေးသို့(ပေးစာ၊ သုတရသစကားပြေ)ကို ပြန်လည်သုံးသပ်ခြင်း

### ချစ်သမီးလေးမမိုးအေးသို့

#### စကားပြေကိုဖတ်၍ ခံစားမှုများကိုဆွေးနွေးခြင်း

- ❖ စာကိုဖတ်လျှင် ရရှိသည့်ခံစားမှုများကို ဆန်းစစ်ရမည်။
- ❖ ခံစားမှုများသည် အကြောင်းအရာနှင့် ကိုက်ညီမှုရှိပြီး လိုက်လျောညီထွေဖြစ်မည်။
- ❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၂၇) မှ အဓိက အချက်များကို သိရှိရမည်။

#### အသုံးအနှုန်းကောင်းများ ထုတ်နုတ်ခြင်း

- ❖ စာကိုဖတ်လျှင် အသုံးအနှုန်း ကောင်းများကို သတိပြုဖတ် ရသည်။
- ❖ မည်သည့်အတွက် သုံးနှုန်းထား ကြောင်း ဆန်းစစ်တတ်ရမည်။

#### ပေးစာ၏သဘောသဘာဝကို ရှင်းပြခြင်း

- ❖ ပေးစာသည်သိမှတ်ဖွယ်ရာများ ပါသော စာတစ်မျိုးဖြစ်သည်။
- ❖ စာရေးသူ၏ဘဝအတွေ့အကြုံနှင့် လေ့လာဆည်းပူးထားသမျှအား စေတနာဖြင့်မျှဝေခြင်းဖြစ်သည်။
- ❖ လူတစ်ဦးထံ ရေးသားသည် ဆိုသည်ထက် ဖတ်ရှုသူတိုင်းကို ရည်ရွယ်ရေးသားခြင်းဖြစ်သည်။
- ❖ စာရေးသူ၏ရည်ရွယ်ချက်ကို တွေ့မြင်နိုင်သည်။

#### လေ့ကျင့်ခန်းများဖြေဆိုခြင်း

- ❖ စကားလုံးများ၏ အနက်အဓိပ္ပာယ်ကို အဘိဓာန် အသုံးပြု၍ ရှာဖွေရသည်။
- ❖ ကိုယ်ပိုင်ဝါကျများကို အဓိပ္ပာယ် ရှိအောင်ရေးသားရသည်။
- ❖ စကားလုံးများကို ပွားယူခြင်းဖြင့် ဝေါဟာရကြွယ်ဝလာသည်။
- ❖ မိမိ၏ထင်မြင်ချက်များကို ဆွေးနွေးရေးသားရမည်။

#### ပေးစာတစ်စောင်ရေးသားခြင်း

- ❖ ပေးစာတစ်စောင် ရေးသားလျှင် အခြေခံ အချက်များပါဝင်ရသည်။
- ❖ ဖတ်ရှုသူတိုင်းကို ရည်ရွယ် ရေးသားရသည်။
- ❖ ပေးစာတစ်စောင်ကို လက်တွေ့ရေးသားတတ်မည်။

## ရည်ညွှန်းစာအုပ်များ

❖ အောက်ပါရည်ညွှန်းစာအုပ်စာတမ်းများကို ဖတ်ရှုနိုင်ပါက မိမိတွင်ဗဟုသုတပွားပြီး သင်ကြားမှုကို ပိုမိုထိရောက်စေနိုင်ပါသည်။

၁။ ကောင်းသန့်။ (၂၀၁၇)။ သမီးလေးဖတ်ဖို့စာစုများ၊ ရန်ကုန်၊ ကောင်းသန့်စာပေ။
၂။ သာချို (မောင်)။ (၂၀၁၄)။ သမီးဖတ်ဖို့ နှင်းပွင့်တိုင်းပြည်၌ ခွေးကျောင်းထွက်ခြင်း၊ ရန်ကုန်၊ မုံရွေးစာအုပ်တိုက်။

## ၈။ တို့တောရွာ (လွမ်းချင်းကဗျာ)

**စုစုပေါင်းစာသင်ချိန် ၅ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

**သင်ယူမှုရလဒ်များ**

- ကဗျာပါကာရန်အချိတ်အဆက်များကို သိရှိနားလည်ပြီး မှန်ကန်ပီသစွာရွတ်ဆိုတတ်မည်။
- ကဗျာ၏အကြောင်းအရာကို ခံစားပြီး ကဗျာသဘောကို သိရှိနားလည်လာမည်။ ရရှိသောသုတကို လက်တွေ့ဘဝနှင့် ဆက်စပ်သုံးသပ်တတ်လာမည်။
- ကဗျာစာပိုဒ်များထဲမှ မိမိကြိုက်နှစ်သက်သော အရေးအဖွဲ့များကိုမှတ်သားတတ်လာမည်။
- ကာရန်တူစကားလုံးများကို ရှာဖွေတတ်ပြီး၊ ကာရန်ယူပုံစနစ်ကို ရှင်းပြတတ်လာမည်။
- အဘိဓာန်စာအုပ်ကို အသုံးပြု၍ ဆိုလိုရင်းကို ရှာဖွေတတ်လာမည်။
- ကျေးလက်ဓလေ့၏ လူနေမှုပုံစံ၊ ဘဝသရုပ်၊ စားသောက်မှုပုံစံတို့ကိုမှတ်သားပြီး ရှင်းပြတတ်လာမည်။
- မိမိတို့ဒေသ၏ ဓလေ့နှင့်လည်းနှိုင်းယှဉ်၍ ဝေဖန်ဆန်းစစ်တတ်လာမည်။
- ကဗျာပါ မိန်းမပျို၏ စိတ်နေစိတ်ထား၊ ကျွေးမွေးဧည့်ခံပုံတို့ကို နှစ်သက်ပြီး အတုယူထိန်းသိမ်းတတ်လာမည်။
- စာပေမှပေးသောရသခံစားမှုကို နားလည်ပြီး ချစ်မြတ်နိုးတတ်မည်။

**သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း**

- တိုင်းဒေသကြီး၊ ပြည်နယ်တို့၏အမည်နှင့် ဒေသထွက်စားသောက်ကုန်များကို ယှဉ်တွဲထားသော ရုပ်ပုံကားချပ်။
- လူမှုကွန်ရက်၊ သတင်းစာ၊ ဂျာနယ်များမှရရှိနိုင်သော တောရွာနှင့်သက်ဆိုင်သည့်ရုပ်ပုံများ။
- ကိုယ်တိုင်ဖန်တီးရေးဆွဲထားသော ဒေသထွက်အစားအစာများ။ (ဆရာ သို့မဟုတ် ကျောင်းသား)
- တို့တောရွာကဗျာကို ရွတ်ဆိုထားသောအသံဖိုင်။
- ဆရာကိုယ်တိုင် အသံနေအသံထား မှန်ကန်စွာရွတ်ဆိုပြနိုင်အောင် လေ့ကျင့်ထားပါ။

**ရရှိစေမည့် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှု**

- ကဗျာကိုအုပ်စုဖွဲ့ရွတ်ဆိုခြင်း၊ ဆွေးနွေးခြင်း၊ အတွေးအမြင်နှင့်ခံစားမှုများမျှဝေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှုစွမ်းရည်



DBE BOX

- ❖ ကဗျာဆိုလိုရင်းကို စကားပြေပြန်ဆိုခြင်း၊ မိမိတို့ဒေသ၏ဓလေ့နှင့် အစားအသောက်များကို ဖော်ထုတ်စေခြင်းဖြင့် လေ့လာဆန်းစစ်တတ်သောစွမ်းရည်၊ ခံစားမှုစွမ်းရည်နှင့် ပြောဆိုဆက်သွယ်မှုစွမ်းရည်
- ❖ အခြားအုပ်စုများ၏ ပြောဆိုချက်များကို မှတ်သားခြင်း၊ သုတ၊ ရသများကို လေ့လာသုံးသပ်အကဲဖြတ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်
- ❖ ကဗျာကိုဖတ်၍ ကိုယ်ပိုင်စိတ်ကူးအတွေ့အကြုံများ၊ ခံစားမှုများ၊ ယူဆချက်များကို တင်ပြတတ်ခြင်းဖြင့် ဖန်တီးမှုစွမ်းရည်
- ❖ ကဗျာကပေးသောရသနှင့်အသိအမြင်မှတစ်ဆင့် စာပေကို ချစ်မြတ်နိုးတတ်မှုစွမ်းရည်

## စာသင်ချိန် ၁

### ၁၊ ၁။ ကဗျာရွတ်ဆိုပြီး ဆိုလိုရင်းကိုရှင်းပြခြင်း

**သင်ခန်းစာ၏ ရည်ရွယ်ချက်များ**

- ❖ ကဗျာကို အသံနေအသံထား၊ အဖြတ်အရပ် မှန်ကန်စွာရွတ်ဆိုတတ်ရန်
- ❖ ကဗျာကိုစကားပြေဖြင့် ရေးသားပြီး၊ ဆိုလိုရင်းကို ရှင်းပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

- ❖ ကဗျာကို အသံနေအသံထား မှန်မှန်ရွတ်ဆိုလျှင် နှစ်သက်ဖွယ်ကောင်းကြောင်းကို ဆဋ္ဌမတန်းမှ ကဗျာတစ်ပုဒ်နှင့် သာဓကပြကာ မိတ်ဆက်ပါ။
- ❖ သာဓကပြသောကဗျာမှရရှိသည့် ရသခံစားမှုကိုမေးမြန်းဆွေးနွေး၍ သင်ခန်းစာမိတ်ဆက်ပါ။
- ❖ ကဗျာ၏ဆိုလိုရင်းကို ရှင်းပြပြီး စကားပြေပုံစံဖြင့်လည်း ပြောပြရမည်ဖြစ်ကြောင်းပြောပါ။

**သင်ကြားခြင်း** ၁၅ မိနစ်

- ❖ တို့တောရွာကဗျာကို ကျောင်းသားများအား ၁ ကြိမ် ရွတ်ဆိုခိုင်းပါ။ ထို့နောက် ဆရာက အဖြတ်အရပ်၊ အသံနေအသံထား မှန်မှန်ရွတ်ဆိုပြပါ။
- ❖ ကျောင်းသားများအားလုံးကို မှန်ကန်စွာရွတ်ဆိုနိုင်သည်အထိ လေ့ကျင့်ပေးပါ။
- ❖ လိုအပ်ချက်ရှိသော ကျောင်းသားများအား ကူညီပေးပါ။
- ❖ ကျောင်းသုံးစာအုပ် သရုပ်ဖော်ပုံတွင် ကာလဒေသ၊ အချိန်၊ ဇာတ်ဆောင်၊ ပါဝင်သောအရာဝတ္ထုတို့ကို မေးပါ။
- ❖ ကဗျာ၏ဆိုလိုရင်းကို ပြောပြပါစေ။ အဖြေများကို သင်ပုန်းမှတ်ချက်ရေးပါ၊

- ❖ ဆိုလိုရင်းကို နားလည်ပြီး စကားပြေပြန်ဆိုမှု လွယ်ကူစေရန် ခက်ဆစ်စကားလုံးများကို အသုံးပြု၍ ရှင်းပါ။
- ❖ ကဗျာတစ်ပိုဒ်ချင်း၏ဆိုလိုရင်းကို ကျောင်းသားတစ်ဦးချင်းစီအား မေးမြန်း၍ဆရာက ကူညီလမ်းညွှန်ပါ။

**လေ့ကျင့်ခြင်း**　　　　**၁၅ မိနစ်**

- ❖ စာသင်ခန်းနှင့်ကျောင်းသားဦးရေ အနေအထားအရ ကျား၊ မ မျှတမှုရှိသော အုပ်စု ၃ စု သို့မဟုတ် သင့်လျော်သလိုဖွဲ့ပါ။
- ❖ ကဗျာပါအကြောင်းအရာများကို ခံစားမှုရသပေါ်လွင်ပြီး မှတ်မိသည်အထိ အုပ်စုလိုက်ရွတ်ဆိုပါစေ။
- ❖ အဖွဲ့များအား ကဗျာစာပိုဒ်များကို ခွဲဝေပေးပြီး ဆိုလိုရင်းကို ဆွေးနွေးပါစေ။ စာရွက်ဖြင့်ဖြေဆိုစေပြီး တစ်ဖွဲ့ချင်းစီမှ ကိုယ်စားလှယ်တစ်ဦးက တင်ပြပါစေ။ ကျန်အုပ်စုများမှ လိုအပ်ချက်နှင့် အမြင်များကို အကဲဖြတ်ပါစေ။
- ❖ လိုအပ်ချက်ရှိသော အဖွဲ့ကို ဆရာက ထပ်မံဖြည့်စွက်လမ်းညွှန်ပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း**　　　　**၁၀ မိနစ်**

- ❖ ကဗျာစာပိုဒ်များကို အလဲအလှယ်ပြု၍ ဆိုလိုရင်းနှင့် စကားပြေပြန်ဆိုမှုကို အုပ်စုလိုက်ဆွေးနွေးပြီး အတန်းသို့တင်ပြပါစေ။
- ❖ ကျောင်းသားတစ်ဦးချင်းစီအား ကဗျာတစ်ပိုဒ်စီ၏ဆိုလိုရင်းကို စကားပြေပြန်ဆိုပါစေ။
- ❖ ကဗျာရွတ်ဆိုနေစဉ် ကျောင်းသားများ မည်သို့ခံစားရကြောင်းမေးပါ။
- ❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၀) ရှိ မေးခွန်းနံပါတ် (၅) ကို ဖြေဆိုပါစေ။
- ❖ ကဗျာအဓိပ္ပာယ်ကိုနားလည်ပြီး ကျောင်းသားများ အားလုံးပါဝင်ဆွေးနွေးနိုင်ရန် ကဗျာခက်ဆစ်များကို အိမ်တွင်ကျက်ခဲ့ရန် မှာကြားပါ။

**အဓိကအချက်များ**

- ❖ ကဗျာရွတ်ဆိုရာတွင် အသံနေအသံထား၊ အဖြတ်အရပ် မှန်ကန်ပြီး ခံစားမှုနှင့် ကဗျာအကြောင်းအရာကို နားလည်ရမည်။
- ❖ ကဗျာ၏ဆိုလိုရင်းကို စကားပြေပြန်ဆိုနိုင်ရမည်။



DBE BOX

## စာသင်ချိန် ၂

### ၁၊ ၂။ ကဗျာ၏ခံစားမှုအရသာကို ရှင်းပြပြီး သုတကိုဖော်ထုတ်ခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ကဗျာ၏ဆိုလိုရင်းကို နားလည်၍ ခံစားမှုကိုပြောပြတတ်ရန်

❖ ကဗျာမှရရှိသောသုတကို ဖော်ထုတ်တတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

❖ ကျောင်းသားများအား တို့တောရွာကဗျာ၏အမျိုးအစား၊ ရေးဖွဲ့ခဲ့သောအချိန်၊ ကာလဒေသနောက်ခံ၊ ပါဝင်သောဇာတ်ဆောင်၊ အသုံးအဆောင်၊ ဒေသထွက်အစားအစာတို့ကို မေးပါ။

❖ ထိုအကြောင်းအရာများကို ယခင်ကကြားဖူးပါသလား။ ယခုသင်ကြားပြီးချိန်တွင် မည်သည့်ခံစားမှုဖြစ်ပေါ်သနည်းဟူသော မေးခွန်းကိုမေးပါ။

❖ ကဗျာရွတ်ဆိုမှုနှင့် ဆိုလိုရင်းကိုနားလည်ခြင်းတွင် မည်သည်က ခံစားမှုအရသာဖြစ်ပေါ်စေသနည်း။ ရရှိသောခံစားမှုတို့ကို မေးမြန်းပြီး သင်ခန်းစာမိတ်ဆက်ပါ။

**သင်ကြားခြင်း** ၁၀ မိနစ်

❖ ကျောင်းသားများအား ကဗျာတစ်ပိုဒ်ချင်းစီမှမြင်ကွင်းများကို အချင်းချင်းဆွေးနွေးပြီး သရုပ်ဖော်သည့်ပုံစံဖြင့်ပြောပါစေ။

❖ ကဗျာတစ်ပိုဒ်ချင်းစီတွင် တွေ့မြင်ရသော မြင်ကွင်းများအရ မည်သို့ခံစားရကြောင်း ပြောပြပါစေ။

❖ ဖြေဆိုချက်များကို သင်ပုန်းမှတ်ချက်ရေးပါ။

**လေ့ကျင့်ခြင်း** မိနစ် ၂၀

❖ ကျောင်းသားများကို ကျား၊ မ မျှတမှုရှိသော အုပ်စု ၃ စုဖွဲ့ပါ။

❖ ကဗျာစာသားများကို အမှတ်စဉ်တပ်ပြီး မဲလိပ်များလုပ်ပါ။ မဲနှိုက်ပြီး မိမိတို့ရရှိထားသော ကဗျာစာပိုဒ်မှ တွေ့မြင်ရသောမြင်ကွင်းသရုပ်၊ ဇာတ်ဆောင်မိန်းမပျို၏ စိတ်နေစိတ်ထား၊ ကျေးလက်ပတ်ဝန်းကျင်အခြေအနေ၊ ဧည့်ခံကျွေးမွေးသောအစားအစာတို့ကို မိမိတို့ဒေသ၏ လက်တွေ့ဘဝနှင့်ဆက်စပ်သုံးသပ်ပြီး ဆွေးနွေးပါစေ။

❖ ခံစားမှုမှတစ်ဆင့် အတုယူသင့်သော သုတနှင့် အသိအမြင်များကို လက်တွေ့ဘဝနှင့် ဆက်စပ်ပြောပြပါစေ။



DBE BOX

- ❖ ကဗျာမှရရှိသောသုတများသည် လက်တွေ့ဘဝတွင် မည်သို့အသုံးဝင်ကြောင်း၊ မည်သည့်အချက်များက လေးစားအတုယူသင့်ကြောင်း မေးပါ။
- ❖ အုပ်စုကိုယ်စားလှယ်တစ်ဦးက အတန်းရှေ့တွင် တင်ပြပါစေ။
- ❖ ဆရာက လိုအပ်ချက်များကို ဖြည့်စွက်လမ်းညွှန်ပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း　　　　　　　　　　၁၀ မိနစ်**

- ❖ ဆရာက ကဗျာတစ်ပုဒ်ချင်းကို ကျောင်းသားတစ်ဦးချင်းစီအား ရွေးချယ်ခိုင်းပြီးခံစားမှု၊ သုတများနှင့် ဓလေ့ထုံးစံ၊ ကျေးလက်သဘာဝ၏ပတ်ဝန်းကျင်၊ ဇာတ်ဆောင်တို့၏စရိုက်ကို ဝေဖန်အကဲဖြတ်ပါစေ။
- ❖ တစ်ဦးချင်းစီ၏ ဝေဖန်မှုကို ဆရာက ထပ်မံဖြည့်စွက်လမ်းညွှန်ပါ။
- ❖ ထို့နောက် ကဗျာတစ်ပိုဒ်လုံးကို ရည်ရွယ်ချက်ပေါက်မြောက်စေရန် မည်သည့်အရေးအဖွဲ့များက ပံ့ပိုးပေးကြောင်း ရှင်းပြပါ။
- ❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၀) ရှိ မေးခွန်းနံပါတ် (၆) ကို ဖြေဆိုပါစေ။
- ❖ ဖြေဆိုချက်များကိုနားထောင်ပြီး ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၀) မှ အဓိကအချက်များကို ပြောပါ။

**အဓိကအချက်များ**

- ❖ ကဗျာကို ခံစားနားလည်မှုမှတစ်ဆင့် သုတကို သိရှိရမည်။
- ❖ ကဗျာကပေးသောသုတကို မိမိသိရှိပြီးသော သုတနှင့် ဆက်စပ်မှတ်သားရမည်။

## စာသင်ချိန် ၃

### ၁၊ ၃။ သုတကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

- ❖ ကဗျာမှရရှိသော သုတများကို လက်တွေ့ဘဝနှင့် ဆက်စပ်သုံးသပ်တတ်ရန်
- ❖ ကဗျာမှရရှိသော အတွေးအမြင်၊ အတွေ့အကြုံနှင့် မိမိပတ်ဝန်းကျင်၏ အတွေ့အကြုံကို နှိုင်းယှဉ်ဝေဖန်တတ်ရန်
- ❖ သုတကို ဆွေးနွေးသုံးသပ်ပြီး အကဲဖြတ်မှတ်သားတတ်ရန်



DBE BOX

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

- ❖ ကဗျာတွင်ပါဝင်သော ဒေသသည် မည်သည့်ဒေသဟု ထင်သနည်း။
- ❖ မိန်းမပျို၏အိမ်သည် မည်သည့်အိမ်မျိုးဖြစ်သနည်း။ အဘယ်ကြောင့် ထိုအိမ်မျိုးနှင့်နေသနည်း။
- ❖ မောင်ကြီးကို မည်သည့်အရာတို့ဖြင့် အိပ်ရာအသုံးအဆောင်ပြုစေသနည်း။
- ❖ အထက်ပါမေးခွန်းများကိုမေးပြီး ယခုစာသင်ချိန်တွင် စာဆို၏ရည်ရွယ်ချက်နှင့် ဗဟုသုတတို့ကို မိမိတို့၏ လက်တွေ့ဘဝအတွေ့အကြုံနှင့် နှိုင်းယှဉ်၍ လေ့လာသုံးသပ်ကြရမည်။
- ❖ ကဗျာမှရရှိသော သုတများကို ကျောင်းသားများအား မေးပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

- ❖ လိုက်ဖက်သော ဟင်းလျာတို့ဖြစ်စေရန် မည်သည်တို့ဖြင့် ဧည့်ခံသနည်း။ အခြားသော ဟင်းလျာတို့၏ အမျိုးအမည်မပါဝင်သည်မှာ အဘယ်ကြောင့်နည်း။
- ❖ မိန်းမပျိုစီစဉ်ထားသော ဟင်းလျာတို့ကို စိတ်တွင် မည်သို့ယူဆမိသနည်း။ အဘယ်ကြောင့်နည်း။
- ❖ မိန်းမပျို၏ နေရာတွင် မိမိဖြစ်လျှင် မည်သို့လုပ်ဆောင်မည်နည်း။
- ❖ ညအချိန်တွင် ပလွေရှည်ဖြင့် မည်သူက ဖျော်ဖြေသနည်း။ မည်သို့ ထင်မြင်မိသနည်း။
- ❖ မိန်းမပျိုက မောင်ကြီးကို မည်သည့်အချိန်တွင် ဧည့်ခံသနည်း။ အဘယ်ကြောင့်နည်း။ မည်သည့်အချက်ကို သတိပြုအတုယူမိသနည်း။
- ❖ ကဗျာတွင်ပါဝင်သော အကြောင်းအရာများသည် ယနေ့ခေတ်နှင့် မည်သို့ကွာခြားမှုများတွေ့ရသနည်း။
- ❖ အဆိုပါမေးခွန်းများကို အတန်းသားဦးရေအရ တစ်ဦးချင်းစီကို သင့်လျော်သလို မေးမြန်းပါ။
- ❖ အဖြေများကို သင်ပုန်းမှတ်ချက်ရေးပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

- ❖ အောက်ပါမေးခွန်းများကို သင့်လျော်သလိုအုပ်စုဖွဲ့၍မေးပါ။
- ❖ 'ရာသီဝလေ့ ပုစွန်လုံး ခွဲဖုံးထေ့လို့' ဟု စာဆိုက အဘယ်ကြောင့် ရေးဖွဲ့ရသနည်း။
- ❖ 'ဟင်းဖက်စုံလှ မင်းပုံထည်ထည်' ဟူသော အဖွဲ့ကို စာဆိုသည် မည်သည့်ရည်ရွယ်ချက်ဖြင့် ရေးဖွဲ့သနည်း။
- ❖ မိန်းမပျိုစီစဉ်သော ဟင်းလျာများသည် သူ့အတွက် လွယ်ကူပါသလား။ မိမိအနေဖြင့် ခက်ခဲပါသလား။ အဘယ်ကြောင့်နည်း။



DBE BOX

- 'မိုးအကာပင်ယံထက်ဆီက ထန်းရွက်နှင့်ဆင်သည့်အိမ်'ဟုစာဆိုရေးဖွဲ့ရခြင်းသည် မည်သည့် ခံစားမှုနှင့် ပတ်သက်သနည်း။
- ကဗျာတွင်တွေ့ရသော ၁၉ ရာစုခေတ်စကားအသုံးများကို ပြောပြပါ။
- ၁၉ ရာစုတွင် ပေါ်ပေါက်ခဲ့သော ထိုကဗျာသည် ယနေ့ခေတ်တွင် မည်သို့အထောက်အကူပြု သနည်း။
- ဖြေဆိုမှုလိုအပ်ပါက ကူညီလမ်းညွှန်ပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း　　၅ မိနစ်**

- ဖြေဆိုခဲ့သောမေးခွန်းများအရ စာဆိုသည် မည်သည့်ရည်ရွယ်ချက်ဖြင့် ရေးဖွဲ့သနည်း။
- ကဗျာပါ မိန်းမပျို၏ စိတ်နေသဘောထား၊ စေတနာ၊ လုပ်ဆောင်ချက်တို့ကို အတုယူလေးစားစိတ် ဖြစ်စေရန် မည်သည့်အချက်များက ပံ့ပိုးပေးသနည်း။
- ကျောင်းသားတစ်ဦးချင်းစီအား ဖြေဆိုပါစေ။ လိုအပ်သည်များကို ဆရာက ဖြည့်စွက်လမ်းညွှန်ပါ။
- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၀) ရှိ မေးခွန်းနံပါတ် (၄) ကို ဖြေဆိုပါစေ။

**အဓိကအချက်များ**

- ကဗျာ့အသိနှင့် လက်တွေ့ဘဝအသိတို့ကို ဆက်စပ်၍နှိုင်းယှဉ်ရမည်။
- စာပေသုတနှင့် ဘဝအသိတို့၏ တန်ဖိုးကို သတိပြုလေ့လာသုံးသပ်ရမည်။

## စာသင်ချိန် ၄

### ၁၊ ၄။ ကဗျာ့သဘောနှင့် ကာရန်သဘောကို ရှင်းပြခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

- ကဗျာ့သဘောကို မှတ်သား၍ ရှင်းပြတတ်ရန်
- ကာရန်တူစကားလုံးများကို ရှာဖွေတတ်ပြီး ကာရန်ယူပုံကို ပြောပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်　　၅ မိနစ်**

- လွမ်းချင်းကဗျာအကြောင်း ဆရာက မိတ်ဆက်ရှင်းပြပါ။
- လွမ်းချင်းကဗျာသည် ၁၉ ရာစုမှ စတင်ပေါ်ပေါက်ခဲ့ပြီး ကြည်နူးစရာ၊ နှစ်သက်စရာ၊ ပျော်ရွှင် စရာ၊ လွမ်းစရာများကို အဓိကရေးဖွဲ့သော ကဗျာမျိုးပင်ဖြစ်ကြောင်း၊ ဦးကြီး၏ကဗျာများတွင်လည်း

ထိုအကြောင်းအရာများကို ဟာသသဘောနှော၍ နှစ်သက်ကြည်နူးဖွယ်ကောင်းအောင် ရေးဖွဲ့လေ့ရှိကြောင်း၊ စာတစ်ပိုဒ်အဆုံးတွင်လည်း 'လေး' ထည့်၍ရေးဖွဲ့လေ့ရှိကြောင်းရှင်းပါ။

❖ ကာရန်၏သဘောမှာလည်း လေးလုံးစပ်လင်္ကာပုံစံမျိုးပင်ဖြစ်သော်လည်း ကာရန်စနစ်ကို အတိအကျမရေးဖွဲ့ဘဲ အသံတူကာရန်များကို ပါဝင်အောင် အချိတ်အဆက်မိမိ ရေးဖွဲ့ရကြောင်း ရှင်းပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ ကျောင်းသားများကို အသံတူကာရန်များ ရှာဖွေပါစေ။ ကာရန်စကားလုံးများကို မျဉ်းသားပါစေ။

❖ ကျောင်းသားများ၏ ဖြေဆိုချက်များကို သင်ပုန်းမှတ်ချက်ရေးပါ။

❖ လိုအပ်ချက်ရှိသော ကျောင်းသားများကို ဆရာက ကူညီလမ်းညွှန်ပါ။

❖ ဆရာက နမူနာအနေဖြင့် ပထမအပိုဒ်မှ အသံတူကာရန်တူစကားလုံးများကို ကျောင်းသားများနှင့် အမေးအဖြေသုံး၍ ဖြေဆိုပေးပါ။

'ပျော်ပုံကသစ်သနှင့်

ငယ်ချစ်ကယ်လိုက်ခဲ့တော့

အကြိုက်ကတဲ့ တို့တောရွာမှာ

မိုးအကာ ပင်ယံထက်ဆီက

ထန်းရွက်နှင့် ဆင်သည့်အိမ်

ခြံတင်းထိမ် နွားရေခင်းလို့

ညဥ့်တွင်း ပလွေကျော်နှင့်

ဖျော်ပါ့မယ်လေး။'

❖ 'သစ်၊ ချစ်'၊ 'လိုက်၊ ကြိုက်'၊ 'မှာ၊ ကာ'၊ 'ထက်၊ ရွက်'၊ 'အိမ်၊ ထိမ်'၊ 'ခင်း၊ တွင်း'၊ 'ကျော်၊ ဖျော်' တို့သည် ကာရန်တူစကားလုံးများဖြစ်သည်ကို မေးခွန်းများမေး၍ အဖြေရှာပေးပါ။

**လေ့ကျင့်ခြင်း** **၁၅ မိနစ်**

❖ စာသင်ခန်းနှင့် ကျောင်းသားဦးရေ အရ ကျား၊ မ မျှတမှုရှိသော အုပ်စု ၂ စုဖွဲ့ပါ။

❖ အုပ်စု ၂ စုအား ကဗျာစာပိုဒ် ၂ ပိုဒ်ကို ခွဲဝေပေး၍ အသံတူကာရန်များကို ရှာဖွေပါစေ။

❖ flip – Chart (စာရွက်အကြီး) များပေါ်တွင် ရေး၍ နံရံတွင်ကပ်ပါစေ။ အုပ်စု (၁) ၏ အဖြေကို အုပ်စု (၂) မှ လေ့လာပြီး လိုအပ်သည်များကို မှတ်ချက်ရေးပါစေ။ အပြန်အလှန် မှတ်ချက်များပေး၍ ဖြည့်စွက်ပါစေ။

❖ လိုအပ်လျှင် ဆရာက ဖြည့်စွက်လမ်းညွှန်ပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

❖ ကျောင်းသားများအား အုပ်စုလိုက် ကဗျာစာပိုဒ်များကို အလဲအလှယ်ပြု၍ ကာရန်စကားလုံးများကို ရှာဖွေပါစေ။

❖ ဆရာက အုပ်စုတိုင်းမှ ကျောင်းသားများကို တစ်ဦးချင်းစီမေးပါ။

❖ ကဗျာ့သဘောကိုလည်း ထပ်မံမေးပါ။

**အဓိကအချက်များ**

❖ လွမ်းချင်းကဗျာသည် ၁၉ ရာစုမှ စတင်ပေါ်ပေါက်ခဲ့ပြီး ကြည်နူးစရာ နှစ်သက်စရာ၊ လွမ်းစရာများကိုရေးဖွဲ့ပြီး စာတစ်ပိုဒ်အဆုံးတွင် 'လေး' ထည့်၍ရေးဖွဲ့သည်။

❖ ပဒတစ်ခုတိုင်းတွင် အသံတူကာရန်များပါဝင်သည်။

## စာသင်ချိန် ၅

### ၁၊ ၅။ လေ့ကျင့်ခန်းများဖြေဆိုခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ အဘိဓာန်ကိုအသုံးပြု၍ ဝေါဟာရကြွယ်ဝပြီး စကားလုံးများ၏ ဆိုလိုရင်းကို ရှင်းပြတတ်ရန်

❖ အဓိပ္ပာယ်ပေါ်လွင်စေသည့် ဝါကျတစ်ကြောင်း ဖန်တီးရေးသားတတ်ရန်

❖ မေးခွန်းနှင့် ဆက်စပ်ပြီး လက်တွေ့ဘဝတွင် အသုံးချရေးသားတတ်ရန်

❖ မိမိ၏ခံစားချက်များကို စာဖတ်သူစိတ်ဝင်စားအောင် ရေးသားတင်ပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၃ မိနစ်**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းများကို ဖြေဆိုကြရာတွင် မိမိအရည်အချင်းဖြင့် တစ်ဦးချင်း ဖြေဆိုရမည့် မေးခွန်းနှင့် အုပ်စုလိုက်ဖြေဆိုရမည့် မေးခွန်းများလည်း ပါဝင်သည်။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၀) ရှိ မေးခွန်းနံပါတ် (၂) အတွက် ပေးထားသော စကားလုံးများ၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်စာအုပ်အသုံးပြု၍ အဖွဲ့လိုက်ပူးပေါင်းရှာဖွေကြရမည်ဖြစ်ကြောင်း ရှင်းပါ။



DBE BOX

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၀) ရှိ မေးခွန်းနံပါတ် (၁) ကို ကျောင်းသားအား အတန်းတွင်း ဖြေဆိုပါစေ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၀) ရှိ မေးခွန်းနံပါတ် (၂) အတွက် စကားလုံးများ၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာရာ၌ စာအုပ်တွင် အက္ခရာစဉ်လိုက် ကြည့်ပြီးရှာဖွေရန် မှာကြားပါ။ အဖွဲ့တိုင်းရှိကျောင်းသားများကို ပေးထားသောစကားလုံးတိုင်း၏ တွေ့ရှိသမျှဆိုလိုရင်းကို ပြောပြစေပြီး ကဗျာတွင်သုံးသောအဓိပ္ပာယ်နှင့် ကိုက်ညီမှုရှိသည့် အဖြေကိုသာစဉ်းစားရွေးချယ်ဖြေဆိုရန် မှာကြားပါ။ ဆရာက နမူနာ ၁ လုံးကို ရှာပေးပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၀) ရှိ မေးခွန်းနံပါတ် (၃) ကို ဖြေဆိုရာတွင် သဒ္ဒါအသုံးအနှုန်းမှန်ကန်စွာ ဖြေဆိုပါစေ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ဆရာကနမူနာ ဖြေပြခဲ့သည့်အတိုင်း ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၀) ရှိ မေးခွန်းနံပါတ် (၂) ကို အဖွဲ့တိုင်းရှိ ကျောင်းသားများအား ပူးပေါင်းအဖြေရှာပြီး တွေ့ရှိသမျှအဓိပ္ပာယ်များနှင့် ဆီလျော်သည့်အဖြေကို စာရွက်ဖြင့် နံရံတွင်ကပ်ပါစေ။

❖ အဖွဲ့တိုင်းက လှည့်လည်ကြည့်ရှုပြီး အကြံပြုချက်များကို စာရွက်များဖြင့် ကပ်ပါစေ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၀) ရှိ မေးခွန်းနံပါတ် (၃) ကို ကျောင်းသားတစ်ဦးချင်းစီအား ဖြေဆိုပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၇ မိနစ်**

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၀) ရှိ မေးခွန်းနံပါတ် (၂) ကဲ့သို့ အဘိဓာန်အသုံးပြုမှု ကျွမ်းကျင်စေရန် အခြားသောစကားလုံးများကို ဆရာက ထပ်မံပေး၍ လုပ်ငန်းပေးပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၀) ရှိ မေးခွန်းနံပါတ် (၃) ကဲ့သို့ စကားလုံးများကို ထပ်မံရှာဖွေခိုင်းပြီး ဝေါဟာရအသုံးကြွယ်ဝစေရန် ထပ်မံလေ့ကျင့်ပါ။

❖ အဖြေများကို ကျောင်းသားတစ်ဦးချင်းစီအားမေးပါ။

**အဓိကအချက်များ**

❖ စကားလုံးတို့၏အဓိပ္ပာယ်ပေါ်လွင်အောင် ဝါကျများရေးဖွဲ့ရမည်။

❖ အဘိဓာန်ကို အသုံးပြုပြီး ဝေါဟာရကြွယ်ဝရမည်။

❖ ချဲ့ထွင်မေးခွန်းများအရ အသုံးအနှုန်းကို စဉ်းစားသုံးသပ်ရမည်။

# တို့တောရွာ(လွမ်းချင်းကဗျာ) ကို ပြန်လည်သုံးသပ်ခြင်း

## တို့တောရွာ

### ကဗျာကိုရွတ်ဆိုပြီး ဆိုလိုရင်းကို ရှင်းပြခြင်း

- ❖ ကဗျာရွတ်ဆိုရာတွင် အသံအနေအထား၊ အဖြတ်အရပ်မှန်ကန်ပြီး ခံစားမှုနှင့် ကဗျာအကြောင်းအရာကို နားလည်စေရမည်။
- ❖ ကဗျာ၏ဆိုလိုရင်းကို စကားပြေပြန်ဆိုနိုင်ရမည်။

### ကဗျာ၏ခံစားမှုအရသာကို ရှင်းပြပြီး သုတကိုဖော်ထုတ်ခြင်း

- ❖ ကဗျာကို ခံစားနားလည်မှုမှတစ်ဆင့် သုတကိုသိရှိရမည်။
- ❖ ကဗျာကပေးသော သုတကို မိမိသိရှိပြီးသော သုတနှင့် နှိုင်းယှဉ်မှတ်သားရမည်။

### သုတရသကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း

- ❖ ကဗျာ့အသိနှင့် လက်တွေ့ဘဝအသိတို့ကို ဆက်စပ်၍နှိုင်းယှဉ်ရမည်။
- ❖ စာပေသုတနှင့် ဘဝအသိတို့၏ တန်ဖိုးကို သတိပြုလေ့လာသုံးသပ်ရမည်။

### လေ့ကျင့်ခန်းများဖြေဆိုခြင်း

- ❖ စကားလုံးတို့၏အဓိပ္ပာယ်ပေါ်လွင်အောင် ဝါကျများရေးဖွဲ့ရမည်။
- ❖ အဘိဓာန်ကို အသုံးပြုပြီး ဝေါဟာရကြွယ်ဝရမည်။
- ❖ ချဲ့ထွင်မေးခွန်းများအရ အသုံးအနှုန်းကို စဉ်းစားသုံးသပ်ရမည်။

### ကဗျာ့သဘောနှင့် ကာရန်သဘောကို ရှင်းပြခြင်း

- ❖ လွမ်းချင်းကဗျာသည် ၁၉ ရာစုမှ စတင်ပေါ်ပေါက်ခဲ့ပြီး ကြည်နူးစရာ နှစ်သက်စရာ၊ လွမ်းစရာများကို ရေးဖွဲ့ပြီး စာတစ်ပိုဒ်အဆုံးတွင် 'လေး' ထည့်၍ရေးဖွဲ့သည်။
- ❖ ပဒတစ်ခုတိုင်းတွင် အသံတူကာရန်များ ပါဝင်သည်။

DBEBOX

## ရည်ညွှန်းစာအုပ်များ

❖ သတ္တမတန်းကျောင်းသားများနှင့် ကိုက်ညီသော အခြားလွမ်းချင်းကဗျာများကိုအသုံးပြုပြီး ကာရန်၊ အဓိပ္ပာယ် စသည်တို့ကိုဖော်ထုတ်သည့် လေ့ကျင့်ခန်းပေးနိုင်ပါသည်။

❖ အောက်ပါရည်ညွှန်းစာအုပ်စာတမ်းများကို ဖတ်ရှုနိုင်ပါက မိမိတွင်ဗဟုသုတိုးပွားပြီး သင်ကြားမှုကို ပိုမိုထိရောက်စေနိုင်ပါသည်။

❖ ကဗျာဖွဲ့နည်းစာအုပ်များ

၁။ မင်းသုဝဏ်။ (၂၀၁၇)။ ကဗျာရေးချင်စာစပ်သင်။ စာကြည့်တိုက်စာစဉ် ၈၈။ the key collection press.

၂။ တင်မိုး။ (၁၉၈၃)။ မြန်မာကဗျာစာတမ်းများ။ ဒုတိယတွဲ၊ စာပေဗိမာန်၊

DBE BOX

## ၉။ ကျိုက်ထီးရိုး (ခရီးသွားဆောင်းပါး၊ သုတရသစကားပြေ)

**စုစုပေါင်းစာသင်ချိန် ၅ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

**သင်ယူမှုရလဒ်များ**

- ကျိုက်ထီးရိုးသည် မြန်မာနိုင်ငံ၏ နာမည်ကျော်ကြားသောနေရာတစ်ခုဖြစ်ကြောင်း သိရှိလာမည်။
- မိမိကိုယ်တိုင် ခရီးသွားလိုစိတ် ဖြစ်ပေါ်လာမည်။
- ခရီးသွားခြင်းသည် အကြားအမြင် ဗဟုသုတ တိုးပွားစေနိုင်ကြောင်း သိလာမည်။
- သုတ၊ ရသ သဘောကို သိရှိလာမည်။

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

- ကျိုက်ထီးရိုး၏ တည်နေရာ၊ ရေမြေတောတောင်ရှုခင်း သဘာဝအလှ ရုပ်ပုံကားချပ်များ
- ကျိုက်ထီးရိုးသို့ သွားလာလည်ပတ်ခဲ့ကြသော ဓာတ်ပုံကားချပ်၊ ဗီဒီယိုပြကွက်

**ရရှိစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ**

- ဆောင်းပါးကို အုပ်စုဖွဲ့ဖတ်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှုစွမ်းရည်
- ဆောင်းပါးပါ ဗဟုသုတအချက်အလက်များကို စဉ်းစားဖော်ထုတ်၍ မိမိတို့သိရှိထားသည့် ဗဟုသုတများအကြောင်း အချင်းချင်းအပြန်အလှန် ဆွေးနွေးစေခြင်းဖြင့် ပြောဆိုဆက်သွယ်မှုစွမ်းရည်
- အခြားအုပ်စုများ၏ ဖြေဆိုချက်များကို အကဲဖြတ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်
- ကိုယ်တိုင်ခရီးသွားခြင်းမှ ရရှိသောအတွေ့အကြုံများကို ရေးသားဖော်ပြခြင်းဖြင့် ဖန်တီးမှုစွမ်းရည် တို့ကိုရရှိလာမည်။

### စာသင်ချိန် ၁

**၁၊ ၁။ စကားပြေဖတ်ခြင်းနှင့်နားထောင်ခြင်း**

**သင်ခန်းစာရည်ရွယ်ချက်များ**

- စကားပြေအကြောင်းအရာကို သဘောပေါက်အောင် နားထောင်တတ်ရန်

**သင်ခန်းစာမိတ်ဆက်** 　　　　**၁၀ မိနစ်**

- ဆရာက ကျောင်းသားများကို ယခုစာသင်ချိန်တွင် ကျိုက်ထီးရိုးအကြောင်း ဦးစွာမိတ်ဆက်ပါ။
- ကျိုက်ထီးရိုးကိုရောက်ဖူးပါသလား။ တောတောင်ရှုခင်းတွေကို တွေ့မြင်ဖူးပါသလား။ ခရီး

သွားခြင်းကို နှစ်သက်ပါသလား စသည့် မေးခွန်းများကိုမေးပြီး အဖြေပေါ်မူတည်၍ သင်ခန်းစာကို မိတ်ဆက်ပါ။

**သင်ကြားခြင်း** **၁၀ မိနစ်**

❖ ဆရာက စာတစ်ပိုဒ်ချင်းကို အသံအဖြတ်အရပ်မှန်မှန် ဖတ်ပြပါ။ ဆရာက တစ်ပိုဒ်ပြီးတိုင်း တစ်တန်းလုံးပြန်ဖတ်ပါစေ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ကျောင်းသားအားလုံးကို အသံနေအသံထား၊ အဖြတ်အတောက်မှန်မှန်ဖြင့် အစအဆုံး တစ်ခေါက် ဖတ်ပါစေ။

❖ အုပ်စု ၂ စုဖွဲ့ပါ။ တစ်ဖွဲ့မှဖတ်သည်ကို တစ်ဖွဲ့ကနားထောင်၍ ဝေဖန်သုံးသပ်ပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ဆရာက ကျောင်းသားစာဖတ်ပုံနှင့် နားထောင်ပုံကို အကဲခတ်ကြည့်ထားပါ။ လိုအပ်ချက်ရှိလျှင် တည့်မတ်ပေးပါ။

(ကျန်ကျောင်းသားများကို နောက်သင်ခန်းစာမှာ အခုလို ဖတ်ရမည်ဖြစ်ကြောင်း အသိပေးပါ။)

**အဓိကအချက်များ**

❖ စကားပြေတစ်ပုဒ်ကို အသံနေအသံထား၊ အဖြတ်အရပ်မှန်မှန် နားထောင်သူစိတ်ဝင်စားအောင် ဖတ်ရမည်။

❖ အာရုံစိုက်၍ သဘောပေါက်အောင် နားထောင်ရမည်။ ဖတ်ရမည်။

## စာသင်ချိန် ၂

### ၁၊ ၂။ ခရီးသွားဆောင်းပါး၏ သဘောသဘာဝနှင့် ဆောင်းပါးပါအချက်အလက်များကို ရှင်းပြခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ကျိုက်ထီးရိုးစေတီတော်၏ အံ့သြဖွယ်တန်ခိုးကြီးမားပုံ၊ သဘာဝတောတောင်ရှုခင်းများနှင့် လှပသာယာပုံကို မြန်မာနိုင်ငံတွင်သာမက ကမ္ဘာကပါသိရှိကြောင်း ကျောင်းသားများ ရှင်းပြတတ်ရန်

❖ ခရီးသွားဆောင်းပါး၏ သဘောသဘာဝကိုဖော်ပြတတ်ရန်



DBE BOX

**သင်ခန်းစာမိတ်ဆက်** **၁၀ မိနစ်**

❖ ကျိုက်ထီးရိုးစေတီတော်၏ အံ့ဖွယ်အကြောင်းအရာများကို ရှင်းပြပါ။ သွားလာရေး လွယ်ကူချောမွေ့ကြောင်း၊ သာယာသော ရှုခင်းတောတောင်များနှင့် ကြည်ညိုစရာကောင်းကြောင်း၊ လည်ပတ်သွားလာရန်နေရာများစွာရှိကြောင်း၊ ဒေသထွက် အစားအစာကောင်းမွန်ကြောင်း၊ ခြေလျင်တောင်တက်ခရီး သွားလာနိုင်ကြောင်း၊ ခေတ်မီကောင်းကင်ကြိုးယာဉ်များကိုလည်း တပ်ဆင်ထားပြီး သဘာဝရှုခင်းများကို တဝကြီးကြည့်ရှုနိုင်ကြောင်း၊ စိတ်အပန်းဖြေ၊ ဗဟုသုတအတွေ့အကြုံများလည်းရနိုင်ကြောင်း သဘောပေါက်အောင်ရှင်းပြပါ။

❖ ခရီးသွားဆောင်းပါးဟူသည် ခရီးသွားအတွေ့အကြုံတစ်ခုကို သုတသက်သက်မဟုတ် နှစ်သက်မှုရသပါအောင် ရေးထားသော သုတရသစာပေဖြစ်ကြောင်းပြောပြပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ ဆောင်းပါးတွင်ပါသည့် အောက်ပါအချက်အလက်များကို စိတ်ဝင်စားဖွယ်၊ နှစ်သက်ဖွယ်ဖြစ်အောင် ဆရာကရှင်းပြပါ။

◆ ကျိုက်ထီးရိုးသို့သွားနိုင်သည့် ခရီးလမ်းကြောင်းများ၊ ကျိုက်ထီးရိုးတောင်ခြေမှ တောင်ပေါ်သို့ တက်ရပုံအဆင့်ဆင့်၊ ကျိုက်ထီးရိုးစေတီတော်၏ထူးခြားချက်များ၊ ကျိုက်ထီးရိုးသို့ ခရီးသွားလည်ပတ်သူများရခြင်းအကြောင်းအရင်းများ

**လေ့ကျင့်ခြင်း** **၁၅ မိနစ်**

❖ ကျောင်းသားများကို သင့်လျော်သလို ကျား၊ မ မျှတစွာ အုပ်စုဖွဲ့ပါ။

❖ အုပ်စုတစ်စုလျှင် တစ်ချက်စီဆွေးနွေးစေပြီး အတန်းသို့ တင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ အုပ်စုလိုက်ရေးထားသည့်မှတ်စုကို ဆရာကစစ်ဆေးကြည့်ပါ။ အကောင်းဆုံးမှတ်စုကို ဆရာကတစ်တန်းလုံးကြားအောင် အသံထွက်ဖတ်ပြပါ။ လိုအပ်သည်များရှိလျှင် ဆရာကဖြည့်စွက်ပါ။

**အဓိကအချက်များ**

❖ ကျိုက်ထီးရိုးသည် ထူးခြားသော နေရာတစ်ခုဖြစ်သည်။

❖ အံ့သြဖွယ်ကောင်းသော ကျောက်စွန်း၊ ကျောက်ဆောင်ပေါ်တွင် တည်ရှိသည်။

❖ နိုင်ငံရပ်ခြား တိုင်းပြည်များမှ ခရီးသွားများ လာရောက်လည်ပတ်သည်။

❖ မြန်မာပြည်သားတို့အတွက် ဂုဏ်ယူစရာ၊ စိတ်ဝင်စားဖွယ်နေရာဖြစ်သည်။

## စာသင်ချိန် ၃

### ၁၊ ၃။ ဗဟုသုတများကိုဖော်ထုတ်ခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

❖ မိမိနိုင်ငံ၏ အံ့ဩဖွယ်၊ စိတ်ဝင်စားဖွယ်၊ ကြည်ညိုစရာဘုရားစေတီပုထိုးများကို တန်ဖိုးထားတတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

❖ ရှေးယခင်က ကျိုက်ထီးရိုးစေတီတော်တည်ရှိပုံနှင့် ယခုကျိုက်ထီးရိုးစေတီတော်၏ ခေတ်မီထူးခြားသော တိုးတက်မှု နေရာဒေသတို့၏အကြောင်း၊ သင်ထောက်ကူရုပ်ပုံကားချပ်များ၏ အကူအညီဖြင့် ရှေးကကျိုက်ထီးရိုးစေတီတော်ပုံ၊ ယခုခေတ် ကျိုက်ထီးရိုးစေတီတော်ပုံတို့ကို မိတ်ဆက်ပါ။

**သင်ကြားခြင်း** ၁၅ မိနစ်

❖ ပထမစာသင်ချိန်တွင် ရှင်းပြခဲ့သည့် ကျိုက်ထီးရိုးအကြောင်းကို ( မည်မျှမှတ်မိကြောင်းသိရှိရန်) ပြန်မေးပါ။ ထို့နောက် ကျိုက်ထီးရိုး၏ အနီးဒေသပတ်ဝန်းကျင်များအကြောင်း၊ ဒေသအခေါ်အဝေါ်စသည်ဖြင့် ရှင်းပြပါ။ ထို့ပြင် ကျိုက်ထီးရိုးစေတီတော်၏ ထူးခြားချက်များကိုရှင်းပြပါ။

❖ ထို့နောက် ကျိုက်ထီးရိုးနှင့်ပတ်သက်သော သမိုင်း၊ ထူးခြားသောအရပ်ဒေသများ၊ တောတောင်အလှအပရှုခင်း၊ အံ့ဩဖွယ်ရာအရပ်များနှင့် ခရီးသွားများပြားစွာရှိနေပါသော်လည်း မည်သည့်အခါမှ နေရာကျပ်တည်းမှုမရှိဘဲ စည်ကားကြောင်းရှင်းပြပါ။

❖ ကျိုက်ထီးရိုးဒေသသို့ လာရောက်ကြသူတို့တွင် လူမျိုးပေါင်းစုံ၊ အရွယ်မျိုးစုံ၊ နေရာဒေသမျိုးစုံတို့မှ လာရောက်ကြပုံ၊ မြန်မာနိုင်ငံသားများသာမက ကမ္ဘာလှည့်ခရီးသွားများကလည်း စိတ်ဝင်စားသည့် နေရာဖြစ်ကြောင်းရှင်းပြပါ။

**လေ့ကျင့်ခြင်း** မိနစ် ၂၀

❖ ကျား၊ မ အုပ်စုဖွဲ့၍ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၄) ရှိ မေးခွန်းနံပါတ် (၅) ကို အုပ်စုလိုက်ဆွေးနွေးပါစေ။

❖ ကျောင်းသားတိုင်းပါဝင်အောင် ဆရာက ကြီးကြပ်ပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

❖ ကျောင်းသားများ၏အဖြေကို ဆရာက စစ်ဆေးကြည့်ပါ။ မပြည့်စုံသောအဖွဲ့ရှိပါက ဆရာက လမ်းညွှန်ပေး၍ ရေးပါစေ။

**အဓိကအချက်များ**

❖ တောင်ပေါ်တွင်တည်ထားသော ကျိုက်ထီးရိုးစေတီတော်သည် နာမည်ကျော်ကြားပြီး လူအများ စိတ်ဝင်စားသည်။

❖ သဘာဝပတ်ဝန်းကျင် အလှတရားများကို ကြည့်ရှုကြရသောကြောင့် ပြည်သူလူထုအများအား ပျော်ရွှင်ချမ်းမြေ့ခြင်းကိုဖြစ်ပေါ်စေခဲ့သည်။

## စာသင်ချိန် ၄

### ၁၊ ၄။ သုတများကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ စဉ်းစားသုံးသပ်သည့်အလေ့အကျင့်ရရန်

❖ မှတ်ဉာဏ်အတွက်အလေ့အကျင့်ရရန်

❖ သုတ၏တန်ဖိုးကိုသိ၍ လက်တွေ့ဘဝတွင် အသုံးချတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ယခုစာသင်ချိန်တွင် ကျိုက်ထီးရိုးဆောင်းပါး၌တွေ့ရသော မှတ်သားစရာသုတများသည် ကျောင်းသားများအတွက် မည်မျှတန်ဖိုးရှိကြောင်း စဉ်းစားသုံးသပ် အကဲဖြတ်ကြမည်ဖြစ်ကြောင်း ရှင်းပြပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ စာသင်ချိန် (၃) ၌ သင်ကြားခဲ့သော သုတအချက်အလက်များကို ပြန်ပြော၍ မည်သို့အကျိုးရှိပုံကို သုံးသပ်ပြပါ။

◆ ကျိုက်ထီးရိုးမရောက်ဖူးသူများအတွက် လမ်းညွှန်ဖြစ်ပုံ၊ ခရီးသွားလိုစိတ်ဖြစ်ပေါ်နိုင်ပုံ၊ ရောက်ဖူးသူများအတွက် အမှတ်တရပြန်ဖြစ်လာပုံ၊ ရောက်ဖူးသော်လည်း မသိသေးသည့် အချက်များကို ဆောင်းပါးမှတစ်ဆင့် သိလိုက်ရပုံ၊ လိုအပ်လျှင် ထိုသုတများကို အသုံးချနိုင်ပုံ

အထက်ပါအချက်များကို ရေးမပြဘဲ နှုတ်မှရှင်းပြပါ။ ရှင်းပြစဉ် သေချာစွာ နားထောင်မှတ်သားပါစေ။

DBE BOX

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ကျောင်းသားများကို အုပ်စုဖွဲ့ပါ။

❖ ဆရာရှင်းပြခဲ့သော သုတသုံးသပ်ချက်များကို အုပ်စုတွင်းစဉ်းစားဆွေးနွေး၍ ပြန်ရေးပါစေ။

❖ ကျောင်းသားများ၏ သုံးသပ်ချက်အသစ်များကိုလည်း ပါဝင်အောင်စဉ်းစား၍ရေးပါစေ။

❖ တစ်ဖွဲ့ချင်း၏သုံးသပ်ချက်ကို ဆရာထံ တင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ တစ်ဖွဲ့ချင်း၏ အချက်အလက်များကိုဖတ်ပြ၍လည်းကောင်း၊ ရေးပြ၍လည်းကောင်း၊ စာရွက်များကို သင်ပုန်းပေါ်တွင်ကပ်ပြ၍လည်းကောင်း ကျောင်းသားများကို စစ်ဆေးအကဲဖြတ်ပါ။

❖ လိုအပ်ချက်များကိုဖြည့်စွက်၍ ကျောင်းသားများ၏ ကိုယ်တိုင်သုံးသပ်ချက်ကို ချီးကျူးပါ။

**အဓိကအချက်**

❖ ကျိုက်ထီးရိုးစေတီတော်ကို လာရောက်နိုင်သော ခရီးလမ်းများကိုသိရှိလာသည်။

## စာသင်ချိန် ၅

### ၁၊ ၅။ လေ့ကျင့်ခန်းများဖြေဆိုခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ စာလုံးပေါင်းသတ်ပုံကို မှန်မှန်ကန်ကန် သုံးရန်

❖ အနက်အဓိပ္ပာယ်တူသည့် စကားလုံးများကိုသိရှိပြီး အသုံးချတတ်ရန်

❖ မိမိဆိုလိုသည့်အနက်အဓိပ္ပာယ်သို့ရောက်အောင် ဝါကျရေးဖွဲ့တတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ယခုစာသင်ချိန်တွင် သင်ခန်းစာပါလေ့ကျင့်ခန်းများကို ဖြေဆိုကြရမည်ဖြစ်ကြောင်း၊ လေ့ကျင့်ခန်းမေးခွန်း (၁)၊ (၂)၊ (၃)၊ (၄)၊ (၆) အတွက်ဖြေဆိုပုံကို သင်ကြားပေးမည်ဖြစ်ကြောင်းရှင်းပြပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ မြန်မာစကားတွင် အသံတူသောစကားလုံး အများအပြားရှိသည်။ ထို့ကြောင့် အသံထွက်ကို မူတည်၍ စာလုံးပေါင်းသောအခါသတ်ပုံမှားတတ်သည်။ထိုသို့လွဲမှားတတ်သည့်သတ်ပုံများကို ကျက်မှတ်ပါစေ။

❖ ကျိုက်ထီးရိုးဒေသအပြင် အခြားသောဒေသများသို့လည်း သွားရောက်လည်ပတ်၍ရကြောင်း (ဥပမာ–ပုဂံဒေသ၊ တောင်ကြီးအင်းလေး၊ စက်တော်ရာ၊ ချောင်းသာ၊ ကျိုက္ကမီ၊ မောင်းမကန်၊ မြစ်ဆုံ၊ ကော့သောင်း စသော မြန်မာပြည်ဒေသ အရပ်ရပ်များရှိကြောင်း) ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ဆောင်းပါးတွင်ပါဝင်သော ထူးခြားသည့်စကားလုံးများ၊ သတ်ပုံများကို အုပ်စုဖွဲ့၍ ရှာဖွေလေ့ကျင့်ပါစေ။

❖ တစ်ဖွဲ့နှင့် တစ်ဖွဲ့အပြန်အလှန် ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၄) ရှိ မေးခွန်းနံပါတ် (၁)၊ (၂)၊ (၃)၊ (၄)၊ (၆) ကို အုပ်စုဖွဲ့ဖြေဆိုပါစေ။ အုပ်စုကိုယ်စားလှယ်တစ်ဦးက ရှင်းပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ကျောင်းသားများဖြေဆိုနေစဉ် ဆရာက လိုက်လံအကဲခတ်ပါ။ လိုအပ်သည်ကိုဖြည့်စွက်ပါ။

**အဓိကအချက်များ**


❖ စာလုံးပေါင်းသတ်ပုံကို မှန်မှန်ကန်ကန်သုံးရမည်။

❖ အနက်အဓိပ္ပာယ်တူသည့်စကားလုံးများကို သိရှိပြီး သုံးရမည်။

❖ မိမိဆိုလိုသည့်အဓိပ္ပာယ်သို့ရောက်အောင် ဝါကျရေးသားရမည်။

DBE BOX

## ကျိုက်ထီးရိုး (ခရီးသွားဆောင်းပါး၊ သုတရသစကားပြေ) ကို ပြန်လည်သုံးသပ်ခြင်း




### ရည်ညွှန်းစာအုပ်များ

❖ အောက်ပါရည်ညွှန်းစာအုပ်စာတမ်းများကို ဖတ်ရှုနိုင်ပါက မိမိတွင်ဗဟုသုတတိုးပွားပြီး သင်ကြားမှုကို ပိုမိုထိရောက်စေနိုင်ပါသည်။

၁။ ဇေယျ။ (၁၉၇၆)။ မြန်မာ့မျက်ပွင့်စာမလေ့။ စိန်ပန်းမြိုင်စာပေတိုက်။

၂။ (၁၉၇၉)။ ခရီးသွားစာပေစာတမ်းဖတ်ပွဲ။ စာပေဗိမာန်အဖွဲ့။

## ၁၀။ သုတရတနာဆုံးမစာ (သံပေါက်ကဗျာ)

**စုစုပေါင်းစာသင်ချိန် ၅ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

**သင်ယူမှုရလဒ်များ**

❖ ပညာ၏တန်ဖိုးကို ပိုမိုသိရှိလာမည်။

❖ ပညာသင်ယူရာတွင်လိုက်နာသင့်သည့် အချက်များကို သိရှိလာမည်။

❖ လူ့လောက ပညာရေး၊ လူမှုရေး၊ စီးပွားရေးတို့တွင် ဆောင်ရန်၊ ရှောင်ရန်များကို သိရှိမည်။

❖ ကဗျာပါကာရန်အချိတ်အဆက်ကိုသိရှိနားလည်ပြီး မှန်ကန်ပီသစွာ ရွတ်ဆိုတတ်မည်။

❖ အခြားကာရန်တူစကားလုံးများကို ဖန်တီးရေးသားတတ်မည်။

❖ သံပေါက်ကဗျာဖွဲ့နည်းကို သိရှိပြီး သံပေါက်ရေးတတ်မည်။

❖ ကဗျာ၏အဓိပ္ပာယ်ကိုသိရှိပြီး စကားပြေဖြင့်ပြန်ရေးတတ်မည်။

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

❖ ပညာနှင့်သက်ဆိုင်သည့် ရေးသားထားသောဆုံးမစာကဗျာများ

❖ ဆရာကိုယ်တိုင် အသံနေအသံထားမှန်အောင် လေ့ကျင့်ထားပါ။

**ရရှိစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ**

❖ ကာရန်တူစကားလုံးသစ်များကို ရေးသားခြင်း၊ သံပေါက်ဖွဲ့စပ်နည်းကိုသိရှိပြီး သံပေါက်ဖွဲ့စပ်ခြင်းတို့မှ ဖန်တီးမှုစွမ်းရည်

❖ အုပ်စုဖွဲ့ဆွေးနွေးခြင်းနှင့် အုပ်စုချင်းဆွေးနွေးခြင်းမှ ပြောဆိုဆက်သွယ်မှုစွမ်းရည်နှင့် ပူးပေါင်းဆောင်ရွက်မှုစွမ်းရည်၊ ဝေဖန်ဆန်းစစ်မှုစွမ်းရည်တို့ ရရှိလာမည်။

### စာသင်ချိန် ၁

**၁၊ ၁။ ကဗျာကိုရွတ်ဆိုပြီး ဆိုလိုရင်းကိုရှင်းပြခြင်း**

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ကဗျာကို အသံနေအသံထား၊ အဖြတ်အရပ်မှန်ကန်စွာ ရွတ်ဆိုတတ်ရန်

❖ ကဗျာမှပေးသောခံစားမှုအရသာကို ပြောပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၁၀ မိနစ်**

❖ ဆဋ္ဌမတန်းတွင် သင်ကြားခဲ့ဖူးသော ကဗျာတစ်ပုဒ်ကို ရွတ်ဆိုစေပြီး ခံစားမှုနှင့်ဆိုလိုရင်းကို ပြန်မေးပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ သုတရတနာဆုံးမစာ သံပေါက်ကဗျာကို ကျောင်းသားများအား ရွတ်ဆိုခိုင်းပါ။ ပြီးလျှင်ဆရာက မည်သည့်နေရာတွင် မည်သို့ရွတ်ဆိုရကြောင်း၊ အဖြတ်အရပ် အသံနေအသံထား မှန်မှန်ဖြင့် ရွတ်ဆိုပြပါ။ လိုအပ်ချက်များကို ထပ်မံပြင်ဆင်ပေးပါ။

(ကျန်အချက်အချို့ကို အခြားကဗျာသင်ကြားမှုအစီအစဉ်အတိုင်း ဆောင်ရွက်ပါ။)

**ကဗျာ၏ဆိုလိုရင်း**

၁။ သင်ယူတတ်မြောက်ပြီးသောပညာများကို ဆက်လက်မလေ့လာဘဲထားပါက အချိန်သိပ်မကြာခင်မှာပင် တတ်မြောက်ပြီးသောပညာများ မေ့ပျောက်တတ်ပါသည်။

၂။ အကြောင်းခြင်းရာကို တွေးတောချင့်ချိန်မှုမပြုဘဲ သူတစ်ပါးပြောသည်ကို အလွယ်တကူ ယုံပါက လူလိမ်များနှင့်တွေ့၍ မိမိဘဝပျက်တတ်သည်။

၃။ ဆိုးသွမ်းပေတေနေသော လူဆိုးလူညာများနှင့် ပေါင်းသင်းမိပါက မလွဲမသွေ သူတစ်ထူး၏ ကျေးဇူးကို ဖျောက်ဖျက်သူဖြစ်လိမ့်မည်။

၄။ သူတစ်ပါး၏ကျေးဇူးကို မေ့ဖျောက်ပစ်ပါက မိမိတွင်ရှိသော စည်းစိမ်ယုတ်လျော့တတ်သည်။

၅။ မချီးမွမ်းသင့်သည့်လူမိုက်တို့ကို ချီးမွမ်းမိပါက မစဉ်းစားတတ်သဖြင့် မိမိကိုယ်မိမိ စိတ်လွတ်ကိုယ်လွတ်အထင်ကြီးသွားတတ်သည်။

၆။ အတွင်းစိတ်ခါးသီးယုတ်ညံ့၍ အပြင်ပန်းက သကာကဲ့သို့ ချိုယောင်ဆောင်အယုံသွင်း၍ ရောတတ်သူများရှိသည်။

၇။ ဤကဲ့သို့ ချိုသယောင်ဆောင်သည့်သူများပြောတိုင်း ယုံကြည်တတ်သူများသည် မိုက်မဲသူများဖြစ်၍ ထိုသူများသည် လူလိမ်လူညစ်များက မတရားအသုံးပြုခံရခြင်း၊ စီးပိုးခြင်းများခံရမည်။

၈။ စီးပွားရှာရာတွင် ပစ္စည်းဥစ္စာများနှင့်ပတ်သက်၍ ပေးသွင်းစရာ ရစရာရှိပါက သက်သေစာရင်း အထောက်အထား မှတ်သားထားရမည်။ ဤသို့မပြုပါက ပစ္စည်းဥစ္စာများဆုံးရှုံးတတ်သည်။

၉။ လူမိုက်များသည် မိမိတို့အလိုဆန္ဒမပြည့်ပါက တစ်ဖက်သားကို ကဲ့ရဲ့ပြစ်တင်ပြုတတ်သည်။

၁၀။ တစ်ပါးသူ၏အတွင်းရေးကို သိလိုသူများသည် မေတ္တာရှိယောင် ချစ်ခင်ယောင်ဆောင်၍ ရင်းနှီးကျွမ်းဝင်ရန် ရောနှောပေါင်းသင်းတတ်သည်။

၁၁။ သူတစ်ပါးကို မလိုမုန်းထား ကဲ့ရဲ့ပြစ်တင်တတ်သူမှာ ရန်သူပေါများတတ်သည်။

၁၂။ စုဆောင်းထားသော စည်းစိမ်ဥစ္စာများကင်းမဲ့လျှင် စိတ်ရောကိုယ်ပါမောတတ်ပါသည်။

**လေ့ကျင့်ခြင်း** **၁၅ မိနစ်**

❖ ကျောင်းသားများအား နှစ်ယောက်လျှင် သံပေါက်ကဗျာတစ်ကြောင်းပေး၍ ဆိုလိုရင်းနှင့် ခံစားရမှုကို ဆွေးနွေးစေပါမည်။ ရရှိသောဆွေးနွေးချက်ကို စာရွက်တွင် ရေးသားမှတ်တမ်းတင်ပါစေမည်။ တူညီသော ကဗျာစာကြောင်း ရရှိထားသူများအား အုပ်စုပြန်ဖွဲ့စေပြီး ထပ်မံဆွေးနွေးစေပါမည်။ အုပ်စုများက အတည်ပြုထားသော ကဗျာဆိုလိုရင်းကို ကဗျာနံပါတ်စဉ်အတိုင်း အတန်းသို့တင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ကျောင်းသားများကဗျာကို မည်သို့နားလည်သဘောပေါက်သည်ကို အကဲဖြတ်စစ်ဆေးပါ။

❖ သံပေါက်ကဗျာကိုရွတ်ဆိုရသည့်အခါ မည်သို့ခံစားရကြောင်းရေးပါ။

❖ လိုအပ်သည်များကို ဆရာကလမ်းညွှန်ပါ။

**အဓိကအချက်များ**

❖ ကဗျာကိုဖတ်လျှင် ကဗျာ၏ဆိုလိုရင်းကို ခံစားမှတ်သားတတ်ရန်အရေးကြီးသည်။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၆) မှ အဓိက အချက်များကိုသိရှိရမည်။

## စာသင်ချိန် ၂

### ၁၊ ၂။ ကဗျာ၏ခံစားမှုအရသာကိုရှင်းပြပြီး သုတဖော်ထုတ်ခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ကဗျာ၏အဓိပ္ပာယ်ကိုနားလည်၍ ခံစားမှုကိုပြောပြတတ်ရန်

❖ ကဗျာမှရရှိသော သုတကိုဖော်ထုတ်တတ်ရန်

❖ ကဗျာ၏အရသာကိုခံစားတတ်ပြီး ဆိုလိုရင်းနှင့်အသိအမြင်များကို ဆွေးနွေးတင်ပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ကဗျာမှ ပညာနှင့်သက်ဆိုင်သည့် ဆောင်ရန်၊ လူမှုရေးနှင့်သက်ဆိုင်သည့်ဆောင်ရန်ရှောင်ရန်၊ စီးပွားရေးနှင့် သက်ဆိုင်သည့် ဆောင်ရန်ရှောင်ရန်များကိုမေးပါ။

**သင်ကြားခြင်း** **၁၀ မိနစ်**

❖ ကဗျာတစ်ပိုဒ်ချင်းစီမှ ဆောင်ရန် ရှောင်ရန်အချက်များကို အချင်းချင်းဆွေးနွေးပြီး ပြောပြပါစေ။

❖ တစ်ပိုဒ်ချင်းစီမှတစ်ဆင့် သုတများနှင့်အသိအမြင်များလည်း ပါဝင်နေသည်ကို ပြောပြပြီး ကျောင်းသားများအား ဖြေဆိုခိုင်းပါ။ လိုအပ်သည်များကို ဆရာက ကူညီလမ်းညွှန်ပါ။

**လေ့ကျင့်ခြင်း** **၂၅ မိနစ်**

❖ ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့ပါ။ သံပေါက်ကဗျာကို သေချာစွာဖတ်၍ လူ့လောကတွင် လိုက်နာသင့်သည့် ပညာနှင့်သက်ဆိုင်သောအဆုံးအမ၊ လူမှုရေးနှင့်သက်ဆိုင်သော အဆုံးအမ၊ စီးပွားရေးနှင့်သက်ဆိုင်သော အဆုံးအမတို့ကို ရှာဖွေဖော်ထုတ်ပါစေ။

❖ ကဗျာနှင့်ဆက်စပ်သော ခံစားမှုများ၊ ဗဟုသုတများနှင့် အသိအမြင်များကို ကျောင်းသားများ ဆွေးနွေးဖော်ထုတ်တတ်ရန် ဆရာက လမ်းညွှန်ပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ပညာနှင့်သက်ဆိုင်သော အဆုံးအမများမှ ရရှိသောသုတများနှင့်ခံစားမှုများကို မေးပါ။

❖ လူမှုရေးနှင့်သက်ဆိုင်သော အဆုံးအမများမှ ရရှိသောသုတများနှင့် ခံစားမှုများကိုမေးပါ။

❖ စီးပွားရေးနှင့် သက်ဆိုင်သော အဆုံးအမများမှ ရရှိသောသုတများနှင့်ခံစားမှုများကို မေးပါ။

❖ လိုအပ်ချက်များကို ဆရာကဖြည့်စွက်ရှင်းပြပါ။

**အဓိကအချက်**

❖ ဤကဗျာတွင် ပညာရေး၊ လူမှုရေး၊ စီးပွားရေးတို့နှင့် သက်ဆိုင်သောအဆုံးအမများပါဝင်သည်။

**စာသင်ချိန် ၃**

## ၁၊ ၃။ သုတရသကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

❖ ကဗျာမှရရှိသော ပညာရေး၊ လူမှုရေး၊ စီးပွားရေးတို့တွင်ဆောင်ရန် ရှောင်ရန်အတွေ့အကြုံနှင့် မိမိပတ်ဝန်းကျင် အတွေ့အကြုံများကို နှိုင်းယှဉ်ဝေဖန်တတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ကဗျာမှ ပညာရေး၊ လူမှုရေး၊ စီးပွားရေးတို့တွင် ဆောင်ရန်ရှောင်ရန်များကို ပြန်မေးပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ ကဗျာတွင်ပါဝင်သော ဆောင်ရန်ရှောင်ရန်များကို မိမိတို့လည်း ကြုံတွေ့ဖူးပါသလားဟုမေးပါ။ ဆရာက မိမိအတွေ့အကြုံနှင့် ရှင်းလင်းသင်ကြားပါ။ ကိုယ်တိုင်တွေ့ကြုံရသော ဘဝအတွေ့အကြုံနှင့် ကဗျာ၏သရုပ်ကို နှိုင်းယှဉ်ဝေဖန်ပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ အဆိုပါမေးခွန်းကို အတန်းသားဦးရေအရ အုပ်စုလိုက် သို့မဟုတ် တစ်ဦးချင်း သင့်လျော်သလို ဆွေးနွေးပါစေ။ တစ်ဖွဲ့လျှင် ကဗျာမှဆုံးမလမ်းညွှန်ထားသောအချက် ၂ ချက်နှင့် ထိုအချက်နှင့် ဆိုင်သော မိမိတို့၏အတွေ့အကြုံများကိုဆွေးနွေးကာ အတန်းသို့ပြန်လည်မျှဝေပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၇) ရှိ မေးခွန်းနံပါတ် (၅) ကို ဖြေပါစေ။

❖ လိုအပ်ချက်ရှိလျှင် ဆရာက ကူညီလမ်းညွှန်ပေးပါ။

**အဓိကအချက်များ**

❖ သင်ပြီးပညာများကို ဆက်လက်လေ့လာရမည်။

❖ ဆိုးသွမ်းပေတေနေသော လူဆိုးလူညာများနှင့် မပေါင်းသင်းရ။

❖ စိတ်ထားယုတ်ညံ့၍ အပြင်ပန်းချိုယောင်ဆောင်သောသူများကို မပေါင်းသင်းရ။

❖ စီးပွားရှာရာတွင် စာရင်းဇယားတိကျစွာ မှတ်သားရမည်။

❖ သူတစ်ပါး၏ကျေးဇူးကို မမေ့ရ။

## စာသင်ချိန် ၄

### ၁၊ ၄။ ကဗျာ့သဘောနှင့် ကာရန်သဘောကိုရှင်းပြခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ကဗျာအမျိုးအစားကိုသိရှိပြီး သဘောသဘာဝကိုနားလည်မှတ်သား ရှင်းပြတတ်ရန်

❖ ကဗျာတွင်အသုံးပြုထားသည့်ကာရန်များကို ရှာဖွေတတ်ရန်

❖ အသံတူကာရန်များ၏ ကာရန်ယူပုံကို လေ့လာမှတ်သားပြီး ရှင်းပြတတ်ရန်



DBE BOX

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ သုတရတနာဆုံးမစာကဗျာသည် သံပေါက်ကဗျာဖြစ်ကြောင်း၊ သံပေါက်၏အဓိပ္ပာယ်မှာ အသံကို ပေါက်ပေါက်ရောက်ရောက် ပေါ်လွင်စွာဖတ်ရွတ်ရသော လင်္ကာတိုအမျိုးအစားဖြစ်ကြောင်း၊ ကဗျာအစ သံပေါက်ကဟု ဆိုရိုးရှိကြောင်း၊ သံပေါက်သည် လေးလုံးစပ်လင်္ကာဖွဲ့နည်း၏ အခြေခံဖြစ်ကြောင်း၊ ကဗျာဖွဲ့နည်းအမျိုးမျိုးတွင် အလွယ်ဆုံးဖြစ်ကြောင်း ပြောပြရန်။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ သံပေါက်ကဗျာစပ်နည်း (အစ လေးလုံး၊ အလယ်သုံး၊ အဆုံး ငါး ခုနစ်)

❖ ၄-၃-၂ ကာရန်ယူစနစ်ကို အသုံးများသည်။

❖ အစပိုဒ်တွင် လေးလုံးရှိရမည်။ အလယ်ပိုဒ်တွင် သုံးလုံးရှိရမည်။ နောက်ဆုံးအချတွင် ငါးလုံး သို့မဟုတ် ခုနစ်လုံးရှိရမည်။

❖ အစပိုဒ်လေးလုံးအနက် စတုတ္ထနေရာ၊ အလယ်ပိုဒ်သုံးလုံးအနက် တတိယနေရာ၊ နောက်ဆုံးပိုဒ် ငါးလုံး သို့မဟုတ် ခုနစ်လုံးအနက် ဒုတိယနေရာတို့ ကာရန်ညီရမည်။ ၄-၃-၂ ကာရန်ကိုယူသည်။

❖ ပိုဒ်ရေ (၁) မှ ညာ၊ လာ၊ ကြာ တို့သည် အာ ကာရန်များဖြစ်ပြီး ၄-၃-၂ ကာရန်ယူထားကြောင်း ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ကျောင်းသားများကို ကဗျာတွင်ပါဝင်သော အသံတူသည့်စကားလုံးများကို ရှာပါစေ။

❖ သရသံတူရာစကားလုံးများ ရွေးချယ်ခိုင်းပါ။ အချင်းချင်းအကဲဖြတ်ပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၇) ရှိ မေးခွန်းနံပါတ် (၄) နှင့် (၆) ကို ဖြေဆိုပါစေ။

❖ လိုအပ်ချက်ရှိသူများကို ဆရာကထပ်မံသင်ကြားပါ။

**အဓိကအချက်များ**

❖ ကဗျာကိုသင်ယူရာတွင် ကဗျာအမျိုးအစားနှင့် ကဗျာသဘောကိုလေ့လာရမည်။

❖ ကဗျာကို ကာရန်ချိတ်ဆက်ဖွဲ့ဆိုရသဖြင့် ကဗျာကိုလေ့လာလျှင် ကာရန်များကို ဂရုပြု ရမည်။

❖ သုတရတနာဆုံးမစာ ကဗျာကို လေ့လာခြင်းဖြင့် သံပေါက်ဖွဲ့ဆိုနည်းကိုသိမည်။

❖ သံပေါက်ကဗျာစပ်နည်းမှာ " အစလေးလုံး၊ အလယ်သုံး၊ အဆုံးငါးခုနစ်"ဖြစ်သည်။



DBE BOX

## စာသင်ချိန် ၅

### ၁၊ ၅။ လေ့ကျင့်ခန်းများဖြေဆိုခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

- ❖ အဘိဓာန်ကြည့်တတ်စေရန်၊ အဘိဓာန်နှင့်ရင်းနှီးကျွမ်းဝင်စေရန်
- ❖ အဘိဓာန်ကိုအသုံးပြု၍ ဝေါဟာရကြွယ်ဝပြီး စကားလုံးများ၏အနက်နှင့် ဆိုလိုရင်းကိုရှင်းပြတတ်ရန်
- ❖ စကားလုံးများ၏အဓိပ္ပာယ်ပေါ်လွင်စေသည့် ဝါကျတစ်ကြောင်း ဖန်တီးရေးသားတတ်ရန်
- ❖ စကားလုံးတစ်လုံးကိုမူတည်၍ အခြားစကားလုံးများတွဲစပ်ခြင်းဖြင့် စကားလုံးအသစ်များဖန်တီးတတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

- ❖ ယခုစာသင်ချိန်တွင် ကျောင်းသုံးစာအုပ်ပါလေ့ကျင့်ခန်းများကို ဖြေဆိုကြရမည်ဖြစ်ကြောင်း၊ လေ့ကျင့်ဖြေဆိုပုံကိုသင်ကြားပေးမည်ဖြစ်ကြောင်း ရှင်းပြပါ။
- ❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၇) ရှိ မေးခွန်းနံပါတ် (၂) အတွက်ပေးထားသော စကားလုံးများ၏ အနက်အဓိပ္ပာယ်ကို ရှေ့သင်ခန်းစာ များတွင် လမ်းညွှန်ထားသည့်အတိုင်း အဘိဓာန်စာအုပ်ကို အသုံးပြု၍ အဖွဲ့လိုက်ပူးပေါင်းရှာဖွေကြရန် ပြောပြပါ။

**သင်ကြားခြင်း** ၁၀ မိနစ်

- ❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၇) ရှိ မေးခွန်းနံပါတ် (၁) အတွက် စကားလုံးတစ်လုံးကို မူတည်၍ အခြားစကားလုံးများနှင့် တွဲစပ်ခြင်းဖြင့် စကားလုံးအသစ်များ ရရှိလာနိုင်ကြောင်းရှင်းပြပါ။

**သာဓကအားဖြင့်**

- ◆ လူ ဟူသည့် စကားလုံးကိုမူတည်၍ တော်၊ ကောင်း၊ ည၊ နှောင်း၊ ပင်လယ် ဟူသည့် စကားလုံးတို့ကို ရှေ့မှဖြစ်စေ၊ နောက်မှဖြစ်စေ ဆီလျော်အောင် ပေါင်းစပ်ခြင်းဖြင့်လူတော်၊ လူကောင်း၊ ညလူ၊ နှောင်းလူ၊ လူပင်လယ်ဟူ၍ စကားလုံးသစ်များ ရရှိလာမည်။

**လေ့ကျင့်ခြင်း** ၁၅ မိနစ်

- ❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၇) ရှိ မေးခွန်းနံပါတ် (၂) ကို လက်တွေ့လေ့ကျင့်ရန်အတွက် အုပ်စု ၂ စုဖွဲ့ပါ။



DBEBOX

❖ ပထမအုပ်စုကို **ရော၊ ပြော၊ နှော** ဟူသည့် စကားလုံး ၃ လုံး၏အနက်ကို အဘိဓာန်တွင် ရှာပါစေ။

❖ ဒုတိယအုပ်စုကို **ပေါ၊ မော၊ ချေ** ဟူသည့် စကားလုံး ၃ လုံး၏အနက်ကို အဘိဓာန်တွင် ရှာပါစေ။

❖ ရရှိလာသည့်အဖြေများ မှန်၊ မမှန်ကို အုပ်စုချင်းဖလှယ်၍ စစ်ဆေးပါစေ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၇) ရှိ မေးခွန်းနံပါတ် (၃) ကိုဖြေဆိုရာတွင် ပေးထားသည့် စကားလုံးများမှာ ကဗျာတွင်ပါသည့် စကားလုံးများဖြစ်ကြောင်း၊ ကဗျာ၌မည်သို့သုံးစွဲထားသည်ကို ခက်ဆစ်များနှင့်ဆက်စပ်စဉ်းစားပြီး ဝါကျတစ်ကြောင်း ဖန်တီးနိုင်ကြောင်းပြောပြပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၁၅ မိနစ်**

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၇) ရှိ မေးခွန်းနံပါတ် (၂) အတွက် အဘိဓာန်စာအုပ်မှအဖြေများကို ကျောင်းသားတစ်ဦးချင်းစီအား မေးမြန်းပါ။ ကဗျာနှင့်ဆီလျော်သည့်အဖြေကို စဉ်းစားဖြေဆိုရာတွင် အဘယ်ကြောင့်ထိုအဖြေရကြောင်းမေးပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၇) ရှိ မေးခွန်းနံပါတ် (၁) နှင့် ဆက်စပ်၍ အခြားစကားလုံးများနှင့် တွဲစပ်၍ စကားလုံးအသစ် ဖန်တီးပါစေ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၇) ရှိ မေးခွန်းနံပါတ် (၃) နှင့်ဆက်စပ်၍ အခြားစကားလုံးများနှင့်လည်း ဝါကျဖန်တီးပါစေ။

**အဓိကအချက်များ**

❖ စကားလုံးများ၏ အနက်အဓိပ္ပာယ်ကို သိရှိရန် အဘိဓာန်ကိုအသုံးပြု၍ ရှာရသည်။

❖ စကားလုံးတစ်လုံးကိုမူတည်ပြီး အခြားစကားလုံးတို့နှင့် တွဲစပ်ကာ စကားလုံးအသစ်များ ဖန်တီး၍ရသည်။

❖ စကားလုံးများ၏အဓိပ္ပာယ်ပေါ်လွင်အောင် ဝါကျများတည်ဆောက်ရသည်။

## သုတရတနာဆုံးမစာ (သံပေါက်ကဗျာ)ကို ပြန်လည်သုံးသပ်ခြင်း

### သုတရတနာ ဆုံးမစာ

**ကဗျာကိုရွတ်ဆိုပြီး ဆိုလိုရင်းကို ရှင်းပြခြင်း**

- ❖ ကဗျာကိုဖတ်လျှင် ကဗျာ၏ဆိုလိုရင်းကို ခံစားမှတ်သားတတ်ရန်အရေးကြီးသည်။
- ❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၃၆) မှ အဓိက အချက်များကိုသိရှိရမည်။

**ကဗျာ၏ ခံစားမှုအရသာကို ရှင်းပြပြီး သုတဖော်ထုတ်ခြင်း**

- ❖ ဤကဗျာတွင် ပညာရေး၊ လူမှုရေး၊ စီးပွားရေးတို့နှင့် သက်ဆိုင်သော အဆုံးအမများပါဝင်သည်။

**သုတရသကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း**

- ❖ သင်ပြီးပညာများကို ဆက်လက်လေ့လာရမည်။
- ❖ ဆိုးသွမ်းပေတေနေသော လူဆိုးလူညာများနှင့် မပေါင်းသင်းရ။
- ❖ စိတ်ထားယုတ်ညံ့၍ အပြင်ပန်းချိုယောင်ဆောင်သောသူများကို မပေါင်းသင်းရ။
- ❖ စီးပွားရှာရာတွင် စာရင်းဇယားတိကျစွာ မှတ်သားရမည်။
- ❖ သူတစ်ပါး၏ကျေးဇူးကို မမေ့ရ။

**လေ့ကျင့်ခန်းများဖြေဆိုခြင်း**

- ❖ စကားလုံးများ၏ အနက်အဓိပ္ပာယ်ကိုသိရှိရန် အဘိဓာန်ကိုအသုံးပြု၍ ရှာရသည်။
- ❖ စကားလုံးတစ်လုံးကိုမူတည်ပြီး အခြားစကားလုံးတို့နှင့် တွဲစပ်ကာ စကားလုံးအသစ်များ ဖန်တီး၍ ရသည်။
- ❖ စကားလုံးများ၏အဓိပ္ပာယ် ပေါ်လွင်အောင် ဝါကျများ တည်ဆောက်ရသည်။

**ကဗျာ့သဘောနှင့် ကာရန်သဘောကို ရှင်းပြခြင်း**

- ❖ ကဗျာကိုသင်ယူရာတွင် ကဗျာအမျိုးအစားနှင့် ကဗျာသဘောကို လေ့လာရမည်။
- ❖ ကဗျာကို ကာရန်ချိတ်ဆက်ဖွဲ့ဆိုရသဖြင့် ကဗျာကိုလေ့လာလျှင် ကာရန်များကို ဂရုပြုရမည်။
- ❖ သုတရတနာဆုံးမစာ ကဗျာကို လေ့လာခြင်းဖြင့် သံပေါက်ကဗျာဖွဲ့ဆိုနည်းကိုသိမည်။
- ❖ သံပေါက်ကဗျာစပ်နည်းမှာ "အစလေးလုံး၊ အလယ်သုံး၊ အဆုံးငါးခုနစ်" ဖြစ်သည်။

## ရည်ညွှန်းစာအုပ်များ

❖ သတ္တမတန်းကျောင်းသားများနှင့် ကိုက်ညီသော ဆုံးမစာကဗျာများကို အသုံးပြုပြီး ကာရန်၊ အဓိပ္ပာယ်စသည်တို့ကို ဖော်ထုတ်သည့် လေ့ကျင့်ခန်းများပေးနိုင်ပါသည်။ အောက်ပါရည်ညွှန်း စာအုပ်စာတမ်းများကို ဖတ်ရှုနိုင်ပါက မိမိတွင် ဗဟုသုတတိုးပွားပြီး သင်ကြားမှုကို ပိုမိုထိရောက်စေနိုင်ပါသည်။

❖ ကဗျာဖွဲ့နည်းစာအုပ်များ


၁။ မင်းသုဝဏ်။ (၂၀၁၇)။ ကဗျာရေးချင်စာစပ်သင်။ စာကြည့်တိုက်စာစဉ် ၈၈၊ the key collection press.

၂။ တင်မိုး။ (၁၉၈၃)။ မြန်မာကဗျာစာတမ်းများ။ ဒုတိယတွဲ၊ စာပေဗိမာန်။

## ၁၁။ သတင်းကြီးသည့်မင်းသမီးမထွေးလေး (အတ္ထုပ္ပတ္တိ၊ သုတရသစကားပြေ)

**စုစုပေါင်းစာသင်ချိန် ၅ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

### သင်ယူမှုရလဒ်များ

❖ စကားပြေကို အကြောင်းအရာပေါ်လွင်အောင် ဖတ်တတ်မည်။

❖ အတ္ထုပ္ပတ္တိဆောင်းပါး၏သဘောသဘာဝကို ရှင်းပြတတ်ပြီး စာရေးသူ၏ရည်ရွယ်ချက်ကို ဖော်ထုတ်တတ်မည်။

❖ ဆောင်းပါးမှ သဘင်နှင့်သက်ဆိုင်သောဝေါဟာရများကို ဖော်ထုတ်တတ်မည်။

❖ အတ္ထုပ္ပတ္တိဆောင်းပါးတစ်ပုဒ် ရေးသားတတ်မည်။

❖ မိမိတို့ပတ်ဝန်းကျင်ရှိ တန်ဖိုးထားဂုဏ်ယူဖွယ် ပုဂ္ဂိုလ်များအကြောင်း လေ့လာမှတ်တမ်းတင်တတ်မည်။

### သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

❖ မင်းသမီးမထွေးလေး၏ဓာတ်ပုံ သို့မဟုတ် ပန်းချီကား

❖ ယခင်အတန်းများတွင်သင်ယူခဲ့ဖူးသော အတ္ထုပ္ပတ္တိများ စုဆောင်းထားခြင်း

❖ ဆရာက မိမိတို့ဒေသရှိ ဂုဏ်ယူဖွယ်ပုဂ္ဂိုလ်တို့၏ ကိုယ်ရေးအချက်အလက်များကို ကြိုတင်လေ့လာမှတ်တမ်းပြုစုထားခြင်း

### ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ

❖ စကားပြေကိုဖတ်၍ မိမိတို့ခံစားမှုများနှင့် ရရှိသောသုတများကို အုပ်စုဖွဲ့ဆွေးနွေးခြင်းဖြင့် ဆက်သွယ်ပြောဆိုမှုစွမ်းရည်

❖ အတ္ထုပ္ပတ္တိဆောင်းပါး၏သဘောသဘာဝများနှင့် စာရေးသူ၏ရည်ရွယ်ချက်ကို အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ သဘင်ဝေါဟာရများကို အုပ်စုဖွဲ့ရှာဖွေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုစွမ်းရည်

❖ အခြားအုပ်စုများ၏ ပြောဆိုချက်များကို အကဲဖြတ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်

❖ အတ္ထုပ္ပတ္တိတစ်ပုဒ် ရေးသားခြင်းဖြင့် ဖန်တီးမှုစွမ်းရည်တို့ကို ရရှိလာပါမည်။

DBEBOX

## စာသင်ချိန် ၁

### ၁၊ ၁။ အတ္ထုပ္ပတ္တိကိုဖတ်ခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

❖ စကားပြေကို အသံနေအသံထား အဖြတ်အရပ်မှန်မှန်ဖတ်တတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ယခုစာသင်ချိန်တွင် နာမည်ကျော်ကြားသည့် မင်းသမီးမထွေးလေးအကြောင်းကို စာရေးဆရာမကြီး လူထုဒေါ်အမာက သတင်းကြီးသည့်မင်းသမီးမထွေးလေးအမည်ဖြင့် ဆောင်းပါးရေးသားထားသည်ကို သင်ယူကြမည်ဖြစ်ကြောင်းနှင့် လူထုဒေါ်အမာအကြောင်းကိုလည်း အနည်းငယ်မိတ်ဆက်ပြောပါ။

**သင်ကြားခြင်း** **၁၀ မိနစ်**

❖ ဆရာက စကားပြေကို စိတ်ဝင်စားဖွယ်၊ နားထောင်ချင်စဖွယ်ဖြစ်အောင် အသံနေအသံထား၊ ပုဒ်ဖြတ်ပုဒ်ရပ် မှန်ကန်စွာ တစ်ပိုဒ်ချင်း ဖတ်ပြပါ။ ကျောင်းသားများ ဂရုတစိုက်နားထောင်မှတ်သားပါစေ။

**လေ့ကျင့်ခြင်း** **၂၅ မိနစ်**

❖ ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စု ၆ စု ဖွဲ့ပါ။

❖ အုပ်စုအရေအတွက်ပေါ် မူတည်ပြီး စာပိုဒ်များကို ခွဲခြားသတ်မှတ်ပေးပါ။

❖ အုပ်စုလိုက် အလှည့်ကျဖတ်ပြီး ကျန်သူများက အာရုံစိုက်နားထောင်ပါစေ။

( အားလုံးနားထောင်ခြင်း ရှိ၊ မရှိ ဆရာက လိုက်လံကြည့်ရှုပါ။)

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ အုပ်စုတစ်စုချင်းမှ စာဖတ်အားနည်းသော ကျောင်းသားများကို ဆရာကမှတ်ထား၍ ဖတ်ပါစေ။ အခြားအုပ်စုများက နားထောင်မှတ်သားပါစေ။ ထို့နောက် ဆရာက အောက်ပါ မေးခွန်းကို မေးပါ။

◆ စကားပြေတစ်ပုဒ်ဖတ်လျှင် မည်ကဲ့သို့ဖတ်ရမည်နည်း။

❖ ကျောင်းသားများ၏ဖြေကြားချက်များတွင် လိုအပ်သည်များကို ဖြည့်စွက်ပေးပါ။

**အဓိကအချက်များ**

❖ စကားပြေကို အသံထွက်ဖတ်လျှင် ပုဒ်ဖြတ်၊ ပုဒ်ရပ် မှန်ကန်စွာဖတ်ရသည်။

❖ အခြားသူများ စာဖတ်နေစဉ် ဂရုတစိုက်နားထောင်မှတ်သားရမည်။

## စာသင်ချိန် ၂

### ၁၊ ၂။ ရသခံစားမှုကိုဖော်ပြ၍ သုတကိုရှာဖွေခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

❖ စကားပြေကို ဖတ်ရှုနားထောင်ပြီး ခံစားမှုကိုဖော်ပြ၍ ဗဟုသုတများကို ရှာဖွေဖော်ထုတ်တတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

❖ ပထမစာသင်ချိန်တွင် ကျောင်းသားများဖတ်ထားသော မထွေးလေးအကြောင်းမှ ထူးခြားချက်များကို မှတ်မိသလောက်မေးပါ။

**သင်ကြားခြင်း** ၁၀ မိနစ်

❖ ဆရာက သင်ခန်းစာ အစမှ ၅ ပိုဒ်အထိ ဖတ်ပြပါ။ ထို့နောက် အောက်ပါမှတ်သားဖွယ်ရာအချို့နှင့် ခံစားမှုတို့ကို ထုတ်နုတ်ပြပါ။

❖ မန္တလေးသဘင်ခေတ်ကို ခေတ် ၄ ခေတ် ပိုင်းခြားထားပုံ၊ ခေတ်အလိုက်နာမည်ကျော်ခဲ့သော သဘင်ပညာရှင်များနှင့် ၎င်းတို့၏ ဖန်တီးမှုများ၊ ဖတ်ရှုရသည့်အခါ မြန်မာ့ဇာတ်သဘင်အပေါ် လေးစားစိတ်၊ တန်ဖိုးထားစိတ်ဖြစ်ပေါ်လာကြောင်းရှင်းပါ။

**လေ့ကျင့်ခြင်း** မိနစ် ၂၀

❖ ကျောင်းသားများကို ကျား၊ မ ညီမျှစွာ အုပ်စု ၅ စုဖွဲ့ပါ။

❖ မဖတ်ရသေးသည့်စာပိုဒ်များကို ခွဲဝေပေးပါ။

❖ မိမိတို့ ရရှိသည့်စာပိုဒ်များကိုဖတ်၍ မည်သည့်အသိသစ်များရရှိကြောင်း၊ မည်သို့ခံစားရကြောင်း၊ အဘယ်ကြောင့်ထိုသို့ခံစားရကြောင်းကို အုပ်စုလိုက်ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်တစ်ဦးက အတန်းသို့ တင်ပြပါစေ။ တစ်တန်းလုံးက နားထောင်မှတ်သားပြီး လိုအပ်ချက်များကို ပြန်လည်ဆွေးနွေးပါစေ။

❖ အုပ်စုများအား စာပိုဒ်များကို လဲလှယ်ဖတ်စေ၍ ဗဟုသုတများကို ထုတ်နုတ်ဆွေးနွေးပါစေ။ မိမိတို့ရရှိသောဗဟုသုတများနှင့် ခံစားမှုများကို စာရွက်ပိုင်းများဖြင့်ရေး၍ အတန်းနံရံတွင် ကပ်ပါစေ။ အုပ်စုအချင်းချင်း လှည့်လည်ကြည့်ရှုပါစေ။



DREBOX

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ အုပ်စုတစ်စုလျှင် စာတစ်ပိုဒ်ကို ဖတ်စေပြီး မည်သည့်သုတရရှိကြောင်း၊ မည်သို့ခံစားရကြောင်း မေးပါ။

❖ ကောင်းစွာမဖြေနိုင်သည့် ကျောင်းသားများရှိပါက ဖြည့်စွက်သင်ကြားပေးပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄၂) မှ လေ့ကျင့်ခန်းမေးခွန်း (၆) ကို အိမ်စာပေးပါ။

**အဓိကအချက်များ**

❖ မန္တလေးသဘင်ခေတ်ကို ခေတ် ၄ ခေတ် ပိုင်းခြားထားသည်။

❖ ခေတ်အလိုက်နာမည်ကျော်ခဲ့သော သဘင်ပညာရှင်များနှင့် ၎င်းတို့၏ဖန်တီးမှုများကို သိရှိရသည်။

❖ မင်းသမီးမထွေးလေး၏ သဘင်ပညာနှင့်ဆိုင်သော ဆန်းသစ်တီထွင်မှုများကို လေ့လာမှတ်သားရသည်။

**စာသင်ချိန် ၃**

**၁၊ ၃။ ဇာတ်သဘင်အသုံးအနှုန်းများကို ထုတ်နုတ်ခြင်း**

❖ သင်ခန်းစာမှ ဇာတ်သဘင်အသုံးအနှုန်းများကို ထုတ်နုတ်တတ်ရန်

❖ စာရေးသူ၏ရည်ရွယ်ချက်ကို ပြောပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ကျောင်းသားများအား သတင်းကြီးသည့် မင်းသမီးမထွေးလေးအကြောင်းကို ပြန်မှတ်မိစေရန် အောက်ပါ မေးခွန်းများမေးပါ။

❖ မထွေးလေးသည်မည်သည့် သဘင်ခေတ်တွင် ပေါ်ထွန်းခဲ့သနည်း။

❖ သဘင်ရည်ဝသူတိုင်းက မထွေးလေးကို မည်သို့မှတ်ချက်ပြုကြသနည်း။

❖ မထွေးလေး၏ နာမည်ကျော်အကမှာ မည်သည့်အကဖြစ်သနည်း။

❖ ကျောင်းသားများဖြေဆိုနိုင်ရန် လမ်းစပေးပါ။ ဖြေဆိုမှုများကို သင်ပုန်းတွင်ရေးပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ သတင်းကြီးသည့်မင်းသမီးမထွေးလေးအကြောင်းကို စာရေးဆရာမကြီးလူထုဒေါ်အမာက ဆောင်းပါးရေးသားရာတွင် အတ္ထုပ္ပတ္တိပိုင်ရှင်၏ထူးခြားမှုများကိုတင်ပြထားကြောင်း၊ ဇာတ်သဘင်နယ်ပယ်မှ



DBE BOX

ဖြစ်သည့်အတွက် ဇာတ်သဘင်အသုံးအနှုန်းများပါဝင်ပြီး ကျောင်းသားများအတွက် ဆန်းသစ်နေမည် ဖြစ်ကြောင်း၊ ယခုစာသင်ချိန်တွင် သင်ခန်းစာပထမပိုဒ်မှ ပဉ္စမပိုဒ်အထိ ဆရာနှင့်အတူဖတ်၍ ဇာတ်သဘင်အသုံးအနှုန်းများကို ရှာဖွေကြမည်ဖြစ်ကြောင်းနှင့် စာရေးသူ၏ရည်ရွယ်ချက်ကို ပြောပါ။

❖ ပထမပိုဒ်မှပဉ္စမပိုဒ်အထိ ဇာတ်သဘင်အသုံးအနှုန်းများ

(သဘင်ပညာသည်၊ မြေဝိုင်း၊ ဇာတ်စင်၊ ဇာတ်ခုံ၊ ဇာတ်သဘင်)

❖ စာရေးသူ၏ရည်ရွယ်ချက်မှာ

မင်းသမီးမထွေးလေးကို မင်းသမီးတစ်ဦးအဖြစ် ချစ်ခင်နှစ်သက်ခြင်း၊ ပညာရှင်တစ်ဦးအဖြစ် လေးစားခြင်း၊ နောင်းလူများ မထွေးလေး၏အကြောင်းကိုသိရှိနိုင်ရန် မှတ်တမ်းတင်လိုခြင်း၊ မြန်မာ့ဇာတ်သဘင်လောကအား ဦးဆောင်ခဲ့သူများအကြောင်းကိုသိစေလိုခြင်း စသည့်ရည်ရွယ်ချက်များဖြင့် ရေးသားထားကြောင်းရှင်းပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ကျောင်းသားများကို ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စု ၅ စုဖွဲ့ပါ။ စာပိုဒ်များကို ခွဲဝေပေးပါ။ မိမိတို့ရရှိထားသည့်စာပိုဒ်ထဲမှ ဇာတ်သဘင်အသုံးအနှုန်းများကို ဆွေးနွေးရှာဖွေရန်နှင့် စာရေးသူ၏ ရည်ရွယ်ချက်ကိုဖော်ထုတ်ရန် အချိန်သတ်မှတ်ပေးပါ။ တစ်ဖွဲ့စီ၏ တင်ပြချက်များကို ကျန်အဖွဲ့များက နားထောင်သုံးသပ်ပါစေ။ လိုအပ်လျှင် ထပ်မံဖြည့်စွက်နိုင်ကြောင်း ဆရာကလမ်းညွှန်ပါ။ အောက်ပါအသုံးအနှုန်းများ ပါဝင်မှုရှိ၊ မရှိ သတိပြု ဖြည့်စွက်ပေးပါ။

❖ (မြေဝိုင်း၊ ဇာတ်ခုံ၊ ဇာတ်စင်၊ အမေထွေးအက၊ အမေထွေးထဘီနားခတ်ပုံ၊ ပန်တျာကျောင်း၊ ပန်တျာထွက်၊ စွယ်စုံသူ၊ မထွေးလေးအက၊ မထွေးလေးဇာတ်စီးပုံ၊ မထွေးလေးကိုယ်ပိုင်အက၊ အဆစ်ကျိုး၊ ဟန်အမူအရာအကဲပါ၊ မင်းသမီးကဲ၊ မင်းသမီးမှင်၊ ရုပ်သေးမင်းသမီးရုပ်၊ သဘင်ရည်ဝ၊ ကကြိုး၊ ကိန္နရာက၊ ကိန္နရာအဆင်း၊ ကိန္နရာရင်ကွဲက)

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ အောက်ပါမေးခွန်းကို အုပ်စုတစ်စုစီမှ ကိုယ်စားလှယ်တစ်ဦးစီအား ဖြေဆိုပါစေ။

❖ လူထုဒေါ်အမာသည် အဘယ်ကြောင့် မင်းသမီးမထွေးလေးအကြောင်း ရေးသားသည်ဟု ထင်ပါသနည်း။

❖ အဖြေကို အဖွဲ့အချင်းချင်း နားထောင်အကဲဖြတ် ဆွေးနွေးပါစေ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄၂) မှ လေ့ကျင့်ခန်းမေးခွန်း (၄) ကို အိမ်စာပေးပါ။

## အဓိကအချက်

❖ မြေဝိုင်း၊ ဇာတ်ခုံ၊ ဇာတ်စင်၊ အမေထွေးထဘီနားခတ်ပုံ၊ စွယ်စုံသူ၊ မထွေးလေးဇာတ်စီးပုံ၊ အဆစ်ကျိုး၊ ဟန်အမူအရာအကဲပါ၊ မင်းသမီးကဲ၊ မင်းသမီးမှင်၊ သဘင်ရည်ဝ၊ ကကြိုး၊ ကိန္နရာက၊ ကိန္နရာရင်ကွဲက စသည့် ဇာတ်သဘင်အသုံးအနှုန်းများကို မှတ်သားရသည်။

## စာသင်ချိန် ၄

### ၁၊ ၄။ အတ္ထုပ္ပတ္တိတစ်ပုဒ်ရေးသားခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ မိမိရေးသားလိုသောပုဂ္ဂိုလ်တစ်ဦးအကြောင်း ဆောင်းပါးဟန်အတ္ထုပ္ပတ္တိတစ်ခု ရေးသားနိုင်ရန်

❖ ပါဝင်ရမည့်အချက်အလက်များကို ရှာဖွေတတ်ရန်

❖ အလေးပေးမည့်အချက်များကို သင့်လျော်အောင် စီစဉ်တတ်ရန်

❖ ပြောဟန်ဖြင့် ပြေပြေပြစ်ပြစ်ရေးသားတတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

❖ ယခုစာသင်ချိန်တွင် မိမိတို့နှစ်သက်သော အနုပညာရှင်တစ်ဦး၏အတ္ထုပ္ပတ္တိကို ရေးသားရမည်ဖြစ်ကြောင်း၊ မိမိရေးသားမည့်အနုပညာရှင်၏ ထူးခြားမှုများကို အလေးပေးရေးသားရမည်ဖြစ်ကြောင်း၊ အပြောစကားပြေဖြင့်ရေးမည်ဖြစ်ကြောင်း ရှင်းပြပါ။

**သင်ကြားခြင်း** ၁၅ မိနစ်

❖ ဆရာက မင်းသမီး မထွေးလေးအတ္ထုပ္ပတ္တိ သုတရသစကားပြေ၏ သဘောသဘာဝများကို အောက်ပါအတိုင်း ဖော်ထုတ်ပြပါ။

◆ ယခင်အတ္ထုပ္ပတ္တိများတွင် မိဘအမည်၊ မွေးဖွားရာဇာတိ၊ မွေးဖွားသည့်ခုနှစ်၊ ငယ်စဉ်ဘဝ၊ ပညာသင်ယူပုံ၊ ဝါသနာ၊ မိမိဝါသနာအတွက် ကြိုးပမ်းအားထုတ်မှုများ၊ ကြုံတွေ့ရသောအခက်အခဲများ၊ အောင်မြင်မှုများ စသည်တို့ပါဝင်ပြီး အရေးစကားပြေဖြင့်ရေးသည်။

❖ လူထုဒေါ်အမာရေးသားသော မထွေးလေးဆောင်းပါးသည် ယခင်သင်ယူခဲ့ရသော အတ္ထုပ္ပတ္တိများနှင့်မတူကြောင်း၊ မထွေးလေးနာမည်ကြီးသောခေတ်နှင့် မိတ်ဆက်ထားကြောင်း၊ သဘင်ခေတ်များကို ဗဟုသုတဖြစ်ဖွယ် ထည့်သွင်းဖော်ပြထားကြောင်း၊ သဘင်ပညာနှင့်ဆိုင်သည့် ဖန်တီးမှုများ၊ အားထုတ်မှုများကို အစီအစဉ်တကျဖော်ပြထားကြောင်း၊ အတ္ထုပ္ပတ္တိပိုင်ရှင်၏

ဘဝနှင့်သက်ဆိုင်သော စကားလုံးများ၊ သူကျင်လည်ခဲ့သောဝန်းကျင်မှ လူပုဂ္ဂိုလ်များအကြောင်းကိုလည်း အနည်းငယ်ရေးသားထားကြောင်း၊ စာရေးသူက တိုက်ရိုက်ပြောပြနေသည့်ဟန်ဖြစ်ကြောင်း စာပိုဒ်အချို့ကို ထုတ်နုတ်ရှင်းပြပါ။

❖ ထိုအချက်များကို သင်ပုန်းပေါ်တွင်ဖြစ်စေ၊ စာရွက်လွတ်ကြီးပေါ်တွင်ဖြစ်စေရေးပါ။

**လေ့ကျင့်ခြင်း** မိနစ် ၂၀

❖ မိမိရေးသားမည့် အနုပညာရှင်တစ်ဦးကို ရွေးချယ်ပါစေ။

❖ မိမိဦးစားပေးရေးသားလိုသည့်အချက်ကိုပေါ်လွင်အောင် မည်သို့အစီအစဉ်ကျကျရေးမည်ကို စဉ်းစားပြီးလျှင် အပြောစကားပြေဖြင့် စာ ၁ မျက်နှာခန့် အကြမ်းရေးသားပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

❖ ကျောင်းသားအချို့၏ အကြမ်းရေးသားမှုကို အတန်းသို့တင်ပြပါစေ။

❖ မည်သူ့အကြောင်းကိုရေးသားထားကြောင်း၊ မည်သည့်အကြောင်းအရာကို ဦးစားပေးဖော်ပြထားကြောင်း၊ အဘယ်ကြောင့် ထိုအချက်များကို အလေးပေးဖော်ပြရကြောင်း ရှင်းပြပါစေ။

❖ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၄၂) မှ လေ့ကျင့်ခန်းမေးခွန်း (၅) ကို အိမ်စာပေးပါ။

**အဓိကအချက်**

❖ ဆောင်းပါးဟန်အတ္ထုပ္ပတ္တိတစ်ပုဒ်ရေးသားရာတွင် မိမိအလေးပေးဖော်ပြလိုသည့်အချက်များကို စုစည်းရှာဖွေကာ ထိုအချက်များပေါ်လွင်အောင်ရေးရသည်။

## စာသင်ချိန် ၅

### ၁၊ ၅။ လေ့ကျင့်ခန်းများဖြေဆိုခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ စာလုံးပေါင်းသတ်ပုံအမှန်ကို ရွေးချယ်သုံးနှုန်းတတ်ရန်

❖ စကားလုံးများ၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာဖွေပြီး သိရှိစေရန်

❖ စကားလုံး၏ အဓိပ္ပာယ်ကိုပေါ်လွင်စေသည့် ဝါကျများတည်ဆောက်တတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

❖ ယခုစာသင်ချိန်တွင် ကျောင်းသုံးစာအုပ်စာမျက်နှာ (၄၂) မှ လေ့ကျင့်ခန်းမေးခွန်း (၁)၊ (၂)၊ (၃) တို့အား မည်သို့ဖြေ ဆိုရမည်ကို လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်းပြောပါ။

**သင်ကြားခြင်း** **၅ မိနစ်**

❖ လေ့ကျင့်ခန်းမေးခွန်း (၁) အတွက် သင်ကြားရာတွင် မြန်မာစကား၌ အသံတူသော်လည်း စာလုံးပေါင်းမတူသော စကားလုံးများရှိကြောင်း၊ အရေးမှန်အောင် သုံးရကြောင်း၊ အရေးမှန်မှ အဓိပ္ပာယ်မှန်မည်ဖြစ်ကြောင်းရှင်းပြပါ။

❖ လေ့ကျင့်ခန်းမေးခွန်း (၂) အတွက် စကားလုံးတို့၏ အနက်အဓိပ္ပာယ်ရှာဖွေခြင်း ကို မြန်မာ အဘိဓာန်အသုံးပြု၍ သင်ကြားပါ။

❖ လေ့ကျင့်ခန်းမေးခွန်း (၃) အတွက် ဝါကျဖွဲ့စကားလုံးတို့၏ အဓိပ္ပာယ်ပေါ်လွင်အောင် ဝါကျများ တည်ဆောက်ရကြောင်း သာဓက ဝါကျများဖြင့် သင်ကြားပါ။

**လေ့ကျင့်ခြင်း** **၂၅ မိနစ်**

❖ ကျောင်းသားများ လေ့ကျင့်ခန်းများဖြေဆိုစဉ် ဆရာက လိုက်လံကြည့်ရှုပါ။ လိုအပ်ချက်ရှိသော ကျောင်းသားများကို ကူညီပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

❖ ကျောင်းသားအချို့၏ လေ့ကျင့်ခန်းစာအုပ်များကို အတန်းတွင်းစစ်ဆေးပြီး လိုအပ်လျှင် ထပ်မံ သင်ကြားပါ။ လေ့ကျင့်ခန်းစာအုပ်များကို သေချာစွာစစ်ဆေးပါ။

**အဓိကအချက်များ**

❖ အသံတူသော်လည်း စာလုံးပေါင်းမတူသော စကားလုံးများကို အရေးမှန်အောင် ရေးရသည်။

❖ စကားလုံးများ၏ အဓိပ္ပာယ်ကိုသိရှိရန် အဘိဓာန်အသုံးပြုရမည်။

❖ မိမိဆိုလိုချင်သည့်အဓိပ္ပာယ်ရောက်အောင် ဝါကျတည်ဆောက်တတ်ရမည်။

## သတင်းကြီးသည့်မင်းသမီးမထွေးလေး (အတ္ထုပ္ပတ္တိ၊ သုတရသစကားပြေ)ကို ပြန်လည်သုံးသပ်ခြင်း

**သတင်းကြီးသည့်မင်းသမီးမထွေးလေး**

**အတ္ထုပ္ပတ္တိကိုဖတ်ခြင်း**

❖ စကားပြေကို အသံထွက်ဖတ်လျှင် ပုဒ်ဖြတ်၊ ပုဒ်ရပ် မှန်ကန်စွာဖတ်ရသည်။
❖ အခြားသူများ စာဖတ်နေစဉ် ဂရုတစိုက် နားထောင်မှတ်သားရမည်။

**ရသခံစားမှုကိုဖော်ပြ၍ သုတကိုရှာဖွေခြင်း**

❖ မန္တလေးသဘင်ခေတ်ကို ခေတ် ၄ ခေတ် ပိုင်းခြားထားသည်။
❖ ခေတ်အလိုက်နာမည်ကျော်ခဲ့ သော သဘင်ပညာရှင်များနှင့် ၎င်းတို့၏ဖန်တီးမှုများကို သိရှိရသည်။
❖ မင်းသမီးမထွေးလေး၏ သဘင်ပညာနှင့်ဆိုင်သော ဆန်းသစ်တီထွင်မှုများကို လေ့လာမှတ်သားရသည်။

**ဇာတ်သဘင်အသုံးအနှုန်းများကို ထုတ်နုတ်ခြင်း**

❖ မြေဝိုင်း၊ ဇာတ်ခုံ၊ ဇာတ်စင်၊ အမေထွေးထဘီနားခတ်ပုံ၊ စွယ်စုံသူ၊ မထွေးလေးဇာတ်စီးပုံ၊ အဆစ်ကျိုး၊ ဟန်အမူအရာ အကဲပါ၊ မင်းသမီးကဲ၊ မင်းသမီးမှင်၊ သဘင်ရည်ဝ၊ ကကြိုး၊ ကိန္နရာက၊ ကိန္နရာ ရင်ကွဲက စသည့် ဇာတ်သဘင် အသုံးအနှုန်းများကို မှတ်သားရသည်။

**လေ့ကျင့်ခန်းများဖြေဆိုခြင်း**

❖ အသံတူသော်လည်း စာလုံးပေါင်း မတူသော စကားလုံးများကို အရေးမှန်အောင် ရေးရသည်။
❖ စကားလုံးများ၏ အဓိပ္ပာယ်ကို သိရှိရန် အဘိဓာန်အသုံးပြု ရမည်။
❖ မိမိဆိုလိုချင်သည့်အဓိပ္ပာယ် ရောက်အောင် ဝါကျ တည်ဆောက်တတ်ရမည်။

**အတ္ထုပ္ပတ္တိတစ်ပုဒ်ရေးသားခြင်း**

❖ ဆောင်းပါးဟန်အတ္ထုပ္ပတ္တိတစ်ပုဒ် ရေးသားရာတွင် မိမိအလေးပေး ဖော်ပြလိုသည့်အချက်များကို စုစည်းရှာဖွေကာ ထိုအချက်များ ပေါ်လွင်အောင်ရေးရသည်။

### ရည်ညွှန်းစာအုပ်

❖ အောက်ပါရည်ညွှန်းစာအုပ်ကို ဖတ်ရှုနိုင်ပါက မိမိတွင်ဗဟုသုတတိုးပွားပြီး သင်ကြားမှုကို ပိုမို ထိရောက်စေနိုင်ပါသည်။

အမာ(ဒေါ်)၊ လူထု။ (၁၉၉၇)။ ပြည်သူချစ်သောအနုပညာရှင်များ။ ရန်ကုန်။ ထွန်းရင်စာပေ။

## ၁၂။ လူကောင်းလူမွန် (လင်္ကာကဗျာ)

စုစုပေါင်းစာသင်ချိန် ၅ ချိန်၊ တစ်ချိန် ၄၅ မိနစ်

**သင်ယူမှုရလဒ်များ**

- ပညာရှိတို့၏ ကိုယ်ရည်ကိုယ်သွေးကို သိရှိမည်။
- ကဗျာပါ ကာရန်အချိတ်အဆက်များကို သိရှိနားလည်ပြီး မှန်ကန်ပီသစွာ ရွတ်ဆိုတတ်မည်။
- အခြားကာရန်တူစကားလုံးများကို ဖန်တီးရေးသားတတ်မည်။
- ကဗျာ၏အဓိပ္ပာယ်ကို သိရှိပြီး စကားပြေဖြင့် ပြန်ရေးတတ်မည်။
- ကဗျာပါ သုတများကို ဖော်ထုတ်တတ်မည်။

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

- စကားအရာတွင် လိမ္မာပါးနပ်မှုနှင့်ပတ်သက်၍ ရေးသားထားသည့်ကဗျာများ
- လူကောင်းလူမွန်ကဗျာကို ရွတ်ဆိုထားသော အသံဖိုင် သို့မဟုတ် စီဒီချပ်
- ဆရာကိုယ်တိုင် အသံအနေအထား မှန်ကန်စွာရွတ်ဆိုပြနိုင်အောင် လေ့ကျင့်ထားပါ။

**ရရှိစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ**

- ကဗျာကို အုပ်စုဖွဲ့ရွတ်ဆိုစေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှုစွမ်းရည်
- ကဗျာကို အုပ်စုဖွဲ့စကားပြေပြန်ဆိုခြင်း၊ စကားပြောဆိုတတ်ခြင်း၏တန်ဖိုးကို ဆွေးနွေးတင်ပြစေခြင်းဖြင့် ပြောဆိုဆက်သွယ်မှုစွမ်းရည်
- အခြားအုပ်စုများ၏ ပြောဆိုချက်များကို အကဲဖြတ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်
- ကာရန်တူစကားလုံးသစ်များကို ရေးသားခြင်းဖြင့် ဖန်တီးမှုစွမ်းရည်တို့ကို ရရှိလာပါမည်။

### စာသင်ချိန် ၁

### ၁၊ ၁။ ကဗျာရွတ်ဆိုခြင်းနှင့်ဆိုလိုရင်းကိုရှင်းပြခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

- ကဗျာကို အဖြတ်အရပ်မှန်ကန်စွာ ရွတ်ဆိုတတ်ရန်
- ကဗျာ၏ ရသကိုခံစား၍ ဆိုလိုရင်းကို ရှင်းပြတတ်ရန်



DBE BOX

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

❖ ကဗျာသည် စကားပြေကဲ့သို့ မဟုတ် ကာရန်၊ အသံများနှင့် နားထောင်ကောင်းအောင် ရွတ်ဆိုကောင်းအောင် ဖွဲ့နွဲ့ထားသည့် စာပေပုံသဏ္ဌာန်တစ်မျိုးဖြစ်သဖြင့် ကဗျာကို အသံနေအသံထားမှန်မှန်ရွတ်ဆိုလျှင် နှစ်သက်ဖွယ်ကောင်းကြောင်း ပြောပြမိတ်ဆက်ပါ။

❖ သင်ကြားခဲ့ပြီးသော လင်္ကာကဗျာတစ်ပုဒ်ကို ရွတ်ဆိုပြပြီး ခံစားချက်အချို့ကို ထုတ်နုတ်ပြပါ။

**သင်ကြားခြင်း** ၁၅ မိနစ်

❖ လူကောင်းလူမွန်ကဗျာကို ကျောင်းသားများအား အသံနေအသံထားနှင့် ရွတ်ဆိုတတ်အောင် ဆရာက လမ်းညွှန်သင်ကြားပါ။

❖ ကျောင်းသားများအားလုံးကို ပြန်လည်ရွတ်ဆိုပါစေ။

❖ အသိဉာဏ်ကျယ်ဝန်းသောပညာရှိတို့သည် ကဗျာသံချိုဖွဲ့ဆိုခြင်းဖြင့် လောကကိုတန်ဆာဆင်၏။ သူတစ်ပါးနားထောင်ချင်ဖွယ်ဖြစ်သောစကားကို ချိုသာစွာဆို၍တန်ဆာဆင်၏။ မိမိကိုယ်တိုင်လည်း ကိုယ်ကျင့်သီလဆောက်တည်ခြင်းဖြင့် စိတ်ကိုဒေါသမပါစေဘဲ ကြည်လင်သန့်ရှင်းအောင်ထား၍ တန်ဆာဆင်တတ်ကြကြောင်းရှင်းပြပါ။

**လေ့ကျင့်ခြင်း** မိနစ် ၂၀

❖ စာသင်ခန်းနှင့် ကျောင်းသားဦးရေအနေအထားအရ သင့်လျော်သလိုအုပ်စုဖွဲ့ပါ။

❖ ဆရာရွတ်ဆိုပြစဉ်ကအတိုင်း အသံအဖြတ်အရပ်၊ အနိမ့်အမြင့် နေရာများတွင် သတိပြုရွတ်ဆိုရမည်ဖြစ်ကြောင်း သတိပေးပြီး မိမိတို့အုပ်စုအတွင်း ညှိနှိုင်းပါစေ။

❖ လေ့ကျင့်ချိန် ၅ မိနစ်ပေးပါ။ အရင်ဆုံး ရွတ်ဆိုပြမည့်အဖွဲ့ရှိပါက ရွတ်ဆိုပြပါစေ။ အခြား အဖွဲ့များက အကဲဖြတ်ပါစေ။

❖ အုပ်စုလိုက်ရွတ်ဆိုမှုများတွင် လိုအပ်ချက်ရှိသူများကို ဆရာကမှတ်ထားပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

❖ အုပ်စုလိုက်ရွတ်ဆိုမှုတွင် အားနည်းသောကျောင်းသားများကို တစ်ဦးချင်း ပြန်လည်ရွတ်ဆိုပါစေ။

❖ ထို့နောက် ဆရာက ကဗျာတစ်ပုဒ်လုံးကို အသံနေအသံထားမှန်ကန်စွာ ပြန်လည်ရွတ်ဆို၍ ဆိုလိုရင်းကိုရှင်းပြပါ။

❖ ကဗျာ၏အဓိပ္ပာယ်ကို နားလည်နိုင်ရန် ကဗျာခက်ဆစ်များကို အိမ်တွင်ကျက်မှတ်ခဲ့ရန် မှာကြားလိုက်ပါ။

**အဓိကအချက်များ**

❖ ကဗျာကိုရွတ်ဆိုလျှင် အသံနေအသံထား မှန်ကန်စွာရွတ်ဆိုရမည်။

❖ ကဗျာ၏ဆိုလိုရင်းကို သဘောပေါက်ရမည်။

## စာသင်ချိန် ၂

### ၁၊ ၂။ ကဗျာ၏ခံစားမှုအရသာကိုရှင်းပြပြီး သုတကိုဖော်ထုတ်ခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ကဗျာ၏အဓိပ္ပာယ်ကိုနားလည်ပြီး ကဗျာကပေးသော ရသကိုခံစားကာ သုတကိုဖော်ပြတတ်ရန်

❖ ကဗျာကို မိမိနားလည်သလို ရေးတတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၁၀ မိနစ်

❖ ပညာရှိ၏ အဆင်တန်ဆာသည် ကဗျာလင်္ကာစပ်ဆိုခြင်းဖြစ်ကြောင်း၊ နှုတ်၏အဆင်တန်ဆာမှာ အပြစ်ကင်းသောစကားကို ပြောဆိုခြင်း ဖြစ်ကြောင်း၊ ကိုယ်၏အဆင်တန်ဆာမှာ အကျင့်သီလ ဖြူစင်ခြင်းဖြစ်ကြောင်း ရှင်းပြပါ။

**သင်ကြားခြင်း** ၁၀ မိနစ်

❖ ဆရာက ကဗျာကို အစအဆုံးတစ်ခေါက် ရွတ်ဆိုပြမည်ဖြစ်ကြောင်း၊ မိမိရွတ်ဆိုနေစဉ်အတွင်း အဓိပ္ပာယ်မသိသည့် စကားလုံးများကို ကျောင်းသုံးစာအုပ်၌ လိုက်၍မှတ်သားထားရန် ညွှန်ကြားပါ။

❖ ကျောင်းသားများသိလိုသည့် စကားလုံးများ၏အဓိပ္ပာယ်ကို ခက်ဆစ်အကူအညီဖြင့်လည်းကောင်း၊ သင်ထောက်ကူ ရုပ်ပုံကားချပ်များ၏ အကူအညီဖြင့်လည်းကောင်း ရှင်းပြပါ။

❖ ကဗျာ၏ဆိုလိုရင်းမှာ

- ◆ အသိပညာကျယ်ဝန်းနှံ့စပ်သော ပညာရှိများသည် ဂါထာ၊ ကဗျာ၊ လင်္ကာများကို အသံချို သာစွာ စပ်ဆိုခြင်းဖြင့် တန်ဆာဆင်ကြပုံ
- ◆ မင်္ဂလာရှိသောစကားများကို နှုတ်မှပြောဆို၍ တစ်ပါးသူတို့အား လိုက်နာချင်လာအောင် နားဝင်ချိုသာစွာ မိန့်ဆိုခြင်းဖြင့် တန်ဆာဆင်ကြပုံ
- ◆ ဆံမြှုတစ်ခြမ်းစာမျှပင် အမျက်ဒေါသ မပါသော သန့်ရှင်းဖြူစင်သည့် ကိုယ်အမူအရာဖြင့် အကျင့်သီလကောင်းအောင် ဆောက်တည်ခြင်းဖြင့် တန်ဆာဆင်ကြပုံ



DBE BOX

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ကျား၊ မ သင့်လျော်သလိုအုပ်စုဖွဲ့ပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄၄) ရှိ မေးခွန်းနံပါတ် (၅) ကို အုပ်စုလိုက် ဆွေးနွေးအဖြေရှာပါစေ။ ဆရာက ဆွေးနွေးရန် အချိန်သတ်မှတ်ပေးပါ။ ဆွေးနွေးစဉ် ဆရာက အုပ်စုများအား လှည့်လည် ကြီးကြပ်ပါ။ ထို့နောက် အုပ်စုအသီးသီးမှ ကိုယ်စားလှယ်က တင်ပြပါစေ။

❖ အုပ်စုတစ်စု၏ အဖြေမှန်၊ မမှန်ကို အခြားအုပ်စုများက စဉ်းစားဆုံးဖြတ်ပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ကျောင်းသားများ၏ ဖြေဆိုချက်များကို ဆရာက ပြန်လည်သုံးသပ်ပြပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄၄) ရှိ မေးခွန်းနံပါတ် (၆) ကို မှတ်စုစာအုပ်တွင် ဖြေဆိုပါစေ။ (အချိန်မလုံလောက်ပါက အိမ်စာပေးလိုက်ပါ။)

**အဓိကအချက်များ**

❖ ကဗျာကိုခံစားတတ်မှ ကဗျာသင်ရသည့်အရသာကို သဘောကျမည်။

❖ ကဗျာ၏ အဓိပ္ပာယ်ကို ရှင်းလင်းစွာသိမှ ကဗျာအကြောင်းအရာကို ပြန်ရေးနိုင်မည်။

## စာသင်ချိန် ၃

## ၁၊ ၃။ သုတ၊ ရသကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ကဗျာမှ ရရှိသော ဦးတည်ချက်၊ ရည်ရွယ်ချက်များကို ပြောပြတတ်ရန်

❖ သုတများကို ဖော်ထုတ်ပြပြီး လက်တွေ့ဘဝနှင့်ဆက်စပ်သုံးသပ်တတ်ရန်

❖ ကဗျာ၏ ဦးတည်ချက်နှင့် တန်ဖိုးကို ဆွေးနွေးသုံးသပ်ပြီးအကဲဖြတ်မှတ်သားတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၁၀ မိနစ်**

❖ စာသင်ချိန် ၂ တွင် ကဗျာ၏ခံစားမှုအရသာကို ဆွေးနွေးရှင်းလင်းကာ သုတများကို ဖော်ထုတ်ခဲ့ပြီးဖြစ်သည်။ ယခုစာသင်ချိန်တွင် ကဗျာ၏ဦးတည်ချက်၊ ရည်ရွယ်ချက်များကို မိမိတို့၏ လက်တွေ့ဘဝအတွေ့အကြုံတို့နှင့် ဆက်စပ်သုံးသပ်အကဲဖြတ်ကြရမည်ဖြစ်ကြောင်း ရှင်းပြပါ။

**သင်ကြားခြင်း** **၁၀ မိနစ်**

- ပညာရှိတို့သည် မိမိတို့၏ စိတ်အမူအရာ၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာကောင်းတို့ကို ပေါ်လွင်အောင် အားထုတ်ခြင်းဖြင့် လောကအပေါ် တန်ဆာဆင်လေ့ရှိပုံကို ထပ်မံရှင်းပြပါ။
- ကဗျာမှရရှိသော သုတများကို လက်တွေ့ဘဝတွင် တွေ့ကြုံရသော ပညာရှိ (လူတော်လူကောင်း) တို့၏ ပြုမူဆောင်ရွက်ပုံများနှင့် ဆက်စပ်ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

- ကျောင်းသားဦးရေပေါ်မူတည်၍ အုပ်စု ၃ စုဖွဲ့ပါ။ တစ်ဖွဲ့လျှင် ကဗျာတစ်ပိုဒ်စီမှရရှိသော သုတများကိုဖော်ထုတ်ပါစေ။
- အုပ်စုကိုယ်စားလှယ်တစ်ဦးစီက အတန်းသို့တင်ပြပြီး ကျန်အဖွဲ့များက အကဲဖြတ်ပါ။
- အုပ်စုလိုက် မိမိတို့ပတ်ဝန်းကျင်ရှိ လူလိမ္မာတို့၏ ပြုမူပြောဆိုမှုများကို ဆွေးနွေးပါ။
- အုပ်စုလိုက် အတန်းသို့ တင်ပြပြီး ကျန်အဖွဲ့များက အကဲဖြတ်ပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

- ကျောင်းသားအားလုံး ပါဝင်ခြင်း ရှိ၊ မရှိ လှည့်လည်ကြည့်ရှုပါ။

**အဓိကအချက်များ**

- ကဗျာ၏ဦးတည်ချက်၊ ရည်ရွယ်ချက်များကို ပြောပြနိုင်ရမည်။
- ပညာရှိတို့၏ စိတ်အမူအရာ၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာများကို လက်တွေ့ဘဝနှင့် ဆက်စပ်မှတ်သားရမည်။

## စာသင်ချိန် ၄

### ၁၊ ၄။ ကဗျာသဘောနှင့် ကာရန်သဘောကိုရှင်းပြခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

- ကဗျာအမျိုးအစားနှင့် ကာရန်သဘောကို ရှင်းပြတတ်ရန်
- ကဗျာတွင်အသုံးပြုထားသည့် ကာရန်စကားလုံးများကို ရှာဖွေတတ်ရန်
- ကာရန်တူစကားလုံးများကို ကိုယ်တိုင်ဖန်တီးရေးသားတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ လူကောင်းလူမွန်သည် လင်္ကာကဗျာဖြစ်ကြောင်း၊ လင်္ကာကဗျာအကြောင်းကို ဆဋ္ဌမတန်းတွင် ရှင်းပြပြီးဖြစ်ကြောင်း ပြန်ပြောပါ။ ယခုကဗျာပါ ကာရန်အကြောင်းကို သင်ကြားမည်ဖြစ်ကြောင်း ရှင်းပြပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ ကျောင်းသားများကို ကဗျာရှိ ကာရန်အချို့ရှာစေပြီး ရှင်းပြပါ။

----×|--×- သန့်စင်ကြည်ဖြူ ကိုယ်ကိုမူလည်း

-×-×|-×-× ဆံမြူခြမ်းမျှ ဒေါသမသင့်

-×-×|-×-× အကျင့်သီတင်း၊ ကောင်းခြင်းသည်လျှင်

--×-॥ တန်ဆာဆင်၏။ ဟူသည့်အပိုဒ်တွင်

ဖြူ ၊ မူ ၊ မြူ (၄၊ ၃၊ ၂)

မျှ ၊ သ ( ၄၊ ၂ )

သင့် ၊ ကျင့် (၄၊ ၂ )

တင်း ၊ ခြင်း ( ၄၊ ၂ )

လျှင် ၊ ဆင် ( ၄၊ ၃ ) ကာရန်များဖြစ်ကြောင်း ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ကျောင်းသားဦးရေပေါ်မူတည်၍ အုပ်စု ၃ စု ဖွဲ့ပါ။ တစ်ဖွဲ့လျှင် ကဗျာတစ်ပိုဒ်တွင်ပါဝင်သော အသံတူသည့်စကားလုံးများကို ရှာပါစေ။

❖ အုပ်စုကိုယ်စားလှယ်တစ်ဦးစီကို သင်ပုန်းပေါ်တွင် စကားလုံးများရေးပါစေ။

❖ အသံတူရာများကိုစုစည်း၍ မည်သည့်ကာရန်များဖြစ်ကြောင်းကို အုပ်စုလိုက် စဉ်းစားဖော်ထုတ်ပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ အုပ်စုတစ်စုက ဖော်ပြသောကာရန်များကို ကျန်အတန်းသားများက အကဲဖြတ်ပါစေ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄၄) ရှိ မေးခွန်းနံပါတ် (၄) ကို ဖြေပါစေ။



DBE BOX

## အဓိကအချက်

❖ ကဗျာတွင်အသုံးပြုထားသော ကာရန်စနစ်ကိုရှာဖွေရမည်။

## စာသင်ချိန် ၅

### ၁၊ ၅။ လေ့ကျင့်ခန်းများဖြေဆိုခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ စာလုံးပေါင်းသတ်ပုံအမှန်ကို ရွေးချယ်သုံးနှုန်းတတ်ရန်

❖ စကားလုံး၏ အဓိပ္ပာယ်ပေါ်လွင်စေသည့် ဝါကျတစ်ကြောင်းကို ဖန်တီးရေးသားတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ယခုစာသင်ချိန်တွင် ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းများကို ဖြေဆိုရမည်ဖြစ်ကြောင်း၊ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄၄) ရှိ မေးခွန်း (၁) နှင့် (၂) တို့ကိုဖြေဆိုရန် သင်ကြားပေးမည်ဖြစ်ကြောင်း ရှင်းပြပါ။

**သင်ကြားခြင်း** **၁၀ မိနစ်**

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄၄) ရှိ မေးခွန်းနံပါတ် (၁) တွင်ပါသည့် အသံထွက်တူပြီး စာလုံးပေါင်းသတ်ပုံနှင့် အနက်အဓိပ္ပာယ်ကွဲသည့် စကားလုံးများကို ရှင်းပြပါ။

ကျယ် သည် တစ်ဖက်နှင့်တစ်ဖက် ကွာလှမ်းသော၊ မကျဉ်းမြောင်းသော၊ အသံအလွန်မြည်သော၊ စွာသော၊

ကြယ် သည် ညအခါ၌ ကောင်းကင်တွင် အလင်းရောင်အပွင့်ကလေးအဖြစ် မြင်ရသောအရာ၊ ယင်းပုံသဏ္ဌာန်ရှိသောအရာ၊ ယင်းကဲ့သို့ ပြုလုပ်ထားသော အဆင်တန်ဆာ။ ဟူသည့်နေရာတွင် အသုံးပြုရသည့် စကားလုံးများဖြစ်ကြောင်း ရှင်းပြပါ။ ကွက်လပ်များဖြည့်ရာတွင် အနက်အဓိပ္ပာယ်များနှင့် အံဝင်ခွင်ကျဖြစ်အောင် ဖြည့်ရမည်ဖြစ်ကြောင်း ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **၅ မိနစ်**

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄၄) ရှိ မေးခွန်းနံပါတ် (၁) ကိုလေ့ကျင့်ခန်းစာအုပ်တွင်ဖြေဆိုပါစေ။

(**အဖြေ**– ညချမ်း၊ အိမ်ဆင်ဝင်၊ စင်ပေါ်၊ ကျယ်ပြန့်၊ ကြယ်များ၊ ပဲခြမ်း)



DBE BOX

**သင်ကြားခြင်း** **၁၀ မိနစ်**

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄၄) ရှိ မေးခွန်းနံပါတ် (၂) သည်စကားလုံးတို့၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင် ရှာခိုင်းကြောင်းရှင်းပြပါ။

**သာဓကအားဖြင့်–**

“တန်ဆာ” အဓိပ္ပာယ်သည် ဆင်ယင်စရာ။ တန်ဆာပလာ။ ကုန်တင်ပို့ရာတွင်ပို့ခ၊ ပစ္စည်းစာရင်းစသည်တို့ကို ရေးမှတ်ထားသောပြေစာ။

**လေ့ကျင့်ခြင်း** **၅ မိနစ်**

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄၄) ရှိ မေးခွန်းနံပါတ် (၂) ကိုဖြေဆိုပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

❖ ကျောင်းသားများဖြေဆိုနေစဉ် ဆရာကလိုက်လံအကဲခတ်ပါ။ လိုအပ်လျှင် ဖြည့်စွက်သင်ကြားပါ။ (ကျန်လေ့ကျင့်ခန်းများကိုအိမ်စာပေးပါ။)


**မှတ်ချက်**–စာသင်ချိန်နှင့်ကျောင်းသားများ၏ နားလည်တတ်မြောက်မှုအပေါ် မူတည်၍ လေ့ကျင့်ခန်းများကို ထပ်မံလေ့ကျင့်ပေးနိုင်ပါသည်။

**အဓိကအချက်များ**

❖ ကဗျာ၏သဘော စကားလုံးတို့၏ အနက်အဓိပ္ပာယ်ကိုနားလည်ရမည်။

❖ စကားလုံး၊ သတ်ပုံတို့ကို မှန်ကန်စွာသုံးရမည်။

## လူကောင်းလူမွန် (လင်္ကာကဗျာ) ကို ပြန်လည်သုံးသပ်ခြင်း




### ရည်ညွှန်းစာအုပ်များ

❖ အောက်ပါရည်ညွှန်း စာအုပ်စာတမ်းများကို ဖတ်ရှုနိုင်ပါက မိမိတွင် ဗဟုသုတတိုးပွားပြီး သင်ကြားမှုကို ပိုမိုထိရောက်စေနိုင်ပါသည်။

❖ ကဗျာဖွဲ့နည်းစာအုပ်များ

၁။ မင်းသုဝဏ်။ (၂၀၁၇)။ ကဗျာရေးချင်စာစပ်သင်။ စာကြည့်တိုက်စာစဉ် ၈၈၊ the key collection press.

၂။ တင်မိုး။ (၁၉၈၃)။ မြန်မာကဗျာစာတမ်းများ။ ဒုတိယတွဲ၊ စာပေဗိမာန်။

## ၁၃။ တိုင်းရင်းသားစကားပုံများ (စကားပုံ၊ အသုံးချဘာသာစကား)

စုစုပေါင်းစာသင်ချိန် ၅ ချိန်၊ တစ်ချိန် ၄၅ မိနစ်

**သင်ယူမှုရလဒ်များ**

- ❖ မြန်မာတိုင်းရင်းသားလူမျိုးတိုင်းသည် စကားပြောဆိုရာတွင် စကားပုံများနှင့် ခိုင်းနှိုင်းပြောဆိုတတ်လေ့ရှိကြောင်း သိရှိလာမည်။
- ❖ စကားပုံများသည် ရှေးလူကြီးသူမများ၏ အတွေ့အကြုံများမှ ပေါ်ထွက်လာခဲ့ခြင်းဖြစ်ကြောင်း သိရှိလာမည်။
- ❖ လူတို့သည် မိမိတို့တစ်သက်တာ ကြုံရ၊ တွေ့ရ၊ ခံစားရသော တွေ့ကြုံမှု၊ ခံစားမှုအကောင်းအဆိုးတို့ကို မှတ်တမ်းတင်သောအနေဖြင့် သိပ်သည်းကျစ်လျစ်ပေါ်လွင်သော စကားပုံများကို ဖန်တီးတတ်ကြောင်း သိရှိလာမည်။
- ❖ ပြည်ထောင်စုမြန်မာနိုင်ငံဖွား တိုင်းရင်းသားအသီးသီးတို့၏ စကားပုံများကိုမှတ်သားလိုက်နာပြီး အသိအလိမ္မာတိုးလာမည်။
- ❖ တိုင်းရင်းသားအချင်းချင်း တစ်ဦးကိုတစ်ဦး နားလည်မှုရရှိပြီး စည်းလုံးညီညွတ်လာမည်။

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

- ❖ စကားပုံများကို သရုပ်ဖော်ဆွဲထားသည့်ရုပ်ပုံကားချပ်များ
- ❖ စကားပုံ ပုံပြင်စာအုပ်များ

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ**

- ❖ ဆောင်းပါးကို အုပ်စုဖွဲ့ဖတ်ပြီး ဝိုင်းဝန်းစဉ်းစားခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှုစွမ်းရည်
- ❖ စကားပုံများ၏ဆိုလိုရင်းကိုအချင်းချင်းအပြန်အလှန်ဆွေးနွေးခြင်းဖြင့် ဆက်သွယ်ပြောဆိုမှုစွမ်းရည်
- ❖ အခြားအုပ်စုများ၏ ပြောဆိုချက်များကို အကဲဖြတ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်
- ❖ စကားပုံများကိုလေ့လာကာ ကြောင်းကျိုးဆက်စပ်စဉ်းစား၍ စကားပုံများကို အသုံးပြုပြီး ဝါကျအဖြစ်ပြန်လည်ရေးသားခြင်းဖြင့် ဖန်တီးမှုစွမ်းရည်
- ❖ တိုင်းရင်းသားများ၏စကားပုံများကို လေ့လာဆွေးနွေးခြင်းဖြင့် တိုင်းရင်းသားတို့၏ဓလေ့ထုံးတမ်းများကို မြတ်နိုးတန်ဖိုးထားတတ်လာခြင်းကြောင့် နိုင်ငံသားကောင်းပီသမှုစွမ်းရည်တို့ ရရှိလာပါမည်။



DREBOX

## စာသင်ချိန် ၁

### ၁၊ ၁။ စကားပုံဆောင်းပါးဖတ်ခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ စကားပုံတစ်ပုဒ်ကိုဖတ်၍ ဆိုလိုရင်းကိုသိစေရန်

❖ အချက်အလက်များကို ဖော်ပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

❖ ယခုစာသင်ချိန်တွင် သင်ကြားရမည့်စကားပုံများသည် ပြည်ထောင်စုတိုင်းရင်းသားများ ပြောဆိုလေ့ရှိသည့် စကားပုံများဖြစ်ကြောင်း မိတ်ဆက်ပေးပါ။ ထို့နောက် ကျောင်းသားတို့ ကြားဖူးနားဝရှိသည့် စကားပုံအချို့ကို ပြောပါစေ။

**သင်ကြားခြင်း** ၁၅ မိနစ်

❖ ဆရာက စကားပုံများကို ဖြည်းဖြည်းနှင့်မှန်မှန် ဖတ်ပြပါ။ နားထောင်နေစဉ် စကားပုံပါ စကားလုံးများ၊ အချက်အလက်များကို မှတ်သားထားပြီး ဆရာမေးသည့်အခါ ပြန်လည်ဖြေဆိုရမည်ဟုပြောပါ။

❖ မည်သည့်တိုင်းရင်းသားစကားပုံများကို မှတ်မိသနည်းဟုမေးပါ။

❖ မှတ်မိသမျှကို ဖြေဆိုပါစေ။

**လေ့ကျင့်ခြင်း** မိနစ် ၂၀

❖ ကျောင်းသားများကို အုပ်စု ၂ စု ဖွဲ့ပါ။

❖ တိုင်းရင်းသားစကားပုံများကိုဖတ်စေပြီး ခက်ဆစ်များကိုလေ့လာပါစေ။ ဆိုလိုရင်းကိုဆွေးနွေးကာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန် မေးခွန်းများမေးပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

❖ အုပ်စု ၂ စု၏အဖြေများကို သင်ပုန်းပေါ်တွင်ရေးထားပြီး အုပ်စုတစ်စု၏အဖြေကို အခြားအုပ်စုက စိစစ်အကဲဖြတ်ပါစေ။ ထို့နောက် အောက်ပါမေးခွန်းများကိုမေးပါ။

❖ ဤစကားပုံဆောင်းပါးကိုဖတ်ခြင်းဖြင့် သင့်အား မည်သည်ကိုသိစေချင်သနည်းဟု ထင်သနည်း။

❖ ဤဆောင်းပါးမှ အရေးကြီးသည်ဟု သင်ထင်မြင်ယူဆသော အချက် ၃ ချက်ကို ဖော်ပြပါ။

❖ ဖြေဆိုချက်များကိုနားထောင်ပြီး ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄၉) မှ အဓိကအချက်များကို ပြောပါ။



DBE BOX

## အဓိကအချက်များ

❖ စကားပုံတစ်ပုဒ်ကိုဖတ်သည့်အခါ အဓိကအချက်ကို မှတ်မိအောင် မှတ်သားရသည်။

❖ မည်သည့်တိုင်းရင်းသားစကားပုံဖြစ်ကြောင်း မှတ်သားရမည်။

## စာသင်ချိန် ၂

### ၁၊ ၂။ စကားပုံများ၏အဓိပ္ပာယ်ကိုရှင်းပြခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

❖ စကားပုံများ၏အဓိပ္ပာယ်ကိုသိရှိပြီး အပြောတွင်လည်းကောင်း၊ အရေးတွင်လည်းကောင်း အံဝင်ခွင်ကျ ပြောဆိုသုံးစွဲတတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

❖ တိုင်းရင်းသားစကားပုံများတွင်လည်း လူမှုရေး၊ စည်းလုံးညီညွတ်ရေး၊ လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်း၊ ရေလုပ်ငန်း၊ တောတောင်ရာသီသဘာဝ၊ တိရစ္ဆာန်များနှင့်ဆက်စပ်နေသည့် စကားပုံများ များစွာရှိကြောင်းပြောပြပါ။

**သင်ကြားခြင်း** ၁၅ မိနစ်

❖ ကျောင်းသုံးစာအုပ်ကို အသုံးပြု၍ စကားပုံများ၏အဓိပ္ပာယ်ကို အကျယ်တဝင့်ရှင်းပြပေးပါ။

**လေ့ကျင့်ခြင်း** ၁၅ မိနစ်

❖ အခြားစကားပုံများကိုပြော၍ ကျောင်းသားများအား ဆိုလိုရင်းအဓိပ္ပာယ်ကို ပြောပါစေ။

**သာဓက–**

- ◆ ခြိမ်းလွန်းသည့်မိုး မရွာ
- ◆ စီးတဲ့ရေ ဆည်တဲ့ကန်သင်း
- ◆ နွားကွဲ ကျားကိုက်
- ◆ ဆန်ရင်း နာနာဖွပ်
- ◆ လယ်ထွန်သွား နွားမေ့
- ◆ အိုးနှင့်ဆန် တန်ရုံ

- ❖ တောင်ယာ၊ လယ်ယာလုပ်ငန်းနှင့်ဆိုင်သော စကားပုံများ
- ❖ အချိန်နှင့်ဆိုင်သော စကားပုံများ
- ❖ လူမှုရေးနှင့်ဆိုင်သော စကားပုံများ
- ❖ စည်းလုံးညီညွတ်ရေးနှင့်ဆိုင်သော စကားပုံများ၏ ဆိုလိုရင်းအဓိပ္ပာယ်ကို ပြောပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

- ❖ ကျောင်းသားများကို အုပ်စုဖွဲ့၍ စကားပုံ ၅ ခုခန့်ကို ဝါကျတွင် အသုံးပြုပုံအား အုပ်စုကိုယ်စားလှယ်က တင်ပြစေပြီး အုပ်စုတွင်းမှ ကျောင်းသား ၃ ဦးက အပြောစကားဖြင့်ပြောပါစေ။
- ❖ အုပ်စုတစ်စု၏တင်ပြမှုကို အခြားအုပ်စုများက မှတ်ချက်ပေးပါစေ။
- ❖ ဆရာက လိုအပ်သည်များကိုဖြည့်စွက်၍ ထပ်မံရှင်းပြပါ။
- ❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၅၀) မှ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၄) ကို ဖြေဆိုပါစေ။

**အဓိကအချက်**

- ❖ စကားပုံများ၏ ဆိုလိုရင်းအဓိပ္ပာယ်ကိုသိရှိပြီး အကြောင်းအရာနှင့်လိုက်ဖက်မှုရှိအောင် အံဝင်ခွင်ကျ ခိုင်းနှိုင်းပြောဆိုရသည်။

## စာသင်ချိန် ၃

### ၁၊ ၃။ စကားပုံအမျိုးအစားကိုရှင်းပြခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

- ❖ စကားပြောရာတွင် စကားပုံများကို ရွေးချယ်အသုံးပြုတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

- ❖ ဆရာက ကျောင်းသားများကို -

  စကားပုံများမှာ မိမိပြောလိုသောအကြောင်းအရာ၏ အနက်အဓိပ္ပာယ်ကို လေးနက်စေလိုသည့်အခါတွင်လည်းကောင်း၊ အခိုင်းအနှိုင်းစကားအဖြစ် အသုံးပြုလိုလျှင်လည်းကောင်း၊ စာ စကားတို့ကို တိုတိုနှင့်လိုရင်းဖြစ်စေရန်အတွက်လည်းကောင်း၊ စကားတန်ဆာဆင်လိုလျှင်လည်းကောင်း အသုံးပြုတတ်ကြသည့် စကားများဖြစ်ကြောင်းရှင်းပါ။



DBE BOX

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ စကားပုံများတွင် အနှိုင်းစကားဖြင့် ခိုင်းနှိုင်းခြင်းကိုဖော်ပြနေသည့် စကားလုံးများပါလျှင် ဥပမာ စကားပုံဖြစ်သည်။

**သာဓက–** ဆင်ကောင်ကြီးသလောက် မျက်လုံးငယ်သည်။

❖ အနက်အဓိပ္ပာယ်ထင်ရှားစေရန် တင်စား၍ပြောဆိုလျှင် ဥပစာစကားပုံဟုခေါ်ကြောင်းရှင်းပါ။

**သာဓက–** နားရွက်က ချိုထက်မြင့်

**လေ့ကျင့်ခြင်း** **၁၅ မိနစ်**

❖ ကျောင်းသားများအား ကျား၊ မ ညီမျှစွာ အုပ်စု ၅ စုဖွဲ့ပါ။ သင်ခန်းစာပါ စကားပုံများကို အုပ်စုလိုက် ခွဲဝေပေးပါ။

❖ မိမိတို့ရရှိသော စကားပုံအမျိုးအစားနှင့် မည်သည့်အခါသုံးနှုန်းနိုင်ကြောင်း ဆွေးနွေးကာ ခွဲခြားပြပါစေ။

❖ ဆွေးနွေးချက်များကိုရေးသားပြီး စာသင်ခန်းနံရံတွင်ကပ်ကာ အုပ်စုအချင်းချင်းလှည့်လည်ကြည့်ရှု အကြံပေးပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

❖ ကျောင်းသားများဖြေနေစဉ် ဆရာကလိုက်လံစစ်ဆေးပါ။ လိုအပ်ချက်များရှိလျှင် လမ်းညွှန်အမေး စကားဖြင့် ရှင်းပြပါ။

❖ အောက်ပါမေးခွန်းများမေး၍ ကျောင်းသားများ၏တတ်မြောက်မှုကို စစ်ဆေးပါ။

(၁) သင်သိသော ဥပမာစကားပုံနှစ်ခုကိုပြောပါ။

(၂) ဥပစာစကားပုံများကို မည်သည့်အခါတွင်သုံးသနည်း။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄၉) မှ လေ့ကျင့်ခန်းမေးခွန်း (၂) ကို ဖြေပါစေ။

**အဓိကအချက်**

❖ မိမိလိုချင်သည့်အဓိပ္ပာယ်ရောက်အောင် လိုက်ဖက်သည့်စကားပုံကို ရွေးချယ်သုံးနှုန်းရသည်။

DBE BOX

## စာသင်ချိန် ၄

### ၁၊ ၄။ တိုင်းရင်းသားတို့၏ ခံစားမှုအတွေ့အကြုံများနှင့်စကားပုံများ ဆက်နွယ်နေပုံ

**သင်ခန်းစာရည်ရွယ်ချက်များ**

- ❖ တိုင်းရင်းသားတို့၏ နေ့စဉ်တွေ့ကြုံခံစားမှုများပေါ် အခြေခံ၍ စကားပုံများဖြစ်လာပုံကို သိရှိရန်
- ❖ စကားပုံများမှ တိုင်းရင်းသားတို့၏ လူနေမှုဓလေ့ထုံးစံ စကားအသုံးအနှုန်းတို့ကို သိရှိဖော်ပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၁၀ မိနစ်

- ❖ ဆရာက ကျောင်းသားများအား တိုင်းရင်းသားစကားပုံများတွင်ပါဝင်သော အသုံးအနှုန်းများ၏ အဓိပ္ပာယ်ကို သိရှိရန်ရှင်းပါ။

**သင်ကြားခြင်း** ၁၅ မိနစ်

- ❖ တိုင်းရင်းသားတို့ ဘိုးဘွားစဉ်ဆက် သုံးနှုန်းခဲ့သည့် ဓလေ့ထုံးစံများကို ပုံခိုင်းသုံးနှုန်းတတ်ကြောင်း၊ လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်း အတွေ့အကြုံတို့မှ လုပ်ငန်းသုံးပစ္စည်းကိရိယာတို့နှင့် ပုံခိုင်းသုံးနှုန်းတတ်ကြောင်း၊ အချင်းချင်းစည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှုတို့အတွက်လည်း လူနေမှုဓလေ့ ဆက်နွယ်မှုအတွေ့အကြုံများနှင့် ပုံခိုင်းသုံးနှုန်းတတ်ကြောင်းရှင်းပါ။

**လေ့ကျင့်ခြင်း** ၁၅ မိနစ်

- ❖ ကျောင်းသားများအား ကျား၊ မ ညီမျှစွာ အုပ်စု ၄ စုဖွဲ့ပါ။
- ❖ တောင်ယာ၊ လယ်ယာလုပ်ငန်းနှင့်ဆိုင်သော စကားပုံများ၊ အချိန်နှင့်ဆိုင်သော စကားပုံများ၊ လူမှုရေးနှင့်ဆိုင်သော စကားပုံများ၊ စည်းလုံးညီညွတ်ရေးနှင့်ဆိုင်သော စကားပုံများအား မဲနှိုက်ရွေးချယ်ပါစေ။
- ❖ မိမိတို့ရရှိသောအကြောင်းအရာကို ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄၆)၊ (၄၇)၊ (၄၈) တွင်ပါဝင်သော စကားပုံများမှရှာဖွေပါစေ။
- ❖ သင်ခန်းစာပါ စကားပုံများမှ လူနေမှုဓလေ့၊ လယ်ယာ၊ တောင်ယာလုပ်ငန်းနှင့် ဆက်နွယ်နေသည့် စကားပုံများကို ရွေးချယ်ပါစေ။
- ❖ တိုင်းရင်းသားတို့၏ခံစားမှု အတွေ့အကြုံများနှင့် စကားပုံများဆက်နွယ်နေပုံကို အုပ်စုတွင်းဆွေးနွေးပြီးအုပ်စုကိုယ်စားလှယ်က အတန်းသို့တင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

- ❖ ကျောင်းသားများဆွေးနွေးနေစဉ် ဆရာကလိုက်လံကြည့်ရှုပါ။ လိုအပ်လျှင်ဆရာက လမ်းညွှန်အမေးစကားဖြင့်ရှင်းပါ။



DREBOX

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၅၀) မှ လေ့ကျင့်ခန်းမေးခွန်း (၆) ကို ဖြေပါစေ။

**အဓိကအချက်**

❖ တိုင်းရင်းသားတို့၏ လူနေမှုဓလေ့၊ လယ်ယာနှင့် တောင်ယာလုပ်ငန်း၊ စည်းလုံးညီညွတ်မှုတို့ကို စကားပုံများမှတစ်ဆင့် သိရှိမှတ်သားနိုင်သည်။

## စာသင်ချိန် ၅

### ၁၊ ၅။ လေ့ကျင့်ခန်းများဖြေဆိုခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ အဘိဓာန်ကိုအသုံးပြု၍ ဝေါဟာရကြွယ်ဝပြီး စကားလုံးများ၏ဆိုလိုရင်းကို ရှင်းပြတတ်ရန်၊ အဘိဓာန်တွင်ရှာဖွေပြီး အနက်အဓိပ္ပာယ်တူရာစကားပုံများကို ဆက်စပ်တတ်ရန်

❖ တိုင်းရင်းသားတို့၏ လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်းသုံး စကားအသုံးအနှုန်းများကို သိရှိရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ယခုစာသင်ချိန်တွင် ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄၉) နှင့် (၅၀) မှ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၁)၊ (၃)၊ (၅) အတွက် ဖြေဆိုပုံကိုသင်ကြားပေးမည်ဖြစ်ကြောင်းပြောပါ။

**သင်ကြားခြင်း** **၁၀ မိနစ်**

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၄၉) မှ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၁) အတွက် အဘိဓာန် အသုံးပြု၍ သင်ကြားပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၅၀) မှ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၃) "ဧည့်သည်လာလျှင် အိမ်သာသည်" ဟူသည့် စကားပုံမှာ "အိမ်သာလို့ဧည့်လာသည်" ဟူသော စကားပုံနှင့် အနက်တူကြောင်းရှင်းပါ။

❖ စကားပုံများတွင်ပါဝင်သော လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်းမှ ဆင်းသက်လာသည့် စကားပုံများကို ရွေးချယ်ရှင်းပြပါ။

သာဓက–

- ◆ ယောက်ျားယာခုတ် မိန်းမမျိုးချ

❖ လူရှေးတိုင်းရင်းသားတို့သည် ယာလုပ်ငန်းလုပ်ကိုင်ရာတွင် ယောက်ျားက ယာခုတ်ထွင်ရှင်းလင်း သည်ကိုလုပ်လျှင် မိန်းမက မျိုးစေ့ကြဲချသည့်အလုပ်ကိုလုပ်ရသည်။ မိသားစုတွင် မောင်တစ်ထမ်း မယ်တစ်ရွက် ကျရာတာဝန်ကို လုပ်ကိုင်ရကြောင်းရှင်းပြပါ။

❖ ကျန်ရှိသည့်စကားပုံများကိုလည်း ရှာဖွေဖြေဆိုရန်ပြောပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၁) အတွက် အဘိဓာန်စာအုပ်ကိုအသုံးပြု၍ အုပ်စုလိုက် ဆီလျော်သည့် အဖြေကိုရှာဖွေပြီး အုပ်စုကိုယ်စားလှယ်တစ်ဦးက အတန်းသို့တင်ပြပါစေ။

❖ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၃) အတွက်ဖြေဆိုရာတွင် ကျောင်းသားများကို အုပ်စု ၂ စုဖွဲ့၍ အုပ်စု (၁) ကို အနက်အဓိပ္ပာယ် ကတ်ပြားကိုပေးကာ အုပ်စု (၂) ကို စကားပုံကတ်ပြားများကို ပေးပြီး တွဲစပ်ပါစေ။

❖ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၅) ကို နှုတ်မေးခွန်းမေး၍ ဖြေဆိုပါစေ။ ကျောင်းသားများလေ့လာခဲ့ဖူးသည့် အလားတူစကားပုံများကိုလည်း ဖြေဆိုပါစေ။ လိုအပ်ပါက ဆရာကမေးပြီး ကျောင်းသားများကို ဖြေဆိုပါစေ။ အဖြေများကို သင်ပုန်းပေါ်တွင်ရေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၅၀) မှ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၅) နှင့်ဆက်စပ်သည့် မေးခွန်းများ ထပ်မံရှာဖွေမေးမြန်းပါ။

**သာဓက**– နေ့စဉ်လူမှုဘဝတွင် ပြောဆိုသုံးနှုန်းနေသော သင်ကြားဖူးသည့် စကားနှင့် ပတ်သက်သော စကားပုံ ၃ ခု ကို ဖော်ပြပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၅၀) မှ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၃) အတွက် အုပ်စု (၁) ကို စကားပုံ၊ အုပ်စု (၂) ကိုအနက် အဓိပ္ပာယ် ကတ်ပြားပေး၍ အဖြေများကို ပြန်လည်တွဲစပ်ခိုင်းပါ။

❖ ကျောင်းသုံးစာအုပ် စာမျက်နှာ (၄၉) မှ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၁)အတွက် အဘိဓာန်စာအုပ်မှအဖြေများကို ကျောင်းသားတစ်ဦးချင်းစီအားမေးမြန်းပါ။ စကားပုံသင်ခန်းစာနှင့် ဆီလျော်သည့်အဖြေကို စဉ်းစားဖြေဆိုရာတွင် အဘယ်ကြောင့်ထိုအဖြေရကြောင်းမေးပါ။

**အဓိကအချက်များ**

❖ ဝေါဟာရများ၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်အသုံးပြု၍ ရှာဖွေနိုင်သည်။


❖ အနက်အဓိပ္ပာယ်တူစကားပုံများကို လေ့လာခြင်းဖြင့် ဗဟုသုတကြွယ်ဝလာမည်။

❖ တိုင်းရင်းသားတို့၏ လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်းသုံး စကားအသုံးအနှုန်းများကို သိရှိသုံးနှုန်း တတ်လာမည်။



DBE BOX

**တိုင်းရင်းသားစကားပုံများ (စကားပုံအသုံးချဘာသာစကား) ကို ပြန်လည်သုံးသပ်ခြင်း**




## ရည်ညွှန်းစာအုပ်များ

❖ အောက်ပါရည်ညွှန်းစာအုပ်စာတမ်းများကို ဖတ်ရှုနိုင်ပါက မိမိတွင်ဗဟုသုတပွားပြီး သင်ကြားမှုကို ပိုမိုထိရောက်စေနိုင်ပါသည်။

၁။ မြန်မာစကားပုံ။ (၂၀၀၄)။ မြန်မာစာအဖွဲ့။ သတ္တမအကြိမ်။

၂။ မင်းနိုင်၊ ဦး။ (၁၉၆၈)။ တိုင်းရင်းသားစကားပုံ၊ တိုင်းရင်းသားယဉ်ကျေးမှုစာစဉ်-၉။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ယဉ်ကျေးမှုဌာန။ ရန်ကုန်။

## ၁၄။ ခြင်းပွဲ (လင်္ကာကဗျာ)

**စုစုပေါင်းစာသင်ချိန် ၅ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

**သင်ယူမှုရလဒ်များ**

- ❖ ကဗျာပါ ကာရန်အချိတ်အဆက်များကို သိရှိနားလည်ပြီး အသံနေအသံထား၊ အဖြတ်အရပ် မှန်ကန်ပီသစွာရွတ်ဆိုတတ်မည်။
- ❖ ကဗျာအရသာကို ခံစားတတ်ပြီး ဆိုလိုရင်းကို ဆွေးနွေးတင်ပြတတ်လာမည်။ သုတကို သုံးသပ်တတ်ပြီး မှတ်သားတတ်လာမည်။
- ❖ ကာရန်တူစကားလုံးများကို ရှာဖွေတတ်လာမည်။ အခြားကာရန်တူစကားလုံးများကို ဖန်တီးရေးသားတတ်လာမည်။ ကာရန်ယူသည့်သဘောကို ရှာဖွေဖော်ထုတ်တတ်လာမည်။
- ❖ ကဗျာပါဝေါဟာရများ၏ ဆိုလိုရင်းအနက်အဓိပ္ပာယ်ကိုသိရှိပြီး စကားပြေဖြင့်ပြန်ရေးတတ်မည်။
- ❖ ကဗျာ၏ရည်ရွယ်ချက်နှင့် ရရှိသောသုတကို ဆက်စပ်ရေးပြတတ်လာမည်။
- ❖ ခြင်းပွဲကစားခြင်းကို တန်ဖိုးထားဂုဏ်ယူတတ်၍ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းတတ်လာမည်။

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

- ❖ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များတွင် တွေ့နိုင်သော ခြင်းပွဲကျင်းပပုံများ
- ❖ လူမှုကွန်ရက်မှရရှိနိုင်သော ခြင်းခတ်နေကြသောရုပ်ပုံများ
- ❖ ကိုယ်တိုင်ဖန်တီးရေးဆွဲထားသောရုပ်ပုံကားချပ် (ဆရာ သို့မဟုတ် ကျောင်းသား)
- ❖ ဆရာကိုယ်တိုင် အသံနေအသံထား အဖြတ်အရပ်မှန်ကန်စွာ ရွတ်ဆိုပြနိုင်အောင်လေ့ကျင့်ထားပါ။

**ရရှိစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- ❖ ကဗျာကိုအုပ်စုဖွဲ့ရွတ်ဆိုခြင်း၊ ဆွေးနွေးခြင်း၊ အတွေးအမြင်များ မျှဝေခံစားခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှုစွမ်းရည်
- ❖ ကဗျာမှတွေ့ရသည့် အချက်အလက်များကို စဉ်းစား၍ အချင်းချင်းအပြန်အလှန် ဆွေးနွေးခြင်းဖြင့် ဆက်သွယ်မှုစွမ်းရည်
- ❖ အခြားအုပ်စုများ၏ ဆွေးနွေးတင်ပြချက်များကို အကဲဖြတ်ခြင်း၊ သုတ၊ ရသများကိုလေ့လာသုံးသပ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်
- ❖ ကဗျာကိုဖတ်၍ စကားပြေပြန်လည်ရေးသားခြင်း၊ ကိုယ်ပိုင်စိတ်ကူးအတွေ့အကြုံများ၊ ခံစားမှုများ တင်ပြတတ်ခြင်းဖြင့် ဖန်တီးမှုစွမ်းရည်

- ကဗျာမှရရှိသော အသိအမြင်ခံစားမှုမှ မြန်မာ့ရိုးရာယဉ်ကျေးမှုကို လက်ဆင့်ကမ်းတန်ဖိုးထား ထိန်းသိမ်းနိုင်မှုစွမ်းရည်တို့ကိုရရှိလာမည်။

## စာသင်ချိန် ၁

### ၁၊ ၁။ ကဗျာရွတ်ဆိုပြီး ဆိုလိုရင်းကိုရှင်းပြခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

- ကဗျာကို အသံနေအသံထား၊ အဖြတ်အရပ်မှန်ကန်စွာ ရွတ်ဆိုတတ်ရန်
- ကဗျာကို အသံထွက်ရွတ်ဆိုမှ ကဗျာအရသာ၊ ဆိုလိုရင်းကို ပြည့်စုံစွာသိမြင်ရကြောင်း ဆွေးနွေး တင်ပြတတ်ရန်
- ကဗျာကို စကားပြေဖြင့် ရေးသားပြီး ဆိုလိုရင်းကို ရှင်းပြတတ်ရန်
- ဟောပြောပွဲ၊ ဆွေးနွေးပွဲပုံစံများတွင် ကဗျာရွတ်၍ ပြောဆိုတတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

- ဆဌမတန်း ဆရာလမ်းညွှန်မှကဗျာ့သဘောနှင့် ဆဌမတန်း သို့မဟုတ် မူလတန်းတွင် သင်ကြားခဲ့ ဖူးသော ကဗျာတစ်ပုဒ်ကို ရွတ်ဆိုပြပြီး ခံစားချက်အချို့ကိုထုတ်နုတ်ပြပါ။
- ရွတ်ဆိုမှုမှ သိရှိနားလည်သမျှကိုပြောပြရန်နှင့် ဆိုလိုရင်းကိုနားလည်ပြီး စကားပြေပုံစံဖြင့်လည်း ပြောပြရမည်ဖြစ်ကြောင်းပြောပြပါ။

**သင်ကြားခြင်း** ၁၅ မိနစ်

- ခြင်းပွဲကဗျာကို ကျောင်းသားများအား ၁ ကြိမ်ရွတ်ဆိုပါစေ။ ထို့နောက်ဆရာက မည်သည့် နေရာတွင် မည်သို့ရွတ်ဆိုရကြောင်း၊ အဖြတ်အရပ်အသံနေအသံထား မှန်မှန်ဖြင့်ရွတ်ဆိုပြပါ။ လိုအပ်ချက်များကို ထပ်မံပြင်ဆင်ပါ။
- အတန်းသားများအားလုံးကို ထပ်မံရွတ်ဆိုပါစေ။ ထို့နောက် အားနည်းချက်ရှိသော ကျောင်းသား များအား ပြန်၍ရွတ်ဆိုစေပြီး လိုအပ်လျှင်ကူညီလမ်းညွှန်ပါ။
- ကဗျာ၏ဆိုလိုရင်းကို နားလည်သမျှစဉ်းစား၍ ပြောပြခိုင်းပါ။ ကျောင်းသားများ၏ အဖြေများကို သင်ပုန်းပေါ်တွင်ရေးပါ။
- ဆရာက ကဗျာကို ဌာန်ကရိုဏ်းကျစွာ ထပ်မံရွတ်ဆိုပြပါ။ (ရွတ်ဆိုမှုကိုနားထောင်ရင်း ကလေးများ အာရုံတွင် မြင်ကွင်းများကို ပုံဖော်မြင်ယောင်နိုင်ရန်ဖြစ်ပါသည်။)
- ထို့နောက် ကဗျာတစ်ပုဒ်လုံး၏ ဆိုလိုရင်းကိုနားလည်ပြီး စကားပြေပြန်ဆိုမှုကို လွယ်ကူစေရန် ခက်ဆစ်စကားလုံးများကိုလေ့လာခြင်း၊ သင်ထောက်ကူရုပ်ပုံကားချပ်များကို အသုံးပြု၍ ရှင်းပါ။

**ကဗျာ၏ဆိုလိုရင်းမှာ**

- ❖ ညနေဆည်းဆာချိန်ဖြစ်သည့် နေလုံးအနောက်ဘက်သို့ ရောက်ရှိချိန်၌ ထုံးဖြူဖြူသုတ်ထားသော စေတီတွင် နေ၏အရောင်သည် ဖျော့တော့စွာကျရောက်နေပုံ
- ❖ ညောင်ပင်အိုမှအရွက်အခက်တို့သည်လည်း လေပြည်လေညင်းတို့၏ တိုက်ခတ်မှုကြောင့် ပျော့ပျောင်းသာယာသည့်အသံဖြင့် လှုပ်ရှားနေသည်ကို ကြားရပုံ
- ❖ သာသနာ့နယ်မြေဖြစ်သော ထုံးဖြူစေတီ၏အနီးညောင်ပင်နားတွင် မြင်ရသူ၏ စိတ်၌နှစ်သက်ရွှင်လန်းမှုဖြစ်စေသော ခြေညီခြင်းဝိုင်းကို မြင်ရပုံ
- ❖ နေဝင်ဆည်းဆာချိန်တွင် ထုံးစေတီနှင့်ညောင်ပင်အိုအနီး၌ ကြော့မော့လှပသော ကိုယ်နေဟန်ထား၊ ခြင်းခတ်ဟန်အမျိုးမျိုးဖြင့်ခတ်နေကြသော ဝိုင်းတော်သားများကို မြင်ရသောအခါ နှစ်သက်အားရဖွယ်ဖြစ်ပုံ
- ❖ ဘိုးဘွားမိဘအစဉ်အဆက်က စတင်ပေါ်ပေါက်ခဲ့ပြီး ယနေ့အထိ မပျောက်ပျက်သော ဂုဏ်ယူဖွယ်ရာ မြန်မာ့ရိုးရာကစားနည်းတစ်ရပ်ဖြစ်ပုံဟူ၍ ဆရာက ထပ်မံရှင်းပြပါ။

**မှတ်ချက်** – ကဗျာကိုရှင်းပြရာတွင် ကဗျာသရုပ်ဖော်ပုံတွင် ဖော်ပြထားသောခြေရည်တူဝိုင်းတော်သားများ၏ လှပကြော့မော့သော ခြင်းခတ်ဟန်ကို ပုံပေါ်လာအောင်၊ ခြင်းခတ်ကြသည့် အချိန်ကိုဖော်ပြရာတွင် နှစ်သက်ကြည်နူးဖွယ်မြင်ကွင်းကို မြင်ယောင်လာအောင် ဖော်ပြရာတွင် 'ပူဇော်ကန်တော့'သည့် သိမ်မွေ့သော တင်စားစကားအသုံးဖြစ်ကြောင်း၊ 'တေးထံတျာနော့' နှင့် 'ထုံးနှင့်စေတီ၊ ညောင်တေးသီ' အသုံးသည်လည်း လိုက်ဖက်သောယှဉ်တွဲမှုကို ပေါ်လွင်အောင် တင်စားစကားအသုံးဖြစ်ကြောင်း ရှင်းပြပါ။ နှစ်သက်ဖွယ် ဖြစ်အောင်၊ ပျော်ရွှင်ကြည်နူးမှု၊ အားရတက်ကြွမှု၊ ဂုဏ်ယူတန်ဖိုးထားမှုများ ခံစားမိအောင်ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

- ❖ စာသင်ခန်းအနေအထား၊ ကျောင်းသားဦးရေအနေအထားအရ ကျား၊ မ မျှတမှုရှိသောအုပ်စု ၄ စုဖွဲ့ပါ။
- ❖ ဖွဲ့ထားသည့်အုပ်စုအလိုက် တစ်ဖွဲ့ချင်း ကဗျာကိုရွတ်ဆိုပါစေ။ အုပ်စုတစ်စုရွတ်ဆိုနေချိန်တွင် အခြား အုပ်စုများကို အာရုံစိုက်နားထောင်ပါစေ။
- ❖ ကျောင်းသားများရွတ်ဆိုနေစဉ် ဆရာက အကဲဖြတ်ပေးပါ။ ကာရန်အချိတ်အဆက်မိမိ၊ အဖြတ်အရပ်မှန်မှန် မရွတ်ဆိုနိုင်သေးသည့် ကျောင်းသားများကိုအမိကထားပြီး ပြန်လည်လေ့ကျင့်ပေးပါ။
- ❖ ကျောင်းသားများကို ကဗျာရွတ်ဆိုရသဖြင့်မည်သို့ခံစားရကြောင်း မေးမြန်းကြည့်၍ပြောပြပါစေ။ အုပ်စုလိုက်ဆွေးနွေးပြီး တစ်ဦးက တင်ပြပါစေ။

(မှတ်ချက် – ကျောင်းသားများ၏ခံစားမှုပေါ်လွင်အောင် ပြောပြတတ်ရန် လမ်းခင်းပေးပါ။)



DBE BOX

❖ ကဗျာစာသားများကို အမှတ်စဉ်တပ်ပြီး မဲလိပ်များလုပ်ပါ။ အဖွဲ့များကိုမဲနှိုက်စေပြီး ကျရာကဗျာစာသား၏ ဆိုလိုရင်းကိုပြန်ဆိုပါစေ။ ခက်ဆစ်စကားလုံးများကို ကြည့်နိုင်ကြောင်း ညွှန်ကြားပါ။

❖ မိမိတို့ပြန်ဆိုထားသည်ကို ကိုယ်စားလှယ်တစ်ဦးက အတန်းသို့တင်ပြပါစေ၊ ကျန်အုပ်စုများက အကဲဖြတ်ပါစေ။

❖ ကျောင်းသားများ၏ ဖြေဆိုချက်များကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ထားပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ကဗျာစာပိုဒ်များ အလဲအလှယ်ပြု၍ ဆိုလိုရင်းနှင့်စကားပြေကို အုပ်စုလိုက်ဆွေးနွေးပြီး အတန်းသို့ တင်ပြပါစေ။

❖ ကျောင်းသားတစ်ဦးချင်းစီအား ကဗျာစာပိုဒ်ကိုမဲနှိုက်၍ ရွေးချယ်ပြီး စကားပြေပြန်ဆိုပါစေ။

❖ ကဗျာရွတ်ဆိုနေစဉ် ခံစားမှုကိုပြောပြပါစေ။ (ပျော်ရွှင်မှု၊ ကြည်နူးမှု၊ ချစ်ခင်နှစ်သက်မှု၊ ရွှင်လန်းအားရမှု)

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၅၃) ရှိ မေးခွန်းနံပါတ် (၅) ကိုဖြေဆိုပါစေ။

❖ ခက်ဆစ်များကို ကျက်ခဲ့ရန်မှာကြားပါ။

**အဓိကအချက်များ**

❖ ကဗျာရွတ်ဆိုရာတွင် အသံနေအသံထား၊ အဖြတ်အရပ်မှန်ကန်ပြီး ခံစားမှုနှင့် ကဗျာအရသာပေါ်လွင်စေရန်ရွတ်ဆိုရမည်။

❖ ကဗျာ၏ဆိုလိုရင်းနှင့် စကားပြေပြန်ဆိုရာတွင် ခက်ဆစ်စကားလုံးများကို ဂရုတစိုက်လေ့လာမှတ်သားရမည်။

## စာသင်ချိန် ၂

## ၁၊ ၂။ ကဗျာ၏ခံစားမှုအရသာကို ရှင်းပြပြီး သုတကိုဖော်ထုတ်ခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ကဗျာ၏ဆိုလိုရင်းကို နားလည်၍ ခံစားမှုကိုပြောပြတတ်ရန်

❖ ကဗျာမှရရှိသောသုတကို ဖော်ထုတ်တတ်ရန်

❖ ကဗျာ၏အရသာကို ခံစားတတ်ပြီး ဆိုလိုရင်းနှင့် အသိအမြင်များကို ဆွေးနွေးတင်ပြတတ်ရန်



DBE BOX

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

- သင်ကြားဖူးသော ကဗျာများမှ မည်သို့သော စိတ်ခံစားမှုကို ဖြစ်ပေါ်ဖူးသနည်း။
- ဆိုလိုရင်းကို နားလည်မှသာ ရရှိနိုင်ပါသလား။ သင်ကြားခဲ့ရသော ကဗျာတစ်ပုဒ်မှ ခံစားမှုနှင့် ဗဟုသုတများကို အကျဉ်းချုံး၍ ပြောပြပါ။
- 'ခြင်းပွဲ' ကဗျာမှလည်း မည်သည့်ခံစားမှုအရသာနှင့် ဗဟုသုတတို့ကို တွေ့ရကြောင်း လေ့လာကြည့်ကြမည်ဟုမိတ်ဆက်ခြင်းကို စတင်ပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

- ကျောင်းသားများကို ကဗျာတစ်ပိုဒ်ချင်းစီမှ မြင်ကွင်းများကို အချင်းချင်းဆွေးနွေးပြီး သရုပ်ဖော်သည့် ပုံစံဖြင့်ပြောခိုင်းမည်။
- ကဗျာတစ်ပိုဒ်ချင်းစီတွင် တွေ့ရသော မြင်ကွင်းများအရ မိမိတို့၏ စိတ်တွင်မည်သို့ခံစားမှုဖြစ်ကြောင်း ပြောပြပါစေ။
- ကျောင်းသားများကို လွတ်လပ်စွာဖြေဆိုပါစေ။ သင်ပုန်းမှတ်ချက်ရေးပါ။
- ခံစားမှုအပြင် ထိုကဗျာမှ ဗဟုသုတဖြစ်ဖွယ်၊ သိမှတ်ဖွယ်ရာ ပါဝင်ပါသလား။
- ကျောင်းသားများ၏ ဖြေဆိုမှုလိုအပ်လျှင် ဆရာက ကူညီလမ်းညွှန်ပါ။

**လေ့ကျင့်ခြင်း** **၁၅ မိနစ်**

- ကျောင်းသားများကို ကျား၊ မ မျှတမှုရှိသော အုပ်စု ၄ စုဖွဲ့ပါ။
- ကဗျာစာသားများကို အမှတ်စဉ်တပ်ပြီး မဲလိပ်များလုပ်ပါ။ အဖွဲ့များကိုမဲနှိုက်ပါစေ။ မိမိတို့ရရှိထားသော ကဗျာစာပိုဒ်မှ တွေ့ရသောမြင်ကွင်းသရုပ်နှင့် ခံစားမှုမှရှိသောသုတများကို အဖွဲ့တိုင်းအား စာရွက်ဖြင့်ရေးစေပြီး အတန်းသို့ တင်ပြပါစေ။ ဖြေဆိုချက်များကို သင်ပုန်းပေါ်တွင်ရေးပါ။
- ဆရာက အုပ်စုလိုက်ရေးသားထားသည်များကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ထားပါ သို့မဟုတ် နံရံတွင်ကပ်စေခြင်းပြုလုပ်ပြီး အုပ်စုကိုယ်စားလှယ်တစ်ဦးက အတန်းသို့အဘယ်ကြောင့် ထိုအဖြေမျိုးရကြောင်း တင်ပြပါစေ။ တစ်ဖွဲ့၏တင်ပြချက်များကို ကျန်အဖွဲ့များက သုံးသပ်ဖြေဆိုပါစေ။
- စာဆိုကမည်သည့်ရည်ရွယ်ချက်များဖြင့် ရေးဖွဲ့ထားသည်ကိုနားလည်သမျှ ဆွေးနွေးဖြေဆိုပါစေ။

  (သဘာဝပတ်ဝန်းကျင်ကို သတိပြုတတ်ရန်၊ ကျေးလက်မြင်ကွင်းအလှကို ချစ်မြတ်နိုးတတ်ရန်၊ ရိုးရာကစားနည်းကို တန်ဖိုးထားထိန်းသိမ်းတတ်ရန် )
- ကဗျာနှင့်ဆက်စပ်သော ဗဟုသုတများနှင့်အသိအမြင်များကို ကျောင်းသားများ ဖော်ထုတ်ပြောဆိုတတ်ရန် ဆရာက လမ်းညွှန်ပါ။



DBE BOX

❖ ခြင်းခတ်ရာတွင် လူခြောက်ယောက်ဝိုင်းဖွဲ့၍ ပါဝင်ရကြောင်း၊ ခန္ဓာကိုယ်တစ်ခုလုံး ဟန်ချက်ညီညီ လှုပ်ရှားရသဖြင့် ကျန်းမာရေးအတွက်အကျိုးရှိကြောင်း၊ ထိခိုက်မှုအန္တရာယ်မရှိသော အားကစားနည်း တစ်မျိုးဖြစ်ကြောင်း စသည့်အဖြေမျိုးပါဝင်အောင် လမ်းညွှန်ပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

❖ ဆရာက ကဗျာစာပိုဒ်အချို့ကို ကျောင်းသားတစ်ဦးချင်းစီအား ရွေးချယ်ပြီး သုတ၊ ရသများ ဖော်ထုတ်ပါစေ။

❖ တစ်ဦးချင်းစီ၏ ပြောဆိုမှုကို အခြားကျောင်းသားများက မှတ်ချက်ပေးပါစေ။

❖ ထို့နောက် ကဗျာတစ်ပိုဒ်လုံးကို ခြုံငုံ၍ ဆရာက ရည်ရွယ်ချက်နှင့် အချက်အလက်များ အချိတ် အဆက်ဖြင့် ရေးဖွဲ့ထားပုံကို ထပ်မံရှင်းပြပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၅၃) ရှိ မေးခွန်းနံပါတ် (၄) ကို ဖြေဆိုပါစေ။

❖ ဖြေဆိုချက်များကိုနားထောင်ပြီး ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၅၂) မှ အဓိကအချက်များကို ပြောပါ။

**အဓိကအချက်များ**

❖ ခြင်းခတ်ရာတွင် ဟန်ချက်ညီညီလှုပ်ရှားရသဖြင့် ကျန်းမာရေးအတွက် အကျိုးရှိပြီး ထိခိုက်မှု နည်းသော အားကစားနည်းဖြစ်သည်။

❖ ကဗျာ၏အရသာကို ခံစားနားလည်ပြီး ဆိုလိုရင်းကို ရှင်းပြရမည်။

❖ ခံစားမှုရသမှတစ်ဆင့် မိမိ၏အသိအမြင်၊ သုတတို့ကို သတိပြုမိစေပြီး ဆွေးနွေးဖော်ထုတ် ရမည်။

## စာသင်ချိန် ၃

### ၁၊ ၃။ သုတကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ သုတများကို ဖော်ထုတ်ပြပြီး လက်တွေ့ဘဝနှင့် ဆက်စပ်သုံးသပ်တတ်ရန်

❖ ကဗျာမှရရှိသော အတွေ့အကြုံနှင့် မိမိပတ်ဝန်းကျင်၏အတွေ့အကြုံကို နှိုင်းယှဉ်ဝေဖန်တတ်ရန်

❖ ကဗျာ၏ ဦးတည်ချက်ကို ဆွေးနွေးသုံးသပ်ပြီး အကဲဖြတ် မှတ်သားတတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

- ❖ စာသင်ချိန် (၂) တွင် ကဗျာ၏ ခံစားမှု အရသာကို ဆွေးနွေးရှင်းလင်းကြပြီး၊ သုတများကို ဖော်ထုတ်ခဲ့ပြီးဖြစ်သည်။ ယခုစာသင်ချိန်တွင် စာဆို၏ စေတနာရည်ရွယ်ချက်နှင့် မိမိတို့၏ လက်တွေ့ဘဝအတွေ့အကြုံနှင့်ပတ်သက်ပြီး နှိုင်းယှဉ်ဝေဖန်အကဲဖြတ်ကြရမည်ဟုရှင်းပြပါ။
- ❖ ကဗျာမှရရှိသော သုတများကို ကျောင်းသားတစ်ဦးချင်းစီအား သိသမျှ ပြောပြပါစေ။

**သင်ကြားခြင်း** ၁၅ မိနစ်

- ❖ ကဗျာတွင်ပါဝင်သော ခြင်းပွဲကစားကြသူတို့၏ ပတ်ဝန်းကျင်အခြေအနေကို မိမိတို့သည်လည်း ကြုံတွေ့ဖူးသလား။ ကဗျာစာဆိုက ခြင်းပွဲကစားကြသူတို့ကို အဘယ်ကြောင့် ဤမြင်ကွင်းဖြင့် သရုပ်ဖော်သည်ဟု ထင်သနည်း။
- ❖ ခြင်းပွဲကစားခြင်းကို အုပ်စုဖွဲ့ကစားကြသည်ဖြစ်၍ မည်သည့်စိတ်ဓာတ်မျိုးဖြင့် ကစားကြရမည်နည်း။ မိမိကိုယ်တိုင်ကစားဖူးခြင်း၊ မြင်တွေ့ဖူးခြင်းဖြင့် ရရှိသောအတွေ့အကြုံဖြင့်ကဗျာ၏ သရုပ်ကို နှိုင်းယှဉ်ဝေဖန်ပါ။
- ❖ ကဗျာတွင်တွေ့ရသော ခြင်းပွဲကစားခြင်းကို နေဝင်ဆည်းဆာချိန်တွင် အဘယ်ကြောင့်ပြုလုပ်သနည်း။ ခြင်းခတ်ကစားခြင်းကို မိမိပတ်ဝန်းကျင်၌ မည်သည့်အချိန်တွင် တွေ့မြင်ဖူးသနည်း။
- ❖ အုပ်စုလိုက်ဝိုင်းဖွဲ့ခတ်ခြင်းကို အဘယ်ကြောင့် အများဆုံးပြုလုပ်ကြသနည်း။ ထို့ပြင် မည်သည့်နည်းလမ်းများဖြင့်လည်း ကစားကြသနည်း။ အဆိုပါမေးခွန်းများကို အတန်းသားဦးရေ အရ တစ်ဦးချင်းစီကိုသင့်လျော်သလိုမေးပြီး ဆရာကဖြည့်စွက်ရှင်းပြပါ။

**လေ့ကျင့်ခြင်း** ၁၅ မိနစ်

- ❖ အောက်ပါမေးခွန်းများကို အုပ်စုလိုက် ထပ်မံမေးပါ။
- ❖ ခြင်းခတ်ကစားခြင်းဖြင့် စိတ်နှင့် ကိုယ်ကာယအတွက် မည်သည့်အကျိုးကျေးဇူးများ ရရှိလာနိုင်သနည်း။
- ❖ ကဗျာရွတ်ဆိုခြင်းမှ စကားလုံး၏ အသံသာယာမှုကို မည်သို့တွေ့မြင်ရသနည်း။ ထိုတူညီသော အသံများသာယာမှုသည် ကဗျာကိုမည်သို့အထောက်အကူဖြစ်သနည်း။ (ကဗျာမြင်ကွင်းကို သရုပ်ဖော်ပြောဆိုရာတွင် လိုက်ဖက်မှု၊ နှစ်သက်မှုကို ပိုမိုပေါ်လွင်စေသည်။)
- ❖ မေးခွန်းများကို ဖြေဆိုမှုအားနည်းချက်ရှိသော ကျောင်းသားများအား ကူညီလမ်းညွှန်ပါ။ ဖြေဆိုမှုနည်းသော ကျောင်းသားများအား သတိပြုမေးမြန်းပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

❖ ရှေ့တွင်ဖြေဆိုခဲ့သော မေးခွန်းများအရ ကဗျာစာဆို၏ ခြင်းပွဲကစားနည်းအပေါ် ထားရှိသော စိတ်နေသဘောထား၊ ရည်ရွယ်ချက်နှင့် စေတနာတို့ကို မည်သို့ထင်မြင်မိသနည်း။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၅၃) ရှိ မေးခွန်းနံပါတ် (၆) ကို မိမိ၏ကိုယ်ပိုင်စိတ်ကူးဖြင့် တင်ပြပါ။(အတန်းတွင်းတွင် စာရွက်ဖြင့်ရေးပြီး ဆရာက အကဲဖြတ်ခြင်း သို့မဟုတ် သင့်လျော်သလို စီစဉ်ဆောင်ရွက်ခြင်း)

**အဓိကအချက်များ**

❖ ကဗျာ၏ သုတကိုမှတ်သားပြီး အဓိကဦးတည်ချက်ကို ဖော်ထုတ်ရမည်။ စာဆို၏စေတနာ ရည်ရွယ်ချက်ကို လေးစားအတုယူရမည်။

❖ ကဗျာ့အသိနှင့်လက်တွေ့ဘဝအသိတို့ကို ဆက်စပ်၍နှိုင်းယှဉ်ရမည်။

❖ စာပေသုတနှင့် ဘဝအသိတို့၏ တန်ဖိုးကို နားလည်မှတ်သားရမည်။

## စာသင်ချိန် ၄

### ၁၊ ၄။ ကဗျာ့သဘောနှင့် ကာရန်သဘောကိုရှင်းပြခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ကဗျာအမျိုးအစားနှင့် သဘောသဘာဝကို နားလည်မှတ်သားပြီး ရှင်းပြတတ်ရန်

❖ ကဗျာတွင်ပါဝင်သော ကာရန်များကို ရှာဖွေတတ်ရန်

❖ လင်္ကာကဗျာ၏ ကာရန်ယူပုံစနစ်ကို လေ့လာမှတ်သားပြီး ရှင်းပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ခြင်းပွဲကဗျာသည် လင်္ကာကဗျာဖြစ်ကြောင်း၊ လင်္ကာကဗျာသည် ပုဂံခေတ်ကပင် စတင် ပေါ်ပေါက်ခဲ့ကြောင်း၊ ကဗျာအမျိုးအစားများထဲတွင် အစောဆုံးပေါ်ပေါက်ခဲ့ကြောင်း၊ လေးလုံးစပ် လင်္ကာပုံစံဖြင့် ဖွဲ့ဆိုထားကြောင်း၊ လင်္ကာသဘောကို ရှေ့သင်ခန်းစာများတွင် ရှင်းပြပြီးဖြစ်ကြောင်း၊ ယခုစာသင်ချိန်တွင် ခြင်းပွဲကဗျာ၏ ကာရန်ယူပုံကိုရှင်းပြမည်ဖြစ်ကြောင်း ပြော၍မိတ်ဆက်ပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ ကျောင်းသားများကို ကဗျာပေါ်ပေါက်ခဲ့သောရာစု၊ ရေးသူ(စာဆို)၊ ကဗျာအမျိုးအစားနှင့် စာပိုဒ်ရေ မည်မျှပါကြောင်း မေးပါ။



DBE BOX

❖ ကဗျာတစ်ပိုဒ်ချင်းစီတွင် မည်သည့်စကားလုံးများကို လေးလုံးတစ်ပဒ ကာရန်ဖြင့် တွေ့ရသနည်း။

❖ အသံတူသည့် စကားလုံးများသည် ကာရန်ဖြစ်သောကြောင့် အသံတူစကားလုံးများကို ရှာဖွေပါစေ။

❖ ကာရန်စကားလုံးများသည် လေးလုံးတစ်ပဒတွင် မည်သည့်နေရာတွင်ရှိကြောင်း မေးမြန်းပါ။ (၄-၃-၁၊ ၄-၃-၂) စသည်ဖြင့် နေရာကို မှတ်သားပါစေ။

❖ ဆရာက ပထမအပိုဒ်ရှိ အသံတူကာရန်များသည် မည်သည့်သရသံဖြစ်ကြောင်း မေးမြန်း၍ ကာရန်ဖွဲ့ပုံကို ရှင်းပြပါ။

❖ ဆူ၊ ဖြူ၊ ပူ တို့သည် အူ ကာရန်များဖြစ်ပြီး ၄-၃-၁ ကာရန်စနစ်ဖြစ်ကြောင်း၊ တော့၊ ဖျော့တို့သည် အော့ ကာရန်များဖြစ်ပြီး ၄-၂ ကာရန်စနစ်ဖြစ်ကြောင်း၊ ဖျော့ဖျော့၊ ပျော့ပျော့၊ ကြော့ကြော့ တို့သည်လည်း ပိုဒ်ဆုံးတွင် အချညီရန် ကာရန်တူရေးဖွဲ့ထားကြောင်း ရှင်းပြပါ။

❖ ကျောင်းသားများ၏ဖြေကြားချက်များနှင့် ကာရန်တူစကားလုံးများကို သင်ပုန်းမှတ်ချက်ရေးပါ။

**လေ့ကျင့်ခြင်း** **၁၅ မိနစ်**

❖ ကျောင်းသားဦးရေအနေအထားအရ ကျား၊ မ မျှတမှုရှိပြီး သင့်လျော်သည့် အုပ်စု ၄ စုဖွဲ့ပါ။

❖ ကဗျာတစ်ပိုဒ်စီကို အဖွဲ့တိုင်းအားတာဝန်ပေးပါ။ ကဗျာတစ်ပိုဒ်ချင်းစီမှတွေ့ရသော ကာရန်စကားလုံးများသည် မည်သည့်ကာရန်စနစ်တွင် ပါဝင်သည်ကို ဆွေးနွေးပါစေ။

❖ ဆရာက သင်ပုန်းပေါ်တွင် (ငါးအရိုးပုံစံ ) ရေးဆွဲထားပြီးကျောင်းသားများ၏ အဖြေများကို ရေးပါစေ။

❖ လိုအပ်ပါက ကျောင်းသားများ လွယ်ကူစွာတင်ပြနိုင်စေရန် ဆရာက(ငါးအရိုးပုံစံ ) တွင် ၄-၃-၂၊ ၄-၃-၁၊ ၄-၂၊ ၄-၁၊ ၃-၂၊ ၃-၁ စသည်ဖြင့် ရေးပေးပါ။

❖ မိမိတို့ရရှိသော ကဗျာစာပိုဒ်မှ ပါဝင်သော ကာရန်စကားလုံးများကို (ငါးအရိုးပုံစံ ) ၏ တူညီသည့် ကာရန်စနစ်အောက်တွင် ဖြည့်စွက်ရေးသားပါစေ။

❖ ကျောင်းသားများ အဖြေမှားယွင်းပါက ပြန်လည်ရှင်းပြပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

❖ ကျောင်းသားများကို အုပ်စုလိုက် ကဗျာစာပိုဒ်များအား အလဲအလှယ်ပြု၍ ကာရန်စကားလုံးများ၊ ကာရန်ယူပုံစနစ်ကို ရှာဖွေပါစေ။

❖ ဆရာက အုပ်စုတိုင်း၏ကျောင်းသားများကို တစ်ဦးချင်းစီမေးပါ။

❖ ကဗျာအမျိုးအစား၊ စာရေးသူနှင့် ရာစုတို့ကို ပြန်၍မေးပါ။



DREBOX

❖ ကဗျာတစ်ပိုဒ်ချင်းစီတွင် ပါဝင်သော ကာရန်ယူပုံများ၏ မတူညီပုံ၊ တစ်ပိုဒ်ချင်းစီတွင် မည်မျှ ပါဝင်ကြောင်း မေးပါ။

❖ ကျောင်းသားတစ်ဦးချင်းစီ၏ အဖြေများကို သင်ပုန်းပေါ်တွင်ရေးပါ။

**အဓိကအချက်များ**

❖ လေးလုံးစပ် လင်္ကာကဗျာ၏ ကာရန်စနစ်များကို မှတ်သားပြီး အခြားကဗျာများနှင့် ချိတ်ဆက် သုံးသပ်ရမည်။

❖ ကဗျာတွင် စာဆို၊ ရာစုခေတ်၊ အမျိုးအစားတို့ကို မှတ်သား၍ ကဗျာသဘောကို သတိပြု ရမည်။

❖ ကဗျာကို ကာရန်အချိတ်အဆက်နှင့် ဖွဲ့ဆိုရသဖြင့် ကဗျာကို လေ့လာလျှင် ကာရန်များကို ဂရုပြုရမည်။

❖ ပဒ တစ်ခုနှင့်တစ်ခု ကာရန်ချိတ်ဆက်ရာတွင် ကာရန်စနစ်အမျိုးမျိုးပြောင်း၍ ရေးဖွဲ့နိုင်သည်။

## စာသင်ချိန် ၅

### ၁၊ ၅။ လေ့ကျင့်ခန်းများဖြေဆိုခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ အဘိဓာန်ကို အသုံးပြု၍ဝေါဟာရ ကြွယ်ဝပြီး စကားလုံးများ၏ ဆိုလိုရင်းကို ရှင်းပြတတ်ရန်

❖ စကားလုံး၏အဓိပ္ပာယ်ပေါ်လွင်စေသည့် ဝါကျတစ်ကြောင်း ဖန်တီးရေးသားတတ်ရန်

❖ မေးခွန်းနှင့်ဆက်စပ်ပြီး လက်တွေ့ဘဝတွင် အသုံးချရေးသားတတ်ရန်

❖ မိမိ၏ခံစားချက်များကို စာဖတ်သူစိတ်ဝင်စားအောင် ရေးသားတင်ပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၃ မိနစ်

❖ ယခုစာသင်ချိန်တွင် ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းများကို ဖြေဆိုကြရမည်ဖြစ်ကြောင်း၊ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၅၃) ရှိ မေးခွန်းနံပါတ် (၁) ဖြေဆိုပုံကို သင်ကြားပေးမည် ဖြစ်ကြောင်း ရှင်းပြပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၅၃) ရှိ မေးခွန်းနံပါတ် (၃) အတွက် ပေးထားသောစကားလုံး များ၏ အနက်အဓိပ္ပာယ်ကို 'ဗောဓိရွှေကျောင်း' ကဗျာကဲ့သို့ အဘိဓာန်စာအုပ်ကို အသုံးပြု၍ အဖွဲ့လိုက် ပူးပေါင်းရှာဖွေကြရန်ပြောပါ။



DBE BOX

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၅၃) ရှိ မေးခွန်းနံပါတ် (၁) အတွက် 'ခပ်' ဟူသော ရှေ့ဆက် စကားလုံးကိုထည့်၍ ဆီလျော်ပြီး အနက်အဓိပ္ပာယ် ပြည့်စုံသည့် ဝါကျများရေးသားကြရန်ပြော ကြားပေးပါ။ ထိုသို့ဝါကျတည်ဆောက်ရာတွင် 'ခပ်ဖျော့ဖျော့'၊ 'ခပ်ကြော့ကြော့'ကဲ့သို့ ပေးထားသော စကားလုံးကို နှစ်လုံးတွဲ၍ ဝါကျဖွဲ့ရမည်ဖြစ်ကြောင်းရှင်းပါ။

**သာဓကအားဖြင့်ဆိုရလျှင်**

**သာဓက– ခပ် + ပျော့ = ခပ်ပျော့ပျော့**

ခပ်ပျော့ပျော့ဖြစ်နေသည့် သရက်သီးစိမ်းမှာ တို့စား၍မကောင်းပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၅၃) ရှိ မေးခွန်းနံပါတ် (၂) ကို ဖြေဆိုရာတွင်လည်း အဓိပ္ပာယ် ဆီလျော်သည့် ကြိယာနှစ်ခုကို တွဲစပ်၍ ဖြေဆိုရမည်ဖြစ်ကြောင်း ရှင်းပြပေးပါ။ ဆရာက နမူနာ ၃ တွဲမျှ တွဲပြပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၅၃) ရှိ မေးခွန်းနံပါတ် (၃) အတွက် စကားလုံးများ၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင် ရှာရာ၌ စာအုပ်တွင် အက္ခရာစဉ်လိုက်ကြည့်ပြီး ရှာဖွေရန် မှာကြားပါ။ အဖွဲ့တိုင်းရှိကျောင်းသားများကို တွေ့ရှိသမျှဆိုလိုရင်းများ ပြောပြစေပြီး ကဗျာတွင် သုံးသောအဓိပ္ပာယ်နှင့် ကိုက်ညီမှုရှိသည့် အဖြေကိုသာ စဉ်းစားရွေးချယ်ဖြေဆိုရန် မှာကြားပါ။ ဆရာက နမူနာ စကားလုံး ၁ လုံးကို ရှာပေးပါ။

❖ ကျန်ရှိသည့် စကားလုံးများကိုလည်း မိမိတို့၏အတွေးအမြင်ဖြင့် အမူအရာ၊ သွင်ပြင်ပေါ်လွင်ပြီး အဓိပ္ပာယ်ပြည့်စုံသည့် ဝါကျများ၊ ကဗျာ၏ဆိုလိုရင်းနှင့် ဆီလျော်သည့် စာကြောင်းများကို ဖြေဆိုကြရန် သတိပေးပြောကြားပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ဆရာက နမူနာဖြေပြခဲ့သည့်အတိုင်း ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၅၃) ရှိ မေးခွန်းနံပါတ် (၁)၊ (၂)၊ (၃)၊ တို့ကို အဖွဲ့တိုင်းရှိကျောင်းသား တစ်ဦးချင်းစီအား ဖြေဆိုပါစေ။ ထိုသို့ဖြေဆိုရာတွင် လေ့ကျင့်ခန်းမေးခွန်း (၁) ကိုမေးခွန်းများဖြင့်ဖြေဆိုပြီး ပေးထားသောစကားလုံးများကဲ့သို့ အခြားစကားလုံး အသစ်များကို စဉ်းစားစေပြီး ချဲ့ထွင်ဖြေဆိုပါစေ။

❖ လိုအပ်လျှင် ဆရာက မေးပြီး ကျောင်းသားများ ဖြေဆိုပါစေ။ အဖြေများကို သင်ပုန်းမှတ်ချက် ရေးပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၅၃) ရှိ မေးခွန်းနံပါတ် (၂) အတွက် ဖြေဆိုရာတွင် ကျောင်း သားများကို အုပ်စု ၂ စု ပြန်ဖွဲ့၍ အုပ်စု (၁) ကို မူတည်အုပ်စုမှ စကားလုံးကတ်ပြားများကိုပေးပြီး၊ အုပ်စု (၂) ကို တွဲစပ်အုပ်စုမှ စကားလုံးကတ်ပြားများကိုပေးထားပြီး တွဲစပ်ပါစေ။



DBE-BOX

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၅၃) ရှိ မေးခွန်းနံပါတ် (၃) အတွက် အဘိဓာန်စာအုပ်ကို အသုံးပြု၍ အုပ်စုလိုက် ဆီလျော်သည့်အဖြေကို ရှာဖွေပြီး အုပ်စုတိုင်းရှိ ကိုယ်စားလှယ်တစ်ဦးချင်းစီက အတန်းသို့ တင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၇ မိနစ်**

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၅၃) ရှိ မေးခွန်းနံပါတ် (၁) နှင့် ဆက်စပ်သည့် ချဲ့ထွင်မေးခွန်းများကို ထပ်မံစဉ်းစားစေပြီး တစ်ဦးချင်း မေးပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၅၃) ရှိ မေးခွန်းနံပါတ် (၂) အတွက် အုပ်စု (၁) ကို တွဲစပ်အုပ်စု၊ အုပ်စု (၂) ကို မူတည်အုပ်စု ပြန်ပေး၍ အဖြေများကို ပြန်လည်တွဲစပ်ပါစေ။

**အဓိကအချက်များ**

❖ ဝါကျများ၊ စာပိုဒ်များဖြေဆိုရာတွင် စကားလုံးအသုံးအနှုန်းနှင့် ဝေါဟာရအသုံးမှန်ကန်ရမည်။

❖ အဘိဓာန်ကြည့်နည်းကို စနစ်တကျ အသုံးပြုရမည်။

❖ ချဲ့ထွင်မေးခွန်းများသုံး၍ စိတ်ကူးဉာဏ်တိုးတက်ရန်လေ့ကျင့်ရမည်။

DBE BOX

# ခြင်းပွဲ(လင်္ကာကဗျာ) ကို ပြန်လည်သုံးသပ်ခြင်း

## ခြင်းပွဲ

### ကဗျာကိုရွတ်ဆိုပြီး ဆိုလိုရင်းကို ရှင်းပြခြင်း

- ❖ ကဗျာရွတ်ဆိုရာတွင် အသံနေအသံထား၊ အဖြတ်အရပ်မှန်ကန်ပြီး ခံစားမှုနှင့် ကဗျာအရသာပေါ်လွင်စေရန်ရွတ်ဆိုရမည်။
- ❖ ကဗျာ၏ဆိုလိုရင်းနှင့် စကားပြေပြန်ဆိုရာတွင် ခက်ဆစ်စကားလုံးများကို ဂရုတစိုက်လေ့လာမှတ်သားရမည်။

### ကဗျာ၏ခံစားမှုအရသာကို ရှင်းပြပြီး သုတကိုဖော်ထုတ်ခြင်း

- ❖ ခြင်းခတ်ရာတွင် ဟန်ချက်ညီညီ လှုပ်ရှားရသဖြင့် ကျန်းမာရေး အတွက် အကျိုးရှိပြီး ထိခိုက်မှုနည်းသော အားကစားနည်းဖြစ်သည်။
- ❖ ကဗျာ၏အရသာကို ခံစားနားလည်ပြီး ဆိုလိုရင်းကို ရှင်းပြရမည်။
- ❖ ခံစားမှုရသမှတစ်ဆင့် မိမိ၏ အသိအမြင်၊ သုတတို့ကို သတိပြုမိစေပြီး ဆွေးနွေးဖော်ထုတ်ရမည်။

### သုတရသကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း

- ❖ ကဗျာ၏ သုတကိုမှတ်သားပြီး အဓိကဦးတည်ချက်ကို ဖော်ထုတ်ရမည်။ စာဆို၏စေတနာ ရည်ရွယ်ချက်ကို လေးစားအတုယူရမည်။
- ❖ ကဗျာ့အသိနှင့် လက်တွေ့ဘဝအသိတို့ကို ဆက်စပ်၍ နှိုင်းယှဉ်ရမည်။
- ❖ စာပေသုတနှင့် ဘဝအသိတို့၏ တန်ဖိုးကို နားလည်မှတ်သားရမည်။

### လေ့ကျင့်ခန်းများဖြေဆိုခြင်း

- ❖ ဝါကျများ၊ စာပိုဒ်များ ဖြေဆိုရာတွင် စကားလုံးအသုံးအနှုန်းနှင့် ဝေါဟာရအသုံးမှန်ကန်ရမည်။
- ❖ အဘိဓာန်ကြည့်နည်းကို စနစ်တကျ အသုံးပြုရမည်။
- ❖ ချဲ့ထွင်မေးခွန်းများသုံး၍ စိတ်ကူးဉာဏ်တိုးတက်ရန် လေ့ကျင့်ရမည်။

### ကဗျာ့သဘောနှင့် ကာရန်သဘောကို ရှင်းပြခြင်း

- ❖ လေးလုံးစပ် လင်္ကာကဗျာ၏ ကာရန်စနစ်များကို မှတ်သားပြီး အခြားကဗျာများနှင့် ချိတ်ဆက်သုံးသပ်ရမည်။
- ❖ ကဗျာတွင် စာဆို၊ ရာစုခေတ်၊ အမျိုးအစားတို့ကို မှတ်သား၍ ကဗျာသဘောကို သတိပြုရမည်။
- ❖ ကဗျာကို ကာရန်အချိတ်အဆက်နှင့် ဖွဲ့ဆိုရသဖြင့် ကဗျာကို လေ့လာလျှင် ကာရန်များကို ဂရုပြုရမည်။
- ❖ ပဒ တစ်ခုနှင့်တစ်ခု ကာရန်ချိတ်ဆက်ရာတွင် ကာရန်စနစ်အမျိုးမျိုး ပြောင်း၍ ရေးဖွဲ့နိုင်သည်။

## ရည်ညွှန်းစာအုပ်များ

❖ သတ္တမတန်းကျောင်းသားများနှင့်ကိုက်ညီသော ခြင်းကစားနည်းအပြင်အခြားသောလင်္ကာကဗျာများနှင့် ပတ်သက်ပြီး ရေးဖွဲ့ထားသည့် ကာရန်ကဗျာများကို အသုံးပြုပြီး ကာရန်၊ အဓိပ္ပာယ်စသည်တို့ကို ဖော်ထုတ်သည့် လေ့ကျင့်ခန်းများပေးနိုင်ပါသည်။

❖ အောက်ပါရည်ညွှန်းစာအုပ်စာတမ်းများကို ဖတ်ရှုနိုင်ပါက မိမိတွင် ဗဟုသုတတိုးပွားပြီး သင်ကြားမှုကို ပိုမိုထိရောက်စေနိုင်ပါသည်။

❖ ကဗျာဖွဲ့နည်းစာအုပ်များ

၁။ မင်းသုဝဏ်။ (၂၀၁၇)။ ကဗျာရေးချင်စာစပ်သင်။ စာကြည့်တိုက်စာစဉ် ၈၈။ the key collection press.

၂။ တင်မိုး။ (၁၉၈၃)။ မြန်မာကဗျာစာတမ်းများ။ ဒုတိယတွဲ၊ စာပေဗိမာန်။

DBE BOX

## ၁၅။ လွယ်အိတ်စာကြည့်တိုက် (ဝတ္ထုတို)

**စုစုပေါင်းစာသင်ချိန် ၅ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

**သင်ယူမှုရလဒ်များ**

❖ စာဖတ်ခြင်းသည် ကျောင်းသားလူငယ်ဘဝတွင် မဖြစ်မနေ အရေးကြီးကြောင်း သိရှိလာမည်။

❖ စာကြည့်တိုက်သည် လူငယ်တို့၏ ဘဝရှေ့ဆောင်လမ်းပြတစ်ခုဖြစ်နိုင်ကြောင်း သိရှိလာမည်။

❖ ကျောင်းသားလူငယ်တို့၌ စုပေါင်းလုပ်ဆောင်တတ်သော အလေ့အကျင့်ကောင်းကို မွေးမြူတတ်လာမည်။

❖ စုပေါင်းလုပ်ဆောင်တတ်ခြင်း၏ အကျိုးရလဒ်ကောင်းကို သိရှိလာမည်။

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

❖ ကျောင်းသားတို့၏ညီညွတ်ခြင်းကို စစ်ဆေးသည့်လုပ်ဆောင်မှုဆိုင်ရာ မေးခွန်းများ ၅ ခုပါဝင်သည့် မေးခွန်းကို အတန်းသားဦးရေအတိုင်း ပြင်ဆင်ထားခြင်း

❖ ဝတ္ထုတို၏အင်္ဂါရပ်များကို ဆန်းစစ်တတ်ရန်အတွက် ကျောင်းသားများစိတ်ဝင်စားမည့် ဝတ္ထုတိုတစ်ပုဒ်ကို မိတ္တူ သို့မဟုတ် လက်ရေးမူအသင့်ပြင်ဆင်ထားခြင်း

**ရရှိစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ**

❖ ဝတ္ထုတိုကို အသံတိတ်ဖတ်၍ စာရေးသူ၏ရည်ရွယ်ချက်ကို အုပ်စုလိုက်ရှာဖွေစစ်ဆေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှုစွမ်းရည်

❖ ဇာတ်လမ်းမှရရှိသည့် သင်ခန်းစာများကိုစဉ်းစား၍ အချင်းချင်းအပြန်အလှန် ဆွေးနွေးစေခြင်းဖြင့် ပြောဆိုဆက်သွယ်မှုစွမ်းရည်

❖ အခြားအုပ်စုများ၏ ပြောဆိုချက်များကိုအကဲဖြတ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်

❖ မိမိ၏ကိုယ်တွေ့ အတွေ့အကြုံတစ်ခုကို ဇာတ်လမ်းတိုကလေးတစ်ခု ရေးသားခြင်းဖြင့် ဖန်တီးမှုစွမ်းရည်တို့ကို ရရှိလာပါမည်။

**စာသင်ချိန် ၁**

### ၁၊ ၁။ ဝတ္ထုတိုကိုနားထောင်ခြင်းနှင့်ဖတ်ခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ဝတ္ထုတိုကို ဖတ်ပြ၍နားထောင်ပြီး ခံစားတွေးတောတတ်ရန်

❖ ဝတ္ထုတစ်ပုဒ်ကို စိတ်ဝင်စားဖွယ်ဖြစ်အောင် အသံနေအသံထားမှန်မှန်ဖြင့် ဆွဲဆောင်ဖတ်တတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ဆရာက ကျောင်းသားများကို ယခုစာသင်ချိန်တွင် ဝတ္ထုတိုတစ်ပုဒ် သင်ယူရမည်ဖြစ်ကြောင်း၊ ဆဋ္ဌမတန်းတွင်လည်း ဝတ္ထုတိုတစ်ပုဒ် သင်ကြားခဲ့ပြီးဖြစ်ကြောင်း ပြောပြပါ။ ဝတ္ထုတိုသည် မူလတန်းတွင် သင်ကြားခဲ့ဖူးသည့် ပုံပြင်များကဲ့သို့ပင် ဇာတ်လမ်း၊ ဇာတ်ဆောင်များကို အခြေခံ ရေးသားထားခြင်းပင်ဖြစ်ကြောင်း ရှင်းပြပေးပါ။ ဇာတကပုံပြင်မှာ ဘုရားရှင်၏ဘဝ ဖြစ်စဉ်များ အကြောင်းကို အခြေခံကာ ရေးသားထားခြင်းဖြစ်ပြီး ယခုသင်ကြားမည့် ဝတ္ထုတိုမှာ လူတို့တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်အချို့ကိုရေးသားထားခြင်းပင်ဖြစ်ကြောင်း နှိုင်းယှဉ်မိတ်ဆက်ပါ။

**သင်ကြားခြင်း** **၁၀ မိနစ်**

❖ ဆရာကကျောင်းသားများအား ဝတ္ထုတိုကို ဖတ်ပြမည်။ ဒုတိယစာသင်ချိန်တွင် ဉာဏ်စမ်းမေးခွန်းများကို ဖြေကြားရမည်ဖြစ်သောကြောင့် နားစိုက်ထောင်ရန် မှာကြားပါ။

❖ ဝတ္ထုတို၏ ဇာတ်လမ်းကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ဆရာက သရုပ်ဆောင်၍ အသံနေအသံထားဖြင့် ဖတ်ပြပါ။

❖ ဆရာဖတ်ပြနေစဉ်အတွင်း အသံအဖြတ်အရပ်နှင့် လေယူလေသိမ်းကို စိတ်ထဲတွင်မှတ်သားရန် ညွှန်ကြားပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ကျောင်းသားများကိုအုပ်စု ၂ စုဖွဲ့ပါ။

❖ အဖွဲ့ (၁) အား ဝတ္ထုကို အသံနေအသံထားနှင့်တကွဖတ်ပါစေ။

❖ အဖွဲ့ (၁) ဖတ်နေစဉ်အဖွဲ့ (၂) မှနားထောင်ပြီး မိမိ၏ခံစားချက်များ (သဘောကျခြင်း၊ မကျခြင်း၊ အားရကျေနပ်ခြင်း) စသည်ကို မှတ်စုစာအုပ်တွင် ရေးမှတ်ထားပါစေ။

❖ အဖွဲ့ (၁) နှင့်အဖွဲ့ (၂) ကိုတစ်လှည့်စီဆောင်ရွက်ပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

❖ အဖွဲ့ (၁) နှင့်အဖွဲ့ (၂) နှစ်ဖွဲ့ကိုယှဉ်၍ ဝတ္ထုဖတ်စဉ်၊ နားထောင်စဉ် မိမိတို့ခံစားမိလိုက်သည့် ခံစားချက်များကို အချင်းချင်းပြောပြပါစေ။

❖ တစ်ဖွဲ့မှပြောနေစဉ် ကျန်တစ်ဖွဲ့ကို ဂရုတစိုက်နားထောင်ပါစေ။

❖ အဖွဲ့ နှစ်ဖွဲ့၏ ခံစားချက်များကို ဆရာကသင်ပုန်းပေါ်တွင်လိုက်၍ ရေးမှတ်ထားပါ။

DBE BOX

❖ တူညီသည့်ခံစားချက်များကို ရွေးချယ်ပြပါ။

❖ လွဲမှားနေသည့် ခံစားချက်များကို တည့်မတ်ပေးပါ။ လိုအပ်နေသည့် ခံစားချက်များကို ဆရာက ဖြည့်စွက်ပါ။

❖ ဝတ္ထုကပေးသည့် ခံစားချက်များကိုမှန်မှန်ကန်ကန်ခံစားတတ်ရန်လိုအပ်ကြောင်း ပြောပြပါ။

**အဓိကအချက်**

❖ ဝတ္ထုကို အဖြတ်အရပ်၊ လေယူလေသိမ်းမှန်မှန်ဖြင့် နားထောင်သူစိတ်ဝင်စားအောင် ခံစားမှုပေါ်အောင် ဖတ်ရမည်။

## စာသင်ချိန် ၂

### ၁၊ ၂။ ဝတ္ထုတိုကို ခံစားသုံးသပ်ခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ဆောင်တို့အပေါ် ခံစားမှုအမျိုးမျိုးဖြစ်ပေါ်ပြီး အမှားအမှန်ကို ကြောင်းကျိုးဆက်စပ်၍ စဉ်းစားဆင်ခြင်တတ်သည့် အလေ့အကျင့်ရရန်

❖ စာဖတ်ရန်အရေးကြီးပုံနှင့် စုပေါင်းဆောင်ရွက်ခြင်း၏အကျိုးကို သိရှိရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ကျောင်းသားလူငယ်လေးများသည် မိမိတို့၏ ကျောင်းသင်ခန်းစာများအပြင် မိမိ၏ပတ်ဝန်းကျင်တွင်လည်း ကူညီတတ်သူ၊ အတန်းဖော်ကျောင်းသားတို့အား အကျိုးရှိစေရန်ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်တစ်ခုဖြစ်ပေါ်လာအောင်ကြိုးပမ်းခဲ့ပုံကို တွေ့ရမည်ဖြစ်ကြောင်းရှင်းပြပါ။

**သင်ကြားခြင်း** **၁၀ မိနစ်**

❖ လွယ်အိတ်စာကြည့်တိုက်ဟူသော နာမည်ခေါင်းစဉ်ကိုကြည့်ခြင်းဖြင့် ကျောင်းသားလူငယ်တို့သည် စာပေဖတ်ခြင်း၏ အကျိုးကျေးဇူးကို သိရှိလာစေရန်၊ လူငယ်နှစ်ဦး၏ဦးဆောင်မှုဖြင့် မိမိတို့၏ကျောင်းတွင် ကျောင်းစာကြည့်တိုက်တစ်ခု ဖြစ်မြောက်ရေးကို ကျောင်းသားလူငယ်အပေါင်းတို့ စုပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းပြပါ။

❖ ဇာတ်လမ်းမှ ခံစားရရှိသည့် ခံစားချက်များကို ပြန်လည်ပြောဆိုရမည်ဖြစ်သဖြင့် ဝတ္ထုဇာတ်လမ်းပါအဖြစ်အပျက်များအပေါ် ခံစားမိပုံကို ကျောင်းသားအချင်းချင်း လွတ်လပ်စွာဆွေးနွေးစေပြီးမှ ဆရာကဖြည့်စွက်ရှင်းပြပါ။



DBE BOX

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ကျောင်းသားအားလုံးကိုအဖွဲ့ နှစ်ဖွဲ့ ဖွဲ့ပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၅၉) ရှိ မေးခွန်းနံပါတ် (၄) ကိုဆွေးနွေးတိုင်ပင်အဖြေရှာခြင်းဖြင့် ဖြေပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

❖ ဆရာက အဖွဲ့ နှစ်ဖွဲ့၏ အဖြေများကို အမှား၊ အမှန် ဝေဖန်သုံးသပ်ပြပါ။

❖ ကျောင်းသားတစ်ဦးစီကို အောက်ပါမေးခွန်းများအား ဖြေဆိုခိုင်းပါ။ ထိုသို့ဖြေရာတွင် ကိုယ့်စိတ်အမှန်အတိုင်း ဖြေရမည်ဖြစ်ကြောင်း လမ်းညွှန်ပါ။

❖ လွယ်အိတ်စာကြည့်တိုက်သင်ခန်းစာတွင်ပါသော 'ရွှေမည်းလေး' သည် နံနက်စောစောအိပ်ရာမှ ထ၍ အိမ်မှုကိစ္စများကိုလုပ်ဆောင်ပြီးလျှင် အချိန်ရတိုင်း စာကိုဖတ်မှတ်သည်။ ကျောင်းသားလူငယ်တို့သည်လည်း ထိုနည်းတူ လုပ်ဆောင်သင့်ပါသလား။

❖ 'ရွှေမည်းလေး' နည်းတူ 'ခွေးညို' သည်လည်း အသိစိတ်ရှိသူဖြစ်သည်။ ထိုကျောင်းသား လူငယ် ၂ ဦးကို နည်းယူသင့်ပါသလား။

❖ ခွေးညိုနှင့်ရွှေမည်းလေးတို့သည် ပင်ပန်းသည်ဟု သဘောမထားဘဲ အတန်းဖော်များအား စာဖတ်စေချင်သော ပရဟိတစိတ်ရှိသူ၊ စုပေါင်းဆောင်ရွက်တတ်သူများ ဖြစ်ပါသလား။ အဘယ်ကြောင့်နည်း။

❖ ကျောင်းသားများဖြေနေစဉ်အတွင်း ဆရာကဖြေဆိုပုံကို လိုက်လံအကဲခတ်ပြီး နောက်စာသင်ချိန်တွင် စူးစမ်းလိုစိတ် ရာခိုင်နှုန်းမည်မျှရှိသည်ကို မှတ်ချက်ပေးမည်ဖြစ်ကြောင်းမှာကြားပါ။

(**မှတ်ချက်** – မေးခွန်းတစ်ခုအတွက် အမှတ် ၂၀ ဟုသတ်မှတ်ပြီး ၁၀၀% ဖြင့် တွက်ချက်ပေးရမည် ဖြစ်သည်။)

**အဓိကအချက်များ**

❖ ပူးပေါင်းဆောင်ရွက်တတ်မှု၊ သူတစ်ပါးအပေါ် ကိုယ်ချင်းစာစိတ်ထားတတ်မှု၊ အများအပေါ် ကူညီတတ်မှု ရှိရမည်။

❖ ကျောင်းသားများသည် စာပေပညာတိုးတက်ရေးအတွက်သာမက လူမှုဝန်ထမ်းစိတ်ထားတတ်မှုတို့ကိုပါ ပေးစွမ်းနိုင်ရမည်။

DBE BOX

## စာသင်ချိန် ၃

### ၁၊ ၃။ ဇာတ်လမ်းဇာတ်ဆောင်တို့ကိုလေ့လာခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ဝတ္ထုတွင် ဇာတ်လမ်း၊ ဇာတ်ဆောင် ပါဝင်ကြောင်း သိရှိလာစေရန်

❖ ဇာတ်လမ်းမှပေးသော ဘဝ အသိအမြင်ကို လက်တွေ့ဘဝတွင် အသုံးချတတ်စေရန်

❖ ဇာတ်ဆောင်တို့၏ အပြုအမူများကို ဝေဖန်သုံးသပ်တတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

❖ ဝတ္ထုတိုတစ်ပုဒ်တွင် စာရေးသူအဓိကပြောလိုသည့် (၁) ရည်ရွယ်ချက်၊ (၂)ဇာတ်လမ်း၊ (၃) ဇာတ်လမ်းတွင် ပါဝင်လှုပ်ရှားသည့် ဇာတ်ဆောင်များ၊ (၄) ဇာတ်လမ်းဖြစ်ပျက်သည့်နေရာနှင့် အချိန်ဖြစ်သည့် ကာလဒေသတို့ပါဝင်ရသည်ဟု ရှင်းပြမိတ်ဆက်ပါ။

**သင်ကြားခြင်း** ၁၅ မိနစ်

❖ ဆရာက ကျောင်းသားများ ရင်းနှီးပြီးဖြစ်သည့် ဇာတ်လမ်းတစ်ပုဒ်ကို ပြန်ပြောပါ။

(ကာတွန်း၊ ရုပ်ရှင်၊ ဖြစ်ရပ်မှန် စသည်)

❖ ထိုဇာတ်လမ်းမှ ဇာတ်လမ်းနှင့်ဇာတ်ဆောင်အကြောင်းကို ရှင်းပြပါ။

(ဇာတ်ဆောင်အကြောင်းပြောဆိုရာတွင် ယင်းတို့၏အပြုအမူ၊ အပြောအဆို၊ အတွေးအကြံတို့ကို ပေါ်အောင် ရှင်းပြရပါမည်။)

❖ လွယ်အိတ်စာကြည့်တိုက်၏ ဇာတ်လမ်း၊ ဇာတ်ဆောင်အကြောင်းကို ကျောင်းသားများက ပြောပါစေ။

**လေ့ကျင့်ခြင်း** မိနစ် ၂၀

❖ သွက်လက်သည့် ကျောင်းသား၊ ကျောင်းသူနှစ်ယောက်ကို မည်သို့ ဝါသနာမျိုးရှိကြောင်း ပြောပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

❖ ကျောင်းသားများပြောပြချက်ကို ဂရုတစိုက် နားထောင်ပါ။ လိုအပ်သည့်နေရာများတွင် ထောက်ပြပါ။

❖ ထိုသို့ မိမိပြောပြချင်သည့် အဖြစ်အပျက်တစ်ခုကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ရေးသားခြင်း၊ ပြောဆိုခြင်းသည် ဇာတ်လမ်း၏သဘောပင်ဖြစ်ကြောင်း ရှင်းပြပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၅၉) ရှိ မေးခွန်းနံပါတ် (၅) ကိုဖြေပါစေ။

**အဓိကအချက်**

❖ ဝတ္ထုတွင်ပါသော ကျောင်းသားများ အချင်းချင်းကူညီတတ်ပြီး ပူးပေါင်းဆောင်ရွက်တတ်သူများ ဖြစ်ကြောင်းသိရှိလာမည်။

**စာသင်ချိန် ၄**

## ၁၊ ၄။ ဝတ္ထုတို၏ အဓိကအင်္ဂါရပ်များနှင့် မိတ်ဆက်ပေးခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

❖ ဝတ္ထုတိုတစ်ပုဒ်ကို ရေးသားရာတွင် ပါဝင်သည့် အင်္ဂါရပ်များကိုသိရှိစေရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ဝတ္ထုတိုတစ်ပုဒ်ကို လေ့လာရာတွင် ဝတ္ထုတို၏ အဓိကအင်္ဂါရပ်များနှင့်အညီ လေ့လာတတ်ရန် လိုကြောင်း မိတ်ဆက်ပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ အာဘော်ကို ရှင်းပြပါ။ အာဘော်ဟူသည်မှာ စာရေးသူပြောချင်သည့် အဓိကအချက်ဖြစ်သည်။

❖ ဇာတ်လမ်းသဘောကို ရှင်းပြပါ။ မိမိကြုံတွေ့ရသည့် အဖြစ်အပျက်တစ်ခုကို စိတ်ကူးဉာဏ်ဖြင့် ပြန်လည်ဖန်တီးရေးဖွဲ့ထားသည့် အဖြစ်အပျက်ကို ဇာတ်လမ်းဟုခေါ်ကြောင်း၊ ဝတ္ထုတိုတွင် ပါဝင်သော ဇာတ်လမ်းသည် အဖြစ်အပျက်တစ်ခုကိုသာ အခြေခံရေးသားရခြင်းဖြစ်ကြောင်း သဘောပေါက်အောင် ရှင်းပြပါ။

❖ ဇာတ်ဆောင်သဘောကို အနည်းငယ်ရှင်းပြပါ။ ဇာတ်ဆောင်တွင် အဓိကဇာတ်ဆောင်နှင့် အရန်ဇာတ်ဆောင်ဟူ၍ရှိသည်။ ဇာတ်ဆောင်တို့ကိုလေ့လာရာတွင် ယင်းတို့၏အကျင့်စရိုက်များကို လေ့လာရမည်။ ( ဆဋ္ဌမတန်းတွင် သရဲခြောက်သည်ဆိုသောအိမ်ကြီးဝတ္ထုမှ ဇာတ်ဆောင်များ အကြောင်းကို သင်ကြားပြီးဖြစ်သည်။ )

❖ ကာလဒေသ နောက်ခံသဘောကို သဘောပေါက်အောင် ရှင်းပြပါ။ ကာလဟူသည် ဇာတ်လမ်း ဖြစ်ပျက်သည့် အချိန်ကာလကိုဆိုလိုကြောင်း၊ ဒေသဟူသည်မှာ ဇာတ်လမ်းဖြစ်ပျက်ရာ နေရာကို ဆိုလိုကြောင်း၊ နောက်ခံဆိုသည်မှာ ဇာတ်ဆောင်ရှင်သန်နေထိုင်ရာ လူမှုပတ်ဝန်းကျင်ကို ဆိုလို ကြောင်း ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ကျောင်းသားများကို အုပ်စု ၄ စု ဖွဲ့ပါ။

❖ ပထမအုပ်စုကို ဇာတ်လမ်းအကျဉ်း၊ ဒုတိယအုပ်စုကို ဇာတ်ဆောင်၊ တတိယအုပ်စုကို ကာလဒေသနောက်ခံ၊ စတုတ္ထအုပ်စုကို ရည်ရွယ်ချက်တို့ကို အသီးသီးရှာဖွေဆွေးနွေးကြပါစေ။ ထို့နောက် ကိုယ်စားလှယ်တစ်ဦးက တင်ပြပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ကျောင်းသားများ၏ အဖြေကို သင်ပုန်းပေါ်တွင် ရေးမှတ်ပါ။ လိုအပ်ချက်ရှိပါက ဆွေးနွေးအဖြေရှာသည့်နည်းဖြင့် ဖြည့်စွက်ပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၅၉) ရှိ မေးခွန်းနံပါတ် (၆) ကိုဖြေဆိုပါစေ။

**အဓိကအချက်**

❖ ဝတ္ထုတိုတစ်ပုဒ်တွင် အာဘော်၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံဟူသည့် အင်္ဂါရပ်များ ပါဝင်သည်။

## စာသင်ချိန် ၅

### ၁၊ ၅။ လေ့ကျင့်ခန်းများဖြေဆိုခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ အချို့သောကြိယာစကားလုံးများကို ရ-ရ အဆက်ပစ္စည်းများသုံးကြောင်း သိရှိပြီး ရေးသားတတ်ရန်

❖ စကားလုံး၏ အဓိပ္ပာယ်ပေါ်လွင်လေးနက်စေအောင် ကြိယာအထူးပြုများ ဖန်တီးရေးသားတတ်ရန်

❖ စကားလုံး၏အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ကြည့်တတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ယခုစာသင်ချိန်တွင် သင်ခန်းစာပါလေ့ကျင့်ခန်းများကို ဖြေဆိုကြရမည်ဖြစ်ကြောင်း၊ ထိုအဖြေများမှ ထွက်လာသည့် ကျောင်းသားတို့၏ ကြိုးပမ်းဆောင်ရွက်တတ်မှုကို ယခုစာသင်ချိန်တွင် ပြောပြပေးရမည်ဖြစ်ကြောင်း၊ လေ့ကျင့်ခန်းမေးခွန်း (၁) အတွက်ဖြေဆိုပုံကို သင်ကြားပေးမည်ဖြစ်ကြောင်း ရှင်းပြပါ။



DREBOX

**သင်ကြားခြင်း** **၁၀ မိနစ်**

❖ ကြိယာစကားလုံးများ၏ ကြားနှင့် နောက်တွင် ရ-ရ ဟူသော စကားလုံးဆက်၍ အဓိပ္ပာယ်ထူးခြားအောင် သုံးနိုင်ကြောင်းရှင်းပြပါ။

**သာဓက–**

'စားသောက်' ဟူသော ကြိယာ၏ ကြားနှင့် နောက်တွင် ရ-ရ ဟူသော စကားလုံးဆက်၍ သုံးခြင်းဖြင့် အဓိပ္ပာယ်ထူးခြားလေးနက်လာကြောင်းရှင်းပြပါ။

◆ ထို့အတူ စားရသောက်ရ၊ ထိုင်ရထရ တို့ကိုပြုလုပ်ပါစေ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၅၉) ရှိ မေးခွန်း (၁)၊ (၂) နှင့် (၃) တို့ကို လေ့ကျင့်ခန်းစာအုပ်တွင် ဖြေဆိုပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

❖ ကျောင်းသားများ ဖြေဆိုနေစဉ်ဆရာကလိုက်လံအကဲခတ်ပါ။


**အဓိကအချက်များ**

❖ အဘိဓာန်တွင် စကားလုံးအဓိပ္ပာယ်များကို အက္ခရာစဉ်အတိုင်း ရှာဖွေရမည်။

❖ နောက်ဆက်ပစ္စည်းသုံး၍ ဝါကျဖွဲ့ရာတွင် သဒ္ဒါအသုံးအနှုန်း မှန်ကန်ရမည်။

DBE BOX

## လွယ်အိတ်စာကြည့်တိုက် (ဝတ္ထုတို) ကို ပြန်လည်သုံးသပ်ခြင်း




### ရည်ညွှန်းစာအုပ်များ

❖ အောက်ပါရည်ညွှန်းစာအုပ်စာတမ်းများကို ဖတ်ရှုနိုင်ပါက မိမိတွင် ဗဟုသုတတိုးပွားပြီး သင်ကြားမှုကို ပိုမိုထိရောက်စေနိုင်ပါသည်။


၁။ မိုးကြည်၊ (မေမြို့)။ (၁၉၆၇)။ မြန်မာစာပေလေ့လာသင်ကြားမှုသဘောတရား။ မိုးဦးပန်း ပုံနှိပ်တိုက်။

၂။ ဖိုးကျား၊ **ဦး**-(အမျိုးသားပညာဝန်)။ (၁၉၅၆)။ မြန်မာ့ဂုဏ်ရည် ရာဇဝင်ဖတ်စာ ပထမပိုင်း။ မြန်မာ့ဂုဏ်ရည်ပုံနှိပ်တိုက်။

၃။ ဝတ္ထုတိုစာတမ်းများပထမတွဲ။ (၁၉၇၉)။ စာပေဗိမာန်

## ၁၆။ ထိပ်ဆုံးသို့ (လေးချိုးကဗျာ)

စုစုပေါင်းစာသင်ချိန် ၅ ချိန်၊ တစ်ချိန် ၄၅ မိနစ်

**သင်ယူမှုရလဒ်များ**

- ❖ ကဗျာပါ ကာရန်အချိတ်အဆက်များကို သိရှိပြီး အသံအဖြတ်အရပ်ဖြင့် ရွတ်ဆိုတတ်မည်။
- ❖ ကဗျာပါ သုတများနှင့် ကဗျာကပေးသော ခံစားမှုများကို ဖော်ထုတ်တတ်မည်။
- ❖ ကဗျာမှရရှိသော အသိအမြင်ကို လက်တွေ့ဘဝနှင့်ဆက်စပ်ကာ သုံးသပ်တတ်မည်။
- ❖ ကဗျာတွင်စပ်ဆိုထားသော ကာရန်သဘောကို ရှာဖွေတတ်မည်။
- ❖ ကဗျာ၏အဓိပ္ပာယ်ကို သိရှိပြီး မိမိစကားဖြင့် ပြန်ရေးတတ်မည်။

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

- ❖ ငွေတာရီ၏ကဗျာများကို စုဆောင်းလေ့လာထားပါ။
- ❖ ထိပ်ဆုံးသို့ကဗျာကို ရွတ်ဆိုထားသော အသံဖိုင် သို့မဟုတ် စီဒီချပ်
- ❖ ဆရာကိုယ်တိုင် အသံအနေအထား မှန်ကန်စွာရွတ်ဆိုပြနိုင်အောင် လေ့ကျင့်ထားပါ။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ**

- ❖ ကဗျာကို အုပ်စုဖွဲ့ရွတ်ဆိုခြင်း၊ အုပ်စုဖွဲ့စကားပြေပြန်ဆိုခြင်း၊ အောင်မြင်မှု၏တန်ဖိုးကို ဆွေးနွေးတင်ပြခြင်း၊ ကဗျာအမျိုးအစားအလိုက် ကာရန်ယူပုံတို့ကို အုပ်စုဖွဲ့ရှာဖွေခြင်းတို့ဖြင့် ပြောဆိုဆက်သွယ်မှုစွမ်းရည်နှင့် ပူးပေါင်းဆောင်ရွက်တတ်မှုစွမ်းရည်
- ❖ အခြားအုပ်စုများ၏ ပြောဆိုချက်များကို အကဲဖြတ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်
- ❖ လေ့ကျင့်ခန်းများကို စဉ်းစားဖြေဆိုခြင်းဖြင့် ဖန်တီးမှုစွမ်းရည်တို့ကို ရရှိလာပါမည်။

### စာသင်ချိန် ၁

### ၁၊ ၁။ ကဗျာရွတ်ဆိုခြင်းနှင့်ဆိုလိုရင်းကိုရှင်းပြခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

- ❖ ကဗျာကို အသံနေအသံထားနှင့် ရွတ်ဆိုတတ်ရန်
- ❖ ကဗျာ၏အရသာကိုခံစားနိုင်ပြီး ဆိုလိုရင်းကိုရှင်းပြတတ်ရန်



DBE BOX

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

❖ ကဗျာသည် စကားပြေကဲ့သို့မဟုတ် ကာရန်၊ အသံများနှင့် နားထောင်ကောင်းအောင် ရွတ်ဆိုကောင်းအောင် ဖွဲ့နွဲ့ထားသည့် စာပေပုံသဏ္ဌာန် တစ်မျိုးဖြစ်သဖြင့် ကဗျာကို အသံနေအသံထား မှန်မှန်ရွတ်ဆိုလျှင် နှစ်သက်ဖွယ်ကောင်းကြောင်း ပြောပြမိတ်ဆက်ပေးပါ။

❖ ကျောင်းသားများရင်းနှီးပြီးသော ကဗျာတစ်ပုဒ်ကို အသံနေအသံထားဖြင့် ရွတ်ဆိုပြပြီး ခံစားချက်အချို့ကို ထုတ်နုတ်ပြပါ။

**သင်ကြားခြင်း** ၁၀ မိနစ်

❖ ထိပ်ဆုံးသို့ ကဗျာကို ဆရာက အသံနေအသံထားနှင့် ရွတ်ဆိုသင်ကြားပါ။

❖ ကျောင်းသားများအားလုံးကို ပြန်လည်ရွတ်ဆိုပါစေ။

❖ ရွတ်ဆိုစဉ် မည်သည့်ခံစားမှုဖြစ်ပေါ်ကြောင်း ကျောင်းသားများအားမေးပါ။

❖ ဆရာက ကဗျာအကြောင်းအရာကို အကျဉ်းရှင်းပြပါ။

**လေ့ကျင့်ခြင်း-၁** ၂၅ မိနစ်

❖ စာသင်ခန်းနှင့် ကျောင်းသားဦးရေအနေအထားအရ သင့်လျော်သလိုအုပ်စုဖွဲ့ပါ။

❖ ဆရာရွတ်ဆိုပြစဉ်ကအတိုင်း အသံအဖြတ်အရပ်၊ အနိမ့်အမြင့် နေရာများတွင် သတိပြုရွတ်ဆိုရမည်ဖြစ်ကြောင်း သတိပေးပြီး မိမိတို့အုပ်စုအတွင်း ညှိနှိုင်း၍ရွတ်ဆိုပါစေ။

❖ အရင်ဆုံး ရွတ်ဆိုပြမည့်အဖွဲ့ကိုဆရာကရွေးချယ်၍ ရွတ်ဆိုပြပါစေ။ အခြားအဖွဲ့များက အကဲဖြတ်ပါစေ။

❖ အုပ်စုလိုက်ရွတ်ဆိုမှုများတွင် လိုအပ်ချက်ရှိသူများကို ဆရာကမှတ်ထားပါ။

**လေ့ကျင့်ခြင်း-၂**

❖ ဆရာက ကျောင်းသားများအား ကဗျာ၏ဆိုလိုရင်းကို အုပ်စုလိုက်ဆွေးနွေးရမည်ဖြစ်ကြောင်း ပြောပါ။ ဆွေးနွေးချိန် ၅ မိနစ်ပေးပါ။ အုပ်စုတစ်စုချင်း၏ တင်ပြချက်ကို အခြားအုပ်စုများက နားထောင်အကဲဖြတ်ပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

❖ အုပ်စုလိုက်ရွတ်ဆိုမှုတွင် အားနည်းသောကျောင်းသားများကို တစ်ဦးချင်း ပြန်လည်ရွတ်ဆိုပါစေ။

❖ ဆရာက ကဗျာတစ်ပုဒ်လုံးကို အသံနေအသံထားမှန်ကန်စွာ ပြန်လည်ရွတ်ဆိုပြပါ။

❖ ကဗျာအချိုးတစ်ခုစီ၏အဓိပ္ပာယ်ကို ကျောင်းသားများအားမေးပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၆၂) မှ လေ့ကျင့်ခန်းမေးခွန်း (၅) ကို ဖြေဆိုပါစေ။



DBE BOX

**အဓိကအချက်များ**

- ❖ ကဗျာကို အသံနေအသံထား မှန်ကန်စွာ ရွတ်ဆိုရမည်။
- ❖ ကဗျာမှရရှိသောခံစားမှုကို ဖော်ပြတတ်ရမည်။
- ❖ မိမိစကားဖြင့် ဆိုလိုရင်းကို ပြောပြနိုင်ရမည်။

## စာသင်ချိန် ၂

### ၁၊ ၂။ ကဗျာ၏အရသာကိုခံစားပြီး သုတကိုဖော်ထုတ်ခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

- ❖ ကဗျာ၏အဓိပ္ပာယ်ကိုနားလည်ပြီး ကဗျာကပေးသော ရသကိုခံစား၍ သုတကိုသိရှိရန်
- ❖ ကဗျာကို မိမိနားလည်သလို ပြန်ရေးတတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၁၀ မိနစ်

- ❖ ထိပ်ဆုံးသို့ကဗျာသည် အမျိုးသမီးစာဆို ငွေတာရီ၏ ဒဿနကဗျာတစ်ပုဒ်ဖြစ်ကြောင်း၊ စာဆိုသည် အတွေးအခေါ် ပြောင်းလဲပေးနိုင်သည့် စိတ်ခွန်အားပေးနိုင်သောကဗျာများစွာ ရေးသားစပ်ဆိုခဲ့ကြောင်းရှင်းပြပါ။

**သင်ကြားခြင်း** ၁၀ မိနစ်

- ❖ ဆရာက ကဗျာကို အစအဆုံးတစ်ခေါက် ရွတ်ဆိုပြမည်ဖြစ်ကြောင်း၊ နားထောင်နေစဉ် အဓိပ္ပာယ် မသိသည့် စကားလုံးများကို ကျောင်းသုံးစာအုပ်၌ လိုက်၍မှတ်သားထားရန် ညွှန်ကြားပါ။
- ❖ ကျောင်းသားများသိလိုသည့် စကားလုံးများ၏အဓိပ္ပာယ်ကို ခက်ဆစ်အကူအညီဖြင့်လည်းကောင်း၊ အဘိဓာန် အကူအညီဖြင့်လည်းကောင်းရှင်းပြပါ။
- ❖ ကဗျာကပေးလိုသော သုတများကို ဆရာကရှင်းပြပါ။
- ❖ လူ့ဘဝတွင် မိမိရည်ရွယ်ချက်ပန်းတိုင်သို့ရောက်ရှိရန် အခက်အခဲများကို ရင်ဆိုင်ကြုံတွေ့ ဖြတ်သန်းနေရကြောင်း
- ❖ မည်သို့ပင် ပင်ပန်းစိတ်လျှော့လိုက်ချင်သော်လည်း အားအင်မွေးကာ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန် ရှေ့ဆက်ရမည်ဖြစ်ကြောင်း
- ❖ ပင်ပန်းလွန်းသဖြင့် ရပ်တန့်ရန်စိတ်ကူးမိသော်လည်း စခဲ့မိသည့်အလုပ်ကို ရပ်တန့်အရှုံးပေးရန် မဖြစ်နိုင်ကြောင်း



DBE BOX

❖ နောက်ဆုံးတစ်နေ့တွင် လုံ့လရှိမှု၊ ဇွဲမလျှော့မှု၏ အကျိုးကျေးဇူးကို ခံစားရရှိမည်ဖြစ်ကြောင်း
❖ ရှေ့မဆက်နိုင်အောင် ပင်ပန်းသည့်အခါတိုင်း စိတ်အားမလျှော့ဘဲ အနားယူရင်း အားသစ်ပြန်မွေးကာ ရှေ့ဆက်နိုင်မှ လူသားဂုဏ်ရည်နှင့်ပြည့်စုံမည်ဖြစ်ကြောင်းရှင်းပြပါ။
❖ ထိုအသိများကို သိလိုက်ရသောအခါ မိမိတို့စိတ်တွင် မည်သည့်ခံစားမှုမျိုး ဖြစ်ပေါ်လာသနည်းဟု မေးပါ။
❖ ဖြေဆိုချက်များကို သင်ပုန်းတွင်မှတ်သားပြီး ထိုခံစားမှုကြောင့် မည်သည့်အတွေးမျိုးဖြစ်ပေါ်သနည်းဟုမေးပါ။
❖ ဖြေဆိုချက်များကို သင်ပုန်းတွင် မှတ်သားထားပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ကျောင်းသားဦးရေအရ ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စုများဖွဲ့ပါ။
❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၆၂) မှ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၆) ကို အုပ်စုလိုက် ဆွေးနွေးအဖြေရှာပါစေ။ ဆွေးနွေးရန် အချိန်သတ်မှတ်ပေးပါ။ ဆွေးနွေးစဉ် ဆရာက အုပ်စုများအား လှည့်လည်ကြီးကြပ်ပါ။ အုပ်စုကိုယ်စားလှယ်တစ်ဦးက တင်ပြပါစေ။
❖ အုပ်စုတစ်စု၏ ဆွေးနွေးချက်ကို အခြားအုပ်စုများက မှတ်သားအကဲဖြတ်ပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ကျောင်းသားများ၏ ဖြေဆိုချက်များကို ဆရာက ပြန်လည်သုံးသပ်ပြပါ။
❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၆၂) မှ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၆) ကို လေ့ကျင့်ခန်းစာအုပ်တွင် ဖြေဆိုပါစေ။

**အဓိကအချက်များ**

❖ ကဗျာကိုနားလည်နိုင်ရန် ခက်ဆစ်များ၏အကူအညီလိုအပ်သည်။
❖ ကဗျာအရသာကို ခံစားနိုင်ရန် ကဗျာကိုနားလည်အောင်ဖတ်ရသည်။

## စာသင်ချိန် ၃

### ၁၊ ၃။ သုတကိုသုံးသပ်ခြင်းနှင့်မှတ်သားခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ကဗျာမှရရှိသော သုတများကို ဖော်ထုတ်တတ်ရန်

❖ ကဗျာမှပေးသော အသိများကို သုံးသပ်တတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

❖ ထိပ်ဆုံးသို့ကဗျာ၏ အကြောင်းအရာကို ပြန်မေးပါ။

**သင်ကြားခြင်း** ၁၅ မိနစ်

❖ ဆရာက ရှေ့တွင်သင်ယူခဲ့ပြီးသော ပန်းချီဦးဘဉာဏ်နှင့် ချိတ်ဆက်သင်ကြားပါ။

❖ ပန်းချီဦးဘဉာဏ်သည် ဝါသနာပါသော ပန်းချီပညာကိုလေ့ကျင့်နိုင်ရန် အခက်အခဲများစွာ ကျော်ဖြတ်ခဲ့ရကြောင်း

❖ သို့သော် စိတ်ပျက်အားလျှော့ခြင်းမရှိဘဲ ဆုံးခန်းတိုင်အောင်ကြိုးစားသဖြင့် အောင်မြင်မှုရရှိခဲ့ကြောင်း

❖ မိမိတို့ပတ်ဝန်းကျင်တွင်လည်း အခက်အခဲမည်မျှကြုံတွေ့ပါစေ ကိုယ်လုပ်သည့်အလုပ်ကို ရှေ့ဆက်လုပ်ဆောင်နေသူများရှိကြောင်း

❖ ထိုသူများသည် တစ်နေ့တွင် အောင်မြင်မှုရရှိမည်မှာ သေချာကြောင်းရှင်းပြပါ။

**လေ့ကျင့်ခြင်း** မိနစ် ၂၀

❖ ကျောင်းသားဦးရေပေါ်မူတည်၍ ကျား၊ မ မျှတအောင် အုပ်စုဖွဲ့ပါ။ တစ်ဖွဲ့လျှင် ကဗျာမှရရှိသော သုတကို ဖော်ထုတ်ပါစေ။ ကြိုးစားမှု၏ရလဒ် အဖြစ်အပျက်တစ်ခုကို ဆွေးနွေးပါစေ။

❖ အလှည့်ကျ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက အတန်းသို့ တင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

❖ ကျောင်းသားများ၏ တင်ပြချက်များကို ဆရာက ပြန်လည်ဆွေးနွေးပါ။

❖ ကဗျာမှရရှိသော သုတကို လက်တွေ့ဘဝနှင့်ဆက်စပ်မှတ်သား အတုယူနိုင်ကြောင်း ရှင်းပြပါ။

DREBOX

## အဓိကအချက်များ

- ❖ ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရန် တစ်ဆင့်ချင်း ကြိုးစားရပါသည်။
- ❖ အလုပ်တစ်ခုကိုလုပ်ဆောင်လျှင် မည်မျှပင်အခက်အခဲကြုံတွေ့စေကာမူ ဆုံးခန်းတိုင်အောင် ကြိုးစားရပါမည်။
- ❖ အောင်မြင်မှုဟူသည် အလွယ်တကူ မရရှိနိုင်ပါ။

## စာသင်ချိန် ၄

### ၁၊ ၄။ ကဗျာသဘောနှင့်ကာရန်သဘောကိုရှင်းပြခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

- ❖ ကဗျာအမျိုးအစားနှင့် ကာရန်သဘောကို ရှင်းပြတတ်ရန်
- ❖ ကဗျာတွင်အသုံးပြုထားသည့် ကာရန်စကားလုံးများကို ရှာဖွေတတ်ရန်
- ❖ ကာရန်တူစကားလုံးများကို ကိုယ်တိုင်ဖန်တီး ရေးသားတတ်ရန်

**သင်ခန်းစာမိတ်ဆက်**　　**၅ မိနစ်**

- ❖ ထိပ်ဆုံးသို့ကဗျာသည် လေးချိုးကဗျာဖြစ်ကြောင်း၊ အချိုးကဗျာအကြောင်းကို ဆဋ္ဌမတန်းတွင် ရှင်းပြပြီးဖြစ်ကြောင်းပြောပါ။

**သင်ကြားခြင်း**　　**၁၅ မိနစ်**

- ❖ ဆရာက ကဗျာထဲမှကာရန်တူ စကားလုံးများ အောက်ပါအတိုင်း ထောက်ပြပါ။
- ❖ မည်သည့်ကာရန်များဖြစ်ကြောင်းမေးပါ။
- ❖ အချိုးတစ်ချိုးစီတွင်ပါဝင်သော ကာရန်များကိုမေးပါ။

တစ်တောင်ပေါ် တစ်တောင်<u>ဆင့်</u>
တောင်အ<u>မြင့်</u>ပတ်ခြရံ။
တစ်တောင်<u>ဆုံး</u>ပြန်တော့
တစ်<u>လုံး</u>ကျန်<u>ပြန်</u>ပေသမို့
<u>ဖန်</u>ဖန်လေ အားအင်နှီးလို့ရယ်
ကြိုးလျှောက်ရပြန်။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ကျောင်းသားဦးရေပေါ်မူတည်၍ အုပ်စု ၅ စု ဖွဲ့ပါ။ ကဗျာအချိုးပိုဒ်တစ်ပိုဒ်တွင် ပါဝင်သော အသံတူသည့်စကားလုံးများကို ရှာပါစေ။

❖ ပြီးလျှင် အုပ်စုကိုယ်စားလှယ်တစ်ဦးစီကို သင်ပုန်းပေါ်တွင် အသံတူသည့်စကားလုံးများကို ရေးပါစေ။

❖ အသံတူရာများကိုစုစည်း၍ မည်သည့်ကာရန်များဖြစ်ကြောင်းကို အုပ်စုလိုက် စဉ်းစားဖော်ထုတ်ပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ အုပ်စုတစ်စုက ဖော်ပြသောကာရန်များကို ကျန်အတန်းသားများက အကဲဖြတ်ပါစေ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၆၂) မှ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၄) ကို ဖြေပါစေ။

**အဓိကအချက်**

❖ ထိပ်ဆုံးသို့ကဗျာတွင် **အင့်** ကာရန်၊ **အုံး** ကာရန်၊ **အိုး** ကာရန်၊ **အန်း** ကာရန်၊ **အံ** ကာရန်၊ **အေး** ကာရန်၊ **အင်** ကာရန်၊ **အာ** ကာရန်၊ **အေ** ကာရန်၊ **အစ်** ကာရန်တို့ ပါဝင်သည်။

## စာသင်ချိန် ၅

### ၁၊ ၅။ လေ့ကျင့်ခန်းများဖြေဆိုခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ စကားလုံးပွားတတ်ရန်

❖ စာလုံးပေါင်းသတ်ပုံအမှန်ကို ရွေးချယ်သုံးနှုန်းတတ်ရန်

❖ စကားလုံးများ၏ အဓိပ္ပာယ်ကို အဘိဓာန်အသုံးပြုရှာဖွေတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ယခုစာသင်ချိန်တွင် ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၆၁) နှင့် (၆၂) မှ လေ့ကျင့်ခန်းများဖြေဆိုပုံကိုသင်ကြားပေးမည်ဖြစ်ကြောင်းပြောပါ။



DBEBOX

**သင်ကြားခြင်း** **၁၀ မိနစ်**

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၆၁) မှ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၁) သည် ပေးထားသော စကားလုံးများကို တစ်ခုလျှင်သုံးမျိုးရအောင် ပွားရမည်ဖြစ်ကြောင်းရှင်းပါ။

- ◆ သာဓကပေးထားသော **စိတ်** ဟူသည့် စကားလုံးနောက်တွင် ပူ၊ ဆိုး၊ ကောက် ဟူသည့် စကားလုံးများထည့်ပေးခြင်းဖြင့် စကားလုံးပွားယူထားကြောင်း
- ◆ ထိုစကားလုံးများအပြင် မိမိတို့လည်း အခြားစကားလုံးများ နောက်ဆက်ခြင်းဖြင့် ဖြစ်စေ၊ ရှေ့ဆက်ခြင်းဖြင့်ဖြစ်စေ ထပ်မံပွားယူနိုင်ကြောင်း ရှင်းပါ။

❖ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၂) သည် သံတူကြောင်းကွဲစကားလုံးများကို စာပိုဒ်ရှိကွက်လပ်များတွင် မှန်ကန်စွာဖြည့်ရမည်ဖြစ်ကြောင်းရှင်းပါ။

❖ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၃) သည် ပေးထားသောစကားလုံးများ၏ အဓိပ္ပာယ်ကို အဘိဓာန်တွင် ရှာဖွေရမည်ဖြစ်ကြောင်းရှင်းပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ လေ့ကျင့်ခန်းများကို အုပ်စုလိုက် ဆွေးနွေးဖြေဆိုပြီး အဖြေများကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

❖ ကျောင်းသားများ၏အဖြေကို မေးပါ။

❖ လေ့ကျင့်ခန်းများကို သေချာစွာ စစ်ဆေးပေးပါ။ လိုအပ်ချက်ရှိသော ကျောင်းသားများကို ထပ်မံလေ့ကျင့်ပေးပါ။

**အဓိကအချက်များ**

❖ စကားလုံးများကို ရှေ့ဆက်၊ နောက်ဆက် ဆက်ပြီး စကားလုံးပွားနိုင်သည်။

❖ အသံတူပြီး အနက်အဓိပ္ပာယ်ကွဲပြားသည့် စကားလုံးများကို အသုံးမှန်ကန်အောင် ရွေးချယ်သုံးနှုန်းရသည်။

❖ စကားလုံးတို့၏ အနက်အဓိပ္ပာယ်ကိုအဘိဓာန်အသုံးပြု၍ ရှာနိုင်သည်။

## ထိပ်ဆုံးသို့(လေးချိုးကဗျာ) ကို ပြန်လည်သုံးသပ်ခြင်း

**ထိပ်ဆုံးသို့**

**ကဗျာရွတ်ဆိုခြင်းနှင့် ဆိုလိုရင်းကိုရှင်းပြခြင်း**

- ❖ ကဗျာကိုရွတ်ဆိုလျှင် အသံနေအသံထား မှန်ကန်စွာ ရွတ်ဆိုရသည်။
- ❖ ကဗျာမှရရှိသောခံစားမှုကို ဖော်ပြတတ်ရမည်။
- ❖ မိမိစကားဖြင့် ဆိုလိုရင်းကို ပြောပြနိုင်သည်။

**ကဗျာ၏အရသာကိုခံစားပြီး သုတကိုဖော်ထုတ်ခြင်း**

- ❖ ကဗျာကိုနားလည်နိုင်ရန် ခက်ဆစ်များ၏ အကူအညီလိုအပ်သည်။
- ❖ ကဗျာအရသာကို ခံစားနိုင်ရန် ကဗျာကို နားလည်အောင်ဖတ်ရသည်။

**သုတကိုသုံးသပ်ခြင်းနှင့် မှတ်သားခြင်း**

- ❖ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရန် တစ်ဆင့်ချင်း ကြိုးစားရပါသည်။
- ❖ အလုပ်တစ်ခုကိုလုပ်ဆောင်လျှင် မည်မျှပင်အခက်အခဲကြုံတွေ့စေကာမူ ဆုံးခန်းတိုင်အောင် ကြိုးစားရပါမည်။
- ❖ အောင်မြင်မှုဟူသည် အလွယ်တကူ မရရှိနိုင်ပါ။

**လေ့ကျင့်ခန်းများဖြေဆိုခြင်း**

- ❖ စကားလုံးများကို ရှေ့ဆက်၊ နောက်ဆက် ဆက်ပြီး စကားလုံးပွားနိုင်သည်။
- ❖ အသံတူပြီး အနက်အဓိပ္ပာယ်ကွဲပြားသည့် စကားလုံးများကို အသုံးမှန်ကန်အောင် ရွေးချယ်သုံးနှုန်းရသည်။
- ❖ စကားလုံးတို့၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်အသုံးပြု၍ ရှာနိုင်သည်။

**ကဗျာသဘောနှင့် ကာရန်သဘောကိုရှင်းပြခြင်း**

- ❖ ထိပ်ဆုံးသို့ကဗျာတွင် **အင့်** ကာရန်၊ **အုံး** ကာရန်၊ **အိုး** ကာရန်၊ **အန်း** ကာရန်၊ **အံ** ကာရန်၊ **အေး** ကာရန်၊ **အင်** ကာရန်၊ **အာ** ကာရန်၊ **အေ** ကာရန်၊ **အစ်** ကာရန်တို့ ပါဝင်သည်။

### ရည်ညွှန်းစာအုပ်များ

❖ အောက်ပါရည်ညွှန်းစာအုပ်စာတမ်းများကို ဖတ်ရှုနိုင်ပါက မိမိတွင် ဗဟုသုတတိုးပွားပြီး သင်ကြားမှုကို ပိုမိုထိရောက်စေနိုင်ပါသည်။


၁။ မင်းသုဝဏ်။ (၂၀၁၇)။ ကဗျာရေးချင်စာစပ်သင်။ စာကြည့်တိုက်စာစဉ် ၈၈၊ the key collection press.

၂။ တင်မိုး။ (၂၀၁၇)။ မြန်မာကဗျာစာတမ်းများ(ဒုတိယတွဲ)။ စာပေဗိမာန်။

၃။ ငွေတာရီ။ (၁၉၆၈)။ ငွေတာရီကဗျာပေါင်းချုပ်။ ရန်ကုန်။ ရွှက်လှမြိုင်စာပေ။

## ၁၇။ လူရိုးဖြေ့ (တစ်ခန်းရပ်ပြဇာတ်၊ ပြဇာတ်)

**စုစုပေါင်းစာသင်ချိန် ၅ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

**သင်ယူမှုရလဒ်များ**

- ပြဇာတ်ကို စိတ်ပါဝင်စားစွာ အသံနေအသံထားဖြင့် ဖတ်တတ်မည်။
- ပြဇာတ်ပါအတုယူသင့်သည့်အချက်များကို ဆန်းစစ်ရှာဖွေတတ်မည်။
- ပြဇာတ်သဘောကိုသိရှိပြီး ပြဇာတ်၏အင်္ဂါအစိတ်အပိုင်းများကို ဖော်ပြတတ်မည်။
- ပြဇာတ်ကို ကိုယ်တိုင်ပါဝင်ပြောဆိုသရုပ်ဆောင်တတ်မည်။

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

- ဆရာက ပြဇာတ်ကို ကျေညက်စွာဖတ်ထားရန်

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ**

- ပြဇာတ်ကို အုပ်စုဖွဲ့ဖတ်ပြီး ဇာတ်ဝင်စကားများကိုပြောဆိုခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှု စွမ်းရည်
- ဇာတ်လမ်းမှရရှိသည့် ဗဟုသုတများကိုစဉ်းစား၍ အချင်းချင်းအပြန်အလှန်ဆွေးနွေးခြင်းဖြင့် ပြောဆိုဆက်သွယ်မှုစွမ်းရည်
- အခြားအုပ်စုများ၏ ပြောဆိုချက်များကို အကဲဖြတ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်
- ပြဇာတ်ကိုသရုပ်ဆောင်ကပြခြင်းဖြင့် ဖန်တီးမှုစွမ်းရည်တို့ကို ရရှိလာပါမည်။

### စာသင်ချိန် ၁

### ၁၊ ၁။ ပြဇာတ်ကိုဖတ်ခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

- ပြဇာတ်ပါဇာတ်ဆောင်များ၏ ပြောစကားများကို အသံနေအသံထား၊ လေယူလေသိမ်းမှန်မှန်ဖြင့် ဖတ်တတ်ရန်
- အပေးအယူမျှစွာ ဖတ်တတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

- ကျောင်းသားများအား ဆဋ္ဌမတန်းတွင် သင်ယူခဲ့ရသောပြဇာတ်အကြောင်း အနည်းငယ်မေးပါ။ ပြောစကားများအား မည်သို့ဖတ်ရသနည်းဟုမေးပါ။ ဖြေဆိုချက်များကို သင်ပုန်းမှတ်တမ်းထားပါ။



DBE BOX

**သင်ကြားခြင်း** **၁၀ မိနစ်**

❖ ဆရာက ပြဇာတ်ပါဇာတ်ဆောင်နှစ်ဦး၏ လေယူလေသိမ်းအတိုင်း အဖြတ်အရပ်များဖြင့် ပြဇာတ်ကို ဖတ်ပြပါ။ ကျောင်းသုံးစာအုပ်ပါ ပြဇာတ်သင်ခန်းစာကိုကြည့်၍ ဂရုတစိုက်မှတ်သား နားထောင်ရန် ပြောပါ။ ဖတ်ချိန်သည် ၄ မိနစ်ခန့် ကြာမြင့်ပါသည်။ ၂ ခေါက်ဖတ်ပြပါ။

**လေ့ကျင့်ခြင်း–၁** **၁၀ မိနစ်**

❖ ကျောင်းသားများအား ၁၀ ယောက် တစ်အုပ်စုဖွဲ့ပါ။ ပြဇာတ်ကို အသံတိုးတိုးဖြင့် ဖတ်ရန်ပြောပါ။ ပထမတစ်ခေါက် အသံတိုးတိုးဖြင့် အုပ်စုလိုက်ဖတ်ပြီးလျှင် ၅ ယောက် ၂ စုခွဲ၍ ဇာတ်ဆောင် တစ်ဦးစီ၏ နေရာမှ အသံတိုးတိုးဖြင့် အပြန်အလှန်ပြောပါစေ။

**လေ့ကျင့်ခြင်း–၂** **၁၅ မိနစ်**

❖ အုပ်စုတစ်စုချင်းက အတန်းသို့ဖတ်ပြပါစေ။ အတန်းသားများအား ဂရုတစိုက်နားထောင်ရန်နှင့် မည်သည့်အုပ်စုက ပြဇာတ်ကိုအကောင်းဆုံးဖတ်နိုင်သည်ကို ဆန်းစစ်ထားရန်ပြောပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ အုပ်စုတစ်စုချင်းအား မည်သည့်အဖွဲ့ကဖတ်သည်မှာ အကောင်းဆုံးဖြစ်သနည်း၊ အဘယ်ကြောင့် နည်းဟုမေးပါ။ ဖြေဆိုချက်များကို သင်ပုန်းပေါ်တွင်ရေးပါ။

❖ ဆရာက အောက်ပါအတိုင်းသုံးသပ်ပြပါ။

◆ ပြဇာတ်ပါ ဇာတ်ဆောင်များ၏ ပြောစကားများကို အသံနေအသံထား၊ လေယူလေသိမ်း မှန်မှန်ဖြင့် ဖတ်ရသည်။ အပေးအယူမျှစွာ ဖတ်ရသည်။

❖ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၆၈) မှ လေ့ကျင့်ခန်းမေးခွန်း (၅) ကို အိမ်စာပေးပါ။

**အဓိကအချက်များ**

❖ ပြဇာတ်ကိုဖတ်လျှင် ဇာတ်ဆောင်များ၏ ပြောစကားများကို အသံနေအသံထား၊ လေယူ လေသိမ်းမှန်မှန်ဖြင့်ဖတ်မှ နားထောင်၍ကောင်းသည်။

❖ တစ်ယောက်နှင့်တစ်ယောက် အပေးအယူမျှစွာ ဖတ်ရသည်။

## စာသင်ချိန် ၂

### ၁၊ ၂။ ပြဇာတ်အကြောင်းအရာကိုရှင်းပြခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ပြဇာတ်အကြောင်းအရာကို ရှင်းပြတတ်ရန်

❖ ပြဇာတ်ပါအတုယူသင့်သည့်အချက်များကို ဖော်ပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

❖ ပထမစာသင်ချိန် ပြဇာတ်ကိုဖတ်စဉ်က လူရိုးငဖြူနှင့်ပတ်သက်၍ မည်သည့်ထူးခြားချက်များကို သတိပြုမိသလဲဟု မေးပါ။ ကျောင်းသားများ၏ဖြေဆိုချက်များကို ဂရုတစိုက်နားထောင်ပါ။

**သင်ကြားခြင်း** ၁၀ မိနစ်

❖ ဆရာက လူရိုးငဖြူဇာတ်လမ်းကို အကျဉ်းချုပ်ရှင်းပြပါ။

◆ ရိုးအသည့်ရွာသားလေး ငဖြူသည် ရွာထဲသို့အလည်သွားသည်။ သူသွားခဲ့သည့်အိမ်များမှာ ဘကြီးဖိုးသာလှ၊ ဒေါ်ညွန့်စိန်၊ ဦးလေးရွှေမင်း၊ ဒေါ်ဒေါ်မွှေးနှင့် အစ်ကိုတင်ဖေတို့၏ အိမ်များဖြစ်ကြောင်း၊ အိမ်တစ်အိမ်စီက ပေးလိုက်သောလက်ဆောင်များကို အဆင်ပြေအောင် မယူဆောင်တတ်သဖြင့် လူရယ်စရာဖြစ်ကြောင်း၊ သို့ရာတွင် သူဌေးသမီး ဆွံ့အ၊ နားမကြား သူလေး မနှင်းမေက လူရိုးငဖြူ၏အဖြစ်ကို သဘောကျလွန်းကာ အသံထွက်ရယ်မောသဖြင့် ဖခင်သူဌေးကြီးက ကတိရှိသည့်အတိုင်း ရယ်မောအောင်လုပ်ပေးနိုင်သော လူရိုးငဖြူကို သူဌေးသမီးနှင့် လက်ဆက်ပေးလိုက်ရသည်ဆိုသည့်အကြောင်းရှင်းပြပါ။

❖ လူရိုးငဖြူ၏ ရိုးအပုံကို နှစ်သက်သလား၊ မည်သို့မှတ်ချက်ပေးလိုသနည်းဟု ကျောင်းသားများ အား မေးပါ။ ဖြေဆိုချက်များကို သင်ပုန်းပေါ်တွင်ရေးမှတ်ပါ။

❖ ရိုးလွန်းလျှင် အ သည်။ စဉ်းစား ဆင်ခြင်ဉာဏ်မရှိသော လုပ်ဆောင်မှုများသည် လူအများ၏ အမြင်တွင် ရယ်မောစရာ ဟာသဖြစ်နေကြောင်းရှင်းပါ။

**လေ့ကျင့်ခြင်း** မိနစ် ၂၀

❖ ကျောင်းသားများအား သင့်လျော်သလိုအုပ်စုဖွဲ့ပါ။ အုပ်စုတွင်းဆွေးနွေးကာ လူရိုးငဖြူ အကြောင်း မိမိတို့စကားဖြင့် ပြန်ရေးပါစေ။ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက မိမိတို့ဆွေးနွေးထားသည့် လူရိုးငဖြူအကြောင်းကို အတန်းသို့တင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

❖ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၆၈) မှ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၆) ကို အိမ်စာပေးပါ။

**အဓိကအချက်များ**

❖ ပြဇာတ်ကိုဖတ်၍ အကြောင်းအရာကို အခြားသူများနားလည်အောင် ရှင်းပြတတ်ရမည်။

❖ ပြဇာတ်ပါအတုယူသင့်သည့်အချက်များကို ဖော်ပြနိုင်ရမည်။

## စာသင်ချိန် ၃

## ၁၊ ၃။ ပြဇာတ်၏သဘောသဘာဝကိုရှင်းပြခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ပြဇာတ်တစ်ပုဒ်တွင်ပါဝင်သော အင်္ဂါရပ်များကိုသိရှိပြီး ရှင်းပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ဆဌမတန်းတွင် သင်ယူခဲ့ရသော ပြဇာတ်၏သဘောသဘာဝများကို မည်မျှမှတ်မိသနည်းဟု မေးပါ။ ဖြေဆိုချက်များကို သင်ပုန်းမှတ်တမ်းထားပါ။

**သင်ကြားခြင်း** **၁၀ မိနစ်**

❖ ကျောင်းသားများအား ကျောင်းသုံးစာအုပ်ပါ လူရိုးငဖြူပြဇာတ်ကို ပြန်လည်လေ့လာပါစေ။

သရုပ်ဆောင်များ၏အမည်ကိုမေးပါ။ ဇာတ်ခုံအပြင်အဆင်ကိုမေးပါ။ ကားလိပ်အဖွင့်တွင် မည်သို့ ရှိနေရမည်ကိုမေးပါ။ အပြန်အလှန်ပြောစကားများနောက်တွင် ကွင်းခတ်၍ရေးထားသော စာများကို မေးပါ။

**လေ့ကျင့်ခြင်း** **၂၅ မိနစ်**

❖ စာသင်ခန်းအနေအထား၊ ကျောင်းသားအနေအထားအရ ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စု ၅ စု ဖွဲ့ပါ။ စာရွက်ပိုင်းများ ဝေပေးပါ။ ပြဇာတ်အကြောင်းကိုအသံတိတ်ဖတ်ရန် အချိန် ၁၅ မိနစ်ပေးပါ။ ပြဇာတ်တစ်ခုတွင် မည်သည့်အချက်များပါဝင်ရသည်ကို ဆွေးနွေးမှတ်တမ်း တင်ရန်ပြောပါ။ အုပ်စုကိုယ်စားလှယ်တစ်ဦးက အတန်းသို့တင်ပြပါစေမည်။ သေချာစွာ နားထောင် ပြီး မိမိတို့နှင့်မတူညီသော အချက်များပါလျှင် မှတ်သားရန်ပြောပါ။ တစ်ဖွဲ့ချင်းစီ၏ တင်ပြချက်စာရွက် များကို နံရံတွင်ကပ်ထားနိုင်ပါသည်။



DBE BOX

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ဆရာကအောက်ပါအတိုင်း သုံးသပ်ပြောပြပါ။

ပြဇာတ်တစ်ပုဒ်တွင် ဇာတ်ခုံအပြင်အဆင်၊ ပါဝင်သောဇာတ်ဆောင်များ၏ အမည်များ၊ ကားလိပ်ဖွင့် ကားလိပ်ချအစီအစဉ်များနှင့် ကွင်းအတွင်းရေးထားသောစာများ ပါဝင်ကြောင်း၊ ထိုအရာများကို ဇာတ်ညွှန်းဟုခေါ်ကြောင်း၊ ဇာတ်ညွှန်းအတိုင်း ကပြတင်ဆက်နိုင်ရန် စီစဉ်ညွှန်ကြားပေးမည့်သူ တစ်ဦးလည်းလိုကြောင်းရှင်းပြပါ။

**အဓိကအချက်**

❖ ပြဇာတ်တစ်ပုဒ်တွင်ပါဝင်သော အင်္ဂါရပ်များကို သိရှိပြီး ရှင်းပြတတ်ရမည်။

**စာသင်ချိန် ၄**

## ၁၊ ၄။ ပြဇာတ်ကိုကပြခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ပြဇာတ်ကပြရန် ပြင်ဆင်ရမည့်အရာတို့ကို အစဉ်လိုက်ကြိုတင်ပြင်ဆင်တတ်ရန်

❖ ပြဇာတ်ကပြရာတွင် ပြောစကားများကို အသံထွက်ပီသစွာ၊ လေယူလေသိမ်းမှန်ကန်စွာ ပြောဆိုတတ်ရန်

❖ အများရှေ့တွင် မိမိကိုယ်ကို ယုံကြည်မှုရှိရှိ ပြောဆိုသရုပ်ဆောင်တတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ကျောင်းသားများအား ပြဇာတ်တစ်ပုဒ်တွင် ပါဝင်သော အင်္ဂါရပ်များကိုမေးပါ။ ပြဇာတ်ကို ကပြမည်ဆိုလျှင် ထိုအချက်များကို သတိပြုပြီး ကြိုတင်ပြင်ဆင်ရမည်ဖြစ်ကြောင်း ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၃၀**

❖ ကျောင်းသားများအား ၄ ယောက်တစ်ဖွဲ့ဖြင့် ၅ ဖွဲ့ ဖွဲ့ပါ။ ဇာတ်ဆောင် ၃ ဦးနှင့် စီစဉ်ညွှန်ကြားသူ တစ်ဦး သတ်မှတ်တာဝန်ပေးပါ။

❖ ပရိသတ်အဖြစ်တာဝန်ယူရသော ကျောင်းသားများက ကပြသရုပ်ဆောင်သည့်အဖွဲ့များကို အောက်ပါအချက်များဖြင့် အကဲဖြတ်ရန်မှာကြားပါ။



DBE BOX

**အဖွဲ့အမှတ်စဉ် ( နံပါတ် )**

| | |
|---|---|
| (၁) ဒါရိုက်တာ၏ စီစဉ်ညွှန်ကြားမှု | ကောင်း၊ သင့်၊ လိုအပ်ချက်ရှိ |
| (၂) ပြောစကားအစီအစဉ်ကျနမှု | ကောင်း၊ သင့်၊ လိုအပ်ချက်ရှိ |
| (၃) ပြောစကားများ အသက်ဝင်မှု | ကောင်း၊ သင့်၊ လိုအပ်ချက်ရှိ |
| (၄) ယုံကြည်ချက်ရှိစွာ သရုပ်ဆောင်မှု | ကောင်း၊ သင့်၊ လိုအပ်ချက်ရှိ |

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** ၁၀ မိနစ်

❖ ပရိသတ်များပေးထားသည့် အကဲဖြတ်ချက်များကို အတန်းသို့တင်ပြစေပြီး အဘယ်ကြောင့် ထိုမှတ်ချက်ပေးရကြောင်း ရှင်းပြပါစေ။ ဆရာကပေးထားသည့် အကဲဖြတ်ချက်များကိုလည်း ရှင်းပြပါ။

**အဓိကအချက်များ**

❖ ပြဇာတ်ကပြရန် ပြင်ဆင်ရမည့်အရာတို့ကို အစဉ်လိုက်ကြိုတင်ပြင်ဆင်ရသည်။

❖ ပြောစကားများကို အသက်ဝင်စွာ၊ လေယူလေသိမ်းမှန်ကန်စွာ ပြောဆိုရမည်။

❖ မိမိကိုယ်ကို ယုံကြည်မှုရှိရှိ ပြောဆိုသရုပ်ဆောင်ရသည်။

## စာသင်ချိန် ၅

**၁၊ ၅။ လေ့ကျင့်ခန်းများဖြေဆိုခြင်း**

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ စကားလုံးများ၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင် ရှာဖွေတတ်ရန်

❖ စကားလုံးများဖြင့် ကိုယ်ပိုင်ဝါကျများ ရေးသားတတ်ရန်

❖ စကားလုံးပွားတတ်ရန်

❖ ကြိယာအထူးပြုများကို ဝါကျများတွင် ဆီလျော်စွာသုံးတတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

❖ ယခုစာသင်ချိန်တွင် ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၆၇) နှင့် (၆၈) မှ လေ့ကျင့်ခန်းများကို ဖြေဆိုကြမည်ဖြစ်ကြောင်းပြောပါ။



DBE BOX

**သင်ကြားခြင်း** **၁၀ မိနစ်**

❖ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၁) စကားလုံးများ၏ အနက်အဓိပ္ပာယ်များ ရှာဖွေခြင်းကို အဘိဓာန် အသုံးပြု၍ သင်ကြားပါ။

❖ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၂) ဝါကျဖွဲ့မေးခွန်းကို ဆရာက သာဓကဝါကျများဖွဲ့ပြပြီး ကျောင်းသားများ ကိုယ်ပိုင်ဝါကျတည်ဆောက်တတ်စေရန် သင်ကြားပါ။

❖ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၃) ကြိယာစကားလုံးများပေးထားပြီး ကြိယာပုံစံပြောင်းရေးခြင်းကို သာဓက အချို့ဖြင့် သင်ကြားပါ။

**သာဓက – မှား၊ မေ့၊ ခြစ်**

တစ်မှားတည်း မှား၊ တစ်မေ့တည်း မေ့၊ တစ်ခြစ်တည်း ခြစ်

❖ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၄) ကြိယာအထူးပြုများ၏ အဓိပ္ပာယ်နှင့် မည်သို့အသုံးပြုရကြောင်း ကျောင်းသားများနှင့် အမေးအဖြေလုပ်ပါ။ ဝါကျများတွင် ဆီလျော်အောင်အသုံးပြုခြင်းကို ကျောင်းသား များအား ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၁) မှ (၄) အထိ လေ့ကျင့်ခန်းစာအုပ်တွင် ဖြေဆိုပါစေ။ ဆရာက လှည့်လည်ကြီးကြပ်ပါ။ လိုအပ်ချက်ရှိသော ကျောင်းသားများအားကူညီပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

❖ လေ့ကျင့်ခန်းဖြေဆိုမှုများကို အုပ်စုတစ်စုနှင့်တစ်စု လဲလှယ်စစ်ဆေးပါစေ။

❖ လေ့ကျင့်ခန်းစာအုပ်များကို ဆရာကစစ်ဆေးပေးပြီး လိုအပ်ချက်များရှိပါက ပြန်လည်လေ့ကျင့် သင်ကြားပါ။

**အဓိကအချက်များ**


❖ စကားလုံးများ၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်အသုံးပြု၍ ရှာဖွေရသည်။

❖ ဝါကျများကို အဓိပ္ပာယ်ရှိအောင် ရေးသားရသည်။

❖ ကြိယာများကို **တစ်** ဆက်ခြင်းဖြင့် စကားလုံးပွားနိုင်သည်။

❖ ကြိယာအထူးပြုများကို ဝါကျများတွင် ဆီလျော်စွာသုံးရသည်။

## လူရိုးငဖြူ (တစ်ခန်းရပ်ပြဇာတ်) ကို ပြန်လည်သုံးသပ်ခြင်း




## ရည်ညွှန်းစာအုပ်

❖ အောက်ပါရည်ညွှန်းစာအုပ်ကို ဖတ်ရှုနိုင်ပါက မိမိတွင် ဗဟုသုတတိုးပွားပြီး သင်ကြားမှုကို ပိုမိုထိရောက်စေနိုင်ပါသည်။

၁။ အောင်မြင့်ဦး(ဒေါက်တာ)။ ပြဇာတ်သဘောတရား ပြဇာတ်အတတ်ပညာ။ (၂၀၂၀)။ Academic Publishing House၊ ရန်ကုန်။

## ၁၈။ မိဖြူ (ရသစာတမ်း၊ ရသစကားပြေ)

**စုစုပေါင်းစာသင်ချိန် ၅ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

### သင်ယူမှုရလဒ်များ

❖ အတင်းအကျပ်လုပ်ခြင်းကို မည်သူမှမနှစ်သက်၊ မိမိအလိုဆန္ဒတစ်ခုတည်းကိုသာမကြည့်ဘဲ သူတစ်ပါး၏ ခံစားချက်ကိုလည်း မျှတွေးပေးရမည်ဟူသည့် လောကနီတိကို သိရှိလာမည်။

❖ ရသစာတမ်းကပေးသော ဘဝသင်ခန်းစာများမှတစ်ဆင့် မိမိ၏လက်တွေ့ဘဝတွင် ဆောင်သင့်သည်ကိုဆောင်၊ ရှောင်သင့်သည်ကို ရှောင်တတ်လာမည်။

❖ ရသစာတမ်းကပေးသော ခံစားမှုများကို ခံစား၍ ရှင်းပြတတ်လာမည်။

❖ ရသစာတမ်း၏အင်္ဂါရပ်နှင့် သဘောသဘာဝကို သိရှိလာမည်။

### သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

❖ မိဖြူရသစာတမ်းမှ ရသမြောက်အဖွဲ့များကို ထုတ်နုတ်ပြီး ကတ်ပြားများပြုလုပ်ထားရန်

❖ ရသစာတမ်းနှင့်ပတ်သက်သည့် သဘောတရားများကို ကြိုတင်ဖတ်ထားရန်

### ရရှိစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ

❖ ရသစာတမ်းကို အသံထွက်ဖတ်၍ စာရေးသူ၏ရည်ရွယ်ချက်ကို အုပ်စုလိုက်ရှာဖွေစေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှုစွမ်းရည်

❖ ရသစာတမ်းအကြောင်းအရာမှရရှိသည့် ဘဝသင်ခန်းစာများကိုစဉ်းစား၍ အချင်းချင်း အပြန်အလှန် ဆွေးနွေးစေခြင်းဖြင့် ပြောဆိုဆက်သွယ်မှုစွမ်းရည်

❖ အခြားအုပ်စုများ၏ ပြောဆိုချက်များကို အကဲဖြတ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်

❖ မိမိ၏ကိုယ်တွေ့အတွေ့အကြုံမှ ခံစားရသည့် ခံစားချက်များကို ရသစာတမ်းတစ်ပုဒ် ရေးသားခြင်းဖြင့် ဖန်တီးမှုစွမ်းရည်တို့ကို ရရှိလာပါမည်။

### စာသင်ချိန် ၁

### ၁၊ ၁။ ရသစာတမ်းကိုဖတ်ခြင်းနှင့်နားထောင်ခြင်း

### သင်ခန်းစာရည်ရွယ်ချက်များ

❖ ရသစာတမ်းကို အရသာပေါ်အောင် ဖတ်တတ်ရန်

❖ ရသစာတမ်းကို နားထောင်ခံစားတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ကျောင်းသားများကို ယခုစာသင်ချိန်တွင် မိဖြူရသစာတမ်းကို သင်ယူကြရမည်ဖြစ်ကြောင်း၊ ရသစာတမ်းမှာ စာရေးသူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်တစ်ခုနှင့် တွေးတောဆင်ခြင်စရာတစ်ခုခုကို သူ၏ခံစားချက်များအပေါ်အခြေခံကာ ရေးသားထားခြင်းပင်ဖြစ်ကြောင်း ဆရာက နှိုင်းယှဉ်မိတ်ဆက်ပေးပါ။ ဆဋ္ဌမတန်းတွင် လျှာနှင့်ဆေး ရသစာတမ်း သင်ယူခဲ့ပြီးဖြစ်ကြောင်း၊ ရသစာတမ်း၏ စိတ်ဝင်စားဖွယ်ကောင်းပုံကို သိရှိခဲ့ပြီးဖြစ်ကြောင်း၊ ယခု မိဖြူရသစာတမ်း၏ စိတ်ဝင်စားဖွယ် ကောင်းပုံကိုလည်း ကိုယ်တိုင်ဖတ်ကြည့်ကြရမည်ဖြစ်ကြောင်းပြောပါ။

**သင်ကြားခြင်း** **၁၀ မိနစ်**

❖ ဆရာက ရသစာတမ်းကို အရသာပေါ်အောင် အသံနေအသံထား၊ လေယူလေသိမ်း မှန်မှန်ဖတ်ပြပါ။

❖ ဆရာဖတ်နေစဉ်အတွင်း ကျောင်းသားများကို အာရုံငြိမ်ငြိမ်ထား၍ နားထောင်ရန် ညွှန်ကြားပါ။

❖ နားထောင်နေစဉ် အကြောင်းအရာကို ခံစားမြင်ယောင်ကြည့်ခိုင်းပါ။ လိုအပ်လျှင် နောက်တစ်ကြိမ်ဖတ်ပြပြီး နားထောင်ပါစေ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ကျောင်းသားများကို အုပ်စု ၂ စုဖွဲ့ပါ။ ယောကျ်ားလေးတစ်အုပ်စု၊ မိန်းကလေးတစ်အုပ်စုဖွဲ့ပါ။

❖ တစ်ဖွဲ့ကဖတ်သည်ကို တစ်ဖွဲ့ကနားထောင်ပြီး အချက်အလက်ထုတ်ခိုင်းပါ။ နှစ်ဖွဲ့အပြန်အလှန်ပြုလုပ်ကြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

❖ နှစ်ဖွဲ့၏ အဓိကအချက်များကို သင်ပုန်းပေါ်တွင် ယှဉ်၍ရေးပြပါ သို့မဟုတ် စာရွက်ပေါ်တွင်ရေး၍ သင်ပုန်းပေါ်တွင်ကပ်ပါ။ လိုအပ်ချက်ရှိသည့် အဖွဲ့ကို ဆရာက ဖြည့်စွက်ပါ။

**အဓိကအချက်များ**

❖ ကြမ်းတမ်းစွာဆက်ဆံခြင်းကို မည်သူမျှမနှစ်သက်သောကြောင့် နူးညံ့သိမ်မွေ့စွာဆက်ဆံရမည်။
❖ မိမိ၏အလိုဆန္ဒကို မလိုက်လျောသူကို ပြုစုမုန်းတီးရန်ငြိုးဖွဲ့တတ်ပြီး မိမိအလိုဆန္ဒကို လိုက်လျောသူကိုမူ ကြည်ဖြူချစ်ခင်နှစ်သက်တတ်သည့် အလိုဆန္ဒတစ်ခုကိုသာ ကြည့်တတ်သည်မှာ လူ့သဘောသဘာဝပင်ဖြစ်သည်။
❖ ရသစာပေမှပေးသည့် ရသများကိုခံစားရင်း ဘဝအသိအမြင်များရရှိလာမည်။

## စာသင်ချိန် ၂

### ၁၊ ၂။ ရသစာတမ်းကိုခံစားသုံးသပ်ခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ မိဖြူရသစာတမ်းကို ခံစားပြီး ရရှိသည့်အသိအမြင်ကို စဉ်းစားဖော်ထုတ်တတ်ရန်

❖ ရရှိသည့်အသိအမြင်၏ အကျိုးသက်ရောက်ပုံကို သုံးသပ်တွက်ချက်တတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၁၀ မိနစ်

❖ မိဖြူရသစာတမ်းကို စိတ်ဝင်စားဖွယ်ဖတ်ရှုနားထောင်ခံစားပြီးသည့်အခါ စာရေးဆရာက မည်သည့် အသိအမြင်ကို သိစေချင်သည်ကို သတိပြုမိနိုင်ကြောင်း၊ ထိုအချက်ကို ဆရာကမပြောခင် ကျောင်းသားများကိုယ်တိုင်သိနိုင်ရန် လေ့ကျင့်ရမည်ဖြစ်ကြောင်း ရှင်းပြမိတ်ဆက်ပါ။

**သင်ကြားခြင်း** မိနစ် ၂၀

❖ ကျောင်းသားအားလုံးအား ရသစာတမ်းကို စိတ်နှင့် တစ်ခေါက်ဖတ်ပါစေ။

❖ ဆရာက ရသစာတမ်းဇာတ်လမ်းကို အစအဆုံး စိတ်ဝင်စားဖွယ်ဖြစ်အောင် ရှင်းပြပါ။

မိဖြူရသစာတမ်း၏ဇာတ်လမ်းသည် စာရေးသူတို့အိမ်တွင် ကြွက်သောင်းကျန်းလွန်းသဖြင့် ဘကြီးဖြစ်သူက မိဖြူဟုခေါ်သည့်ကြောင်ကလေးကို ပေးခဲ့ကြောင်း၊ စာရေးသူက မိဖြူကို အတင်းအကျပ် အိတ်ထဲသို့ထည့်ကာ ခေါ်လာခဲ့မိသဖြင့် မိဖြူသည် စာရေးသူကို အနားကပ် မခံကြောင်း၊ စာရေးသူမှာ မိဖြူကိုချစ်လွန်းသဖြင့် အနားကပ်ရန် အမျိုးမျိုးကြိုးစားသော်လည်း မိဖြူက ရှောင်ပြေးလွန်းလှသဖြင့် စာရေးသူမှာ မိဖြူကိုမချစ်ချင်တော့ကြောင်း၊ မိဖြူသေသွားပြီး နောက်ပိုင်းမှ မိမိ၏စိတ်ကိုပြန်စစ်ဆေးကြည့်မိပြီး နောင်တရပုံကို ဇာတ်လမ်းဆင်ရေးသားထားခြင်း ဖြစ်ကြောင်းရှင်းပြပါ။

**လေ့ကျင့်ခြင်း** ၁၀ မိနစ်

❖ ကျောင်းသားများကို အုပ်စု ၂ စုဖွဲ့ပါ။ မိဖြူရသစာတမ်းတွင်ပါသော စာရေးသူနှင့် မိဖြူနှစ်ဦး တွင် တစ်ဦးချင်းအပေါ်၌ မည်သို့ခံစားမိကြောင်း ဆွေးနွေးကြပါစေ။ အုပ်စုတစ်စုချင်း၏ ဆွေးနွေး ချက်များကို ဆရာထံတင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

❖ ထိုခံစားချက်မှတစ်ဆင့် စာရေးသူ၏ ကိုယ်ဖြစ်ချင်သောဆန္ဒကို ဦးစားပေးသည့် မှားယွင်းသော စိတ်ထားကို တွေ့မြင်လိုက်ရကြောင်း ရှင်းပြပါ။

**အဓိကအချက်**

❖ မှန်ကန်စွာ စဉ်းစားဆုံးဖြတ်နိုင်ရန်အတွက် ခံစားတတ်မှုသည် အရေးကြီးသည်။

## စာသင်ချိန် ၃

### ၁၊ ၃။ ရသစာတမ်း၏ အကြောင်းအရာစီစဉ်ရေးသားပုံကိုရှင်းပြခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

❖ ရည်ရွယ်ချက်ပေါ်လွင်အောင် အကြောင်းအရာ အချက်အလက်များကို မည်သို့စီစဉ်ရေးသားထားကြောင်း သိရှိရန်

**သင်ခန်းစာမိတ်ဆက်** ၁၅ မိနစ်

❖ ရသစာတမ်းတစ်ပုဒ်တွင် အကြောင်းအရာအချက်အလက်များကို ချိတ်ဆက်၍ စီစဉ်ရေးသားရကြောင်း၊ မိဖြူရသစာတမ်းတွင် စာရေးသူ၏ကိုယ်တွေ့အချက်အလက်များကို စီစဉ်၍ အဓိကဖော်ပြလိုသည့် ရည်ရွယ်ချက်ပေါ်လွင်အောင် ရေးသားထားပုံကို ရှင်းပြမည်ဖြစ်ကြောင်းမိတ်ဆက်ပါ။

❖ အဓိကအချက်အချို့ကို ဆရာက သာဓကပြသည့်အနေဖြင့် သင်ပုန်းပေါ်တွင်ရေးပြပါ။

❖ မိဖြူရသစာတမ်းမှ အဓိကအချက်အလက်အချို့

◆ ကြွက်ပေါသဖြင့် တစ်အိမ်လုံးစိတ်ညစ်ရပုံ၊ မိဖြူကိုရှာ၍ ရခဲ့ပုံ

◆ ကြည်ကြည်သာသာမလိုက်၍ ကြမ်းကြမ်းတမ်းတမ်းခေါ်ခဲ့ရပုံ၊ အိမ်တွင်ကြွက်ရန်အေး၍စိတ်ချမ်းသာရပုံ

◆ အိမ်သားများနှင့်မိဖြူချစ်ခင်ပုံ၊ စာရေးသူကို မိဖြူမချစ်ခင်ပုံ၊ စာရေးသူကခေါ်သော်လည်း မိဖြူက မချစ်ခင်ပုံ

◆ စာရေးသူက မိဖြူကိုခပ်စိမ်းစိမ်းနေလိုက်ပုံ

◆ မိဖြူ ခွေးကိုက်ခံရ၍ သေဆုံးပုံ

◆ အိမ်သားများဝမ်းနည်းကြသော်လည်း စာရေးသူကဝမ်းမနည်းပုံ

◆ အချိန်အနည်းငယ်ကြာမှ မိဖြူကိုကြမ်းတမ်းစွာဖမ်းခဲ့သဖြင့် မိဖြူကကြောက်နေခြင်းဖြစ်နိုင်ကြောင်း စဉ်းစားမိပုံ

◆ မိမိအလိုဆန္ဒတစ်ခုတည်းကိုသာကြည့်၍ တစ်ဖက်သတ် စဉ်းစားဆုံးဖြတ်မိသော စိတ်ထားကျဉ်းမြောင်းသည့်အဖြစ်ကို စာရေးသူစဉ်းစားမိပုံ

◆ ထိုသို့သောလူမျိုး၏စိတ်ဓာတ်မှာ မကောင်းပုံ

(ကျန်အချက်အချို့ကို ကျောင်းသားများကိုထုတ်ကြည့်ပါစေ။)

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ ထိုအချက်အလက်များကို ရှေ့နောက်အစီအစဉ်ကျအောင် စီစဉ်ရေးသားထားသဖြင့် စာရေးသူ၏ ကိုယ့်အလိုဆန္ဒကိုသာ ဦးစားပေးတတ်သော စိတ်ဓာတ်ကို အထင်အရှား တွေ့လိုက်ရကြောင်း ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **၁၀ မိနစ်**

❖ အထက်မှ အချက်များကို ရှေ့နောက်လွဲ၍ သင်ပုန်းပေါ်တွင်ရေးပြီး ပြန်၍စီစဉ်ပါစေ။

❖ ကျောင်းသားများကို အုပ်စုနှစ်စုဖွဲ့ပါ။

❖ အုပ်စုတစ်စုစီကို စာရေးသူ၏စိတ်၊ စရိုက်၊ ခံစားချက်များကို တစ်ခုစီရှာခိုင်းပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ကျောင်းသားများဖြေနေစဉ် ဆရာကလိုက်လံစစ်ဆေးပါ။ လိုအပ်ပါက လမ်းညွှန်မေးခွန်းများ မေး၍ အဖြေကို ကူရှာပေးပါ။

**အဓိကအချက်**

❖ ရသစာတမ်းတစ်ပုဒ်တွင် အကြောင်းအရာအချက်အလက်များကို အစီအစဉ်တကျ စီစဉ်ပါမှ စာရေးသူ၏ ဖန်တီးမှုပေါ်လွင်နိုင်သည်။

## စာသင်ချိန် ၄

### ၁၊ ၄။ ရသစာတမ်း၏သဘောကို ဆွေးနွေးခြင်းနှင့်သုံးသပ်ခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

❖ ရသစာတမ်း၏ သဘောကိုသိရှိ၍ ကိုယ်တိုင်သုံးသပ်နိုင်ရန်

**သင်ခန်းစာမိတ်ဆက်** **၁၀ မိနစ်**

❖ ဆဋ္ဌမတန်းတွင် ရသစာတမ်းကို သင်ကြားပြီးဖြစ်သဖြင့် ရသစာတမ်းသဘောကို ပြန်လည်စဉ်းစား ဆွေးနွေးကြရအောင်ဟု ပြောပြီးမိတ်ဆက်ပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ ရသစာတမ်းသည် စာစီစာကုံးနှင့်ပုံစံတူကြောင်း ဆဋ္ဌမတန်းတွင် သင်ပြီးခဲ့ပုံ

❖ ရသစာတမ်းဟုခေါ်သော ရသစာပေအဆင့်တွင် ပို၍ထင်ရှားလာသောအချက်များမှာ -

(၁) စာရေးသူကို အထင်အရှားတွေ့မြင်ရခြင်း

(၂) ခံစားမှုကိုအခြေခံခြင်းနှင့်

(၃) အတွေးအမြင်တစ်ခုခုကို စာတမ်း၏ဦးတည်ချက်အဖြစ် တွေ့မြင်ရခြင်းတို့ဖြစ်ကြောင်းရှင်းပြပါ။

**လေ့ကျင့်ခြင်း** ၁၅ မိနစ်

❖ ရသစာတမ်းအင်္ဂါရပ် ၃ ခုမှ တစ်ခုချင်းကို တစ်ဖွဲ့ချင်းစီ တာဝန်ပေး၍ မိဖြူရသစာတမ်းမှ သက်ဆိုင်ရာစာပိုဒ်များကို ရွေးပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

❖ တစ်ဖွဲ့ချင်းစီအား သက်ဆိုင်သည့်စာပိုဒ်များကို အလှည့်ကျဖတ်ပါစေ။

❖ ဆရာက လိုအပ်ချက်များကို ဖြည့်စွက်ရှင်းပြပါ။

**အဓိကအချက်များ**

❖ ရသစာတမ်း၏သဘောမှာ ရသစာတမ်းတစ်ပုဒ်တွင် စာရေးသူကို အထင်အရှားတွေ့မြင်ရသည်။

❖ ခံစားမှုကိုအခြေခံကာ အတွေးအမြင်တစ်ခုခုကို စာတမ်း၏ဦးတည်ချက်အဖြစ် တွေ့မြင်ရသည်။

## စာသင်ချိန် ၅

### ၁၊ ၅။ လေ့ကျင့်ခန်းများဖြေဆိုခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ စကားလုံးများ၏အဘိဓာန်အနက်အဓိပ္ပာယ်ကို သိရှိရန်
❖ ဆိုလိုချင်သည့်အဓိပ္ပာယ်ရောက်အောင် ဝါကျတည်ဆောက်တတ်ရန်
❖ အထူးပြုများအကြောင်းသိရှိရန်
❖ မိမိ၏ခံစားချက်များကိုဖော်ပြတတ်ရန်
❖ မိမိကြုံတွေ့ခဲ့ဖူးသည့် အဖြစ်အပျက်တစ်ခုကို ခံစားခဲ့ရသည့်အတိုင်း ပြန်လည်တင်ပြတတ်ရန်
❖ လူ့သဘော လူ့သဘာဝကို ဆင်ခြင်တတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

❖ ယခုစာသင်ချိန်တွင် ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်းများကို ဖြေဆိုကြရမည်ဖြစ်ကြောင်း၊ လေ့ကျင့်ခန်းမေးခွန်း (၆) ခု အနက် ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၇၄) မှ မေးခွန်းနံပါတ် (၁)၊ (၂)၊ (၃) အတွက် ဖြေဆိုပုံကို သင်ကြားပေးမည်ဖြစ်ကြောင်းရှင်းပြပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၇၄) မှ မေးခွန်းနံပါတ် (၁) ကို အဘိဓာန်သင်ကြားနည်း လုပ်ငန်းစဉ်များအတိုင်းသင်ကြားပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၇၄) မှ မေးခွန်းနံပါတ် (၂) ဝါကျဖွဲ့လေ့ကျင့်ခန်းကို ဆရာက နမူနာဝါကျများဖြင့်သင်ကြားပါ။

**သာဓက–**

မေတ္တာပို့။ ။သတ္တဝါများကျန်းမာကြပါစေဟု အဘွားက နေ့စဉ်မေတ္တာပို့ကာ ဆုတောင်းသည်။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၇၄) မှ မေးခွန်းနံပါတ် (၃) အထူးပြုလေ့ကျင့်ခန်းကို နမူနာ ရှင်းလင်းသင်ကြားပါ။

**သာဓက–**

အမွေးဆွတ်ဆွတ်ဖြူ

အမွေး ( နာမ် )

ဆွတ်ဆွတ်ဖြူ ( နာမ်အထူးပြု )

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၇၄) မှ မေးခွန်းနံပါတ် (၃) ကို လေ့ကျင့်ခန်းစာအုပ်တွင် ဖြေဆိုပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ကျောင်းသားများဖြေဆိုနေစဉ် ဆရာကလိုက်လံအကဲခတ်ပါ။

( ကျန်လေ့ကျင့်ခန်းများကို အိမ်စာပေးပါ။)

**အဓိကအချက်များ**

❖ စကားလုံးများ၏အဘိဓာန်အနက်အဓိပ္ပာယ်ကို သိရှိရန် အဘိဓာန်သုံး၍ ရှာရသည်။
❖ ဆိုလိုချင်သည့်အဓိပ္ပာယ်ရောက်အောင် ဝါကျတည်ဆောက်ရသည်။
❖ အထူးပြုများအကြောင်းသိရှိပြီး မည်သို့အထူးပြုထားကြောင်းဖော်ပြတတ်ရမည်။
❖ မိမိ၏ခံစားချက်များကို စကားပြေဖြင့် ရေးသားဖော်ပြတတ်ရမည်။
❖ မိမိကြုံတွေ့ခဲ့ဖူးသည့် အဖြစ်အပျက်တစ်ခုကို ခံစားခဲ့ရသည့်အတိုင်း ပြန်လည်ရေးသား တင်ပြတတ်ရမည်။
❖ ရသစာတမ်းကိုဖတ်၍ လူ့သဘော လူ့သဘာဝကို ဆင်ခြင်နိုင်မည်။



DBE BOX

## မိဖြူ (ရသစာတမ်း၊ ရသစကားပြေ) ကို ပြန်လည်သုံးသပ်ခြင်း

### မိဖြူ

#### ရသစာတမ်းကိုဖတ်ခြင်းနှင့် နားထောင်ခြင်း

- ❖ ကြမ်းတမ်းစွာဆက်ဆံခြင်းကို မည်သူမျှ မနှစ်သက်သောကြောင့် နူးညံ့သိမ်မွေ့စွာ ဆက်ဆံရမည်။
- ❖ မိမိ၏အလိုဆန္ဒကို မလိုက်လျောသူကို ပြုစုမုန်းတီးရန်ပြိုးဖွဲ့တတ်ပြီး မိမိအလို ဆန္ဒကို လိုက်လျောသူကိုမူ ကြည်ဖြူ ချစ်ခင်နှစ်သက်တတ်သည့် အလို ဆန္ဒတစ်ခုကိုသာ ကြည့်တတ်သည်မှာ လူ့သဘောသဘာဝပင်ဖြစ်သည်။
- ❖ ရသစာပေမှပေးသည့် ရသများကိုခံစား ရင်း ဘဝအသိအမြင်များရရှိလာမည်။

#### ရသစာတမ်းကို ခံစားသုံးသပ်ခြင်း

- ❖ မှန်ကန်စွာ စဉ်းစားဆုံးဖြတ် နိုင်ရန်အတွက် ခံစားတတ် မှုသည် အရေးကြီးသည်။

#### ရသစာတမ်း၏ အကြောင်းအရာ စီစဉ်ရေးသားပုံကို ရှင်းပြခြင်း

- ❖ ရသစာတမ်းတစ်ပုဒ်တွင် အကြောင်းအရာ အချက်အလက်များကို အစီအစဉ်တကျ စီစဉ်ပါမှ စာရေးသူ၏ ဖန်တီးမှု ပေါ်လွင်နိုင်သည်။

#### လေ့ကျင့်ခန်းများဖြေဆိုခြင်း

- ❖ စကားလုံးများ၏အဘိဓာန် အနက်အဓိပ္ပာယ်ကို သိရှိရန် အဘိဓာန်သုံး၍ ရှာရသည်။
- ❖ ဆိုလိုချင်သည့်အဓိပ္ပာယ် ရောက်အောင် ဝါကျတည် ဆောက်ရသည်။
- ❖ အထူးပြုများအကြောင်း သိရှိပြီး မည်သို့အထူးပြုထား ကြောင်း ဖော်ပြတတ်ရမည်။
- ❖ မိမိ၏ခံစားချက်များကို စကားပြေ ဖြင့် ရေးသားဖော်ပြတတ်ရမည်။
- ❖ မိမိကြုံတွေ့ခဲ့ဖူးသည့် အဖြစ် အပျက်တစ်ခုကို ခံစားခဲ့ရ သည့်အတိုင်း ပြန်လည်ရေးသား တင်ပြတတ်ရမည်။
- ❖ ရသစာတမ်းကိုဖတ်၍လူ့သဘော လူ့သဘာဝကို ဆင်ခြင်နိုင်မည်။

#### ရသစာတမ်း၏သဘောကို ဆွေးနွေးခြင်းနှင့် သုံးသပ်ခြင်း

- ❖ ရသစာတမ်း၏ သဘောမှာ ရသစာတမ်းတစ်ပုဒ်တွင် စာရေးသူကို အထင်အရှား တွေ့မြင်ရသည်။
- ❖ ခံစားမှုကိုအခြေခံကာ အတွေး အမြင်တစ်ခုခုကို စာတမ်း၏ဦးတည်ချက်အဖြစ် တွေ့မြင်ရသည်။

## ရည်ညွှန်းစာအုပ်များ

❖ အောက်ပါရည်ညွှန်းစာအုပ်စာတမ်းများကို ဖတ်ရှုနိုင်ပါက မိမိတွင်ဗဟုသုတပွားပြီး သင်ကြားမှုကို ပိုမိုထိရောက်စေနိုင်ပါသည်။

၁။ စာပေဗိမာန်ထုတ်စာစဉ် စာတမ်းငယ်စာပေစာတမ်းများ (ပတွဲ၊ ဒုတွဲ)။ (၁၉၇၆)။

၂။ စာတမ်းငယ်ပေါင်းချုပ်များ။ (၁၉၈၆)။ စာပေဗိမာန်။

DBE BOX

## အပိုင်း-၂
## မြန်မာသဒ္ဒါ

### ၁၉။ အထူးပြုအစု

### ၁၉၊ ၁။ ပြန်လှန်လေ့ကျင့်ခန်း

**၁၊ ၁။ နာမ်အစု၊ ကြိယာအစုနှင့် ဝါကျရိုးသင်ခန်းစာများကို ပြန်လှန်လေ့ကျင့်ခြင်း**

**စုစုပေါင်းစာသင်ချိန် ၃ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

**သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း**

❖ နာမ်အစုဝင်၊ ကြိယာအစုဝင် စကားလုံးများ ပါဝင်တည်ဆောက်ထားသော ဝါကျရိုးများဖြင့် စုဖွဲ့ထားသည့် စာပိုဒ်တစ်ပိုဒ်ကို ပြင်ဆင်ထားရန်

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ နာမ်အစုဝင်စကားလုံးများနှင့် ကြိယာအစုဝင်စကားလုံးများကို ပြန်လည်သတိထားမိစေရန်

❖ နာမ်နှင့်ကြိယာများကို အသုံးပြု၍ ဝါကျရိုးများတည်ဆောက်ပုံကို ပြန်လည်အမှတ်ရစေရန်

**သင်ခန်းစာမိတ်ဆက်**

❖ သတ္တမတန်း သဒ္ဒါသင်ခန်းစာများကို မသင်မီ ဆဋ္ဌမတန်းတွင်သင်ကြားခဲ့သော နာမ်အစု၊ ကြိယာအစု၊ ဝါကျရိုးသင်ခန်းစာများကို ကျောင်းသားများပြန်လည်အမှတ်ရစေရန်လိုအပ်သဖြင့် ဤပြန်လှန်လေ့ကျင့်ခန်းသင်ခန်းစာကို သင်ကြားမည်ဖြစ်ကြောင်းပြော၍ စတင်မိတ်ဆက်ပါ။

❖ ထိုသို့ သင်ကြားသင်ယူခြင်းဖြင့် ကျောင်းသားများကိုယ်တိုင် နေ့စဉ်ပြောဆိုရေးသားနေကျဖြစ်သော အပြောဝါကျ၊ အရေးဝါကျများတွင် နာမ်အစုဝင်၊ ကြိယာအစုဝင်စကားလုံးများကို လွယ်ကူစွာပြောဆိုရေးသားလျက်ရှိသည်ကို သတိပြုမိကြမည်ဖြစ်ကြောင်းပြောပါ။

❖ ထို့မှတစ်ဆင့် သတ္တမတန်းသင်ခန်းစာများတွင် သင်ကြားမည့် နာမ်အထူးပြု၊ ကြိယာအထူးပြုများနှင့် ဝါကျရိုးရေးဖွဲ့နည်းအသစ်များကို လွယ်ကူစွာနားလည်အသုံးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းပြ၍ မိတ်ဆက်ပါ။

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ပြန်လှန်လေ့ကျင့်ခန်းသင်ခန်းစာအတွက် သတ်မှတ်ထားသောစာသင်ချိန် ၃ ချိန်တွင် နာမ်အစု၊ ကြိယာအစုနှင့် ဝါကျရိုးသင်ခန်းစာများကို တစ်ချိန်စီသင်ကြားလေ့ကျင့်ပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း**

❖ တတိယစာသင်ချိန် ဝါကျရိုးသင်ခန်းစာအပြီးတွင် ဆရာက ကြိုတင်ပြင်ဆင်ထားသော နာမ်၊ ကြိယာနှင့် ဝါကျရိုးများ ပါဝင်ဖွဲ့စည်းထားသည့် စာပိုဒ်ကို ကျောင်းသားများအားဖြေဆိုပါစေ။

❖ စာပိုဒ်ကို စာရွက်ပေါ်တွင်ရေးပြီး ကျောင်းသားများအားဝေပေးခြင်းဖြင့်လည်းကောင်း၊ သင်ပုန်းပေါ်တွင်ရေးပြခြင်းဖြင့်လည်းကောင်း သင့်လျော်သလို လုပ်ဆောင်ပါ။

❖ ကျောင်းသားများ၏အဖြေကို ဆရာကသုံးသပ်၍ တတ်ကျွမ်းမှုကို အကဲဖြတ်ပါ။

**အဓိကရည်မှန်းချက်များ**

❖ ဝါကျ၊ စာပိုဒ်များတွင် ပါဝင်သော နာမ်နှင့် ကြိယာများကို ကောင်းစွာသိရမည်။

❖ နာမ်နှင့် ကြိယာများကို အသုံးပြု၍ ဝါကျရိုးများတည်ဆောက်နိုင်ရမည်။

## ၁၉၊ ၂။ နာမ်အထူးပြု

### ၁၉၊ ၂၊ ၁။ သော၊ သည့်၊ မည့်၊ တဲ့၊ မဲ့ ဟူသော နောက်ဆက်စကားလုံးများပါသည့် နာမ်အထူးပြု

**စုစုပေါင်းစာသင်ချိန် ၂ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

**သင်ယူမှုရလဒ်များ**

❖ နာမ်အထူးပြုအကြောင်းသိရှိလာမည်။

❖ နာမ်အထူးပြုပုံစံအမျိုးမျိုးကို ရှင်းလင်းစွာသိလာမည်။

❖ နာမ်အထူးပြုများကို အပြောဝါကျနှင့် အရေးဝါကျများတွင် မှန်ကန်စွာသုံးတတ်လာမည်။

**သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း**

❖ နာမ်အထူးပြုပုံစံကတ်ပြားများ

❖ နာမ်အထူးပြုနှင့်သက်ဆိုင်သည့် လေ့ကျင့်ခန်းများ

❖ နာမ်အထူးပြုအမျိုးအစားစုံလင်သည့် စာပိုဒ်များ

**ရရှိစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

❖ လေ့ကျင့်ခန်းများကို အုပ်စုဖွဲ့လေ့ကျင့်စေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှုစွမ်းရည်

❖ လေ့ကျင့်ခန်းမေးခွန်းများကို အချင်းချင်းဆွေးနွေးတင်ပြစေခြင်းဖြင့် ပြောဆိုဆက်သွယ်မှုစွမ်းရည်

❖ အခြားအုပ်စုများ၏ ပြောဆိုချက်များကို အကဲဖြတ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်

❖ နာမ်အထူးပြုစကားလုံးပါသည့် ဝါကျများကို ကိုယ်တိုင်ရေးသားခြင်းဖြင့် ဖန်တီးမှုစွမ်းရည်တို့ကို ရရှိလာပါမည်။



DBE BOX

## စာသင်ချိန် ၁

### ၁၊ ၁။ နာမ်အထူးပြုအကြောင်း မိတ်ဆက်သင်ကြားခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

❖ နာမ်အထူးပြုအကြောင်းကို သိရှိစေရန်

❖ နာမ်အထူးပြုပုံစံအမျိုးမျိုးကိုသိရှိစေရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

❖ နာမ်ကိုထူးခြားစေသောပုဒ်ကို နာမ်အထူးပြုဟုခေါ်ကြောင်း၊ နာမ်အထူးပြုပုံစံအမျိုးမျိုးရှိကြောင်း ပြောပြပါ။

❖ ယခုစာသင်ချိန်တွင် သော၊ သည့်၊ မည့်၊ တဲ့၊ မဲ့ဟူသော နောက်ဆက်စကားလုံးများပါသည့် နာမ်အထူးပြုကို စတင်သင်ကြားမည်ဖြစ်ကြောင်း ရှင်းပြမိတ်ဆက်ပါ။

**သင်ကြားခြင်း** ၂၅ မိနစ်

❖ ကြိယာများကို **သော၊ သည့်၊ မည့်၊ တဲ့၊ မဲ့** ဟူသော နောက်ဆက်စကားလုံးများထည့်ပေးခြင်းဖြင့် နာမ်အထူးပြုများဖြစ်လာကြောင်းရှင်းပါ။

❖ **သော၊ သည့်၊ မည့်** နောက်ဆက်များဆက်သည့် နာမ်အထူးပြုများကို အရေးဝါကျများတွင် သုံးပြီး **တဲ့၊ မဲ့** နောက်ဆက်များဆက်သည့် နာမ်အထူးပြုများကို အပြောဝါကျများတွင် သုံးကြောင်း ရှင်းပါ။

❖ အောက်ပါနောက်ဆက်စကားလုံးများပါသည့် နာမ်အထူးပြုကတ်ပြားများကို သင်ပုန်းပေါ်တွင် ရေးမှတ်ထားပါ၊ သို့မဟုတ် ချိတ်ဆွဲပါ။

**စိမ်းလန်းသောမြက်ခင်း၊ လိမ္မာသည့်ကျောင်းသား၊ စားမည့်အစာ၊ သိပ်ဆော့တဲ့ကလေး၊ သောက်ရမဲ့ရေ**

- ◆ စိမ်းလန်းသော (နာမ်အထူးပြု) က မြက်ခင်း(နာမ်)ကို ထူးခြားစေပုံ
- ◆ လိမ္မာသည့် (နာမ်အထူးပြု) က ကျောင်းသား(နာမ်) ကို ထူးခြားစေပုံ
- ◆ စားမည့် (နာမ်အထူးပြု) က အစာ(နာမ်) ကို ထူးခြားစေပုံ
- ◆ သိပ်ဆော့တဲ့ (နာမ်အထူးပြု) က ကလေး(နာမ်) ကို ထူးခြားစေပုံ
- ◆ သောက်ရမဲ့ (နာမ်အထူးပြု) က ရေ(နာမ်) ကို ထူးခြားစေပုံ သို့မဟုတ် အထူးပြုပုံတို့ကို ဆရာကရှင်းပြပါ။

❖ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၈၀)မှ နောက်ဆက်စကားလုံးများပါသည့် နာမ်အထူးပြု စာပိုဒ်ကို ကျောင်းသားအားလုံးဖတ်ပါစေ။

❖ နာမ်အထူးပြုများကအထူးပြုခံနာမ်များအား ထူးခြားစေပုံကို ရှင်းပြပါ။

**လေ့ကျင့်ခြင်း** ၁၀ မိနစ်

❖ ကျောင်းသားများကို ကျား၊ မ မျှတစွာအုပ်စု ၄ စုဖွဲ့ပါ။ နာမ်အထူးပြု အမျိုးအစားစုံလင်သည့် စာပိုဒ်များရေးထားသည့်စာရွက်ကို အုပ်စုများအားဝေ‌ပြီးနာမ်အထူးပြုများကို ရွေးထုတ်ပါစေ။ ပြီးလျှင် အုပ်စု ၂ စု စီကို အပြန်အလှန် စစ်ဆေးပါစေ။

❖ ဦးမောင်စိန်သည် **သာယာသော** မြို့ကလေးတွင် နေထိုင်သည်။ သူ၏ အိမ်ကလေးမှာ **ကျယ်ဝန်းသည့်** ခြံဝင်းရှိပြီး၊ ဘေးပတ်လည်တွင် **စိမ်းလန်းသော**သီးပင်စားပင်များကို စိုက်ပျိုးထားသည်။ သူ့ခြံဝင်းကို **လှပသော** အုတ်တံတိုင်းခတ်ထားပြီး **အလင်းရောင်ရသည့်**မီးလုံးကလေးများ တပ်ဆင်ထားသည်။ ထို့ကြောင့် " တွေ့မြင်သူတိုင်းကို **စိတ်ချမ်းသာစေမဲ့ အေးချမ်းလှပတဲ့** အိမ်ကလေးပဲ " ဟု အများ၏ ချီးကျူးခြင်းကိုခံရသည်။

❖ အနက်ရောင်တင်ထားသော စကားလုံးများသည် အဖြေများဖြစ်ကြသည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

❖ ကျောင်းသားများ၏ အဖြေကို ဆရာက အကဲဖြတ်ပါ။

❖ လိုအပ်လျှင် ဖြည့်စွက်ရှင်းလင်းပြပါ။

**အဓိကရည်မှန်းချက်များ**

❖ ကြိယာများကို **သော**၊ **သည့်**၊ **မည့်**၊ **တဲ့**၊ **မဲ့** နောက်ဆက်စကားလုံးများဆက်ပေးခြင်းဖြင့် နာမ်အထူးပြု များဖြစ်လာကြောင်း သိရမည်။

❖ အပြောပုံစံနှင့် အရေးပုံစံနာမ်အထူးပြုများကို ခွဲခြား၍ သိရမည်။

## စာသင်ချိန် ၂

### ၁၊ ၂။ နာမ်အထူးပြုများကို လက်တွေ့အသုံးပြုခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

❖ ဝါကျ၊ စာပိုဒ်မှ နာမ်အထူးပြုများကို ရွေးချယ်ထုတ်နုတ်တတ်ရန်

❖ နာမ်အထူးပြုများကို ဝါကျများတွင် မှန်ကန်စွာသုံးတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ဤစာသင်ချိန်တွင် စာပိုဒ်များမှ နာမ်အထူးပြုများကို ထုတ်နုတ်တတ်ရန်နှင့် နာမ်အထူးပြုများကို ဝါကျတွင်သုံးတတ်ရန် သင်ကြားလေ့ကျင့်မည်ဖြစ်ကြောင်းပြောပြမိတ်ဆက်ပါ။

**သင်ကြားခြင်း** **၅ မိနစ်**

❖ အောက်ပါဝါကျများကို သာဓကပေး၍ အထူးပြုပုံများကို သဘောပေါက်အောင်ထပ်မံရှင်းပါ။

- ◆ မြန်မာပြည်တွင် တောင်စဉ်တောင်တန်းတို့ဖြင့် **လှပသော** မြို့များရှိသည်။
- ◆ **လူတို့စားသည့်** အစာအာဟာရများသည် သန့်ရှင်းရန်လိုအပ်သည်။
- ◆ ကျောင်းပတ်ဝန်းကျင်ဆိုတာ **သန့်ရှင်းတဲ့**နေရာဖြစ်ရမယ်။
- ◆ မိမိတို့**စာသင်ကြားမည့်** အခန်းကို သန့်ရှင်းရန် လိုသည်။
- ◆ ကလေးငယ်တို့ကို **ရောဂါရမဲ့**ကိစ္စများ မလုပ်ကြဖို့ပြောပေးပါ။

❖ အနက်ရောင်တင်ထားသော စကားစုများသည် နာမ်အထူးပြုများဖြစ်သည်။

**လေ့ကျင့်ခြင်း** **မိနစ် ၃၀**

❖ ကျောင်းသားများကို ကျား၊ မ မျှတစွာ အုပ်စု ၄ စု ဖွဲ့ပေးပါ။

❖ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၈၁)မှ လေ့ကျင့်ခန်းမေးခွန်း (၁)ကို ဖြေဆိုပါစေ။

❖ ပြီးလျှင် အုပ်စု ၂ စုကို အပြန်အလှန်စစ်ဆေးစေပြီး ဆရာ့ထံ တင်ပြပါစေ။

❖ ဆရာက အထူးပြုခံနာမ်နှင့် ဆီလျော်သော အဓိပ္ပာယ်ရှိသည့် နာမ်အထူးပြုကို တွဲစပ်ပေးမှသာ အသုံးပြုပုံမှန်ကန်မည်ဖြစ်ကြောင်းရှင်းပြပါ။

**အဖြေ–** (က) ရိုင်းစိုင်းသည့် (ခ) အေးမြတဲ့ (ဂ) အမှိုက်ကင်းစင်မည့် (ဃ) ရနံ့မွှေးသော (င) လာမဲ့

❖ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၈၁)မှ လေ့ကျင့်ခန်းမေးခွန်း (၂)ကို ဖြေဆိုပါစေ။

❖ ပြီးလျှင် အုပ်စု ၂ စုကို အပြန်အလှန်စစ်ဆေးစေပြီး ဆရာ့ထံ တင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ဆရာက နာမ်အထူးပြုများကို အထူးပြုခံနာမ်များနှင့် အဓိပ္ပာယ်ဆီလျော်အောင် အသုံးပြုတတ်ရန် အရေးကြီးကြောင်းရှင်းပြပါ။

❖ ဆီလျော်အောင် အသုံးပြုထားသော နာမ်အထူးပြုအဖြေများကို သုံးသပ်အကဲဖြတ်ပြပါ။

**အဖြေ–** (က) စကားထာဝှက်မည့် (ခ) ဖြေမည့် (ဂ) ဖြေနိုင်တဲ့ (ဃ) အဖြေမှန်သည့် (င) ရှုံးသော

**အဓိကရည်မှန်းချက်များ**

❖ နောက်ဆက်စကားလုံးများပါသော နာမ်အထူးပြုများကို ဝါကျ၊ စာပိုဒ်များတွင် ရှာဖွေတတ်ရမည်။

❖ နာမ်အထူးပြုများကို ဝါကျများတွင် မှန်ကန်စွာသုံးတတ်ရမည်။

**၁၉၊ ၂၊ ၂။ က၊ ၏၊ ရဲ့၊ နှင့်၊ နဲ့ စသည့် နောက်ဆက်စကားလုံးများပါသည့် နာမ်အထူးပြု**

**စုစုပေါင်းစာသင်ချိန် ၂ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

**သင်ယူမှုရလဒ်များ**

❖ နာမ်အထူးပြုအကြောင်းသိရှိလာမည်။

❖ နာမ်အထူးပြုပုံစံအမျိုးမျိုးကို ရှင်းလင်းစွာ သိလာမည်။

❖ နာမ်အထူးပြုများကို အပြောဝါကျနှင့်အရေးဝါကျများတွင် မှန်ကန်စွာသုံးတတ်လာမည်။

❖ နောက်ဆက်စကားလုံးများကို ခွဲခြားတတ်လာမည်။

**သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း**

❖ နာမ်အထူးပြုပုံစံကတ်ပြားများ

❖ နာမ်အထူးပြုနှင့်သက်ဆိုင်သည့် လေ့ကျင့်ခန်းများ

❖ နာမ်အထူးပြုအမျိုးအစားစုံလင်သည့် စာပိုဒ်များ

**ရရှိစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

❖ လေ့ကျင့်ခန်းများကို အုပ်စုဖွဲ့လေ့ကျင့်စေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှုစွမ်းရည်

❖ လေ့ကျင့်ခန်းမေးခွန်းများကို အချင်းချင်းဆွေးနွေးတင်ပြစေခြင်းဖြင့် ပြောဆိုဆက်သွယ်မှုစွမ်းရည်

❖ အခြားအုပ်စုများ၏ ပြောဆိုချက်များကို အကဲဖြတ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်

❖ နာမ်အထူးပြုစကားလုံးပါသည့် ဝါကျများကို ကိုယ်တိုင်ရေးသားခြင်းဖြင့် ဖန်တီးမှုစွမ်းရည်တို့ကို ရရှိလာပါမည်။

## စာသင်ချိန် ၁

### ၁၊ ၁။ နာမ်အထူးပြုအကြောင်း မိတ်ဆက်သင်ကြားခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

- ❖ နာမ်အထူးပြု အကြောင်းကို သိရှိစေရန်
- ❖ နာမ်အထူးပြုပုံစံအမျိုးမျိုးကို သိရှိစေရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

- ❖ ယခုစာသင်ချိန်တွင် **က၊ ၏၊ ရဲ့၊ နှင့်၊ နဲ့** စသည့်နောက်ဆက်စကားလုံးများပါသည့် နာမ်အထူးပြုများကို စတင်သင်ကြားမည်ဖြစ်ကြောင်း ရှင်းပြမိတ်ဆက်ပါ။

**သင်ကြားခြင်း** ၂၅ မိနစ်

- ❖ နာမ်နှင့် နာမ်စားအချို့တို့၏ နောက်၌ **က၊ ၏၊ ရဲ့၊ နှင့်၊ နဲ့** စသည့် နောက်ဆက်စကားများ ထည့်ပေးခြင်းဖြင့် နာမ်အထူးပြုများဖြစ်လာနိုင်ကြောင်းရှင်းပြပါ။
- ❖ **က၊ ၏၊ နှင့်** နောက်ဆက်များဆက်သည့် နာမ်အထူးပြုများကို အရေးဝါကျများတွင်သုံးပြီး **ရဲ့၊ နဲ့** နောက်ဆက်များ ဆက်သည့် နာမ်အထူးပြုများကို အပြောဝါကျများတွင် သုံးကြောင်းရှင်းပါ။
- ❖ အောက်ပါနောက်ဆက်စကားလုံးများပါသည့် နာမ်အထူးပြုပုံစံကတ်ပြားများကို သင်ပုန်းတွင် ချိတ်ထားပါ။
- ❖ **ဤမြို့ကလမ်း၊ ယမန်နှစ်က ပြက္ခဒိန်၊ ရွာကလေး၏ ကျောင်း၊ ဤအခန်းရဲ့တံခါး၊ ဦးထုပ်နှင့်ကလေး၊ မျက်မှန် နဲ့ ကျောင်းသူ**
- ❖ 'ဤမြို့က(နာမ်အထူးပြု)က လမ်း(နာမ်)ကို၊ ယမန်နှစ်က(နာမ်အထူးပြု)က ပြက္ခဒိန်(နာမ်)ကို၊ ရွာကလေး ၏(နာမ်အထူးပြု)က ကျောင်း(နာမ်)ကို၊ ဤအခန်းရဲ့(နာမ်အထူးပြု)က တံခါး (နာမ်) ကို ဦးထုပ်နှင့် (နာမ်အထူးပြု) က ကလေး(နာမ်)ကို၊ မျက်မှန်နဲ့ (နာမ်အထူးပြု)က ကျောင်းသူ (နာမ်)ကို 'အသီးသီး ထူးခြားစေပုံ သို့မဟုတ် အထူးပြုပုံတို့ကို ဆရာကရှင်းပြပါ။
- ❖ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ(၈၂)မှ နောက်ဆက်စကားလုံးများပါသည့် နာမ်အထူးပြုစာပိုဒ်ကို ကျောင်းသားအားလုံးဖတ်ပါစေ။
- ❖ နာမ်အထူးပြုများက အထူးပြုခံနာမ်များအား ထူးခြားစေပုံကိုရှင်းပြပါ။



DBEBOX

**လေ့ကျင့်ခြင်း** **၁၀ မိနစ်**

❖ ကျောင်းသားများကို သင့်လျော်သလို ကျား၊ မ မျှတစွာအုပ်စု ၄ စုဖွဲ့ပါ။ နာမ်အထူးပြု အမျိုးအစားစုံလင်သည့် စာပိုဒ်များရေးထားသည့်စာရွက်ကို အုပ်စုများအားဝေငှပြီး နာမ်အထူးပြုများကို ရွေးထုတ်ပါစေ။ ပြီးလျှင် အုပ်စု ၂ စုစီကို အပြန်အလှန် စစ်ဆေးပါစေ။

◆ ပုဂ္ဂလိကကျောင်းများတွင် **ဘောင်းဘီနှင့်**ကျောင်းသားများကို တွေ့ရသော်လည်း အစိုးရကျောင်းများတွင် **ပုဆိုးနှင့်** ကျောင်းသားများကိုတွေ့ရသည်။ **စာသင်ခန်းထဲက** ကျောင်းသားတိုင်းသည် **ဆရာတို့၏** တပည့်များဖြစ်ကြသည်။ တပည့်များကလည်း ဆရာ့ကို တွေ့လျှင် **"တိုက်ပုံနဲ့** ဆရာဟာ **ငါတို့ရဲ့** ဆရာပဲ" ဟု ဂုဏ်ယူပြီး ပြောတတ်ကြသည်။

❖ အနက်ရောင်တင်ထားသော စကားလုံးများသည် အဖြေများဖြစ်သည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ကျောင်းသားများ၏အဖြေကို ဆရာကစစ်ဆေးအကဲဖြတ်ပါ။

❖ လိုအပ်လျှင် ဖြည့်စွက်ရှင်းလင်းပါ။

**အဓိကရည်မှန်းချက်များ**

❖ နာမ်နှင့် နာမ်စားအချို့တို့၏ နောက်၌ **က**၊ **၏**၊ **ရဲ့**၊ **နှင့်**၊ **နဲ့** နောက်ဆက်စကားလုံးများ ဆက်ပေးခြင်းဖြင့် နာမ်အထူးပြုများ ဖြစ်လာကြောင်းသိရမည်။

❖ အပြောပုံစံနှင့်အရေးပုံစံနာမ်အထူးပြုများကို ခွဲခြား၍ သိရမည်။

## စာသင်ချိန် ၂

## ၁၊ ၂။ နာမ်အထူးပြုများကိုလက်တွေ့အသုံးပြုခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ဝါကျ၊ စာပိုဒ်မှနာမ်အထူးပြုများကို ရွေးချယ်ထုတ်နုတ်တတ်ရန်

❖ နာမ်အထူးပြုများကို ဝါကျများတွင် မှန်ကန်စွာ သုံးတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ဤစာသင်ချိန်တွင် စာပိုဒ်များမှ နာမ်အထူးပြုများကို ထုတ်နုတ်တတ်ရန်နှင့်နာမ်အထူးပြုများကို ဝါကျတွင် သုံးတတ်ရန် သင်ကြားလေ့ကျင့်မည်ဖြစ်ကြောင်းပြောပြမိတ်ဆက်ပါ။

**သင်ကြားခြင်း** **၅ မိနစ်**

❖ အောက်ပါစာကြောင်းများကို သာဓကပေး၍ အထူးပြုပုံများကို သဘောပေါက်အောင်ထပ်မံရှင်းပြပါ။

◆ မန္တလေးက ထိုးမုန့်သည် အလွန်ကောင်းသည်။

◆ တုတ်ကောက်နဲ့ ဘကြီးကို ခေါ်လိုက်ပါ။

◆ လူကလေး ရဲ့ ပေတံ ကို လွယ်အိတ်ထဲ ထည့်ထားပါ။

◆ အတန်းထဲတွင် မျက်မှန်နှင့် ကျောင်းသား ပထမရသည်။

◆ မောင်မောင်၏ စာအုပ်စားပွဲပေါ်မှာရှိသည်။

❖ အထက်ပါဝါကျများ၌မန္တလေးက၊ တုတ်ကောက်နဲ့၊ လူကလေးရဲ့၊ မျက်မှန်နှင့်၊ မောင်မောင်၏ တို့သည် သက်ဆိုင်ရာနာမ်များကို ထူးခြားစေသော နာမ်အထူးပြုများဖြစ်ကြောင်းရှင်းပြပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၃၀**

❖ ကျောင်းသားများကို ကျောင်းသားဦးရေအလိုက် ကျား၊ မ မျှတစွာ အုပ်စု ၄ စု ဖွဲ့ပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၈၃)မှ လေ့ကျင့်ခန်းမေးခွန်း (၁)ကို ဖြေဆိုပါစေ။

❖ ပြီးလျှင် အုပ်စု ၂ စု ကို အပြန်အလှန်စစ်ဆေးစေပြီး ဆရာ့ထံတင်ပြပါစေ။

❖ ဆရာက အထူးပြုခံနာမ်နှင့် ဆီလျော်သော အဓိပ္ပာယ်ရှိသည့် နာမ်အထူးပြုကို တွဲစပ်ပေးမှ အသုံးပြုပုံ မှန်ကန်မည်ဖြစ်ကြောင်းရှင်းပြပါ။

**အဖြေ**– (က) မျက်မှန်နှင့် (ခ) ကျောက်ပန်းတောင်းက (ဂ) တိုင်းပြည်၏ (ဃ) အဘွားရဲ့
(င) ထီးကလေးနဲ့

❖ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၈၃)မှ လေ့ကျင့်ခန်း(၂)ကို ဖြေဆိုပါစေ။

❖ ပြီးလျှင် အုပ်စု ၂ စုကို အပြန်အလှန်စစ်ဆေးစေပြီး ဆရာထံတင်ပြပါစေ။

**အဖြေ**– (က) တပည့်များရဲ့အောင်မြင်မှုကို ဆရာက ချီးကျူးသည်။
(ခ) တိုက်ပုံအင်္ကျီနဲ့ဆရာသည် သဘောကောင်းသည်။
(ဂ) မနှစ်က ပြက္ခဒိန်ကို သိမ်းထားပါ။
(ဃ) ဆရာဝန်၏ထောက်ခံစာယူလာပါ။
(င) လမ်းပေါ်တွင် အဖြူအစိမ်းနှင့်ကျောင်းသားများကိုတွေ့ရသည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ဆရာက နာမ်အထူးပြုများကို အထူးပြုခံနာမ်များနှင့် အဓိပ္ပာယ်ဆီလျော်အောင် အသုံးပြုတတ်ရန် အရေးကြီးကြောင်းရှင်းပြပါ။

❖ ဆီလျော်အောင် အသုံးပြုထားသော နာမ်အထူးပြုအဖြေများကို သုံးသပ်အကဲဖြတ်ပြပါ။

**အဓိကရည်မှန်းချက်များ**

❖ နောက်ဆက်စကားလုံးများပါသည့် နာမ်အထူးပြုများကို ဝါကျ၊ စာပိုဒ်များတွင် ရှာဖွေတတ်ရမည်။

❖ နာမ်အထူးပြုများကို ဝါကျများတွင် မှန်ကန်စွာသုံးတတ်ရမည်။

## ၁၉၊ ၂၊ ၃။ သော၊ သည့်၊ မည့်၊ တဲ့၊ မဲ့ ဟူသော နောက်ဆက်စကားလုံးများမပါသော နာမ်အထူးပြု

**စုစုပေါင်းစာသင်ချိန် ၂ ချိန်၊ တစ်ချိန် ၄၅မိနစ်**

### သင်ယူမှုရလဒ်များ

❖ နာမ်အထူးပြုအကြောင်းသိရှိလာမည်။

❖ နာမ်အထူးပြုပုံစံအမျိုးမျိုးကို ရှင်းလင်းစွာ သိလာမည်။

❖ နာမ်အထူးပြုများကို အပြောဝါကျနှင့်အရေးဝါကျများတွင် မှန်ကန်စွာ သုံးတတ်လာမည်။

❖ နောက်ဆက်စကားလုံးများကို ခွဲခြားတတ်လာမည်။

### သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း

❖ နာမ်အထူးပြုနှင့်သက်ဆိုင်သည့် လေ့ကျင့်ခန်းများ

❖ နာမ်အထူးပြုအမျိုးအစားစုံလင်သည့် စာပိုဒ်များ

### ရရှိစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု

❖ လေ့ကျင့်ခန်းများကို အုပ်စုဖွဲ့လေ့ကျင့်စေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှုစွမ်းရည်

❖ လေ့ကျင့်ခန်းမေးခွန်းများကို အချင်းချင်းဆွေးနွေးတင်ပြစေခြင်းဖြင့် ပြောဆိုဆက်သွယ်မှုစွမ်းရည်

❖ အခြားအုပ်စုများ၏ ပြောဆိုချက်များကို အကဲဖြတ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်

❖ နာမ်အထူးပြုစကားလုံးပါသည့် ဝါကျများကို ကိုယ်တိုင်ရေးသားခြင်းဖြင့် ဖန်တီးမှုစွမ်းရည်တို့ကို ရရှိလာပါမည်။

DBE BOX

## စာသင်ချိန် ၁

### ၁၊ ၁။ နာမ်အထူးပြုအကြောင်း မိတ်ဆက်သင်ကြားခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

- ❖ နာမ်အထူးပြု အကြောင်းကို သိရှိစေရန်
- ❖ နာမ်အထူးပြုပုံစံအမျိုးမျိုးကို သိရှိစေရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

- ❖ ယခုစာသင်ချိန်တွင် **သော၊ သည့်၊ မည့်၊ တဲ့၊ မဲ့** ဟူသောနောက်ဆက်စကားလုံးမပါသည့် နာမ်အထူးပြုကို သင်ကြားမည်ဖြစ်ကြောင်း မိတ်ဆက်ပေးပါ။
- ❖ ရှေ့စာသင်ချိန်တွင် သင်ကြားခဲ့သည့် နာမ်၊ နာမ်စားအချို့တို့၏နောက်တွင်ဆက်ကာ နာမ်အထူးပြုအဖြစ်သုံး၍ရသော **"က၊ ၏၊ ရဲ့၊ နှင့်၊ နဲ့"** ဟူသည့် နောက်ဆက်များနှင့်မသက်ဆိုင်ကြောင်းကိုလည်း ရှင်းပြပါ။

**သင်ကြားခြင်း** ၂၅ မိနစ်

- ❖ အချို့သော နာမ်နှင့် ကြိယာတို့သည် **သော၊ သည့်၊ မည့်၊ တဲ့၊ မဲ့** ဟူသောနောက်ဆက်မပါဘဲ နာမ်ကို အထူးပြုနိုင်ကြောင်းရှင်းပြပါ။
- ❖ နောက်ဆက်စကားလုံးများမပါသည့် နာမ်အထူးပြုပုံစံများကို သင်ပုန်းပေါ်တွင် ရေးမှတ်ထားပါ။

**'ဆင်ရိုင်း၊ ရေအိုး၊ စိန်လက်စွပ်၊ ထမင်းကြော်၊ ပဲပြုတ်၊ လူတော်'**

ထိုနာမ်အထူးပြုပုံစံများတွင်

- ◆ ရိုင်း(ကြိယာ)က ဆင် (နာမ်)ကို ၊ ရေ(နာမ်)က အိုး(နာမ်)ကို ၊ စိန်(နာမ်)က လက်စွပ်(နာမ်)ကို၊ ကြော်(ကြိယာ)က ထမင်း(နာမ်) ကို၊ ပြုတ် (ကြိယာ)က ပဲ(နာမ်)ကို၊ တော်(ကြိယာ)က လူ(နာမ်)ကို အသီးသီးအထူးပြုကြောင်းရှင်းပြပါ။

- ❖ **အလှဆုံး**စသော အသာလွန်ဆုံးအဆင့်ပုဒ်များသည်လည်း နောက်ဆက်မပါဘဲ နာမ်ကိုအထူးပြုကြောင်း ရှင်းပြပါ။ **သာဓက− အလှဆုံး**မိန်းကလေး
- ❖ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၈၄)မှ နာမ်အထူးပြုများပါသည့် စာပိုဒ်ကို ကျောင်းသားအားလုံးဖတ်ပါစေ။
- ❖ နာမ်အထူးပြုများက အထူးပြုခံနာမ်များအား ထူးခြားစေပုံ သို့မဟုတ် အထူးပြုပုံကိုရှင်းပြပါ။

**လေ့ကျင့်ခြင်း** **၁၀ မိနစ်**

❖ ကျောင်းသားများကို သင့်လျော်သလို ကျားမ အုပ်စု ၄ စုဖွဲ့ပါ။ နာမ်အထူးပြု အမျိုးအစားစုံလင်သည့် စာပိုဒ်များရေးထားသည့်စာရွက်ကို အုပ်စုများအားဝေငှပြီး နာမ်အထူးပြုများကို ရွေးထုတ်ပါစေ။ ပြီးလျှင် အုပ်စု ၂ စု စီကို အပြန်အလှန် စစ်ဆေးပါစေ။

◆ **လွယ်အိတ်လွယ်ထားသော** ကျောင်းသားများကျောင်းသွားနေကြသည်။ ကျောင်းသူများတွင် **ဆံပင်ရှည်ကြီးများ**မတွေ့ရပါ။ **ရေပုလင်းနှင့် ထမင်းဘူးများသာ** ပါပါသည်။ **ဟင်းဘူးများတွင်** သူတို့ **အကြိုက်ဆုံးဟင်းဖြစ်သော** ငါး**ကြော်**နှင့်ဟင်း**ချို**များကိုတွေ့ရသည်။

❖ အနက်ရောင်တင်ထားသော စကားလုံးများသည် နာမ်အထူးပြုများဖြစ်ကြသည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ကျောင်းသားများ၏ အဖြေကို ဆရာကစစ်ဆေးအကဲဖြတ်ပါ။

❖ လိုအပ်လျှင် ဖြည့်စွက်ရှင်းလင်းပါ။

**အဓိကရည်မှန်းချက်**

❖ နောက်ဆက်စကားလုံးများမပါသည့် နာမ်အထူးပြုများအကြောင်းသိလာရမည်။

## စာသင်ချိန် ၂

## ၁၊ ၂။ နာမ်အထူးပြုများကို လက်တွေ့အသုံးပြုခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ဝါကျ၊ စာပိုဒ်မှနာမ်အထူးပြုများကို ရွေးချယ်ထုတ်နုတ်တတ်ရန်

❖ နာမ်အထူးပြုများကို ဝါကျများတွင် မှန်ကန်စွာ သုံးတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ဤစာသင်ချိန်တွင် စာပိုဒ်များမှ နာမ်အထူးပြုများကို ထုတ်နုတ်တတ်ရန်နှင့်နာမ်အထူးပြုများကို ဝါကျတွင်သုံးတတ်ရန် သင်ကြားလေ့ကျင့်မည်ဖြစ်ကြောင်းပြောပြမိတ်ဆက်ပါ။

**သင်ကြားခြင်း** **၅ မိနစ်**

❖ အောက်ပါစာကြောင်းများကို သာဓကပေး၍ အထူးပြုပုံများကို သဘောပေါက်အောင် ထပ်မံရှင်းပြပေးပါ။

- ◆ မြမြက ပုစွန်**ချဉ်** ကြိုက်သည်။
- ◆ လှလှက **ထိုး**မုန့်ကြိုက်သည်။
- ◆ ကျော်ကျော်က ကောက်ညှင်း**ပေါင်း** ကြိုက်သည်။
- ◆ ညီညီက ငှက်ပျော**ကြော်** ကြိုက်သည်။
- ◆ ကျွန်တော်က **အချိုဆုံး**မုန့်ကို ကြိုက်သည်။

❖ အထက်ပါဝါကျများ၌ အနက်ရောင်တင်ထားသော စကားလုံးများသည် နာမ်အထူးပြုများဖြစ်ကြောင်း ရှင်းပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၃၀**

❖ ကျောင်းသားများကို ကျား၊ မ မျှတစွာအုပ်စု ၄ စုဖွဲ့ပါ။

❖ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၈၅၊ ၈၆)မှ လေ့ကျင့်ခန်းမေးခွန်း (၁)ကို ဖြေဆိုပါစေ။

❖ ပြီးလျှင် အုပ်စု ၂ စုကို အပြန်အလှန်စစ်ဆေးစေပြီး ဆရာ့ထံတင်ပြပါစေ။

❖ ဆရာက နောက်ဆက်မပါသော နာမ်အထူးပြုများနှင့် အထူးပြုခံနာမ်တို့ မည်သို့တွဲစပ်ပုံကို ရှင်းပြပါ။

**အဖြေမှန်** – **လယ်**က ကြွက်မကို /**ချော**ကသမီးကို/ **မိုး**ကနတ်သားကို/ **လေ**ကမင်းကို/ **မိုး**ကတိမ်ညိုကို/ **ခြ**ကတောင်ပို့ကို/ **ကြီး**ကန္တားသိုးကို/ **နဖား**ကကြိုးကို/ **နှာခေါင်း**ကအပေါက်ကို/ **တန်ခိုးအကြီးဆုံး**က သူကို အသီးသီးအထူးပြုကြသည်။

❖ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၈၆)မှ လေ့ကျင့်ခန်းမေးခွန်း(၂)နှင့် (၃)တို့ကို ဖြေဆိုပါစေ။

❖ ပြီးလျှင် အုပ်စု ၂ စုကို အပြန်အလှန်စစ်ဆေးစေပြီး ဆရာ့ထံတင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ဆီလျော်အောင် အသုံးပြုထားသော နာမ်အထူးပြုအဖြေများကို ဆရာက သုံးသပ်အကဲဖြတ်ပြပါ။

**လေ့ကျင့်ခန်း (၂)**

**အဖြေမှန်** – (က) **ကောင်း**က လူကို (ခ) **အကောင်းဆုံး**က အသီးအနှံကို (ဂ) **ဆိုး**က လူကို (ဃ) **ကောင်း**က သူရဲကို (င) **မိန်းမဆိုး**က အမှန်းကို အသီးသီးအထူးပြုကြသည်။

**လေ့ကျင့်ခန်း (၃)**

**အဖြေမှန်** – (က) ကြမ်း (ခ) အကြိုက်ဆုံး (ဂ) ကောင်း (ဃ) မှန် (င) လှ



DBE BOX

**အဓိကရည်မှန်းချက်များ**

❖ နောက်ဆက်စကားလုံးမပါသော နာမ်အထူးပြုများကို ဝါကျနှင့် စာပိုဒ်များတွင် ရှာဖွေတတ်ရမည်။

❖ နာမ်အထူးပြုများကို ဝါကျများတွင် မှန်ကန်စွာ သုံးတတ်ရမည်။

## ၁၉၊ ၂၊ ၄။ ဤ၊ သည်၊ ထို၊ ယင်း၊ ၎င်း၊ ဟို၊ ဒီ ဟူသော အညွှန်းနာမ်အထူးပြု

**စုစုပေါင်းစာသင်ချိန် ၂ ချိန်၊ တစ်ချိန် ၄၅မိနစ်**

### သင်ယူမှုရလဒ်များ

❖ အညွှန်းနာမ်အထူးပြုအကြောင်းကို သိရှိလာမည်။

❖ ဝါကျများထဲတွင်ပါဝင်သောအညွှန်းနာမ်အထူးပြုများ၏ စကားလုံးများရွေးထုတ်တတ်မည်။

❖ အညွှန်းနာမ်အထူးပြုများကို အပြောဝါကျနှင့် အရေးဝါကျများတွင် မှန်ကန်စွာ သုံးတတ်လာမည်။

### သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း

❖ အညွှန်းနာမ်အထူးပြု ပုံစံကတ်ပြားများ

❖ အညွှန်းနာမ်အထူးပြုနှင့်သက်ဆိုင်သည့် လေ့ကျင့်ခန်းများ

❖ အညွှန်းနာမ်အထူးပြုအမျိုးအစားစုံလင်သည့် စာပိုဒ်များ

### ရရှိစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု

❖ လေ့ကျင့်ခန်းများကို အုပ်စုဖွဲ့ လေ့ကျင့်စေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှုစွမ်းရည်

❖ လေ့ကျင့်ခန်းမေးခွန်းများကို အချင်းချင်းဆွေးနွေးတင်ပြစေခြင်းဖြင့် ပြောဆိုဆက်သွယ်မှုစွမ်းရည်

❖ အခြားအုပ်စုများ၏ ပြောဆိုချက်များကို အကဲဖြတ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်

❖ အညွှန်းနာမ်အထူးပြုစကားလုံးပါသည့် ဝါကျများကို ကိုယ်တိုင်ရေးသားခြင်းဖြင့် ဖန်တီးမှုစွမ်းရည် တို့ကို ရရှိလာပါမည်။

DBE BOX

## စာသင်ချိန် ၁

### ၁၊ ၁။ အညွှန်းနာမ်အထူးပြုအကြောင်းမိတ်ဆက်သင်ကြားခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

❖ အညွှန်းနာမ်အထူးပြုများ အကြောင်းကိုသိရှိစေရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

❖ **ဤ၊ သည်၊ ထို၊ ယင်း၊ ၎င်း၊ ဟို၊ ဒီ** ဟူသော အညွှန်းနာမ်စားများသည် နောက်တွင်ရှိသော နာမ်ကို အထူးပြုခြင်းဖြင့် အညွှန်းနာမ်အထူးပြုများ ဖြစ်လာကြောင်း ရှင်းပြမိတ်ဆက်ပေးပါ။

❖ **ဤ၊ သည်၊ ထို၊ ယင်း၊ ၎င်း၊ ဟို၊ ဒီ** တို့ကို အညွှန်းနာမ်စားများအဖြစ် ဆဋ္ဌမတန်းတွင် သင်ခဲ့ပြီး ဖြစ်ကြောင်း သတိရအောင်ရှင်းပြပါ။

**သင်ကြားခြင်း** ၂၅ မိနစ်

❖ **ဤ၊ သည်၊ ထို၊ ယင်း၊ ၎င်း** တို့ကို အရေးဝါကျများတွင်သုံးပြီး **ဟို၊ ဒီ** တို့ကိုအပြောဝါကျများတွင် သုံးကြောင်း ရှင်းပြပါ။

❖ **ဤ၊ သည်၊ ယင်း၊ ၎င်း၊ ဒီ** တို့ကို အနီးကိုညွှန်သည့်အခါသုံးပြီး **ထို၊ ဟို** တို့ကို အဝေးကိုညွှန်သည့် အခါ သုံးကြောင်း ရှင်းပြပါ။

❖ ကျောင်းသားများကို 'ဤဒေသ၊ သည်အလုပ်၊ ထိုသစ်ပင်၊ ၎င်းစကားပုံ၊ ယင်းလုပ်ရပ်၊ ဟိုလူ၊ ဒီကား'အစရှိသည့် အမည်များနှင့် ရည်ညွှန်းချက်များပါသော ရုပ်ပုံကားချပ်များပြ၍ ရှင်းပြပါမည်။

❖ အထက်ပါ ရုပ်ပုံကားချပ်များတွင် **ဤ၊ သည်၊ ထို၊ ယင်း၊ ၎င်း၊ ဟို၊ ဒီ** တို့သည် ရှေ့တွင်ရှိသော နာမ်များကို ညွှန်ပြရင်းအထူးပြုသော နာမ်အထူးပြုများဖြစ်ကြောင်း ရှင်းပြပါ။

❖ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၈၇) မှ အညွှန်းနာမ်အထူးပြုများပါသည့် စာပိုဒ်ကို ကျောင်းသားအားလုံးဖတ်ပါစေ။

❖ အညွှန်းနာမ်အထူးပြုများက သက်ဆိုင်ရာနာမ်များကိုမည်သို့ ညွှန်ပြအထူးပြုကြောင်း ရှင်းပြပါ။

**လေ့ကျင့်ခြင်း** ၁၀ မိနစ်

❖ ကျောင်းသားများကို သင့်လျော်သလို ကျား၊ မ မျှတစွာအုပ်စု ၄ စုဖွဲ့ပါ။ နာမ်အထူးပြု အမျိုးအစားစုံလင်သည့် စာပိုဒ်များရေးထားသည့်စာရွက်ကို အုပ်စုများအားဝေငှပြီး အညွှန်းနာမ်အထူးပြုများကို ရွေးထုတ်၍ မည်သို့အထူးပြုကြောင်း ရှင်းပြပါစေ။



DBE BOX

❖ ပြီးလျှင် အုပ်စု ၂ စုစီကို အပြန်အလှန်စစ်ဆေးပါစေ။

❖ ကျွန်တော်တို့ရွာတွင် အထက်တန်းကျောင်းတစ်ကျောင်း ရှိသည်။ **ဤ**ကျောင်း၏ကျောင်းအုပ်မှာ အမျိုးသားဆရာကြီးဖြစ်သည်။ ကျွန်တော်တို့ရွာ၏ အရှေ့ဘက်ရွာတွင်လည်း အထက်တန်းကျောင်း ရှိပါသည်။ **ထို**ကျောင်း၏ ကျောင်းအုပ်မှာ ဆရာမကြီးဖြစ်သည်။ ကျွန်တော်တို့ရွာတွင် စာသင်ကောင်းသော ဆရာနှစ်ယောက် နေထိုင်ပါသည်။ **၎င်း**ဆရာနှစ်ယောက်မှာ အထက်တန်းကျောင်းတစ်ကျောင်းစီတွင် စာသင်ကြပါသည်။ **ယင်း**အကြောင်းကြောင့် ရွာမှမိဘများသည် ကိုယ့်ကလေးများကို "**ဟို**ကျောင်းမှာထားရမလား၊ **ဒီ**ကျောင်းမှာ ထားရမလား"ဟု နီးစပ်ရာကို မေးမြန်းကာ သင့်လျော်သလို ကျောင်းထားကြရသည်။

❖ အနက်ရောင်တင်ထားသော စကားလုံးများသည် အညွှန်းနာမ်အထူးပြုများဖြစ်သည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ကျောင်းသားများ၏အဖြေကို ဆရာက စစ်ဆေးအကဲဖြတ်ပါ။

❖ လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းပြပါ။

**အဓိကရည်မှန်းချက်**

❖ **ဤ၊ သည်၊ ထို၊ ယင်း၊ ၎င်း၊ ဟို၊ ဒီ** ဟူသော အညွှန်းနာမ်စားတို့ကို အညွှန်းနာမ်အထူးပြုများအဖြစ် သုံးနိုင်ကြောင်းသိရမည်။

## စာသင်ချိန် ၂

### ၁၊ ၂။ နာမ်အထူးပြုများကိုလက်တွေ့အသုံးပြုခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ဝါကျ၊ စာပိုဒ်မှ အညွှန်းနာမ်အထူးပြုများကို ရွေးချယ်ထုတ်နုတ်ရန်

❖ ဝါကျများတွင် လက်တွေ့အသုံးပြုတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ဤစာသင်ချိန်တွင် ဝါကျ၊ စာပိုဒ်များမှ အညွှန်းနာမ်အထူးပြုများကို ရွေးချယ်ထုတ်နုတ်တတ်ရန်နှင့် လက်တွေ့အသုံးချတတ်ရန် သင်ကြားလေ့ကျင့်မည်ဖြစ်ကြောင်း ရှင်းပြမိတ်ဆက်ပါ။

**သင်ကြားခြင်း** **၂၅ မိနစ်**

❖ အောက်ပါစာကြောင်းများကို သာဓကပေး၍ အညွှန်းနာမ်အထူးပြုပုံများကို သဘောပေါက်အောင် ထပ်မံရှင်းပြပါ။

- ◆ အစိုးရကျောင်း၌ ကျောင်းဆရာကြီးတစ်ဦးရှိ၏။ **ထို**ဆရာကြီးကား ဦးဘဖြစ်၏။
- ◆ **ဤ**သူကား အဘယ်နည်း။
- ◆ **ဤ**လူကားကောင်း၏၊ **ထို**လူကားတော်၏။
- ◆ **ဤ**စရိတ်နှင့် ခရီးမသွားနိုင်ပါ။
- ◆ **ယင်း**ကား ပညာရှိတို့၏ အဆိုအမိန့်တည်း။

**အထက်ပါဝါကျများ၌–**

- ❖ အစိုးရကျောင်း၌ကျောင်းဆရာကြီးတစ်ဦးရှိ၏။ **ထို**ဆရာကြီးကား ဦးဘဖြစ်၏။ ဖော်ပြပြီးသော နာမ်ကိုညွှန်းလိုလျှင် **ထို** ကိုသုံးသည်။ အနီးရှိနာမ်ကို ညွှန်းလိုလျှင် **ဤ** ကို သုံးသည်။
- ❖ **'ယင်း'** ဟူသော အညွှန်းစကားလုံးကို **ထို**ကဲ့သို့ သုံးနိုင်သည်။
- ❖ လူတစ်ယောက်လာ၏။ ယင်းလူကို မသိ။ ဟုဆိုရာ၌ **ယင်း** ကို **ထို** ကဲ့သို့ သုံးနိုင်သည်။
- ❖ အနက်ရောင်တင်ထားသော စကားလုံးများသည် အညွှန်းနာမ်အထူးပြုစကားလုံးများဖြစ်ကြောင်း ရှင်းပြပေးပါ။

**လေ့ကျင့်ခြင်း** **၁၀ မိနစ်**

- ❖ ကျောင်းသားများကို သင့်လျော်သလို ကျား၊ မ မျှတစွာအုပ်စု ၄ စုဖွဲ့ပါ။
- ❖ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၈၈) လေ့ကျင့်ခန်းမေးခွန်း (၁) ကို ဖြေဆိုပါစေ။
- ❖ ပြီးလျှင် အုပ်စု ၂ စုကို အပြန်အလှန် စစ်ဆေးစေပြီး ဆရာ့ထံ တင်ပြပါစေ။
- ❖ ဆရာက အသုံးမှန်၊ မှား ကို ထောက်ပြ၍ အကဲဖြတ်ပြပါ။

**အဖြေမှန်**

(က) ထို၊ (ခ) ဤ၊ (ဂ) ထို၊ (ဃ) ယင်း၊ (င) ၎င်း၊

မှတ်ချက်။ ။ **ထို** နှင့် **ယင်း**ကို သင့်လျော်သလိုပြောင်း၍ သုံးနိုင်သည်။

- ❖ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၈၉) လေ့ကျင့်ခန်းမေးခွန်း (၂) ကို ဖြေဆိုပါစေ။
- ❖ ပြီးလျှင် အုပ်စု ၂ စု စီကို အပြန်အလှန် စစ်ဆေးစေပြီး ဆရာ့ထံတင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

- ❖ ဆရာက အညွှန်းနာမ်အထူးပြုများ အသုံးပြုပုံကို ထပ်မံရှင်းပြပြီး အဖြေမှန်ကို သုံးသပ်ပြပါ။



DBE BOX

**အဖြေမှန်–** အညွှန်းနာမ်အထူးပြု + အထူးပြုခံနာမ်

| | | | |
|---|---|---|---|
| (က) | ဤ | + | သတင်း |
| (ခ) | ထို | + | အခက်အခဲ |
| (ဂ) | ၎င်း | + | တောင်ကြော |
| (ဃ) | ထို | + | စီမံကိန်း |
| (င) | ဤ | + | လေယာဉ်ကွင်း |

**အဓိကရည်မှန်းချက်များ**

❖ ဝါကျ၊ စာပိုဒ်များမှ အညွှန်းနာမ်အထူးပြုများကို သိရှိရမည်။

❖ အညွှန်းနာမ်အထူးပြုများကို ဝါကျများတွင် သုံးနိုင်ရမည်။

## ၁၉၊ ၂၊ ၅။ မည်သည့်၊ မည်မျှ၊ မည်သို့သော၊ ဘာ၊ ဘယ်၊ ဘယ်လို၊ ဘယ်လောက် ဟူသော အမေးနာမ်အထူးပြု

**စုစုပေါင်းစာသင်ချိန် ၂ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

**သင်ယူမှုရလဒ်များ**

❖ အမေးနာမ်အထူးပြုအကြောင်းကိုသိရှိလာမည်။

❖ ဝါကျများ၊ စာပိုဒ်များထဲတွင် ပါဝင်သော အမေးနာမ်အထူးပြုပုံစံအမျိုးမျိုးကို ရှင်းလင်းစွာ သိလာမည်။

❖ အမေးနာမ်အထူးပြုများကို အပြောဝါကျနှင့်အရေးဝါကျများတွင် မှန်ကန်စွာ သုံးတတ်လာမည်။

**သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း**

❖ အမေးနာမ်အထူးပြုပုံစံကတ်ပြားများ

❖ အမေးနာမ်အထူးပြုနှင့်သက်ဆိုင်သည့် လေ့ကျင့်ခန်းများ

❖ အမေးနာမ်အထူးပြုအမျိုးအစားစုံလင်သည့်စာပိုဒ်များ

**ရရှိစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

❖ လေ့ကျင့်ခန်းများကို အုပ်စုဖွဲ့လေ့ကျင့်စေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှုစွမ်းရည်

❖ လေ့ကျင့်ခန်းမေးခွန်းများကို အချင်းချင်းဆွေးနွေးတင်ပြစေခြင်းဖြင့် ပြောဆိုဆက်သွယ်မှုစွမ်းရည်



DREBOX

❖ အခြားအုပ်စုများ၏ ပြောဆိုချက်များကို အကဲဖြတ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်

❖ အမေးနာမ်အထူးပြုစကားလုံးပါသည့် ဝါကျများကို ကိုယ်တိုင်ရေးသားခြင်းဖြင့် ဖန်တီးမှုစွမ်းရည် တို့ကို ရရှိလာပါမည်။

## စာသင်ချိန် ၁

### ၁၊ ၁။ အမေးနာမ်အထူးပြုအကြောင်းမိတ်ဆက်သင်ကြားခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

❖ အမေးနာမ်အထူးပြု အကြောင်းကိုသိရှိစေရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ယခုစာသင်ချိန်တွင် **မည်သည့်၊ မည်မျှ၊ မည်သို့သော၊ ဘာ၊ ဘယ်၊ ဘယ်လို၊ ဘယ်လောက်** ဟူသော အမေးနာမ်အထူးပြုများအကြောင်း စတင်သင်ကြားမည်ဖြစ်ကြောင်း ရှင်းပြမိတ်ဆက်ပါ။

**သင်ကြားခြင်း** **၂၅ မိနစ်**

❖ **မည်သည့်၊ မည်မျှ၊ မည်သို့သော** တို့ကို အရေးဝါကျများတွင် အသုံးပြု၍ **ဘာ၊ ဘယ်၊ ဘယ်လို၊ ဘယ်လောက်** တို့ကို အရေးဝါကျနှင့် အပြောဝါကျများတွင် သုံးကြောင်းရှင်းပြပါ။

❖ 'မည်သည့်ဒေသ၊ အလုပ်မည်မျှ၊ မည်သို့သောပစ္စည်း၊ ဘာအစားအစာ၊ ဘယ်မြို့၊ ဘယ်လို အသီး၊ ငွေဘယ်လောက်' ဟူသည့် အမေးနာမ်အထူးပြုများနှင့် အထူးပြုခံနာမ်အတွဲကတ်ပြား တို့ကို သင်ပုန်းပေါ်တွင်ချိတ်ဆွဲပါ သို့မဟုတ် ရေးမှတ်ထားပါ။

❖ ထိုအမေးနာမ်အထူးပြုများသည် မည်သို့အဓိပ္ပာယ်များသက်ရောက်ကြောင်းရှင်းပြပေးပါ။

- **မည်သည့်** (အမေးနာမ်အထူးပြု ) က **ဒေသ** (နာမ်) ကို
- **မည်မျှ** (အမေးနာမ်အထူးပြု ) က **အလုပ်** (နာမ်) ကို
- **မည်သို့သော** (အမေးနာမ်အထူးပြု ) က **ပစ္စည်း** ( နာမ်) ကို
- **ဘာ** (အမေးနာမ်အထူးပြု ) က **အစားအစာ** (နာမ်) ကို
- **ဘယ်** (အမေးနာမ်အထူးပြု ) က **မြို့** (နာမ်) ကို
- **ဘယ်လို** (အမေးနာမ်အထူးပြု ) က **အသီး** (နာမ်) ကို
- **ဘယ်လောက်** (အမေးနာမ်အထူးပြု ) က **ငွေ** (နာမ်) ကို အသီးသီး အထူးပြုကြကြောင်း ရှင်းပြပါ။

❖ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၉၀) မှ အမေးနာမ်အထူးပြုများပါသည့် စာပိုဒ်ကို ကျောင်းသားအားလုံး ဖတ်ပါစေ။

❖ အမေးနာမ်အထူးပြုများက အထူးပြုခံနာမ်များအား မည်သို့ထူးခြားစေပုံ သို့မဟုတ် အထူးပြုပုံကို ဆရာက ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **၁၀ မိနစ်**

❖ ကျောင်းသားများကို ကျား၊ မ မျှတစွာ အုပ်စု ၄ စုဖွဲ့ပါ။

❖ အောက်ပါမေးခွန်းများရေးထားသောစာရွက်များကို အဖွဲ့လိုက်ဝေ၍ ကျောင်းသားများအဖွဲ့လိုက်ဖြေပါစေ။ ပြီးလျှင် အုပ်စု ၂ စုစီကို အပြန်အလှန် စစ်ဆေးပါစေ။

❖ **မည်သည့်၊ မည်မျှ၊ မည်သို့သော၊ ဘာ၊ ဘယ်၊ ဘယ်လို၊ ဘယ်လောက်** တို့ကို ကွက်လပ်များတွင် သင့်လျော်သလို ဖြည့်ပါ။

(က) လူတို့သည် ကျန်းမာရေးကောင်းရန် ----------- အစားအစာကို စားသင့်သနည်း။

(ခ) သတ္တမတန်းကျောင်းသားများသည် များသောအားဖြင့် အသက် ----------- ရှိကြမည်နည်း။

(ဂ) မြမြတို့မိသားစုက ----------ရာသီမှာ ခရီးထွက်တတ်သလဲ။

(ဃ) ဆရာက ကျောင်းသားများအား ပုစ္ဆာ-----------တွက်ပြသနည်း။

(င) လူငယ်တို့သည် -------------- ပညာရပ်ကို သင်ကြားကြသနည်း။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ဆီလျော်အောင် အသုံးပြုထားသည့် အမေးနာမ်အထူးပြုအဖြေများကို ဆရာက သုံးသပ်ပြပါ။

❖ ကျောင်းသားများ၏အဖြေကို ဆရာကလိုက်လံစစ်ဆေးပါ။

**အဖြေမှန်-** (က) မည်သည့် (ခ) မည်မျှ (ဂ) ဘယ်လို (ဃ) ဘယ်လောက် (င) မည်သို့သော

**အဓိကရည်မှန်းချက်**

❖ ဝါကျများတွင် အမေးနာမ်အထူးပြုများ အသုံးပြုပုံကို သိရှိရမည်။

## စာသင်ချိန် ၂

### ၁၊ ၂။ နာမ်အထူးပြုများကို လက်တွေ့အသုံးပြုခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ဝါကျ၊ စာပိုဒ်မှ နာမ်အထူးပြုများကို ရွေးချယ်ထုတ်နုတ်တတ်ရန်

❖ အမေးနာမ်အထူးပြုများကို ဝါကျများတွင် မှန်ကန်စွာသုံးတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ယခုစာသင်ချိန်တွင် အမေးနာမ်အထူးပြုများကို ဝါကျများတွင် လက်တွေ့အသုံးပြုတတ်ရန် သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ကြောင်း ရှင်းပြမိတ်ဆက်ပါ။

**သင်ကြားခြင်း** **၅ မိနစ်**

❖ အမေးနာမ်အထူးပြုများအား ဝါကျများ၌အသုံးပြုခြင်းကို သဘောပေါက်အောင် ထပ်မံရှင်းပြပါ။

- ◆ ဦးဘသည် **မည်သည့်**အစားအစာကို ကြိုက်နှစ်သက်သနည်း။
- ◆ မင်းတို့**ဘာ**အလုပ်ကို လုပ်ကြသလဲ။
- ◆ **မည်သို့သော**အရပ်သို့ သင်တို့သွားကြသနည်း။
- ◆ **ဘယ်လို**အဝတ်အစားကို ဝတ်သင့်သနည်း။
- ◆ ဤခရီးကို သင်တို့သွားလျှင် ငွေ **ဘယ်လောက်**ကုန်ကျမည်နည်း။
- ◆ လူတို့သည် ကျန်းမာရေးအတွက် တစ်နေ့လျှင် အစားအစာ **မည်မျှ**ကို စားသင့်သနည်း။

❖ အနက်ရောင်တင်ထားသော စကားလုံးများသည် အမေးနာမ်အထူးပြုစကားလုံးဖြစ်ကြောင်းရှင်းပြပေးပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၃၀**

❖ ကျောင်းသားများကို သင့်လျော်သလို ကျား၊ မ အုပ်စု ၄ စု ဖွဲ့ပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၉၁) မှ လေ့ကျင့်ခန်းမေးခွန်း(၁) ကို ဖြေဆိုပါစေ။

❖ ပြီးလျှင် အုပ်စု ၂ စုကို အပြန်အလှန် စစ်ဆေးစေပြီး ဆရာ့ထံ တင်ပြပါစေ။

❖ ဆရာက အမေးနာမ်အထူးပြုများ၏ ရှေ့နောက်ကွဲပြားသည့် အထူးပြုပုံများကို ရှင်းပြပြီးအဖြေမှန်ကို သုံးသပ်ပြပါ။

သာဓက။ ။ ဘာအလုပ် (**ဘာ**က**အလုပ်**ကိုအထူးပြုသည်။)

ငွေဘယ်လောက် (**ဘယ်လောက်**က **ငွေ**ကိုအထူးပြုသည်။)

**အဖြေမှန်–** **မည်မျှ** (အမေးနာမ်အထူးပြု) က **မုန့်ဖိုး** (နာမ်) ကို
**ဘာ** ( အမေးနာမ်အထူးပြု) က **ကား** (နာမ်) ကို
**မည်သည့်** (အမေးနာမ်အထူးပြု) က **မေးခွန်း**(နာမ်) ကို
**ဘယ်လောက်** (အမေးနာမ်အထူးပြု) က **ပိုက်ဆံ** (နာမ်) ကို
**ဘယ်လို** (အမေးနာမ်အထူးပြု) က **စကား** (နာမ်) ကို အသီးသီး အထူးပြုကြသည်။

❖ ဆက်လက်၍ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၉၁) မှ လေ့ကျင့်ခန်းမေးခွန်း (၂) ကို ဖြေဆိုပါစေ။

❖ ပြီးလျှင် အုပ်စု ၂ စုကို အပြန်အလှန် စစ်ဆေးစေပြီး ဆရာ့ထံတင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ဆရာက ကျောင်းသားများ၏ အဖြေတွင် အမေးနာမ်အထူးပြုများနှင့် အထူးပြုခံနာမ်တို့တွင် အဓိပ္ပာယ်ဆီလျော်မှု ရှိ၊ မရှိနှင့် အထူးပြုပုံ မှန်ကန်ခြင်း ရှိ၊ မရှိကို စစ်ဆေး၍ သုံးသပ် အကဲဖြတ်ပြပါ။

**အဓိကရည်မှန်းချက်**

❖ အမေးနာမ်အထူးပြုများကို ဝါကျများတွင် မှန်ကန်စွာ သုံးနိုင်ရမည်။

**၁၉၊ ၂၊ ၆။ သင်္ချာနာမ်အထူးပြု**

**စုစုပေါင်းစာသင်ချိန် ၂ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

**သင်ယူမှုရလဒ်များ**

❖ သင်္ချာနာမ်အထူးပြုအကြောင်းကိုသိရှိလာမည်။

❖ ဝါကျများ၊ စာပိုဒ်များထဲတွင် ပါဝင်သော သင်္ချာနာမ်အထူးပြုပုံစံအမျိုးမျိုးကို ရှင်းလင်းစွာ သိလာမည်။

**သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း**

❖ သင်္ချာနာမ်အထူးပြုပုံစံကတ်ပြားများ

❖ သင်္ချာနာမ်အထူးပြုနှင့် သက်ဆိုင်သည့် လေ့ကျင့်ခန်းများ

❖ သင်္ချာနာမ်အထူးပြုအမျိုးအစားစုံလင်သည့်စာပိုဒ်များ

**ရရှိစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

❖ လေ့ကျင့်ခန်းများကို အုပ်စုဖွဲ့လေ့ကျင့်စေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှုစွမ်းရည်

❖ လေ့ကျင့်ခန်းမေးခွန်းများကို အချင်းချင်းဆွေးနွေးတင်ပြစေခြင်းဖြင့် ပြောဆိုဆက်သွယ်မှုစွမ်းရည်



DBE BOX

❖ အခြားအုပ်စုများ၏ ပြောဆိုချက်များကို အကဲဖြတ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်

❖ သချ်ာနာမ်အထူးပြုစကားလုံးပါသည့် ဝါကျများကို ကိုယ်တိုင်ရေးသားခြင်းဖြင့် ဖန်တီးမှုစွမ်းရည် တို့ကို ရရှိလာပါမည်။

## စာသင်ချိန် ၁

### ၁၊ ၁။ သချ်ာနာမ်အထူးပြုအကြောင်းမိတ်ဆက်သင်ကြားခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ သချ်ာနာမ်အထူးပြု အကြောင်းကိုသိရှိစေရန်

❖ သချ်ာနာမ်အထူးပြုပုံစံအမျိုးမျိုးကို သိရှိစေရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ယခုစာသင်ချိန်တွင် အရေအတွက်၊ ပမာဏ၊ အစဉ်၊ အကြိမ်တို့ကိုပြသည့် သချ်ာနာမ်အထူးပြု များကို စတင်သင်ကြားမည်ဖြစ်ကြောင်း ရှင်းပြ မိတ်ဆက်ပေးပါ။

**သင်ကြားခြင်း** **၂၅ မိနစ်**

❖ အောက်ပါသချ်ာနာမ်အထူးပြုများနှင့် အထူးပြုခံနာမ်အတွဲကတ်ပြားများကို သင်ပုန်းပေါ်တွင် ချိတ်ထားပါ။

❖ **သစ်သီး ၅ လုံး၊ ကျောင်းသားအချို့၊ ၁၀နှစ်မြောက်မွေးနေ့ပွဲ၊ တတိယအကြိမ်ဆရာကန်တော့ပွဲ၊ မုန့်အနည်းငယ်၊ ကျောင်းအားလုံး**

❖ ၅ လုံး (အရေအတွက်)၊ အချို့ (ပမာဏ)၊ ၁၀ နှစ်မြောက် ( အစဉ်ပြ)၊ တတိယအကြိမ် (အစဉ်ပြ)၊ အနည်းငယ်(ပမာဏ)၊ အားလုံး (ပမာဏ) ဟူသော သချ်ာနာမ်အထူးပြုများက သက်ဆိုင်ရာနာမ်အသီးသီးအား အထူးပြုပုံကို ဆရာကရှင်းပြပါ။

❖ ထို့နောက် ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၉၂) မှ သချ်ာအထူးပြုများပါသည့် စာပိုဒ်ကို ကျောင်းသားများ အားလုံးဖတ်ပါစေ။

❖ သချ်ာနာမ်အထူးပြုက အထူးပြုခံနာမ်များကို မည်သို့အထူးပြုကြောင်းကို ဆရာကရှင်းပြပါ။

**လေ့ကျင့်ခြင်း** **၁၀ မိနစ်**

❖ ကျောင်းသားများကို သင့်လျော်သလို ကျား၊ မ အုပ်စု ၄ စု ဖွဲ့ပါ။

❖ အောက်ပါစာပိုဒ်ကို စာရွက်များတွင် အသင့်ရေးသားထားပြီး အုပ်စုလိုက်ဝေပါ။ သချ်ာနာမ် အထူးပြုစကားလုံးများကို ရွေးထုတ်ပါစေ။ ပြီးလျှင် အုပ်စု ၂ စုစီကို အပြန်အလှန်စစ်ဆေးပါစေ။



DBE BOX

❖ ညီညီ၏ မေမေသည် ဈေးမှကြက်သား **အချို့** နှင့် ကြက်ဥအလုံး **၂၀** ဝယ်သည်။ သူ၏ ပိုက်ဆံအိတ်ထဲတွင် ငွေ **၂၀၀၀၀** ကျပ် ပါလာသည်။ထို့နောက် ဘုရားတင်ရန် သပြေပန်း **၃** စည်းကို ထပ်မံဝယ်လိုက်သည်။ **တတိယအကြိမ်မြောက်** ဈေးရောင်းပွဲတော်သို့ဝင်၍ အိမ်သုံးပစ္စည်း **အနည်းငယ်**ကို ဝယ်ပြန်၏။ နောက်ဆုံးတွင် ထီရောင်းသူတွေ့သဖြင့် **၁၀ ကြိမ်မြောက်** အောင်ဘာလေ ထီ **၅ စောင်**ကိုထိုးလိုက်သေးသည်။ ပစ္စည်း **အားလုံး** ဝယ်ပြီးချိန်၌ ပိုက်ဆံအိတ်ထဲတွင် ငွေ **၅၀၀** ကျပ်သာ ကျန်တော့သဖြင့် အိမ်သို့ပြန်လာခဲ့သည်။

❖ အနက်ရောင်တင်ထားသော စကားလုံးများသည် သချ်ာနာမ်အထူးပြုများ ဖြစ်သည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ကျောင်းသားများ၏အဖြေကို ဆရာက စစ်ဆေးအကဲဖြတ်ပါ။

❖ သချ်ာနာမ်အထူးပြုများက နာမ်များအား အထူးပြုပုံကို သေချာစွာရှင်းပြပါ။

**အဓိကရည်မှန်းချက်**

❖ အရေအတွက်၊ ပမာဏ၊ အစဉ်၊ အကြိမ်စသည့် သချ်ာနာမ်အထူးပြုပုံများကို ရှင်းလင်းစွာ သိရမည်။

## စာသင်ချိန် ၂

### ၁၊ ၂။ သချ်ာနာမ်အထူးပြုများကို လက်တွေ့အသုံးပြုခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ဝါကျ၊ စာပိုဒ်မှ သချ်ာနာမ်အထူးပြုများကို ရွေးချယ်ထုတ်နုတ်ရန်

❖ သချ်ာနာမ်အထူးပြုများကို ဝါကျများတွင် မှန်ကန်စွာသုံးတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ယခုစာသင်ချိန်တွင် အရေအတွက်၊ ပမာဏ၊ အစဉ်၊ အကြိမ်တို့ကိုပြသည့် သချ်ာနာမ်အထူးပြုများအား အသုံးပြုပုံကို သင်ကြားမည်ဖြစ်ကြောင်း ရှင်းပြမိတ်ဆက်ပေးပါ။

**သင်ကြားခြင်း** **၅ မိနစ်**

❖ အောက်ပါဝါကျများကို သာဓကပေး၍ သချ်ာနာမ်အထူးပြုပုံများကို သဘောပေါက်အောင် ထပ်မံရှင်းပြပါ။



DBE BOX

❖ ဦးဖြိုးသာသည် ရွာ၏ အရှေ့မြောက်ဘက်မှ ထင်းစည်းများကို လှည်း**တစ်စီး**နှင့် သယ်လာသည်။ လမ်း**တစ်ဝက်**အရောက်တွင် ကိုသာအေးက ကောက်ရိုး**အနည်းငယ်**ကို ထမ်းလာပြီး ဦးဖြိုးသာ၏ လှည်းနှင့် လူကြုံလိုက်ခဲ့သည်။

❖ ဒေါ်အေးမေသည် ပန်း **၁၀ ကုံး** ကို ကြိုးနှင့်သီပြီး ဈေးတွင် သွားရောင်းလေသည်။

❖ ဒေါ်ရီသည် တောင်းထဲတွင် သစ်သီး**အချို့**ကို ထည့်ထားသည်။ ထိုမှ သရက်သီး**အနည်းငယ်**ကို ဒေါ်ငွေအား ပေးလိုက်ပြီး ဒေါ်မြကို ကျန်သစ်သီး**အားလုံး** ပေးလိုက်သည်။

❖ ပညာရေးစုံညီပွဲတော်ကို ကျောင်း**အားလုံး**တွင် ၂ ရက်စီကျင်းပကြသည်။ ထိုပွဲတော်သို့ကျောင်းသား**အများစု** လာရောက်ဆင်နွှဲခဲ့ကြသည်။ **အချို့သော**ကျောင်းသားတို့သည် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

❖ အထက်ပါဝါကျများ၌ အနက်ရောင်တင်ထားသောစကားလုံးများသည် သင်္ချာနာမ်အထူးပြုများဖြစ်ကြောင်းနှင့် သက်ဆိုင်ရာနာမ်များကို မည်သို့ အထူးပြုကြောင်း ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၃၀**

❖ ကျောင်းသားများကို သင့်လျော်သလို ကျား၊ မ အုပ်စု ၄ စု ဖွဲ့ပါ။

❖ ကျောင်းသုံးစာအုပ်ပါ **စာမျက်နှာ (၉၃)** မှ လေ့ကျင့်ခန်းမေးခွန်း (၁) ကို ဖြေဆိုပါစေ။

❖ ပြီးလျှင် အုပ်စု ၂ စုကို အပြန်အလှန် စစ်ဆေးစေပြီး ဆရာ့ထံ တင်ပြပါစေ။

❖ ဆရာက သင်္ချာနာမ်အထူးပြုများပုံစံအမျိုးမျိုးကို ထောက်ပြ၍ မည်သို့အထူးပြုပုံများကို ရှင်းပါ။

**အဖြေမှန်–** **တစ်စုံတစ်ယောက်** ( သင်္ချာနာမ်အထူးပြု) က **အသိမိတ်ဆွေ** ( နာမ်) ကို

❖ **တစ်ထောင်သော** (သင်္ချာနာမ်အထူးပြု)က **မှူးမတ်တို့** (နာမ်) ကို

❖ **အလုံးစုံ** ( သင်္ချာနာမ်အထူးပြု) က **လူ့ဖွယ်ဝတ္တု** (နာမ်) ကို

❖ **သုံးကျိပ်သော** (သင်္ချာနာမ်အထူးပြု) က **မင်းအပေါင်း** (နာမ်) ကို

❖ **ခပ်သိမ်းသော** (သင်္ချာနာမ်အထူးပြု) က **လှည်းကုန်သည်** (နာမ်) ကို အသီးသီးအထူးပြုကြောင်း ရှင်းပြပါ။

❖ ထို့နောက် ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၉၃) မှ လေ့ကျင့်ခန်းမေးခွန်း ( ၂) ကို ဖြေဆိုပါစေ။

❖ ပြီးလျှင် အုပ်စု ၂ စုကို အပြန်အလှန်စစ်ဆေးစေပြီး ဆရာ့ထံတင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ သင်္ချာနာမ်အထူးပြုအဖြေများကို ဆရာကရှင်းပြပြီး သုံးသပ်အကဲဖြတ်ပြပါ။

**အဖြေမှန်–** (က) အကောင် ၂၀၊ (ခ) ငွေ ၅၀၀၀၊ (ဂ) အလုံး ၂၀၊ (ဃ) တချို့၊ (င) သိန်း ၂၀

**အဓိကရည်မှန်းချက်များ**

❖ သင်္ချာနာမ်အထူးပြုများအကြောင်းသိရှိရမည်။

❖ သင်္ချာနာမ်အထူးပြုများကို ဝါကျများတွင် မှန်ကန်စွာ သုံးတတ်ရမည်။

## နာမ်အထူးပြုများကို ပြန်လည်သုံးသပ်ခြင်း

**နာမ်အထူးပြုများ**

- မိတ်ဆက်သင်ကြားခြင်း
  - ❖ နာမ်အထူးပြုပုံစံအမျိုးမျိုးကို ဝါကျ၊ စာပိုဒ်များတွင်ရှာဖွေသိရှိရမည်။
- လက်တွေ့အသုံးပြုခြင်း
  - ❖ နာမ်အထူးပြုပုံစံအမျိုးမျိုးကို ဝါကျများတွင် မှန်ကန်စွာ သုံးတတ်ရမည်။
- ❖ ကျောင်းသားများနေ့စဉ်ပြောဆို ရေးသားနေသော အပြောဝါကျ၊ အရေးဝါကျများမှ နာမ်အထူးပြုများကို ကောင်းစွာသတိပြုမိပြီး ကိုယ်တိုင်မှန်ကန်စွာပြောတတ် ရေးတတ်ရမည်။

DBLBOX

## ၁၉၊ ၃။ ကြိယာအထူးပြု

### ၁၉၊ ၃၊ ၁။ အချိန်ပြကြိယာအထူးပြု

**စုစုပေါင်းစာသင်ချိန် ၃ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

**သင်ယူမှုရလဒ်များ**

- ❖ အချိန်ပြကြိယာအထူးပြုများကိုသိရှိလာမည်။
- ❖ ဝါကျများရှိ အချိန်ပြကြိယာအထူးပြုများကို ရွေးထုတ်တတ်မည်။
- ❖ အချိန်ပြကြိယာအထူးပြုများကို ဝါကျများတွင် အသုံးပြုတတ်လာမည်။

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

- ❖ အချိန်ပြကြိယာအထူးပြုရေးသားထားသည့် စကားလုံးကတ်ပြားများ
- ❖ အချိန်ပြကြိယာအထူးပြုနှင့်သက်ဆိုင်သည့် လေ့ကျင့်ခန်းများ
- ❖ အချိန်ပြကြိယာအထူးပြုစကားလုံးအမျိုးအစားစုံလင်သည့် စာပိုဒ်များ

**ရရှိစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- ❖ လေ့ကျင့်ခန်းများကို အုပ်စုဖွဲ့လေ့ကျင့်စေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှုစွမ်းရည်
- ❖ လေ့ကျင့်ခန်းမေးခွန်းများကို အချင်းချင်းဆွေးနွေးတင်ပြစေခြင်းဖြင့် ပြောဆိုဆက်သွယ်မှုစွမ်းရည်
- ❖ အခြားအုပ်စုများ၏ ပြောဆိုချက်များကို အကဲဖြတ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်
- ❖ အချိန်ပြကြိယာအထူးပြုများအဖြစ် ကိုယ်တိုင်ရေးသားခြင်းဖြင့် ဖန်တီးမှုစွမ်းရည်တို့ကိုရရှိလာပါမည်။

**စာသင်ချိန် ၁**

### ၁၊ ၁။ ကြိယာအထူးပြုအကြောင်း မိတ်ဆက်သင်ကြားခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

- ❖ အချိန်ပြကြိယာအထူးပြု အကြောင်းကို သိရှိစေရန်
- ❖ အချိန်ပြကြိယာအထူးပြုပုံစံအမျိုးမျိုးကို သိရှိစေရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

- ကြိယာကို ထူးခြားစေသော စကားလုံး သို့မဟုတ် စကားစုကို ကြိယာအထူးပြုဟုခေါ်ကြောင်း ရှင်းပြပါ။
- ကြိယာအထူးပြုများ၏ အထူးပြုပုံအဓိပ္ပာယ်အပေါ်မူတည်၍ အချိန်ပြကြိယာအထူးပြု၊ အမူအရာပြ ကြိယာအထူးပြု၊ အခြေအနေပြကြိယာအထူးပြု၊ ပမာဏပြကြိယာအထူးပြု၊ အမေးကြိယာ အထူးပြုဟူ၍ ပိုင်းခြားသင်ကြားမည်ဖြစ်ကြောင်း ရှင်းပါ။ ယခုအချိန်တွင် အချိန်ပြကြိယာ အထူးပြုကို စတင်သင်ကြားမည်ဖြစ်ကြောင်းရှင်းပါ။

**သင်ကြားခြင်း** **မိနစ် ၃၀**

- အချိန်ကာလကို ပြခြင်းဖြင့် ကြိယာကို အထူးပြုသော စကားလုံး သို့မဟုတ် စကားစုကို အချိန်ပြ ကြိယာအထူးပြုဟုခေါ်ကြောင်းပြောပြပါ။
- **စောစောထ၊ မကြာမီရောက်၊ တစ်နေ့ကုန်ကစား၊ တစ်နှစ်တစ်ခါသွား၊ တစ်ပတ်လုံးလုံးနေ** အစရှိသည့် အချိန်ပြကြိယာအထူးပြုပါသည့် စကားလုံးကတ်ပြားများကို သင်ပုန်းပေါ်တွင် ဆရာက ချိတ်ဆွဲ၍ရှင်းပါ။
- မောင်မောင်သည် အိပ်ရာမှ စောစောထလေ့ရှိသည်။
- ဤဝါကျ၌ **စောစော** က မောင်မောင်အိပ်ရာထလေ့ရှိသော အချိန်ကို ပြသည်။ **စောစော** ဟူသောပုဒ်သည် မောင်မောင်အိပ်ရာထချိန်ကို ပြခြင်းဖြင့် **ထ** ဟူသော ကြိယာကို အထူးပြု သည်။ ထို့ကြောင့် **စောစော**သည် အိပ်ရာထချိန်ကိုပြသော **အချိန်ပြကြိယာအထူးပြု**ဖြစ်သည်။
- ကျန်ကြိယာအထူးပြုတွဲများကို ထို့အတူရှင်းပြပါ။
- ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၉၇) မှ အချိန်ပြကြိယာအထူးပြုများပါသည့် စာပိုဒ်ကို ကျောင်းသားအားလုံး ဖတ်ပါစေ။
- ကြိယာအထူးပြုများက အထူးပြုခံကြိယာများအား ထူးခြားစေပုံ သို့မဟုတ် အထူးပြုပုံကို ဆရာက ရှင်းပါ။

**လေ့ကျင့်ခြင်း** **၅ မိနစ်**

- ကျောင်းသားများကို သင့်လျော်သလို ကျား၊ မ အုပ်စု ၄ စုဖွဲ့ပါ။ အောက်ပါစာပိုဒ်ကို စာရွက်အပိုင်း များတွင်ရေးသားကာ အုပ်စုများအားဝေငှပြီး ကြိယာအထူးပြုများကို ရွေးထုတ်ပါစေ။ ပြီးလျှင် အုပ်စု ၂ စုစီကို အပြန်အလှန် စစ်ဆေးပါစေ။

နွေရာသီကျောင်းပိတ်ရက် **မကြာမီ**ရောက်တော့မည်။ မောင်မောင်တို့မိသားစုသည် ဖခင်၏ ဇာတိရွာသို့ **တစ်နှစ်တစ်ခါ**သွားလေ့ရှိသည်။ ရွာတွင် **တစ်ပတ်လုံးလုံး**နေကြသည်။ ရွာတွင်

နေ့တိုင်း **နံနက်စောစော** ထ၍ အဘွားစီစဉ်ထားသော နံနက်စာကို စားပြီးသည်နှင့် **တစ်နေကုန်** ကစားကြသည်။ ဤသို့ဖြင့် တစ်ပတ်ဆိုသောအချိန်ကုန်ဆုံး၍ မြို့သို့ပြန်ခဲ့ကြသည်။

❖ အနက်ရောင်တင်ထားသော စကားလုံးများသည် အဖြေများဖြစ်သည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ကျောင်းသားများ၏အဖြေကို ဆရာကစစ်ဆေးအကဲဖြတ်ပါ။

❖ လိုအပ်လျှင်ဖြည့်စွက်ရှင်းပါ။

**အဓိကရည်မှန်းချက်**

❖ အချိန်ပြကြိယာအထူးပြုများကို ဝါကျ၊ စာပိုဒ်များမှ ရွေးထုတ်တတ်ရမည်။

## စာသင်ချိန် ၂

## ၁၊ ၂။ ကြိယာအထူးပြုပုံစံများကိုလေ့လာခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

❖ အချိန်ပြကြိယာအထူးပြုပုံစံအမျိုးမျိုးကို သိရှိစေရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ယခုစာသင်ချိန်တွင် အချိန်ပြကြိယာအထူးပြုပုံစံအမျိုးမျိုးရှိပုံနှင့် ကြိယာများအား မည်သို့ အထူးပြုပုံတို့ကို သင်ကြားမည်ဖြစ်ကြောင်း ရှင်းပြမိတ်ဆက်ပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ **ခု၊ နောက်** စသော စကားလုံးတစ်လုံးတည်းနှင့် အချိန်ပြကြိယာအထူးပြုဖြစ်နိုင်ပုံ

❖ **ယနေ့၊ ချက်ချင်း၊ စောစော၊ အမြဲ** စသည့် စကားလုံးနှစ်လုံးတွဲခြင်းဖြင့် အချိန်ပြကြိယာအထူးပြုဖြစ်နိုင်ပုံ

❖ **သန်ဘက်ခါ၊ မကြာမီ၊ ထာဝစဉ်၊ တစ်သက်လုံး** စသည့် စကားလုံးသုံးလုံးတွဲခြင်းဖြင့် အချိန်ပြကြိယာအထူးပြုဖြစ်နိုင်ပုံ

❖ **မကြာမကြာ၊ စောစောစီးစီး၊ တစ်နေ့တစ်ကြိမ်၊ မိုးလင်းမိုးချုပ်** စသည့် စကားလုံးလေးလုံးတွဲခြင်းဖြင့် အချိန်ပြကြိယာအထူးပြုဖြစ်နိုင်ပုံတို့ကို ဆရာက ရှင်းပြပါ။

❖ အောက်ပါဝါကျများကို သင်ပုန်းပေါ်တွင်ရေး၍ အချိန်ပြကြိယာအထူးပြုများက အချိန်ကိုပြရင်း ကြိယာများအား အထူးပြုပုံကို ရှင်းပြပါ။



DBE BOX

◆ ရုပ်ရှင်ကို **နောက်**ကြည့်လဲ ရပါတယ်။

◆ လုပ်ရမဲ့အလုပ်ကို **ချက်ချင်း**လုပ်ပါ။

◆ မမှန်သောစကားကို **တစ်သက်လုံး** မပြောပါနှင့်။

◆ **စောစောစီးစီး**ရောက်လာသော ဧည့်သည်ကြောင့် အမေအံ့ဩနေသည်။

◆ အစည်းအဝေးသို့ **နောက်ကျစွာ**ရောက်လာရသဖြင့် အားနာမိပါသည်။

❖ အထက်ပါဝါကျများတွင် အနက်ရောင်တင်ထားသော အချိန်ပြကြိယာအထူးပြုများက သက်ဆိုင်ရာကြိယာများကို မည်သို့အထူးပြုကြောင်း ဆရာကရှင်းပြပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ အောက်ပါဝါကျများ၏ ကွက်လပ်များတွင် သင့်လျော်သော အချိန်ပြကြိယာအထူးပြုများကို ဖြည့်ပါ။

**မကြာမီ၊ လောလောဆယ်၊ ထာဝစဉ်၊ ခု၊ မကြာမကြာ၊ တစ်နေ့တစ်ကြိမ်၊ တစ်နှစ်ပတ်လုံး**

(က) ဆရာကြီးက ဧည့်သည့်တွေကို -----------မတွေ့နိုင်သေးပါ။

(ခ) 'လူနာရဲ့ဆေးလက်မှတ်ကို -----------ယူပေးပါ' ဟု ဆရာဝန်က ပြောသည်။

(ဂ) ဘုရားပန်းအိုးမှရေကို-----------လဲပေးလျှင် ကောင်းပါသည်။

(ဃ) မိဘကျေးဇူးကို----------မမေ့အပ်ပါ။

(င) စာမေးပွဲနီးချိန်တွင် စာများကို----------နွှေးပေးရန် လိုအပ်သည်။

❖ အထက်ပါဝါကျများကို သင်ပုန်းပေါ်တွင်ရေးမှတ်ပါ။

❖ ကျောင်းသားများကို သင့်လျော်သလို ကျား၊ မ မျှတစွာ အုပ်စု ၄ စုဖွဲ့ပါ။

❖ အထက်ပါဝါကျများကို စာရွက်ပေါ်တွင် ရေးစေ၍ အုပ်စု ၂ စုစီကို အပြန်အလှန် စစ်ဆေးခိုင်းပြီး ဆရာ့ထံတင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ အချိန်ပြကြိယာအထူးပြုများကို အထူးပြုခံကြိယာများနှင့် အဓိပ္ပာယ်ဆီလျော်အောင် သုံးတတ်ရန် အရေးကြီးကြောင်း ဆရာက ရှင်းပါ။

❖ ကျောင်းသားများ၏အဖြေကို အမှား၊ အမှန်သုံးသပ်၍ အကဲဖြတ်ပြပါ။

**အဖြေမှန်** – (က)လောလောဆယ် (ခ)ခု (ဂ)တစ်နေ့တစ်ကြိမ် (ဃ)ထာဝစဉ် (င) မကြာမကြာ



DBE BOX

**အဓိကရည်မှန်းချက်**

❖ အချိန်ပြကြိယာအထူးပြုများသည် ပုံစံအမျိုးမျိုးဖြင့် ကြိယာများကို အထူးပြုနိုင်ကြောင်း သိရမည်။

## စာသင်ချိန် ၃

### ၁၊ ၃။ ကြိယာအထူးပြုများကို လက်တွေ့အသုံးပြုခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ဝါကျ၊ စာပိုဒ်များမှ အချိန်ပြကြိယာအထူးပြုများကို ရွေးချယ်ထုတ်နုတ်တတ်ရန်

❖ ကြိယာအထူးပြုများကို ဝါကျများတွင် မှန်ကန်စွာ သုံးတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ဤစာသင်ချိန်တွင် အချိန်ပြကြိယာအထူးပြုများကို ဝါကျ၊ စာပိုဒ်များမှ ထုတ်နုတ်တတ်ရန်နှင့် ဝါကျတွင်သုံးတတ်ရန် သင်ကြားလေ့ကျင့်မည်ဖြစ်ကြောင်း ပြောပြမိတ်ဆက်ပါ။

**သင်ကြားခြင်း** **၅ မိနစ်**

❖ အောက်ပါဝါကျများကို သာဓကပေး၍ အထူးပြုပုံများကို သဘောပေါက်အောင်ထပ်မံရှင်းပြပေးပါ။

- ◆ မောင်မောင်သည် ကျောင်းသို့ **နံနက်စောစော** သွားသည်။
- ◆ ကျောင်းဆောင်သစ်ဖွင့်ပွဲကို **ယနေ့** ကျင်းပသည်။
- ◆ လမ်းထိပ်လက်ဖက်ရည်ဆိုင်သည် **ညလုံးပေါက်** ဖွင့်သည်။
- ◆ ကျောင်းအုပ်ဆရာမကြီးအသစ် **မနက်ဖြန်** ရောက်မည်။
- ◆ ဤကိစ္စကို **အချိန်မီ** ဆောင်ရွက်ပါ။

❖ အထက်ပါဝါကျများ၌ အနက်ရောင်တင်ထားသော အချိန်ပြကြိယာအထူးပြုများက သက်ဆိုင်ရာကြိယာများကို အထူးပြုကြောင်းရှင်းပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၃၀**

❖ ကျောင်းသားများကို သင့်လျော်သလို ကျား၊ မ မျှတစွာ အုပ်စု ၄ စုဖွဲ့ပါ။ အောက်ပါမေးခွန်းများကို အဖွဲ့လိုက် ဖြေပါစေ။

❖ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၉၈) မှ လေ့ကျင့်ခန်းမေးခွန်း (၁) ကို ဖြေဆိုပါစေ။



DBE BOX

- ❖ ပြီးလျှင် အုပ်စု ၂ စုကို အပြန်အလှန်စစ်ဆေးခိုင်းပြီး ဆရာ့ထံတင်ပြပါစေ။
- ❖ ဆရာက အထူးပြုခံကြိယာနှင့် ဆီလျော်သော အဓိပ္ပာယ်ရှိသည့် အချိန်ပြကြိယာအထူးပြုကို တွဲစပ်ပေးမှသာ အသုံးပြုပုံမှန်ကန်မည်ဖြစ်ကြောင်း ရှင်းပါ။

အဖြေ– (က) အစဉ် (ခ) ထာဝရ (ဂ) အရင် (ဃ) မိုးမချုပ်မီ (င) တစ်နေကုန်

- ❖ ဆက်လက်၍ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၉၈) မှ လေ့ကျင့်ခန်းမေးခွန်း (၂) ကို ဖြေဆိုပါစေ။
- ❖ ပြီးလျှင် အုပ်စု ၂ စုကို အပြန်အလှန်စစ်ဆေးခိုင်းပြီး ဆရာ့ထံတင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

- ❖ ဆရာက အချိန်ပြကြိယာအထူးပြုများကို အထူးပြုခံကြိယာများနှင့် အဓိပ္ပာယ်ဆီလျော်အောင် သုံးတတ်ရန်အရေးကြီးကြောင်း ထပ်မံ၍ရှင်းပါ။
- ❖ ဆီလျော်အောင်အသုံးပြုထားသော အချိန်ပြကြိယာအထူးပြုများကို သုံးသပ်အကဲဖြတ်ပြပါ။

အဖြေ– (က) ချက်ချင်းအုပ် (ချက်ချင်း-အချိန်ပြကြိယာအထူးပြု)၊ (အုပ်-သက်ဆိုင်ရာကြိယာ)

(ခ) မကြာမီရင်ပါကျပ်(မကြာမီ-အချိန်ပြကြိယာအထူးပြု)၊ (ရင်ပါကျပ်- သက်ဆိုင်ရာကြိယာ)

(ဂ) မကြာခဏဖြစ်တတ် (မကြာခဏ-အချိန်ပြကြိယာအထူးပြု)၊ (ဖြစ်တတ်-သက်ဆိုင်ရာကြိယာ)

(ဃ) အမြဲဆောင်ထား (အမြဲ-အချိန်ပြကြိယာအထူးပြု)၊ (ဆောင်ထား-သက်ဆိုင်ရာကြိယာ)

(င) အချိန်မီပြေး (အချိန်မီ-အချိန်ပြကြိယာအထူးပြု)၊ (ပြေး-သက်ဆိုင်ရာကြိယာ)

**အဓိကရည်မှန်းချက်များ**

- ❖ အချိန်ပြကြိယာအထူးပြုများကို ဝါကျနှင့်စာပိုဒ်များတွင် ရှာဖွေတတ်ရမည်။
- ❖ အချိန်ပြကြိယာအထူးပြုများကို ဝါကျများတွင် မှန်ကန်စွာသုံးတတ်ရမည်။

## ၁၉၊ ၃၊ ၂။ အမူအရာပြကြိယာအထူးပြု

**စုစုပေါင်းစာသင်ချိန် ၃ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

### သင်ယူမှုရလဒ်များ

- ❖ အမူအရာပြကြိယာအထူးပြုများအကြောင်းကိုသိရှိလာမည်။
- ❖ ဝါကျများထဲတွင်ပါဝင်သောအမူအရာပြကြိယာအထူးပြုများရွေးထုတ်တတ်မည်။
- ❖ အမူအရာပြကြိယာအထူးပြုများကို ဝါကျများတွင် အသုံးပြုတတ်လာမည်။

**သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း**

- ❖ အမူအရာပြကြိယာအထူးပြုများရေးထားသည့်စကားလုံးကတ်ပြားများ
- ❖ အမူအရာပြကြိယာအထူးပြုနှင့်သက်ဆိုင်သည့် လေ့ကျင့်ခန်းများ
- ❖ အမူအရာပြကြိယာအထူးပြုအမျိုးအစားစုံလင်သည့် စာပိုဒ်များ

**ရရှိစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- ❖ လေ့ကျင့်ခန်းများကို အုပ်စုဖွဲ့လေ့ကျင့်စေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှုစွမ်းရည်
- ❖ လေ့ကျင့်ခန်းမေးခွန်းများကို အချင်းချင်းဆွေးနွေးတင်ပြစေခြင်းဖြင့် ပြောဆိုဆက်သွယ်မှုစွမ်းရည်
- ❖ အခြားအုပ်စုများ၏ ပြောဆိုချက်များကို အကဲဖြတ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်
- ❖ အမူအရာပြကြိယာအထူးပြုများအဖြစ်ကိုယ်တိုင်ပြုလုပ်ခြင်းဖြင့် ဖန်တီးမှုစွမ်းရည်တို့ကို ရရှိလာပါမည်။

## စာသင်ချိန် ၁

### ၁၊ ၁။ အမူအရာပြကြိယာအထူးပြုအကြောင်း မိတ်ဆက်သင်ကြားခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

- ❖ အမူအရာပြကြိယာအထူးပြုအကြောင်းကို သိရှိစေရန်
- ❖ အမူအရာပြကြိယာအထူးပြုပုံစံအမျိုးမျိုးကို သိရှိစေရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

- ❖ ယခုစာသင်ချိန်တွင် အမူအရာပြကြိယာအထူးပြုအကြောင်းကို သင်ကြားမည်ဖြစ်ကြောင်း ရှင်းပြမိတ်ဆက်ပါ။
- ❖ ဆောင်ရွက်ပုံအမူအရာကိုပြခြင်းဖြင့် ကြိယာကိုအထူးပြုသည့် စကားလုံး သို့မဟုတ် စကားစုကို အမူအရာပြကြိယာအထူးပြုဟုခေါ်ကြောင်းရှင်းပါ။

**သင်ကြားခြင်း** **မိနစ် ၃၀**

- ❖ တရိုတသေပေး၊ ယဉ်ကျေးစွာပြော၊ ကြမ်းတမ်းစွာလုပ်၊ ပြုံးပြုံးရွှင်ရွှင်နေ၊ ဖြည်းဖြည်းတက် အစရှိသည့် အမူအရာပြအထူးပြုပါသည့် စကားလုံးကတ်ပြားများကို သင်ပုန်းပေါ်တွင် ချိတ်ဆွဲ၍ ဆရာကရှင်းပါ။

❖ မောင်မိုးသည် စာအုပ်ကို ဆရာ့အား **တရိုတသေ**ပေးသည်။

❖ ဤဝါကျ၌ **တရိုတသေ** က မောင်မိုးသည် ဆရာ့အား မည်သို့ပေးကြောင်းကို ပြသည်။ **တရိုတသေ** ဟူသောပုဒ်သည် မောင်မိုး၏အမူအရာကိုပြခြင်းဖြင့် ပေး ဟူသော ကြိယာကို အထူးပြုသည်။ ထို့ကြောင့် **တရိုတသေ**သည် အမူအရာကိုပြသော **အမူအရာပြကြိယာအထူးပြု**ဖြစ်သည်။

❖ ဤသို့ဖြင့် သင်ပုန်းပေါ်တွင် ရေးမှတ်ထားသည့် အထူးပြုစကားလုံးများကို အမူအရာပြကြိယာ အထူးပြုများဖြစ်ကြောင်း ရှင်းပါ။

❖ ကျောင်းသုံးစာအုပ် စာမျက်နှာ (၉၉)မှ အမူအရာပြကြိယာအထူးပြုများပါသည့် စာပိုဒ်ကို ကျောင်းသားအားလုံးဖတ်ပါစေ။

❖ ကြိယာအထူးပြုများက အထူးပြုခံကြိယာများအား ထူးခြားစေပုံ သို့မဟုတ် အထူးပြုပုံကို ဆရာက ရှင်းပါ။

**လေ့ကျင့်ခြင်း** **၅ မိနစ်**

❖ ကျောင်းသားများကို သင့်လျော်သလို ကျား၊ မ မျှတစွာအုပ်စု ၄ စုဖွဲ့ပါ။ ကြိယာအထူးပြု အမျိုးအစား စုံလင်သည့် စာပိုဒ်များရေးထားသည့်စာရွက်ကို အုပ်စုများအားဝေပြီး ကြိယာအထူးပြုများကို ရွေးထုတ်ပါစေ။ ပြီးလျှင် အုပ်စု ၂ စုစီကို အပြန်အလှန် စစ်ဆေးပါစေ။

◆ ချောချောသည် **ယဉ်ကျေးစွာ** ပြောဆိုနေထိုင်လေ့ရှိသည်။ ငယ်စဉ်ကတည်းက မိဘဆရာသမားများ လူကြီးများရှေ့တွင် ခေါင်းကိုငုံ့ကာ **တရိုတသေ**သွားလေ့ရှိသည်။ လမ်းလျှောက်လျှင်လည်း **ဖြည်းဖြည်း**လျှောက်လေ့ရှိသည်။ **ပြုံးပြုံးရွှင်ရွှင်**နေတတ်သည်။ အလုပ်လုပ်လျှင်လည်း **ကြမ်းတမ်းစွာ** လုပ်လေ့မရှိပေ။

❖ အနက်ရောင်တင်ထားသော စကားလုံးများသည် အဖြေများဖြစ်သည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ကျောင်းသားများ၏အဖြေကို ဆရာက စစ်ဆေးအကဲဖြတ်ပြပါ။ လိုအပ်လျှင်ဖြည့်စွက်ရှင်းပါ။

**အဓိကရည်မှန်းချက်**

❖ အမူအရာပြကြိယာအထူးပြုများကို ဝါကျ၊ စာပိုဒ်များမှ ရွေးထုတ်တတ်ရမည်။

## စာသင်ချိန် ၂

### ၁၊ ၂။ ကြိယာအထူးပြုပုံစံများကိုလေ့လာခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

❖ အမူအရာပြကြိယာအထူးပြုပုံစံအမျိုးမျိုးကို သိရှိစေရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ယခုစာသင်ချိန်တွင် အမူအရာပြကြိယာအထူးပြုပုံစံအမျိုးမျိုးရှိပုံနှင့် ကြိယာများအား မည်သို့အထူးပြုပုံတို့ကို သင်ကြားမည်ဖြစ်ကြောင်းရှင်းပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ ဖြည်းဖြည်း၊ သွက်သွက်၊ အမြန်၊ အပြေး စသည့် စကားလုံးနှစ်လုံးတွဲခြင်းဖြင့် အမူအရာပြကြိယာအထူးပြုဖြစ်နိုင်ပုံ

❖ ခပ်သုတ်သုတ်၊ တရကြမ်း၊ အညောင်းပြေ၊ ရွှတ်တွတ်တွတ်၊ စီရရီ၊ အမြန်ဆုံး စသည့် စကားလုံးသုံးလုံးတွဲခြင်းဖြင့် အမူအရာပြကြိယာအထူးပြုဖြစ်နိုင်ပုံ

❖ အလောတကြီး၊ မထိတထိ၊ ညင်ညင်သာသာ၊ လုပ်မိလုပ်ရာ၊ တက်လိုက်ဆင်းလိုက်၊ ရှိုက်ကြီးတငင် စသည့် စကားလုံးလေးလုံးတွဲခြင်းဖြင့် အမူအရာပြကြိယာအထူးပြုဖြစ်နိုင်ကြောင်း ဆရာကရှင်းပါ။

❖ အောက်ပါဝါကျများကို သင်ပုန်းပေါ်တွင်ရေးပြီး အမူအရာပြကြိယာအထူးပြုများက အမူအရာကိုပြရင်း ကြိယာအားအထူးပြုပုံကို ရှင်းပါ။

- ◆ အပြောကိုလျှော့၍ အလုပ်ကို **သွက်သွက်** လုပ်နိုင်အောင် ကြိုးစားပါ။
- ◆ ကျောင်းတက်ချိန်နီးသဖြင့် ကျောင်းသားများ **ခပ်သုတ်သုတ်** သွားနေကြသည်။
- ◆ စာအုပ်များကို စားပွဲပေါ်တွင် **စီရရီ** တင်ထားသည်။
- ◆ ကလေးများသည် လှေကားပေါ်တွင် **တက်လိုက်ဆင်းလိုက်** ကစားနေကြသည်။
- ◆ အလုပ်ကို **အလောတကြီး** လုပ်ပါက အမှားတွေ့တတ်သည်။

❖ အထက်ပါဝါကျများတွင် အနက်ရောင်တင်ထားသော အမူအရာပြကြိယာအထူးပြုများက သက်ဆိုင်ရာကြိယာများကို မည်သို့အထူးပြုကြောင်း ဆရာက ရှင်းပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ အောက်ပါဝါကျများတွင် သင့်လျော်သည့် အမူအရာပြကြိယာအထူးပြုများကိုဖြည့်ပါ။

❖ **အပြေး၊ မှန်မှန်၊ ရွှတ်တွတ်တွတ်၊ အမြန်ဆုံး၊ အညောင်းပြေ၊ မထိတထိ၊ လုပ်မိလုပ်ရာ**

(က) ညနေစောင်းချိန်တွင် လူကြီးများ-----------လမ်းလျှောက်သင့်သည်။

(ခ) ကြိုတင်စဉ်းစားမထားဘဲ ----------လုပ်လျှင်အမှားပါတတ်သည်။

(ဂ) ----------ပြောတတ်၊ နောက်တတ်သူကို အများကမလေးစားပါ။

(ဃ) မလိုအပ်ဘဲ-----------သွားလျှင် ချော်လဲနိုင်သည်။

(င) ကားပြိုင်ပွဲတွင် ကားကို-----------မောင်းနိုင်မှ ဆုရပါမည်။

❖ အထက်ပါဝါကျများကို သင်ပုန်းပေါ်တွင်ရေးမှတ်ပါ။

❖ ကျောင်းသားများကို သင့်လျော်သလို ကျား၊ မ မျှတစွာ အုပ်စု ၄ စုဖွဲ့ပါ။

❖ အထက်ပါဝါကျများကို စာရွက်ပေါ်တွင် ရေးစေ၍ အုပ်စု ၂ စုစီကို အပြန်အလှန် စစ်ဆေးစေပြီး ဆရာ့ထံတင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ အမူအရာပြကြိယာအထူးပြုများကို အထူးပြုခံကြိယာများနှင့် အဓိပ္ပာယ်ဆီလျော်အောင် သုံးတတ်ရန် အရေးကြီးကြောင်း ဆရာက ရှင်းပြပေးပါ။

❖ ကျောင်းသားများ၏အဖြေကို အမှားအမှန်သုံးသပ်၍ အကဲဖြတ်ပြပါ။

**အဖြေမှန်** – (က) အညောင်းပြေ (ခ) လုပ်မိလုပ်ရာ (ဂ) ရွှတ်တွတ်တွတ် (ဃ) အပြေး (င) အမြန်ဆုံး

**အဓိကရည်မှန်းချက်**

❖ အမူအရာပြကြိယာအထူးပြုများသည် ပုံစံအမျိုးမျိုးဖြင့် ကြိယာများကို အထူးပြုနိုင်ကြောင်း သိရမည်။

## စာသင်ချိန် ၃

## ၁၊ ၃။ ကြိယာအထူးပြုများကို လက်တွေ့အသုံးပြုခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ဝါကျ၊ စာပိုဒ်များမှ အမူအရာပြကြိယာအထူးပြုများကို ရွေးချယ်ထုတ်နုတ်တတ်ရန်

❖ ကြိယာအထူးပြုများကို ဝါကျများတွင် မှန်ကန်စွာ သုံးတတ်ရန်



DBE BOX

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ဤစာသင်ချိန်တွင် အမူအရာပြကြိယာအထူးပြုများကို ဝါကျ၊ စာပိုဒ်များမှ ထုတ်နုတ်တတ်ရန်နှင့် ဝါကျတွင်သုံးတတ်ရန် သင်ကြားလေ့ကျင့်မည်ဖြစ်ကြောင်း ပြောပြမိတ်ဆက်ပါ။

**သင်ကြားခြင်း** **၅ မိနစ်**

❖ အောက်ပါဝါကျများကို သာဓကပေး၍ အမူအရာပြကြိယာအထူးပြုများ၏ အထူးပြုပုံများကို သဘောပေါက်အောင် ထပ်မံရှင်းပါ။

◆ သစ်သစ်သည် လမ်းလျှောက်လျှင် **အလျင်အမြန်**လျှောက်လေ့ရှိသည်။

◆ ကျော်ကျော်သည် ညအိပ်ရာဝင်ခါနီးတိုင်း မိဘများကို **တရိုတသေ**ကန်တော့လေ့ရှိသည်။

◆ မြမြသည် **ပြုံးပြုံးရွှင်ရွှင်**နေတတ်သဖြင့် လူအများ၏ ချစ်ခင်ခြင်းကို ခံရသည်။

◆ **ကြမ်းတမ်းစွာ** ပြုမူနေထိုင်တတ်သူကို လူအများက မနှစ်သက်ပေ။

◆ မိခင်သည် သားငယ်ကို **အသာအယာ**ပွေ့ချီသည်။

❖ အနက်ရောင်တင်ထားသော ပုဒ်များသည် အမူအရာပြကြိယာအထူးပြုများဖြစ်သည်။

ရှင်းလင်းချက်။ ။ **သစ်သစ်သည် လမ်းလျှောက်လျှင် အလျင်အမြန်လျှောက်လေ့ရှိသည်။** ဟူသောဝါကျတွင် သစ်သစ်မည်သို့လမ်းလျှောက်ကြောင်းကို **အလျင်အမြန်**က ပြသည်။ **အလျင်အမြန်**ဟူသော စကားစုသည် သစ်သစ်၏အမူအရာကိုပြခြင်းဖြင့် **လျှောက်**ဟူသော ကြိယာကို အထူးပြုသည်။ ထို့ကြောင့် **အလျင်အမြန်**သည် အမူအရာကိုပြသော **အမူအရာပြကြိယာအထူးပြု** ဖြစ်သည်။ ကျန်သောကြိယာများကိုလည်း ဆရာက ထိုနည်းအတိုင်း ရှင်းပြပေးပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၃၀**

❖ ကျောင်းသားများကို သင့်လျော်သလို ကျား၊ မ မျှတစွာအုပ်စု ၄ စုဖွဲ့ပါ။

❖ ကျောင်းသုံးစာအုပ် စာမျက်နှာ (၁၀၀) မှ လေ့ကျင့်ခန်းမေးခွန်း (၁) ကို ဖြေဆိုပါစေ။

❖ ပြီးလျှင် အုပ်စု ၂ စုကို အပြန်အလှန်စစ်ဆေးစေပြီး ဆရာ့ထံတင်ပြပါစေ။

❖ အထူးပြုခံကြိယာနှင့်ဆီလျော်သော အဓိပ္ပာယ်ရှိသည့် ကြိယာအထူးပြုကိုတွဲစပ်ပေးမှသာ အထူးပြုပုံ မှန်ကန်မည်ဖြစ်ကြောင်း ဆရာကရှင်းပါ။

**အဖြေ**– (က) တွန်းတွန်းတိုက်တိုက် (ခ) ညီညီညာညာ (ဂ) အလျင်အမြန် (ဃ) သိမ်မွေ့စွာ

(င) ဒယိမ်းဒယိုင်

❖ ဆက်လက်၍ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၁၀၀) မှ လေ့ကျင့်ခန်းမေးခွန်း (၂) ကို ဖြေဆိုပါစေ။ ပြီးလျှင် အုပ်စု ၂ စုကို အပြန်အလှန်စစ်ဆေးခိုင်းပြီး ဆရာ့ထံတင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း　　၅ မိနစ်**

❖ ဆရာက ကြိယာအထူးပြုများကို အထူးပြုခံကြိယာများနှင့် အဓိပ္ပာယ်ဆီလျော်အောင် သုံးတတ်ရန် အရေးကြီးကြောင်း ရှင်းပါ။

❖ ဆီလျော်အောင် အသုံးပြုထားသော အမူအရာပြကြိယာအထူးပြုအဖြေများကို သုံးသပ်၍ အကဲဖြတ်ပြပါ။

| **အဖြေမှန်–** | **အမူအရာပြကြိယာအထူးပြု** | **ကြိယာ** |
|---|---|---|
| | အမြန် | ထီးမိုးပေး |
| | ကုပ်ကုပ်ကလေး | ရပ် |
| | တစ်ရှိန်ထိုး | ရှာချ |
| | တရကြမ်း | ပြေး |
| | တဖြည်းဖြည်း | လျှောက် |

**အဓိကရည်မှန်းချက်များ**

❖ အမူအရာပြကြိယာအထူးပြုများကို ဝါကျနှင့်စာပိုဒ်များတွင် ရှာဖွေတတ်ရမည်။

❖ အမူအရာပြကြိယာအထူးပြုများကို ဝါကျများတွင် မှန်ကန်စွာသုံးတတ်ရမည်။

## ၁၉၊ ၃၊ ၃။ အခြေအနေပြကြိယာအထူးပြု

**စုစုပေါင်းစာသင်ချိန် ၃ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

**သင်ယူမှုရလဒ်များ**

❖ အခြေအနေပြကြိယာအထူးပြုအကြောင်းကို သိရှိလာမည်။

❖ ဝါကျများမှ အခြေအနေပြကြိယာအထူးပြုကို ရွေးထုတ်တတ်လာမည်။

❖ အခြေအနေပြကြိယာအထူးပြုများကို ဝါကျများတွင် အသုံးပြုတတ်လာမည်။

DBE BOX

**သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း**

- ❖ အခြေအနေပြကြိယာအထူးပြုစကားလုံးကတ်များ
- ❖ အခြေအနေပြကြိယာအထူးပြုနှင့် သက်ဆိုင်သည့် လေ့ကျင့်ခန်းများ
- ❖ အခြေအနေပြကြိယာအထူးပြုအမျိုးအစားစုံလင်သည့် စာပိုဒ်များ

**ရရှိစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- ❖ လေ့ကျင့်ခန်းများကို အုပ်စုဖွဲ့လေ့ကျင့်စေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှုစွမ်းရည်
- ❖ လေ့ကျင့်ခန်းမေးခွန်းများကို အချင်းချင်းဆွေးနွေးတင်ပြစေခြင်းဖြင့် ပြောဆိုဆက်သွယ်မှုစွမ်းရည်
- ❖ အခြားအုပ်စုများ၏ ပြောဆိုချက်များကို အကဲဖြတ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်
- ❖ အခြေအနေပြကြိယာအထူးပြုစကားလုံးပါသည့် ဝါကျများကို ကိုယ်တိုင်ရေးသားခြင်းဖြင့် ဖန်တီးမှုစွမ်းရည်တို့ကို ရရှိလာပါမည်။

## စာသင်ချိန် ၁

### ၁၊ ၁။ အခြေအနေပြကြိယာအထူးပြုအကြောင်း မိတ်ဆက်သင်ကြားခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

- ❖ အခြေအနေပြကြိယာအထူးပြုအကြောင်းကိုသိရှိစေရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

- ❖ ယခုစာသင်ချိန်တွင် အခြေအနေပြကြိယာအထူးပြုအကြောင်းကို သင်ကြားမည်ဖြစ်ကြောင်း ရှင်းပြ မိတ်ဆက်ပါ။
- ❖ အခြေအနေကိုပြခြင်းဖြင့် ကြိယာကို အထူးပြုသော စကားလုံး သို့မဟုတ် စကားစုကို အခြေအနေပြကြိယာအထူးပြုဟုခေါ်ကြောင်းပြောပါ။

**သင်ကြားခြင်း** **မိနစ် ၃၀**

- ❖ သည်းထန်စွာရွာ၊ တဝုန်းဝုန်းတိုက်၊ မျက်မြင်တွေ့၊ မုချအောင်မြင်၊ မဆင်မခြင်ပြော အစရှိသည်တို့ကို စကားလုံးကတ်ပြားများပြ၍ပြောပါ။
- ❖ ထိုစကားလုံးများကို သင်ပုန်းပေါ်တွင် ရေးမှတ်ထားပါ၊ သို့မဟုတ် ချိတ်ဆွဲထားပါ။
- ❖ မနေ့က ရန်ကုန်မြို့တွင် မိုး**သည်းထန်စွာ** ရွာသည်။

- ဤဝါကျ၌ **သည်းထန်စွာ** က မိုးမည်သို့ရွာကြောင်းပြသည်။ **သည်းထန်စွာ**သည် မိုးရွာပုံ အခြေအနေကို ပြခြင်းဖြင့် **ရွာ**ဟူသော ကြိယာကို အထူးပြုသည်။ ထို့ကြောင့် **သည်းထန်စွာ**သည် **အခြေအနေပြကြိယာအထူးပြု**ဖြစ်သည်။
- ကျန်ကြိယာအထူးပြုအတွဲများကိုလည်း ထို့အတူ ဆရာကရှင်းပါ။
- ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၁၀၁) မှ အခြေအနေပြကြိယာအထူးပြုများပါသည့် စာပိုဒ်ကို ကျောင်းသားအားလုံးဖတ်ပါစေ။
- ကြိယာအထူးပြုများက အထူးပြုခံကြိယာများအား ထူးခြားစေပုံ သို့မဟုတ် အထူးပြုပုံကို ဆရာက ရှင်းပါ။

**လေ့ကျင့်ခြင်း** **၅ မိနစ်**

- ကျောင်းသားများကို သင့်လျော်သလို ကျား၊ မ မျှတစွာအုပ်စု ၄ စုဖွဲ့ပါ။ အောက်ပါစာပိုဒ်ကို လေ့ကျင့်စာရွက်တွင်ရေးပြီး ကြိယာအထူးပြုများကို ရွေးထုတ်ပါစေ။
- ပြီးလျှင် အုပ်စု ၂ စုစီကို အပြန်အလှန်စစ်ဆေးခိုင်းပါ။
- သင်းသင်းသည် စာတော်သူဖြစ်သည်။ အတန်းတင်စာမေးပွဲဖြေခါနီးတွင် ကျန်းမာရေး **ရုတ်တရက်** ချို့ယွင်းသဖြင့် စာမေးပွဲမအောင်မည်ကို **သိပ်**စိတ်ပူခဲ့သည်။ စာမေးပွဲကို **ကြိုးကြိုးစားစား**ဖြေဆိုခဲ့ရသည်။ အောင်စာရင်းထွက်သောအခါ **ကောင်းစွာ**အောင်မြင်ခဲ့သဖြင့် ဝမ်းသာလွန်းပြီး မျက်ရည်**ဖြိုင်ဖြိုင်**ကျခဲ့သည်။
- အနက်ရောင်တင်ထားသော စကားစုများသည် အဖြေများဖြစ်သည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

- ကျောင်းသားများ၏အဖြေကို ဆရာကစစ်ဆေး၍ အကဲဖြတ်ပါ။ လိုအပ်လျှင် ဖြည့်စွက်ရှင်းပြပါ။

**အဓိကရည်မှန်းချက်**

- အခြေအနေပြကြိယာအထူးပြုများကို ဝါကျ၊ စာပိုဒ်များမှ ရွေးထုတ်တတ်ရမည်။

DBE BOX

## စာသင်ချိန် ၂

### ၁၊ ၂။ ကြိယာအထူးပြုပုံစံများကိုလေ့လာခြင်း

**သင်ခန်းစာရည်ရွယ်ချက်**

❖ အခြေအနေပြကြိယာအထူးပြုပုံစံအမျိုးမျိုးကို သိရှိစေရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ယခုစာသင်ချိန်တွင် အခြေအနေပြကြိယာအထူးပြုပုံစံ အမျိုးမျိုးရှိပုံနှင့် ကြိယာများအားမည်သို့ အထူးပြုပုံတို့ကို သင်ကြားမည်ဖြစ်ကြောင်း ပြောဆိုမိတ်ဆက်ပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ **သိပ်၊ ပို** စသော စကားလုံးတစ်လုံးတည်းနှင့် အခြေအနေပြကြိယာအထူးပြုဖြစ်နိုင်ပုံ

❖ **ကောင်းကောင်း၊ အလွန်၊ အကုန်၊ ကိုယ်တွေ့၊ မုချ၊ လုံးဝ** စသော စကားလုံးနှစ်လုံးတွဲခြင်းဖြင့် အခြေအနေပြကြိယာအထူးပြုဖြစ်နိုင်ပုံ

❖ **တိတ်တဆိတ်၊ တလည်လည်၊ ငေါ်တော့တော့၊ ဗရပျစ်၊ အကောင်းဆုံး၊ ပြင်းထန်စွာ** စသည့် စကားလုံး သုံးလုံးတွဲခြင်းဖြင့် အခြေအနေပြကြိယာအထူးပြုများ ဖြစ်နိုင်ပုံ

❖ **ကပျက်ကချော်၊ ကိုးလိုးကန့်လန့်၊ မလှုံ့တလုံ၊ ပူလိုက်အေးလိုက်၊ မကျက်တကျက်၊ မြန်ချည် နှေးချည်** စသည့် စကားလုံး လေးလုံးတွဲခြင်းဖြင့် အခြေအနေပြကြိယာအထူးပြုများ ဖြစ်နိုင်ပုံ တို့ကို ရှင်းပြပါ။

❖ အောက်ပါဝါကျများကို သင်ပုန်းပေါ်တွင်ရေးပြီး အခြေအနေပြကြိယာအထူးပြုများက အခြေအနေ ကိုပြရင်း ကြိယာများအားအထူးပြုပုံကို ရှင်းပါ။

- ◆ သူစကားပြောတာ **သိပ်**ကောင်းပါတယ်။
- ◆ စကားကို **အကုန်**မပြောသင့်ပါ။
- ◆ မကျက်သေးသည့်အသားကို **လုံးဝ**မစားရန် မေမေကပြောထားသည်။
- ◆ ဤပြိုင်ပွဲအတွက် ကျွန်တော် **အကောင်းဆုံး** ကြိုးစားပြင်ဆင်ထားသည်။
- ◆ ယခုအခါ **မလှုံ့တလုံ** ဝတ်ထားသော မိန်းကလေးများကို ပို၍တွေ့လာရသည်။

❖ အထက်ပါဝါကျများတွင် အနက်ရောင်တင်ထားသော အခြေအနေပြကြိယာအထူးပြုများက သက်ဆိုင်ရာကြိယာများကို မည်သို့အထူးပြုကြောင်း ဆရာကရှင်းပြပါ။



DBE BOX

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ အောက်ပါဝါကျများ၏ကွက်လပ်များတွင် သင့်လျော်သည့်အခြေအနေပြကြိယာအထူးပြုများကို ဖြည့်ပါ။

**မကျက်တကျက်၊ ပို၊ ဗရပျစ်၊ အကောင်းဆုံး၊ မြန်ချည်နှေးချည်၊ ကိုယ်တွေ့၊ မုချ**

(က) ဆရာက တပည့်များအား -----------ကြုံဖူးသောအဖြစ်အပျက်များကို ပြောပြသည်။

(ခ) အသားကို----------ချက်ပါက ရောဂါပိုးများ မသေနိုင်ပါ။

(ဂ) ကျောင်းသားတိုင်းသည် တစ်နှစ်ထက်တစ်နှစ်---------တော်အောင် ကြိုးစားရမည်။

(ဃ) ရှေ့ကကားမှာ---------မောင်းနေလျှင် နောက်ကကားမှာ အခက်တွေ့ရပါမည်။

(င) စာမေးပွဲအတွက်----------ပြင်ဆင်ထားရန် ဆရာကမှာကြားသည်။

❖ အထက်ပါဝါကျများကို သင်ပုန်းပေါ်တွင်ရေးပါ။

❖ ကျောင်းသားများကို သင့်လျော်သလို ကျား၊ မ မျှတစွာအုပ်စု ၄ စုဖွဲ့ပါ။

❖ ကျောင်းသားများအား အထက်ပါဝါကျများကို စာရွက်ပေါ်တွင် ရေးစေ၍ အုပ်စု ၂ စုစီကို အပြန်အလှန်စစ်ဆေးခိုင်းပြီး ဆရာ့ထံတင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ အခြေအနေပြကြိယာအထူးပြုများကို အထူးပြုခံကြိယာများနှင့် အဓိပ္ပာယ်ဆီလျော်အောင် သုံးတတ်ရန်အရေးကြီးကြောင်း ဆရာကရှင်းပြပါ။

❖ ကျောင်းသားများ၏အဖြေကို အမှား၊ အမှန် သုံးသပ်၍ အကဲဖြတ်ပြပါ။

**အဖြေမှန်**–(က) ကိုယ်တွေ့ (ခ) မကျက်တကျက် (ဂ) ပို (ဃ) မြန်ချည်နှေးချည် (င) အကောင်းဆုံး

**အဓိကရည်မှန်းချက်**

❖ အခြေအနေပြကြိယာအထူးပြုများသည် ပုံစံအမျိုးမျိုးဖြင့် ကြိယာများကို အထူးပြုနိုင်ကြောင်း သိရမည်။

DBE BOX

## စာသင်ချိန် ၃

### ၁၊ ၂။ ကြိယာအထူးပြုများကို လက်တွေ့အသုံးပြုခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ဝါကျ၊ စာပိုဒ်များမှ အခြေအနေပြကြိယာအထူးပြုများကို ရွေးချယ်ထုတ်နုတ်တတ်ရန်

❖ အခြေအနေပြကြိယာအထူးပြုများကို ဝါကျများတွင် မှန်ကန်စွာသုံးတတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

❖ ဤစာသင်ချိန်တွင် အခြေအနေပြကြိယာအထူးပြုများကို ဝါကျ၊ စာပိုဒ်များမှ ထုတ်နုတ်တတ်ရန်နှင့် ဝါကျများတွင်သုံးတတ်ရန် လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း ပြောပြမိတ်ဆက်ပါ။

**သင်ကြားခြင်း** ၅ မိနစ်

❖ အောက်ပါဝါကျများကို သာဓကပေး၍ အထူးပြုပုံများကို သဘောပေါက်အောင်ထပ်မံရှင်းပြပါ။

- ◆ နံနက်စောစောတွင် တေးသံကို**သာသာယာယာ**ကြားရသည်။
- ◆ ဝေဝေနှင့် စိုးစိုးသည် မန္တလေးတွင် **မမျှော်လင့်ဘဲ** တွေ့ကြသည်။
- ◆ ဒီရေတက်ချိန်တွင် လှိုင်းရိုက်သံကို **တဝုန်းဝုန်း**ကြားရသည်။
- ◆ ရိုးသားကြိုးစားသူတို့သည် ပန်းတိုင်သို့ **မုချ**ရောက်ပေမည်။
- ◆ အောင်အောင်သည် လမ်းအကွေ့တွင် ကားကို **ဖြုန်းခနဲ**မြင်ရသဖြင့် လန့်သွားသည်။

❖ အထက်ပါဝါကျများ၌ အနက်ရောင်တင်ထားသော စကားစုတို့သည် အခြေအနေပြကြိယာအထူးပြုများဖြစ်ကြောင်း ရှင်းပြပါ။

**သာဓက**– နံနက်စောစောတွင် တေးသံကို**သာသာယာယာ**ကြားရသည်။

❖ ဤဝါကျတွင် တေးသံကို နံနက်စောစောတွင် မည်သို့ကြားရကြောင်းကို **သာသာယာယာ**ဟူသော အခြေအနေပြ ကြိယာအထူးပြုက ပြသည်။ ထို့ကြောင့် **သာသာယာယာ**က **ကြားရသည်**ဟူသည့် ကြိယာကို အထူးပြုထားသည်။

**လေ့ကျင့်ခြင်း** မိနစ် ၃၀

❖ ကျောင်းသားများကို သင့်လျော်သလို ကျား၊ မ မျှတစွာ အုပ်စု ၄ စုဖွဲ့ပါ။

❖ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၁၀၂) မှ လေ့ကျင့်ခန်းမေးခွန်း (၁)ကို ဖြေဆိုပါစေ။

❖ ပြီးလျှင် အုပ်စု ၂ စုကို အပြန်အလှန်စစ်ဆေးခိုင်းပြီး ဆရာ့ထံတင်ပြပါစေ။

❖ ဆရာက အထူးပြုခံကြိယာနှင့်ဆီလျော်မှုရှိသည့် အခြေအနေပြကြိယာအထူးပြုကို တွဲစပ်မှသာ အသုံးပြုပုံမှန်ကန်မည်ဖြစ်ကြောင်း ရှင်းပြပါ။

**အဖြေ**– (က) ဆင်းချည်တက်ချည် (ခ) တွေးလိုက်ရေးလိုက် (ဂ) ပျော်မဆုံး (ဃ) ခပ်မြန်မြန် (င) ဟာတာတာ

❖ ဆက်လက်၍ ကျောင်းသုံးစာအုပ် စာမျက်နှာ (၁၀၂)မှ လေ့ကျင့်ခန်းမေးခွန်း (၂) ကို ဖြေဆိုပါစေ။ ပြီးလျှင် အုပ်စု ၂ စုကို အပြန်အလှန် စစ်ဆေးခိုင်းပြီး ဆရာ့ထံတင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ဆရာက အခြေအနေပြကြိယာအထူးပြုများကို အထူးပြုခံကြိယာများနှင့် အဓိပ္ပာယ်ဆီလျော်အောင် တွဲစပ်တတ်ရန် အရေးကြီးကြောင်း ထပ်မံ၍ရှင်းပြပါ။

အဖြေ။

(၁) အပျော်ခရီးထွက်

အပျော်- အခြေအနေပြကြိယာအထူးပြု

ခရီးထွက်- ကြိယာ

(၂) တိတ်တဆိတ်တိုင်ပင်

တိတ်တဆိတ်- အခြေအနေပြကြိယာအထူးပြု

တိုင်ပင်- ကြိယာ

(၃) စိတ်ကြိုက်ရွေးချယ်

စိတ်ကြိုက်- အခြေအနေပြကြိယာအထူးပြု

ရွေးချယ်- ကြိယာ

(၄) အလှဆင်

အလှ- အခြေအနေပြကြိယာအထူးပြု

ဆင်- ကြိယာ

(၅) နီနီရဲရဲပွင့်

နီနီရဲရဲ- အခြေအနေပြကြိယာအထူးပြု

ပွင့်- ကြိယာ



DBE BOX

**အဓိကရည်မှန်းချက်**

❖ အခြေအနေပြကြိယာအထူးပြုများသည် ပုံစံအမျိုးမျိုးဖြင့် ကြိယာများကို အထူးပြုနိုင်ကြောင်း သိရမည်။

**၁၉၊ ၃၊ ၄။ ပမာဏပြကြိယာအထူးပြု**

**စုစုပေါင်းစာသင်ချိန် ၂ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

**သင်ယူမှုရလဒ်များ**

❖ ပမာဏပြကြိယာအထူးပြုအကြောင်းကို သိရှိလာမည်။

❖ ဝါကျများမှ ပမာဏပြကြိယာအထူးပြုများ ရွေးထုတ်တတ်မည်။

❖ ပမာဏပြကြိယာအထူးပြုများကို ဝါကျများတွင် အသုံးပြုတတ်လာမည်။

**သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း**

❖ ပမာဏပြကြိယာအထူးပြုစကားလုံးကတ်များ

❖ ပမာဏပြကြိယာအထူးပြုနှင့်သက်ဆိုင်သည့် လေ့ကျင့်ခန်းများ

❖ ပမာဏပြကြိယာအထူးပြု အမျိုးအစားစုံလင်သည့်စာပိုဒ်များ

**ရရှိစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

❖ လေ့ကျင့်ခန်းများကို အုပ်စုဖွဲ့လေ့ကျင့်စေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှုစွမ်းရည်

❖ လေ့ကျင့်ခန်းမေးခွန်းများကို အချင်းချင်းဆွေးနွေးတင်ပြစေခြင်းဖြင့် ပြောဆိုဆက်သွယ်မှုစွမ်းရည်

❖ အခြားအုပ်စုများ၏ ပြောဆိုချက်များကို အကဲဖြတ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်

❖ ပမာဏပြကြိယာအထူးပြုစကားလုံးပါသည့် ဝါကျများကို ကိုယ်တိုင်ရေးသားခြင်းဖြင့် ဖန်တီးမှုစွမ်းရည်တို့ကို ရရှိလာပါမည်။

**စာသင်ချိန် ၁**

**၁၊ ၁။ ပမာဏပြကြိယာအထူးပြုအကြောင်း မိတ်ဆက်သင်ကြားခြင်း**

**သင်ခန်းစာရည်ရွယ်ချက်**

❖ ပမာဏပြကြိယာအထူးပြု၏ အကြောင်းကိုသိရှိစေရန်



DBE BOX

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

❖ ယခုစာသင်ချိန်တွင် ပမာဏပြကြိယာအထူးပြုအကြောင်းကို သင်ကြားမည်ဖြစ်ကြောင်း ပြောပြ မိတ်ဆက်ပါ။

❖ မည်ရွေ့မည်မျှပမာဏကိုပြခြင်းဖြင့် ကြိယာကို အထူးပြုသောပုဒ်ကို ပမာဏပြကြိယာအထူးပြုဟု ခေါ်ကြောင်း ရှင်းပြပါ။

**သင်ကြားခြင်း** မိနစ် ၃၀

❖ ကျောင်းသားအားလုံးကို '**အလွန်၊ ပိုမို၊ အကုန်၊ များများ၊ ကြီးကြီး၊ နည်းနည်း**' အစရှိသည့် ပမာဏပြ ကြိယာအထူးပြု များကို စကားလုံးကတ်ပြားများပြ၍ရှင်းပြပါ။

❖ အောက်ပါဝါကျများကို သင်ပုန်းပေါ်တွင်ရေးမှတ်ပါ။

- ◆ မျိုးမျိုးသည် အစားကို **များများ**စားတတ်သည်။
- ◆ ကျော်ကျော်က အစားကို **ပိုမို**စားသည်။
- ◆ လှလှက အစားကို **နည်းနည်း**စားသည်။
- ◆ အောင်အောင်က အစားကို **အလွန်**စားသည်။
- ◆ သက်သက်က အစားကို **အကုန်**စားတတ်သည်။

"မျိုးမျိုးသည် အစားကို **များများ**စားတတ်သည်" ဟူသော ဝါကျတွင် **များများ**သည် မျိုးမျိုး စားသည့် အစားပမာဏကို ပြခြင်းဖြင့် **စား**ဟူသော ကြိယာကို အထူးပြုသည်။ ထို့ကြောင့် **များများ**သည် ပမာဏကိုပြသော **ပမာဏပြကြိယာအထူးပြု**ဖြစ်သည်။

❖ ကျန်သော ပမာဏပြကြိယာအထူးပြုများကိုလည်း ထို့အတူ ရှင်းပါ။

❖ ထို့နောက် ကျောင်းသုံးစာအုပ် စာမျက်နှာ (၁၀၃) မှ ပမာဏပြကြိယာအထူးပြုများပါသည့် စာပိုဒ်ကို ကျောင်းသားအားလုံးဖတ်ပါစေ။

❖ ပမာဏပြကြိယာအထူးပြုများက အထူးပြုခံကြိယာများအား ထူးခြားစေပုံ သို့မဟုတ် အထူးပြု ပုံကို ဆရာက ရှင်းပါ။

**လေ့ကျင့်ခြင်း** ၅ မိနစ်

❖ ကျောင်းသားများကို သင့်လျော်သလို ကျား၊ မ အုပ်စု ၄ စု ခွဲပါ။ အောက်ပါစာပိုဒ်ကို လေ့ကျင့် စာရွက်တွင်ရေးပြီး ပမာဏပြကြိယာအထူးပြုများကို ရွေးထုတ်ပါစေ။ ပြီးလျှင် အုပ်စု ၂ စုစီကို အပြန်အလှန်စစ်ဆေးခိုင်းပါ။



DREBOX

- ကျန်းမာခြင်းသည် လူသားတို့အတွက် **အလွန်**အရေးပါသည်။ သို့အတွက် ကျန်းမာရေးဗဟုသုတရှိရန် **ပိုမို**လိုအပ်သည်။ အစားကို**များများ**စားပါက ဘေးဖြစ်တတ်သည်။ မတည့်သော အစားအစာကို စားချင်လျှင် **နည်းနည်း**စားသင့်သည်။ ကျန်းမာရေးဗဟုသုတကို **များစွာ** သိရှိရန် ကြိုးစားသင့်သည်။
- အနက်ရောင်တင်ထားသော စကားလုံးများသည် အဖြေများဖြစ်သည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

- ကျောင်းသားများ၏အဖြေကို ဆရာကစစ်ဆေး၍ အကဲဖြတ်ပါ။
- လိုအပ်လျှင် ဖြည့်စွက်ရှင်းပါ။

**အဓိကရည်မှန်းချက်**

- ပမာဏပြကြိယာအထူးပြုများကို ဝါကျ၊ စာပိုဒ်များမှ ရွေးထုတ်တတ်ရမည်။

## စာသင်ချိန် ၂

### ၁၊ ၂။ ကြိယာအထူးပြုများကို လက်တွေ့အသုံးပြုခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

- ဝါကျ၊ စာပိုဒ်များမှ ပမာဏပြကြိယာအထူးပြုများကို ရွေးချယ်ထုတ်နုတ်တတ်ရန်
- ပမာဏပြကြိယာအထူးပြုများကို ဝါကျများတွင် မှန်ကန်စွာသုံးတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

- ဤစာသင်ချိန်တွင် ပမာဏပြကြိယာအထူးပြုများကို ဝါကျ၊ စာပိုဒ်များမှ ထုတ်နုတ်တတ်ရန်နှင့် ဝါကျတွင် မှန်ကန်စွာသုံးတတ်ရန် သင်ကြားလေ့ကျင့်မည်ဖြစ်ကြောင်း ပြောပြမိတ်ဆက်ပါ။

**သင်ကြားခြင်း** **၅ မိနစ်**

- အောက်ပါဝါကျများကို သာဓကပေး၍ အထူးပြုပုံများကို သဘောပေါက်အောင်ထပ်မံရှင်းပါ။

  (က) စကားကို **နည်းနည်း**ပြော၍ အလုပ်ကို **များများ**လုပ်ပါ။

  (ခ) ဆေးလိပ်သောက်ခြင်းကို **လုံးဝ**ရှောင်ကြဉ်သင့်သည်။

  (ဂ) တပေါင်းလတွင် နေသည် **အလွန်**ပူပြင်းသည်။



DBE BOX

(ဃ) ဤပုစ္ဆာ၏ ဆိုလိုရင်းကို **အနည်းငယ်**ရှင်းပါ။

(င) စာမေးပွဲကာလတွင် ကျန်းမာရေးကို **ပိုမို**ဂရုစိုက်သင့်သည်။

❖ အထက်ပါဝါကျများတွင် အနက်ရောင်တင်ထားသော ပမာဏပြကြိယာအထူးပြုများက သက်ဆိုင်ရာကြိယာများကို မည်သို့အထူးပြုကြောင်းရှင်းပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၃၀**

❖ ကျောင်းသားများကို သင့်လျော်သလို ကျား၊ မ မျှတစွာ အုပ်စု ၄ စု ဖွဲ့ပေးပါ။

❖ ကျောင်းသုံးစာအုပ် စာမျက်နှာ (၁၀၄) မှ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၁ )ကို ဖြေဆိုပါစေ။

❖ ပြီးလျှင် အုပ်စု ၂ စုကို အပြန်အလှန်စစ်ဆေးခိုင်းပြီး ဆရာ့ထံတင်ပြပါစေ။

❖ ဆရာက အထူးပြုခံနှင့်ဆီလျော်သော အဓိပ္ပာယ်ရှိသည့် ပမာဏပြကြိယာအထူးပြုကို တွဲစပ်ပေးမှသာ အသုံးပြုပုံ မှန်ကန်မည်ဖြစ်ကြောင်း ရှင်းပြပါ။

**အဖြေမှန်** – (က) အကုန် (ခ) အနည်းငယ် (ဂ) များများ (ဃ) နည်းနည်း (င) များစွာ

❖ ဆက်လက်၍ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၁၀၄) မှ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၂) ကို ဖြေပါစေ။

❖ ပြီးလျှင် အုပ်စု ၂ စုကို အပြန်အလှန်စစ်ဆေးခိုင်းပြီး ဆရာ့ထံတင်ပြပါစေ။

**အဖြေမှန်** –

၁။ အနည်းငယ်ပြောင်းလဲ
အနည်းငယ်-ပမာဏပြကြိယာအထူးပြု
ပြောင်းလဲ-သက်ဆိုင်ရာကြိယာ

၂။ လုံးဝမရှိ
လုံးဝ- ပမာဏပြကြိယာအထူးပြု
မရှိ- သက်ဆိုင်ရာကြိယာ

၃။ ပိုမိုမြင့်မား
ပိုမို- ပမာဏပြကြိယာအထူးပြု
မြင့်မား-သက်ဆိုင်ရာကြိယာ

၄။ များစွာတင့်တယ်
များစွာ-ပမာဏပြကြိယာအထူးပြု
တင့်တယ်-သက်ဆိုင်ရာကြိယာ



DBE BOX

၅။ မြောက်မြားစွာတည်ရှိ

မြောက်မြားစွာ-ပမာဏပြကြိယာအထူးပြု

တည်ရှိ-သက်ဆိုင်ရာကြိယာ

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ဆရာက ပမာဏပြကြိယာအထူးပြုများကို အထူးပြုခံကြိယာများနှင့် အဓိပ္ပာယ်ဆီလျော်အောင် သုံးတတ်ရန် အရေးကြီးကြောင်း ထပ်မံရှင်းပြပါ။

❖ ဆီလျော်အောင် အသုံးပြုထားသော ပမာဏပြကြိယာအထူးပြုများကို သုံးသပ်အကဲဖြတ်ပြပါ။

**အဓိကရည်မှန်းချက်များ**

❖ ပမာဏပြကြိယာအထူးပြုများကို ဝါကျနှင့်စာပိုဒ်များတွင် ရှာဖွေတတ်ရမည်။

❖ ပမာဏပြကြိယာအထူးပြုများကို ဝါကျများတွင် မှန်ကန်စွာသုံးတတ်ရမည်။

**၁၉၊ ၃၊ ၅။ အမေးကြိယာအထူးပြု**

**စုစုပေါင်းစာသင်ချိန် ၂ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

**သင်ယူမှုရလဒ်များ**

❖ အမေးကြိယာအထူးပြုအကြောင်းကို သိရှိလာမည်။

❖ ဝါကျများရှိ အမေးကြိယာအထူးပြုများ ရွေးထုတ်တတ်မည်။

❖ အမေးကြိယာအထူးပြုများဖြင့် အမေးဝါကျများရေးတတ်လာမည်။

**သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း**

❖ အမေးကြိယာအထူးပြုများပါဝင်သော ဝါကျများကြိုတင်ရေးသားထားခြင်း

❖ ဆရာလမ်းညွှန်ကို ကျေညက်စွာလေ့လာထားခြင်း

❖ သင်ခန်းစာအတွက်အသုံးပြုမည့် သင်ကြားနည်းများနှင့်မေးခွန်းများ ကြိုတင်ပြင်ဆင်ထားခြင်း

**ရရှိစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

❖ လေ့ကျင့်ခန်းများကို အုပ်စုဖွဲ့လေ့ကျင့်စေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှုစွမ်းရည်

❖ လေ့ကျင့်ခန်းမေးခွန်းများကို အချင်းချင်းဆွေးနွေးတင်ပြစေခြင်းဖြင့် ပြောဆိုဆက်သွယ်မှုစွမ်းရည်

DBE BOX

- ❖ အခြားအုပ်စုများ၏ ပြောဆိုချက်များကို အကဲဖြတ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်
- ❖ အမေးကြိယာအထူးပြုစကားလုံးပါသည့် ဝါကျများကို ကိုယ်တိုင်ရေးသားခြင်းဖြင့် ဖန်တီးမှုစွမ်းရည်တို့ကို ရရှိလာပါမည်။

## စာသင်ချိန် ၁

### ၁၊ ၁။ အမေးကြိယာအထူးပြုအကြောင်း မိတ်ဆက်သင်ကြားခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

- ❖ အမေးကြိယာအထူးပြု အကြောင်းကိုသိရှိရန်
- ❖ ဝါကျများရှိ အမေးကြိယာအထူးပြုများကို ဖော်ပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

- ❖ ယခုစာသင်ချိန်တွင် အမေးကြိယာအထူးပြုအကြောင်းကို သင်ကြားမည်ဖြစ်ကြောင်း ပြောပြမိတ်ဆက်ပါ။
- ❖ အမေးကြိယာအထူးပြုများမှာ-**မည်မျှ၊ မည်သို့၊ မည်ကဲ့သို့၊ အဘယ်မျှ၊ ဘယ်လောက်၊ ဘယ်လို** စသည်တို့ ဖြစ်ကြောင်း ရှင်းပြပါ။

**သင်ကြားခြင်း** **မိနစ် ၃၀**

- ❖ ဆရာက အောက်ပါဝါကျများကို သင်ပုန်းတွင် ရေးမှတ်ပါ။
    - ◆ မောင်ထွေးသည် ပညာကို **မည်သို့**ကြိုးစားသနည်း။
    - ◆ ဒီစာအုပ်ကို **ဘယ်လောက်**ပေးရလဲ။
    - ◆ လက်ရေးလှအောင် **ဘယ်လို**လေ့ကျင့်ရမလဲ။
    - ◆ သင်သည် တစ်နေ့လျှင် အသားကို **မည်မျှ**စားသနည်း။
    - ◆ အမေသည် သားသမီးများကို **မည်သို့**ဆုံးမသနည်း။
    - ◆ ဘဝတွင်အောင်မြင်မှုရရှိစေရန် **မည်ကဲ့သို့** နေထိုင်ရမည်နည်း။
- ❖ "မောင်ထွေးသည် ပညာကို **မည်သို့**ကြိုးစားသနည်း။" ဟူသော ဝါကျတွင် **မည်သို့** သည် မောင်ထွေး၏ ပညာကြိုးစားပုံကို မေးမြန်းခြင်းဖြင့် ကြိုးစားဟူသော ကြိယာကို အထူးပြုသည်။ ထို့ကြောင့် **မည်သို့**သည် အမေးကြိယာအထူးပြုဖြစ်သည်။

❖ ကျန်သော အမေးကြိယာအထူးပြုများကိုလည်း ထို့အတူ ရှင်းပြပေးပါ။

❖ အနက်ရောင်တင်ထားသော စကားလုံးများသည် အမေးကြိယာအထူးပြုများဖြစ်သည်။

❖ ထို့နောက် ကျောင်းသုံးစာအုပ် စာမျက်နှာ (၁၀၅) မှ အမေးကြိယာအထူးပြုများပါသည့် စာပိုဒ်ကို ကျောင်းသားများအား ဖတ်ပါစေ။

❖ အမေးကြိယာအထူးပြုများက အထူးပြုခံကြိယာများအား မည်သို့ထူးခြားစေပုံကို ဆရာကရှင်းပါ။

**လေ့ကျင့်ခြင်း** ၅ မိနစ်

❖ ကျောင်းသားများကို သင့်လျော်သလို ကျား၊ မ အုပ်စု ၄ စု ခွဲပါ။ အောက်ပါဝါကျများကို စာရွက်တွင်ရေးပြီး ဆီလျော်သည့် အမေးကြိယာအထူးပြုများကို ကွက်လပ်များတွင် ဖြည့်ပါစေ။ ပြီးလျှင် အုပ်စု ၂ စုစီကို အပြန်အလှန်စစ်ဆေးပါစေ။

(က) သူကျောင်းကို -----------လာသလဲ။

(ခ) အမေသည် ဤဟင်းကို----------ချက်သနည်း။

(ဂ) သော်သော်သည် ထမင်းကို---------စားသနည်း။

(ဃ) ဒီစာအုပ်က----------ပေးရသလဲ။

(င) သူကျောင်းပျက်သည်မှာ---------ရှိပြီနည်း။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

❖ ကျောင်းသားများ၏အဖြေကို ဆရာကစစ်ဆေး၍ အကဲဖြတ်ပါ။

❖ လိုအပ်လျှင် ဖြည့်စွက်ရှင်းပါ။

**အဖြေမှန်** – (က) ဘယ်လို၊ (ခ) မည်သို့၊ (ဂ) မည်မျှ၊ (ဃ) ဘယ်လောက်၊ (င) အဘယ်မျှ

**အဓိကရည်မှန်းချက်များ**

❖ အမေးကြိယာအထူးပြုများကို ဝါကျများမှ ရွေးထုတ်တတ်ရမည်။

❖ ဝါကျများတွင် ဆီလျော်အောင် သုံးတတ်ရမည်။

DBE BOX

## စာသင်ချိန် ၂

### ၁၊ ၂။ ကြိယာအထူးပြုများကို လက်တွေ့အသုံးပြုခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ဝါကျများရှိ အမေးကြိယာအထူးပြုများနှင့် သက်ဆိုင်ရာကြိယာတို့ကို ဖော်ထုတ်တတ်ရန်

❖ အမေးကြိယာအထူးပြုများကို ဝါကျများတွင် မှန်ကန်စွာသုံးတတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

❖ စာသင်ချိန်တွင် ဆရာက ကျောင်းသားများကို အမေးကြိယာအထူးပြုများမှာ အဘယ်နည်းဟု မေးပါ။

❖ ဖြေဆိုချက်များကို သင်ပုန်းမှတ်တမ်းရေး၍ အမေးကြိယာအထူးပြုများမှာ **မည်မျှ၊ မည်သို့၊ မည်ကဲ့သို့၊ အဘယ်မျှ၊ ဘယ်လောက်၊ ဘယ်လို** စသည်တို့ဖြစ်ကြောင်းရှင်းပါ။

**သင်ကြားခြင်း** ၅ မိနစ်

❖ ဆရာက အောက်ပါစာပိုဒ်ကို စာရွက်ကြီးတွင်ရေး၍ သင်ပုန်းတွင်ကပ်ထားပါ။

❖ ကျောင်းသားတစ်ဦးချင်းအား အမေးကြိယာအထူးပြုကိုမေးပါ။

❖ အခြားတစ်ဦးကို မည်သည့်ကြိယာက အထူးပြုသနည်းဟုမေးပါ။

◆ ရွာရှိ အများသုံးရေကန်ကြီး ပြုပြင်ရန် လိုနေပါသည်။ ထိုလုပ်ငန်းဆောင်ရွက်ရန် အစည်းအဝေး ပြုလုပ်ကြပါသည်။ ငွေကြေးနှင့်ပတ်သက်၍ **မည်မျှ**ကုန်မည်ကို တွက်ချက်ကြရပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးက **ဘယ်လောက်**ထည့်ဝင်မည်၊ သူဌေးကြီး ဦးသူရက **မည်မျှ** ပါဝင်မည်၊ ရွာရှိလုပ်ငန်းရှင်များက အချိုးကျ **မည်ကဲ့သို့**ကူညီကြမည်ကို ဆွေးနွေးကြပါသည်။ လူငယ်အဖွဲ့ကလည်း နေ့စဉ်**ဘယ်လောက်**လုပ်အားပေးမည်ကို ညှိနှိုင်းကြပါသည်။ အများနှင့် ဆိုင်သောလုပ်ငန်းတွင် အများသဘောတူ ညှိနှိုင်းဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်ပါမည်။

❖ အထက်ပါဝါကျများတွင် အနက်ရောင်တင်ထားသော အမေးကြိယာအထူးပြုများက သက်ဆိုင်ရာ ကြိယာများကို မည်သို့အထူးပြုကြောင်းရှင်းပါ။

**လေ့ကျင့်ခြင်း** မိနစ် ၃၀

❖ ကျောင်းသားများကို သင့်လျော်သလို ကျား၊ မ မျှတစွာ အုပ်စု ၄ စု ဖွဲ့ပါ။

❖ ကျောင်းသုံးစာအုပ် စာမျက်နှာ (၁၀၆) မှ လေ့ကျင့်ခန်းမေးခွန်း (၁ )ကို ဆွေးနွေးဖြည့်စွက်ပါစေ။

❖ အုပ်စုကိုယ်စားလှယ်တစ်ဦးက အတန်းသို့တင်ပြပါစေ။ အခြားအုပ်စုများက ဝေဖန်ဆန်းစစ်ပါစေ။



DEEBOX

❖ ဆရာက ကျောင်းသားများ၏ဖြေဆိုချက်များကို မှတ်သားထားပြီး လိုအပ်ချက်များရှိပါက ဖြည့်စွက်လမ်းညွှန်ပါ။

**အဖြေမှန်** – (က) ဘယ်လောက်၊ (ခ) မည်သို့၊ (ဂ) အဘယ်မျှ၊ ဘယ်လို (ဃ) မည်ကဲ့သို့၊ (င) မည်မျှ

❖ ဆက်လက်၍ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၁၀၆) မှ လေ့ကျင့်ခန်းမေးခွန်း (၂) ကို ကျောင်းသားများအား ဖြေဆိုပါစေ။

❖ ပြီးလျှင် အုပ်စု ၂ စုကို အပြန်အလှန် စစ်ဆေးစေပြီး ဆရာ့ထံတင်ပြပါစေ။

**အဖြေမှန်** – (က) ဘယ်လောက်ရှိ။
ဘယ်လောက်-အမေးကြိယာအထူးပြု
ရှိ-သက်ဆိုင်ရာကြိယာ

(ခ) မည်မျှသုံးမည်။
မည်မျှ- အမေးကြိယာအထူးပြု
သုံးမည်- သက်ဆိုင်ရာကြိယာ

(ဂ) ဘယ်လိုချက်စားမည်။
ဘယ်လို- အမေးကြိယာအထူးပြု
ချက်စားမည်-သက်ဆိုင်ရာကြိယာ

(ဃ) အဘယ်မျှစားမည်။
အဘယ်မျှ- အမေးကြိယာအထူးပြု
စားမည်-သက်ဆိုင်ရာကြိယာ

(င) မည်သို့ချက်။
မည်သို့-အမေးကြိယာအထူးပြု
ချက်-သက်ဆိုင်ရာကြိယာ

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ ဆရာက အမေးကြိယာအထူးပြုနှင့် သက်ဆိုင်ရာကြိယာတို့ မည်သို့ဆက်စပ်အထူးပြုကြောင်း ရှင်းပါ။

❖ လိုအပ်ချက်များရှိပါက ထပ်မံသင်ကြားပါ။




DBE BOX

## အဓိကရည်မှန်းချက်များ

- ❖ အမေးကြိယာအထူးပြုများကို ဝါကျနှင့်စာပိုဒ်များတွင် ရှာဖွေတတ်ရမည်။
- ❖ အမေးကြိယာအထူးပြုများကို ဝါကျများတွင် မှန်ကန်စွာသုံးတတ်ရမည်။

## ကြိယာအထူးပြုများကို ပြန်လည်သုံးသပ်ခြင်း




DBE BOX

## ၂၀။ ဝါကျရိုး

### ၂၀၊ ၁။ ကတ္တားပုဒ် + အဖြည့်ကတ္တား + ကြိယာပုဒ်

စုစုပေါင်းစာသင်ချိန် ၂ ချိန်၊ တစ်ချိန် ၄၅ မိနစ်

**သင်ယူမှုရလဒ်များ**

❖ ကတ္တားပုဒ် + အဖြည့်ကတ္တား + ကြိယာပုဒ်ပါဝင်သော ဝါကျရိုးများကိုသိလာမည်။

❖ ဝါကျများရှိ ကတ္တားပုဒ် + အဖြည့်ကတ္တား + ကြိယာပုဒ်တို့ကို ဖော်ပြတတ်မည်။

❖ ကတ္တားပုဒ် + အဖြည့်ကတ္တား + ကြိယာပုဒ်တို့ပါဝင်သော ဝါကျရိုးများ ရေးတတ်လာမည်။

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

❖ ကတ္တားပုဒ် + အဖြည့်ကတ္တား + ကြိယာပုဒ်ပါဝင်သော ဝါကျရိုးများ ကြိုတင်ရေးသားထားခြင်း

❖ ဆရာလမ်းညွှန်ကို ကျေညက်စွာလေ့လာထားခြင်း

❖ သင်ခန်းစာအတွက်အသုံးပြုမည့်သင်ကြားနည်းများနှင့် မေးခွန်းများ ကြိုတင်ပြင်ဆင်ထားခြင်း

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ**

❖ ကတ္တားပုဒ် + အဖြည့်ကတ္တား + ကြိယာပုဒ်များပါဝင်သော ဝါကျရိုးများကို အုပ်စုဖွဲ့ရေးသားခြင်းဖြင့် ဖန်တီးမှုစွမ်းရည်၊ ပူးပေါင်းဆောင်ရွက်မှုစွမ်းရည်နှင့် ပြောဆိုဆက်သွယ်မှုစွမ်းရည်

❖ ဝါကျရိုးများရှိ ကတ္တားပုဒ်၊ အဖြည့်ကတ္တားနှင့် ကြိယာပုဒ်များအား ခွဲခြားဖော်ပြခြင်းကို အုပ်စုလိုက်ဆွေးနွေးအဖြေရှာခြင်းဖြင့် ပြဿနာဖြေရှင်းမှုစွမ်းရည်

❖ အုပ်စုလုပ်ငန်းများတွင် အချင်းချင်းအကဲဖြတ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်တို့ကို ရရှိလာပါမည်။

**စာသင်ချိန် ၁**

### ၁၊ ၁။ မိတ်ဆက်သင်ကြားခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ကတ္တားပုဒ် + အဖြည့်ကတ္တား + ကြိယာပုဒ်ပါဝင်သော ဝါကျရိုးများအကြောင်း သိရှိရန်

❖ ဝါကျများရှိ ကတ္တားပုဒ် + အဖြည့်ကတ္တား + ကြိယာပုဒ်တို့ကို ဖော်ပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ဆဋ္ဌမတန်းတွင် သင်ကြားခဲ့သော ဝါကျရိုးအကြောင်း ပြန်မေးပါ။

❖ အခြေခံအားဖြင့် ကတ္တားပုဒ်တစ်ခုနှင့် ကြိယာပုဒ်တစ်ခုပါဝင်သော ဝါကျကို ဝါကျရိုးဟု ခေါ်ကြောင်း သာဓကဝါကျများဖြင့် မိတ်ဆက်ပါ။

- ကလေး ငိုသည်။
- ခွေးဟောင်သည်။
- ပန်းပွင့်သည်။
- သူ ပြန်လာသည်။
- မိုး ရွာသည်။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ သင်ပုန်းပေါ်တွင် အောက်ပါဝါကျများကို ရေး၍ရှင်းပြပါ။

(က) မဟော်သဓာကား ပညာရှိ ဖြစ်သည်။

မဟော်သဓာကား + ပညာရှိ + ဖြစ်သည်။

ကတ္တားပုဒ် + အဖြည့်ကတ္တား + ကြိယာပုဒ်

ထိုဝါကျတွင် **မဟော်သဓာကား** သည် ကတ္တားပုဒ်ဖြစ်၍ ဉာဏ်ပညာရှိကြောင်းကို အဖြည့်ကတ္တား ပညာရှိက ထင်ရှားစေသည်။

(ခ) အမရာသည် မိန်းမမြတ် ဖြစ်သည်။

**အမရာသည်** သည် ကတ္တားပုဒ်ဖြစ်၍ မြင့်မြတ်သူဖြစ်ကြောင်းကို အဖြည့်ကတ္တား မိန်းမမြတ်က ထင်ရှားစေသည်။

(ဂ) သဲသဲသည် ကျောင်းသူဖြစ်သည်။

(ဃ) စိန်ဗေဒါသည် ဆိုင်းဆရာဖြစ်သည်။

(င) ဘရမ်နောင်သည် ကျောင်းသားဖြစ်သည်။

ကျန်ဝါကျများကို အထက်ပါနည်းအတိုင်းရှင်းပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ဆရာက ကျောင်းသားများကို ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စု ၆ စု ဖွဲ့ပါ။

❖ အောက်ပါဝါကျများကို စာရွက်ပိုင်းများတွင်ရေးသား၍ တစ်အုပ်စုလျှင်တစ်ရွက်ပေးပါ။

❖ ကတ္တားပုဒ် + အဖြည့်ကတ္တား + ကြိယာပုဒ်တို့ကို ခွဲခြားဖော်ပြပါစေ။ အုပ်စုတွင်းဆွေးနွေးဆောင်ရွက်ကာ အုပ်စုကိုယ်စားလှယ်တစ်ဦးက အတန်းသို့တင်ပြပါစေ။ အခြားအုပ်စုများက ဝေဖန်ဆန်းစစ်ပါစေ။

(က) ဦးညီညီသည် ဆံသဆရာဖြစ်သည်။

(ခ) မူးမူးအဲသည် တက္ကသိုလ်ကျောင်းသူဖြစ်သည်။

(ဂ) ဦးဘသည် ကျောင်းဆရာဖြစ်သည်။

(ဃ) မောင်ထွန်းထွန်းသည် သတင်းအယ်ဒီတာဖြစ်သည်။

(င) ချောချောသည် လှပသူဖြစ်သည်။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ အုပ်စုတစ်စုလျှင် ကတ္တားပုဒ် + အဖြည့်ကတ္တား + ကြိယာပုဒ် ပါဝင်သော ဝါကျ ၂ ခုစီ ပြောပါစေ။

❖ အခြားအုပ်စုတစ်စုက ကတ္တားပုဒ် + အဖြည့်ကတ္တား + ကြိယာပုဒ် တို့ကို ခွဲခြားဖော်ပြပါစေ။

❖ ဆရာက အောက်ပါအတိုင်း သုံးသပ်ပြောပါ။

◆ အဖြည့်ကတ္တားသည် ကတ္တား၏ ဖြစ်ပုံရှိပုံကို ပိုမိုထင်ရှားလာစေသည်။

**အဓိကရည်မှန်းချက်**

❖ ဝါကျရိုးတစ်ခုတွင်ပါဝင်သော ကတ္တားပုဒ်၊ အဖြည့်ကတ္တားနှင့် ကြိယာပုဒ်တို့ကို ခွဲခြားသိရမည်။

## စာသင်ချိန် ၂

### ၁၊ ၂။ လေ့ကျင့်ခန်းများဖြေဆိုခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ဝါကျများတွင်လိုအပ်သော ကတ္တားပုဒ် + အဖြည့်ကတ္တား + ကြိယာပုဒ်တို့ကို သင့်လျော်အောင်ဖြည့်တတ်ရန်

❖ ကတ္တားပုဒ် + အဖြည့်ကတ္တား + ကြိယာပုဒ်ပါဝင်သော ဝါကျရိုးများ ရေးသားတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ အဖြည့်ကတ္တားသည် ဝါကျတစ်ခုတွင် မည်သည့်တာဝန်ကို ယူသနည်းဟု မေးပါ။

❖ ဖြေဆိုချက်များကို သင်ပုန်းတွင်ရေး၍ အဖြည့်ကတ္တားသည် ကတ္တား၏ဖြစ်ပုံရှိပုံကို ပိုမိုထင်ရှားစေသည်ဟု ရှင်းပါ။

**သင်ကြားခြင်း** **၁၅ မိနစ်**

❖ ကျောင်းသားများကို ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စု ၆ စုဖွဲ့ပါ။ သင်ပုန်းတွင် အောက်ပါ ဝါကျများကိုရေး၍ အုပ်စုတစ်စုစီမှ ကိုယ်စားလှယ်တစ်ဦးက ကတ္တားပုဒ် + အဖြည့်ကတ္တား + ကြိယာပုဒ် တို့ကို ခွဲခြားဖော်ပြပါစေ။

(က) ဧရာဝတီမြစ်သည် အရေးပါသောမြစ်ဖြစ်သည်။

(ခ) မထွေးလေးသည် အငြိမ့်မင်းသမီးဖြစ်သည်။

(ဂ) မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံဖြစ်သည်။

(ဃ) ရိဒ်ရေကန်သည် အသည်းပုံရေကန်ဖြစ်သည်။

(င) တောင်ကြီးမြို့သည် တောင်ပေါ်မြို့ဖြစ်သည်။

(စ) ဖားကန့်မြို့သည် ကျောက်စိမ်းမြို့ဖြစ်သည်။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ အဖြည့်ကတ္တားမပါသော ဝါကျများကို စာရွက်ပိုင်းများတွင် ရေးသား၍ တစ်အုပ်စုလျှင် တစ်ရွက် ဝေပေးပါ။ ဝါကျများတွင်လိုအပ်သော အဖြည့်ကတ္တားကို ညှိနှိုင်းရေးသား၍ အုပ်စုကိုယ်စားလှယ် တစ်ဦးက အတန်းသို့တင်ပြပါစေ။ အခြားအုပ်စုများက ဝေဖန်ဆန်းစစ်ပါစေ။

(က) တောင်ဇလပ်ပန်းသည် ------------ဖြစ်သည်။

(ခ) စုစုသည် --------------ဖြစ်သည်။

(ဂ) ဦးအောင်အောင်သည်---------------ဖြစ်သည်။

(ဃ) ပြင်ဦးလွင်မြို့သည် --------------ဖြစ်သည်။

(င) ဦးဘညာဏ်သည် ------------ဖြစ်သည်။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ တစ်ဖွဲ့စီ၏ ဖြေဆိုချက်များကို ဆရာက စစ်ဆေးပါ။

❖ ကျောင်းသုံးစာအုပ် စာမျက်နှာ (၁၀၈) မှ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၁) ကို လေ့ကျင့်ခန်း စာအုပ်တွင် ဖြေဆိုပါစေ။

**အဓိကရည်မှန်းချက်**

❖ ကတ္တားပုဒ်၊ အဖြည့်ကတ္တားနှင့် ကြိယာပုဒ်တို့ပါဝင်သော ဝါကျရိုးများရေးသားတတ်ရမည်။

DBEBOX

## ၂၀၊ ၂။ ကတ္တားပုဒ် + ကံပုဒ် + ကြိယာပုဒ်

**စုစုပေါင်းစာသင်ချိန် ၂ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

### သင်ယူမှုရလဒ်များ

- ❖ ကတ္တားပုဒ် + ကံပုဒ် + ကြိယာပုဒ်ပါဝင်သော ဝါကျရိုးများကို သိလာမည်။
- ❖ ဝါကျများရှိ ကတ္တားပုဒ် + ကံပုဒ် + ကြိယာပုဒ်တို့ကို ဖော်ပြတတ်မည်။
- ❖ ကတ္တားပုဒ် + ကံပုဒ် + ကြိယာပုဒ်တို့ပါဝင်သော ဝါကျရိုးများ ရေးတတ်လာမည်။

### သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

- ❖ ကတ္တားပုဒ် + ကံပုဒ် + ကြိယာပုဒ်ပါဝင်သော ဝါကျရိုးများ ကြိုတင်ရေးသားထားခြင်း
- ❖ ဆရာလမ်းညွှန်ကို ကျေညက်စွာလေ့လာထားခြင်း
- ❖ သင်ခန်းစာအတွက်အသုံးပြုမည့်သင်ကြားနည်းများနှင့် မေးခွန်းများ ကြိုတင်ပြင်ဆင်ထားခြင်း

### ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ

- ❖ ကတ္တားပုဒ် + ကံပုဒ် + ကြိယာပုဒ်များပါဝင်သော ဝါကျရိုးများကို အုပ်စုဖွဲ့ရေးသားခြင်းဖြင့် ဖန်တီးမှုစွမ်းရည်၊ ပူးပေါင်းဆောင်ရွက်မှုစွမ်းရည်နှင့် ပြောဆိုဆက်သွယ်မှုစွမ်းရည်
- ❖ ဝါကျရိုးများရှိ ကတ္တားပုဒ်၊ ကံပုဒ်နှင့် ကြိယာပုဒ်များအား ခွဲခြားဖော်ပြခြင်းကို အုပ်စုလိုက် ဆွေးနွေးအဖြေရှာခြင်းဖြင့် ပြဿနာဖြေရှင်းမှုစွမ်းရည်
- ❖ အုပ်စုလုပ်ငန်းများတွင် အချင်းချင်းအကဲဖြတ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်တို့ကို ရရှိလာပါမည်။

**စာသင်ချိန် ၁**

### ၁၊ ၁။ မိတ်ဆက်သင်ကြားခြင်း

### သင်ခန်းစာရည်ရွယ်ချက်များ

- ❖ ကတ္တားပုဒ် + ကံပုဒ် + ကြိယာပုဒ်ပါဝင်သော ဝါကျရိုးများအကြောင်း သိရှိရန်
- ❖ ဝါကျများရှိ ကတ္တားပုဒ် + ကံပုဒ် + ကြိယာပုဒ်တို့ကို ဖော်ပြတတ်ရန်

### သင်ခန်းစာမိတ်ဆက် ၅ မိနစ်

- ❖ ရှေ့သင်ခန်းစာတွင် သင်ကြားခဲ့သော ဝါကျရိုးအကြောင်းမေးပါ။
- ❖ ကတ္တားပုဒ်၊ အဖြည့်ကတ္တားနှင့် ကြိယာပုဒ်ပါဝင်သော ဝါကျရိုးတွင် အဖြည့်ကတ္တားသည် ကတ္တား၏ ဖြစ်ပုံရှိပုံကို ပိုမိုထင်ရှားလာစေကြောင်းရှင်းပါ။



DREBOX

❖ ယခုစာသင်ချိန်တွင် ကြိယာ၏ပြုလုပ်ခြင်းခံရသော ကံပုဒ်အား ဝါကျတွင် အသုံးပြုပုံကို သင်ယူကြမည်ဖြစ်ကြောင်း မိတ်ဆက်ပါ။

**သင်ကြားခြင်း** **၁၀ မိနစ်**

❖ သင်ပုန်းပေါ်တွင် အောက်ပါဝါကျများကို ရေး၍ရှင်းပါ။

(က) ရွှဲကုန်သည်က ရွှဲကိုရောင်းသည်။

ရွှဲကုန်သည်က + ရွှဲကို + ရောင်းသည်။

ကတ္တားပုဒ် + ကံပုဒ် + ကြိယာပုဒ်

ထိုဝါကျတွင် ရွှဲသည် ကံ ဖြစ်သည်။ ကို သည် ကံနောက်ဆက်ဖြစ်သည်။ ရွှဲ ဟူသော စကားလုံးသည် ရောင်းသည် ကြိယာပုဒ်၏ ကံ ဖြစ်ကြောင်း ထင်ရှားစေသည်။

(ခ) ဆေးဆရာသည် လူနာကို စောင့်ရှောက်သည်။

ဆေးဆရာသည် + လူနာကို + စောင့်ရှောက်သည်။

ကတ္တားပုဒ် + ကံပုဒ် + ကြိယာပုဒ်

ထိုဝါကျတွင် လူနာသည် ကံ ဖြစ်သည်။ ကို သည် ကံနောက်ဆက်ဖြစ်သည်။ လူနာဟူသော စကားလုံးသည် စောင့်ရှောက်သည်ဟူသောကြိယာပုဒ်၏ ကံဖြစ်ကြောင်း ထင်ရှားစေသည်။

(ဂ) ဆရာသည် တပည့်များကို ကြင်နာသည်။

(ဃ) ကျွန်မသည် ငှက်ကလေးများကို ချစ်သည်။

(င) ဗျာဘောက်သည် ဝက်ဝံရုပ်ကို ကြိုက်သည်။

❖ ကျန်ဝါကျများကို အထက်ပါနည်းအတိုင်း ရှင်းပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ဆရာက ကျောင်းသားများကို ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စု ၆ စု ဖွဲ့ပါ။

❖ အောက်ပါဝါကျများကို စာရွက်ပိုင်းများတွင်ရေး၍ တစ်အုပ်စုလျှင် တစ်ရွက်ဝေပေးပါ။

ကတ္တားပုဒ်+ ကံပုဒ် + ကြိယာပုဒ်တို့ကို ခွဲခြားဖော်ပြပါစေ။ အုပ်စုတွင်း ဆွေးနွေးဆောင် ရွက်ကာ အုပ်စုကိုယ်စားလှယ်တစ်ဦးက အတန်းသို့တင်ပြပါစေ။ အခြားအုပ်စုများက ဝေဖန်ဆန်းစစ်ပါစေ။

(က) မမသည် နှင်းဆီပန်းကို ပန်သည်။

(ခ) ဦးဦးသည် ကားကို မောင်းသည်။

(ဂ) ကြောင်ကလေးသည် ကြွက်ကို ချောင်းသည်။

(ဃ) ဒူးဒူးသည် ပုံပြင်စာအုပ်ကို ဖတ်သည်။

(င) သူက သစ်ပင်လေးတွေကို ချစ်တယ်။

(စ) ဒွေးလေးသည် မန်ကျည်းရွက်ကို ခူးနေသည်။

(ဆ) ဈေးဝယ်သူက ဈေးသည်ကို ဈေးဆစ်နေသည်။

(ဇ) ဧရာဝတီလင်းပိုင်များသည် ရေလုပ်သားကြီးများကို ကူညီ၏။

(ဈ) ကျွန်တော်က မတရားမှုကို မနှစ်သက်ပါ။

(ည) ငှက်ကလေးများသည် စပါးစေ့များကို စားနေသည်။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

❖ ဆရာက အောက်ပါဝါကျများကို သင်ပုန်းတွင်ရေး၍ လိုအပ်သော ကံပုဒ်ကို ကျောင်းသားများအား ဖြည့်စွက်ပါစေ။ ဖြည့်စွက်လိုက်သောကံပုဒ်သည် ကြိယာ၏ပြုလုပ်ခြင်းကိုခံရသော ကံပုဒ် ဟုတ်၊ မဟုတ် ကျန်ကျောင်းသားများအား စစ်ဆေးအကဲဖြတ်ပါစေ။

(က) ကျွန်မက-----------ကြိုက်သည်။

(ခ) အမေသည်----------နေလှန်းသည်။

(ဂ) ကိုဖိုးမောင်သည်----------ဆွဲလာသည်။

(ဃ) ကိုကိုသည်------------စီးနေသည်။

(င) ကလေးသည်-----------ကြောက်၏။

❖ ဆရာက အောက်ပါအတိုင်း သုံးသပ်ပါ။

❖ **ကံပုဒ်** သည် **ကြိယာ**၏ ပြုလုပ်ခြင်းကို ခံရပြီး **တံနောက်ဆက်စကားလုံးမှာ ကို** ဖြစ်ကြောင်း ရှင်းပါ။

**အဓိကရည်မှန်းချက်**

❖ ဝါကျရိုးတစ်ခုတွင်ပါဝင်သော ကတ္တားပုဒ်၊ ကံပုဒ်နှင့် ကြိယာပုဒ်တို့ကို ခွဲခြားသိရမည်။



DBE BOX

## စာသင်ချိန် ၂

### ၁၊ ၂။ လေ့ကျင့်ခန်းများဖြေဆိုခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ဝါကျများတွင်လိုအပ်သော ကံပုဒ်ကို သင့်လျော်အောင် ဖြည့်တတ်ရန်

❖ ကတ္တားပုဒ် + ကံပုဒ် + ကြိယာပုဒ်ပါဝင်သော ဝါကျရိုးများ ရေးသားတတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

❖ ကံပုဒ်သည် ဝါကျတစ်ခုတွင် မည်သည့်တာဝန်ကို ယူသနည်းဟုမေးပါ။

❖ ဖြေဆိုချက်များကို သင်ပုန်းတွင်ရေး၍ ကံပုဒ်သည် ကြိယာ၏ ပြုလုပ်ခြင်းကိုခံရကြောင်း၊ ကံနောက်ဆက် စကားလုံးမှာ ကို ဖြစ်ကြောင်းရှင်းပါ။

**သင်ကြားခြင်း** ၁၅ မိနစ်

❖ ကျောင်းသားများကို ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စု ၆ စုဖွဲ့ပါ။ သင်ပုန်းတွင် အောက်ပါ ဝါကျများကိုရေး၍ အုပ်စုတစ်စုစီမှ ကိုယ်စားလှယ်တစ်ဦးက ကတ္တားပုဒ် + ကံပုဒ်+ ကြိယာပုဒ် တို့ကို ခွဲခြားဖော်ပြပါစေ။

(က) ကျွန်မက မမှန်တာကို မပြောပါ။

(ခ) ကျောင်းအုပ်ကြီးသည် စာမေးပွဲအချိန်စာရင်းကို ကြေညာ၏။

(ဂ) မိန်းကလေးသည် ထီးကိုဆောင်းလိုက်သည်။

(ဃ) ကြောင်ကလေးသည် ကြိုးကို ကိုက်နေသည်။

(င) ကျွန်တော်က သူ့ကို ခေါ်ပါတယ်။

**လေ့ကျင့်ခြင်း** မိနစ် ၂၀

❖ ကံပုဒ်မပါသော ဝါကျများကို စာရွက်ပိုင်းများတွင် ရေးသား၍ တစ်အုပ်စုလျှင် တစ်ရွက်ဝေပေးပါ။ ဝါကျများတွင်လိုအပ်သော ကံပုဒ်ကို ညှိနှိုင်းရေးသား၍ အုပ်စုကိုယ်စားလှယ်တစ်ဦးက အတန်းသို့ တင်ပြပါစေ။ အခြားအုပ်စုများက ဝေဖန်ဆန်းစစ်ပါစေ။

(က) ဆင်ကြီးသည် ------------ စားနေသည်။

(ခ) မျောက်သည် --------------ကိုက်၏။

(ဂ) စားဖိုမှူးသည်---------------လှီးနေသည်။

(ယ) ဥယျာဉ်မှူးသည်--------------ပြုစုသည်။

(င) ညီလေးက ------------ ရယ်ပြသည်။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

❖ တစ်ဖွဲ့စီ၏ ဖြေဆိုချက်များကို ဆရာက စစ်ဆေးပါ။

❖ ကျောင်းသုံးစာအုပ် စာမျက်နှာ (၁၀၉) မှ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၁) ကို လေ့ကျင့်ခန်းစာအုပ်တွင် ဖြေဆိုပါစေ။

**အဓိကရည်မှန်းချက်**

❖ ကတ္တားပုဒ်၊ ကံပုဒ်နှင့် ကြိယာပုဒ်တို့ပါဝင်သော ဝါကျရိုးများရေးသားတတ်ရမည်။

## ၂၀၊ ၃။ ကတ္တားပုဒ် + ကံပုဒ် + အဖြည့်ကံ + ကြိယာပုဒ်

**စုစုပေါင်းစာသင်ချိန် ၂ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

**သင်ယူမှုရလဒ်များ**

❖ ကတ္တားပုဒ် + ကံပုဒ် + အဖြည့်ကံ + ကြိယာပုဒ်ပါဝင်သော ဝါကျရိုးများကို သိလာမည်။

❖ ဝါကျများရှိ ကတ္တားပုဒ် + ကံပုဒ် + အဖြည့်ကံ+ ကြိယာပုဒ်တို့ကို ဖော်ပြတတ်မည်။

❖ ကတ္တားပုဒ် + ကံပုဒ် + အဖြည့်ကံ+ ကြိယာပုဒ်တို့ပါဝင်သော ဝါကျရိုးများ ရေးတတ်လာမည်။

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

❖ ကတ္တားပုဒ် + ကံပုဒ် + အဖြည့်ကံ + ကြိယာပုဒ်ပါဝင်သော ဝါကျရိုးများ ကြိုတင်ရေးသားထားခြင်း

❖ ဆရာလမ်းညွှန်ကို ကျေညက်စွာလေ့လာထားခြင်း

❖ သင်ခန်းစာအတွက်အသုံးပြုမည့်သင်ကြားနည်းများနှင့်မေးခွန်းများ ကြိုတင်ပြင်ဆင်ထားခြင်း

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ**

❖ ကတ္တားပုဒ် + ကံပုဒ် + အဖြည့်ကံ + ကြိယာပုဒ်များပါဝင်သော ဝါကျရိုးများကို အုပ်စုဖွဲ့ရေးသားခြင်းဖြင့် ဖန်တီးမှုစွမ်းရည်၊ ပူးပေါင်းဆောင်ရွက်မှုစွမ်းရည်နှင့် ပြောဆိုဆက်သွယ်မှုစွမ်းရည်

❖ ဝါကျရိုးများရှိ ကတ္တားပုဒ်၊ ကံပုဒ်၊ အဖြည့်ကံနှင့် ကြိယာပုဒ်များအား ခွဲခြားဖော်ပြခြင်းကို အုပ်စုလိုက်ဆွေးနွေးအဖြေရှာခြင်းဖြင့် ပြဿနာဖြေရှင်းမှုစွမ်းရည်

❖ အုပ်စုလုပ်ငန်းများတွင် အချင်းချင်းအကဲဖြတ်ခြင်းဖြင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည်တို့ကို ရရှိလာပါမည်။

## စာသင်ချိန် ၁

### ၁၊ ၁။ မိတ်ဆက်သင်ကြားခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ကတ္တားပုဒ် + ကံပုဒ် + အဖြည့်ကံ+ ကြိယာပုဒ်ပါဝင်သော ဝါကျရိုးများအကြောင်း သိရှိရန်

❖ ဝါကျများရှိ ကတ္တားပုဒ် + ကံပုဒ် + အဖြည့်ကံ+ ကြိယာပုဒ်တို့ကို ဖော်ပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **၅ မိနစ်**

❖ ရှေ့သင်ခန်းစာတွင် သင်ကြားခဲ့သော ဝါကျရိုးများအကြောင်းမေးပါ။

❖ ယခုစာသင်ချိန်တွင် ကတ္တားပုဒ် + ကံပုဒ် + အဖြည့်ကံ+ ကြိယာပုဒ်ပါဝင်သော ဝါကျရိုးများကို သင်ယူကြမည်ဖြစ်ကြောင်း မိတ်ဆက်ပါ။

**သင်ကြားခြင်း** **၁၀ မိနစ်**

❖ သင်ပုန်းပေါ်တွင် အောက်ပါဝါကျများကို ရေး၍ရှင်းပါ။

(က) အနော်ရထာမင်းသည် ကျန်စစ်သားကို စစ်သူကြီးခန့်သည်။

အနော်ရထာမင်းသည် + ကျန်စစ်သားကို + စစ်သူကြီး + ခန့်သည်။
ကတ္တားပုဒ် + ကံပုဒ် + အဖြည့်ကံ + ကြိယာပုဒ်

ထိုဝါကျတွင် ကတ္တားပုဒ်၊ ကံပုဒ်၊ ကြိယာပုဒ်တို့အပြင် အဖြည့်ကံတစ်ခုတိုးလာကြောင်း၊ ယင်းသည် ကံပုဒ်အား တစ်စုံတစ်ခုပြုလုပ်သည်ကို ထင်ရှားစေကြောင်းရှင်းပါ။

(ခ) ဆရာမသည် နေဝင်းသက်ကို အတန်းခေါင်းဆောင် ခန့်သည်။

ဆရာမသည် + နေဝင်းသက်ကို + အတန်းခေါင်းဆောင် + ခန့်သည်။
ကတ္တားပုဒ် + ကံပုဒ် + အဖြည့်ကံ + ကြိယာပုဒ်

ထိုဝါကျတွင် နေဝင်းသက်သည် ကံ ဖြစ်သည်။ အတန်းခေါင်းဆောင်သည် အဖြည့်ကံဖြစ်သည်။ အတန်းခေါင်းဆောင်ဟူသော အဖြည့်ကံ စကားလုံးသည် ကံပုဒ်ကို တစ်စုံတစ်ခုပြုကြောင်း ထင်ရှားစေသည်။

(ဂ) မေမေသည် ကျွန်တော့်ကို သားကြီးဟုခေါ်သည်။

(ဃ) ဆေးရုံအုပ်ကြီးသည် ဦးလတ်ကို ပန်းခြံဝန်ထမ်းခန့်သည်။

(င) စက်ရုံမှူးသည် ဦးစစ်ကောင်းကို ဌာနမှူးခန့်သည်။

❖ ကျန်ဝါကျများကို အထက်ပါနည်းအတိုင်းရှင်းပါ။

**လေ့ကျင့်ခြင်း** **မိနစ် ၂၀**

❖ ဆရာက ကျောင်းသားများကို ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စု ၆ စု ဖွဲ့ပါ။

❖ အောက်ပါဝါကျများကို စာရွက်ပိုင်းများတွင်ရေး၍ တစ်အုပ်စုလျှင် တစ်ရွက်ဝေပေးပါ။ ကတ္တားပုဒ်+ ကံပုဒ် + အဖြည့်ကံ+ ကြိယာပုဒ်တို့ကို ခွဲခြားဖော်ပြပါစေ။ ထို့နောက် မိမိတို့ ကိုယ်ပိုင် ကတ္တားပုဒ်+ ကံပုဒ် + အဖြည့်ကံ+ ကြိယာပုဒ်ပါသော ဝါကျရိုး ၃ ခုကို ဆွေးနွေး ရေးသားပါစေ။ အုပ်စုကိုယ်စားလှယ်တစ်ဦးက အတန်းသို့တင်ပြပါစေ။ အခြားအုပ်စုများက မှန်ကန်မှု ရှိ မရှိ ဝေဖန်ဆန်းစစ်ပါစေ။

(က) ဒေါ်ဒေါ်သည် ကြောင်ကလေးကို ဖိုးရှုပ်ဟု ခေါ်သည်။

(ခ) အနော်ရထာမင်းသည် အလောင်းစည်သူကို အိမ်ရှေ့အရာ ပေးသည်။

(ဂ) ပရိသတ်များသည် မမြရင်ကို လေဘာတီဘွဲ့ ချီးမြှင့်သည်။

(ဃ) ကုမ္ပဏီပိုင်ရှင်က သူ့ကို အတွင်းရေးမှူးခန့်လိုက်တယ်။

(င) အမေသည် ကြက်သားကို ကာလသားဟင်းချက်သည်။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၁၀ မိနစ်**

❖ ဆရာက အောက်ပါဝါကျများကို သင်ပုန်းတွင်ရေး၍ လိုအပ်သောအဖြည့်ကံကို ကျောင်းသား များအား ဖြည့်စွက်ပါစေ။ ဖြည့်စွက်လိုက်သော အဖြည့်ကံစကားလုံးသည် ကံပုဒ်ကိုထင်ရှား စေကြောင်း ရှိ၊ မရှိ ကျန်ကျောင်းသားများအား စစ်ဆေးအကဲဖြတ်ပါစေ။

(က) ဆရာမက နော်ထူးထူးဝါးကို ----------ခန့်သည်။

(ခ) ကိုကိုလေးသည် ဆင်စွယ်ကို --------- ထုလုပ်နေသည်။

(ဂ) ရွာသားများသည် ဦးဘကို ----------အဖြစ် ရွေးချယ်ကြသည်။

(ဃ) အတန်းသားများသည် အောင်အောင်ကို-----------တင်မြှောက်ကြသည်။

(င) ညီလေးသည် ဂျုံကို ----------- ပြုလုပ်နေသည်။

❖ ဆရာက အောက်ပါအတိုင်း သုံးသပ်ပါ။

❖ အဖြည့်ကံသည် ကံပုဒ်အား တစ်စုံတစ်ရာပြုလုပ်ကြောင်းကို ဖော်ပြသည်။

**အဓိကရည်မှန်းချက်**

❖ ဝါကျရိုးတစ်ခုရှိ ကတ္တားပုဒ်၊ ကံပုဒ်၊ အဖြည့်ကံနှင့် ကြိယာပုဒ်တို့ကိုခွဲခြားသိရမည်။



DBE BOX

## စာသင်ချိန် ၂

### ၁၊ ၂။ လေ့ကျင့်ခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

❖ ဝါကျများတွင်လိုအပ်သော အဖြည့်ကံကို သင့်လျော်အောင် ဖြည့်တတ်ရန်

❖ ကတ္တားပုဒ် + ကံပုဒ် + အဖြည့်ကံ+ ကြိယာပုဒ်ပါဝင်သော ဝါကျရိုးများ ရေးသားတတ်ရန်

**သင်ခန်းစာမိတ်ဆက်** ၅ မိနစ်

❖ အဖြည့်ကံသည် ဝါကျတစ်ခုတွင် မည်သည့်တာဝန်ကို ယူသနည်းဟုမေးပါ။

❖ ဖြေဆိုချက်များကို သင်ပုန်းတွင်ရေး၍ အဖြည့်ကံသည် ကံပုဒ်အား တစ်စုံတစ်ရာပြုလုပ်ကြောင်း ထင်ရှားစေသည်ဟုရှင်းပါ။

**သင်ကြားခြင်း** ၁၅ မိနစ်

❖ ကျောင်းသားများကို ကျား၊ မ ညီမျှစွာပါဝင်သော အုပ်စု ၆ စုဖွဲ့ပါ။ သင်ပုန်းတွင် အောက်ပါဝါကျများကိုရေး၍ အုပ်စုတစ်စုစီမှ ကိုယ်စားလှယ်တစ်ဦးက ကတ္တားပုဒ် + ကံပုဒ် + အဖြည့်ကံ + ကြိယာပုဒ်တို့ကို ခွဲခြားဖော်ပြပါစေ။

❖ သာဓကဝါကျကို ဆရာက သင်ပုန်းတွင်ရေး၍ရှင်းပါ။

<u>မင်းကြီးသည်</u> <u>စန္ဒာဒေဝီကို</u> <u>မိဖုရားကြီး</u> <u>မြှောက်သည်။</u>

ကတ္တားပုဒ် + ကံပုဒ် + အဖြည့်ကံ + ကြိယာပုဒ်

(က) ပန်းထိမ်ဆရာသည် ရွှေကို လက်ကောက်ပြုလုပ်သည်။

(ခ) မင်းတရားကြီးသည် လက်ဝဲရန္တမိတ်ကို စစ်ကဲခန့်တော်မူသည်။

(ဂ) မမသည် ပန်းပွင့်များကို ပန်းကုံး သီနေသည်။

(ဃ) ဘကြီးအောင်သည် သစ်သားကို ပန်းပုရုပ်ထုနေသည်။

(င) ကျွန်တော်က ကြောင်မလေးကို မိဖြူဟုခေါ်သည်။

**လေ့ကျင့်ခြင်း** မိနစ် ၂၀

❖ ကျောင်းသုံးစာအုပ် စာမျက်နှာ (၁၀၉) မှ လေ့ကျင့်ခန်းမေးခွန်းနံပါတ် (၁) ကို အုပ်စုဖွဲ့ဆွေးနွေးရေးသားပါစေ။

ကတ္တားပုဒ်+ ကံပုဒ် + အဖြည့်ကံ + ကြိယာပုဒ်တို့ကို ခွဲခြားဖော်ပြပါစေ။ အုပ်စုတွင်းဆွေးနွေးဆောင်ရွက်ကာ အုပ်စုကိုယ်စားလှယ်တစ်ဦးက အတန်းသို့တင်ပြပါစေ။ အခြားအုပ်စုများက ဝေဖန်ဆန်းစစ်ပါစေ။



DBE BOX

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

- ❖ ဖြေဆိုမှုများတွင် လိုအပ်ချက်များရှိလျှင် ဆရာက ဖြည့်စွက်ပါ။ ဆရာက အောက်ပါအတိုင်း သုံးသပ်ပြပါ။
- ❖ အဖြည့်ကံသည် ကံပုဒ်အား တစ်စုံတစ်ရာပြုလုပ်ကြောင်းကို ဖော်ပြသည်။
- ❖ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၁၁၀) မှ ဝါကျရိုးကျွမ်းကျင်မှုဆိုင်ရာလေ့ကျင့်ခန်းများကို အိမ်စာ ပေးပါ။

**အဓိကရည်မှန်းချက်**

❖ ကတ္တားပုဒ်၊ ကံပုဒ်၊ အဖြည့်ကံနှင့် ကြိယာပုဒ်တို့ပါဝင်သော ဝါကျရိုးများရေးသားတတ်ရမည်။

## ဝါကျရိုးသင်ခန်းစာကို ပြန်လည်သုံးသပ်ခြင်း

**ဝါကျရိုးများ**

**မိတ်ဆက်သင်ကြားခြင်း**

- ❖ ဝါကျရိုးတစ်ခုတွင်ပါဝင်သော ကတ္တားပုဒ်၊ အဖြည့်ကတ္တားနှင့် ကြိယာပုဒ်တို့ကို ခွဲခြားသိရမည်။
- ❖ ဝါကျရိုးတစ်ခုတွင်ပါဝင်သော ကတ္တားပုဒ်၊ ကံပုဒ်နှင့် ကြိယာပုဒ်တို့ကို ခွဲခြားသိရမည်။
- ❖ ဝါကျရိုးတစ်ခုရှိ ကတ္တားပုဒ်၊ ကံပုဒ်၊ အဖြည့်ကံနှင့် ကြိယာပုဒ်တို့ကိုခွဲခြားသိရမည်။

**လက်တွေ့အသုံးပြုခြင်း**

- ❖ ကတ္တားပုဒ်၊ အဖြည့်ကတ္တားနှင့် ကြိယာပုဒ်တို့ ပါဝင်သော ဝါကျရိုးများရေးသားတတ်ရမည်။
- ❖ ကတ္တားပုဒ်၊ ကံပုဒ်နှင့် ကြိယာပုဒ်တို့ပါဝင်သော ဝါကျရိုးများရေးသားတတ်ရမည်။
- ❖ ကတ္တားပုဒ်၊ ကံပုဒ်၊ အဖြည့်ကံနှင့် ကြိယာပုဒ်တို့ ပါဝင်သော ဝါကျရိုးများ ရေးသားတတ်ရမည်။

- ❖ ဝါကျရိုးစနစ်များကို ကောင်းစွာသိရှိပြီး မှန်ကန်စွာ ပြောတတ် ရေးတတ်ရမည်။

DBE BOX

# စာစီစာကုံးသင်ကြားရေး ဆရာလမ်းညွှန်

## (သတ္တမတန်း)

### နိဒါန်း

စာစီစာကုံးသင်ကြားရေးကို အခြေခံပညာအလယ်တန်း၏ အစဖြစ်သော ဆဋ္ဌမတန်းမှစတင်ကာ စနစ်တကျ လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ ယခုသတ္တမတန်းတွင် ဆဋ္ဌမတန်းမှစ၍ရရှိခဲ့သော စာစီစာကုံးဆိုင်ရာ အခြေခံအချက်အလက်များကို တစ်ဆင့်မြင့်၍ ဆက်လက်လေ့ကျင့်သင်ကြားပေးကြရမည် ဖြစ်ပါသည်။ ဆဋ္ဌမတန်းတွင် သင်ကြားပေးခဲ့သည့် စာစီစာကုံးဆိုင်ရာ အခြေခံအချက်အလက်များကို ပြန်လည်ဖော်ပြရမည်ဆိုလျှင် စာစီစာကုံး၏ ဖွင့်ဆိုချက်၊ စာစီစာကုံး၏ သဘောသဘာဝ၊ စာစီစာကုံး အမျိုးအစားလေးမျိုး၊ စာစီစာကုံးလေ့ကျင့်သင်ကြားပေးသင့်သည့် အဆင့်များ၊ စာစီစာကုံးကို စစ်ဆေးအကဲဖြတ်ခြင်း တို့ဖြစ်ပါသည်။ အဆိုပါအခြေခံအချက်အလက်များကို မူတည်၍ပင် ထပ်ဆင့်ကာ အခြေခံကိုပိုမိုခိုင်မာစေပြီး ပို၍ကျယ်ပြန့်သည့် စာစီစာကုံး လေ့ကျင့်သင်ကြားရေးကို ဆက်လက် ဆောင်ရွက်သွားကြရန် ဖြစ်ပါသည်။

### စာစီစာကုံး ဖွင့်ဆိုသတ်မှတ်ချက်နှင့် အလေးထားရမည့်အချက်များ

"စာစီစာကုံးဟူသည် ရေးသူ၏ ကိုယ်ပိုင်အတွေ့အကြုံ စိတ်ကူးစိတ်သန်းကို စကားပြေဖြင့် ပြေပြေပြစ်ပြစ် စီကုံးရေးသားရသည့် စာအဖွဲ့ပုံစံတစ်မျိုး ဖြစ်သည်" ဟု ဆဋ္ဌမတန်း စာစီစာကုံး သင်ကြားရေးတွင် ဖွင့်ဆိုရှင်းလင်းခဲ့ပါသည်။ ဤဖွင့်ဆိုချက်အရ အလေးထားရမည့် စာစီစာကုံး၏ သဘောသဘာဝတစ်ရပ်မှာ "စာစီစာကုံးသည် ကိုယ်ပိုင် အတွေ့အကြုံ၊ အတွေးအခေါ်နှင့် စိတ်ကူး စိတ်သန်းကို အခြေခံရသည်" ဆိုသော အချက်ဖြစ်ပါသည်။ ကိုယ်ပိုင်အတွေ့အကြုံသည် ကျောင်းသား၏ အသက်အရွယ်အလိုက် သူတို့ကိုယ်တိုင် ကျင်လည်ဖြတ်သန်းခဲ့ရသော အတွေ့အကြုံဖြစ်သင့်ပါသည်။ ဆရာက မိမိ၏အတွေ့အကြုံကိုပြောပြပြီး ပြန်ရေးစေသည့် အလေ့အကျင့်မျိုး မပြုလုပ်သင့်ပါ။ ကျောင်းသား များ တစ်ဆင့်ခံအတွေ့အကြုံကို အသုံးပြုစေခြင်းထက် ကျောင်းသားတို့၏ ကိုယ်ပိုင်အတွေ့အကြုံကိုသာ အသုံးပြုရေးသားတတ်လာအောင် သင်ကြားသင့်ပါသည်။

အတွေ့အကြုံတွင် စာတွေ့ အတွေ့အကြုံနှင့် ကိုယ်တွေ့ အတွေ့အကြုံ နှစ်မျိုးရှိနိုင်ပါသည်။ စာတွေ့ အတွေ့အကြုံသည် ကျောင်းသားများ သင်ယူဆည်းပူးခဲ့ရသော သင်ခန်းစာများ၊ ဖတ်ရှုဖူးသော စာများမှရရှိသည့် အတွေ့အကြုံဖြစ်သည်။ ကိုယ်တွေ့ အတွေ့အကြုံမှာမူကျောင်းသားများ မိမိ ဖြတ်သန်းကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများဖြစ်သည်။ စာတွေ့ အတွေ့အကြုံတိုးပွားလာရန်အတွက် စာဖတ်သည့်အလေ့အထ ပွားများလာအောင် ပြုစုပျိုးထောင်ရမည်ဖြစ်သည်။ ကိုယ်တွေ့ အတွေ့အကြုံ

တိုးပွားလာရန်အတွက် မိမိနေ့စဉ်မြင်တွေ့ကြားသိရသည့်ကိစ္စရပ်များ၊ ကြုံတွေ့ရသည့် ဖြစ်ရပ်များကို အမှတ်ထင်ထင် ဆင်ခြင်သတိပြုတတ်သည့် အလေ့အထပွားများလာအောင် ပြုစုပျိုးထောင်ရမည် ဖြစ်သည်။ ထိုအတွေ့အကြုံများပေါ်မူတည်၍ တွေးတတ်လာအောင်၊ စိတ်ကူးစိတ်သန်း ပေါ်ထွက်လာအောင် ဆရာက လေ့ကျင့်သင်ကြားပေးရပါမည်။ မိမိကိုယ်ပိုင် အတွေ့အကြုံကိုစိတ်ကူးစိတ်သန်းနှင့် ပေါင်းစပ်ကာ စီကုံးဖန်တီးရေးသားတတ်လာအောင် ဆရာကလမ်းညွှန်ပေးရပါမည်။ ထိုသို့ဖန်တီးရေးသားတတ်သည့် အလေ့အကျင့်အခြေခံကောင်းများ ရရှိသွားပါက ကျောင်းသား၏ ဘဝတစ်လျှောက်လုံးအတွက် စာအရေးအသားအလေ့အကျင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

နောက်ထပ်အလေးထားရမည့် စာစီစာကုံး၏ သဘောသဘာဝတစ်ရပ်မှာ "စကားပြေဖြင့် ပြေပြေပြစ်ပြစ် စီကုံးရေးသားခြင်း" ဖြစ်ပါသည်။ စကားပြေအရေးအသားတွင် အပြောစကားပြေ (ပြောဟန်)နှင့် အရေးစကားပြေ(ရေးဟန်) ဟူ၍ နှစ်မျိုး ရှိပါသည်။ အပြောစကားပြေသည်လည်းကောင်း၊ အရေးစကားပြေသည်လည်းကောင်း သူ့နေရာနှင့်သူ အသုံးဝင်၊ တန်ဖိုးရှိသည်သာဖြစ်ပါသည်။ မြန်မာစာအရေးအသားတွင် အပြောစကားပြေနှင့် အရေးစကားပြေ တစ်နည်းအားဖြင့် စာဟန်နှင့် ပြောဟန် အရေးအသားနှစ်မျိုး၏ ကွဲပြားမှုများကို ကျောင်းသားများအနေဖြင့် မူလတန်းအဆင့်ကပင် တွေ့ရှိခဲ့ပြီးဖြစ်ပါသည်။ ယခုအတန်းတွင် အပြောစကားပြေနှင့် အရေးစကားပြေ ကွဲပြားမှုကို ဆရာက ပိုမိုသိရှိလာအောင် ရှင်းလင်းသင်ပြပေးသင့်ပါသည်။ ကျောင်းသားများ မြန်မာစာကို လက်တွေ့ရေးသားရာတွင် အပြောစကားပြေ နှင့် အရေးစကားပြေတို့ကို သူ့နေရာနှင့်သူ ရေးသားတတ်စေရန် လေ့ကျင့်ပေးသင့်ပါသည်။ စာစီစာကုံးကို ကျောင်းသင်ခန်းစာတစ်ရပ်အနေဖြင့် လေ့ကျင့်ရေးသားသည့်အခါတွင်မူ စာစီစာကုံးအရေးအသား သတ်မှတ်ချက်အရ အရေးစကားပြေစာဟန်ဖြင့်သာ စီကုံး ရေးသားစေရပါမည်။

**စာစီစာကုံးအင်္ဂါရပ်များ**

စာစီစာကုံး၏ အင်္ဂါရပ်များမှာ နိဒါန်း၊ စာကိုယ်၊ နိဂုံး ဟူသည့် အစ၊ အလယ် အဆုံး အင်္ဂါသုံးရပ် ဖြစ်ပါသည်။ ကောင်းမွန်သော စာစီစာကုံးတစ်ပုဒ်သည် ထိုအင်္ဂါသုံးရပ်ဖြင့် ပြည့်စုံရပါမည်။ ကျောင်းသားများစာစီစာကုံးရေးသားသည့်အခါ ထိုအင်္ဂါသုံးရပ်ပြည့်စုံစွာ ရေးသားနိုင်စေရန် လေ့ကျင့်သင်ကြားရပါမည်။

နိဒါန်းသည် အစချီခြင်း၊ မိမိရေးသားမည့်အကြောင်းအရာကို စာဖတ်သူသိရှိအောင် မိတ်ဆက်ပေးခြင်းဖြစ်ပါသည်။ အစချီခြင်း၊ မိတ်ဆက်ပေးခြင်းဖြစ်သည့်အတွက် အကျယ်တဝင့်ချဲ့ထွင်ရေးသားနေရန်မလိုပါ။ အစပြုခြင်းသဘော၊ မိတ်ဆက်ခြင်းသဘော ပေါ်လွင်အောင်ရေးရန်သာ လိုအပ်ပါသည်။ မိမိစာစီစာကုံးတွင် ရေးသားမည့်အကြောင်းအရာတစ်ရပ်လုံးကို ခြုံငုံမိစေမည့် အစပြုမိတ်ဆက်

တင်ပြခြင်းမျိုး ဖြစ်သင့်ပါသည်။ သာဓကအားဖြင့် "အချစ်ခင်ဆုံး သူငယ်ချင်း" ဟူသော ခေါင်းစဉ်ဖြင့် စာစီစာကုံးရေးမည်ဆိုပါက နိဒါန်းတွင်သူငယ်ချင်းများစွာရှိကြောင်း၊ သူငယ်ချင်း အားလုံးကို ချစ်ခင်ကြောင်း၊ ထိုအထဲတွင်မှ ထူးထူးကဲကဲချစ်ခင်ရသည့် အချစ်ခင်ဆုံးသူငယ်ချင်း တစ်ဦးရှိကြောင်း၊ ထိုသူငယ်ချင်းမှာ မည်သူမည်ဝါဖြစ်ကြောင်း စသည်ဖြင့် အစချီမိတ်ဆက်ခြင်းမျိုးဖြစ်ပါသည်။ နိဒါန်းတွင် ထိုသူငယ်ချင်းအကြောင်းကို အကျယ်တဝင့်ရေးပြနေရန် မလိုပါ။ အလားတူပင် "ပညာ၏တန်ဖိုး" ဟူသောခေါင်းစဉ်ဖြင့်ရေးသားမည်ဆိုပါက ပညာသည် အကောင်းအဆိုး၊ အမှားအမှန်ကို ဝေဖန်ပိုင်းခြားပေးနိုင်ကြောင်း၊ ပညာသည်လူ့ဘဝကို တိုးတက်မြင့်မားစေနိုင်ကြောင်း၊ ထို့ကြောင့် ပညာ၏ တန်ဖိုး ကြီးမားကြောင်း စသည်ဖြင့် နိဒါန်းပျိုး အစချီနိုင်ပါသည်။ စာစီစာကုံးတွင် ယေဘုယျအားဖြင့် နိဒါန်းကို စာပိုဒ်တစ်ပိုဒ်သာ ရေးလေ့ရှိပါသည်။

စာကိုယ်တွင်မူ မိမိရေးသားမည့်အကြောင်းအရာကို အကျယ်တဝင့် ရေးသားတင်ပြရပါသည်။ "အချစ်ခင်ဆုံး သူငယ်ချင်း" ဟူသောခေါင်းစဉ်ဖြင့်ရေးသားလျှင် ထိုသူငယ်ချင်းအကြောင်းကို စာကိုယ်တွင် အကျယ်တဝင့် ရေးသားရပါမည်။ "ပညာ၏တန်ဖိုး" ဟူသောခေါင်းစဉ်ဖြင့်ရေးသားမည်ဆိုပါက ပညာ၏တန်ဖိုးကြီးမားပုံကို စာကိုယ်တွင် အကိုးအကား သာဓကများဖြင့် အကျယ်တဝင့်ရေးသားရပါမည်။ စာကိုယ်တွင် သက်ဆိုင်ရာအကြောင်းအရာကို အကျယ်တဝင့်ရေးသားရာ၌ ခေါင်းစဉ်နှင့် မဆီလျော်သောအကြောင်းအရာများကို ချဲ့ထွင်မရေးသားမိစေရန် သတိပြုသင့် ပါသည်။ စာကိုယ်တွင် အကြောင်းအရာ၊ အချက်အလက်များစွာကို ရေးသားထားသော်လည်း ခေါင်းစဉ်နှင့်ဆီလျော်ကိုက်ညီခြင်းမရှိပါက စာစီစာကုံးကောင်းတစ်ပုဒ် ဖြစ်လာမည်မဟုတ်ပါ။ စာကိုယ်စာပိုဒ်ရေသည် နိဒါန်းနှင့် နိဂုံး စာပိုဒ်ရေတို့ထက် ပိုမိုများပြားရပါသည်။ စာကိုယ်တွင် ရေးသားမည့် စာပိုဒ်အရေအတွက်ကို ရေးသားရန် ရရှိချိန်နှင့် ကိုက်ညီအောင် လေ့ကျင့်စေရပါမည်။ ရေးသားရန်အချိန်အတိုင်းအတာတစ်ခုအတွင်း ဆရာက ပိုဒ်ရေကန့်သတ်ပေးကာ ရေးသားစေခြင်း၊ ဆရာက ပိုဒ်ရေကန့်သတ်မပေးဘဲ ကျောင်းသားကိုယ်တိုင် ချိန်ဆရေးသားတတ်စေခြင်းတို့ဖြင့် လေ့ကျင့်ပေးရပါမည်။

နိဂုံးသည် မိမိရေးသည့်စာစီစာကုံးကို အဆုံးသတ်ခြင်း တစ်နည်းအားဖြင့် အနားသတ်ပေးခြင်းဖြစ်ပါသည်။ နိဂုံးတွင် မိမိတင်ပြသည့် အကြောင်းအရာ အဆုံးသတ်တော့မည်ဖြစ်ကြောင်း၊ ပြီးဆုံးပြီဖြစ်ကြောင်း ပေါ်လွင်အောင်ရေးသားတင်ပြရပါမည်။ နိဂုံးတွင် မိမိထင်မြင်ယူဆချက်၊ မိမိ၏ အမြင်သဘောထားတို့ဖြင့် အဆုံးသတ်လေ့ရှိပါသည်။ နိဂုံးတွင် အကြောင်းအရာအသစ်၊ အချက်အလက်အသစ်များကို ထပ်မံမဖော်ပြမိစေရန် အထူးသတိပြုရပါမည်။ စာကိုယ်တွင်တင်ပြခဲ့သည့် အချက်အလက်များကိုသာ အဆုံးသတ်ပေးရန် ဖြစ်ပါသည်။ နိဂုံးသည်လည်း နိဒါန်းကဲ့သို့ပင် စာတစ်ပိုဒ်သာ ရေးလေ့ရှိပါသည်။

DBE BOX

စာစီစာကုံးသင်ကြားပြသပေးမည့် ဆရာများအနေဖြင့် နိဒါန်း၊ စာကိုယ်၊ နိဂုံး ရေးသားပုံကို သေချာစွာလေ့လာပြီး ကျောင်းသားများကို အဆိုပါအင်္ဂါရပ်များနှင့် ကိုက်ညီစွာရေးသားတတ်စေရန် လေ့ကျင့်သင်ကြားပေးရပါမည်။ စာကိုယ်တွင် ပိုဒ်ရေများစွာဖြင့် မည်မျှပင်အကျယ်တဝင့်ရေးထား ပါစေ၊ နိဂုံးမချုပ်နိုင်ပါက စာစီစာကုံးအင်္ဂါရပ်နှင့် မကိုက်ညီ၍ စာစီစာကုံးကောင်းတစ်ပုဒ် မဖြစ် နိုင်တော့ကြောင်း ရှင်းလင်းသင်ကြားရပါမည်။

**စာအရေးအသားလေးမျိုး**

စာစီစာကုံးအပါအဝင် စကားပြေအရေးအသားများသည် စာအရေးအသားလေးမျိုးကို အခြေခံ၍ ရေးသားလေ့ရှိကြောင်းနှင့် ထိုစာအရေးအသားလေးမျိုးအကြောင်းတို့ကို သင်ကြားပေးရပါမည်။ ထိုလေးမျိုးမှာ (က) သရုပ်ဖော်အရေးအသား၊ (ခ) ဖြစ်စဉ်ပြအရေးအသား၊ (ဂ) ဖွင့်ဆိုရှင်းပြ အရေးအသား(ဃ) ကျိုးကြောင်းပြအရေးအသားတို့ ဖြစ်ပါသည်။

သရုပ်ဖော်အရေးအသားသည် သက်ရှိသက်မဲ့တို့၏ ပုံပန်းသွင်ပြင်များ၊ အသံများ၊ ဖြစ်ပျက်လှုပ် ရှားမှုများ စသည်တို့ကို မြင်ယောင် ကြားယောင်လာအောင် ရေးဖွဲ့ထားရသည့် ရေးနည်းဖြစ်သည်။ ထိုရေးနည်းဖြင့် တောတောင်ရေမြေ သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုအခြေအနေ၊ ရုပ်အဆင်း၊ ပုံပန်းသဏ္ဌာန်၊ အသံ စသည့် မြင်ကွင်း သို့မဟုတ် ရှုခင်းရှုကွက်တို့ကို စိတ်ထဲတွင်ထင်ယောင် မြင်ယောင်ဖြစ်လာအောင် အသေးစိတ်သရုပ်ဖော်ရေးဖွဲ့သည့်နည်းဖြစ်သည်။ ထိုရေးနည်းဖြင့် ရေးထား သောအဖွဲ့ကို သရုပ်ဖော်အဖွဲ့ဟု ခေါ်ပါသည်။

ဖြစ်စဉ်ပြအရေးအသားသည် အဖြစ်အပျက်တစ်ခုကို ဖြစ်ပျက်မှုဖြစ်စဉ်အတိုင်း ရေးသားခြင်း သို့မဟုတ် အချိန်ကာလ ရွေ့လျားသည့် အစဉ်အတိုင်းဖြစ်ပျက်သည့် အဖြစ်အပျက်များကို စီကာစဉ်ကာ ရေးသားခြင်းဖြစ်သည်။ ဖြစ်စဉ်ပြအဖွဲ့တွင် အဖြစ်အပျက်များကို ကွင်းဆက်မိမိဖော်ပြရသည်။ ဤရေးနည်း ဖြင့် ရေးထားသောအဖွဲ့ကို ဖြစ်စဉ်ပြအဖွဲ့ဟု ခေါ်ပါသည်။

ဖွင့်ဆိုရှင်းပြအရေးအသားသည် အကြောင်းအရာတစ်ခုခုကို နားလည်သဘောပေါက်အောင် ရှင်းလင်းဖွင့်ဆို ရေးသားသည့် ရေးနည်းဖြစ်သည်။ ဤရေးနည်းဖြင့်ရေးထားသော အဖွဲ့ကို ဖွင့်ဆိုရှင်းပြ အဖွဲ့ဟု ခေါ်ပါသည်။

ကျိုးကြောင်းပြအရေးအသားသည် သဘောတစ်ခုခု အယူအဆတစ်ခုခုကို ယုံကြည်လက်ခံအောင် အကျိုးအကြောင်း ဆက်စပ်ရေးသားပြရသည့် ရေးနည်းမျိုးဖြစ်ပါသည်။ ဤရေးနည်းဖြင့်ရေးထားသော အဖွဲ့ကို ကျိုးကြောင်းပြအဖွဲ့ဟုခေါ်ပါသည်။

ဆရာက ထိုအရေးအသားလေးမျိုးနှင့်ကိုက်ညီသည့် အဖွဲ့များကောက်နုတ်ကာ ကျောင်းသားများကို လေ့လာစေပြီး မည်သည့်အရေးအသားဖြင့်ရေးထားသည့် မည်သည့်အဖွဲ့မျိုးဖြစ်ကြောင်း ဝေဖန်ပိုင်းခြား

စေရပါမည်။ ထိုသို့လေ့လာစေရာတွင် ရှုပ်လျားသော၊ ခက်ခဲသော အဖွဲ့မျိုးမဖြစ်သင့်ပါ။ ရှင်းလင်းလွယ်ကူသော အဖွဲ့များကို ထုတ်နုတ်လေ့လာစေရပါမည်။

**သာဓက –**

(၁) နေမင်းကား မြစ်တစ်ဖက်ကမ်း တောင်စွယ်အောက်ဆီသို့ တဖြည်းဖြည်း ဝင်ရောက်နေလေပြီ။ သို့သော် သူ၏ ရောင်ခြည်များသည်ကား ကောင်းကင်တစ်ခွင်ကို လွှမ်းခြုံထားဆဲ။ တိမ်လိပ်များအောက်စွန်းတွင် နီနီစွေးစွေးအရောင်ပြေးနေသည်။ မြစ်တစ်ပြင်လုံးသည် ရဲရဲနီလျက်ရှိသည်။ မြစ်ပြင်သည် နီရာမှဝါ၊ ဝါရာမှ ခရမ်း၊ ခရမ်းမှ အပြာနုနု၊ အပြာနုနုမှ ခဲသားရောင်သို့ တဖြည်းဖြည်းပြောင်းလဲကာ ခပ်မှိုင်းမှိုင်းဖြစ်လာသည်။ **(သရုပ်ဖော်)**

(၂) နံနက်စောစော ကျွန်တော်အိပ်ရာမှနိုးထသည်နှင့် မျက်နှာသစ်ကာ ကိုယ်လက်သန့်စင်သည်။ ပြီးလျှင် ဘုရားရှိခိုးသည်။ ဘုရားရှိခိုးပြီးသော် ယမန်နေ့ညက ကျက်လက်စ သင်ခန်းစာကို ပြီးဆုံးအောင် ကျက်လိုက်သည်။ ထို့နောက်ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်ပြီး ရေချိုးသည်။ ရေချိုးအဝတ်အစားလဲပြီးနောက် မေမေအသင့်ပြုလုပ် ပေးထားသောနံနက်စာကို စားလိုက်သည်။ ပြီးလျှင်မေမေ့ကိုနှုတ်ဆက်ကာ ကျောင်းသို့ထွက်လာခဲ့လေသည်။ **(ဖြစ်စဉ်ပြ)**

(၃) အချိန်သည်တန်ဖိုးရှိလှပါသည်။ စက္ကန့် မှ မိနစ်၊ မိနစ်မှ နာရီ၊ နာရီမှ ရက် လ နှစ် သို့တိုင် အချိန်တို့သည် ကုန်ဆုံးသွားမြဲဖြစ်သည်။ ထိုအချိန်တို့ကို အမိအရအသုံးချနိုင်လျှင် အကျိုးရှိမြဲဖြစ်သည်။ အသုံးမချနိုင်လျှင်ကား ကုန်ဆုံးသွားသောအချိန်ကို ပြန်လည်ရရှိနိုင်မည် မဟုတ်ပါ။ တိုတောင်းလှသောအချိန်ကလေးပင်ဖြစ်စေ မိမိအသုံးချတတ်လျှင် မိမိအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်မည်။ **(ဖွင့်ဆိုရှင်းပြ)**

(၄) သီချင်းနားထောင်ရခြင်းကို ကျွန်တော်နှစ်သက်ပါသည်။ ကျွန်တော်ငယ်စဉ်ကပင် အိပ်ရာဝင်သည့်အခါ မေမေ၊ ဖေဖေ တို့က ကျွန်တော့်ကို သီချင်းဆို၍ သိပ်လေ့ရှိပါသည်။ ငယ်စဉ်ကပင် အိပ်ရာဝင်သီချင်း နားထောင်ရခြင်းကို နှစ်သက်ခဲ့ပါသည်။ ကြီးလာသောအခါတွင်လည်း သီချင်းနားထောင်ရခြင်းဖြင့် စိတ်ကိုပျော်ရွှင်စေပါသည်။ သီချင်းနားထောင်သည့်အခါ ပင်ပန်းမှုများကို ပြေပျောက်စေပါသည်။ ထို့ကြောင့် ကျွန်တော်သီချင်းကို နှစ်သက်ရခြင်း ဖြစ်ပါသည်။ **(ကျိုးကြောင်းပြ)**

ဆရာက ထိုကဲ့သို့သော အဖွဲ့များကို ထုတ်နုတ်ပြကာ အဖွဲ့အမျိုးအစားခွဲခြားစေသင့်ပါသည်။ ဖော်ပြပါ အဖွဲ့တို့မှာ ကျောင်းသားများသိမြင်လွယ်စေရန် သာဓကပြသည့် အရေးအဖွဲ့များသာဖြစ်ပါသည်။ ကျောင်းသားများပြန်လည်ရေးသားရာတွင်မူ ၎င်းတို့၏ အသက်အရွယ်အတွေ့အကြုံအလိုက်သာ ရေးသားနိုင်မည်ကို သတိပြုသင့်သည်။ ရေးနည်းနှင့် အဖွဲ့များကိုရှင်းပြရာတွင် ရေးနည်းတစ်နည်းနည်း၊

အဖွဲ့တစ်မျိုးမျိုးသာ တစ်သမတ်တည်းဖြစ်ရမည်ဟု ယူဆ၍မရနိုင်ပါ။ ရေးနည်းတစ်ခုအတွင်း အခြားရေးနည်းတို့လည်းပါဝင်နိုင်ပါသည်။ အလေးကဲမှု အပေါ်တွင်သာ သတ်မှတ်ခြင်းဖြစ်ပါသည်။ အများအားဖြင့် သရုပ်ဖော်နှင့် ဖြစ်စဉ်ပြ၊ ဖွင့်ဆိုရှင်းပြနှင့် ကျိုးကြောင်းပြတို့သည် တွဲဖက်နေလေ့ရှိပါသည်။ ရေးသားမည့်အကြောင်းအရာအလိုက် ဆီလျော်စွာ ရေးသားတတ်စေရန် လေ့ကျင့်ပေးရမည် ဖြစ်ပါသည်။

ထို့နောက် ဆီလျော်ရာ အကြောင်းအရာများကိုပြောပြ၍ဖြစ်စေ၊ ခေါင်းစဉ်တစ်ခုခုကိုပေး၍ဖြစ်စေ ကျောင်းသားများကို ကိုယ်တိုင်ရေးသားလေ့ကျင့်စေသင့်ပါသည်။

**သာဓက –**

"ညနေ နေဝင်ချိန်ကိုသင်မြင်ဖူးသလား၊ မြင်ဖူးတဲ့မြင်ကွင်းကို သရုပ်ဖော်ရေးပြပါ"၊ "မိဘတွေနဲ့အတူ ဈေးကိုလိုက်သွားဖူးသလား၊ လိုက်သွားတဲ့အခါတွေ့ရတဲ့မြင်ကွင်းကို သရုပ်ဖော်ရေးပြပါ"၊ "ကြည့်ဖူးတဲ့ ရုပ်ရှင်ဇာတ်လမ်းတွေထဲမှာ ဘယ်ဇာတ်လမ်းကိုအကြိုက်ဆုံးလဲ၊ အကျိုးသင့်အကြောင်းသင့် ရေးပြပါ"၊ "အလိမ္မာစာမှာရှိဆိုတဲ့စကားကို ကြားဖူးသလား၊ ဒီစကားအကြောင်းရှင်းပြပါ" စသည်ဖြင့် ပြောပြ၍ရေးစေခြင်း၊

ကျောင်းလာစဉ်မြင်ကွင်း (သရုပ်ဖော်)၊ တစ်နေ့တာဆောင်ရွက်ချက် (ဖြစ်စဉ်ပြ)၊ ပညာဟူသည် မြတ်ရွှေအိုး (ဖွင့်ဆိုရှင်းပြ)၊ မြန်မာဖတ်စာမှ အနှစ်သက်ဆုံးသင်ခန်းစာတစ်ခု (ကျိုးကြောင်းပြ) စသည့် အရေးအသားတစ်မျိုးစီနှင့် လိုက်လျောညီထွေဖြစ်မည့် ခေါင်းစဉ်မျိုးကိုပေးကာ ရေးသားစေခြင်းတို့ဖြင့် လက်တွေ့ဆောင်ရွက်စေပါမည်။

**စာစီစာကုံးလေ့ကျင့်ရေးသားမှုအဆင့်များ**

**(၁) အကြောင်းအရာရွေးချယ်ခြင်း**

စာစီစာကုံးရေးသားရန်အတွက် ကျောင်းသူကျောင်းသားများစိတ်ဝင်စားသည့်အကြောင်းအရာများကို ၎င်းတို့ကိုယ်တိုင်ရွေးချယ်တတ်စေရန် လေ့ကျင့်ပေးပါ။ "ဘာအကြောင်းရေးချင်သလဲ" ဟူသောမေးခွန်းမျိုးဖြင့် ကျောင်းသား၏ရေးလိုစိတ်ကို နှိုးဆွပေးပါ။ ကျောင်းသားရေးသားလိုသည့် အကြောင်းအရာသည် စာတွေ့ကို အခြေခံသည့်အကြောင်းအရာ ဖြစ်နိုင်သကဲ့သို့ ကိုယ်တွေ့အကြောင်းအရာလည်းဖြစ်နိုင်ပါသည်။ မည်သည့်အကြောင်းမျိုးပင်ဖြစ်စေ ရေးသားမည့်အကြောင်းအရာကို ကျောင်းသားများအား ရွေးချယ်စေခြင်းသည် စာစီစာကုံး အရေးအသားမလေ့ကျင့်မီ တွေးခေါ်မှုကို ဦးစွာလေ့ကျင့်ပေးခြင်းဖြစ်ပါသည်။ မည်သည့်အကြောင်းအရာကိုမျှ ရွေးချယ်ရမှန်းမသိပါက မည်သို့စဉ်းစားရွေးချယ်သင့်ကြောင်း စဉ်းစားပုံ စဉ်းစားနည်းကို ဆရာကညွှန်ပြပေးသင့်ပါသည်။ ကျောင်းသားများ တွေးခေါ်စဉ်းစားမှု အလေ့အကျင့်များများရလာအောင် ဆရာက ဖန်တီးပေးသင့်ပါသည်။

**(၂) ခေါင်းစဉ်သတ်မှတ်ခြင်း**

ရေးသားမည့်အကြောင်းအရာကို ရွေးချယ်ပြီးပါက ရေးသားမည့်ခေါင်းစဉ်ကို သတ်မှတ်ရပါမည်။ ရေးသားမည့်အကြောင်းအရာအတွက် မည်သည့်ခေါင်းစဉ်ပေးမည်ဆိုသည်ကို ကျောင်းသားများကို စဉ်းစားစေသင့်ပါသည်။ အကြောင်းအရာတစ်ခုတွင် မည်သည်က ပဓာနကျသည်၊ မည်သည်က သာမန်ဖြစ်သည်ကို ပြောဆိုကာ မည်သို့ခေါင်းစဉ်ပေးသင့်သည်ကို စဉ်းစားစေပါမည်။ ကျောင်းသားများအခက်အခဲရှိသည်ကို ဆရာက လမ်းပြပေးရပါမည်။ ခေါင်းစဉ်အဆင်သင့်ပေးထားပြီး ရေးသားစေခြင်းသည် သမားရိုးကျဖြစ်သည့်အတွက် ကျောင်းသားများ၏ တွေးခေါ်စဉ်းစားမှုကို လျော့နည်းစေပါသည်။

**(၃) သင့်လျော်သည့်အချက်အလက်များစီစဉ်ခြင်း**

အကြောင်းအရာနှင့်ခေါင်းစဉ်ရရှိပြီးပါက ရေးသားရန်သင့်လျော်သည့် အချက်အလက်များကို ရွေးချယ် စီစဉ်ရပါမည်။ မည်သည့်အကြောင်းအရာ၊ မည်သည့်ခေါင်းစဉ်အတွက် မည်သည့်အချက်အလက်များကို ထည့်သွင်းသင့်သည်ကို ဆရာကဦးဆောင်ဆွေးနွေးရပါမည်။ ဝိုင်းဖွဲ့ဆွေးနွေးခြင်းမျိုးလည်းပြုလုပ်နိုင်ပါသည်။ မည်သည့်အချက်အလက်ဖြင့် နိဒါန်းပျိုးသင့်သည်၊ မည်သည့် အချက်အလက်များကို စာကိုယ်တွင်ဖော်ပြသင့်သည်၊ မည်သည့်အချက်အလက်ဖြင့် နိဂုံးချုပ်သင့်သည်ဆိုသည်ကို ဆရာကလမ်းပြရပါမည်။ အချက်အလက်များကို စီစဉ်ပြီးလျှင် စီစဉ်ထားသည့်အတိုင်း အစီအစဉ်တကျ ရေးသားစေပါမည်။

**(၄) စကားလုံးအသုံးအနှုန်းများကို စဉ်းစားရွေးချယ်စေခြင်း**

စကားလုံးအသုံးအနှုန်းနှင့်ပတ်သက်၍ စကားလုံးများတွင် အနက်အဓိပ္ပာယ်အပြည့်အဝရှိသော အနက်ပြစကားလုံး (နာမ်စကားလုံး၊ ကြိယာစကားလုံး၊ ကြိယာဝိသေသနစကားလုံး၊ နာမဝိသေသနစကားလုံး) တို့နှင့် ဝါကျတည်ဆောက်မှုအတွက်အသုံးပြုရသော အသုံးပြစကား (နာမ်နောက်ဆက်၊ ကြိယာနောက်ဆက်၊ ဝါကျအဆုံးသတ်) တို့အကြောင်းကို ဆဋ္ဌမတန်း စာစီစာကုံးသင်ကြားရေးတွင် ဆွေးနွေးခဲ့ပါသည်။ ယင်းအခြေခံကို တစ်ဆင့်မြှင့်ကာ ဆက်လက်သင်ကြားပေးရမည်ဖြစ်သည်။

စာရေးသားရန်အတွက် စကားလုံးအသုံးအနှုန်း (ဝေါဟာရ) ကြွယ်ဝရန် အရေးကြီးပါသည်။ စကားလုံး အသုံးအနှုန်းကြွယ်ဝမှုသည် ဝေါဟာရများကို သိရှိနားလည်ရုံမျှမက ထိုစကားလုံးများကို စာရေးသားရာတွင် သူ့နေရာနှင့်သူ အံဝင်ခွင်ကျ လက်တွေ့အသုံးချနိုင်ရမည် ဖြစ်သည်။ ထိုသို့ စကားလုံးအသုံးအနှုန်း ကြွယ်ဝလာစေရန်အတွက် ကျောင်းသားများသည် ကျောင်းသင်ဖတ်စာအုပ်များမှ ဝေါဟာရများကို မှတ်သားလေ့လာကျက်မှတ်ခြင်း၊ ပြင်ပစာပေများကို ဖတ်ရှုသည့်အခါ အသုံးများသည့်ဝေါဟာရများ၊ ဆန်းပြားသည့် ဝေါဟာရများကို မှတ်သားလေ့လာကျက်မှတ်ခြင်းတို့ဖြင့်

ဝေါဟာရကြွယ်ဝလာအောင် အားထုတ်သင့်သည်။ တစ်ဖန် မိမိမှတ်သားသိရှိထားသည့် ထိုဝေါဟာရများကို မိမိစာအရေးအသားတွင် အံဝင်ခွင်ကျ ထည့်သွင်းအသုံးပြုတတ်အောင် စာအရေးအသားအလေ့အကျင့် ပြုလုပ်ရမည်ဖြစ်သည်။

စကားလုံးအသုံးအနှုန်းများကို ရေးသားအသုံးပြုရာတွင် အထူးသတိပြုရမည့်အချက်မှာ စာလုံးပေါင်းသတ်ပုံ မှန်ကန်ရေးပင် ဖြစ်သည်။ စာလုံးပေါင်းမှားယွင်းမှုများလေ မိမိအရေးအသားမှာ တန်ဖိုးကျဆင်းလေဖြစ်သည်။ ကျောင်းသားများသည် "ပတ်သက်" ကို "ပက်သက်"၊ "ပတ်သတ်"၊ "ပက်သတ်" စသည်ဖြင့် အမျိုးမျိုး ရေးခြင်းမျိုး၊ "ကြိုးစား" ကို "ကျိုးစား" ဟုရေးခြင်း မျိုး၊ "လျက်" ကို "လျှက်"၊ "လျှင်" ကို "လျင်" ဟုရေးခြင်းမျိုး စသည့် အသတ်မှားယွင်းမှုများ၊ အပင့်အရစ်မှားယွင်းမှုများ၊ ဟထိုးပါခြင်း မပါခြင်း မှားယွင်းမှုများ စသည့် မှားယွင်းတတ်သည့် စာလုံးပေါင်းများကို ဆရာက သင်ပြမှတ်သားစေရမည်။ ကျောင်းသားများအနေဖြင့် စာလုံးပေါင်းအမှားအယွင်း ကင်းစင်အောင် လေ့လာထားခြင်းသည် မြန်မာစာဖြင့်ရေးသားရသည့် မည်သည့်အရေးအသား အတွက်မဆို အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

ဆရာများသည် ကျောင်းသားများဝေါဟာရကြွယ်ဝမှုအတွက် လေ့ကျင့်သင်ကြားပေးရာတွင် မြန်မာစာအဖွဲ့က ပြုစုထုတ်ဝေသော "မြန်မာအဘိဓာန်" စာအုပ်နှင့် "မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း" စာအုပ်တို့ကို လက်စွဲပြုသင့်ပါသည်။ ဖြစ်နိုင်လျှင် အဆိုပါစာအုပ်များကို ကျောင်းသားများကိုယ်တိုင်အသုံးချနိုင်အောင် ဆောင်ရွက်ပေးသင့်ပါသည်။

**(၅) ဝါကျရေးဖွဲ့ခြင်း**

မိမိဆည်းပူးလေ့လာထားသော ဝေါဟာရစကားလုံးများဖြင့် ရှင်းလင်းသောဝါကျများ ရေးဖွဲ့နိုင်အောင် အလေ့အကျင့်ပြုလုပ်စေမည်။ ဝါကျရေးဖွဲ့ရာတွင် သင်ယူပြီးမြောက်ခဲ့သည့် အတန်းများမှ ဝါကျရေးဖွဲ့ခြင်းဆိုင်ရာ သဒ္ဒါစည်းမျဉ်း စည်းကမ်းများကို ပြန်လည် အသုံးပြုနိုင်ရန် ပြန်လှန်လေ့ကျင့်သင်ကြားပေးသင့်ပါသည်။ ဝါကျတည်ဆောက်ရာတွင် အသုံးပြုရသည့် သဒ္ဒါစကားလုံးများ (အသုံးပြစကားလုံးများ) ဖြစ်သည့် "က"၊ "မှ"၊ "ကို"၊ "အား"၊ "ဖြင့်"၊ "နှင့်"၊ "လည်းကောင်း"၊ "ဖြစ်စေ" စသည်တို့ကို သူ့နေရာနှင့်သူ မှန်ကန်စွာအသုံးပြု၍ ဝါကျရေးဖွဲ့နိုင်အောင် လေ့ကျင့်ပေးရပါမည်။ စကားလုံးများကို ဝါကျအဖြစ်ရေးသားရာတွင် ပုဒ်အထားအသိုမှန်ကန်မှုသည် အရေးကြီးပါသည်။ ဝါကျဖွဲ့ရာတွင် တိုတိုရှင်းရှင်းရေးသားသည့် အခြေခံကောင်းရရှိအောင် လေ့ကျင့်ပေးရပါမည်။ ဝါကျရှည်လျှင် အဓိပ္ပာယ်ဝေဝါး ရှုပ်ထွေးစေတတ်ကြောင်းကိုလည်းရှင်းပြရပါမည်။

DELEBOX

**(၆) စာပိုဒ်ဖွဲ့ခြင်း**

စာပိုဒ်တစ်ပိုဒ်သည် ဆိုလိုချက်တစ်ခုကို ဝါကျများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ စာပိုဒ်တစ်ပိုဒ်ကို ဝါကျမည်မျှရေးရမည်ဟု သတ်မှတ်ရန်မလိုပါ။ စာပိုဒ်တွင် မိမိဖော်ပြလိုသောဆိုလိုချက်ကို ပေါ်လွင်စေမည့် ဝါကျများပါဝင်ရန်သာ လိုအပ်ပါသည်။ ဝါကျအရေအတွက် နည်းလွန်းခြင်း၊ များလွန်းခြင်း မဖြစ်သင့်ပါ။ စာပိုဒ်တစ်ပိုဒ်ကို ဆိုလိုချက်ပေါ်လွင်စေမည့် သင့်လျော်သည့်ဝါကျအရေအတွက်ဖြင့် ဖွဲ့စည်းသင့်ပါသည်။

**(၇) စာစီစာကုံးတစ်ပုဒ်ဖြစ်အောင်စီစဉ်ခြင်း**

စာတစ်ပုဒ်ဖြစ်လာစေရန် စာပိုဒ်တစ်ပိုဒ်နှင့်တစ်ပိုဒ်ကို ချိတ်ဆက်ရေးသားရပါသည်။ စာပိုဒ်တစ်ပိုဒ်နှင့်တစ်ပိုဒ် အချိတ်အဆက်မိအောင်၊ စာစီစာကုံးတစ်ပုဒ်လုံးကို ပြေပြစ်ညီညွတ်မှုရှိအောင်၊ စိတ်ဝင်စားဖွယ်ဖြစ်အောင်၊ ဆွဲဆောင်မှုရှိအောင် ဖန်တီးရေးဖွဲ့တတ်သည့် အလေ့အကျင့်များရအောင် ဆရာက သင်ကြားပြသရပါမည်။ စာစီစာကုံးတစ်ပုဒ်လုံးသည် စာစီစာကုံးပီသသော စာအရေးအသားမျိုး ဟုတ်မဟုတ်ဆိုသည်ကို ပြန်လည်ဖတ်ရှု သုံးသပ်စေရပါမည်။ ကျောင်းသားရေးသားထားသောစာစီစာကုံးသည် ပုံပြင်ဆန်ခြင်း၊ ဝတ္ထုဆန်ခြင်းမျိုးမဖြစ်စေရန် သတိပြုစေရပါမည်။

**စာစီစာကုံးတစ်ပုဒ်ကို စစ်ဆေးအကဲဖြတ်ခြင်း**

စာစီစာကုံးကို စစ်ဆေးအကဲဖြတ်ရာတွင် စာစီစာကုံးပမာဏတိုခြင်း ရှည်ခြင်းသည် အဓိကမကျပါ။ စာစီစာကုံး၏ အရည်အသွေးသည်သာ အဓိကဖြစ်ပါသည်။ အရည်အသွေးဟုဆိုရာတွင်လည်း ကျောင်းသားတို့၏ အသက်အရွယ်၊ အတန်းအဆင့်အလိုက် ရှိသင့်ရှိထိုက်သော ကိုယ်ပိုင်အရည်အသွေးကို ဆိုလိုခြင်းဖြစ်ပါသည်။ စာစီစာကုံးတွင် ကျောင်းသားတစ်ယောက်၏ ကိုယ်ပိုင်အတွေ့အကြုံ၊ စိတ်ကူးစိတ်သန်းကို ဖော်ထုတ်နိုင်ခြင်း၊ နိဒါန်း၊ စာကိုယ်၊ နိဂုံးအင်္ဂါရပ်အပြည့်အစုံကို ချောမောပြေပြစ်စွာ စီကုံးရေးသားနိုင်ခြင်းတို့ကို စစ်ဆေးအကဲဖြတ်ရမည်ဖြစ်သည်။ စာစီစာကုံးသင်ကြားခြင်းသည် စာမေးပွဲဖြေဆိုရန်အတွက်မျှသာမဟုတ်ဘဲ ကျောင်းသား၏ စဉ်းစားတွေးခေါ်နိုင်မှုစွမ်းရည်နှင့် အရေးအသားစွမ်းရည် မြင့်မားတိုးတက်လာစေရေးကို ဦးတည်သင်ကြားပေးရမည်ဖြစ်သည်။

ကျောင်းသားတစ်ယောက်၏ ကိုယ်ပိုင်အတွေ့အကြုံဆိုရာတွင် စာတွေ့အတွေ့အကြုံဖြစ်နိုင်သကဲ့သို့ ကိုယ်တွေ့ အတွေ့အကြုံလည်း ဖြစ်နိုင်ပါသည်။ သတ္တမတန်းအရွယ်အနေဖြင့် စာတွေ့ အတွေ့အကြုံထက် ကိုယ်တွေ့ အတွေ့အကြုံကို ပိုမိုတွေ့ရှိရမည်ဖြစ်သည်။ စာတွေ့ အတွေ့အကြုံကိုဖြစ်စေ၊ ကိုယ်တွေ့ အတွေ့အကြုံကိုဖြစ်စေ ဖော်ပြရာ၌ ကိုယ်ပိုင် စိတ်ကူးစိတ်သန်းဖြင့် ဖော်ထုတ်နိုင်စွမ်း ရှိ မရှိ ဟူသော အချက်ကိုစိစစ်၍အကဲဖြတ်သင့်သည်။

DBE BOX

စာအရေးအသားတတ်မြောက်မှုစွမ်းရည်ကိုလည်း စစ်ဆေးအကဲဖြတ်ရန်လိုသည်။ စာအရေးအသားကို စစ်ဆေးရာတွင် အသုံးအနှုန်းမှန်ကန် ဆီလျော်မှု ရှိ၊ မရှိ၊ ဝါကျဖွဲ့ပုံ မှန်ကန်မှု ရှိ၊ မရှိ၊ စာအရေးအသား ပြေပြစ်မှု ရှိ၊ မရှိ၊ နိဒါန်း၊ စာကိုယ်၊ နိဂုံး ပြည့်စုံမှု ရှိ၊ မရှိ၊ စာတစ်ပုဒ်လုံး ပေါ်လွင်ကောင်းမွန်မှု ရှိ၊ မရှိ တို့ကို စိစစ်ရန်လိုသည်။

## စာစီစာကုံးသင်ကြားမည့်ဆရာများအတွက် မှာကြားချက်

စာစီစာကုံးသင်ကြားခြင်းသည် သာမန်သင်ခန်းစာတစ်ခုကို သင်ကြားပေးခြင်းမျိုး မဟုတ်ဘဲ ကျောင်းသားများ၏ တွေးခေါ်မြော်မြင်နိုင်မှုစွမ်းရည်၊ မြန်မာစာအရေးအသားစွမ်းရည် မြင့်မားတိုးတက်လာစေရန် သင်ကြားရခြင်းဖြစ်ကြောင်း အလေးအနက်ခံယူရန်လိုအပ်ပါသည်။ တစ်နည်းအားဖြင့် စာစီစာကုံးသင်ကြားခြင်းသည် ကျောင်းသားများ၏ ကိုယ်ရည်ကိုယ်သွေး တိုးတက်ထက်မြက်လာအောင် သင်ကြားပေးခြင်းဖြစ်ပါသည်။ စာစီစာကုံးသင်ကြားခြင်းသည် ဆရာများအတွက် ကြီးလေးသောတာဝန်တစ်ရပ်ဖြစ်သည့်အတွက် ဆရာများကိုယ်တိုင် မိမိတို့၏တွေးခေါ်မှုစွမ်းရည်၊ စာပေလေ့လာမှုစွမ်းရည်၊ ဖန်တီးရေးသားမှုစွမ်းရည် မြင့်မားတိုးတက်နေစေရန် အစဉ်ဖြည့်ဆည်းအားထုတ်နေရန် လိုအပ်ပါသည်။ ကျောင်းသားများကို တွေးခေါ်မှု၊ စာပေလေ့လာဖတ်ရှုမှု၊ စာရေးသားဖန်တီးမှုတို့ လက်တွေ့သင်ကြားပေးကြမည့် ဆရာများကိုယ်တိုင် ထိုအချက်များပြည့်ဝနေအောင် အစဉ်လေ့လာသင်ယူနေကြရမည်ဖြစ်ပါသည်။